www.burmeseclassic.com

# တောပြည့်မာလာ

မွေ့နိုင်ပေါင်




www.burmeseclassic.com

www.burmeseclassic.com

SPW

# စာပြည့်ဝန်းစာပေ

အမှတ်(၁)၊ (၂၂၇/၂၂၉)၊
၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဖိုင်းရွာမရပ်ကွက်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်
ရန်ကုန်မြို့။

ဖုန်း–၅၄၈၂၇၀

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၁၄၃၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၂၇၉၀၅၁၀ |
| ကွန်ပျူတာစာစီ | ဒွန်း |
| ဒီဇိုင်း | AUNG HLAING BWA |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ၂၀၀၅၊ နိုဝင်ဘာလ |
| တန်ဖိုး | (၂၀၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |
| ထုတ်ဝေသူ | ဒေါ်စိန်လှလှသန်းရင်(၃၆၆၀) စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ (၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊ ဗိုလ်ရွာမရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀) (၁၅၂)ကျွန်းချွေမြိုင်လမ်း၊ စုပေါင်းအိမ်ယာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ (၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊ ဗိုလ်ရွာမရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၄၉၂၇၀ |


## - တစ် -

"ဘုန်း. .ဒီမှာ ကိုမော်ကွန်းသစ်..."

"အို. .သမီး သက်စု..."

"ဟင်..."

မြည်သံ၊ ခေါ်သံ၊ ဟန့်တားသံနှင့် စိုးရိမ်အံ့ဩသည့် အာမေဍိတ်အသံများကား တစ်ဆက်တည်း ဖြစ်ပေါ်သွားရချေ။ ဒေါက်တာ မော်ကွန်းသစ်သည် ထိုအသံများအား မကြားမိသလို လှုပ်ရှားမှုကင်းမဲ့စွာ ရှိနေပေ၏။ သူသည် ကိုယ်ရော စိတ်ပါ တည်ငြိမ်လွန်းနေရသည်။

သို့သော် သူ့အနီးရှိ သူ့အား စူးတောက်သော မျက်ဝန်းနှင့် ဒေါသတို့ကြောင့် သက်စုလှိုင်၏ မိတ်ကပ်မျက်နှာလေးမှာ ပဲ့ရဲရဲတောက်ကာ ဒေါက်တာမော်ကွန်းသစ်အား တင်းမာသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားဖြင့် ကြည့်နေရသည်မဟုတ်ပါလား။

မှန်ပါ၏။ ဒေါက်တာမော်ကွန်းရှေ့ရှိ စားပွဲပေါ်သို့ တစ်စုံတစ်ရာအား သက်စုလှိုင် ပစ်ချလိုက်သောကြောင့် မြည်သံနှင့်အတူ ဒီမှာ ကိုမော်ကွန်းသစ်ဟု သက်စုလှိုင်၏ မကျေမချမ်း တင်းမာသော အသံလေးဖြင့် ခေါ်လိုက်သံများအဆုံး မလှမ်းမကမ်းမှ ရှိနေသည့် သက်စုလှိုင်၏မိခင် ဒေါ်ခင်လေးမူ၏ အံ့သြအားနာဟန့်တားသံနှင့်အတူ...

ဒေါက်တာမော်ကွန်းသစ်၏ အစ်မများဖြစ်ကြသော မခင်သစ်နှင့် မလှသစ်တို့၏အာမေဍိတ်သံများနှင့် တစ်ပြိုင်တည်း နှစ်ဘက်လူကြီးမိဘများနှင့်တကွ ရင်းနှီးသော မိတ်ဆွေသင်္ဂဟအပေါင်းတို့၏ မျက်လုံးပေါင်းများစွာတို့သည်လည်း အော်တိုမစ်တစ် တစ်ပြိုင်တည်းလို ဒေါက်တာမော်ကွန်းသစ်နှင့် သက်စုလှိုင်တို့ရှိရာဆီသို့ ရောက်ရှိနေကြရလေပြီ။

မင်္ဂလာရက်တစ်ပတ်မျှသာ လိုပြီဖြစ်သော သတို့သား၊ သတို့သမီးများဖြစ်သည့် ဒေါက်တာမော်ကွန်းနှင့် သက်စုလှိုင်တို့နှစ်ဦး၏ လတ်တလောတင်းမာနေမှုအခြေအနေများအား မြင်ကြရသူအားလုံးမှာ စိတ်ဝင်စားနေရပေ၏။

ရုတ်ခြည်းဖြစ်ပေါ်လာရသော အခင်းကြောင့် တစ်တိုက်လုံးမှာ တိတ်ဆိတ်သွားရလေတော့သည်။ ဒေါက်တာမော်ကွန်းသည် ကုလားထိုင်တွင် ငြိမ်သက်စွာထိုင်ရင်း စားပွဲပေါ်၌ သူ၏လက်နှစ်ဘက်အား တင်ယှက်ကာ ထားရင်းမှ သူ့ရှေ့တည့်တည့်သို့





သက်စုလှိုင်ပစ်ချလိုက်သော သူ၏မှတ်တမ်းစာအုပ် နီညိုရောင်လေးအား မြင်နေရပါ၏။

လှုပ်ရှားမှုကင်းမဲ့စွာ သူ ထိုင်မြဲထိုင်နေသည်။ သက်စုလှိုင်ဆိုသည့် သတို့သမီးချောကိုလည်း သူ မကြည့်၊ ကြည့်စရာလည်း မလိုအပ်ကြောင်း သူသာနားလည်၏။ သူ ကြည့်နေမိသည်မှာ သူ၏ မှတ်တမ်းစာအုပ်ကလေးဆီသို့ပါ။

သူ့အကြည့်သည် ဆွေးရိခြင်းဖြင့် ဝေသီနေသယောင်ရှိ၏။ သူ့ကိုကြည့်ပြီး သက်စုလှိုင်နှုတ်ခမ်းလေးမှာ တစ်ချက်တင်းစေ့သွားရသည်။ လုံးဝမခံနိုင်စရာ မကျေမနပ်စိတ်တွေက သက်စုလှိုင်ရင်တစ်ခုလုံးထဲမှာ အုံးအုံးကြွနေရချေ၏။

“ဒီမှာ ကိုမော်ကွန်းသစ်...”

ရှက်ဒေါသတို့ကြောင့် တင်းမာသောအသံဖြင့် သူ့မျက်နှာနှင့်ရင်ဆိုင်ရပ်လိုက်ပြီး သက်စုလှိုင် ထပ်ခေါ်လိုက်သည်။ ထိုအခါ တည်ငြိမ်လွန်းသော အသွင်ဖြင့် သူက...

“ပြောပါ မသက်စု...”

သူ ဆိုသည်။ သူ့အသံသည် ပကတိကြည်အေးစွာ ပြတ်သားလွန်းနေပေ၏။ သက်စုသည် ခံပြင်းစွာ နှုတ်ခမ်းလေးတစ်ချက် ကိုက်လိုက်ရင်းက...

“ရှင်ဟာ ဒီစာအုပ်ထဲက အတိုင်းပဲပေါ့...”

“ဟုတ်ပါတယ်...”

“ဘာ...”



www.burmeseclassic.com

www.burmeseclassic.com



သက်စုလှိုင်သည် ရှက်ဒေါသများ ဆူဝေစွာဖြင့် သူ့ကို စိုက်ကြည့်နေမိလိုက်သည်။ ဒေါက်တာမော်ကွန်းသစ်သည် သတို့သမီး သက်စုလှိုင်မျက်နှာလေးအား အလျဉ်းမကြည့်မိပါလေ။ သူသည် ရှေ့မှ သူ၏မှတ်တမ်းစာအုပ်လေးအား လှမ်းယူကာ ပွတ်သပ်နေလိုက်ရင်းက...

"မှန်ပါတယ် မသက်စု၊ ဒီစာအုပ်ထဲက အဖြစ်အပျက်တွေဟာ အပိုအလိုမရှိတဲ့ ကျွန်တော့်ဘဝရဲ့ခံစားချက်တွေပါပဲ..."

"ဪ..ရှင်က ဒါနဲ့တောင် ကျွန်မနဲ့မင်္ဂလာဆောင်မယ့် ကိစ္စကို ဘာကြောင့် လက်..."

"ကျေးဇူးပြုပြီး ဒီစကားကို ဒီတင်ပဲရပ်ပေးပါဦး မသက်စု"

ဒေါက်တာမော်ကွန်း၏ လက်တစ်ဘက်တားဆီးမှုနှင့်အတူ ပြောလာသောစကားကြောင့် ဒေါသနှင့်ပြောချလိုက်မည့် သက်စု၏ စကားသံမှာ ရပ်တန့်သွားရလေ၏။

ဒေါက်တာမော်ကွန်းသစ်သည် နံရံထက်မှ ချိတ်ဆွဲထားသော စိမ်းလန်းစိုပြည်နေသည့် တောတောင် သဘာဝနှင့် မြစ်ဆုံရှုခင်းပန်းချီကားကြီးဆီသို့ သူ့အကြည့်များ ပို့ထားဆဲမှ စကားကို ဆက်လိုက်သည်။

"ကျွန်တော့်စကားတွေ ရှင်းသွားမယ်ဆိုရင် တောင်းပန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်မေးပါရစေ၊ မသက်စုလှိုင်နဲ့လက်ထပ်ဖို့ကို ကျွန်တော်က သဘောတူလက်ခံပါတယ်လို့ ဘယ်သူကပြောသလဲ..."





"ဟင်..ရှင်က ကြည့်စမ်း၊ ဒါ ရှင် ကျွန်မအရှက်ကို ခွဲတာပေါ့လေ..."

ခံပြင်းစွာရှက်စိတ်နာမှုကြောင့် သက်စုအသံမှာ တစာစာလေး ထွက်သွားရသည်။

"အထင်မလွဲပါနဲ့ မသက်စု၊ မသက်စုရဲ့စကားကြောင့် ကျွန်တော်မေးရတာပါ၊ ဒီစကားအတွက် ကျွန်တော်တောင်းပန်ပါတယ်..."

"အို..မလိုချင်ဘူး၊ မေမေ..သမီး သူ့ကို ဘယ်နည်းနဲ့မှ မယူနိုင်တော့ဘူး၊ ဒီကိစ္စကို ဖျက်လိုက်ကြပါတော့၊ သက်စု လက်မခံနိုင်ဘူး..."

"အို..သမီးရယ် ဘယ်လိုဖြစ်ရတာလဲကွယ်..."

"သက်စုကို ဘာမှမမေးပါနဲ့တော့ မေမေ၊ သက်စု ရှက်တယ်၊ ဖိတ်စာတွေမဝေခင် ခုလိုသူ့အကြောင်းကို သိရလို့ ကျေးဇူးတောင် တင်ရတော့မလို့ပါပဲ မေမေရဲ့..."

သက်စုစကားများကြောင့် မခင်သစ်နှင့် မလှသစ်တို့မှ လွဲလျှင် ကျန်လူအားလုံးမှာ ဘာမျှနားမလည်ကြသဖြင့် ပို၍စိတ်ဝင်စားနေမိကြသည်။

နီတွတ်နေသော ဒေါသမျက်နှာနှင့် သက်စုလှိုင်အား တစ်လှည့် ဘာမှမဖြစ်သလို အေးငြိမ်းနေသော ဒေါက်တာမော်ကွန်းအား တစ်လှည့် တိုင်ပင်ထားသကဲ့သို့ လူအားလုံးတို့၏မျက်လုံးများမှာ ရွှေ့လျားကြည့်နေဖြစ်ကြချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမော်ကွန်းသစ်..."

"ပြောပါ မသက်စု..."

"ရှင့်လိုလူကို ကျွန်မလုံးဝမယူနိုင်တော့ဘူး..."

"ဟုတ်ကဲ့..ကောင်းပါတယ်..."

"ဟင်..ရှင်က ကျွန်မကို လျှောင်တယ်လား..."

"အထင်မလွဲပါနဲ့လေ၊ မသက်စုရဲ့ အဆုံးအဖြတ်ဟာ အင်မတန်မှန်ကန်ပါတယ်၊ မသက်စုအတွက် ပြောတာပါ..."

"ဒါဆိုရှင်နဲ့ကျွန်မ ဒီတင်ပဲကိစ္စပြတ်ပြီ..."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်..."

ထိုစကားအား ဒေါက်တာမော်ကွန်းသည် သက်စုလှိုင် မျက်နှာဘက်လှည့်ကြည့်ကာ တည်တည်ငြိမ်ငြိမ် လေးလေးစားစား ဆိုလေ၏။

စူးရဲသော ဒေါသမျက်လုံးလေးများနှင့် သက်စုသည် ဒေါက်တာမော်ကွန်းသစ်၏ တည်ကြည်ချောမွေ့သော မျက်နှာအား တစ်ချက်မျှစိုက်ကြည့်ပစ်ခဲ့ပြီးနောက် နှုတ်ခမ်းလေးကို တစ်ချက် ကိုက်လိုက်ပြီး...

"တောက်..ဒုန်း..ဒုန်း..ဒုန်း..."

ခံပြင်းခြင်း မာနဖြင့် တက်တစ်ချက်ကို ခေါက်ကာ ခြေသံ တဒိုင်းဒိုင်းပေးလျက် ဒေါက်တာမော်ကွန်းရှေ့မှ ချာခနဲထွက်သွားလိုက် ပါတော့၏။ ဒေါက်တာမော်ကွန်းကား မပြောင်းလဲသော တည်ငြိမ်မှု များနှင့်သာ ရှိနေဆဲပါ။





"ဂျိုင်း...ဝူး..."

ဆင်ဝင်အောက်မှ သက်စုလှိုင်၏ကားမောင်းထွက်သံကို ကြားလိုက်ကြရသည်။

တစ်ခါဖြင့် ပြီးဆုံးရပြန်ပါပြီကွယ်...။

မျက်ဝန်းတစ်ချက်မှိတ်ကာ ရင်ထဲမှ ဒေါက်တာမော်ကွန်းသစ် ဆိုလိုက်ခြင်းရယ်ပါ။

သူ့မျက်ဝန်းညိုများ ပြန်ပွင့်ချိန်တွင် သူ့အကြည့်သည် မှတ်တမ်းစာအုပ်လေးဆီသို့သာ ပြန်ရောက်ရသည်။ သူ့အကြည့်တွင် သူ့မျက်ဝန်းများ၌ စိုဝေမှုန်ရီနေကြသယောင်။ သို့သော် သူ့နှုတ်ခမ်းသည် ပိရိစွာ စေ့ပိတ်နေပါလျက် ပြုံးယောင်လွှန့်လွှန့် ထင်ရှိနေရသကဲ့သို့ပါတည်း။

× × × × ×

"ကဲ..မခင်၊ မင်းအလုပ်က ဘယ်လိုလဲကွ..."

ခင်ပွန်းသည် ဦးစိန်လွင်၏ နီမြန်းသော မျက်နှာနှင့် ပြတ်ဆတ်ဆတ်ကြီး မေးလာသောစကားကြောင့် ဒေါ်ခင်လေးမူမှာ ခင်ပွန်းသည်၏ မျက်နှာအား မကြည့်ရဲရဲနှင့် မည်သို့ဆိုရမည်မှန်း မသိရှိကာ...

"ဘယ်လိုဖြစ်ကြမှန်း ခင်လည်း မသိတော့ဘူး..."

"အန်တီခင်ရယ်..ခင်သစ်ဖြင့် အားလည်းနာ၊ ရှက်လည်း ရှက်ပါပဲရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီခင်ရယ်၊ လုလည်း သက်စုကို ကိုယ်ချင်းစာပါတယ်..."

"တောက်..."

ဦးစိန်လွင်ကား သမီးအတွက် ရှက်ဒေါသများကြောင့် တက် တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပစ်လိုက်သည်။ ဒေါ်ခင်လေးမူသည် သာ သမီးအတွက် ဒေါသလည်းထွက် မခံချင်စိတ်လည်းဖြစ်၊ ရှက် လည်း ရှက်၊ အထွေထွေစိတ်များ စုပေါင်းဖြစ်နေရသည့်တိုင် ထိုမင်္ဂလာ ကိစ္စအား ဖြစ်မြောက်အောင် လုပ်ခဲ့သူမှာ အဓိက မိမိသာဖြစ်ခဲ့သူမို့ ဘယ်မှာလာပြီး ရန်စွယ်နဲ့ငေါငေါ ဒေါက်တာမော်ကွန်းသစ်တို့ မောင်နှမသုံးယောက်အား ပြန်လည်၍ စစ်ဗျူဟာခင်းနိုင်ရှာပါမည် နည်း။

"ဟင်း..."

လူများရှေ့မို့ အရှက်ပြေသက်မတွေသာ ဒေါ်ခင်လေးမူ ချမိနေတော့သည်။

"အန်တီခင်ရယ်၊ စောစောကတည်းက ခင်သစ်တို့လည်း အန်တီခင်ကို ပြောထားဖူးပါတယ်နော်..."

"လုတို့ကလည်း အန်တီခင်ကို စိတ်ချယုံကြည်ပြီးတော့ အန်တီခင်သဘောလုပ်ပေးခဲ့တာပါရှင်..."

မခင်သစ်နှင့် မလုသစ်တို့မှာ မိမိတို့၏မောင်ဖြစ်သူစနက် ကြောင့် လူပုံလယ်အရှက်ကွဲရရှာသော ဒေါ်ခင်လေးမူတို့ ဇနီးမောင်နှံ အား နှိမ့်နှိမ့်ချချတောင်းပန် စကားများ ဆိုကြရှာပါ၏။ အမှန်တော့





ထိုစကားများအား ဒေါ်ခင်လေးမူကို ပြောဖို့ပင် မလိုပါ။

သို့ပါသော်လည်း မည်သို့ပင်ဖြစ်စေ မိမိတို့၏ အိမ်တွင်း၌ ဖြစ်ရသည့်အခြေအနေနှင့်မို့ လူပုံများရှေ့ ဒေါ်ခင်လေးမူမျက်နှာ ပို၍ မပျက်စေရန်အတွက် သက်ညှာစွာ ဆိုရခြင်းပါ။

"ဟင်း..."

ဒေါ်ခင်လေးမူကား မည်သို့စကားမျှ မဆိုနိုင်ရှာပါလေတော့။ ထိုင်ရာအခက် ထရအခက်ဖြင့် မိတ်ဆွေများရှေ့ ခမျာ မသက်မသာ ရှက်စိတ်များအား ချုပြီးရင်းချုရင်း သက်မကြီးများနှင့်သာ လူကြီး ရှက်တော့ ဟန်လုပ်နေရသည်သို့နှယ်ပါလေ။

ဦးစိန်လွင်မှာ ညိုမည်းတင်းမာသော မျက်နှာထားကြီးဖြင့် ထိုင်ရာမှဆောင့်ခနဲထရပ်လိုက်ပြီး...

"ဩော်..ဟော့ မခင်၊ မင်းက ဘာထိုင်လုပ်နေသေးတာလဲ ကွ၊ လာ..သွားမယ်၊ ဘယ့်နှယ်ကွာ၊ ငါ့တစ်သက် အရှက်ကုန် သလောက်ကို ဖြစ်ရတာပဲ တောက်..."

ဒေါသဖြင့် ဇနီးသည်ကိုလှမ်းကြည့်ကာ ခေါ်ရင်း မကျေ မချမ်းနိုင် ဆိုရင်းမှ ဦးစိန်လွင် ထွက်သွားလိုက်သဖြင့် ဒေါ်ခင်လေးမူ မှာလည်း ရှက်စိတ်တို့ကြောင့် ခြေနှင့်ကြမ်းမထိသလောက်ဖြစ်ကာ တစ်ကိုယ်လုံး ထူပူရင်း မိတ်ဆွေများမှ နှုတ်မဆက်ဝံ့။ ခင်ပွန်းသည် နောက် ငေါက်ခနဲ ထထွက်လိုက်သွားရပါတော့သတည်း။

စောစောကတည်းက ငြိမ်သက်စွာဖြင့် ကျောပေးထိုင်နေဆဲ ဖြစ်သော ဒေါက်တာမော်ကွန်းသစ်သည် မတော်လိုက်ရသော ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ၏ စကားသံ၊ ခြေသံ၊ ကားသံနှင့်အတူ နောက်ဆက်တွဲ ကျန်ရှိနေကြသေးသည့် နှစ်ဘက်မိတ်ဆွေသင်္ဂဟများ၏ မိမိအစ်မများနှင့် နှုတ်ဆက်စကားများ၊ စိတ်မကောင်းစွာ ပြောသံ၊ ဆိုသံ၊ ထွက်ခွာသံများအား ကြားနေမိရပါသည်။

"ဟင်း..."

အသံများပျောက်ကွယ်သွားသော်လည်း ဒေါက်တာမော်ကွန်းသည် နင့်မောစွာ ပင့်သက်တစ်ချက်ကို **ချမိရပါ၏**။

"မောင်လေး..."

သူ့နောက်မှ ခေါ်လိုက်သော **မမကြီး မခင်သစ်**၏ခေါ်သံကြောင့် မှတ်စုစာအုပ်လေးကိုယူကာ သူ **ထိုင်ရာမှထ၍** လှည့်ကြည့်လိုက်သည်။ အစ်မနှစ်ယောက်၏ မျက်ဝန်းများသည် **သူ**၏တစ်ကိုယ်လုံးဆီသို့ ဖြန့်ကျက်ကျရောက်နေကြချေ၏။

"ဟင်း..မင်းကြောင့်တော့ သိပ်ခက်တာပဲကွယ်..."

မမလေး မလှသစ်မှာ မောင်ချောလေးအား ကြည့်ကာ ညည်းညူသလိုဆိုမိရင်းက ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"မောင်လေးကိုတော့ မမကြီးတို့ လက်မြှောက်ပါပြီကွယ်"

မောင်နှမထဲ အကြီးဆုံးဖြစ်သူ မခင်သစ်မှာလည်း စိတ်ပျက်ညည်းညူဟန်ဖြင့်ဆိုကာ မလှသစ်နှင့် မျက်နှာချင်းဆိုင်ဆက်တီတွင် ဝင်ရောက်ထိုင်လိုက်သည်။

"အဟွန်း...ကျွန်တော်က ခက်တာလား၊ မမကြီး မမလေးတို့က ခက်တာလားဆိုတာ ပြန်ပြီးလည်း စဉ်းစားကြည့်ဦးမှပေါ့..."





မပြုံးချင်သော အပြုံးတစ်ချက်ဖြင့် အေးအေးဆေးဆေး စကားဆိုရင်း အစ်မများရှိရာ သူလျှောက်လာခဲ့လိုက်သည်။ ကျစ်လစ်သော ကိုယ်ဟန်၊ မြင့်မားသော အရပ်နှင့် မောင်ချောကို ထိုင်ရာမှ မော်ကြည့်ပြီး မခင်သစ်က...

"နို့..မင်းက တစ်သက်လုံးဒီအတိုင်းပဲ နေသွားတော့မှာလား ကွယ့်..."

အစ်မများရေ့ ခြေအစုံကို ရပ်တန့်လိုက်ပြီး...

"ဒီအဖြေကို ကျွန်တော် အတိအကျမပေးနိုင်သေးဘူး မမကြီး..."

"မင်းဟာ မဟုတ်သေးဘူးကွယ်..."

"ဘာမဟုတ်တာလဲ မမလေး..."

"ဒီစကားမျိုး မောင်လေးပြောနေတာ ကြာပြီပဲ..."

"ဟုတ်တယ်လေ၊ ကျွန်တော်မှ အတိအကျ အဖြေမပေးနိုင်သေးတာကိုး မမလေးရဲ့..."

"မောင်လေးအတွက် တိကျမှုအဖြေက ဘယ်တော့မှ ရှိမှာသဲ..."

မမင်သစ်၏အမေးကြောင့် တစ်ချက်မျှ ဒေါက်တာမော်ကွန်းသည် ငေးဝေသွားရပြီးမှ...

"ဒါလည်း ကျွန်တော် မပြောနိုင်ပါဘူး မမကြီးရယ်..."

"ဟင်း..မင်းအသက်ကိုလည်း ပြန်တွက်စစ်ကြည့်ဦး"

သက်ပြင်းမောကိုချပြီး မခင်သစ် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါအကြောင်းတစ်ရပ်လား မမကြီးရယ်..."

"အကြောင်းတစ်ရပ်ပဲပေါ့ မောင်လေးရဲ့၊ လူဆိုတာ အချိန်အခါလေးနဲ့ ဘဝလမ်းခရီးကို လျှောက်ရင် ပိုမသင့်တော်ဘူးလား၊ အချိန်လွန် အခါလွန်မှ အိမ်ထောင်ခရီးကို မင်းလျှောက်တယ်ဆိုရင် မင်းရဲ့မျိုးဆက်တွေဟာ လောကထဲကို အရောက်သိပ်နောက်မကျနေဘူးလား..."

မမကြီး၏စကားကြောင့် သူ့ရင်သည် သိသိသာ လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားရပေ၏။

ငါ့ရဲ့မျိုးဆက်တွေ လောကကြီးထဲ အရောက်နောက်ကျမနေဘူးလားတဲ့...။

စိတ်တွင်းမှ တိတ်တခိုးလေး သူ့ကိုယ်သူပြန်၍ မေးကြည့်နေမိသည်။ အခန်းထောင့်တစ်နေရာရှိ ပန်းအိုးကြီးဆီသို့ သူ့မျက်ဝန်းများ နေရာရွှေ့လျားသွားသည်။ မျက်ဝန်းအကြည့်သည် ငေးဝေကာ ရင်သည် လှုပ်လှုပ်ခုန်နေရ၏။ လက်ထဲမှ မှတ်တမ်းစာအုပ်လေးအား ကျစ်ကျစ်ပါအောင် သူဆုပ်ကိုင်ထားမိသည်။ တသိမ့်သိမ့်လှုပ်ရှားနေသောရင်ကြောင့် သူ စကားမဆိုနိုင်။ မခင်သစ်နှင့် မလှသစ်တို့မှာ မောင်ဖြစ်သူ၏မျက်ဝန်းနှင့် လက်ထဲမှ စာအုပ်လေးအား တစ်လှည့်စီကြည့်နေဖြစ်ကြချေ၏။

"မောင်လေး...မင်းရဲ့လျှို့ဝှက်ချက်တွေကို မမကြီးတို့ သိရှိအာန်ကျော်င်းပြီလို့ ထင်တယ်..."

သူ ခေါင်းယမ်းလိုက်သည်။ အတန်ကြာသော်မှ သူက--





"လျှို့ဝှက်စွာ ခံစားမှုဆိုမှတော့ မမကြီးရယ်၊ ဘယ်မှာလာပြီး ဖွင့်ဟလို့ရပါ့မလဲဗျာ..."

"မမကြီးတို့ဟာ သူစိမ်းတွေလားမောင်လေး..."

"ဒီလိုပြောလို့လည်း ဘယ်ဖြစ်မလဲ မမကြီးရယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ခံစားမှုတွေကို ကျွန်တော် မပြောသင့်ဘူး၊ မပြောအပ်ဘူး မမကြီး..."

သူ့စကားကြောင့် မခင်သစ်နှင့် မလှသစ်တို့မှာ မျက်ခုံးလေးများကိုယ်စီမြင့်တက်ကာ သူ့အားကြည့်မိကြရ၏။ နံရံဆီသို့ အကြည့်ကို ရွှေ့ပြီး သူ စကားဆက်သည်။

"ဟုတ်တယ် မမကြီး၊ ကျွန်တော် မပြောသင့် မပြောအပ်တဲ့ ကျွန်တော့်ရဲ့ခံစားချက်တွေပါ၊ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်မို့လည်း စောင့်စည်းခြင်းတွေနဲ့ ဒီခံစားချက်တွေကို သိုသိပ်ရပါတယ်..."

"ကျွန်တော့်သိုသိပ်ချက်တွေဟာ ကျွန်တော့်တစ်သက်လုံးအတွက်လည်း ဖြစ်ချင်ဖြစ်သွားနိုင်တယ်၊ တကယ်တော့ ဒီခံစားမှုတွေဟာ ကျွန်တော်တစ်ယောက်တည်းသိတဲ့ တစ်ဖက်သတ် တိတ်တခိုး ကျွန်တော့်ရဲ့ခံစားမှုတွေပါပဲလေ...."

ထုံဝေသော မျက်နှာ၊ အားအင်မဲ့သော စကားသံတို့ဖြင့် သူ ဆိုသည်။

"မောင်လေး..."

"ပြောပါ မမကြီး..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တစ်သက်လုံး မင်း ဒီအတိုင်းနေသွားတော့မှာလား"

"တစ်သက်လုံး ဒီအတိုင်းနေသွားတော့လဲ ဘာဖြစ်သလဲ မမကြီးရယ်၊ ကျွန်တော် အေးအေးချမ်းချမ်းပဲ နေပါရစေတော့..."

"နောက်မှ မဟုတ်တယုတ်တွေနဲ့..."

"တော်ပါ မမကြီးရယ်၊ ကျွန်တော်ဟာ နှစ်ဆယ်ကျော် အစိတ်အရွယ်လည်း မကတော့ပါဘူးနော်..."

"အေး..အဲဒီလို နှစ်ဆယ်ကျော် အစိတ်ရဲ့ ဟိုးဘက်က အရွယ်မို့ ပြောနေရတာပေါ့ကွယ်၊ တော်ကြာမှ ဆယ့်ခြောက်နှစ်သမီးရဲ့ ကျော့ကွင်းမှာ မိနေမှ..."

"အဟွန်း..."

မခင်သစ်၏စကားကြောင့် သူသည် ကြင်နာတတ်သော နှုတ်ခမ်းထက် အပြုံးလျော့ရဲရဲလေးအား တွဲချိတ်ကာ ထိုင်ရာမှ ထလိုက်ရင်းက...

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်ခါမှ ကျွန်တော် မပြောပါရစေနဲ့တော့၊ မမကြီးတို့လည်း ကျွန်တော့်အတွက် ဘယ်ခါမှ မင်္ဂလာရက်မြတ်ကို မရွေးချယ်ပါနဲ့တော့၊ ဒါပဲ ပြောပါရစေတော့ဗျာ..."

စကားအဆုံး အပေါ်ထပ်သို့ သူ တက်လာခဲ့လိုက်လေတော့သည်။ သူ၏ အိပ်ခန်းတွင်းသို့ရောက်သော် မှတ်တမ်းလွှာစာအုပ်လေးအား ရင်မှာ ပိုက်ထွေးလျက် အိပ်ရာထက် သူ လှဲချလိုက်သည်။

"ဟင်း..."





မျက်ဝန်းညိုတို့ကို ဖွဖွမှိတ်ကာ ဆို့နင့်သော သက်မကို သူချ၏။ မှိတ်ထားဆဲမျက်ဝန်းထဲ ပုံရိပ်လွှာလေးတစ်ခုသည် အာရုံအလင်းတန်းထဲ၌ ပီပြင်ပြတ်သားစွာ သူမြင်နေရချေ၏။

ပန်းဝါရေ...ကျွန်တော်လေ သတိတွေ သိပ်ရနေတယ်ဗျာ..

ရင်ထဲမှာ နင့်နင့်ခဲခဲကြီး သူ ဆိုနေမိ၏။ မျက်ဝန်းတို့ကို ဖြည်းဖြည်းချင်း သူ ဖွင့်လိုက်သည်။ ဖြူဖွေးနေသော မျက်နှာကျက်ဖြူဖြူသည် သူ့အမြင်တွင် ဝေဝါးနေလေ၏။

မှန်သည်။ သူ့မျက်ဝန်းညိုများထဲ အရည်ကြည်များ ရစ်သိုင်းရှိနေကြသည် မဟုတ်ပါလား။ အကြည့်သည် ဘယ်အရာမှာမှ မရှိ။ စိတ်သည် အဝေးတစ်နေရာမှ ညို့ညို့ဆိုင်းဆိုင်း တောင်တန်းကြီးများရှိရာဆီသို့ ရောက်ရှိလွင့်ပါးနေရဆဲမှ...

ပန်းဝါရယ်..မကြာခင် ကျင်းပတော့မယ့် ကျွန်တော့်ရဲ့ စတုတ္ထအကြိမ်မြောက် မင်္ဂလာပွဲအစီအစဉ်ဟာ မပြေမလည် ပြီးဆုံးသွားခဲ့ရပြန်ပါပြီဗျာ၊ ခင်ဗျားကတော့ ကျွန်တော့်အဖြစ်တွေကို သိရှာမှာ မဟုတ်ပါဘူးလေ...။ အင်းလေ ဟုတ်ပါတယ်၊ အကြောင်းအရာတွေအားလုံး သိနေတဲ့ ကျွန်တော့်ရင်မှာကတော့ အဆိုးရွားဆုံး ခံစားချက်တွေနဲ့ပေါ့ ပန်းဝါရယ်...။

ကျွန်တော် ခင်ဗျားကို သတိရနေတယ်၊ တမ်းတနေတယ်၊ ဒါပေမယ့် အနီးမှာထက် အဝေးကပဲ ခင်ဗျားကို လွမ်းနေရတာက ကျွန်တော့်အတွက် ပိုပြီး သင့်တော်ပါတယ် ပန်းဝါ၊ ဒါကြောင့် ခင်ဗျားရှိနေတဲ့ အရပ်ဒေသမှာ ကျွန်တော် ဘယ်လိုမှ ဆက်ပြီးမနေ

www.burmeseclassic.com



နိုင်တော့လို့ ရန်ကုန်ကို ပြန်ပြောင်းလာခဲ့ရတာပါ...။

တကယ်တော့ ကျွန်တော်တို့ဆရာဝန်တွေဆိုတာ လူနာတွေပေါ်မှာ စောင့်စည်းခြင်း သစ္စာတရားထားရှိရပါတယ်၊ ဒါကြောင့် တစ်လောကလုံးမှ စုစုပေါင်း လူငါးဦးသာသိတဲ့ လျှို့ဝှက်မှုတစ်ခုအတွက် အနီးအနားမှာ ရင်မဆိုင်ရဲလို့ ပြေးထွက်ခဲ့ရသူဟာ ကျွန်တော်ပါ...။ ဒါပေမယ့် ပန်းဝါရယ် မေ့ပျောက်နိုင်ဖို့ ပြေးထွက်ခဲ့ပေမယ့် တရစ်ရစ်တက်လာတဲ့ နှလုံးသားခံစားမှု အချစ်ဒီရေတွေဟာ ခုတော့ ကျွန်တော့်ဘဝအတွက် သီးသန့်မှတ်တမ်းတွေ ရှိနေရပါပြီ...။

စာရွက်ပေါ်မှာ ရေးတင်ထားတဲ့ မှတ်တမ်းတွေဟာ ကျွန်တော့်နှလုံးသွေးနဲ့ ရေးမှတ်ထားတာတွေပါ ပန်းဝါ၊ ဒီမှတ်တမ်းဟာ ကျွန်တော့်ရဲ့ တစ်ဘဝလုံးစာပါ...။

ဟုတ်တယ် ပန်းဝါ၊ ဟုတ်ပါတယ်၊ ကျွန်တော့်ဘဝမှာ အစားထိုးမရအောင် ခင်ဗျားကို မြင်မြင်ချင်း စွဲလန်းပြီး ချစ်ခဲ့ရတယ်၊ ဒါပေမယ့်လည်း ဒါပေမယ့် ပန်းဝါရယ်၊ ကျွန်တော့်ဘဝဟာ အိပ်မက်လို ဖြစ်ခဲ့ရတယ်လေ...။

အချစ်နဲ့ပတ်သက်လို့ ကျွန်တော့်ဘဝဟာ မရေမရာနဲ့ ခံစားချက်ပြင်းထန်စွာ ခံစားရလိမ့်မယ်လို့ တစ်ခါမှ မမျှော်လင့်ခဲ့ဘူး မတွေးမိခဲ့ဘူး၊ ခုတော့ မထင်တာတွေ မမျှော်လင့်တာတွေ ဖြစ်နေရတယ်၊ ခင်ဗျားကြောင့် ကျွန်တော့်ရင်မှာ ဝေဒနာတွေ မှိုင်းညို့စွဲကပ်နေတယ်၊ ခင်ဗျားတော့ ဘယ်သိရှာမလဲလေ. . .။

တကယ်တော့ ကျွန်တော့်ရင်ထဲက ဝေဒနာအစိုင်အခဲဟာ



ဆယ်နှစ်တိုင်ခဲ့ပြီ ပန်းဝါ၊ ဆယ်နှစ်တိုင်ခဲ့ပါပြီကွယ်. . .။

မှန်သည်။ ဒေါက်တာမော်ကွန်းသစ်၏ ရင်မှ ဝေဒနာအစိုင်အခဲကား ဆယ်နှစ်တိုင်ခဲ့ပြီ မဟုတ်ပါတကား။ ဒေါက်တာ မော်ကွန်းသည် ဆို့နင့်ခြင်းရင်ဖြင့် တမ်းတမ်းတတစကားများအား ရင်ထဲမှ လွှတ်လပ်စွာ ရေရွတ်နေခြင်းပါ။

ဟင်း...သြော်..ငါ့ဘဝရယ် . . .။ ပန်းဝါရေ ကျွန်တော်လေ ခင်ဗျားကို မမျှော်လင့်ကောင်းပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော့် နှလုံးသားဟာ ခင်ဗျားကိုပဲ တောင့်တမျှော်လင့်နေမိလေရဲ့. . .။

သူ့နှုတ်မှ သာသာဆိုညည်းနေမိသည်။ ရင်ခွင်ထဲပိုက်ထွေးထားသည့် မှတ်တမ်းစာအုပ်လေးအား တယုတယ သူ ပွတ်သပ်ကိုင်တွယ်နေမိသည်။ ပြီးတော့ နီညိုရောင်မှတ်စုစာအုပ်လေးအား သူ စူးစိုက်ကြည့်နေဖြစ်၏။ ကြည့်နေဆဲ မျက်ဝန်းညိုသည် ရွှန်းတောက်လာသယောင်ယောင်။

သြော်..ထိုစာအုပ်လေးကြောင့် ထိုစာအုပ်လေးကြောင့်. . သူ့ရွှေသမီးလေး မိုးပပ၊ တက္ကသိုလ်မှ ဆရာမလေး လှလှရှင်း၊ ဆရာဝန်မလေး ရီလေးနှင့် ယခုရွှေဆိုင်ရှင်မလေး သက်စုလှိုင် စသည့် သတို့သမီးလောင်းလျာလေးများနှင့် လွဲခဲ့ရသည် မဟုတ်ပါလား။ ထိုသို့ လွဲရအောင်လည်း သူသည် တမင်ပင် ဖန်တီးခဲ့ရသည်ပါ။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် သူအသည်းပလ္လင်ထက် ချစ်မိသူ မေပန်းဝါမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အစားထိုးနိုင်ခြင်း မရှိသောကြောင့်ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှတ်တမ်းစာအုပ်လေးကြောင့် ဖတ်မိသူ သတို့သမီးလောင်းလျာတို့မှာ အဘယ်ကြောင့်များ သူ့အား ခါးခါးသီးသီး ဖြစ်သွားကြရရှာပါလိမ့်။ သူ၏မှတ်တမ်းလွှာထဲ၌ ရေးသားထားချက်များမှာ မည်ရွေ့မည်မျှအထိ ပိပြင်သက်ဝင်လွန်းနေရပါလိမ့်။

ဒေါက်တာမော်ကွန်းသစ်ကား သူ၏ခံစားမှုများအား မပျက်မကွက် ထိုမှတ်တမ်းလွှာထဲ၌ ကျင်ခဲသော နှလုံးသားတို့ဖြင့် ရေးမှတ်သိကုံးနေဦးမည်သာတည်း။ မှန်ပါ၏။ ဒေါက်တာမော်ကွန်းသစ်သည် အတွေးများစွာဖြင့် လဲလျောင်းနေရာမှထကာ စာရေးစားပွဲတွင် သွားရောက်ထိုင်လိုက်လေသည်။

သည့်နောက် ထိုနေ့၏ခံစားမှုအကြောင်းများသည် သူ့စိတ်ထဲတွင် ဖြစ်ပေါ်ရင်း သူ့လက်သည် စာရွက်ဖြူဖြူလေးထက် လူ့ပ်ရှားမှတ်တမ်းတင်နေရပေပြီ။

ပန်းဝါရယ်. . . ။

ရေးနေဆဲမှ တမ်းတစွာ သူ ခေါ်မိ၏။ သူ၏တစ်ကိုယ်လုံးအစိတ်အပိုင်းများထဲ နေရာလပ်မကျန် မေပန်းဝါသည် နေရာယူရှိနေရသည် မဟုတ်ပါတကား။ ။

✤ ✤ ✤



– နှစ် –

"ဇော်ဇော်. . ဇော်ဇော်. . ."

ဒေါ်သီရိဇော်၏ စူးစူးကျယ်ကျယ်ခေါ်သံမှာ တိုက်နောက်ဖေးခြံထဲသို့ ပျံ့လွင့်လာသောကြောင့် တစ်ဘက်ခြံမှ ကျောင်းဆရာမလေးဝင်းမာလေးမှာ ကာထားသည့် အုတ်တံတိုင်းဆီသို့ လျှောက်လှမ်းသွားရပြီး တစ်ဘက်ခြံထဲသို့ ချောင်းကြည့်နေမိလိုက်လေ၏။

"ဇော်ဇော်. ကြည့်စမ်း၊ ဒီကောင်လေးဟာ ဘယ်မှာသွားသေ နေလဲ မသိဘူး . . ."

ဇော်ဇော်၏ ထူးသံပြန်မကြားရသဖြင့် ဒေါ်သီရိဇော်၏ ဒေါသက တထစ်ထစ်တက်လာရပေပြီ။

"ဇော်ဇော်. .ဇော်ဇော်. . ."

ခါးပေါ်သို့ လက်နှစ်ဘက်ကို တင်းတင်းထောက်ရင်း တင်းမာသော မျက်နှာဖြင့် အသံကိုမြှင့်၍ ထပ်ခေါ်နေသော ဒေါ်သီရိဇော်၏ပုံစံကို ဝင်းမာလေး မြင်နေရ၏။

"ဇော်ဇော် ကလေးရယ်၊ မင်းလေး ဘယ်များသွားသေ့နေ



www.burmeseclassic.com

www.burmeseclassic.com



သလဲ ကွယ်. . ."

ဇော်ဇော့်အတွက် စိုးရိမ်စိတ်ဖြင့် လေး ဆိုမိ၏။

"ဇော်ဇော်၊ ဟဲ့. .ခွေးစုတ်ခွေးနာလေးရဲ့, ခေါ်ရတာ ငါ့လည်ချောင်းတောင် ကွဲတော့မယ်. . ."

"ဇော်ဇော်. . ."

အသံကို ပို၍မြှင့်ကာ ဆောင့်၍ ခပ်စူးစူးလေး ထပ်ပြီး ခေါ်လိုက်သည့် ဒေါ်သီရိဇော်၏ခေါ်သံအဆုံး. . .

"ခင်ဗျား အန်တီလေး၊ လာပါပြီ. . ."

ချိုလွင်သော အသံလေးနှင့်အတူ ဇော်ဇော်သည် တန်းလျားများ၏ နောက်ဖေးဘက်ဆီမှ ပုဆိုးလေးကိုးရိုးကားရားဖြင့် ပြေးထွက်လာသည်ကို ဆရာမလေး ဝင်းမာခမျာ စိုးရိမ်မကင်း မျက်ဝန်းများနှင့် ကြည့်နေမိရပေ၏။

"ကြည့်စမ်း…ခွေးကောင်၊ နင် ဘယ်သွားသေနေတာလဲ၊ ငါ ခေါ်နေတာ အခွန်းပေါင်း တစ်ထောင်မကတော့ဘူးဟဲ့. . ."

"ကျွန်တော်ထူးနေပါတယ် အန်တီလေးရယ်၊ အန်တီလေး မကြားမိလို့ပါ. . ."

ဒေါ်သီရိဇော်၏ရှေ့သို့အရောက် ပြောလိုက်သော ဇော်ဇော် စကားလေးမှာ အရာမရောက်ရှာပါလေ။

"ဟင်. .ကဲ၊ ဒေါက်. .ဒေါက်. . ."

ဆရာမလေး ဝင်းမာလေးမှာ မျက်လုံးလေး မှိတ်ပစ်လိုက်မိရှာ၏။





ကလေးရယ်. . .

ရင်ထဲမှာ ကြင်နာစွာ ညီးတွားမိလိုက်သည်။

လူနဲ့တောင် မလိုက်ဘူး၊ သိပ်ရက်စက်တာပဲ. . .။

နှုတ်ခမ်းလေးဖိကိုက်ကာ သီရိဇော်ကိုကြည့်ရင်း မကျေမနပ်ဖြင့် လေး ရေရွတ်လိုက်သည်။

"ဖြန်း. .ဖြန်း. .ငါခေါ်နေရင် ချက်ချင်းထူးပြီး ချက်ချင်းလာပါလို့ ငါ ပြောထားတယ် မဟုတ်လား ခွေးလေးရဲ့၊ ဟင် ကဲ မှတ်ထားစမ်း၊ မှတ်ထားစမ်း၊ အဲဒါ၊ ဒေါက်. .ဖြန်း. .ဖြန်း. . ဘုန်း. .ဘုန်း. . ."

ခေါင်းကိုခေါက်လိုက် ကျောကိုတီးလိုက်ဖြင့် ဒေါ်သီရိဇော်၏ မညှာမတာ ရိုက်နှက်နေသည့်ကြားထဲမှ ဇော်ဇော်တစ်ကိုယ်လုံးမှာ လူးလွန့်နေရရှာရင်းက. . .

"ကျွန်တော် ကြောက်ပါပြီ အန်တီလေးရယ်၊ အန်တီလေး ခေါ်သံကြားတာနဲ့ ကျွန်တော် ထူးပါတယ်၊ ကျွန်တော်ချက်ချင်း မလာနိုင်တာက ကျွန်တော် နောက်ဖေးတက်နေလို့ပါ အန်တီလေး ရယ်. . ."

"နင် ပြောလိုက်ရင် ဒါပဲ၊ ဒီဆင်ခြေတွေပဲ ပေးနေတယ်၊ ဘယ်လိုအမျိုးအစားက လာမှန်းကို မသိဘူး၊ တော်တော် ဆင်ခြေကြီးပြီး အရေထူတဲ့ဟာစားလေး. . ."

"အား. .ဟီး. .ဟီး. . ."

လက်သည်းချွန်ချွန်ဖြင့် ဇော်ဇော်၏ နားရွက်လေးအား



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဆွဲထားသဖြင့် ဇော်ဇော်ခမျာ နားလေးကို အုပ်၍ ငိုနေမိရှာ၏။

"ဟီး. .ဟီး. .ကြောက်ပါပြီ အန်တီလေးရယ်. . ."

လေး နှုတ်ခမ်းလေးကို ကိုက်ထားမိသည်။ ဇော်ဇော်အတွက် လေး မျက်ရည်ဝဲနေမိရှာ၏။

"အန်တီလေးရယ် ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါခင်ဗျာ၊ ကျွန်တော် နာလှပါပြီ. . ."

"ဟင်း. .သေနာလေး၊ နင့်ကို မခိုင်းလို့ ရှိခိုးထားရမလား၊ ဒီညနေ နင်ထမင်းမစားနဲ့၊ ခြံနောက်ဖေးက အမှိုက်တွေ အကုန် စုကျုံးပြီး ခြံထောင့်မှာ သွားပုံ၊ ပြီးတော့ ကားသုတ်. . ."

"ဟုတ်. .ဟုတ်ကဲ့ အန်တီလေး. . ."

"သြော်. .ဟဲ့ကောင် နေဦး၊ လာဦး. .နင်. . ."

ထွက်သွားပြီးမှ ပြန်ခေါ်သံကြောင့် ဒေါ်သီရိဇော်ရှေ့ ဇော်ဇော် မဝံ့မရဲလေး လျှောက်လာရပြန်သည်။ ဒူးလေးတွေမှာ တဆတ်ဆတ် တုန်နေ၏။

"ဒီမှာ ငါ့ယောက်ျားပြန်လာတဲ့အခါ နင့်မျက်နှာ သူတောင်း စားလို ငါ့လင်ရှေ့မှာ လာလုပ်မပြနေနဲ့၊ ကြားရဲ့လား. . ."

"ဟုတ်ကဲ့ . . ."

"အေး. .ငါ့ယောက်ျားရှေ့ နင့်အချိုးမပြေရင်တော့ နင် ငါ့အကြောင်း ထပ်သိမယ် မှတ်. . ကြားလား . . ."

"ဟုတ်ကဲ့. .ကြားပါတယ်. . ."

"ကြားရင် သွားတော့ . . ."





"အဟင့်. .အဟင့်. .ဟီး. .ဟီး . . ."

"နင့်အသံမထွက်နဲ့စမ်း. . ."

နာကျင်သွားရရှာသော ခေါင်းနှင့် နားရွက်ကလေးအား ပွတ်သပ်ကိုင်စမ်းရင်း ငိုယိုသွားရှာသည့် ဇော်ဇော်အား ဒေါ်သီရိဇော် မှာ မျက်နှာထားနှင့် လှမ်းကြည့်နေရင်း မာကျောသော လေသံဖြင့် လှမ်းဟောက် ငေါက်ငမ်းလိုက်ပြန်သောကြောင့် ဇော်ဇော်လေး၏ အသံမှာ တိတ်တိတ်ပျောက်သွားရရှာ၏။

"ဟွန်း. .မျက်နှာသာပေးလို့ရတဲ့ အစားမျိုးမဟုတ်ဘူး"

ဇော်ဇော်နောက်ကျောလေးအား ကြည့်ကာ ဆိုပြီး တိုက်ထဲ သို့ ဒေါ်သီရိဇော်တစ်ယောက် ဝင်ရောက်သွားလိုက်သည်ကို တစ်ဖက် ခြံထဲမှ ဆရာမလေး ဝင်းမာသည် ဒေါသမျက်လုံးလေးများနှင့် ကြည့်နေမိရဆဲမဟုတ်ပါလား။

ဇော်ဇော်ရှိရာသို့ လေး လှမ်းမျှော်ကြည့်မိလိုက်သည်။ အရွယ်လေးနှင့်မလိုက်အောင်ပင် ဇော်ဇော်မှာ အလုပ်များ လုပ်နေ ရှာသည်။ ကျောင်းနေရသည်မှလွဲ၍ ဇော်ဇော်တွင် စာကျက်ချိန်သည် ပင် မရှိသလောက် သီရိဇော် ခိုင်းရက်သည်။ သို့သော်လည်း သိတတ်လိမ္မာ၍ ဉာဏ်ကောင်းသော ထက်မြက်သော ဇော်ဇော်မှာ နှစ်စဉ်စာမေးပွဲများ အောင်ခဲ့သည်ချည်းပါ။

မှန်သည်။ ယခုဆိုလျှင် ဇော်ဇော်သည် စတုတ္ထတန်း ကျောင်းသားလေး။ ပြီးတော့ မိမိ၏တပည့်လေးတစ်ဦး မဟုတ်ပါ လား။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း. .ကလေးရဲ့ ရှေ့ရေးမလွယ်ပါလားနော်၊ ဒီအတိုင်းသာဆို လွယ်ကိုမလွယ်ဘူး . . .

ခေါင်းလေးယမ်းကာ စိတ်ထဲမှ လေး ဆိုနေမိသည်။

အို ကြည့်စမ်း၊ ကလေး ထမင်းဆာနေရှာတော့မယ်၊ ဟိုမိန်းမက ကလေးကို ထမင်းမကျွေးဘူးလို့ ပြောထားတာ. . .။

ဒေါ်သီရိဇော်၏စကားသံတို့ကို ကြားယောင်မိရင်း အုတ်တံတိုင်းနားမှ လေးမှာ လျင်မြန်သော ခြေလှမ်းတို့နှင့် အိမ်ဘက်ဆီသို့ လျှောက်လှမ်းခဲ့လိုက်ပြီး မီးဖိုထဲမှ ထမင်းဟင်းများကို ထမင်းပန်းကန်တစ်ခုထဲ စုပုံကာထည့်ပြီးနောက် ဇော်ဇော်ရှိရာ ခြံနောက်ဖေးဘက်ဆီသို့ ပြန်ထွက်လာခဲ့လိုက်လေ၏။

"ရွှတ်. .ရွှတ်. .ဇော်ဇော်. .ဇော်ဇော်. . ."

အုတ်တံတိုင်းနားတွင်ရှိသော ခုတ်လှဲထားသည့် သစ်တုံးများပေါ်သို့ တက်ပြီး တစ်ဘက်ခြံထဲမှ အမှိုက်များ ကျုံးနေရှာသည့် ဇော်ဇော်ကို လေး လှမ်းခေါ်လိုက်သည်။

"ဟင်. .ဆရာမ. . ."

"အေး. .လာဦး ကလေး၊ လာဦး . .လာဦး. . ."

လက်ယပ်ပြီး လေး ခေါ်လိုက်သောကြောင့် အမှိုက်များကျုံးနေဆဲမှ ဆရာမရှိရာ အုတ်တံတိုင်းနားဆီသို့ ဇော်ဇော် အပြေးလေး ရောက်ရှိလာရှာ၏။

"ဇော်ဇော်. . ."

"ဗျာ. .ဆရာမ. . ."





"ကလေး ထမင်းဆာရောပေါ့. . ."

ဇော်ဇော် ဆရာမကိုကြည့်နေလိုက်သည်။ သူ့မျက်ဝန်းအကြည့်လေးများကား စောစောက အရိုက်ခံထားရသော်လည်း ယခုမူ သန့်စင်ကြည်လင်နေပေ၏။

"မင်း ထမင်းဆာတယ် မဟုတ်လားဟင်. . ."

"ဆာတော့ ဆာပါတယ်. . ."

"ဆာရင် ဒီမှာ စား၊ ရော့. .ဆရာမ ခူးလာခဲ့တာ မင်းစားဖို့. . ."

"ဟင့်အင်း၊ ကျွန်တော်မစားသေးပါဘူး ဆရာမ၊ အလုပ်လုပ်ရဦးမယ်. . ."

"ဒါဆို ဒီထမင်းပန်းကန်လေး ယူထားလိုက်နော်၊ မင်းစားချင်တဲ့အချိန်ကျမှ စားပေါ့. . ."

"ကျွန်တော် မယူပါဘူး ဆရာမ. . ."

"ဟင်. .သားဆာတော့ ဘယ်လိုလုပ်မလဲ၊ ဒီညစာ သားကို မကျွေးဘူးလို့ ပြောတယ်မဟုတ်လား. . ."

ဇော်ဇော် ခေါင်းညိတ်ပြသည်။

"ဒါဆို မင်းဆာတော့ ဘာသွားစားမလဲကွယ်. . ."

"ရှိပါတယ် ဆရာမ၊ အန်တီလေးက ကျွန်တော့်ကို ဒဏ်ခတ်ပြီး မကျွေးပေမယ့်လည်း ဘဘကြီးက ကျွန်တော့်ကို အမြဲကျွေးနေတာမို့ပါ. . ."

"ဪ. .ကလေးရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ထမင်းတွေ ပြန်ယူသွားပါနော်၊ ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဖေဖေလည်း ဆေးခန်းက ပြန်လာခါနီးပြီ၊ ဒီအလုပ်လေး ကျွန်တော်မြန်မြန်ပြီးအောင် လုပ်လိုက်ဦးမယ် ဆရာမ. . ."

ဖော်ဖော်ပြောပြီး အမှိုက်ပုံရှိရာဆီသို့ ပြေးထွက်သွားလိုက်လေတော့သည်။

ပြေးထွက်သွားသော ဖော်ဖော့်နောက်ကျောလေးအား မျက်ရည်လေးများ ဝဲကာဖြင့် လေး ကြည့်နေမိလိုက်ရပါလေသတည်း။

× × × × ×

"ဝါး. . ."

စာကျက်နေရင်းမှ ဖော်ဖော် ထာစ်ချက်သမ်းဝေလိုက်သည်။ ပြီးတော့ နံရံပေါ်မှနာရီဆီသို့ လှမ်းကြည့်လိုက်သည်။ အချိန်သည် ညကိုးနာရီ ထိုးနေပေပြီ။

သည်နေ့စနေနေ့မို့ ကျောင်းပိတ်ထားသော်လည်း နေ့လည်ဘက်က သူ စာတစ်လုံးမျှ မကျက်လိုက်ရပေ။ ထို့ကြောင့် အိပ်ငိုက်နေသည့် မျက်လုံးတို့ကို အတင်းဖြဲ၍ သူ စာအုပ်လေးကို ဖတ်နေလိုက်၏။

"ဖော်. . ."

"ဗျာ. .ဘဘ. . ."

"အိပ်ငိုက်နေရင်လည်း သွားအိပ်လိုက်ပါလား လူလေး





ဘဘ စောင့်နေပါ့မယ်ကွ. . ."

"ဘာဖြစ်လို့ အိပ်ငိုက်နေမှန်း မသိဘူးဗျာ၊ စာမေးပွဲကလည်း နီးပြီ ဘဘရဲ့. . ."

"အိပ်ငိုက်တာ သွားအိပ်ကွာ၊ မနက်တော့ အစောကြီး ထကျက်ပေါ့. . ."

"တီ. .တီ. . ."

"ဟြော်. .ဖေဖေ ပြန်လာပြီ ဘဘ. . ."

နားကျင့်သားရ၍ ကျက်မိနေပြီဖြစ်သော ဒေါက်တာမင်းညို၏ ကားဟွန်းသံကို ကြားလိုက်သည်နှင့် အပြေးကလေးသွားရောက်ကာ သံတံခါးပေါက်ကို သော့ဖြုတ်တွန်းဖွင့်ပေးရင်း ဖော်ဖော် ကြိုလိုက်လေသည်။

"ဟင်. .သား ဖော် မအိပ်သေးဘူး၊ ကိုးနာရီတောင် ထိုးပြီလေ သားရဲ့. . ."

"သား ဖေဖေ့ကို တံခါးစောင့်ဖွင့်ပေးရင်း စာကျက်နေသေးတယ် ဖေဖေ. . ."

"သားကကွယ် သိပ်ကြိုးစားတာပဲ၊ ဒါနဲ့ ညီမလေး မွေးမွေးကော အိပ်ပြီထင်တယ်. . ."

ဖော်ဖော့်ပခုံးကိုဖက်၍ တိုက်ထဲသို့ ဝင်လာခဲ့ရင်းမှ ဒေါက်တာမင်းညို မေးလိုက်သောကြောင့်. . .

"မွေးမွေးလည်း မအိပ်သေးပါဘူး ဖေဖေ. . ."

"အံမယ် သမီးလည်း စာကျက်နေတယ်ပေါ့လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဆရာရဲ့၊ ဆရာကတော်တို့သားအမိ ကိစ္စရှိလို့တဲ့၊ အပြင်ထွက်သွားကြတယ်. . ."

ခြံစောင့်ဘကြီး၏ ဝင်ပြောလိုက်သော စကားကြောင့်. .

"ဟင်. .ဟုတ်လား၊ ကိုးနာရီတောင်ထိုးပြီ၊ ပြန်မရောက်ကြသေးပါလား. . ."

အေးဆေးစွာပင် ဒေါက်တာမင်းညို ဆိုလိုက်သည်။

ဇနီးသည် သီရိဇော်မှာ ကိစ္စကြီးငယ်မရှိဘဲနှင့် တော်ရုံအပြင်သို့ထွက်လေ့မရှိသည်ကို သူသိသည်။ အပြင်သို့ထွက်တိုင်းလည်း သူမပါဘဲနှင့် တော်ရုံသွားလေ့သွားထ မရှိသည်ကိုလည်း သူသိထားသဖြင့် ယခုကိစ္စရှိလို့သာ အပြင်သို့ သားအမိနှစ်ယောက်ထွက်သွားကြောင်း သူသဘောပေါက်၍ အေးဆေးစွာပင် နေနေလိုက်လေ၏။

"ကဲ. .သား၊ သားလည်း အိပ်ချင်အိပ်တော့လေ၊ ကိုးနာရီကျော်လာပြီ၊ ဩော်. .အဘသာလည်း သွားတော့လေ၊ ကျွန်တော်စာဖတ်ရင်း သီရိတို့သားအမိကို စောင့်နေလိုက်ပါ့မယ်. . ."

"ဟုတ်ကဲ့ ဆရာ . . ."

"ကဲ. .သားလည်း စာအုပ်တွေသိမ်းကွာ၊ ဒီလောက်စာကျက်ရင် ဖေဖေ ကျေနပ်ပါပြီကွာ. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

[illegible]သောမျက်နှာလေးနှင့် ဇော်ဇော် စာအုပ်တွေကောက်သိမ်းနေလိုက်သည်။ ဒေါက်တာမင်းညိုမှာ ဖျတ်လတ်၍ သိမ်မွေ့သော





ဇော်ဇော်၏ လှုပ်ရှားမှုလေးများအား ငေးကြည့်နေမိရာမှ. . .

"ဟင်. .သား. .သား နားရွက်က ဘာဖြစ်တာလဲ. . ."

"ဩော်. .ဟို ဟိုလေ၊ သား နား. .နားယားလို့ တအားကုတ်လိုက်တာ အနာတွေဖြစ်သွားတာ ဖေဖေ. . ."

လိမ်မာလွန်းသော ဇော်ဇော်၏စကားကြောင့် ညည့်ခန်းထဲမှထွက်တော့မည့် အဘသာ၏ခြေလှမ်းများမှာ တုံ့ရပ်သွားတော့မယောင်ရှိရချေ၏။

လိမ္မာလိုက်တဲ့ ကလေးရယ်. . .။

စိတ်တွင်းမှ ရေရွတ်ရင်း အဘသာသည် ညနေဘက်ဆီမှ ဒေါ်သီရိတစ်ယောက် ဇော်ဇော်၏ နားရွက်အား ဆိတ်ဆွဲလိမ်ပစ်နေသည်ကို ပြန်လည်မြင်ယောင်နေမိရကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် သူ၏တန်းလျားဘက်ဆီသို့ တရွေ့ရွေ့ထွက်လာခဲ့လိုက်ပါလေ၏။

"အို. .လာစမ်း သား၊ လာစမ်း ဖေဖေ ကြည့်စမ်းမယ်"

ဒေါက်တာမင်းညိုဆီသို့ မရဲတရဲလေး ဇော် ချဉ်းကပ်သွားသည်။

ဒေါက်တာမင်းညိုသည် ဇော်၏နားရွက်လေးအား ညင်သာစွာ ကိုင်တွယ်ကြည့်ရင်းက. . .

"အို. .သားကကွယ်၊ နားကို အရမ်းအရမ်းလုပ်တာကိုး၊ ကြည့်စမ်း ဒီမှာ လက်သည်းရာတွေနဲ့ ရောင်ကုန်ပြီ၊ လက်သည်းမှာလည်း အဆိပ်ရှိတယ်သားရဲ့၊ နောက်ကို ယားတယ်ဆိုပြီး အရမ်းကုတ်နဲ့နော်၊ ဖေဖေ့ကိုလာပြ ဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇော် မျက်ရည်လေးဝဲကာ ခေါင်းညိတ်လိုက်ရှာ၏။

"ပွမ်. .ပွမ်. . ."

"ဩော်. .ညီမလေးတို့ပြန်လာကြပြီ ဖေဖေ. . ."

"နေ နေ၊ ဖေဖေ တံခါးဖွင့်လိုက်မယ်. . ."

သော့ဖွင့်ကာ သံတံခါးပေါက်အား တွန်းဖွင့်ပေးလိုက်သည်နှင့်. . .

"ဩော်. .မောင် ပြန်ရောက်တာ ကြာပြီလား. . ."

"မကြာသေးပါဘူးကွာ၊ အခုပဲ၊ ဩော်. .သမီးက အိပ်ငိုက်နေပြီ၊ ကဲ. .လာ လာ ဖေဖေ ချီလိုက်မယ်. . ."

သမီးငယ် မွှေးမွှေးကိုချီပြီး တိုက်ထဲသို့ ဒေါက်တာမင်းညို ဝင်ခဲ့လိုက်သည်။ အနောက်မှ သီရိဇော်ဝင်ခဲ့လိုက်ပြီး ဧည့်ခန်းထဲမှ ခြေစုံရပ်နေသည့် ဇော်ဇော်အား သူမမြင်လိုက်ရသည်နှင့် ဒေါက်တာမင်းညို မမြင်ခင်အခိုက် ဇော်ဇော့်အား မျက်နှာထားဖြင့် သီရိဇော် ကြည့်ပစ်လိုက်သောကြောင့် ဇော်ဇော်မှာ မျက်လွှာလေးချကာ လွယ်အိတ်လေးလွယ်လျက် အိပ်ခန်းထဲဝင်အိပ်ရန် သွားတော့မည်အပြု. . .

"ဩော်. .သား နေဦးလေ၊ သားနားရွက်ကို ဖေဖေ ဆေးထည့်ပေးဦးမယ်. . ."

"ဇော့်နားရွက်က ဘာဖြစ်လို့လဲ မောင်ရဲ့. . ."

ဘာမှမသိသလို သူမမေးလိုက်သည်။

"ယားလို့ဆိုပြီး ကုတ်တော့ လက်သည်းပူတွေလောင်ပြီး





အနာတွေဖြစ်သွားတာပေါ့ သီရိရယ်၊ ကဲ. .ရော့. .ရော့. .သမီးကို သီရိ အိပ်ရာထဲသွင်းသွားတော့. . ."

"ဒီကောင်လေးဟာလေ ဒီလိုပဲ အနာမရှိ အနာရှာ၊ သူ့ပဲ အရာရာနဲ့အကြောင်းကြောင်း ဖြစ်ဖြစ်နိုင်လွန်းတယ်. . ."

"ဩော် သီရိကလည်းကွယ်၊ သားကို ဒီလိုမပြောပါနဲ့ကွာ"

"ပေး ပေး သမီးကို၊ သီရိတို့ သွားအိပ်တော့မယ်. . ."

ဒေါက်တာမင်းညို လက်ထဲမှ သမီးကို လှမ်းချီပြီး အိပ်ခန်းတွင်းသို့ ဝင်ရောက်သွားသည့် ဇနီးသည်အား ဒေါက်တာမင်းညိုမှာ ဝင့်သက်တစ်ချက်ဖြင့် ကြည့်နေဖြစ်လိုက်၏။

ဒေါက်တာမင်းညိုသည် ညှစ်ဆေးဘူးလေးတစ်တောင့်ကိုယူပြီး ဇော်ဇော်၏နားတွင် ညင်သာစွာ ပွတ်လူးပေးလိုက်ပြီးနောက်. . .

"ကဲ. .သား သွားအိပ်တော့နော်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

ဒေါက်တာမင်းညိုသည် လွယ်အိတ်ကလေးဖြင့် အိပ်ခန်းထဲ ဝင်ရောက်သွားသည့် ဇော့်နောက်ကျောလေးအား လှမ်းကြည့်နေမိရှာ. . .

ဩော် သီရိရယ်၊ သားအပေါ်မှာလည်း သမီးမွှေးအပေါ်မှာလို မင်း မေတ္တာထားနိုင်ရင် ဘယ်လောက်ကောင်းမလဲကွယ်၊ ကကယ်လို့များ မောင်နဲ့ သီရိတို့ရဲ့ ရင်သွေးစစ်စစ်တွေသာ ရနိုင်မယ်ဆိုရင် မွှေးအပေါ်မှာလည်း မင်း ခုလိုချစ်ကြည်ဖြူနိုင်လိမ့်မယ် မထင်ပါဘူးလေ. . .။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သားထက်စာရင် သမီးက သိရိရဲ့ညီမသမီးလည်း ဖြစ်၊ သိရိတူမလည်းဖြစ်၊ သိရိသွေးဆိုတော့ မွေးကို သိရိ ဦးစားပေး ချစ်နိုင်တာပေါ့ကွယ်. . .။

ဟင်း. . .

အတွေးများနှင့် စိတ်မသက်သာစွာ ဒေါက်တာမင်းညို သက်ပြင်းမောကို ချမိလိုက်၏။

ဇနီးသည်အပေါ်၌ ဒေါက်တာမင်းညို တွေးမိသလိုပင် တကယ်တော့ သားဇော်ဇော်သည် အခါလည်သားကျော်ကျော်လောက် ဟု ခန့်မှန်းရသည့် အရွယ်လေးကတည်းက ဘယ်ကမှန်းမသိသည့် မိန်းမကြီးတစ်ဦး၏ ဆိုက်ဆိုက်မြိုက်မြိုက် မိမိတို့ထံ လာရောက်ပေး မှုကြောင့်. . .

သားသမီးမရှိသော မိမိမှာ ချစ်စဖွယ်တစ်တုံးတစ်ခဲ ဖြူ ဖွေးဖွေးကြီး သားအား ချစ်မြတ်နိုးစွာ တယုတယ ဇော်ဇော်ဟု အမည်လေးပေးပြီး မွေးလာခဲ့သည်ပါ။

ဘာကြောင့်မှန်းမသိ၊ သားအား မွေးစဉ်ကတည်းက ဇနီးသည်မှာ လုံးဝမလိုလားကြောင်း သူ သိခဲ့ရသည်။

အချိန်များ မည်သို့ပြောင်းပြောင်း ဇနီးသည်ကား သား အပေါ်တွင် မပြောင်းလဲ၊ ပြောင်းလဲခြင်းရှိမလာပေ။

ငယ်စဉ်ကတည်းက သားသည် ထမင်းချက်အိမ်ဖော်မကြီး လက်ထဲမှာပင် ကြီးပြင်းခဲ့ရရှာ၏။ ပိုဆိုးသည်က နောက်ထပ်သမီး မွေးအား သိရိ၏ညီမထံမှ ခေါ်ယူမွေးစားလိုက်သောကြောင့် သား





ဇော်ဇော်ခမျာ ပို၍သိမ်ငယ်သွားရရှာ၏။

ထိုအထဲ သားအား ငယ်စဉ်ကတည်းမှ ကြင်နာစွာ ကျွေးမွေး စောင့်ရှောက်လာသည့် ထမင်းချက်မိန်းမကြီးမှာ တလောကပင် ဆုံးပါး သွားရရှာသောကြောင့် သားခမျာ ကြင်နာသူမဲ့ကာ ရင်ခွင်ကင်းခဲ့ ရချေ၏။

သားဇော်ဇော်မှာ စာတော်၍ လိမ္မာရေးခြားရှိသူလေးမို့ မွေးရကျိုးနပ်သည်ဟု ဆိုရမည်ပါ။ ငယ်စဉ်ကတည်းက သား၏ဗီဇ နှင့် အကျင့်စရိုက်များအား လေ့လာမိရသလောက် သားသည် လူ့ အဖိုးတန်လေးတစ်ဦး ဖြစ်လာရမည်ကို တွက်ဆထားမိ၏။

ဩော်. .သားရယ် သားအတွက် ဖေဖေ စိတ်မကောင်း လိုက်တာ. . .။

"မောင်. . ."

ဒေါက်တာမင်းညိုသည် မိမိ၏အိမ်တွင်းရေးအခြေအနေများ အား အတွေးလွန်နေရဆဲ နောက်မှလှမ်းခေါ်လိုက်သော ဇနီးသည်၏ ခေါ်သံကို ကြားလိုက်လေမှ သူ အတွေးစများပြတ်ကာ. . .

"ဟင်. .ဩော်. .သိရိ မအိပ်သေးဘူးလား. . ."

"သိရိ အိပ်တော့မလို့ မောင့်ကို လာခေါ်တာလေ၊ စာလည်း ဖတ်ဘဲ မောင် ဘာတွေတွေးနေတာလဲ. . ."

"မောင် တွေးနေတာ သားရဲ့အကြောင်းပါ သိရိရယ်. . ."

"ဟင်း မောင်ဟာလေ တော်တော် အလုပ်ရှာတာကိုး. . ."

"မဟုတ်ပါဘူး သိရိရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို လာပါ၊ မဟုတ်တာတွေ ပြောမနေနဲ့၊ ညဥ့်နက်နေပြီ၊ အိပ်မယ်. . ."

ရှေ့ဆက် သူ စကားမဆိုတော့။ ဖနီးသည် သီရိ ဆွဲခေါ်ရာ နောက်သို့ သူ ပါသွားရပါလေတော့သတည်း။ ။

❀ ❀ ❀



– သုံး –

ရေပိုက်ခေါင်းလေးကို လှည့်၍ဖွင့်လိုက်သည်။ ရေပိုက်ခေါင်းထဲမှ ရေများ ကြွေခွက်ထဲသို့ သွန်ကျလာစဉ် လက်အိတ်စွပ်ထားသည့် လက်ကလေးနှစ်ဘက်ကို ထိုးခံ၍ ပွတ်ဆေးနေလိုက်၏။ မျက်ဝန်းပြာအကြည့်လေးတွေမှာ ပွတ်ဆေးနေသော လက်ချောင်းလေးများဆီသို့သာ ကျရောက်နေကြလေသည်။

ဆပ်ပြာကိုသုံး၍ လက်ကလေးကို ဆေးသည်။ ထို့နောက် လက်အိတ်ကိုချွတ်ပြီး သန့်စင်စွာ စနစ်တကျ ထားလိုက်သည်။ ပြီးတော့ လက်ချောင်းကလေးများကို ဆပ်ပြာနှင့်တစ်ခါ ပြန်ဆေးလိုက်၏။

•မျက်ဝန်းအကြည့်သည် ပြည့်တင်းလှပ သွယ်လျားသော လက်ချောင်းကလေးများဆီ၌သာ တည်ငြိမ်စွာ ကျရောက်နေဆဲသ၏။ လက်ချောင်းကလေးများ စင်ကြယ်သည်နှင့် ရေပိုက်ခေါင်းလေးအား ပြန်ပိတ်လိုက်သည်။

"ပန်းဝါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သြော်. .အေးအေး၊ ပန်းဝါ ပြီးပါပြီကွယ်. . ."

"ဒီညနေ ပြန်ခါနီးမှ ခွဲရမယ့်လူနာက ထပ်ရောက်လာတော့ ပန်းဝါ ပင်ပန်းသွားတာပေါ့. . ."

"အို. .အေးကလည်းကွယ်၊ ပန်းဝါတို့ စတာ့(ဖ်)တွေက ပင်ပန်းတယ်ခေါ်မလားလေ၊ တကယ်ပင်ပန်းတာက ဒေါက်တာတို့ပါ. . ."

"ဟေး. .ဆရာမတို့မပြန်ကြသေးဘူးလား၊ ကျွန်တော်တို့တော့ ပြန်ပြီဗျာ. . ."

"ကျွန်မတို့လည်း အခုပဲ ပြန်ကြတော့မလို့ပါပဲ ဆရာ"

အခန်းရှေ့ဖြတ်လျှောက်သွားရင်းမှ ဆရာဝန်တစ်ဦး၏ နှုတ်ဆက်ပြောဆိုသွားသော စကားအား ဆရာမလေး အေးအေးက လှမ်း၍ပြောလိုက်ခြင်းပါ။

"ကဲ. .အေးရေ ပန်းဝါတို့ ပြန်ကြမယ်. . ."

စားပွဲပေါ်မှ ပိုက်ဆံအိတ်ကလေးများကို လှမ်းယူလိုက်ကြပြီး အခန်းထဲမှ ထွက်လာခဲ့လိုက်ကြလေသည်။ မင်းတိုက်မြို့ ပြည်သူ့ဆေးရုံကြီး၏ ဆင်ဝင်အောက်မှ လှမ်းအထွက် အေးမြလတ်ဆတ်သော လေပြည်တစ်သုတ်သည် မေပန်းဝါတစ်ကိုယ်လုံးအား ရစ်သိုင်းထွေးပွေ့ကာ လန်းဆန်းခြင်း အားအင်တို့ကို ပေးလာ၏။

မေပန်းဝါသည် မင်းတိုက်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ နှစ်များအတန်ကြာခဲ့လေပြီ မဟုတ်ပါလား။





မနီးမဝေးလှသော နေထိုင်ရာအိမ်သို့ ခြေကျင်လျှောက်ပြန်လာရင်းမှ မေပန်းဝါသည် နေ့တိုင်းမြင်တွေ့နေရသည့်တိုင် မျက်လုံးထဲ ရိုးသွားသည်မရှိသော ဆေးရုံကြီးတစ်ဝိုက်၏ အလှမြင်ကွင်းများအား ငေးမောကြည့်ရင်း ရှိလာ၏။

မေပန်းဝါနံဘေး တူယှဉ်လျှောက်လှမ်းနေသည့် ဆရာမလေး အေးအေးမှာ တိတ်ဆိတ်နေသော ပန်းဝါဘက်သို့ ငဲ့ကြည့်လိုက်မိသည်။

ထာဝစဉ်အေးမြလှပနေသည့် မြို့ကိုပင် တည်မှီနေသည်ကြောင့်လားဟု အထင်ရောက်ရမလို၊ ထာဝစဉ်ဘယ်ခါကြည့်ကြည့် ပန်းဝါ၏တစ်ကိုယ်လုံး အလှအပလေးများသည် တည်ငြိမ်အေးမြ၍ လှပလွန်းနေရသည် မဟုတ်ပါလား။

မနိမ့်လွန်း မမြင့်လွန်း အရပ်နှင့် လျော်ညီစွာ ပန်းဝါ၏ ခန္ဓာအလှသည် နေရာမှန်စွာ ထင်ပေါ်လှပ၏။ ပန်းဝါ၏ အသားရောင်မှာ အဝါသွေးလက် ကဲနေမှုကြောင့် ပန်းဝါ၏အလှသည် လျှပ်တစ်ပြက် မြင်ရရုံမှာပင် ဝင်းပလင်းလက်ကာ ပေါ်လွင်လွန်းနေရပေ၏။

ဆရာမလေးအေးမှာ မိမိနှင့်အတူတကွ နေထိုင်သည့်တိုင် ပန်းဝါ၏အလှများအား အချိန် ရှိသလို နေ့စဉ်ငေးမောကြည့်မိရစမြဲပါ။ တစ်ဘက်သို့ငေးသယောင်ရှိနေသော ပန်းဝါမျက်နှာလှလှလေးကို အေး အနည်းငယ်မော်ကြည့်လိုက်မိရင်းက. . .

"ပန်းဝါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အေး. . ."

ပန်းဝါမျက်နှာလှလှလေးကို ကြည့်ပြီး အေးသည် ပြုံးလျက်မှ. . .

"တိတ်နေတာပဲ၊ ဘာတွေ တွေးနေတာလဲ. . ."

အေး၏မေးနေကျစကားဖြစ်သော်လည်း ထိုသို့မေးလေတိုင်း မသိမသာ မျက်ဝန်းလေးများ ဝေရီမှိုင်းသွေ့သွားရရှာသည်မှာ ပန်းဝါ အဖြစ်ရယ်ပါ။ သို့သော်လည်း သရုပ်သဏ္ဌာန်အား ပန်းဝါ မပေါ်လွင်စေချင်ပါ။ သို့အတွက် ပန်းဝါသည် ဘဝအားရင့်ကျက်စွာ ခံယူထားရှိရသူတစ်ဦးပေမို့ မျက်နှာလှလှလေးထက် ကြည်လင်သော အပြုံးပန်းလေးများအား ပွင့်လန်းစေလိုက်ရင်းက. . .

"အေးကလည်းကွယ်၊ အဆန်းလုပ်ပြီး မေးနေပြန်ပြီ၊ ပန်းဝါမှာ ဘာတွေများ တွေးစရာရှိရမှာလဲ၊ အလေ့ကျလို ပေါက်နေတဲ့ ပန်းတွေကိုကြည့်ပြီး ကိုယ်စိတ်နှစ်ပါး အနားယူနေတာလေ အေးရဲ့. . ."

"မသိဘူးလေ၊ ငြိမ်ချက်သားကောင်းနေလို့ မေးကြည့်တာ"

"အဟင်း. .ပန်းဝါတော့ မနားတမ်း စကားတွေပြောနေမှ ဖြစ်တော့မယ် ထင်တယ်၊ ပန်းဝါတိတ်နေတာနဲ့ ဘာတွေးနေလဲလို့ အေးက မေးလေ့ကိုရှိနေပြီကိုး၊ အဟင်း. .ဟင်း. . ."

စကားအဆုံး သွားလေးများ ပေါ်အောင် ပန်းဝါ ရယ်လိုက်သည်။ ရယ်လိုက်လေတိုင်း မေးလေးချိုင့်သွားတတ်သည့် ပန်းဝါ အလှကို ချစ်ခင်လေးစားခြင်းတို့နှင့် ကြည့်ရင်း အေးက. . .





"ပန်းဝါ. . ."

"ဟင်. . ."

"ဒေါက်တာမင်းထွန်းလည်း ကလေးတစ်ယောက်တောင် ရသွားပြီနော်. . ."

"အိမ်ထောင်ပြု ကလေးမွေးတဲ့အလုပ်က ဆန်းသလား အေးရဲ့၊ အဟင်း. .ဟင်း. . ."

ထိုစကားလေးအဆုံး ပန်းဝါအသံလေး အဖျား၌ တုန်ချင်သွားရသည်ကို ချောင်းရှင်းသံလေးဖြင့် ကာကွယ်လိုက်ရှာ၏။

"အဟင်း. .အေး ပြောချင်တာက ဒါမှမဟုတ်တာ ပန်းဝါ၊ ပန်းဝါကိုစောင့်ရင်းနဲ့ သူ့ခမျာ အိမ်ကပေးစားတဲ့ မိန်းမကိုယူရပြီး အခု ကလေးတောင်ရပြီလို့ဆိုတာ. . ."

"အိုကွယ်၊ အေးကလည်း ဒီလိုမပြောပါနဲ့၊ လူတိုင်းအတွက် လွတ်လပ်တဲ့ အချိန်က ခုလိုလှမှုရေးရာလေးတွေ ရှိတတ်ကြတာပဲ မဟုတ်လား. . ."

"ပန်းဝါကတော့ သိပ်ထူးဆန်းနေပြီ၊ ပန်းဝါအသည်း မာတယ်လို့ ဆိုရမလားပဲ. . ."

"အေးကတော့ ပြောပြန်ပြီကွယ်. . ."

အပြုံးလေးနှင့် အေးဘက်စောင်းငဲ့ကာ ပန်းဝါ ဆိုသဖြင့်

"အေးပြောတာ မဟုတ်ဘူးလား၊ ပန်းဝါ စဉ်းစားကြည့်လေ၊ ပန်းဝါကို လက်ထပ်ခွင့်တောင်းတဲ့သူတိုင်း ပန်းဝါ ငြင်းခဲ့တာချည်းပဲ"

"ဒါကတော့ ရေစက်မရှိသေးလို့ပါကွယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာမဟုတ်ဘူးလား. . ."

"ဒီလိုစကား ပန်းဝါ မဆိုချင်ဘူး အေးရယ်. . ."

"မဆိုချင်လို့ ရမလား ပန်းဝါရယ်၊ ပန်းဝါလည်း အသက်မှ မငယ်တော့တာ၊ ကိုယ်နဲ့သင့်မြတ်သူကို ရွေးသင့်ပြီပေါ့. . ."

"အဟင်း. .ဟင်း. . ."

မေပန်းဝါ စကားမဆိုတော့။ ရယ်၍သာ နေလိုက်သည်။ ပန်းဝါ တကယ်ပင် ရယ်နေခြင်းလားဆိုသည်ကို အေးတစ်ယောက် မည်သို့လေ့လာ သိရှိနိုင်လိမ့်မည်နည်း။

မှန်၏။ အပြင်သဏ္ဌာန်၌ ရယ်နေလေသော ပန်းဝါ၏ ရင်ထဲတွင်ကား နှလုံးသားသည် သွေးများထဲလျှံပယ်နစ်မြုပ်နေဆဲမှ တစ်ပေါက်ချင်းတစ်စက်ချင်း ထိခိုက်ခြင်းကြီးစွာဖြင့် ကျဆင်းနေခဲ့ရသည်မှာ နှစ်များကြာညောင်းခဲ့ရလေပြီ မဟုတ်ပါတကား။

ယခုတိုင်လည်း ပန်းဝါ၏နှလုံးသားသည် ရွှဲရွှဲပျက်သုဉ်းလျက် သွေးစက်တို့မှာ နာကျင်ခြင်းကြီးစွာဖြင့် ကြွေသက်နေရဆဲပါတည်း။

ရင်ထဲမှာ မုန်တိုင်းသည် မစဲတမ်းထာဝစဉ် ပြင်းထန်စွာ တည်ရှိနေဆဲပါ။ ထိုမုန်တိုင်းသည်ကား ပန်းဝါ၏ဘဝတစ်သက်တာ တစ်ခုလုံးအတွက် တိုက်ခတ်နေတော့မည်ဖြစ်သည်ကိုမူ ကာယကံရှင် ပန်းဝါမှတစ်ပါး မည်သူသိနိုင်ပါအံ့နည်း။

"ပန်းဝါ. . ."

"ဟင်. . ."





မျက်လုံးလွှဲကာ ပန်းဝါ ထူးသည်။ ဖြတ်ကျော်လာသည့် လမ်းတစ်လျှောက် အလေ့ကျပေါက်ရောက်နေကြသည့် ပန်းလှလှ ကလေးများတို့ကိုလည်း ပန်းဝါ မမြင်ပါလေတော့။ မျက်ရည်ပဝါပါး ကြောင့် ပန်းဝါမျက်လုံးအကြည့်မှာ မှုန်ဝါးဝေသီနေရခြင်းကြောင့် ပါတည်း။

"အိမ်ထောင်ရေးကို ဘယ်တော့မှ ပန်းဝါ စဉ်းစားမလဲဟင်"

"ဘာကြောင့် မေးတာလဲ အေး. . ."

"အေး သိချင်လို့၊ ပန်းဝါနဲ့အေးတို့ ခွဲသွားကြတဲ့အခါ ပန်းဝါရွေးမယ့် အိမ်ထောင်ဘက်ကို အေး သိရတော့မှာ မဟုတ်ဘူး နော်. . ."

"အဟင်း. .ဟင်း၊ ဘာလို့ ဒီကိစ္စတွေကို အေး စိတ်ဝင်စားနေရတာလဲကွယ်. . ."

"စိတ်ဝင်စားမိတာပေါ့ကွာ၊ မေပန်းဝါဆိုတဲ့ အလှဘုရင်မလေးကို ပိုင်ဆိုင်သွားတဲ့သူကို အေး သိပ်သိချင်နေတာကွ. . ."

"အဟင်း. .ဟင်း. . ."

မျက်တောင်ကို တဖျပ်ဖျပ် ခတ်ကာ မျက်ရည်တို့ကို သိမ်းရင်း ပန်းဝါ ရယ်မိပြန်သည်။

"ဘာရယ်နေတာလဲ ပန်းဝါရဲ့၊ ပြောလေ. . ."

"အေးရယ် ပေါက်ပေါက်ရှာရှာ မေးတတ်မလေကွယ်၊ ဒီစကားက ကိုယ့်ကိုယ်ကိုတောင် ပြန်မေးလို့ မဖြေနိုင်တဲ့ အမေးပဲ အေးရဲ့၊ ကဲ ဒီအကြောင်းတွေ တော်ပါကွယ်၊ ပန်းဝါတို့ အိမ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



တောင် ရောက်လာပြီ. . ."

"စကားကောင်းလာတာ ရောက်မှန်းကို မသိလိုက်ဘူး၊ ခြော်ဒါနဲ့ ပန်းဝါရေ ပန်းဝါ ရန်ကုန်ပြောင်းရမယ့်သတင်း အေး ကြားလာတယ်. . ."

"ဟင် ဟုတ်လား၊ ပန်းဝါတောင် မသိပါလား၊ မဟုတ်ဘူး ထင်တယ်. . ."

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ ပန်းဝါရဲ့၊ ဒီမှာ ပန်းဝါ ရောက်တာလည်း ကြာနေပြီဟာ. . ."

"ဟင်း. .ဟုတ်ရင်တော့ အေးတို့နဲ့ ခွဲရဦးမှာပေါ့. . ."

"အေးကွယ်၊ ကံပါလေ အတိအကျလည်း သိသေးတာမှ မဟုတ်တာ၊ စိတ်မကောင်းတာတွေ ကြိုဖြစ်မနေနဲ့၊ မနက်ဖန် အလုပ်အားတယ် ပန်းဝါရေ၊ တို့ မန္တလေးဆင်းကြရအောင်. . ."

"ဘာကိစ္စနဲ့ သွားမှာလဲ. . ."

"အလည်အပတ်ပေါ့ ပန်းဝါရယ်၊ သွားမယ်မဟုတ်လား"

"သွားလေ ကောင်းသားပဲ. . ."

စကားအဆုံး အိမ်ခြံဝင်းလေးထဲသို့ လှမ်းဝင်ခဲ့လိုက်ကြ၏။



– လေး –

တစ်ဆောင်းသစ်ပြန်ဦးမည်မို့ မန္တလာမြို့ ညနေခင်းဘက်တိုက်ခတ်လာသောလေ၌ အေးမြမြဟေမာန်ဦး၏ အငွေ့အသက်လေးများ ပါလာခဲ့သည်ကို ပန်းဝါ ထိတွေ့ခံစားလိုက်ရချေ၏။ ညစာထမင်းကို စောစီးစွာ စားပြီး၍ ခြံထဲဆင်းပြီး သစ်သား ပုခက်လေးပေါ်တွင် အေးဆေးစွာ မေပန်းဝါ ထိုင်နေလိုက်သည်။

မန္တလေးသို့လာတိုင်း လာရောက်တည်းခိုရသော အေးအေး၏ အဒေါ်ဝမ်းကွဲအိမ်မှာ ခြံနှင့်ဝင်းနှင့် နေထိုင်ကြသည့် သီးသန့်ရပ်ကွက်တစ်ခုတွင် ရှိသည်ဖြစ်၍ ပတ်ဝန်းကျင်အနီးတစ်ဝိုက်မှာ ဆိတ်ငြိမ်အေးချမ်းနေရပေ၏။

မန္တလာ၏မြေမှုန့်ရနံ့လေးများ မရှူရှိုက်ရသည်မှာ ကြာပြီဖြစ်၍ ယခုအပတ် အားလပ်ချိန်၌ အေးအေးဆန္ဒနှင့်အညီ ပန်းဝါပါစိတ်ချင်းမျှတမှုဖြင့် မန္တလာမြို့တော်သို့ အလည်အပတ် ရောက်လာခဲ့ရခြင်းပါ။

ပန်းဝါသည် ဒန်းပုခက်လေးထက် အေးဆေးစွာ တစ်ကိုယ်

www.burmeseclassic.com



တည်းထိုင်ရင်း မျက်နှာချင်းဆိုင်မှမြင်နေရသော ခြံစည်းရိုးသဖွယ် ဖြစ်နေသည့် စက္ကူပန်းတောကြီးအား ငေးကြည့်နေခိုက်. . .

"ဝိုး. .ထောက်. .ထောက်. .ထောက်. . ."

"ဟင်. .ပင်ပေါင်ဘောလုံးလေးပါလား. . ."

ကျော့ပေးထားရာ ခြံဘက်မှ ပင်ပေါင်ဘောလုံးလေးမှာ ပန်းဝါ၏နံဘေးမှ ဖြတ်ကျော်ကာ တထောက်ထောက်မြည်သံလေး အဆုံး ခပ်လှမ်းလှမ်းသို့ လိမ့်ဝင်သွားလိုက်လေ၏။ ပန်းဝါသည် တစ်ဘက်ခြံထဲဆီသို့ လှည့်ကြည့်လိုက်ပြီး ဘောလုံးလေးရှိရာဆီသို့ လျှောက်သွားလိုက်လေသည်။

"ကိုကိုရေ ဟိုဘက်ခြံထဲ ဝင်သွားပြီ. . ."

"ကိုကို သွားကောက်ပေးမယ် မွေး. . ."

ကလေးနှစ်ဦး၏ စကားသံလေးများကိုလည်း ပန်းဝါ ကြား နေလိုက်ရသည်။ ဘောလုံးလေးကောက်ပြီး ခြံတံခါးပေါက်ဆီသို့ ပန်းဝါပြန်၍လျှောက်အလာ ကိုးနှစ် ဆယ်နှစ်အရွယ် ကလေးငယ် တစ်ယောက် ခြံထဲသို့ ပြေးဝင်ရောက်လာခဲ့ပြီး. . .

လက်ထဲမှ ဘောလုံးလေးကိုင်လျက် ရပ်နေသော ပန်းဝါ အား မြင်သော် ပြေးဝင်လာသည့် ဖော်ဖော့်ခြေအစုံလေးမှာ တုံ့ရပ် သွားလိုက်ပြီး မျက်လုံးလေးမှာ ပန်းဝါအား မော်ကြည့်နေမိလေတော့ ၏။

နှစ်ကိုက်မျှအကွာအဝေးတွင် ရှိနေသော ဖော်ဖော့်ကို ပန်းဝါ လည်း ငေးမောကြည့်နေမိသည်။ စက္ကန့်လေးများ ကြာကြာ





အကြည့်များထဲ ပြင်းထန်သော ပူဆွေးခြင်းသောကသည် ပန်းဝါ၏ ထဲသို့ ဝင်ရောက်မွေနှောက်လာခြင်းကြောင့် ပန်းဝါ၏ မျက်ဝန်း ယ် အရည်ကြည်လေးများသည် ရစ်သိုင်းပြည့်တက်လာချေတော့၏။

ပန်းဝါ၏မျက်နှာလှလှဆီသို့ တစ်ခါ၊ ပန်းဝါလက်ထဲမှ ဘောလုံးလေးဆီသို့တစ်လှည့်ဖြင့် ဖော်ဖော်၏မျက်လုံးညိုလေးများ သည် ရွေ့လျားနေဆဲမှ. . .

"အန်တီ. . ."

"ဩော်. .သား. . ."

ကလေး၏ ချိုလွင်ကြည်မွေ့သော ခေါ်သံလေးအား စတင် ကြားလိုက်မိရလေမှ ဖျတ်ခနဲအသိသည် ပန်းဝါကိုယ်ထဲသို့ ရောက်ရှိ ပြီး ဖော်ဖော့်ဆီသို့ ပန်းဝါလျှောက်ခဲ့လိုက်သည်။

"ဖော် ဘောလုံးလေး လာကောက်တာပါ အန်တီ. . ."

"ဩော်. .အေး အေး၊ ဒီမှာ အန်တီကောက်ပေးပါတယ် ကွယ်၊ ရော့ ရော့၊ ဒါနဲ့ သားနာမည်လေးက ဖော်တဲ့လား. . ."

"ဖော်ဖော်ပါ အန်တီ. . ."

"အို. .ဟုတ်လား၊ သားက လူချောလေးပဲကွယ့်. . ."

ပန်းဝါစကားကြောင့် ဖော်ဖော် ရှက်ဟန်လေးဖြင့် မျက်နှာလေး သွားလိုက်လေသည်။

"ဖော်ဖော်. .ဖော်ဖော်. . ."

ဖော့်ကိုယ်လေး ဆတ်ခနဲတွန့်သွားရရှာပြီး အသံကြားရာ ဘက်ခြံထဲသို့ စက္ကူပန်းပင်ကြားမှ လှမ်းကြည့်မိလိုက်လေသည်။

www.burmeseclassic.com



ဇော်လိုပင် ပန်းဝါလည်း လှမ်း၍ကြည့်မိလိုက်၏။

"ဇော်ဇော်. .တောက် ဒီခွေးစုတ်လေးဟာ လစ်ရင် လစ်သလို ပျောက်တယ်၊ ဇော်ဇော်. . ."

ဒေါ်သီရိ၏ ဒုတိယအကြိမ်ပြောလိုက်သော စကားနှင့် ခေါ်လိုက်သံကြောင့်. . .

"အန်တီ ကျွန်တော် သွားတော့မယ်. . ."

ပြောပြောပြေးပြေးဖြင့် ဆိုသွားသော ဇော်ဇော့်နောက်ကျော လေးကိုသာ ပန်းဝါမှာ မှင်တက်သူပမာ ငေးလျက် ကြည့်ကျန်ရစ် ခဲ့လိုက်ချေ၏။ ပန်းဝါမျက်ဝန်းများမှာ တစ်ဘက်ခြံထဲသို့ ပြန်၍လှမ်း ကြည့်နေမိလိုက်ပြန်သည်။

"ဟဲ့. .ခွေးကောင်၊ အခု ဒါဘယ်က ပြေးဝင်လာတာလဲ ပြောစမ်း. . ."

ဇော်ဇော့်ကိုမြင်သည်နှင့် ဒေါ်သီရိဇော်၏ ထာဝစဉ် အပြစ် မြင်တတ်သော အကြည့်နှင့်စကားတို့ ပြောလိုက်သံအား ပန်းဝါရင်ထဲ လှုပ်ရှားစွာ ကြားမိလိုက်ရခြင်းပါ။

"မွေး ဘောလုံးလေး ဟိုဘက်ခြံမှာ သွားကောက်ပေးနေတာ ပါ အန်တီလေး. . ."

"ကြည့်စမ်း ဟိုထောင့်က မြက်တွေ နင့်ကို နှုတ်ထားခိုင်း တာ ခုထိ မပြီးသေးဘူး၊ နင်အလုပ်မလုပ်ဘဲ ကလေးနဲ့ ကစား နေတာပေါ့လေ၊ ဟင်. .ဒေါက်. . ."

"အို. . ."





ရင်ထဲ သိမ့်ခနဲ ဆို့ကျင်သွားရကာ ပန်းဝါလည်းချောင်း တစ်လျှောက်နာကျင် ကျပ်ခဲ့သွားရချေ၏။

"ကစားတော့ မက်တယ်၊ ခိုင်းရင် ဘယ်တော့မှ အလုပ်ကို ပြီးအောင် မလုပ်ချင်တဲ့ ခွေးလေး. . .ဒေါက်. .ဒေါက် . . ."

"အား မဟုတ်ပါဘူး အန်တီလေးရယ်၊ ကျွန်တော် လုပ်နေ ပါတယ်၊ မွေးမွေး ဘောလုံးလေးကို သွားကောက်ပေးနေလို့ပါ"

"ဒီပါးစပ်က ဘာမှ ငါ့ကိုပြန်မပြောနဲ့စမ်း. .ဖြန်း. . ."

"အဟီး . .ဟီး. .ဟီး. . ."

"အို. .ကလေးရယ်. . ."

ရင်ကိုဖိကာ ပန်းဝါ မျက်လုံးလေး မှိတ်လိုက်မိသည်။

"သွား. .ငါခိုင်းထားတဲ့အလုပ်တွေပြီးမှ နင် ဒီနေ့ ထမင်း စားရမယ် မှတ်၊ ဒါပဲ၊ သမီး လာခဲ့၊ ဒီမှာ မဆော့နဲ့. . ."

မွေးမွေးလက်ကိုဆွဲ၍ သီရိ အိမ်ထဲသို့ ဝင်ရောက်သွား လိုက်လေတော့သည်။

"ဟီး. .ဟီး. .ဟီး . . ."

တစ်ဘက်ခြံထဲမှ ဇော်ဇော့်ငိုသံလေးမှာ ပန်းဝါရင်မှ နှလုံး သားအား ပြင်းထန်စွာလာရောက်ရိုက်ခတ်နေသည့်နှယ်မို့. . .

အို . .ကလေးရယ်. . .

ရင်မှ စကားသံနှင့်အတူ ပန်းဝါ မျက်ရည်များလည်း စီးကျ နေရပါလေပြီ။

"ပန်းဝါ အို ပန်းဝါ ငိုနေတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..အေး၊ အေးကွယ်၊ ဟိုဘက်ခြံက ကလေးအဖြစ်ကို သနားလွန်းလို့ပါ၊ စိတ်မကောင်းဖြစ်မိတယ်ကွယ်. . ."

မျက်ရည်တွေကို သုတ်ရင်းမှ အနားသို့ ရောက်လာသော အေးအေးနှင့် အဒေါ်ဖြစ်သူ ဒေါ်မြင့်သန်းတို့ကို ပန်းဝါ ပြောပြလိုက်မိ၏။ ပန်းဝါစကားကြောင့် ဒေါ်မြင့်သန်းကော အေးပါ တစ်ဘက်ခြံထဲသို့ လှမ်းကြည့်လိုက်ရင်းက အေးက. . .

"ဘယ်ကတွေလဲ ဒေါ်လေးသန်း၊ အိမ်ရှင်အသစ်တွေလား ဟင်. . ."

"အေးကွယ် အိမ်ရှင်အသစ်တွေပဲ၊ ဒီအိမ်ကိုရောက်လာတာ ခြောက်လလောက်ပဲ ရှိဦးမယ်၊ အစကတော့ ကျုံးမြောက်ဘက်မှာ နေကြတယ်လို့ ပြောတယ်၊ ဆရာဝန်မိသားစုတွေပဲ. . ."

"ဇော်ဇော်ဆိုတဲ့ကလေးက သူတို့သားအရင်းလား ဒေါ်လေး"

စောစောက ကလေးချင်းဆက်ဆံရေး ကွာခြားလွန်းနေမှုကြောင့် ပန်းဝါ မေးမိလိုက်ခြင်းပါ။

"ကလေးတွေကတော့ နှစ်ယောက်စလုံး မွေးစားတာတွေချည်းပဲလို့တော့ ပြောသံကြားမိတာပဲ၊ ဒါပေမယ့် မွေးဆိုတဲ့ ကလေးကတော့ ဆရာကတော်ညီမရဲ့ သမီးကို တောင်းမွေးထားတာလို့ ပြောတယ်. . ."

"ဩော် ..ဒါကြောင့်ကိုး. . ."

ပန်းဝါ စိတ်မကောင်းလှစွာ ဆိုမိလိုက်သည်။

"ဇော်ဇော်ဆိုတဲ့ ကလေးမျော သနားစရာလေးပါကွယ်





နေ့ရှိသရွေ့ဆိုသလိုပဲ တဗုန်းဗုန်း ရိုက်ခံနေရရှာတာပါပဲ၊ ဒီကြားထဲ တစ်ခါတစ်လေ ထမင်းတောင် အငတ်ထားသေးတယ်ကွယ့်. . ."

"ဒီအလုပ်တွေ မပြီးရင် နင် ထမင်းမစားရဘူး"ဟု စောစောက သီရိဇော် ပြောသွားသော စကားတို့ကို ပန်းဝါ ကြားယောင်နေမိလိုက်စဉ်အခိုက် ပန်းဝါမှာ ရင်ထဲ ထိခိုက်သွားမိရချေ၏။

"သူတပါးကလေးကိုကွယ် မမွေးစားချင်လည်း နေပေါ့၊ မွေးစားပြီးမှ ခုလိုညှဉ်းဆဲသလို လုပ်တာတော့ မကောင်းပါဘူး၊ ဆရာကတော်ဟာ ဒီကလေးအပေါ် တော်တော်ဆိုးတာလို့ လူတွေက ပြောကြတယ်. . ."

ဒေါ်လေးသန်း၏စကားများကြောင့် ပန်းဝါရင်ထဲ၌ တစစ်စစ်မြည်ကာ အသည်းများ နာကျင်နေမိရပါ၏။

"ဩော်..ဒီအမျိုးသမီး သူကိုယ်တိုင် ကလေးမမွေးဖူးတော့ သားသမီးချင်း ဘယ်စာနာစိတ်ရှိမလဲလေ. . ."

သီရိဇော်အား ပြောလိုက်သော အေးစကားကြောင့်. . .

"အိုကွယ် အေးကလည်း သားသမီးချင်း မစာနာတတ်ရင်တောင် ကိုယ်ချင်းတော့ စာနာတတ်မှာပေါ့ကွယ်၊ ခုကတရားမရှိ ရက်စက်လိုက်တာ. . ."

"ဒါနဲ့ ဒေါ်လေး မွေးစားအဖေကော ကလေးအပေါ် ကောင်းရဲ့လား. . ."

"ဆရာကတော့ တော်တော်ပဲ ဒီကလေးကို ချစ်ရှာတာ၊ ငယ်ငယ်ကကည်းက မွေးခဲ့တာကိုး၊ ဒီကလေးကို ကြည့်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်မိန်းမကြီးတောင် တလောကပဲ ဆုံးသွားတာ. . ."

"အို ဟုတ်လား၊ ဒါဆို ဒီကလေးခမျာ ပိုပြီးစိတ်အားငယ်ရှာနေမှာပဲနော်. . ."

"အေးပေါ့ကွယ် ဒါပေမယ့် ဒီအိမ်မှာ ဆရာကတော်ကလွဲရင် အားလုံးက ဒီကလေးကို ကြင်နာချစ်ကြပါတယ် ပန်းဝါရယ်"

"အားလုံးကချစ်ကြပေမယ့် အရေးကြီးဆုံးက ဆရာကတော်ပဲမဟုတ်လား ဒေါ်လေးသန်းရယ်၊ ဆရာကတောက အိမ်ရှင်မ မဟုတ်လား၊ အိမ်တစ်ဆောင်မှာ အိမ်ရှင်မသာ အဓိကဖြစ်ပြီး အိမ်ရှာရှိနေရတာဆိုတော့ ကလေးခမျာ အိမ်မှာနေနေရတာ သိပ်ဆင်းရဲနေရှာမှာပဲ. . ."

"အင်း. .ဒါတော့လည်း ဟုတ်တယ် ပန်းဝါရေ၊ ဆရာကဆေးရုံသွား၊ ဆေးခန်းသွားနဲ့ အိမ်မှာနေရချိန် မရှိသလောက်ပဲကွယ့်"

"ကဲ. .ပန်းဝါရေ ခြံထဲမှာ မှောင်တောင်လာပြီ အိမ်ထဲဝင်ကြရအောင်၊ မနက်ကျရင် ဈေးချိုသွားမယ်၊ ဒီညတော့ ညဈေးသွားကြတာပေါ့. . ."

စကားတွေပြောနေကြသည်မှာ အမှောင်ထုဝင်ရောက်လာခဲ့သည်ကိုပင် သတိမထားမိလိုက်ပေ။

အေးပြောမှ ပတ်ဝန်းကျင်ကို အမှတ်ထားမိကာ အိမ်ထဲသို့ဝင်လာခဲ့လိုက်ကြလေ၏။

အိမ်ထဲသို့လှမ်းဝင်လာသော ခြေလှမ်းများနှင့်အတူ ပန်းဝါ၏မျက်ဝန်းထဲဝယ် ချစ်စရာဖြူဖြူစင်စင်လေးနှင့် ကျက်သရေရှိသော





ခက်ခော်၏မျက်နှာလေးမှာ တဝဲဝဲ ငြိတွယ်၍ပါလာနေရသည် မဟုတ်ပါလား။

× × × × ×

သည်ည ဆေးခန်းကို စောစောပိတ်ပြီး ညဈေးဘက်သို့ ဒေါက်တာမင်းညို ဝင်လာခဲ့လိုက်လေသည်။ သားအတွက် လိုအပ်သည့် စာအုပ်ခဲဖျက်နှင့် ခဲတံတို့ကိုဝယ်ရန် စာအုပ်ဆိုင်တစ်ဆိုင်ရှေ့တွင် ဒေါက်တာမင်းညိုသည် ဆိုင်ရှင်ကိုမေးမြန်းရင်း လိုအပ်သည်တို့ကို ဝယ်နေလိုက်၏။

လိုအပ်သည်တို့ကိုဝယ်ပြီး စာအုပ်ဆိုင်ရှေ့မှ ဒေါက်တာမင်းညို ထွက်ခွာရန် ခြေလှမ်းပြင်ခိုက်. . .

"ဟင်. . ."

သူ့ရင်ထဲ၌ အာမေဍိတ်သံသည် ဖြစ်တည်သွားရပြီးနောက် မျက်မှောင်တို့ သာသာကြုတ်ကာ စက္ကန့်အနည်းငယ်မျှ သူ သေချာစွာ ကြည့်နေမိလိုက်သလို ရှိနေ၏။ ပြီးမှ ချက်ချင်းဆိုသလို သေချာသွားရပြီဖြစ်သော စိတ်ရှုကြောင့်. . .

"မေပန်းဝါ. . ."

နှုတ်မှ တိုးတိုးလေးသူခေါ်ကြည့်မိလိုက်၏။ သူ့ခြေထောက်များမှာ လှမ်းလင့်ရန် မေ့လျော့လျက် စုံရပ်နေမိကြသော်ငြား သူ့မျက်ဝန်းအစုံသည် အလင်းအမှောင် မညီမျှသော ညဈေးထဲ ရွေ့လျားသည့် သူမနောက်သို့ တရွေ့ရွေ့ လိုက်ပါနေလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါ. .ပန်းဝါပဲ ဖြစ်မယ်ထင်တယ်၊ ဟုတ်ပါတယ်၊ ဟုတ်တယ်. . .။

သေချာပေါက် သူ့စိတ်ထဲဆုံးဖြတ်ပြီးမှ သူ့ခြေလှမ်းတို့ကို ရွေ့လျားစေလိုက်သည်။ သားရေအိတ်များရောင်းသည့် ဆိုင်ရှေ့၌ သူမတို့ကို မီလာသည်။ ဒေါက်တာမင်းညိုသည် နှစ်ပေမျှ သူမနှင့် အကွာအဝေးသို့အရောက်. . .

"ပန်းဝါ. .ပန်းဝါ မဟုတ်လား. . ."

မိမိ၏နာမည်အားခေါ်ရင်း ထပ်မေးလာသည့် လူတစ်ယောက် အသံကြောင့် ထိုသူအား ဖျတ်ခနဲ ပန်းဝါ လှည့်ကြည့်လိုက်လေသည်။ ထိုအခါ. . .

"ဟင်. . ."

သွယ်လျားသည့် မျက်ခုံးတန်းလေးနှစ်ဘက် သာသာလေး မြင့်တက်သွားလျက် မျက်ဝန်းအစုံသည် ကျယ်သွားရကာ အားနည်းသော အလင်းရောင်အောက်ဝယ် စိုတောက်သွားသယောင် ရင်မှ တဆင့် အာမေဍိတ်သံသည် နှုတ်ခမ်းလေးတွင် ပွင့်ထွက်သွားရလေသဖြင့်. . .

သူမ၏နှုတ်ခမ်းနှစ်လွှာမှာ အနည်းငယ်မျှ ဟဟလေး ရှိသွားရခြင်းတို့ကြောင့် မမျှော်လင့်သည့် နေရာ၌ မမျှော်လင့်ဘဲ ထိုသူအား တွေ့မြင်လိုက်ရခြင်းအတွက် သူမအဖို့ လှုပ်ရှားအံ့ဩ မှင်တက်သွားရသည့်အဖြစ်ကို မဖုံးကွယ်နိုင်သည့် အခြေအနေများ အား ဒေါက်တာမင်းညိုနှင့် အေးတို့နှစ်ဦးစလုံး သတိထား သိမြင်





လိုက်ကြရသည် မဟုတ်ပါလား။

"ပန်းဝါ. . ."

"ဆရာ. . ."

သက်ဝင်လှုပ်ရှားစွာ သူမအသံလေး ထွက်လာခဲ့လေ၏။

"ပန်းဝါ ပြန်တွေ့ရတာ ဝမ်းသာတယ်ဗျာ. . ."

"ပန်း. .ပန်းဝါလည်း ဝမ်းသာပါတယ် ဆရာ. . ."

ဝမ်းသာပါသည်ဟုဆိုလေသော ပန်းဝါအသံလေးကား ငိုသံလေး စွက်၍ပါတကား။ ပန်းဝါ မျက်နှာလေးကို ဒေါက်တာမင်းညို ရူးမိုက်စွာ ငေးလာကြည့်နေမိလိုက်သည်။ ထို့အတူ အေးသည်လည်း ပန်းဝါနှင့် ဒေါက်တာမင်းညိုအား တစ်လှည့်စီ ကြည့်နေဖြစ်ချေ၏။

"ပန်းဝါတို့ အခုဘယ်မှာလဲဟင်. . ."

"ပန်းဝါတို့"ဟုဆိုလိုက်သော ဒေါက်တာမင်းညို၏စကားမှာ ပန်းဝါ၏ရှိုက်ရှဲပျက်သုဉ်းနေသော နှလုံးသားအား သွေးတစ်စက်မျှ မကျန်သည်အထိ ညှစ်ဆုပ်ခြေလိုက်သကဲ့သို့ပါ။

"ပန်းဝါ. .ပန်းဝါ အခု မင်းတိုက်မှာပါ ဆရာ. . ."

"ဪ. .ဟုတ်လား၊ ဒါနဲ့ မိသားစုတွေ နေကောင်းကြ တယ်နော်. . ."

"ဟုတ် ဟုတ်ကဲ့ ဆရာ. . ."

ပြင်းထန်စွာ လှုပ်ရှားနေသော ရင်ကိုထိန်းလျက် ဖျော့တော့စွာ ပန်းဝါ စကားတွေကြည့်ဆိုနေရပါချေ၏။

"အခုဒီကိုလာတာ ပန်းဝါတစ်ယောက်တည်းလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"[illegible] .ဒီမှာလေ ပန်းဝါသူငယ်ချင်း အေးအေးနဲ့ပါ [illegible]. . ."

"အလည်ပေါ့. . ."

"ဟုတ်ကဲ့ . . ."

ပန်းဝါ၏အသွင်နှင့် ပန်းဝါပြောနေသောစကားတို့အတွက် ဒေါက်တာမင်းညိုစိတ်တွင် စနိုးစနောင့်လိုလို ဖြစ်နေမိရလေသည်။

"ပန်းဝါက မပြောင်းလဲဘူးနော်. . ."

"ရှင်. . ."

"ဩော်. .ပန်းဝါက ဟိုတုန်းကလိုပဲလို့ ပြောတာပါ၊ ကျွန်တော်နဲ့ တွေ့ခဲ့ကြတဲ့ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်တုန်းက အတိုင်းပဲလို့ ပြောတာပါ. . ."

"ဩော်. .အဟင်း၊ ဆရာလည်း မပြောင်းလဲပါဘူး၊ ကဲ ဆရာ ပန်းဝါတို့လာတာ ကြာသွားပြီ၊ ခွင့်ပြုပါဦးရှင်. . ."

ခွင့်ပြုပါဦးရှင်ဟု ခွင့်တောင်းသွားသူ ပန်းဝါမှာ သူ၏ ခွင့်ပြုချက်စကားမျှ မတုံ့ပြန်မိခင်မှာပင် သူ့ရှေ့မှလှမ်းထွက်သွားလိုက်လေပြီ မဟုတ်ပါလား။ ပန်းဝါအား ဒေါက်တာမင်းညို နားမလည်မိပါ။

သို့သော် သူ့အားနောက်ဆုံးကြည့်သွားသော ပန်းဝါ၏ မျက်ဝန်းလေးများထဲတွင်ဂ[illegible]း လေးနက်သော မျက်မှောင်တစ်ချက်ကို သူ ကြုံတွေ့မိသွားရသည်။

"ပန်းဝါ. . ."





စိတ်ထဲမှာ ထိုအမည်အား အတွေးရည်တို့ဖြင့် သူခေါ်ကြည့်လိုက်၏။

"အာ. .ဆောရီး. . ."

ထိုနေရာ၌ သူ မည်မျှထိအချိန်ထိ ကြာကြာ ရပ်နေမိသည မသိ။ လူတစ်ယောက်၏ မတော်တဆ ထိခိုက်သွားမှုကြောင့် တစ်ဆက်တည်း တောင်းပန်သွားသည့်အသံကို ကြားလိုက်မိလေမှ သူ အသိတရားတွေ ကိုယ်ထဲပြန်ဝင်လာခဲ့ရလေသည်။

သူ့သတိရ၍ ဝန်းကျင်အား လေ့လာမိလိုက်သည့်တွင် မန္တလာ၏ညစျေးသည်ပို၍ ပို၍ လူများနှင့်စည်ကားနေရပြီကို တွေ့လိုက်ရပေတော့၏။ ထိုနေရာမှ သူ့ခြေလှမ်းတွေ စတင်လှုပ်ရှားလိုက်သည်။ လက်မှနာရီကို တစ်ချက်ငုံ့အကြည့် ညကိုးနာရီထိုးနေပြီကို သူ တွေ့လိုက်ရ၏။

ညစျေးတန်းထဲမှ ကားရပ်ထားရာဆီသို့ သူ ထွက်ခဲ့လိုက်သည်။ သူသည် ကားမောင်းရင်း လမ်းတစ်လျှောက်လုံး၌ ပန်းဝါ၏ စိုအိနေသော မျက်ဝန်းလေးများ၊ တုန်ခါနေသယောင် ထင်ရသော စကားသံလေးများ၊ စကားစကို ရုတ်ခြည်းဖြတ်ကာ ထွက်ခွာသွားသော ဟန်လေးများ စသည့် ပန်းဝါ၏အသွင်၊ ပန်းဝါ၏စကားသံလေးများတို့အား သူသည် မျက်ဝန်းထဲဝယ် အိမ်အပြန် လမ်းတစ်လျှောက်လုံး၌ မရှင်းလင်းသော စိတ်များနှင့် မြင်ယောင်လာခဲ့ရလေသည် မဟုတ်ပါတကား။ ။



www.burmeseclassic.com

www.burmeseclassic.com

## - ငါး -

"ဒီမှာ ဒေါက်တာမင်းညို. . ."

ဆေးခန်းထဲ လူနာရှင်းသွားပြီဖြစ်၍ ဒေါက်တာမင်းညိုသည် လူနာများ၏စာရင်းများအား ငုံ့၍ရေးနေဆဲ တင်းမာသယောင် အသံနေအသံထားဖြင့် သူ့အခန်းထဲဝင်ရောက်လာပြီး ခေါ်လိုက်သံကြောင့် ခေါ်သံရှင်အား သူမော့ကြည့်လိုက်သည်တွင်. . .

"ဪ..ကိုချစ်သက်လူပါလား၊ ထိုင်ပါခင်ဗျ. . ."

တရင်းတနှီး အကူအညီပေးထားဖူးသော သူ့ဌေးသားစိုက်ပျိုးရေးအရာ ကိုချစ်သက်လူအား သူသည် ရင်းနှီးစွာပင် ဆိုလိုက်ပါလေသည်။

"ကျွန်တော် ထိုင်ဖို့လာတာမဟုတ်ဘူး ကိုမင်းညို. . ."

"ဗျာ. . ."

သူ နားမရှင်းလိုက်ပါ။ အံ့လည်းသြမိရ၏။ ကိုချစ်သက်လူ၏ မျက်နှာချောချောကို သူ ကြည့်နေမိလိုက်သည်။ သူ၏စားပွဲပေါ်သို့ လက်အစုံကို မတ်တပ်အနေအထားဖြင့် ထောက်ရင်း





ကိုချစ်သက်လူသည် သူ့ကို အပေါ်စီးမှ မိုးကြည့်နေလေသည်။

"ကျွန်တော် ခင်ဗျားကို ပြောစရာရှိလို့ လာတာ. . ."

ကိုချစ်သက်လူအသံမှာ တင်းမာခက်ထန်နေသည်။ သူ့မျက်နှာသည်လည်း မကျေနပ်မှုများကြောင့် တင်းမာနေရချေ၏။

"ဟုတ်ကဲ့ ပြောပါ ကိုချစ်သက်လူ၊ ပြောစရာရှိတာ အေးအေးဆေးဆေးထိုင်ပြီးပြောရင်း မကောင်းဘူးလားဗျာ. . ."

"ကျွန်တော် မထိုင်ဘူး. . ."

"ကိုချစ်သက်လူ ဘာဖြစ်လာလဲ. . ."

"ကျွန်တော် ခင်ဗျားကို မကျေနပ်ဘူး ကိုမင်းညို. . ."

"ဗျာ. . ."

ဒုတိယမ္ပိ အံ့သြခြင်းဖြင့် ကိုချစ်သက်လူမျက်နှာ၌ သူ အဖြေရှာကြည့်လိုက်မိသည်။

"ဒီမှာ ကိုမင်းညို..ကျွန်တော် ခင်ဗျားကို ခုချိန်မှာ လုံးဝကို မကျေနပ်တော့ဘူးဗျာ. . ."

ထိုစကားကြောင့် သူ့ရင်ထဲ သံသယတစ်စ ဝင်ရောက်လာရသည်။ သူ နှုတ်ဆိတ်နေလိုက်သည်။ ထပ်ပြောလာမည့် ကိုချစ်သက်လူ၏ စကားတို့ကို သူ နားစွင့်နေမိ၏။

"ကျွန်တော့်အပေါ် ခင်ဗျား ယုတ်မာတာ. . ."

ထိုစကားက သူ့ရင်ထဲ အောင့်သွားရစေသည်။ တင်းမာနေသော ချစ်သက်လူ၏မျက်နှာတွင် သူ သံသယ၏အဖြေကို ရှာတွေ့နေလေပြီဖြစ်၏။ ချစ်သက်လူ၏ သူ့အားစွပ်စွဲချက်က ရှင်ကို ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



စွာ နာကျင်ရပါသည်။ နာကျင်သော ဝေဒနာနှင့်အတူ ဒေါသတရား သည်လည်း တစ်ပြိုင်တည်း သူ့ရင်ထဲဖြစ်ပေါ်လာခဲ့လိုက်၏။

သို့သော် ဒေါသတို့ကို သူ မျိုချလိုက်သည်။ ချုပ်တည်း သိမ်းဆည်းလိုက်သည်။ ထိုအရာအတွက် ချစ်သက်လူအား သူ အနိုင်မယူလိုပါ။ သူသည် ဆရာဝန်တစ်ဦး မဟုတ်ပါလား။ ဆရာဝန် သည် မိမိ၏လူနာများပေါ်တွင် သစ္စာတရား မြဲစွာထားရှိနေရမည့်သူ မဟုတ်ပါတကား။

မှန်သည်။ တကယ်တော့ ချစ်သက်လူသည် တစ်ဦးတည်း သော သူဌေးသားတစ်ယောက်၊ ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချောသူ ပါ။ သို့သော် ချစ်သက်လူသည် ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါသူ တစ်ယောက်ဖြစ်ခဲ့ခြင်းကြောင့်လည်း သူ့ဘဝသည် အထိန်းမတတ်၊ အသိမ်းမနိုင်ခဲ့သဖြင့် အဆုံးစွန်ဘဝ နာခဲ့ရချေ၏။

မှန်၏။ ချစ်သက်လူ၏ဘဝကား အိမ်ထောင်ရေးသုခကြီး အား ဆုံးရှုံးနေရရှာသော ကိုယ်ပိုင်အားနည်းချက်ကြီးတစ်ရပ် ရှိနေ ရရှာလေသူ မဟုတ်ပါလား။ သို့အတွက် ချစ်သက်လူလိုလူမျိုးအား နားလည်သိရှိနေသည့် ဆရာဝန်တစ်ယောက်ဖြစ်သည့် သူ့အဖို့ အဘယ်ကဲ့သို့ အနိုင်ယူရက်ပါမည်နည်း။

မည်သည့်အကြောင်းတရားနှင့်မျှ ကိုချစ်သက်လူအား သူ အနိုင်မယူလိုပါ။ သူ့အတွေးများနှင့် နှုတ်ဆိတ်နေဆဲ ချစ်သက်လူ၏ စကားတို့က သူ့နားထဲသို့ မနာမျှော်မွှယ် ဝင်ရောက်လာကြသည်။

"ခင်ဗျားဟာ ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဒီလောက်သစ္စာ





မဲ့ရသလား၊ ကျွန်တော့်ဘဝကို ခင်ဗျားသတ်တာပဲ၊ ကျွန်တော့်အပေါ် ခင်ဗျား သက်သက်ယုတ်မာတာ၊ ကျွန်တော့်ဇနီးအပေါ်မှာလည်း ခင်ဗျား စည်းဖောက်. . ."

"တော်လောက်ပြီ ကိုချစ်သက်လူ. . ."

ချစ်သက်လူ၏ ပြင်းထန်ရင့်သီးသော စွပ်စွဲချက်များအား ရင်မငြိမ်း နားရှက်လွန်းလာသဖြင့် သူထပြောလိုက်မိတော့သည်။ ချစ်သက်လူနှင့် သူ မျက်နှာချင်းဆိုင် အနေအထားတွင် ရှိနေရ၏။ တစ်ဦး၏မျက်ဝန်းထဲ တစ်ဦးက စူးစိုက်ကြည့်နေလိုက်ကြသည်။ သူသည် ရှက်ခြင်းနှင့် ဒေါသတို့ကို မျိုသိပ်ပြီးရင်း မျိုသိပ်ရင်းနှင့်

"ဒီမှာ ကိုချစ်သက်လူ၊ ခင်ဗျားဆန္ဒ ပြည့်ဝပြီးချိန်မှ ကျွန်တော့်ကို ဒီစကားတွေ လာပြောလို့ ရတော့မလား. . ."

"ဟုတ်တယ် ဟုတ်တယ်၊ မရတော့လို့ အခု ကျွန်တော့် ရင်ထဲမှာ မီးတောက်နေတယ်. . ."

နားလည်ပြီးသား ပြဿနာတစ်ရပ်အတွက် ချစ်သက်လူကို သူ စိတ်မသက်သာစွာ ကြည့်နေမိလိုက်တော့သည်။

"ဒီမှာ ကိုမင်းညို. . ."

သူကြည့်နေပါလျက် သူ့အား ချစ်သက်လူသည် သွား တစ်ချက်စေ့ပြီး ထပ်ခေါ်လာသည်။ ပြန်လည်၍ထူးသံ မပြုမိ၊ ထူးစရာလည်း လိုမည်မထင်၊ သူ့အကြည့်တွေက ချစ်သက်လူ မျက်နှာပြင်ထက် ရှိနေဆဲမဟုတ်ပါလား။

"ကျွန်တော် ခင်ဗျားကို မကျေနပ်ဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး. . ."

"ဒီမှာ ကိုမင်းညို၊ ရှားရှားဟာ ခင်ဗျားသားပဲ မဟုတ်လား"

"ဗျာ. . ."

ချစ်သက်လူ၏စကားကြီးကြောင့် တတိယအကြိမ် သူ အလွန်အမင်း ထိတ်လန့်အံ့သြသွားရလေသည်။

"ခင်ဗျား ဘာပြောမလဲ၊ ခင်ဗျား ငြင်းချင်သေးလား ကိုမင်းညို. . ."

သူအံ့သြမှင်တက်နေစဉ် ချစ်သက်လူ ထပ်ပြောလိုက်သည်။

"ဟုတ်တယ် ရှားရှားဟာ ခင်ဗျားသားပဲ၊ ခင်ဗျား ငြင်းနိုင်မလား. . ."

"ငြင်းတယ်၊ ငြင်းရမယ်ဗျ. . ."

"ဟား. .ဟား. . ."

ချစ်သက်လူ ရင်ကွဲသံကြီးဖြင့် ရယ်သည်။ ချစ်သက်လူအား စိတ်ပျက်စွာ သူကြည့်လိုက်ပြီး. . .

"ဒီမှာ ကိုချစ်သက်လူ၊ ခင်ဗျား ရူးနေသလား၊ ရှားရှားဟာ ကျွန်တော့်သားမဟုတ်ဘူးဆိုတာ အသေအချာ ကျွန်တော် ငြင်းရမှာပဲ၊ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ဆိုတာ ခင်ဗျား မေ့မထားပါနဲ့. . ."

"ဟား. .ဟား. .မမေ့ထားပါဘူးဗျာ၊ မမေ့ထားလို့သာ ဒီကိစ္စကို ကျွန်တော် တွက်မိတာပေါ့၊ ခင်ဗျားဟာ ဆရာဝန်ပဲ၊ ဒီကိစ္စအတွက် ခင်ဗျားကိုယ်ခင်ဗျားပဲ အသုံးပြုတော့မပေါ့ဗျ၊ ခင်ဗျားဟာ





လူလည်၊ လူလိမ်၊ လူညာ. . ."

"ခင်ဗျား တော်တော့၊ ဆက်မပြောရင်ကောင်းမယ်. . ."

"ပြောရမယ်၊ ပြောရဦးမယ်၊ ကျွန်တော့်ရင်ထဲ ခင်ဗျား ဝင်ကြည့်စမ်းပါဗျ. . ."

"ဟင်း. . ."

ချစ်သက်လူကိုကြည့်ရင်း သူ့စိတ်တွေကို သူ လျှော့ချလိုက်ရပြန်ပါသည်။ သူ့ကိုယ်သူ့ထက် ချစ်သက်လူကို အမှန်တကယ် သူ သနားမိပါသည်။ သူနေရာမှာ ပြန်၍ထိုင်ချလိုက်သည်။ ဒေါသကြောင့် လှုပ်ရှားနေသော စိတ်ကို သူ ထိန်းချုပ်ဖြေလျှော့နေလိုက်ပြီးမှ. . .

"ကိုချစ်သက်လူ ထိုင်ပါဦးဗျာ၊ ကျွန်တော်တို့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်ပါ. . ."

ချစ်သက်လူ တံတွေးကို မျိုချသည်။ လက်သီးကို ကျစ်ကျစ်ဆုပ်ထားသည်။ သူ့ရှေ့ရှိ ကုလားထိုင်ပေါ်ထိုင်ချလိုက်စဉ် ချစ်သက်လူ မျက်နှာမှာ သူနှင့် မျက်နှာချင်းမဆိုင်၊ တစ်ဘက်သို့ လွှဲနေလိုက်သည်။

"ဟင်း. . ."

ချစ်သက်လူ၏ အခြေအနေကိုကြည့်ပြီး သက်ပြင်းမောတစ်ချက်ကို သူ ချလိုက်သည်။ ဆေးခန်းထဲ အတန်ကြာ တိတ်ဆိတ်နေတော့သည်။ လည်ချောင်းတစ်ချက်ကိုရှင်းပြီး သူ စကားပြောရန် အားယူလိုက်သည်။ ပြီးမှ တစ်ခွန်းချင်း စကားတို့ကို သူ ဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]

"ကိုချစ်သက်လူ ပြန်စဉ်းစားပါဦးဗျာ၊ တကယ်တော့ ဒီကိစ္စတွေကို ကိုချစ်သက်လူက ကျွန်တော့်ဆီကို သယ်လာတဲ့သူပါ၊ ကျွန်တော့်ကို ကိုချစ်သက်လူက အကူအညီ စတောင်းလာသူပါ၊ မဖြစ်မနေ တောင်းလာသူဟာ ကိုချစ်သက်လူပဲ မဟုတ်လားဗျာ"

"ပြီးတော့ ဒီကိစ္စအတွက် တစ်နေ့ ဒီလိုဖြစ်လာတတ်တဲ့ အကြောင်းတွေကို ကျွန်တော် ခင်ဗျားကို ကြိုတင်မပြောပြထားဘူးလား၊ ဒီကိစ္စဟာ မလွယ်တဲ့အကြောင်း သေသေချာချာစဉ်းစားပြီးမှ ဆုံးဖြတ်ပါလို့ ကျွန်တော် မပြောခဲ့ဘူးလား. . ."

သူပြောရင်း ချစ်သက်လူမျက်နှာကို အကဲခတ်ကြည့်နေမိသည်။ ချစ်သက်လူမှာ မျက်နှာလွှဲနေဆဲမှ တံတွေးတွေ အကြိမ်ကြိမ်မျိုချနေသည်ကို သူတွေ့နေရ၏။ သူစကားကို ဆက်လိုက်သည်။

"အရှေ့အနောက် ဖြစ်လာမယ့် ပြဿနာ အကြောင်းအရာတွေကို ကျွန်တော် ခင်ဗျားကို ပြောဆိုပြထားလျက်နဲ့ ခင်ဗျားပဲ ဒီကိစ္စအတွက် စွတ်တိုးလုပ်ခဲ့တယ် မဟုတ်လား. . ."

"ခင်ဗျားတို့ သဘောတူကြည်ဖြူလို့ ခွင့်ပြုလို့ ကျွန်တော်က ကြံဖန်ဆောင်ရွက်ပေးခဲ့ရတဲ့ ကိစ္စတစ်ရပ်ပဲဗျာ၊ ခင်ဗျား စဉ်းစားပါဦး၊ အခုမှ ခင်ဗျား ကျွန်တော့်ကို ပြဿနာလာရှာလို့ ကျွန်တော်လည်း ဘယ်လိုတတ်နိုင်မလဲ၊ ဘယ်လိုလုပ်ရမလဲ. . ."

"အခု ခင်ဗျားမှာ ဘယ်လိုအခက်အခဲတွေ ရှိနေလဲ၊ ကျွန်တော့်ကို ပြောပြပါဦးလား၊ ကျွန်တော် ခင်ဗျားကို အတတ်နိုင်ဆုံး





ထိုက်လျောပြီး အကူအညီပေးမှာပါ. . ."

"တော်ပြီ. .တော်ပြီဗျာ. . ."

ချစ်သက်လူမှာ ဝုန်းခနဲ ထိုင်ရာမှထရင်း ဆိုလိုက်သည်။

"ဒီမှာ ကိုမင်းညို၊ ရှားရှားဟာ ခင်ဗျားသား၊ ခင်ဗျားသားပဲ ခင်ဗျား ဘာပြောမလဲ. . ."

"ကျွန်တော့်ကို ခင်ဗျား ဒီလိုစွပ်စွဲရအောင် ကျွန်တော့် အကြောင်းကို ခင်ဗျားက ဘယ်လောက်သိနေလို့လဲ ကိုချစ်သက်လူ"

အောင့်အည်းထိန်းချုပ်နေရာမှ ဒေါသတွေ ပြုထွက်ရင်း သူလည်း ထိုင်ရာမှထကာ ဆိုလိုက်သည်။

"ဩော်. .ခင်ဗျားက ညာချင်သေးတယ်ပေါ့ ဟုတ်လား ကိုမင်းညို. . ."

သူ့ရင်ဘတ်မှ အကျႌစအား ချစ်သက်လူသည် ဆုပ်ဆွဲ ဆိုင်ဆောင့်ရင်းမှ ဆိုလာသဖြင့် ဒေါသအလျောက် သူ လက်တုံ့ မပြန်မိစေရန် သူ့အံ့ကို တင်းတင်းကြိတ်ထားလိုက်မိ၏။

"ကျွန်တော် သိတယ်၊ ကျွန်တော် သိတယ်ဗျာ၊ ရှားရှားဟာ ခင်ဗျား သား၊ ခင်ဗျား သွေး အစစ်အမှန်ပဲ၊ ကျွန်တော့်ဇနီးဟာ ရှားရှားကို သိပ်ချစ်တယ်၊ ရှားရှားကို မျက်စိအောက်ကတောင် အပျောက်မခံဘူး. . ."

"ကျွန်တော့်ကို လျစ်လျူရှုတယ်၊ ကျွန်တော့်ထက် ခင်ဗျားကို ပိုအားကိုးတယ်၊ ရှားရှားကြောင့် ကျွန်တော့်ဇနီးဟာ ကျွန်တော့်ကိုပိုပြီး လျစ်လျူရှုလာတယ်၊ ရှားရှားဟာ သူ့ဘဝ သူ့ကမ္ဘာလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတယ်၊ ရှားရှားနေမကောင်းဖြစ်ရင် ခင်ဗျားဆီလာရင် လာ၊ မလာရင် ခင်ဗျားကို အိမ်ခေါ်တယ်. . ."

"ခင်ဗျားကလည်း ရှားရှားအတွက်ဆို နေ့မအိပ်ညမအိပ် အစားအသောက်တောင် မမှန်ဘူး၊ အရေးတယူနိုင်လွန်းတာတွေ၊ ရှားရှားနဲ့ပတ်သက်ရင် ခင်ဗျားကိုပဲ ကျွန်တော့်ဇနီး မေပန်းဝါက အားကိုးတယ်. . ."

"ရှားရှားအပေါ်ထားတဲ့ ခင်ဗျားရဲ့ယုယမှုတွေ၊ အချစ်တွေ၊ သောကတွေ၊ ဝေဒနာတွေဟာ ခင်ဗျားတစ်ကိုယ်လုံးမှာ ပေါ်နေတာပဲ၊ ဒါတွေကို ခင်ဗျား မဖုံးဖိနိုင်ဘူး မဟုတ်လား၊ အနားမှာ ကြည့်နေတဲ့ ကျွန်တော်က သိတယ်၊ သတိထားမိတယ်၊ အကဲခတ်မိတယ်၊ ကဲ ခင်ဗျား ဘာငြင်းချင်သေးလဲ ကိုမင်းညို၊ ခင်ဗျားတို့ အခြေအနေတွေကို ကျွန်တော်က ဝေဿန္တရာအသည်းမျိုးနှင့် ကြည့်နေရမှာလား. . ."

"ခင်ဗျားဟာလည်း ကျန်းမာရေးကောင်းတဲ့ လူချောတစ်ဦးပဲ၊ ဒီကိစ္စဟာ ခင်ဗျားကိုယ်တိုင်ပဲဖြစ်ရမယ်၊ ခင်ဗျားဟာ ဆရာဝန်မပီသဘူး၊ ကျွန်တော့်အားနည်းချက်ကို ခင်ဗျား အခွင့်ကောင်း ယူတယ်၊ ခင်ဗျား လူမဟုတ်ဘူး၊ ခင်ဗျား လူယုတ်မာ၊ ကဲ. .ကွာ.."

"ခွပ်. . ."

"အား. .ဝုန်း. . ."

"အို. .မောင်. .မောင် ကြည့်ဖါဦး၊ သူ ကလေးလည်း မဟုတ်ဘူး၊ အိပ်တာ ခုတင်ပေါ်ကတောင် လိမ့်ကျရသလားလို့"





"အား. .ဟင်. .သီရိ. . ."

သူ့ပါးချိတ်ဆီသို့ ဒေါသအလျောက် ထိုးချလိုက်သော ချစ်သက်လူ၏ လက်သီးဒဏ်ကြောင့် သူ လန့်ဖျပ်ကာ အိပ်မက်မှ နိုးထလာလေ၏။

ဇနီးသည် သီရိမှာ သူ့အဖြစ်ကို သဘောကျစွာ ရယ်လျက် ကြည့်နေလေသည်။ သူရှက်ထွေးထွေးကြီးဖြင့် ခုတင်အောက်မှ ထပြီး ခုတင်ပေါ်၌ တွေတွေကြီးပြန်ထိုင်နေမိစဉ် သီရိဇော်သည် သူ့အား ကြည့်ကာ ပြုံးလျက်မှ. . .

"အဟင်း. .ဟင်း. .မောင် အိပ်မက်ဆိုးတွေ မက်နေတယ် ထင်တယ်. . ."

ဇနီးသည်စကားကြောင့် ဒေါက်တာမင်းညိုသည် တွေခနဲ တစ်ချက်ဖြစ်သွားရပြီးမှ. . .

"အိပ်မက်ဆိုးတွေ မဟုတ်ပါဘူး သီရိရယ်၊ မောင် နိုးနေတာ ကြာပါပြီ၊ ခါးကြောဆန့်တာ အရှိန်လွန်ပြီး ကျသွားရတာပါကွာ"

"အံမယ်. .ကိုယ့်မိန်းမကိုတောင် ရှက်နေသေးတယ်ပေါ့လေ၊ မောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ သီရိ သိပါတယ်နော်"

"သီရိ မယုံလည်းနေပေါ့ကွာ. . ."

သူ ရယ်ကျဲကျဲလုပ်ကာ ပြောလိုက်သည်။

"ဟွန်း. .၊ ကဲ ဒီနေ့တနင်္ဂနွေနေ့၊ မောင်အားတဲ့နေ့ ဆိုတော့ သီရိကို မောင် ဈေးချိုလိုက်ပို့နော်၊ ကဲ. .ထ ခုနစ်နာရီတောင် ထိုးခါနီးနေပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်က ထခိုင်းနေပြီဖြစ်၍ သူ အိပ်ရာမှထခဲ့လိုက်ပြီး ကိုယ်လက်သန့်ရှင်းရန် ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်လေ၏။ သူ မျက်နှာသစ်ရန် သွားတိုက်နေဆဲမှ ကိုချစ်သက်လူ၏ မျက်နှာအား မြင်ယောင်နေမိရလေသည်။

တကယ်တော့ သူသည် ညဦးဆီက မအိပ်ခင် အတွေးများနှင့် ရှိနေခဲ့သဖြင့် အိပ်ပျော်သွားသည့်အခါ၌ သူ့အတွေးများသည် အိပ်မက်ထဲသို့တိုင် ဝင်ရောက်ခဲ့ရလေခြင်းပါတည်း။

မှန်ပါ၏။ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ချစ်သက်လူ၏ လက်သီးဒဏ်မှာ သူ့ဘဝတစ်ခု၏ မှတ်ကျောက်အဖြစ်ရှိရင်း တွေးမိလေတိုင်းလည်း လောလောလတ်လတ်ကြီးကို သူ ခံစားနေရဆဲ မဟုတ်ပါလား။

ဩော်. .ကိုချစ်သက်လူရယ်၊ ခင်ဗျားကို ကျွန်တော် သိပ်စာနာမိပါတယ်ဗျာ၊ ခင်ဗျား စိုးရိမ်ခဲ့ဖူးသလိုပဲ ခင်ဗျားဇနီးကို သဘောကျတဲ့ လူပျိုတွေထဲမှာ ကျွန်တော်ဟာလည်း ထိပ်ဆုံးက ပါဝင်ခဲ့သူတစ်ယောက်ပါဗျာ၊ ဒါပေမယ့်လည်း လူ့အသိုင်းအဝန်းဆိုတာ စည်းကမ်းကလနားတွေ ရှိနေရတာကြောင့် ခင်ဗျားပိုင်ဆိုင်သွားပြီဖြစ်တဲ့ ပစ္စည်းတစ်ခုကို ဘယ်သူက ခင်ဗျားလက်ထဲက လုယူလို့ ရတော့မှာလဲ. . .။

အင်းလေ. .နောက်ဆုံးတော့ ကျွန်တော့်အပေါ် စွပ်စွဲချက်တွေဟာ ကျွန်တော် လမိုင်းမြို့က ထွက်မလာခင် ခင်ဗျားအတွက် ရေးခဲ့တဲ့ စာကြောင့် ခင်ဗျားကျွန်တော့်ကို နားလည်သွားရမှာပါလို့





ကျွန်တော် ထင်ပါတယ်လေ. . .

ဒေါက်တာမင်းညိုသည် သွားတိုက်ရင်း မျက်နှာသစ်ရင်း မျက်နှာသုတ်ရင်းဖြင့် လွန်ခဲ့သော ဆယ်နှစ်ကျော်များဆီက လမိုင်းမြို့တွင် တာဝန်နှင့်နေခဲ့စဉ်အခါက မိမိနှင့် သိကျွမ်းခင်မင်ခဲ့ရသော မိမိလူနာဆိုလည်း မမှားသည့် သူဌေးသားကိုချစ်သက်လူ၏ မျက်နှာအား မြင်ယောင်နေမိရဆဲ မဟုတ်ပါတကား။

ဒေါက်တာမင်းညိုသည် ကိုယ်လက်သန့်စင်ပြီး၍ ရေချိုးခန်းထဲမှ ထွက်လာခဲ့ချိန်၌ ဇနီးသည် သိရီဇော်မှာ ဈေးချိုသို့သွားရန် အလှအပများ ပြင်ဆင်ထားပြီးနေပြီ ဖြစ်သတည်း။

× × × × ×

မကြာမီ မင်းတိုက်မြို့သို့ ပြန်ရတော့မည်ဖြစ်၍ ဝယ်စရာရှိသည်တို့ကို ပန်းဝါ ခပ်သွက်သွက်လေး ဝယ်နေလိုက်သည်။ ဝယ်စရာများအားလုံး ပြည့်စုံပြီဖြစ်၍ နောက်ဆုံး အရီးတောင်းလက်ဖက် ဝယ်ရန်အတွက် ပန်းဝါ ထွက်လာခဲ့လိုက်လေ၏။ အရီးတောင်း လက်ဖက်ဝယ်အပြီး ဆိုင်ထဲမှ ပန်းဝါသည် အပြင်လမ်းမဘက်သို့ ထွက်လိုက်သည်တွင်. . .

"ဟင်. . ပန်းဝါ. . ."

"အို. .ဆရာ. . ."

ဇနီးသည် ဝယ်ခြမ်းပြီးသော ပစ္စည်းများအား ကားထဲသို့ သာရောက်ထည့်အပြီး အသိဆိုင်တစ်ဆိုင်တွင် ကျန်ရစ်ခဲ့သည့် ဇနီး



www.burmeseclassic.com

www.burmeseclassic.com



သည်ထံ ပြန်သွားမည်အပြု အရိုးတောင်းလက်ဖက်တန်းပေါက်ဝမှ ပေါ်ထွက်လာသည့် ပန်းဝါအား တွေ့ရှိလိုက်ရသဖြင့်. . .

ဒေါက်တာမင်းညိုသည် သူ့နှုတ်မှ လိုလိုချင်ချင် နှစ်လိုအားရ ခေါ်လိုက်မိလေတော့ရာ ပန်းဝါသည်လည်း သူ့အား ပြုံးသလိုမဲ့သလို မျက်နှာလေးဖြင့် လှမ်းကာ ခေါ်လိုက်ရှာပါ၏။ သူ ပန်းဝါဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်ပြီး. . .

"ပန်းဝါ တစ်ယောက်တည်းလားဟင်. . ."

"ဟုတ်တယ် ဆရာ၊ အေးက ကားဂိတ်မှာ လက်မှတ်ဝယ်ပြီး စောင့်နေတယ်. . ."

"ဪ. .ဒါဖြင့် ပန်းဝါ အခု မင်းတိုက်ပြန်တော့မှာပေါ့"

"ဟုတ်တယ် ဆရာ . . ."

"ဒါနဲ့ ပန်းဝါ၊ ပန်းဝါကို ကျွန်တော် စကားတွေပြောချင်သေးတယ်၊ အချိန်ကလည်း မရတော့ဘူးနော်. . ."

"ဟုတ်တယ် ဆရာ၊ ပန်းဝါလည်း ဆရာနဲ့ စကားတွေပြောချင်ပါတယ်ရှင်. . ."

"ဟုတ်ရဲ့လားဗျာ၊ ညကတော့ ပန်းဝါ ကျွန်တော့်ကို ရုတ်တရက်ကြီး နှုတ်ဆက်ထွက်သွားလိုက်တယ်. . ."

"အို ဒါက ဆရာရယ် အေးအေး ရှိနေလို့ပါရှင်. . ."

ပတ်ဝန်းကျင်မှ ဈေးသွားဈေးလာများကို ကြည့်ရင်း ပန်းဝါ [illegible]တိုးလေးဆိုသည်။ ပန်းဝါ ပြောလိုက်သော စကားအရ သူမဘဝအား လျှို့ဝှက်ချက်များ ထားနေကြောင်း သူ စဉ်းစားသိရှိလိုက်





လေ၏။ ပန်းဝါ၏ မျက်ဝန်းထဲသို့ ဒေါက်တာမင်းညိုသည် စူးစမ်းရှာဖွေသလို ကြည့်လိုက်ပြီး. . .

"ပန်းဝါ. . ."

"ပြောပါ ဆရာ . . ."

"ကိုချစ်သက်လူ နေကောင်းလား. . ."

"ဟုတ်ကဲ့. . ."

မျက်ရည်များ ဝဲလျှံလာရကာ စကားတို့ကို ပန်းဝါ ဆိုလိုက်သည်။ ပန်းဝါမျက်နှာလေးသည် သူ့အကြည့်အောက်တွင် ခပ်ဖယ်ဖယ်၊ ခပ်ငုံ့ငုံ့လေး ရှိနေရချေ၏။

"ဒါနဲ့ ရှားရှားကော နေကောင်းရဲ့လား၊ အတော်လေးကြီးရောပေါ့နော်၊ ရှားရှား ထွားတယ်မဟုတ်လား၊ ဟင်. .ပန်းဝါ၊ အို ပန်းဝါ မျက်ရည်တွေနဲ့ ပါလားဗျာ. . ."

"ဆ..ဆရာ၊ ပန်း..ပန်းဝါ သွားတော့မယ်နော်၊ ပန်းဝါကို ခွင့်ပြုပါ. . ."

ရှိုက်နှစ်နေသော အငိုမျက်နှာလေးအားဖွက်ကာ ပန်းဝါကား သူ့ရှေ့မှ ထွက်ခွာသွားလိုက်လေပြီဖြစ်၏။

သူ စဉ်းစား၍မရ ဖြစ်နေသည်။ သူ့မျက်ဝန်းများမှာ ပန်းဝါထွက်ခွာသွားရာဆီသို့ လှမ်းမျှော် ငေးမောကြည့်နေမိဆဲ ရှိရချေ၏။

"မောင်. . ."

"ဟင်. .သီရိ. . ."



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆတ်ဆတ်ခေါ်လာသော သိရီမျက်နှာကို သူ ကြည့်လိုက်သည်။

သိရီ ရှေ့[illegible]စကားမဆို၊ မျက်နှာလွှဲကာ သူမကားထဲ ဝင်ရောက်ကာ ဆောင့်ထိုင်ချလိုက်လေသည်။ ဇနီးသည်ကို ကြည့်ကာ သူ မျက်မှောင်ကြုတ်မိလိုက်သည်။ ပြီးမှ. . .

"သိရီ စျေးဝယ်လို့ပြီးပြီလားဟင်. . ."

သိရီ မဖြေ၊ မျက်နှာထားမှာ တင်းမာနေလေသည်။ သိရီ မျက်လုံးထဲ ခင်ပွန်းသည် ဒေါက်တာမင်းညိုနှင့် အတန်ကြာကြာ စကားပြောသွားသော မိန်းမချောကိုသာ ဝန်တိုခြင်းကြီးစွာ ဖြစ်ပေါ်ရင်း မြင်ယောင်နေမိရလေ၏။

ဇနီးသည်အား ဒေါက်တာမင်းညိုသည်လည်း ထပ်၍ ဘာ စကားမျှ မဆိုလေတော့။ စျေးချိုထဲမှ တိတ်ဆိတ်စွာ ကားကို မောင်းထွက်ခဲ့လိုက်လေတော့၏။

ခင်ပွန်းသည်နံဘေးမှ သိရီဖော်သည် မျက်နှာလွှဲကာ လိုက်ပါလာရင်းမှ စောစောကမိန်းမချောအား ခင်ပွန်းသည် ကြည့်သော အကြည့်တို့ကို မြင်ယောင်နေရသည်။ မိမိ၏ ခင်ပွန်းသည်မှာ ထိုမိန်းမချောအား စျေးလယ်ခေါင်ကြီးမှာပင် လူများရှိနေ၍ မျက်လုံးနှင့်သာ ယုယနေသလို စကားတွေဆိုနေ၏။

သိရီဖော် နှုတ်ခမ်းတွေကို ကိုက်ထားလိုက်မိသည်။ ခင်ပွန်းသည်ဘက် မလှည့်စတမ်း ဆန္ဒပြနေလိုက်သည်။ ရှေ့တူရူသို့ ကြည့်ရင်း၊ တိတ်ဆိတ်စွာ ကားမောင်းနေလေသော ဒေါက်တာ





မင်းညိုကား ဇနီးသည်အဖြစ်အား လုံးဝဂရုမထားမိရှာပါလေ။

သူသည် ကားမောင်းနေဆဲမှ မျက်နှာချောချောများကိုသာ တစ်ခုပြီးတစ်ခု၊ တစ်ယောက်ပြီးတစ်ယောက် မြင်ယောင်နေမိရသည် မဟုတ်ပါလား။

မှန်သည်။ သူ့မျက်ဝန်းထဲဝယ် လမိုင်းမြို့မှ စိုက်ပျိုးရေး အရာရှိလေး ကိုချစ်သက်လူ၊ ပြီးတော့ အလွန်တရာမှ လှပပြေပြစ် လွန်းသော မိန်းမချောလေး မေပန်းဝါ၊ နောက်ပြီး ကိုချစ်သက်လူနှင့် ပန်းဝါတို့ နှစ်ဦးပေါင်း တစ်ဘဝမှ ခဲရာခဲဆစ် ရှာဖွေရယူထားခဲ့ရရှာသော သားလေး ရှားရှား။

နောက်ပြီး နောက်တစ်ဦးရှိပါသေးသည်။ ထိုသူကား ဒေါက်တာမော်ကွန်းသစ်။

\ မှန်၏. .။ မိမိ၏ အချစ်ဆုံးသူငယ်ချင်း ဒေါက်တာ မော်ကွန်းသစ်ပါတည်း။

မော်ကွန်းရယ် မင်းကတော့ ငါ့လုပ်ရပ်နဲ့ ငါခံခဲ့ရတဲ့ ငါ့ အဖြစ်တွေကို ဘာမှသိမှာမဟုတ်ဘူးနော်၊ တစ်ချိန်တုန်းဆီက မင်း ဆီမှ ငါတောင်းခဲ့တဲ့ အရာတစ်ခုကိုလည်း ခုချိန်မှာ မင်းမေ့လျော့ နေမှာပါပဲ၊ ငါလုပ်ခဲ့တဲ့ အလုပ်တွေ မင်းမသိတာ သဘာဝကျပါတယ် မော်ကွန်းရယ်. . .။

မင်းမေ့လျော့နေတဲ့ ကိစ္စတစ်ခုအတွက်လည်း ငါ ကျေးဇူး တင်ပါတယ်၊ မင်းလို ဦးနှောက်အလွန်ကောင်းပြီး မင်းသားရုပ်ချောတဲ့ ရုပ်ရည်မျိုး ပိုင်ဆိုင်နေလျက်နဲ့တောင် ခုထိ မင်း ဘာကြောင့်

www.burmeseclassic.com



အိမ်ထောင်မပြုဘဲ နေတာလဲ။ ခုထိ မင်းကတော့ လူပျိုကြီးဘဝနဲ့ တစ်ကိုယ်တည်း ရှိသေးတယ် မင်းရဲ့ . . .

ဒေါက်တာမင်းညို အတွေးစတို့ကို ဖြတ်ပစ်လိုက်တော့သည်။ သူ မောင်းလာသော ကားလေးမှာ သူ့အိမ်ခြံထဲသို့ ဝင်ရောက်လာခဲ့ပြီ ဖြစ်သောကြောင့်တည်း။ ။



– ခြောက် –

"ဝူး . . ."

ဒေါက်တာမော်ကွန်းသစ် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။ ပြီးမှ လက်မှနာရီကို သူငုံ့ကြည့်ပြီး . . .

ဟင်း . .လေးနာရီ ထိုးခါနီးနေပြီ . . .။

စိတ်ထဲမှ ရေရွတ်ကာ စားပွဲပေါ်မှ စာရွက်စာတမ်းများနှင့် နားကျပ်ကို ကောက်သိမ်းလိုက်ပြီး အတက်ချိတ်ကြေစ်ကိုဆွဲကာ သူသည် အခန်းထဲမှ ထွက်ခဲ့လိုက်လေ၏။

အဆောက်အအုံထဲမှ အပြင်သို့ရောက်သည်နှင့် ပြင်ပမှ လေအေးအေးမှာ သူ့ကိုယ်တွင် လာရောက်ထိကပ်လာလေသည်။ ပြင်ပမှ လေကိုရှူရှိုက်ရင်း အနည်းငယ် သူ့စိတ်မှာ လန်းသွားရသလို ရှိချေ၏။ ဒေါက်တာမော်ကွန်းသည် ဆေးရုံကြီး၏ဆင်ဝင်အောက်မှ သူ၏ကားရပ်ထားရာဆီသို့ လျှောက်သွားလိုက်မည်အပြု . . .

"ဟင် . .ဆရာမ မပြန်ရသေးဘူးလား . . ."

ဆေးရုံထဲမှ ထွက်လာသော ဒေါက်တာရီဝေးကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှသွင့် သူ မေးမိလိုက်ရလေသည်။

"ပြန်ချင်နေပြီ ဆရာရဲ့၊ လေးနာရီတောင်ကျော်နေပြီဟာ၊ ကားက ခုထိလာမကြိုသေးလို့. . ."

"ဪ. .ဟုတ်လား၊ ဒါဖြင့် ကျွန်တော် လိုက်ပို့ပေးမယ်လေ၊ ဖြစ်မလား. . ."

တကယ်တော့ ဒေါက်တာရီလေးသည် တစ်ချိန်က လူကြီးချင်းစေ့စပ်ပေးမှုကြောင့် သူနှင့် တတိယအကြိမ်လွဲခဲ့ရသည့် သတို့သမီးလောင်း ဖြစ်ခဲ့ဖူးသူတစ်ဦး မဟုတ်ပါလား။ ယခုမူ သူမသည် စစ်ဗိုလ်တစ်ဦးနှင့် အိမ်ထောင်ပြုပြီးဖြစ်သူတစ်ဦးမို့ သူသည် အားနာစွာ ခွင့်တောင်းစကားဆိုမိရခြင်းလေပါ။

ဒေါက်တာရီလေးသည် သူ့အား နားလည်ထားသူ တစ်ဦးမို့. . .

"ရပါတယ် ဆရာ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မအိမ်က ကားကိုပဲ စောင့်နေလိုက်ပါ့မယ်၊ တစ်ခါတစ်ခါတော့ ကားက နည်းနည်းလေး နောက်ကျမှ ရောက်တတ်တယ်လေ. . ."

"ဘာလိုလို့နဲ့ အခုလေးနာရီခွဲတော့မယ် ဆရာမရဲ့. . ."

"ကိစ္စမရှိပါဘူး ဆရာ၊ ရပါတယ်၊ ဪ. .ဒါနဲ့ စကားမစပ် ဆရာ့သတင်း တလောက ကြားလိုက်မိသေးတယ်. . ."

"အဟွန်း. . ."

သူ ရုက်ပြုံး ပြုံးလိုက်မိသည်။ သူ့မျက်နှာအား ဒေါက်တာရီလေးသည် အထူးအဆန်းလို နားမလည်ခြင်းနှင့် အေးချမ်းစွာ





ကြည့်လိုက်ရင်းက. . .

"ဆရာ့ကိုတော့ ဘယ်လို နားလည်ရမှန်း မသိပေမယ့် ဆရာ့နှလုံးသားကို ကျွန်မတော့ ချီးကျူးမိတာအမှန်ပဲ. . ."

"အဟွန်း. .ကျွန်တော့်ဘဝအကြောင်းကို ကျွန်တော်ပဲ နားလည်ပါတယ်၊ ဒါပေမယ့် ဒီအဖြစ်ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော်လည်း မယုံနိုင်စရာ သတ္တဝါတစ်ကောင်လိုပဲ မြင်မိတယ်"

"အင်း. .ဆရာရေးထားတဲ့ မှတ်တမ်းတွေကို ကျွန်မလည်း ဖတ်တော်လေး စိတ်ဝင်စားမိတယ်၊ မှတ်တမ်းထဲမှာ ဆရာက နာမည်တော့ မရေးထားဘူးနော်. . ."

"ဟုတ်တယ်၊ သူ့နာမည်ကို ရေးလို့မှမဖြစ်တာ၊ လူမှုရေးအရလည်း မသင့်တော်ဘူးလေ. . ."

"ဟုတ်သားပဲ၊ ဘယ်ကောင်းမလဲနော်၊ ဒီအကြောင်းတွေ ဆရာသိထားတယ်ဆိုတာ ဆရာ့သူငယ်ချင်းကတော့ သိမှာမဟုတ်ဘူးနော်. . ."

"ဟုတ်တယ်၊ သူ ခုထိမသိဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ကို သူဖွင့်ပြောပြလို့ ဘယ်ဖြစ်မလဲဗျာ၊ ဒီကိစ္စက သူရဲ့ မဟာလျှို့ဝှက်ချက်ပဲ မဟုတ်လား. . ."

"ဒါပေါ့လေ. . ."

ဆရာဝန်ချင်းမို့ နားလည်စွာ ဒေါက်တာရီလေး ဆိုလေသည်။

"ကျွန်တော်ရေးထားတဲ့ မှတ်တမ်းထဲကလိုပဲ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ထံဆိုးချင်တော့ မမျှော်လင့်တဲ့တစ်ညမှာ သူ့ဆီကို ကျွန်တော်အသွား ဒီကိစ္စတွေ အားလုံး ကျွန်တော်သိခဲ့ရတော့တာပဲ"

"အင်း. .ဆရာ့အဖြစ်ကလည်း ပြောရခက်ခက် ရင်နာစရာကြီးပါပဲလေ. . ."

"ဟင်း. .ဘယ်တတ်နိုင်မလဲ ဆရာမရယ်၊ လူတွေရဲ့ဘဝဆိုတာ တစ်ဦးနဲ့တစ်ဦး ဘယ်မှာလာပြီး တူညီမျှတမှုရှိကြမလဲ၊ တစ်ယောက်တစ်မျိုးစီပေါ့ဗျာ. . ."

"ဆရာ့အဖြစ်သိရတာ ကျွန်မ တော်တော်စိတ်မကောင်းဖြစ်မိတယ် ဆရာ. . ."

"ကျွန်တော့်ကို နားလည်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ ပြီးတော့ ခုလိုကျွန်တော့်ကို အခုခင်မင်မပျက် ဖော်ဖော်ရွေရွေ ပြောဆိုဆက်ဆံနေတာကိုလည်း ထပ်လောင်းကျေးဇူးတင်ပါတယ်. . ."

"အော်. .ဆရာရယ်၊ ဒါ ပြောရမယ့်စကား မဟုတ်ပါဘူးရှင်၊ တစ်ချိန်က ဆရာရဲ့ဆွေးနွေးမှုကိုပဲ ကျွန်မက ကျေးဇူးတင်ရပါတယ်၊ ပြီးတော့ တစ်ပိုင်းကလည်း ကျွန်မတို့က အလုပ်တူမောင်နှမတွေပဲ မဟုတ်လား. . ."

"တီ. .တီ. . ."

"ဟော. .စကားကောင်းနေတာ ဆရာမအမျိုးသားကားတောင် လာပြီ. . ."

"ဟုတ်တယ် ဆရာ၊ ကျွန်မကြောင့် ဆရာလည်း အချိန်လင့်သွားပြီ. . ."





အနီးသို့ရောက်လာပြီဖြစ်သော ခင်ပွန်းသည် ဖွင့်ပေးသည့် ားထဲသို့ ဝင်ထိုင်လိုက်ရင်းက ဒေါက်တာရီလေး ဆိုလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ အပျင်းပြေ စကားပြောနေကြတော့ ောင့်ရတာကြာတဲ့အချိန်တွေကို မသိလိုက်ဘူးပေါ့၊ အဟွန်း. .ဟွန်း"

ကားမောင်းသည့်နေရာမှ ဒေါက်တာရီလေး၏ခင်ပွန်းသည် ဦးကြီး၏ အပြုံးနှင့်အသိအမှတ်ပြုလိုက်ခြင်းကို ဒေါက်တာမော်ကွန်းသည်လည်း အပြုံးချင်းဖလှယ်ကာ အသိအမှတ်ပြုလိုက်ပါလေ၏။ ထို့နောက် ဒေါက်တာရီလေး၏ ကားနောက်မှ သူ့ကားလေးသည်လည်း ပြည်သူ့ဆေးရုံကြီးဝင်းထဲမှ ဘီးလိမ့်ထွက်ခွာခဲ့လိုက်ပါတော့သတည်း။

ဒေါက်တာမော်ကွန်းသစ်သည် ရှေ့တူရူသို့ကြည့်ရင်း ကားကိုသည်း ဂရုစိုက်မောင်းနှင်နေလျက်မှ. . .

ပန်းဝါရယ်. .အဝေးတစ်နေရာကနေပြီး တိတ်တခိုးလေး တာဝရ သတိတရနဲ့ လွမ်းဆွေးသွားရမယ့်သူဟာ ကျွန်တော်ပါ၊ ခင်ဗျားကိုလွမ်းတိုင်း ရင်မှာခံစားရတိုင်း ကျွန်တော်လေ လူနာတွေကြားမှာ ဆေးကုသခြင်းနဲ့ ကိုယ်စိတ်နှစ်ပါးကို ပိုလို့မြှုပ်နှံထားပါတယ် ပန်းဝါရယ်. . .။

ပန်းဝါရယ်. .ခင်ဗျားအပေါ် စိတ်ဝင်စားရင်းစွဲ ရှိနေခဲ့ကခင်ဗျားရဲ့ လျှို့ဝှက်ချက်တွေကိုပါ အလုံးစုံသိခဲ့ရတဲ့ ကျွန်တော်ဟာခင်ဗျားရှိနေတဲ့ လမိုင်းမြို့ကမှ ထွက်ခွာပြောင်းမပြေးခဲ့ရင် ဘယ်လိုအသည်းမျိုးနဲ့ ဆက်ပြီး ကျွန်တော်နေသွားရမှာလဲဗျာ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း. .ပန်းဝါရယ်၊ ခင်ဗျားတို့မိသားစုလေး သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့သွားနိုင်ပါစေဗျာ၊ ဘာမှမသိရှာတဲ့ ခင်ဗျားနောက်ကွယ်မှာ ကျွန်တော်ကတော့ ရင်ကွဲနေရပါရဲ့. .သတိရတယ်ကွယ်၊ ဘယ်လိုမှ မေ့လို့မရဘူး. . .။

မတွေ့ရတဲ့ နှစ်ပေါင်းတွေကြာခဲ့ပေမယ့်လည်း တစ်နေ့မှ မမေ့နိုင်တဲ့အပြင် ခင်ဗျားတို့ကို ကျွန်တော်တွေ့ချင်တယ် ပန်းဝါရယ်၊ တွေ့ချင်လိုက်တာ၊ ခဏလေးပဲဖြစ်ဖြစ် ကျွန်တော် ခင်ဗျားကို တွေ့ချင်လိုက်တာဗျာ. . .။

မမျှော်လင့်ကောင်းတဲ့အရာ၊ မစားကောင်း မစားအပ်တဲ့ အရာမှန်း သိနေပါလျက်နဲ့ ကျွန်တော်အသိခေါက်ခက် အဝင်နက်နေမိပါရဲ့ ပန်းဝါ၊ သြော်. .ပန်းဝါရယ်၊ ဒီအဖြစ်တွေဟာ ကျွန်တော့်အတွက် အိပ်မက်တွေသာဆိုရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲဗျာ. . .။

ခုတော့ကွယ် ခင်ဗျားကို သိပ်သတိရတယ်၊ တမ်းတတယ်၊ လွမ်းတယ်၊ သိပ်တွေ့ချင်တယ်ဗျာ။

ဒေါက်တာမော်ကွန်းသစ်ကား လမ်းတစ်လျှောက် အမျှင်မပြတ်သော အတွေးများဖြင့် သူသည် ရင်တွင်းမှ ကျွမ်းမြည့်စွာ စကားများအား တီးတိုးရင်ဖွင့်ဆိုနေမိရလေသည်တကား။

* * *



– ခုနစ် –

"ဖော်ဖော်. . ."

"ဗျာ. .အန်တီလေး. . ."

ဒေါ်သီရိဇော်၏ မာတင်းတင်းနှင့် ခပ်ပြတ်ပြတ်ခေါ်သံကြောင့် ကျောင်းမှပြန်လာစ ဖော်ဖော်မှာ လွတ်အိတ်ကလေးချိတ်ခဲ့ပြီး မြန်လည်ထူးသံနှင့်အတူ သီရိဇော်ရှေ့သို့ ရောက်လာရလေ၏။

"သွား. .မွေးကို ရေခဲသေတ္တာထဲက ရေယူတိုက်လိုက်စမ်း၊ ကောင်းကောင်းယူနော်၊ ပုလင်းတွေ ကွဲကုန်ဦးမယ်. . ."

"ဟုတ်ကဲ့ အန်တီလေး၊ လာ. .ညီမလေး. . ."

မွေးမွေးလက်ကိုဆွဲ၍ အိမ်နောက်ဘက်သို့ ဖော်ဖော် ဝင်ရောက်လာခဲ့လိုက်လေသည်။

"ဖော်. . ."

"ဗျာ. .ဘာဘာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ၊ တော်ကြာ ရိုက်ခံထိနေဦးမယ် . . ."

ရေခဲသေတ္တာဖွင့်နေသော ဇော်ဇော်အား အဘသာက စိုးရိမ်ခြင်းစေတနာနှင့် လှမ်းပြောလိုက်ခြင်းပါ။

"အန်တီလေးက ဒီထဲကရေ မွှေးမွှေးကို တိုက်ခိုင်းလို့ပါ ဘဘရဲ့ . . ."

"ဩော် . .အေး . .အေး . . ."

ဇော်ဇော်သည် ရေခဲသေတ္တာထဲမှ ရေပုလင်းကို ယူလိုက်ပြီး ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်ပြီးနောက် . . .

"ရော့ . .မွှေး . . ."

မွှေးလက်ထဲသို့ လှမ်းပေးလိုက်သည်။ ရေတစ်ခွက်ကို မွှေး သောက်အပြီး . . .

"ထပ်ယူဦးမလား . . ."

"ဟင့်အင်း ကိုကို . . ."

ဇော် ရေပုလင်းကို ပိတ်၍ ရေခဲသေတ္တာထဲ ပြန်ထည့်ထား လိုက်ပြီးနောက် . . .

"အင့် . .ကိုကို . . ."

မွှေးလက်ထဲမှ ဖန်ခွက်ကို သူလှည့်အယူ မွှေးက လှမ်း၍ မြှောက်အပေး ရေခဲသေတ္တာတံခါးအဖုံးနှင့် မွှေးလက်ကလေး တိုက်မိ လိုက်သဖြင့် . . .

"ခွမ်း . . ."

"ဟင် . . ."





ဇော်ဇော် မျက်လုံးလေး ပြူးသွားမိရလေ၏။ မှန်၏။ မွှေးလက်ထဲမှ ဖန်ခွက်မှာ ရေခဲသေတ္တာတံခါးအဖုံးနှင့် ခိုက်မိလိုက် သည်တွင် မည်သို့မည်ပုံ မွှေးလက်ထဲမှကျ၍ ကွဲသွားမှန်း ဇော် မသိလိုက်။

မွှေးလည်း လန့်သွားသည်။ ဇော်ဇော့်မျက်နှာလေးကို မွှေး မဲ့မဲ့လေးကြည့်နေလိုက်မိသည်။

"ဟင် . .ဇော် ဖန်ခွက်ကွဲသွားပြီလား . . ."

စိုးရိမ်တကြီး အဘသာမေးရင်း သူတို့အနားသို့ ရောက်လာ ခဲ့လေသည်။

"ဇော် . .ဇော် . . ."

ဇော်ဇော်မည်သို့ ပြောမရမှန်းမသိ ဖြစ်နေဆဲ မွှေးက ကြောက်လန့်စွာ ငိုတော့သည်။

"ဟဲ့ . .ဘာဖြစ်တာလဲ . . ."

ထမင်းစားခန်းထဲ လိမ့်ဝင်လာသော ဒေါ်သီရိ၏အသံ ကြားသည်နှင့် ဇော်ဇော့်ကိုယ်လုံးလေး တုန်တက်သွားရရှာ၏။

အဘသာမှာ ဖန်ခွက်ကွဲစလေးများကို လိုက်၍ကောက်နေ ရင်းမှ ဇော်ဇော့်အတွက် စိုးရိမ်နေမိရလေတော့သည်။

"ဟင် . .ဒါဘာဖြစ်တာလဲ . . ."

ထမင်းစားခန်းပေါက်ဝ၌ ဘွားခနဲပေါ်လာပြီး တင်းမာသော မျက်နှာထားဖြင့် မေးလိုက်သည်ကို မည်သူမျှ ပြန်မပြောရဲလိုက် ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ဖန်ခွက်ကွဲသွားပြီပေါ့လေ. . ."

ပြောရင်း သီရိဇော် သူတို့ဆီသို့ ဒေါသနှင့် လျှောက်လာခဲ့လိုက်သည်တွင်. . .

"ဟီး. .ဟီး. .မေမေ. . ."

မွေးက ငိုရင်းခေါ်လိုက်သည်။

"သမီး. .သွား မငိုနဲ့. . ."

ဒေါ်သီရိမှာ မွေးလက်ကိုဆွဲ၍ ဖယ်ထုတ်လိုက်ပြီး. . .

"ဟဲ့. .နင့်ကို ငါပြောတယ်မဟုတ်လား၊ ရေပုလင်းတွေ ဖန်ခွက်တွေ ကောင်းကောင်းကိုင်ပါလို့. . ."

"ဟို. .ဟို. .ဇော်. .ဇော်. .ဇော့်ကြောင့်. . ."

"လာစမ်း နင် နေရာတကာ ပေါ့တီးပေါ့ဆလုပ်ဦး၊ ဗုန်း ဗုန်း၊ ဒေါက်. .ဒေါက်. . ."

"အီး. .ဟီး. .ဟီး ကြောက်ပါပြီ အန်တီလေးရဲ့. . ."

"ဟင်. .နင် ဘာကြောက်ပါပြီလဲ၊ နင် ငါ့ကို ဘာမှ ဆင်ခြေမပေးနဲ့၊ ဖြန်း. .ဖြန်း. .ဒေါက်. .ဒေါက်. . ."

"ဟီး. .ဟီး. . ."

ဇော်ဇော်မှာ သီရိဇော်၏ ပြောဆိုရင်း အလွတ်မပေးတမ်း ဆွဲ၍ရိုက်နှက်နေမှုကြောင့် နာကျင်စွာငိုရင်း တစ်ကိုယ်လုံး တွန့်လိမ် ကောက်ကွေးနေရှာပါတော့၏။

ဖန်ခွက်ကွဲစများကို ကောက်ပစ်ပြီး ပြန်ရောက်လာသော အဘသာမှာ ဇော်ဇော်၏အဖြစ်ကိုမကြည့်ရက်တော့သဖြင့်. . .





"ဆရာကတော်ရယ် တော်ပါတော့ဗျာ၊ ကလေးတွေပဲ ...်တာဆဖြစ်တာပါ. . ."

"ဘာမတော်တာဆလဲ၊ မတော်တာဆ မတော်တာဆနဲ့ အိမ်မှာ ... ပစ္စည်းတွေကုန်မယ်၊ သင်းကို သေသေချာချာပြောရဲ့သားနဲ့၊ ...င် ငါ့ကို ပမာမခန့်လုပ်တာ၊ ဟင်. .ကဲ. .ကဲ. .ဗုန်း. ."

"အား. .အီး. .ဟီး. .ဟီး. . ."

"ဟင်. .နင် အခုမှ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ငို ...နဲ့၊ လာစမ်း နင့်ကိုတော့ မှတ်လောက်အောင် ဆော်ထားရမယ်"

"ဟီး. .ဟီး. .ဘဘရေ ဇော့်ကို ကယ်ပါဦးဗျ. . ."

ဒေါ်သီရိဇော်မှာ အခန်းထောင့်တွင် ထောင်ထားသည့် ...ခြက်စည်းကို ဆွဲယူရင်း ဇော်ဇော့်ကိုပါ အိမ်နောက်ဘေးဘက်သို့ ...ခေါ်သွားလိုက်သဖြင့် ဇော်ဇော်အား ကြောက်အားလန့်အားနှင့် ...အားကိုးတကြီး အဘသာကို ခေါ်လိုက်မိရှာ၏။

"ဆရာကတော် တော်ပါတော့ဗျာ၊ ဒီလောက်ရိုက်ရ ကျေနပ် ...ါတော့၊ တကယ်တော့ ဒီဖန်ခွက်ဟာ ဇော့်လက်က ကျကွဲတာ ...မဟုတ်ပါဘူး၊ မွေးလက်ကပါ၊ မွေးလုပ်လို့ ကွဲတာပါ၊ မယုံရင် ...မွေးကို မေးကြည့်ပါ. . ."

"ဩော်. .မွေးလုပ်လို့ မွေးကြောင့်ကွဲရတာက သင်းကိုယ်တိုင် ရေခွက်ကိုင်ပြီး ကလေးကို မတိုက်လို့ပေါ့၊ သေသေချာချာ ကလေး ကို ရေတိုက်ရင် ဒီလိုဖြစ်မလား၊ သွားစမ်း. .ရှင်နဲ့မဆိုင်ဘူး၊ ရှင် ဘာမှဝင်မပြောနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. .သီရိ. . ."

"ဟင်. .အဟင့်. .ဟင့်. .ဖေ. .ဖေဖေ. . ."

ရုတ်တရက်ရောက်လာသော ဒေါက်တာမင်းညို၏ အသံကြောင့် သီရိမှာ ဒေါက်တာမင်းညိုကိုကြည့်ပြီး မျက်နှာမှာ ပို၍ တင်းမာသွားရလေသည်။

ဖော်ဖော်ကား ဒေါက်တာမင်းညိုအား မြင်လိုက်သည်နှင့် အားကိုးတကြီး ခေါ်လိုက်မိရှာ၏။

"သီရိ မင်း ဘာကြောင့် သားကိုရက်စက်နေတာလဲ၊ မင်းဟာ အကြင်နာတရား ခေါင်းပါးလှချည်လား. . ."

ဖော်ဖော့အား ဆွဲယူလိုက်ပြီး ဇနီးသည်ကို တင်းမာသော မျက်နှာထားနှင့်ကြည့်ကာ ဒေါက်တာမင်းညို ပြောလိုက်လေသည်။

"မင်းတို့ပြောတာတွေ ငါ အကုန်လုံးကြားလိုက်တယ် သီရိ၊ မင်းစကားက နင်မဟုတ်ရင် နင့်အမေပဲဆိုတဲ့ ဝံပုလွေက သိုးငယ်ကို အပြစ်ရှာပြီး ပြောသလိုဖြစ်နေပြီ. . ."

"ဩော် ,မောင်က သီရိကို ဝံပုလွေလို ကောက်ကျစ်တယ် ဆိုပြီး မိန်းမဆိုးကြီးလို့ ပြောလိုက်တာပေါ့လေ ဟုတ်လား. . ."

"အေး. .ဟုတ်တယ်၊ မင်းလုပ်ပုံကိုလည်း ကြည့်ပါဦး၊ ဒီလောက်အရွယ်လေးကို ကျွဲရိုက်နွားရိုက် ရိုက်နေရလားကွ. . ."

"ရိုက်တယ် ရိုက်တယ်၊ သင်းမှာ အပြစ်ရှိလို့ ရိုက်တာ"

"ဩော် .အပြစ်ရှိလို့ဟုတ်လား၊ ကဲ ပြောစမ်း ဘာအပြစ်လဲ. . ."





"နေရာတကာ ပေါ့တီးပေါ့ဆလုပ်လို့ အိမ်ကပစ္စည်းတွေ ကွဲရကုန်ပြီလေ. . ."

"ဩော် မင်းပစ္စည်းတွေ ကုန်ပြီလား၊ ကုန်ပစေကွာ၊ ပစ္စည်းက ပြန်ဝယ်လို့ရတယ်၊ မင်း သားကို ဒီလောက်ရိုက်စရာ မလိုဘူး. . ."

ထိုစကားကြောင့် သီရိဖော်မှာ ပို၍ခံပြင်းသွားရပြီး ဒေါက်တာမင်းညိုအား စူးစူးဝါးဝါး ကြည့်ပစ်လိုက်ရင်းက. . .

"ဒီကလေးကို ရိုက်ရင် ပြောရင် ရှင်သိပ်နာတတ်တယ် မဟုတ်လား၊ ရှင် နာမှာပေါ့၊ ဒီကလေးဟာ ရှင့်ကလေးကိုး. ."

"ဟော့. .သီရိ၊ မင်းစကားက ဘာစကားလဲကွ. . ."

ဒေါက်တာမင်းညို ဒေါသနှင့် ဇနီးသည်ကို အော်ပစ်လိုက်သည်။

တစ်ကြိမ်တစ်ခါမျှ ခင်ပွန်းသည်၏ အအော်အငေါက်ကို မခံခဲ့ဖူးသော သီရိဖော်မှာလည်း ယခုကဲ့သို့ အော်ငေါက်ခြင်းခံလိုက်ရသဖြင့် ခံပြင်းစိတ်များ ထိပ်သို့ လျှံတက်ရလေတော့ရာ. . .

"ဘာစကားလဲဆိုတာ ရှင်သိတယ်၊ ဒီကလေးဟာ ရှင့်ဆီကို တမင်ပဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ၊ တမင် လာပို့တာ. . ."

"ဟော့. .တော်စမ်း. . ."

"အို မတော်နိုင်ဘူး၊ ဒီက မျိုသိပ်ထားတာတွေကို ပြောရမယ်၊ ရှင့်သားမို့ ရှင်သိပ်ချစ်နေတယ်ပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"သီရိ မင်းစကားတွေ လူကြားမကောင်းဘူးနော်၊ မင်းငါ့ကို သိပ်စော်ကားနေပြီ. . ."

"ခြော် ကျွန်မက စော်ကားတယ်လား၊ ဒီမှာ ရှင်က မိသီရိကိုများ ညံ့တယ်မှတ်သလား၊ ရှင့်အကြောင်းတွေကို သိလျက်နဲ့ မပြောချင်လို့လို့ မှတ်ထားစမ်းပါ၊ ဟိုတလောက ဈေးချိုထဲမှာ ရှင့်ဟာမနဲ့ ရှင်တွေ့ကြတာ ဟောဒီက မိသီရိ မျက်လုံးတွေနဲ့ တပ်အပ်မြင်လိုက်တာ ရှင် သိရဲ့လား. . ."

ဇနီးသည်၏ ရင်မှ သိုဝှက်ချက်များ ပေါက်ကွဲပွင့်အန်လာသည့် စကားများကြောင့် ဒေါက်တာမင်းညိုမှာ ဇနီးသည်အား အံ့သြမှင်တက်စွာ ငေးကြည့်မိလိုက်ရပါတော့သတည်း။

သီရိဇော်ကား ခင်ပွန်းသည်အားကြည့်ရင်း ဒေါသနှင့် ရင်နာခြင်းတို့ရောကာ မျက်ရည်များ ကျဆင်းလာရရင်းက. . .

"ဒီကလေးကို ရှင်စမွေးကတည်းက ကျွန်မ သဘောမတူတာ၊ ဒီကတည်းက ရှင့်ကို မသင်္ကာလို့ ရှင့်ကိုမယုံလို့ ရှင့်နောက်ကြောင်း တစ်ခုခုရှိခဲ့ရမယ်ဆိုတာ ကျွန်မသိလို့ပဲ. . ."

"ဒီကလေးကို ကျွန်မလုံးဝမကြည့်ဖြူနိုင်ဘူး၊ ဒီကလေးကို ရှင်မွေးကတည်းက ကျွန်မ စိတ်မချမ်းသာခဲ့ဘူး၊ ဒီကလေးကို ကျွန်မ မုန်းတယ်၊ မလိုချင်ဘူး. . ."

ဒေါက်တာမင်းညိုကား မယုံကြည်နိုင်စရာ စွပ်စွဲလာသော ဇနီးသည်၏ ပေါက်ကွဲသံစကားများကြောင့် ရင်၌ထိခိုက်ခြင်းဖြစ်ရကာ ဇော်ဇော်လေးအား တင်းကျပ်စွာဖက်ထားလိုက်မိရ၏။





ဇနီးသည် နားလည်စေရန် သူ ရှင်းပြလိုက်ချင်ပါသည်။ သို့သော် လောလောဆယ် သူ စကားမဆိုနိုင်၊ ဇနီးသည်၏ သူ့အပေါ် တအုံနွေးနွေး ခံစားနေရသော အဖြစ်များအတွက် သူ စိတ်မှာ ထိခိုက်မိသည်မှာ အမှန်ပါ။

စောစောက ရှိနှင့်နေသော သူ့ဒေါသများမှာ ဇနီးသည်၏ စကားများကြောင့် ရင်နာစွာ ပျောက်ပျက်သွားရလေပြီဖြစ်၏။ သူ့ဇနီးသည်၏ ဒေါသမျက်နှာကိုသာ စိတ်မကောင်းလှစွာ ငေးကြည့်နေပါတော့သည်။ သီရိ၏ မကျေမနပ် အထင်လွဲစကားများက သူ့နားစည်ထဲသို့ ရောက်ရှိလာရပြန်သည်။

"ရှင်ဟာ ကျွန်မကို လိမ်ညာနေတဲ့သူ၊ လှည့်စားနေတဲ့သူ၊ ရှင့်သားကို ချစ်တယ် မခွဲနိုင်ဘူးဆိုရင် ရှင် ကျွန်မ. . ."

"သီရိ. . ."

သူခေါ်လိုက်သည်။ သူ့အသံမှာ ထိခိုက်စွာ နွမ်းလျနေ၏။ သီရိမှာ မျက်နှာလွှဲကာ မျက်ရည်တွေ သုတ်နေလိုက်သည်။

"သား. .အိမ်ထဲဝင်သွားတော့နော်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

အိမ်ထဲသို့ ဝင်ရောက်သွားသည့် လိမ္မာသိမ်မွေ့သည့် ဇော်ဇော့်ကိုကြည့်ပြီး သူ ထိခိုက်နေမိတော့သည်။

"သီရိ. . ."

ဇနီးသည်ပခုံးကို သူဆုပ်ကိုင်လိုက်ပြီး ခေါ်လိုက်သည်။ သီရိ မထူး၊ တိတ်ဆိတ်စွာ ရှိုက်နေလိုက်သည်။ စိတ်ထိခိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာတို့ဖြင့် သက်ပြင်းမောတစ်ချက်အား နွမ်းနယ်စွာ ချလိုက်ပြီး။

"မိုးချုပ်လာပြီ၊ အိမ်ထဲဝင်ကြရအောင်နော်၊ သီရိနဲ့ အေးအေးဆေးဆေး စကားတွေပြောချင်ပါတယ်၊ သီရိရဲ့သံသယတွေ မောင့်အပေါ်မှာ ကင်းစေချင်ပါတယ်ကွယ်. . ."

သီရိ ငြိမ်နေလိုက်သည်။ ရင်ထဲမှာတော့ စောစောက ဒေါသများကြောင့် ပေါက်ကွဲထွက်သွားရသော စကားများ၊ သူမ မျိုသိပ်ခဲ့ရသော စကားများအား ပွင့်အန်ပြောဆိုလိုက်ရမှုကြောင့် မောပန်းနေရပေ၏။

"လာ. .သီရိ၊ အိမ်ထဲဝင်မယ်နော်. . ."

ဇနီးသည် ပခုံးကို ဖွဖွကိုင်လျက် သူ အိမ်ထဲသို့ ခေါ်သွင်းလာခဲ့လိုက်လေ၏။

"ဟင်း. . ."

တစ်ဘက်ခြံမှ ဆရာမ ဝင်းမာလေး၏ လေးပင်စွာ သက်မချသံလေးပါ။

လေးသည် ဒေါက်တာမင်းညိုတို့ ခြံထဲမှ အဖြစ် အပျက်များအား အစမှအဆုံးတိုင် ချောင်းကြည့်နေမိသူ မဟုတ်ပါလား။

အင်း. .သြော်. .ကလေးရယ်၊ မင်းဘဝလေးကို ဆရာမ သနားလိုက်တာ၊ စိုးရိမ်လိုက်တာကွယ်. . .။

ဝင်းမာလေးသည် အုတ်တံတိုင်းဘောင်းမှ ခွာခဲ့လိုက်ပြီး အိမ်ဘက်သို့ ပြန်လျှောက်လာရင်းမှ. . .

"ဒီကလေးကို ကျွန်မ မုန်းတယ်၊ မလိုချင်ဘူး၊ ဒီကလေး





ရှိနေရင် စိတ်ဆင်းရဲတယ်၊ ရှင့်သားကို ချစ်ရင် မခွဲနိုင်ရင် ကျွန်မကို. . ."

သီရိဇော်၏စကားများကို လေး ပြန်လည်၍ ကြားယောင်နေမိရလေသည်။

"ဟင်း . . ."

လေးသည် သက်မအား အကြိမ်ကြိမ်ချနေလိုက်ရင်းက တစ်စုံတစ်ရာအား စဉ်းစားမိလိုက်သည့်အခိုက် သူမ၏မျက်နှာလေးမှာ ဝင်းကြည်သွားရပြီးနောက်. . .

ထိုတစ်စုံတစ်ရာအတွက် ဆောင်ရွက် ရန် ဆုံးဖြတ်ချက်ကိုချအပြီး သူမ၏ခြေလှမ်းများကား အိမ်ရှိရာသို့ သွက်လက်စွာ လှမ်းလင့်နေမိလိုက်ပါတော့သတည်း။

× × × × ×

"သီရိရယ်၊ တကယ်တော့ သားဘဝလေးဟာ သီရိရဲ့ မောင့်အပေါ် သံသယတွေရှိနေမှုကြောင့် ပိုပြီး သနားစရာဖြစ်နေရတော့တာပါပဲကွယ်. . ."

"အံဟင့်. .ဟင့်. . ."

အိပ်ရာထဲခေါင်းအုံးနှင့် မျက်နှာအပ်ကာ သီရိငိုနေလိုက်သည်။ တသိမ့်သိမ့်ရှိုက်နေသော ဇနီးသည်၏ကျောပြင်ကိုကြည့်ရင်း ဒေါက်တာမင်းညို စကားကို ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီရိထင်သလို သားဟာ မောင့်သားမဟုတ်ရပါဘူး၊ သီရိ သိခဲ့မြင်ခဲ့သလိုပဲ သားဟာ မောင်တို့လက်ထဲကို လာရောက်ပေးအပ်စေခဲ့တဲ့ ကလေးတစ်ဦးပါပဲကွာ၊ မောင့်အပေါ် သံသယတွေနဲ့ အထင်လွဲပြီး သားအပေါ် မရက်စက်စေချင်ဘူးကွယ်. . ."

"ပြီးတော့ မောင့်ရဲ့ ကိုယ်ကျင့်တရားတွေကိုလည်း အထင်မသေးပါနဲ့ သီရိရယ်၊ သီရိထင်သလို မောင်ဟာ ဘယ်မိန်းမနဲ့မှ မဖောက်ပြန်ခဲ့ဘူး၊ သီရိနဲ့မတွေ့ခင်ကလည်း မဖောက်ပြန်ဘူး၊ သီရိရဲ့ ခုလိုအခြေအနေမှာလည်း မောင် မဖောက်ပြန်ဘူး၊ သီရိ ယုံစမ်းပါ"

"အို. .ဟင့်. .ဟင့်. . ."

ငိုရှိုက်ရင်းမှ သီရိ ခေါင်းကို ယမ်းခါလိုက်သည်။ ခင်ပွန်းသည်၏ စကားများအား မဖြစ်နိုင်၊ မယုံနိုင်ဟူသည့် သဘောနှင့်ပါ။

"ဟင်း . . ."

ခေါက်တာမင်းညို သက်မချမိရ၏။ ဇနီးသည်အား အားချမ်းစွာ ရှင်းပြနေသည်ကိုပင် ဇနီးသည်မှာ သူ့အား အယုံအကြည် မရှိသည့်အတွက် သူအတော်လေး ရင်၌အောင့်သွားမိရ၏။

"သီရိက မယုံဘူးပေါ့၊ မောင့်အပေါ် အယုံအကြည် လုံးဝ မရှိတော့ဘူးဆိုတဲ့ သဘောလား သီရိ. . ."

သူ့အမေးအတွက် သီရိခေါင်းလေးဆတ်ခနဲ ထောင်ကာ သူ့မျက်နှာအား ကြည့်လာပြီး. . .

"ဟုတ်တယ်..ဟုတ်တယ်၊ သီရိ မောင့်အပေါ် ဘယ်လို ယုံကြည်ရမှာလဲ၊ ဈေးချိုထဲမှာ. . ."





"ဟား. .နေပါဦး သီရိ၊ အဲဒီအကြောင်း မောင်ပြောပြပါ့မယ်ကွာ၊ ဘာလို့ သူများမယားနဲ့ ကိုယ်ယောက်ျားကို အကြီးအကျယ် အထင်တွေစွတ်လွဲနေရတာတုံး သီရိရဲ့. . ."

သူ့စကားကြောင့် သီရိ သူ့ကိုငေးကြည့်နေလိုက်လေတော့သည်။ သူကဇနီးသည်၏ မျက်နှာလေးမှ မျက်ရည်စများကို ဖယ်ရှားပေးနေလိုက်ရင်းက စကားကိုဆက်လိုက်သည်။

"ဈေးချိုထဲမှာ သီရိတွေ့လိုက်တယ်ဆိုတဲ့သူက မောင့်အသိပါ၊ သူ့နာမည်က မေပန်းဝါတဲ့. . ."

ပန်းဝါမျက်နှာလေးအား မြင်ယောင်ရင်း သူ ဆိုနေမိသည်။

ပန်းဝါ၏အလှအပများကို မြင်ယောင်ရင်းလည်း သီရိမှာ ခင်ပွန်းသည်၏စကားများကို အငိုမျက်နှာနှင့် နှုတ်ခမ်းလေးစေ့ကာ နားထောင်နေမိလေ၏။

"ပန်းဝါရဲ့ယောက်ျားက ကိုချစ်သက်လူတဲ့၊ သားလေးတစ်ယောက်လည်းရှိတယ်၊ ရှားရှားတဲ့၊ ပန်းဝါခင်ပွန်းက သူဌေးသားလူချောဗျ၊ ပြီးတော့လည်း စိုက်ပျိုးရေးအရာရှိတစ်ယောက်ဗျ၊ ကဲ ရှင်းပြီးလား မောင့်မိန်းမရယ်. . ."

သီရိ ငြိမ်နေလိုက်သည်။ သို့သော်လည်း သီရိစိတ်ထဲကမူ ရှင်းလှသည်မရှိပါ။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ခင်ပွန်းသည်နှင့် ပန်းဝါတို့ တွေ့ဆုံစကားပြောနေခြင်းကား သီရိမျက်လုံးအမြင်ထဲ ကာမှုလိုလို တွေ့ရှိခံစားနေရဆဲ မဟုတ်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com



သီရိ၏အတွေးများကဲ့သို့ပင် ဒေါက်တာမင်းညီသည်လည်း မိမိရှေ့မှ အငိုမျက်နှာလေးအား မသိမသာဖွက်ကာ ဟန်မပျက် ခပ်သွက်သွက်လေး ထွက်ခွာသွားသော ပန်းဝါအားမြင်ယောင်နေမိရရင်း သူ့ရင်ထဲ ခုတိုင်စတင်မကျဖြင့် ရှိနေဆဲမဟုတ်ပါလား။

"ဟင်း. .ပန်းဝါရယ် ဘယ်လိုအကြောင်းအရာတွေ ရှိနေရလဲကွယ်. . ."

ဇနီးသည်၏လက်မောင်းအား ကိုင်ထားရင်းမှ ပန်းဝါအတွက် စိတ်မဖြောင့်သလိုနှင့် သူ့ရင်ထဲမှ ဆိုနေမိလိုက်ရပါချေ၏။

သီရိ မျက်နှာကို သူကြည့်လိုက်သည်။ မျက်ရည်များခြောက်သွေ့သွားပြီ ဖြစ်သော သီရိမျက်နှာကား ပကတိကြည်လင်မှုကိုဖြင့် သူမြင်တွေ့ခြင်းမရှိသေးပါလေ။

"သီရိ. . ."

သီရိ မထူး၊ သူ့မျက်နှာကိုကြည့်လာသည်။ သီရိ ပခုံးလေးကို တစ်ချက်ညှစ်လိုက်ပြီး. . .

"မောင့်ကို အထင်မလွဲပါနဲ့ကွာ၊ မောင်ဟာ ဒီလိုလူစားမဟုတ်ပါဘူး၊ ပြီးတော့ သားအပေါ်မှာလည်း သမီးလိုပဲ ကြင်နာပါ၊ မေတ္တာထားပါကွယ်. . ."

"တကယ်တော့ သားဟာ မောင်တို့ကို မိဘလို ထင်ပြီး အားကိုးနေရရှာသူလေး မဟုတ်လား၊ ခုတော့ သားလေးလည်း သီရိစကားတွေကြောင့် သူ့ဘဝလေးကို သိသွားရှာပါပြီလေ"

"အို. .ဟင့်အင်း ဟင့်အင်း သီရိ ဒါတော့ လုံးဝလက်မခံ





နိုင်ဘူး၊ သီရိရင်ထဲမှာ ဒီကလေးနဲ့ပတ်သက်ရင် တစ်မျိုးပဲ၊ ရှင်းကို မရှင်းဘူး. . ."

"ဟူး. .သီရိရယ် ခက်ပါလားကွယ်၊ သီရိကိုလည်း မောင်ရှင်းပြထားပြီးပြီပဲ၊ သီရိလည်း မောင့်အကြောင်းတွေ သိနေသူပဲကွာ"

"အို. .မောင့်အကြောင်းဆိုတာက သီရိနဲ့ယှဉ်မှ သီရိ သိရတာလောက်ပဲ ရှိတာပဲ၊ အရင်က မောင့်အကြောင်းတွေကို သီရိ သိခဲ့တာမှ မဟုတ်ဘဲ၊ အဟင့်. . ဟင့်. . သီရိက မောင့်အတွက် ကလေးမမွေးပေးနိုင်တဲ့ မိန်းမဆိုတော့ သီရိအပေါ် မောင့်အချစ် မောင့်သံယောဇဉ်တွေ ဘယ်လာပြီး ရေးပင်ခိုင်မြဲချင်ပါ့မလဲလေ. . ."

"သီရိ မောင် ဘယ်လိုရှင်းပြရဦးမလဲ . . ."

သူ စိတ်ပျက်စွာ မေးမိတော့သည်။ သီရိကိုလည်း အလွန်အမင်း စိတ်ဆင်းရဲစွာ ကြည့်နေမိတော့၏။

"ဘယ်လိုမှ ရှင်းပြမနေနဲ့၊ သီရိ ဒီကလေးနဲ့ပတ်သက်ရင် ဘယ်လိုမှ လက်မခံနိုင်ဘူး. . ."

"သီရိ မင်းအကြင်နာတရား ခေါင်းပါးလှချည်လား၊ မင်းကို အစက စိတ်ထားသိမ်မွေ့တယ်ထင်လို့ ယူခဲ့တာ၊ ခုတော့. . ."

"အဟင့်. .ဟင့်. .မောင် သီရိကို ပြောနိုင်ပါတယ်၊ သီရိက မောင့်ကိုချစ်လို့ယူခဲ့တာ၊ တခြားကိစ္စတွေမှာ သီရိခံနိုင်ရည်ရှိတယ်၊ ဒီကိစ္စအတွက်တော့. . ."

"ဩော်. .သီရိစကားက မောင့်ကို အထင်သေးရင်း သေးနေတာပဲ၊ မင်း မောင့်ကို စွပ်စွဲနေတာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သီရိ မယုံနိုင်ဘူး မောင်၊ သီရိတို့မိန်းမတွေဆိုတာ မုန့်ကိုသာစေစားနိုင်မှာ. . ."

"ဟူး. .တော်တော့ကွာ၊ တော်ပါတော့၊ မောင့်ဘက်က မဟုတ်မမှန်တဲ့ ကိစ္စတွေပေမယ့်လည်း မောင် သီရိကို အရှုံးပေးလိုက်ပါပြီ၊ မောင် အရှုံးပေးပါတော့မယ် သီရိ၊ မောင် အရှုံးပေးပါပြီ၊ သီရိနဲ့မောင်တို့ ညှိယူလို့မရတော့တဲ့ ဒီဆွေးနွေးပွဲလေးကိုလည်း အချိန်ကုန်ခံပြီး မောင် မပြောလိုတော့ပါဘူး၊ ကဲ ကဲ သီရိ မောနေပြီ၊ အိပ်တော့ အနားယူပါတော့ကွာ. . ."

သီရိအား အိပ်ရာထက် လှဲအိပ်အနားယူစေခဲ့ကာ သူ အိပ်ခန်းထဲမှ ထွက်လာခဲ့လိုက်လေ၏။

ဒေါက်တာမင်းညိုသည် ညေ့ခန်းရှိရာသို့ ခြေလှမ်းလိုက်မည်ပြုပြီးမှ ဇော်ဇော့်အခန်းလေးရှိရာသို့ လှမ်းကြည့်မိရကာ သူ့ခြေလှမ်းများသည် ရွေ့လျားလာခဲ့လိုက်လေ၏။

ဇော်ဇော်ကား အိပ်ရာထက် နှစ်ခြိုက်စွာ အိပ်ပျော်နေပြီကို သူ တွေ့လိုက်ရလေသည်။

စခြင်ထောင်ပါးပါးကို လူတစ်ကိုယ်စာ မ,တင်လိုက်ပြီး အိပ်ရာထက် ကိုယ်တစောင်း သူ ဝင်ထိုင်ကာ ဇော်ဇော့်မျက်နှာဝင်းဝင်းသန့်သန့်လေးကို သူ ငေးကြည့်နေမိလိုက် လေသည်။

ဩော်. .ကလေးမျက်နှာလေး အပြစ်ကင်းစင်လိုက်တာအင်း. .ငါလည်း ဒီကလေးကို ဘာကြောင့်များ ဒါလောက် သံယောဇဉ်တွယ်နေပါလိမ့်၊ အင်းလေ. .ငါတို့မှာက သားသမီးမှ





ရှိဘဲ၊ သီရိကိုယ်တိုင်ကလည်း ငါ့အတွက်ဖြစ်တဲ့နည်းနဲ့တောင် သားသမီးမှ မမွေးပေးနိုင်တာကိုး. . .။

ဟင်း. .သားရယ်၊ သားအတွက် ဖေဖေတစ်ခုခု စီစဉ်ရတော့မယ်ကွယ်၊ သားနဲ့မခွဲချင်ပေမယ့်လည်း ဖေဖေနဲ့သား ခွဲပြီးနေကြရမယ့် အခြေအနေနဲ့မှ အဆင်ပြေကြမှာမို့ ဖေဖေ စီစဉ်ရတော့မှာပါ သားရယ်. . .

နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသည့် ဇော်ဇော့်နဖူးလေးထက်ကြင်နာစွာ သူ ငုံ့နမ်းလိုက်ပြီး ခြင်ထောင်ကို သေသပ်စွာ ပြန်ချ၍ သူထွက်ခဲ့လိုက်လေ၏။ ဇော်ဇော့်အခန်းထဲမှ သူအထွက်. . .

"ဟင်. . ."

ရင်ထဲမှ ဒိန်းခနဲမြည်ချင်သွားရသည်။ သားအပေါ် သံယောဇဉ်ကြီးမားစွာ ထားရှိနေသည့် မိမိ၏စင်ကြယ်သော မေတ္တာသက်သက်သာ မိမိရင်ထဲရှိနေရသော်ငြား အိပ်ခန်းတံခါးပေါက်တွင် မီးအားရပ်စောင့်လျက် ကြည့်နေသော ဇနီးသည်၏ သံသယမျက်လုံးအစုံအား ရင်ဆိုင်လိုက်ရခိုက်. . .

ဘာမှမဟုတ်သော်လည်း သူ့ရင်ထဲစိုးရိမ်ခြင်းရောစွက်သော အာမေဋိတ်သည် သူ့ကိုယ်တွင်း၌ သိမ့်ခနဲဖြာထွက်သွားရပါလေ၏။

ယခုကဲ့သို့က ဘာမှမဟုတ်ဘဲနှင့် ဇနီးသည်၏သံသယမျက်လုံးအောက်၌ သူရှိနေရသည့်အဖြစ်အား ဒေါက်တာမင်းညိုသည် ဇနီးသည်အပေါ် လုံးဝကျေနပ်ခြင်းမရှိသော်လည်း မိမိအပေါ် သံသယဝင်နေသူနှင့်ပြိုင်လျက် ပြဿနာရှာကာ စကားပိုတွေ မပြောချင်



www.burmeseclassic.com

www.burmeseclassic.com



တော့သဖြင့် သူသည် မှန်ကန်သော ခြေလှမ်းတို့ဖြင့် ဇနီးသည် အနားသို့ လျှောက်လှမ်းလာခဲ့လိုက်ပြီး. . .

"မအိပ်သေးဘူးလား ယီရီ၊ ညဥ့်နက်ပြီ၊ ကဲ. .အိပ်ကြ အောင်နော်. . ."

သီရိပန်းကို သာသာဖက်လျက် အိပ်ခန်းတွင်းသို့ ဝင်ခဲ့လိုက် ကြ၏။ တစ်ဘက်ခုတင်တစ်ခုတွင် သမီးငယ်မွေးမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို သူ တစ်ချက်မျှလှမ်းကြည့်လိုက်ပြီး အိပ်ရာ ဝင်လိုက်သည်။

သူ့ရင်ခွင်ထဲတွင် သူ့အပေါ်သံသယတွေနှင့် မကျေ မနပ်ရှိကာ ဝမ်းနည်းခြင်းဖြင့်လည်း သီရိ ငိုရှိုက်နေသည်ကို သူ သိနေသည်။

သို့သော် ထိုအကြောင်းများနှင့် ပတ်သက်၍ ရှင်းပြထားပြီး ပါသော်လည်း လက်ခံခြင်းမရှိသူ ဇနီးသည်အား စိတ်ပျက်လက်လျှော့ ခြင်းဖြင့် သူ ဥပေက္ခာပြုနေလိုက်ပါတော့၏။

သူ့ရင်ထဲတွင်ကား သား ဇော်ဇော်အတွက် အကောင်းဆုံး ဖြစ်စေမည့် အစီအစဉ်တွေကို သူ စဉ်းစားတွေးတောနေမိရပါသတည်း။

ဩော်. . .သားရယ်၊ ဖေဖေ စိတ်မကောင်းလိုက်တာ ဒါပေမယ့် သားရယ်၊ သားအားမငယ်ပါနဲ့ကွယ်၊ ဖေဖေဟာ သားရဲ့ အဖေအရင်းတစ်ယောက်လိုပဲ သားအပေါ် တာဝန်ကျေသွားမှာပါ။

သားကို ဖေဖေ ဘယ်တော့မှ မပစ်ပါဘူး သားရယ်၊ သားဟာ ဖေဖေရဲ့သားလို့ပဲ ဖေဖေမှတ်ယူပါတယ်ကွယ်၊ ဖေဖေ





အစီအစဉ်တွေအတွက် ဖေဖေဟာ သားကို ပညာတွေတတ်စေချင် လွန်းလို့ အကောင်းဆုံး သင့်တော်တဲ့နေရာကို ပို့လိုက်တာပါဆိုတဲ့ အသောကို သားခံယူပါသားရယ်၊ ဖေဖေ စိတ်မကောင်းလိုက်တာ သားရယ်. . .။

ဒေါက်တာမင်းညိုကား သူ၏မွေးစားသားလေး ဇော်ဇော် အတွက် စိတ်မချမ်းမြေ့စွာ ခံစားရင်း အတွေးများရှိနေရသည် ပေါ့တော့ပါလား။ ။



www.burmeseclassic.com

www.burmeseclassic.com

## – ရှစ် –

"ဆရာ. . ."

"ဩော်. .ထိုင်ပါ ခင်ဗျာ. . ."

ခေါ်လာသူကို ဒေါက်တာမင်းညို မော်ကြည့်ရင်း ဆိုလိုက်သည်။

အသားဖြူဖြူ အရပ်ပြတ်ပြတ်၊ ကိုယ်လုံးပြည့်ပြည့် တုတ်တုတ်ကလေးနှင့် ထိုအမျိုးသမီးကို သူ မြင်ဖူးသလိုလည်း ရှိသလိုကြောင့် သူမအား ကြည့်ရင်းမှ သူ စဉ်းစားကြည့်နေမိ၏။

"ဆရာ့ဆေးခန်းပိတ်ခါနီးအချိန်ကို ကျွန်မရွေးပြီး လာခဲ့တာပါ၊ ဆရာ ပြန်တော့မလားဟင်. . ."

သူ့ရှေ့တွင် တည်ငြိမ်စွာဝင်ထိုင်ရင်း အေးဆေးစွာ ပြောလာသည့် အမျိုးသမီးကိုကြည့်ပြီး ခုထိ သူ စဉ်းစားမရသေးဘဲ ရှိနေရချေ၏။

"ဩော်. .မပြန်သေးပါဘူးခင်ဗျာ၊ ကျွန်တော် စာရင်းလေး





ချုပ်စရာရှိသေးလို့ ဒီညနည်းနည်းနောက်ကျမှ အိမ်ပြန်ဖြစ်မှာပါ"

"ကျွန်မ ဆရာတို့နဲ့တစ်ဘက်ခြံမှာနေတဲ့ ဝင်းမာလေးပါ ဆရာ. . ."

"ဩော်. .ဟုတ်ပြီ၊ ဒါကြောင့် ကျွန်တော်လည်း စဉ်းစားနေတာ မြင်ဖူးပါတယ်လို့ အဟွန်း. .ဟွန်း. . ."

သူ၏ ကျက်သရေရှိစွာ ရယ်လိုက်သော မျက်နှာချောချောဆီ လေးသည် လေးစားစွာကြည့်လိုက်ပြီးမှ. . .

"ကျွန်မ ဆရာနဲ့ဆွေးနွေးချင်လို့ ခုလိုအေးအေးဆေးဆေး အချိန်ကို ရွေးပြီးလာခဲ့တာပါ. . ."

"ဟုတ်ကဲ့ ဆွေးနွေးပါခင်ဗျာ၊ ကျွန်တော် ဘယ်လို အကူအညီ ပေးရပါ့မလဲ. . ."

သူမမျက်နှာကို ဒေါက်တာမင်းညိုကြည့်ကာ ဆိုလိုက်သည် သူမမှာ ပြောရမည့်စကားအတွက် အားယူလိုက်ဟန်ရှိပြီးမှ. . .

"ကျွန်မက ဇော်ဇော့်ရဲ့ဆရာမလည်း ဖြစ်ပါတယ် ဆရာ"

"ဟုတ်ကဲ့. . ."

သားဇော်ဇော်၏နာမည်လေးကို စကားထဲထည့်ဆိုလာသဖြင့် ဘာမှန်းမသိဘဲ သူ 'ဟုတ်ကဲ့'လိုက်သည်။

"ဟို. .ဆရာရယ်၊ ကျွန်မပြောမယ့်စကားတွေဟာ ဆရာ့ကို များ ထိခိုက်စေမလားမသိဘူး၊ ကျွန်မစကားတွေ လွန်တယ်ဆိုရင် ဆရာ ကျွန်မကို ခွင့်လွှတ်ပါ. . ."

"ဟို. .ဒီက မဝင်းမာလေးရဲ့စကားကို ပြောပါဦးလေ၊



www.burmeseclassic.com

www.burmeseclassic.com



မဝင်းမာလေးပြောမယ့် စကားကိုလည်း ကျွန်တော် ကြားချင်ပါသေးတယ်၊ ပြောပါ. . ."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ. .ကျွန်မတပည့်လည်းဖြစ်တဲ့ ဆရာ့သား ဇော်ဇော့်ကို မွေးပါရစေဆရာ. . ."

"ဗျာ. . ."

မျက်ဝန်းအိမ်တို့ အနည်းငယ်ကျယ်ကာ သူ့ရှေ့ရှိ သူမကို ကြည့်မိလိုက်သည်။

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မ ဇော့်ကို သနားတယ်၊ တကယ်တော့ ဇော်ဇော်ဟာ ဉာဏ်ကောင်းပြီ သိပ်မွေ့တယ်၊ နောင်မှာ အလားအလာလည်း ရှိတဲ့ ကလေးတစ်ဦးဆိုတာ ကျွန်မ လေ့လာမိတယ်၊ ဒါကြောင့် ဒီကလေးရဲ့ ဘဝကို ကျွန်မကပဲ ရှေ့ဆက်တာဝန်ယူပါရစေလို့ ဆရာ့မှာ ခွင့်လာပန်ပါတာရှင့်. . ."

ဒေါက်တာမင်းညိုသည် မိမိဇနီးသည်၏ ရက်စက်သောအထင်အမြင် လွဲမှားသော အခြေအနေတို့၏စကားများ တစ်ခွန်းမျှ မပါစေရန် စကားကိုလှအောင် ပြောသွားသည့် ဝင်းမာလေးကို မျက်နှာပူစွာ ကြည့်မိရပြီးမှ. . .

"ကျွန်တော် ဆရာမကို မေးပါရစေ. . ."

"ဟုတ်ကဲ့ မေးပါ ဆရာ. . ."

"ကျွန်တော့်စကား ရိုင်းရင် ခွင့်လွှတ်ပါ. . ."

"ပြောပါ ဆရာ. . ."

"ဆရာမမှာ အိမ်ထောင်ရှိလား. . ."





"မရှိပါဘူး ဆရာ. . ."

ရှက်ဟန်လေးဖြင့် လေး ဖြေမိသည်။

"နောက်ကော အိမ်ထောင်မပြုဘူးလား. . ."

"ခုထိတော့ လေး မစဉ်းစားသေးပါဘူး. . ."

"ဆရာမမှာ မောင်နှမတွေကော. . ."

"လေးတစ်ယောက်ပဲ ရှိပါတယ်၊ လေးမိဘတွေက ရန်ကုန်မှာ နေကြတယ်၊ လေးလည်း ရန်ကုန်ကို နောက်လထဲ ပြောင်းရတော့မယ်လေ. . ."

"ဩော်. .ဟုတ်လား၊ ဒါနဲ့ ဆရာမမိဘတွေက ကလေးတစ်ယောက်မွေးစားဖို့ကို သဘောတူ ကြည်ဖြူနိုင်ပါ့မလား၊ ဒါလည်း စဉ်းစားပါဦးနော်. . ."

"ဒါက လေးသဘောတစ်ခုပါ ဆရာ၊ လေးမိဘတွေက အသက်ကြီးကြပါပြီ၊ လေးက အဖေမရှိဘူး၊ လေးအမေနဲ့ အဒေါ်အပျိုကြီးတစ်ယောက်ပဲ ရှိပါတယ်၊ လိမ္မာတဲ့ဇော့်ကို သူတို့လည်း ချစ်ကြမှာပါ၊ လေးတို့မှာ ကလေးမှမရှိဘဲ ဆရာ. . ."

လေးစကားများကို ဒေါက်တာမင်းညို စဉ်းစားလိုက်သည်။ အတန်ကြာသော်မှ. . .

"ဟင်း. .ကျွန်တော်က ကျွန်တော့်သားအတွက် စီစဉ်ထားတာက ခရစ်ယာန်ကျောင်းတစ်ကျောင်းကျောင်းမှာ သွားအပ်ထားဖို့ စီစဉ်ထားတယ်ဗျာ. . ."

"အို ဆရာရယ်၊ ဆရာ့အစီအစဉ်ကို မကောင်းဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



လေး မဆိုပါဘူး၊ ဒါပေမယ့် လေးတပည့်လည်းဖြစ်၊ ဖော့်အပေါ် သံယောဇဉ်လည်း ရှိနေပြီးသားဖြစ်တဲ့ လေးကိုသာ ဖော့်ကိုပေးပါလို့ လေးတောင်းပန်ပါရစေ ဆရာ. . ."

ဒေါက်တာမင်းညို တွေဝေနေမိသည်။ တွေဝေနေဆဲမှ သိရိ မျက်နှာကိုလည်း မြင်ယောင်နေမိရ၏။ သူ တွေဝေနေဆဲ လေး စကားတွေကို သူ ထပ်ကြားလိုက်ရသည်။

"ခုနပြောသလို ဆရာကျောင်းမှာ သွားအပ်ထားရင်လည်း ဆရာသွားပြီး ကြည့်နေရမှာပဲ မဟုတ်လား၊ အဲဒီအခါလည်း ဆရာ့ ဇနီးက ကြည်ဖြူချင်မှ ကြည်ဖြူဦးမှာ ဆရာ. . ."

"ခုလို ပြောရတာလည်း လေး အားနာပါတယ်၊ ဖော့်ကို လေးမွေးရမယ်ဆိုရင် ဆရာလာမကြည့်လည်း ရတယ်၊ စိတ်ချလက်ချ လည်း ရှိရမယ်မဟုတ်လား ဆရာ၊ လေးက ဆရာလာမကြည့်ချင် လည်း ရတယ်ဆိုတဲ့ သဘောကိုသာ ပြောတာပါနော်. . ."

"ဆရာမစကားတွေကို ကျွန်တော် နားလည်ပါတယ်ရှလ၊ ဒါပေမယ့် ကျွန်တော် ငယ်ငယ်ကတည်းက မွေးထားရတဲ့ကျွန်တော့် သားကို ဘယ်လိုလုပ်ပြီး ပြတ်ပြတ်တောင်းတောင်း ကျွန်တော် နေနိုင် မလဲဗျာ. . ."

"သားဟာ ကျွန်တော့်ရဲ့သား၊ ကျွန်တော်ဟာ သားရဲ့ ဖေဖေ ဆိုတာ သားတစ်သက် ကျွန်တော့်တစ်သက်လုံးအတွက်ပဲ ဖြစ်စေရ မယ်၊ အဲဒါ ကျွန်တော့်ရဲ့ဆန္ဒနဲ့ ဆုံးဖြတ်ချက်ပဲ ဆရာမ. . ."

သူတို့သဘောထားများအား တစ်ဦးနှင့်တစ်ဦး နားလည်





သဘောပေါက်စေရန် စကားရှည်ကြီးများနှင့် ပွင့်ပွင့်လင်းလင်းပင် ပြောဖြစ်လိုက်ကြသည်။

"ဟုတ်ကဲ့ ဆရာရဲ့စိတ်စေတနာနဲ့ ဆုံးဖြတ်ချက်တွေကို လေး နားလည်လက်ခံပါတယ် ဆရာ၊ လေးအနေနဲ့ ဒီထက် ရှင်းရှင်း ပြောရမယ်ဆိုရင် ဆရာ့ရဲ့ လောလောဆယ် အခက်အခဲလေးကို လေးက ခေတ္တတာဝန်ယူထားပါရစေလို့ပဲ ပြောပါရစေတော့ရှင်.."

"ဖော်ဖော် အရွယ်ရောက်လာတဲ့အခါကျတော့ ဆရာ့သား ဟာ ဆရာ့သားပါပဲလေ၊ ဆရာနဲ့ဆရာ့သားကို လေး ဘယ်တော့မှ စိတ်ဝမ်းကွဲအောင် မလုပ်ပါဘူး၊ အဆက်အသွယ် မဖြတ်ပါဘူးဆိုတာ သစ္စာရှိရှိ လေး ကတိပေးပါတယ် ဆရာ. . ."

"ဟင်း. . ."

စိတ်ထိခိုက်လှစွာ ဒေါက်တာမင်းညို သက်မချမိရပါ၏။

"စဉ်းစားပါ ဆရာရယ်. . ."

လေး အလေးအနက် ထပ်ဆိုလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော့်သားအတွက် ထပ်စဉ်းစားပါဦးမယ်ဗျာ"

"လေး နောက်လထဲ ရန်ကုန်ပြောင်းရတော့မယ် ဆရာ"

"ဟုတ်ကဲ့ ဆရာမအတွက် အချိန်မီ အဖြေပေးပါ့မယ်.."

"ကျေးဇူးတင်ပါတယ် ဆရာ၊ လေး ပြန်ပါဦးမယ်ရှင်. ."

"ကောင်းပါပြီ ဆရာမ. . ."

လေး ထွက်သွားသဖြင့် လှုပ်ရှားကာ ကျန်ရစ်သည့် ခန်းဆီး ဖြူဖြူကို သူ ငေးကြည့်နေမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်မျက်ဝန်းများမှာ ထိခိုက်ဝေသီနေကြသည်။ သူ့ရင်ထဲကား သားအတွက် စိတ်မကောင်းစွာ ဝမ်းနည်းခြင်းနှင့် ဇနီးသည်အား မကျေနပ်ခြင်းများ တစ်ပြိုင်တည်း ရောထွေးစွာ ခံစားနေမိရပါသတည်း။ ။

※ ※ ※



– ကိုး –

မန္တလေးဘူတာကြီးရှေ့သို့ အငှားကားလေးတစ်စီးသည် ညင်သာစွာ ရပ်သွားလိုက်သည်နှင့် ကားပေါ်မှ ပန်းဝါနှင့်အတူ အေးတို့နှစ်ယောက် ဆင်းလိုက်ကြပြီး . . .

"အေးရေ အလုပ်သမားတွေခေါ်မှ ဖြစ်မယ် . . ."

ကားဆရာကို ကားခငွေရှင်းပေးရင်း ပန်းဝါပြောလိုက်သဖြင့် နီးရာအလုပ်သမားတစ်ဦးကို အေးခေါ်ပြီး ကားပေါ်မှ ပန်းဝါ၏ သားရေသေတ္တာကြီးနှစ်လုံးကို သယ်စေလိုက်လေ၏။

"ပန်းဝါတို့ရောက်လာတာ အချိန်အတော်ပဲနော် အေး။ တွဲရှာရတာနဲ့ဆို ဒီအချိန်လောက် အသင့်တော်ဆုံးပဲ . . ."

ဘူတာကြီးထဲသို့ ဝင်ခဲ့ကြရင်းမှ ပန်းဝါစကားများကို နားထောင်လာသော အေးအေးမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခွဲရမှာ တကယ်စိတ်မကောင်းဘူးကွယ်၊ ပန်းဝါ [illegible] ရန်ကုန်က မိတ်ဆွေသစ်တွေနဲ့ ထပ်တွေ့ရင် အေးကို [illegible]. . ."

"အိုကွယ် အေးကလည်း ဒီလိုမပြောပါနဲ့၊ မင်းတိုက်မှာ အလုပ်စဝင်ကတည်းက အေးနဲ့ပဲ အတူနေလာခဲ့တာ၊ အေးကို မေ့မှာ မလားကွယ်၊ ရန်ကုန်ရောက်တော့လည်း မိတ်ဆွေသစ်က တစ်ကဏ္ဍပေါ့ အေးရယ်. . ."

"အင်းပေါ့လေ. .ပန်းဝါ အေးကိုမမေ့နဲ့နော်၊ အေးဆီကို တစ်လတစ်ခါ စာရေးသိလား. . ."

"ပန်းဝါကို စိတ်မကောင်းအောင် မပြောပါနဲ့ အေးရယ်၊ အေးဆီကို စာရေးမှာပေါ့၊ ခုလို အေးနဲ့ပန်းဝါတို့ရဲ့ ခွဲခွာခြင်းဟာလည်း ပန်းဝါတို့ဟာ ပျော်ရာမှာမနေရဘူး၊ သင့်တော်တဲ့ နေရာမှာ နေကြရပြီး တိုင်းပြည်ရဲ့ဝန်ကို ထမ်းဆောင်နေကြတယ်ဆိုတဲ့ အသိမျိုး ထားပါဦးနော် အေး. . ."

"အေးပါကွယ်၊ ကဲ ကဲ ဟိုအတွဲက ပန်းဝါစီးရမယ့် အတွဲပဲ၊ ကဲ အလုပ်သမားရေ သေတ္တာတွေ ချတော့၊ ကျွန်မတို့ဟာ ကျွန်မတို့တင်တော့မယ်. . ."

အလုပ်သမားခကို ရှင်းပေးပြီး ရထားပေါ်သို့တက် ကိုယ့်ထိုင်ခုံနံပါတ်ကို ရှာဖွေပြီးနောက် ပစ္စည်းတွေကို နေရာချထားလိုက်သည်။

"ပန်းဝါရယ် ပြောင်းရတော့လည်း လောလောဆယ်ကြီး





ကွယ်. . ."

"အေးကွယ်၊ ပန်းဝါတော့ ရထားပေါ်ရောက်နေတာတောင် မယုံချင်သလို ဖြစ်နေတယ်. . ."

"ကဲ. .မယုံမရှိပါနဲ့တော့၊ ရထားလည်း ထွက်ခါနီးနေပါပြီ. . ."

မကြာမီ ရထားထွက်တော့မည်ဖြစ်ကြောင်း ကြေညာသံကို ခရီးသွားများ ကြားလိုက်ကြရလေသည်။

"အေးရေ ရထားထွက်တော့မယ်. . ."

"ရထားထွက်သွားတဲ့အထိ သံဆန်ကာနားမှာ အေး စောင့်ကြည့်နေမယ်နော်. . ."

"အင်း. .အင်း. . ."

"ကမ္ဘာပေါ်မှာ အလှဆုံးလို့ ပြောရမယ့် အေးသူငယ်ချင်းရဲ့ မျက်နှာလေးကို တစ်ဝကြီးလှမ်းကြည့်နေမယ်သိလား. . ."

"အွှဟင်း. .ဟင်း. .အေးကကွယ်၊ တော်တော်စကားပြောတတ်တာပဲ. . ."

"အေးက တကယ်ပြောတာပါ ပန်းဝါရယ်၊ ကြည့်လေ ခရီးသွားတွေ မျက်လုံးတွေက ပန်းဝါဆီပဲ ရောက်ရောက်နေကြတာပဲ မဟုတ်လား. . ."

အေးစကားကို ပန်းဝါသည် အပြုံးနှင့် နှုတ်ဆိတ်နေမိလိုက်တော့သည်။

"ကဲ. .ပန်းဝါရေ ရထားထွက်တော့မယ်၊ အေး ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားနေလိုက်မယ်နော် . . .”

“ကောင်းပြီ အေး . . .”

သံဆန်ကာဘက်ရှိရာဆီသို့ အေး အပေါက်ဝမှ ထွက်သွားနေဆဲ ပန်းဝါသည် ရထားပြတင်းဆောင်ပေါ် မေးလေးထောက်လျက် ငေးကြည့်နေမိစဥ် . . .

“ဟင် . .ပန်းဝါ . . .”

“ဟင် . .ဆရာ . . .”

ဒေါက်တာမင်းညိုကို မြင်မိရလေတိုင်း ပန်းဝါမှာ လှုပ်လှုပ်ရှားရှားလေး ဖြစ်မိရသည်ပါ။ တစ်ချိန်တည်းလို ပန်းဝါ၏ မျက်ဝန်းလှလှလေးမှလည်း မျက်ရည်များလေလား အရည်ကြည်လေးများသည် ဝဲလည်လာရချေ၏။ ဒေါက်တာမင်းညိုသည် ရထားပေါ်မှ ပန်းဝါ မျက်နှာလေးအားမော့ကြည့်ရင်း . . .

“ပန်းဝါ . . .”

“ဆရာ . . .”

ပန်းဝါလက်ဖဝါးလေးတစ်ဘက်ကို သူ ကြင်နာစွာ ဆုပ်ကိုင်ပြီး ထပ်ခေါ်လိုက်သည်တွင် ပန်းဝါသည်လည်း သူ့လက်အား ကျစ်ကျစ်ပါစွာ ပြန်လည်ဆုပ်ကိုင်ထားလျက်မှ သူ့ကို ပြန်ခေါ်ပါလေ၏။

ပန်းဝါ၏ ရည်လည်နေသော မျက်ဝန်းများသည် သူ့အား စကားတွေ အများကြီး ပြောနေသယောင် သူ နားလည်နေမိရချေ၏။

ဒေါက်တာမင်းညိုသည် ပတ်ဝန်းကျင်အား တစ်ချက်မျှ





သတိထားလိုက်ရင်းက . . .

“ပန်းဝါ ရန်ကုန်လားဟင် . . .”

“ဟုတ် . .ဟုတ်ပါတယ် ဆရာ၊ ဆရာကောဟင်၊ ရန်ကုန်သွားမလို့လား . . .”

“ကျွန်တော်မသွားပါဘူး ပန်းဝါ၊ ကျွန်တော့်သားကို လိုက်ပို့တာပါ . . .”

“ရှင် ဆရာ့သား . . .”

ပန်းဝါ နားမလည်သလို ဆိုကာ သူ့မျက်နှာကို ကြည့်နေမိလိုက်သည်။

“အဟွန်း . . .”

သူသည် တစ်ချက်မျှ လွန့်လွန့်ပြုံးလိုက်ပြီး . . .

“ပန်းဝါ မျက်စိလည်သွားပြီထင်တယ်၊ ကျွန်တော့်ရဲ့ ဒူးမနာသားလေ ပန်းဝါရဲ့ . . .”

“သြော် . . .”

“သြော်”ဟုဆိုသော ပန်းဝါ၏မျက်နှာလေးမှာ နွမ်းယဲ့ယဲ့ရယ်ရှိချေ၏။

“ပန်းဝါ . . .”

“ရှင် . . .”

“ပန်းဝါကို ကျွန်တော်မြင်နေရတာ တစ်မျိုးပဲလားလို့ . .”

ဒေါက်တာမင်းညိုစကားကြောင့် ပန်းဝါတွေဝေသွားလေးတစ်ချက် [illegible]လိုက်ပြီး မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ ခံစားမှုတွေကြောင့် မေ့လျော့ကာ ဆုပ်ကိုင်ထားမိသော ဒေါက်တာမင်းညို့ လက်ကိုလည်း သတိတရ ပန်းဝါ ဖြေလွှတ်လိုက်လေသည်။

ဒေါက်တာမင်းညိုမှာ ပန်းဝါအား စူးစိုက်ကြည့်နေမိသေးက-

"ပန်းဝါ. .ပန်းဝါမျက်လုံးလေးတွေက ကျွန်တော့်ကို စကားတွေ ပြောနေသယောင်ပဲ. . ."

"ဟုတ်ပါတယ် ဆရာ၊ ပန်းဝါ စကားတွေအများကြီး ပြောချင်နေပါတယ်၊ ဒါပေမယ့်. . ."

ပန်းဝါ စကားကိုမဆက်။

ပတ်ဝန်းကျင်မှ ခရီးသည်များနှင့် အချိန်လည်းမရှိတော့သည်ကို ဒေါက်တာမင်းညို သဘောပေါက်မိလိုက်စဉ် ခဏ ထွက်ရန် နာရီစေ့ပြီဖြစ်၍ ရထားဘီးသည် ငြိမ့်ခနဲလိမ့်ကာ မန္တလေးဘူတာကြီးမှ စတင်ထွက်ခွာလေပြီဖြစ်၏။

ဒေါက်တာမင်းညိုသည် ခြေလှမ်း သုံးလေးလှမ်းစာမျှ လိုက်မိရပြီး. . .

"ပန်းဝါ အခု ရန်ကုန်ကိုအလည်ပဲလား၊ တစ်ယောက်တည်းလားဟင်. . ."

"ဟုတ်ပါတယ် ပန်းဝါတစ်ယောက်တည်းပါဆရာ၊ ရန်ကုန်ကို ပန်းဝါ အလည်သွားတာ မဟုတ်ပါဘူး ဆရာ၊ အလုပ်နဲ့ ပြောင်းရတာပါ. . ."

"ဗျာ. . ."





ရထားသည် အနည်းငယ်အရှိန်ဖြင့် ထွက်ခွာနေပေပြီ။ ဒေါက်တာမင်းညိုကား မှင်တက်အံ့သြမှုများစွာတို့ဖြင့် ခြေစုံရပ်ကာ ကျန်ရစ်ခဲ့လေပြီ။

ထို့အတူ သံဆန်ကာအပြင်ဘက်မှ အေးအေးသည်လည်း ချယ်ချင်းပန်းဝါနှင့် ဒေါက်တာမင်းညိုတို့အား နားမလည်စွာ မှင်တက် ငေးမောကြည့်နေဖြစ်ရပါလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ် -

ဒေါက်တာမော်ကွန်းသစ်သည် သူငယ်ချင်းဒေါက်တာမင်းညို ပြန်လာမည့်လမ်းဆီသို့ မကြာခဏလှမ်းကာ ကြည့်နေမိရင်းမှ မဂ္ဂဇင်း တစ်အုပ်ကို ကြည့်နေလိုက်လေ၏။

အချိန်အနည်းငယ်အတွင်း မဂ္ဂဇင်းစာအုပ်ထဲသို့ သူ စိတ်ဝင်စားသွားရသည့်အဖြစ်ကြောင့် သူသည် သူ့ရှေ့တည့်တည့်တွင် လာရောက်ရပ်နေလေသော တစ်ဦးတစ်ယောက်အား သတိမထားမိလိုက်ရပါပေ။

"ဒီက. .ရှင်. . ."

"ဗျာ. . ."

ချိုလွင်လွင် အသံအေးမြမြလေးအား သတိအာရုံတွင် ခံစားသိရှိလိုက်ရလေမှ ဒေါက်တာမော်ကွန်းသည် ဖျတ်ခနဲ ခေါင်းမော့ အကြည့်နှင့်အတူ 'ဗျာ'ဟု တစ်ခွန်းတည်းဆိုကာ သူမအား သတိလက်





လွတ် ငေးမောမိသွားရပြန်ပါတော့၏။

"အို. .သူ. . ."

ဒေါက်တာမော်ကွန်း၏ ငေးမောနေသော အကြည့်၏ သည်မှာတက် အသိစိတ်၌မူကား သူမအား သူသည် မြင်ဖူးတွေ့ဖူးထားပြီး၍ လွန်စွာမှထပ်ပြီး တွေ့ချင်မြင်ချင်သူလေးအား ယခုမှ တစ်ကြိမ်ပြန်လည်ကာ တွေ့ရှိလိုက်ရခြင်းကြောင့် ဝမ်းမြောက်အားရစွာ သူ့ရင်ထဲမှ ခေါ်ဆိုမိလိုက်ရပါသတည်း။

သို့သော် ဒေါက်တာမော်ကွန်းသစ်သည် သူမအား စကားဆိုမိ။ သတိကင်းလွတ်သူပမာ ငေးမောကြည့်နေမိရသော်ငြား သူ့ရင်ထဲကား ဆုံးရှုံးမှုတစ်ရပ်၏ ဝမ်းနည်းခြင်း ကုဋေကုဋာနှင့် ရှိရလေပြီ မဟုတ်ပါလား။

မှန်၏။ အဘယ်ကြောင့်ဆိုသော် သူမကား ခုနစ်လ ရှစ်လခန့်ဟု ခန့်မှန်းရသော ဗိုက်ဝန်းစိုပြည်နေသည့် အဆင်းနှင့် မိခင်လောင်းတစ်ဦးဖြစ်နေရရှာလေခြင်းကြောင့်ပါတည်း။

"ဒီက. .ရှင်. . ."

သူ့အကြည့်များကြောင့် နေရခက်သွားဟန်ကလေးဖြင့် သူမမှာ ထပ်၍အသံပြုခေါ်လိုက်လေမှ ဒေါက်တာမော်ကွန်းသည် သူ့အပြုအမူများ လွန်စွာမှရိုင်းပျသွားရသည့်အဖြစ်အား သတိထားမိသွားရကာ သူသည် ဘရိတ်အုပ် ဣန္ဒြေဆည်လိုက်ရရင်းက. . .

"သြော်. .ဟုတ်ကဲ့ ပြောပါခင်ဗျာ. . ."

"ကျွန်မ ဆရာနဲ့တွေ့ချင်လို့ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. .ဗိုက်ပြချင်လို့လား. . ."

"ဟုတ်ကဲ့၊ ဒေါက်တာမင်းညို ရှိတယ်မဟုတ်လားဟင်"

လူနာစမ်းသပ်ခန်းထဲ လှမ်းကြည့်လိုက်ရင်း သူမ မေးလိုက်သဖြင့်. . .

"သူ မရှိဘူးခင်ဗျ၊ သူ့ကိုယ်စား ကျွန်တော် ဆေးခန်းထိုင်နေပါတယ်၊ ကျွန်တော်က ဒေါက်တာမော်ကွန်းသစ်ပါ. . ."

"ရှင်. .၊ သူ ဘယ်သွားလဲဟင်. . ."

သူ့စကားကြောင့် အံ့သြသွားရရင်းမှ သူမတစ်ဆက်တည်း ဒေါက်တာမင်းညိုကို မေးလိုက်သည်။

ဒေါက်တာမော်ကွန်းသည် သူမ၏ မျက်နှာလေးအား စူးစိုက်ကြည့်လိုက်မိရပြီးမှ. . .

"သူ့ဆေးခန်းမှာ လုပ်နေတဲ့ အလုပ်သမားလေးရဲ့အမေ နေမကောင်းလို့ တောကို ခဏလိုက်သွားတယ်၊ သူ ပြန်အလာကို စောင့်ရင် စောင့်လေ၊ နည်းနည်းတော့ မိုးချုပ်မယ်. . ."

သူ ပြောလိုက်သော စကားကြောင့် သူမ အားနာသွားဟန်တူပါသည်။ သူမမျက်နှာလေး လွန့်လွန့်ပြုံးသွားရပြီး . . .

"ဩော်. .ဟို ဒီကဆရာနဲ့လည်း ဖြစ်ပါတယ်ရှင်၊ သူ့ကို မစောင့်တော့ပါဘူး. . ."

"ဒါဖြင့် ဝင်ပါ. . ."

စမ်းသပ်ခန်းထဲသို့ သူမ ဝင်နိုင်စေရန် သူကိုယ်တိုင် ခန်းဆီးစလေးအား လှစ်ဟဖွင့်ပေးမိလိုက်လေသည်။





"ကဲ. .အိပ်လိုက်နော်. . ."

သူ့အသံတွေ အလိုအလျောက် ကြင်နာဟန်တွေ ဝင်စွက်နေပေ၏။ စမ်းသပ်ခုတင်ပေါ် သူမ တက်အိပ်လိုက်ပြီးသည်နှင့်..

"ဘာဖြစ်လဲဟင်၊ ဗိုက်အနေအထား မကောင်းလို့လား"

သူမဗိုက်အနေအထားကို စမ်းကိုင်ကြည့်ရင်း သူ မေးကြည့်မိသည်။

"ကောင်းတော့ ကောင်းတယ် ထင်တာပဲဆရာ၊ ဒါပေမယ့် နည်းနည်းများ ကျွန်မနေရကျပ်ချင်လားလို့ စိတ်ထဲ တစ်မျိုးဖြစ်ပြီး ဆရာ့ဆီလာပြတာပါ. . ."

"ဩော်. .ဒါက လရင့်လာတော့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့ဗျာ၊ ဒါ သားဦးလားဟင်. . ."

"ဟုတ်ပါတယ် ဆရာ . . ."

"ခုနစ်လကျော်ကျော်လောက် ရှိပြီပဲ. . ."

"ဟုတ်ပါတယ် ဆရာ၊ ရှစ်လထဲ ဝင်နေပါပြီ. . ."

"အင်း သားဦးဆိုတော့ နည်းနည်း ဂရုစိုက်ရတာပေါ့ဗျာ၊ ကဲ. .သွေးပရက်ရှာတွေ တိုင်းကြည့်ရအောင်နော်. . ."

သူဆိုရင်း လိုအပ်သည်တို့ကို လုပ်ပေးလိုက်သည်။

"မဆိုးပါဘူး၊ အားလုံးကောင်းသားပဲ၊ ကလေးလည်း အနေအထား မှန်ပါတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့. . ."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မက ဒေါက်တာမင်းညိုအလာကို စောင့်နေတာ၊ ဆရာကမလာတော့ ဆေးခန်းကို ကျွန်မပဲလာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆရာ တောလိုက်သွားမှန်းမှ မသိဘဲ. . ."

သူမ ထထိုင်ရင်း ပြောလိုက်သည်။

"ဖြည်းဖြည်းဆင်းဦးနော်. . ."

ခုတင်ပေါ်မှ သူမအဆင်း အလိုလို သူ စိုးရိမ်စိတ်တွေဝင်မိရကာ သူမလက်ကလေးအား ဖေးမကိုင်တွယ်ပေးမိလိုက်၏။

"ရပါတယ် ဆရာ၊ ကျေးဇူးတင်ပါတယ်ရှင်. . ."

"ဒါနဲ့ ကိုမင်းညိုနဲ့ ရင်းနှီးနေတယ်ထင်တယ်နော်. . ."

"ဟုတ်ကဲ့ ကျွန်မနဲ့ ဆရာနဲ့က ဆရာကို ဒီကိုစပြောင်းလာပြီး ဆေးရုံမှာ အတူတူ အလုပ်လုပ်ကြကတည်းက ရင်းနှီးပြီးသားပါ ဆရာ. . ."

"ဟင်. .ခင်ဗျားက ဆေးရုံမှာ လုပ်ခဲ့သေးလား. . ."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ ဘလူးစတား(ဖ်)ပါ၊ အိမ်ထောင်ပြုတော့မှ အလုပ်ထွက်လိုက်ရတာပါ. . ."

"သြော် .ဟုတ်လား၊ ဒါကြောင့် ကျွန်တော် ဒီဆေးရုံရောက်တော့ ဆရာမနဲ့ မတွေ့ကြတာပေါ့နော်. . ."

"အဟင်း ဟုတ်ကဲ့၊ ဆရာကိုလည်း ပြောင်းလာတဲ့ ဆရာဝန်မှန်း မသိဘူးလေ. . ."

"ဆရာဝန်မှန်းမသိပေမယ့် ကျွန်တော့်ကိုတော့ ဆရာမ မှတ်မိနေလား. . ."

"ဟုတ်ကဲ့၊ မနှစ်တုန်းက သောင်ခုံမှာ ကျွန်မတို့တွေ့ဖူးထားကြတယ်လေ. . ."





သူမစကားကြောင့် သူ့ရင်ထဲ ပျော်သလိုရှိသွားရလေသည်။ မနှစ်တုန်းကတည်းက တွေ့ဖူးခဲ့သည့် သူ့အား သူမ မှတ်မိနေသားပဲဟု တွေးစိတ်နှင့်ရယ်ပါ။ စမ်းသပ်ခန်းထဲမှ မထွက်ဖြစ်ကြသေးဘဲ စကားတွေရပ်ကာ ပြောနေဖြစ်ကြသည်။

"အဲဒီတုန်းက ဆရာမ အိမ်ထောင်ကျပြီလားဟင်. . ."

ဘာရယ်ကြောင့်မသိ၊ သူ ထိုစကားကို တလေးတမြတ်မေးမိရလေသည်။

"မကျသေးပါဘူး ဆရာ၊ ယူတော့မယ့်ဆဲဆဲပေါ့ရှင်. ."

"သြော်. . ."

ထို 'သြော်'နှင့်အတူ သူ့ရင်မှာ ဟာလုပ်သွားရချေ၏။

"သောင်ခုံက လှလည်းလှတယ်၊ ပျော်စရာလည်း ကောင်းတယ်နော် ဆရာမ. . ."

သူ့စကားတွေ ဟိုရောက်သည်ရောက် ဖြစ်နေသည်။ သူမနှင့်စကားပြောရသည်ကို သူ ကြည်နူးပျော်ရွှင်နေမိသလို ရှိနေရသည် မဟုတ်ပါလား။

"ကျွန်မနာမည် မေပန်းဝါပါ ဆရာ. . ."

"မေပန်းဝါ. . ."

"ဟုတ်ကဲ့. . ."

"နာမည်လေးက လှတယ်ဗျာ. . ."

"ဆရာက ကျွန်မနာမည်ကို ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



'လူကလည်း ကျွန်တော်မြင်ဖူးခဲ့တဲ့ မိန်းမလှတွေထဲမှာ အလှဆုံးပါပဲဗျာ'ဟု နှုတ်ဖြင့်မဆိုသာသည့် ထိုစကားအား သူ့ရင်ထဲမှ ဆိုနေမိရချေ၏။

နားကျပ်ကို လည်ပင်းမှာ ခေါက်ဆွဲထားရင်း လက်ပိုက်လျက် အနေအထားမှ သူမတစ်ကိုယ်လုံးအား သူ ငေးမောကြည့်မိရလေ၏။

သူ့အကြည့်အောက်၌ သူမ မျက်လွှာလေး ချသွားလိုက်ရပြီး. . .

"အပြင်မှာ အတော်လေးမှောင်နေပြီထင်တယ် ဆရာ၊ ကျွန်မ ပြန်ပါဦးမယ်. . ."

"ဪ. .ဟုတ်ကဲ့. . ."

သူမနှင့်အတူ ရှေ့နောက်ဆင့်ကာ လူနာစမ်းသပ်ခန်းထဲမှ ထွက်ခဲ့ကြစဉ် အိမ်ရှေ့သို့ ဂျစ်ကားတစ်စီး ထိုးရပ်လာသည်နှင့် တစ်ချိန်တည်း ဖြစ်သွားရသည်တွင် ပန်းဝါကော သူပါ အိမ်ရှေ့သို့ အကြည့်များ တစ်ပြိုင်တည်း ကျရောက်သွားရပြီး. . .

"ဟော. .ဆရာ ပြန်လာပြီ. . ."

ချိုမြကြည်လင်သော အပြုံးလေးနှင့် ပန်းဝါ ဆိုလိုက်သည်တွင် သူသည် ဂျစ်ကားပေါ်မှ ဆင်းလာသော သူငယ်ချင်း ဒေါက်တာမင်းညိုအား အပြုံးများနှင့်ပင် လှမ်းကာ ကြည့်နေမိလိုက်ပါ၏။

"ဟား. .ပန်းဝါ ဆေးခန်းကိုလာတယ်. . ."

ပန်းဝါကိုပြောရင်း ဒေါက်တာမင်းညို အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။





ဒေါက်တာမင်းညို မျက်လုံးများမှာ တွဲလျက်ရပ်နေကြသည့် ပန်းဝါနှင့် သူ့ဆီသို့ အကြည့်တစ်မျိုးနှင့် ရောက်ရှိနေရတော့သည်။

"လာရတာပေါ့ ဆရာရယ်၊ ဆရာက ရောက်ချိန်တန်လို့မှ မရောက်လာဘဲရှင်. . ."

"ကျွန်တော် မမေ့ပါဘူးဗျာ၊ ဒီမှာ အရေးပေါ်ကြောင့်. ."

"ပန်းဝါသိပြီးပါပြီ၊ ဒီကဆရာ ပြောပြတယ်လေ. . ."

သူ့ဘက်အပြုံးနှင့် လှည့်ကြည့်ပြီး ပန်းဝါ ဆိုသည်။

"မော်ကွန်းရေ. .ပန်းဝါကို စမ်းသပ်ကြည့်တာ အခြေအနေ ဘယ်လိုရှိလဲ. . ."

"အားလုံး အိုကေပါပဲ. . ."

သူ့စကားအဆုံး မင်းညို သူ့ကိုကြည့်သော မျက်လုံးအကြည့်အား သူ နားမလည်မိပါလေ။

သူ့ကိုကြည့်သော မင်းညို၏ မျက်လုံးများမှာ ရွှန်းစို တောက်ပနေလျက် အဓိပ္ပါယ်တစ်မျိုးလည်း ရှိနေကြောင်း သူ မသိခဲ့။

မင်းညိုသည် တစ်ချိန်လုံးလိုလို သူနှင့် ပန်းဝါတို့အား မသိမသာ ကြည့်ကာကြည့်ကာ ရှိနေခဲ့လေသည်။

"ဒါနဲ့ ပန်းဝါတစ်ယောက်တည်း လာတာလား. . ."

သူနှင့် ပန်းဝါနှစ်ယောက်တည်းသာ တွေ့နေရသောကြောင့် မေးလိုက်သော မင်းညို၏မေးခွန်းပါ။

"ဟုတ်ကဲ့ ဆရာ၊ ပန်းဝါတစ်ယောက်တည်းပါ. . ."

"ကိုချစ်သက်လူကော. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူ ခရီးထွက်သွားတယ် ဆရာ. . ."

"ဪ. .ဟုတ်လား၊ ဒီကို ဘယ်သူလာလိုက်ပို့လဲ. . ."

"ပန်းဝါ လမ်းလျှောက်လာတယ်လေ. . ."

"အပြန်က မှောင်နေပြီပဲ. . ."

"ဟုတ်တယ်. . ."

ပန်းဝါနှင့် စကားပြောရင်း မင်းညို သူ့ဘက်ကို လှည့်ကြည့်သည်။ မင်းညိုသည် သူ့အား အသေအချာကြည့်နေလိုက်ပြီးမှ. .

"ကဲ. .မော်ကွန်းရေ၊ ပန်းဝါ အပြန်သိပ်မှောင်နေပြီကွာ၊ မင်းပြန်ရမှာနဲ့အတော်ပဲဆိုတော့ ပန်းဝါကို လိုက်ပို့လိုက်ကွာ. . ."

မင်းညိုပြောလိုက်သော စကားအတွက် သူ ကျေးဇူးတင်သွားမိသည်။

သူကိုယ်တိုင်က ပန်းဝါအား လိုလိုချင်ချင် လိုက်ပို့ချင်နေရသူမဟုတ်ပါလား။

"အားနာလိုက်တာ ဆရာရယ်. . ."

"အားမနာရပါဘူးဗျာ၊ မင်းညိုနဲ့ကျွန်တော်က ညီအစ်ကိုလိုနေတာပါ၊ မင်းညိုကို ရင်းနှီးသလိုပဲ ကျွန်တော့်ကိုလည်း ခင်မင်ပါ ခင်ဗျာ. . ."

သူနှင့်ပန်းဝါ စကားများပြောနေစဉ် မင်းညိုသည် အဓိပ္ပါယ်များစွာရှိနေသော မျက်ဝန်းတို့နှင့် ကြည့်နေသည်ကို သူ နားမလည်စွာ မြင်တွေ့ခဲ့ရသည်။

"ကဲ. .မော်ကွန်းရေ သွားတော့၊ ပိုမှောင်လာဦးမယ်. . ."





"ကောင်းပြီ၊ သူငယ်ချင်းလည်း ခရီးပန်းလာတာ အနားယူတော့. . ."

"ဆရာ ပန်းဝါပြန်မယ်နော်. . ."

"ဟုတ်ကဲ့ ကောင်းပါပြီ. . ."

မင်းညိုကို နှုတ်ဆက်ခဲ့ပြီး သူမောင်းလာသည့် ဂျစ်ကားနှင့်ပင် ပန်းဝါကိုခေါ်၍ သူ မောင်းထွက်လာခဲ့လိုက်၏။

"ဟင်း. . ."

ကားမောင်းနေဆဲမှ ဒေါက်တာမော်ကွန်းသည် သက်ပြင်းမောတစ်ချက်ကို ချလိုက်လေ၏။

အတိတ်၏ပန်းချီကားတစ်ချပ်အား သူ လှစ်ဟကြည့်မိပြီးစဉ်အခိုက် ရင်ခွင်နာကျင်မောပန်းမှုသည် အစဉ် အမြဲကျန်ရစ်ရဆဲပါ။

"ပန်းဝါရယ်. . ."

လွမ်းမောစွာ တီးတိုးခေါ်မိသည်။

ပန်းဝါရေ. .တစ်ဆောင်းသစ်ပြန်ပါပြီကွယ်၊ ရာသီတွေအလီလီပြောင်းပြီး နှစ်တွေအခါခါ ပြောင်းလဲကုန်ဆုံးခဲ့ပေမယ့် ကျွန်တော့်ရဲ့ခံစားမှုဝေဒနာကဖြင့် မယိုမယွင်းမပျက်မသုဉ်းဘဲ ခိုင်မြဲတဲ့ အုတ်မြစ်ကြီးတစ်ခုလိုပဲ ကျန်ရှိနေဆဲပါ ပန်းဝါ. . .။

ပန်းဝါရယ် အတိတ်က ရှုခင်းတွေကို တသသနဲ့ ကျွန်တော် အစဉ်အမြဲ မြင်ယောင်နေမိရတယ်ဗျာ၊ လွမ်းတယ် ပန်းဝါရယ်၊ ကျွန်တော် လွမ်းလိုက်တာ၊ ဟင်း. . .။

ဒေါက်တာမော်ကွန်းကား မနေးမမြန်သော ကားရှိန်နှုန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ မြင်ယောင်လာမိရုံသော အတိတ်ပန်းချီကားများနှင့် ရင်တွင်းမှ လွမ်းရှူးသံစဉ်များအား ရပ်တန့်ဖြတ်တောက်ကာ သူ၏ကားလေးအား တာဝန်ကျရာ ဆေးရုံဝင်းကြီးထဲသို့ ချိုးကွေ့မောင်းဝင်လိုက်ရပါတော့သတည်း။

× × × × ×

ဆေးရုံကြီး၏ ဒုတိယထပ်ပေါ်သို့ ပန်းဝါ တက်ခဲ့လိုက်လေသည်။ ဆရာဝန်တစ်ဦးနှင့်အတူ လူနာဆောင်များသို့ ရောင်းလှည့်ကြည့်ရှုရဦးမည်ဖြစ်သောကြောင့် ပန်းဝါသည် ဆရာဝန်များအခန်းဆီသို့ ထွက်လာခဲ့ခြင်းပါ။

လူနာဆောင်အခန်းများအား ဖြတ်ကျော်လျှောက်လာခဲ့စဉ် ရှေ့ခပ်လှမ်းလှမ်းမှ ကျောပေးကာ လက်ထဲတွင် အတက်ချိုကော့စ်လေးဆွဲလျက် လျှောက်လှမ်းနေသော ဆရာဝန်တစ်ဦးအား ပန်းဝါမြင်မိရခိုက် ပန်းဝါရင်ထဲနှလုံးသားသည် သိမ့်ခနဲညင်ညင်မျှ လှုပ်ရှားမှုလေး ဖြစ်တည်သွားရကာ. . .

ပန်းဝါသည် ခပ်လှမ်းလှမ်းရှေ့တူရူမှ ဆရာဝန်အား လှမ်းကာ ငေးကြည့်နေမိရပါတော့သတည်း။ ဆရာဝန်သည် နက်ပြာရောင် ဘောင်းဘီနှင့် အင်္ကျီဖြူဝတ်ထားသဖြင့် နောက်ကျောဘက်အမြင်သည် ရှင်းသန့်ကြည်လင်နေရပေ၏။

ပန်းဝါသည် ရှေ့လှမ်းလှမ်းမှ ထိုဆရာဝန်အား ကြည့်နေမိရဆဲ သူမအသိနှင့် မျက်ဝန်းထဲတွင်ကား တစ်ချိန်တစ်ခါက တစ်နေရာ





တွင် အတန်အသင့် သိကျွမ်းရင်းနှီးခဲ့ရလေသော 'သူ'တစ်ဦးအား အမှတ်တရ အစားထိုးဝင်ရောက်မြင်ယောင်နေမိရပါသတည်း။

မှန်၏။ ထိုသူကား 'ဒေါက်တာမော်ကွန်းသစ်'။ တစ်ချိန်တုန်းဆီက လမိုင်းမြို့၏ သောင်ခုံနေရာလေး၌ ပထမဦးစွာ သူနှင့်ဆုံတွေ့ခဲ့ရစဉ်ထဲမှ သူ၏ စိတ်ဝင်စားမှုအကြင်နာ မျက်ဝန်းများအကြည့်နှင့် ခန့်ညားချောမောသော သူ့အသွင်။

ပြီးတော့ ကြည်လင်ပြတ်သား၍ ကြင်နာစကားများ ဆိုခဲ့လေသော သူ့အသံ၊ သူ့ဟန်တို့အား ထိုစဉ်ကတည်းက ပန်းဝါသည် ခွဲမိလေခဲ့သယောင်ကြောင့် သူ့အား ထာဝရယနေ့တိုင် အမှတ်တရ သတိရနေရဆဲ မဟုတ်ပါတကား။

အတိတ်မှ သူ့ဆီသို့ ပန်းဝါစိတ်များ တစ်ချက်ရောက်သွားရခိုက် ရှေ့မှဆရာဝန်အား ပန်းဝါ လှမ်းကြည့်မိလိုက်စဉ် ဆရာဝန်သည် သူနှင့်သက်ဆိုင်ရာ အခန်းထဲသို့ ချိုးကွေ့ဝင်ရောက်သွားလိုက်လေပြီ ဖြစ်ချေ၏။

ဟင်း. .ဒေါက်တာမော်ကွန်းသစ်ရယ်၊ ရှင်နဲ့တူလိုက်တာ၊ နှစ်ပေါင်းတွေ ဘယ်လိုပဲကြာခဲ့ ကြာခဲ့ ရှင့်ရဲ့ခန္ဓာအစိတ်အပိုင်းလှုပ်ရှားမှုတွေကို ပန်းဝါ မမေ့ပျောက်ပါဘူး. . .။

ဘယ်သူမှ မသိရလေအောင် ပန်းဝါရင်ထဲမှာလေ ရှင့်ကို တိတ်တခိုးစွဲလမ်း အမှတ်ရနေမိပါရဲ့ရှင်၊ ဆရာရယ် ခုများတော့ ပန်းဝါအဖြစ်တွေကို မြင်လှည့် မေးစမ်းလှည့်ကြပါဦးရှင်. . .။

ခြေလှမ်းများသယ်ဆောင်ရာ ရှေ့လျှားရင်းဖြင့် အတွေးများ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲထည့်မိလေရာ ပန်းဝါမျက်ဝန်းလှလှလေးထဲ အရည်ကြည်လေးများ ဖွဲ့လျှံပြည့်အိနေရပေတော့၏။

ဆရာဝန်များအခန်းဆီသို့အရောက် အခန်းထဲသို့ ပန်းဝါ ဝင်လိုက်လေသည်။ အခန်းထဲတွင် ဆရာဝန် တစ်ယောက်နှစ်ယောက်ကို ပန်းဝါ တွေ့လိုက်ရသည်။

အခန်းထဲသို့ ပန်းဝါဝင်ခဲ့လိုက်စဉ် ဆရာဝန်တစ်ဦးမှာ စားပွဲတွင်ထိုင်၍ စာရေးနေပြီး ကျန်တစ်ယောက်မှာ နားကျပ်ကလေး ယူပြီး အပြင်သို့ထွက်မည့်ဆဲဆဲ ပြင်နေသဖြင့် ပန်းဝါသည် မိမိနှင့် အတူလှည့်ရမည့် ဆရာဝန်ပေလားဟု အတွေးနှင့် ထိုဆရာဝန်အား လှမ်းကြည့်မိရပြီး. . .

"ဆရာ အမျိုးသမီးဆောင်ကို ရောင်းလုပ်မှာလားဟင်. ."

"ဪ. .မဟုတ်ဘူး ဆရာမ၊ ကျွန်တော် အမျိုးသားဆောင်ပါ၊ အမျိုးသမီးဆောင်က ဟိုမှာဒေါက်တာမော်ကွန်းသစ်လေ၊ ခွင့်ပြုပါဦးနော်. . ."

ထိုဆရာဝန်စကားကြောင့် ပန်းဝါမှာ စာငုံ့ရေးနေသော ဆရာဝန်အား လှမ်းကာလှည့်ကြည့်မိလိုက်သည်တွင် ပန်းဝါရင်ထဲနှလုံးသားလေးကား သိမ့်သိမ့်ျလှုပ်ရှား ရှိနေရပါလေတော့သတည်း။

ဪ. .သူပဲကိုး. . .

ရင်ထဲ၌ ဆိုညည်းကာ တိတ်တဆိတ် ပန်းဝါရပ်ကြည့်နေလိုက်မိလေ၏။ အလုပ်ထဲစိတ်ဝင်စားနေလေသော ဒေါက်တာမော်ကွန်းသစ်မှာ ဆောဆောက စကားသံများအား သူဂရုမထားမိလိုက်





ဘဲရှိနေ၍ လုပ်လက်စအလုပ်လေး အပြီးသတ်စေရန် စာကိုသာငုံ့ကာ ဆက်ရေးနေရင်းမှ. . .

"ဆရာမရေ ခဏစောင့်ပါဦးနော်၊ ပြီးပါပြီ. . ."

သူ မော့မကြည့်ဖြစ်ဘဲ ဆိုလိုက်သည်။ တိတ်ဆိတ်စွာ ပန်းဝါ ရပ်လျက် သူ့ကိုစောင့်နေလိုက်၏။ တစ်အောင့်လေးမျှကြာသော် ဒေါက်တာမော်ကွန်းသည် ဖိုင်ကိုပိတ်ပြီး ဘောလ်ပင်လေးကို ချလိုက်သည်။

ပြီးသည်နှင့် တစ်ဆက်တည်း စားပွဲပေါ်မှ နားကျပ်ကိုယူကာ ထိုင်ရာမှအထ၊ သွားမည့်ဟန်ပြင်ရင်း ရည်မွန်သော အားနာပြုံးလေးဖြင့် ဆရာမအား လှမ်းကြည့်မိခိုက်. . .

"ဟင်. . ."

သူသည် တစ်ကိုယ်လုံး ဓာတ်လိုက်သွားရသကဲ့သို့ တုန်ချင်သွားသလိုရှိကာ ရင်ထဲအံ့သြခြင်း၊ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းထိခိုက်မှုများ တစ်ပြိုင်တည်း ဖြစ်ပေါ်ခံစားနေမိရခြင်း များစွာတို့ဖြင့် ဒေါက်တာမော်ကွန်းသည် သူမအား စက္ကန့်လေးများ အတန်ကြာကြာမျှ ငေးမောကြည့်နေမိရပြီးလေမှ. . .

"ပန်း. .ပန်းဝါပါနော်. . ."

"ဆရာ မှတ်မိသားပဲနော်. . ."

တည်ငြိမ်သော အပြုံးလေးဖြင့် ပန်းဝါဆိုလေသော် သူ့ရင်သည် စစ်ခနဲနာကျင်သွားရကာ. . .

ပန်းဝါရယ်. .ခင်ဗျား ပြောရက်လိုက်တာ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဟာ ကျွန်တော့်ရဲ့အသည်းပလ္လင်မှာ စွဲနှစ်ကျွမ်းမြည့်နေသူဆိုတာ ကျွန်တော် ခင်ဗျားသိအောင် ဒီစကားကို ဘယ်လိုလုပ်ပြောရမှာလဲဗျာ . . .ဟူ၍ သူသည် မဖြစ်နိုင်သည့်အခြေအနေကြောင့် နှုတ်မှဖွင့်ဟမဆိုသာသော စကားတို့အား ရင်တွင်းမှ အားရစွာပြောကြားနေမိရပေ၏။

သို့သော် သူ့နှုတ်ခမ်းထက် ထွက်ပေါ်လာသော စကားများကမူ. . .

"အဟွန်း. .တစ်လောကလုံးမှာ ပန်းဝါလိုအလှနဲ့ ပန်းဝါပဲရှိတာ ဘယ်မေ့လိမ့်မလဲဗျာ. . ."

"အဟင်း . .သိဟောင်းကျွမ်းဟောင်း မိတ်ဆွေတစ်ယောက်ကို ခုလိုဆရာ့အနေနဲ့ ဖော်ဖော်ရွေရွေ ပြောဆိုတာ ပန်းဝါ ကျေးဇူးလည်းတင် ဝမ်းလည်းသာပါတယ်ဆရာ. . ."

စကားပြောရင်း ပန်းဝါ ခြေလှမ်းစလှမ်းလိုက်သည်။ ဒေါက်တာမော်ကွန်းသည် ပန်းဝါနှင့် ယှဉ်လျက်လျှောက်ရင်း ပန်းဝါအား မသိမသာ မက်မောစွာ ငေးရင်းဖြင့် အဲခန်းထဲမှ ထွက်ခဲ့လိုက်ကြလေ၏။ အမျိုးသမီးလူနာဆောင်ဘက်သို့ သူသည် ပန်းဝါနှင့်အတူယှဉ်ကာလျှောက်နေရင်း. . .

ပို၍တည်ငြိမ်ရင့်ကျက်သွားရသည်မှအပ လုံးဝပြောင်းလဲခြင်းဘာတစ်ခုမျှ မရှိသေးသော ပန်းဝါ၏အလှများအား သူသည် လှုပ်ရှားနေသော ရင်အစုံဖြင့် လွမ်းတသသကြည့်လာခဲ့ရင်းက. . .

"ပန်းဝါ. . ."





"ရှင် ဆရာ. . ."

"ပန်းဝါက ဟိုးအရင်ကလိုပဲ မပြောင်းလဲဘူးနော်. . ."

"ပြောင်းလဲနေပါတယ် ဆရာ၊ ပြောင်းလဲနေပါတယ်၊ ပန်းဝါမှာ ပြောင်းလဲခဲ့တာတွေ အများကြီးရှိနေပါတယ်ရှင်. . ."

ပန်းဝါ၏စကားသံလေးမှာ အဖျားတွင် ငိုသံလေးစွက်သွားရသည်ကို သတိထားမိလိုက်သောကြောင့် ပန်းဝါမျက်နှာလေးအား မို၍စူးစိုက်ကာ စူးစမ်းသလိုကြည့်မိရရင်းမှ. . .

"အို..ပန်းဝါရယ်. . ."

ညင်သာတိုးတိတ်စွာ သူ၏ကြင်နာသံသည် ထွက်ပေါ်သွားရပါလေ၏။ ပန်းဝါ၏မျက်ဝန်းလေးများထဲတွင် မျက်ရည်များ ရစ်သိုင်းခို့သီနေကြသည်ကို သူတွေ့နေရသည်မဟုတ်ပါလား။

"ပန်းဝါ ကျွန်တော့်စကားက ပန်းဝါအတွက် စိတ်ထိခိုက်စရာများ ဖြစ်သွားလားဗျာ၊ ဒါဆိုရင်တော့ ကျွန်တော်လည်း စိတ်မကောင်းတော့ပါဘူး ပန်းဝါရယ်. . ."

"အို. .ဆောရီးဆရာ၊ အခုက ပန်းဝါတို့ ဂျူတီချိန်ပါနော်"

သူ ပန်းဝါကို ကြည့်မိလိုက်သည်။ အမျိုးသမီးလူနာဆောင်သို့အရောက် ပန်းဝါနှင့်တွဲကာ လူနာများအား လိုက်၍ကြည့်ရှုနေဆဲမှ ဒေါက်တာမော်ကွန်းသည် တစ်ချက်တစ်ချက် သူ့စိတ်များကပန်းဝါ၏အကြောင်းများဆီသို့ ပျံ့လွင့်လျက်ရှိနေရပါချေ၏။

ဂျူတီချိန်တစ်ချိန်လုံး၌ ဒေါက်တာမော်ကွန်းသည် အလုပ်လုပ်နေရသည်မှာ ယခင်နေ့များစွာကနှင့် လုံးဝမတူခြင်း သူ့ကိုယ်

www.burmeseclassic.com



သူ သတိထားသိရှိလိုက်ပေ၏။

မှန်၏။ ထိုနေ့အလုပ်လုပ်ရခြင်း၌ သူ့စိတ်များသည် တစ်ချက်တလေမျှ လွင့်ပျံသွားရသော်ငြား သူသည် အတိုင်းမသိ စိတ်များတက်ကြွပျော်ရွှင်မှုများ ရှိနေရပေတော့သည် မဟုတ်ပါလား၊ အေရမှန်းပင် မသိလေတော့သယောင် တစ်နေ့လုံး တာဝန်ချိန်များ ပြီးဆုံး၍ ညနေအိမ်ပြန်ချိန်သို့ရောက်သော် ပန်းဝါတို့စတော့ဖ်များ အခန်းသို့ သူထွက်လာခဲ့လိုက်ပြီး. . .

"ပန်းဝါ. . ."

ဂျူတီပြီးချိန် လက်ဆေးနေသော ပန်းဝါမှာ သူ့ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရင်းက. . .

"ဟင်. .ဆရာ မပြန်သေးဘူးလား. . ."

အခန်းထဲတွင် ပန်းဝါတစ်ယောက်ကိုသာ သူတွေ့ရသည်။

"ပြန်ဖို့ ပန်းဝါကို လာခေါ်တာလေ၊ ကျွန်တော် ပန်းဝါနဲ့ စကားတွေပြောချင်သေးတယ်. . ."

"စကားပြောဖို့ ကျွန်မတို့မှာ အချိန်တွေအများကြီးရှိသေးတာပဲဆရာ၊ ကျွန်မ ဆရာနဲ့မပြန်လိုက်ပါရစေနဲ့. . ."

ဆေးပြီးသောလက်ကို သုတ်နေရင်းမှ ပန်းဝါ ဆိုလိုက်လေသည်။

"ပန်းဝါ ဘယ်မှာနေလဲဟင်. . ."

"ဘော်ဒါဆောင်တစ်ခုမှာပါ. . ."

"ဗျာ. . ."



သူ မျက်မှောင်တွန့်ကာ အံ့ဩခြင်းဖြင့် ဆိုမိသည်။

"ဟုတ်ပါတယ် ဆရာ၊ အမျိုးသမီးဘော်ဒါဆောင်တစ်ခုမှာ ပန်းဝါ နေပါတယ်၊ ဆရာ့မျက်လုံးတွေက ကျွန်မကို မေးခွန်းတွေ ထုတ်နေတာ ကျွန်မမြင်ပါတယ်၊ ဒါပေမယ့် ဆရာ ကျွန်မကို ဘာမှရှေ့ဆက်မပြောပါနဲ့တော့ ဆရာရယ်၊ ဆရာ ပြန်ပါတော့ရှင်"

စကားအဆုံး ပန်းဝါသည် သူ့အားကျောခိုင်းကာ သူမ ပစ္စည်းလေးများကို သိမ်းဆည်းနေလိုက်လေတော့သည်။ ပန်းဝါ၏ နောက်ကျောလေးအား ဒေါက်တာမော်ကွန်းသည် အတန်ကြာစွာ ငေးကြည့်နေမိရပြီးမှ. . .

"ကျွန်တော်သွားမယ် ပန်းဝါ. . ."

တစ်ဘက်လှည့်နေဆဲ ပန်းဝါ ခေါင်းညိတ်ပြလိုက်လေသည်။ ထွက်ခွာသွားပြီဖြစ်သော ဒေါက်တာမော်ကွန်း၏ ဘွတ်ဖိနပ်သံလေး ပျောက်ကွယ်သွားလေမှ ပန်းဝါသည် သူနာပြုများအခန်းထဲမှ ထွက်ခွာလာခဲ့လိုက်ပါလေ၏။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## – တစ်ဆယ့်တစ် –

ထိုနေရာလေးသို့ ယခုတစ်ခေါက် ပန်းဝါရောက်လာခြင်းသည် ပန်းဝါ၏ဘဝလွတ်လပ်ခြင်း၏ နောက်ဆုံးအနေနှင့် အမှတ်တရလေး တစ်ခေါက်သာဖြစ်ပေတော့သည်ဟု ပန်းဝါသည် စိတ်ဝယ်တွေးတောမိလျက် စီးဆင်းနေသည့် ရေအလျင်အား ငေးမောကာ ကြည့်နေမိဆဲ. . .

"ပလုံ. . ."

"ဟင်. . ."

တစ်စုံတစ်ယောက်၏ ပစ်ပေါက်လိုက်ခြင်းကြောင့် ရေထဲသို့ ကျသွားသည့် ကျောက်ခဲသေးသေးလေး၏မြည်သံကြောင့် လန့်သလိုရှိကာ အနောက်ဘက်သို့ ပန်းဝါလှည့်ကြည့်မိလိုက်သည်တွင်. .

"အာ. .ဆောရီးဗျာ. . ."

တောစပ်တစ်နေရာမှ ထွက်လာသူမှာ ပန်းဝါအားမြင်လေသော် အားတုံ့အားနာစွာဖြင့် ဆိုလေ၏။





ဘောင်းဘီငါးရှဉ့်သွေးရောင်နှင့် အကျီဝါဖျော့ဖျော့လေးကို တံတောင်ဆစ်အောက်နားထိ လက်ခေါက်ဝတ်ဆင်ထားသူအား ပန်းဝါသည် တည်ငြိမ်မှင်တက်သော အကြည့်များနှင့် ကြည့်နေမိရပေ၏။ ချောမောလွန်းသော သူ့အသွင်ကို ငေးနေမိရင်းမှ. . .

သူ ဘယ်သူပါလိမ့်. . .။

စိတ်ထဲ၌ တစ်ကိုယ်တည်း မေးနေမိသည်။ သူသည် ညှို့မွန်သောအပြုံးတို့ဖြင့် ပန်းဝါရှိရာသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာနေရင်းမှ. . .

"ဒီနေရာလေးက အေးချမ်းလိုက်တာဗျာ. . ."

"ဟုတ်ကဲ့ရှင်. . ."

သူ့စကားကို ပန်းဝါထောက်ခံဆိုမိသည်။

"ဘယ်ကလာတာလဲဟင်. . ."

"ကျွန်မလမိုင်းကပါပဲ. . ."

"အို. .ဟုတ်လား၊ ကျွန်တော်လည်း မြို့ကပဲလာတယ်၊ သောင်ခုံက နာမည်ကြီးနေတော့ ဒီရောက်တာနဲ့ လာကြည့်မိတာပဲလေ. . ."

"အဟင်း. .ခုတော့ ဘယ်လိုမြင်သလဲရှင်. . ."

"ဟား ကျွန်တော့်အမြင်မှာတော့ သိပ်လှ သိပ်အေးချမ်းပြီး သိပ်ချစ်စရာကောင်းတဲ့ နေရာလေးပါပဲ. . ."

"ဟုတ်တယ်နော်၊ ဒီမြင်ကွင်းဟာဘ ကျွန်မတို့အဖို့တော့ ဘယ်တော့မှ မရိုးတဲ့ မြင်ကွင်းတစ်ခုပဲဖြစ်နေတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟုတ်တာပေါ့ဗျာ၊ ဒါနဲ့ လမိုင်းသူပေါ့နော်. . ."

"မဟုတ်ပါဘူးရှင်၊ ကျွန်မဇာတိက ပန်းကုံးကပါ၊ ခုတော့ လမိုင်းမှာ နေတယ်ပေါ့ရှင်. . ."

သူ့အကြည့်များမှာ ပန်းဝါကိုယ်ပေါ်မှ မရွေ့လျားဘဲ ရှိနေကြလေသည်။ သို့သော် သူ့အကြည့်များသည် ရိုင်းပျခြင်းမရှိဟု ပန်းဝါမြင်မိလေသည်။ သူ့အသံသည် ကြည်လင်ပြတ်သားပြီး ဩဇာသံနှင့် ကရုဏာသံများလည်း ပါဝင်နေကြောင်း နားခံစားမှုဖြင့် ပန်းဝါ သတိထားမိနေ၏။

"အခု ဒီကိုလာတာ တစ်ယောက်တည်းလားဟင်. . ."

"မဟုတ်ပါဘူး၊ အဖော်တွေပါတယ်၊ အဖော်တွေက ဟိုးဘက်တွေ လျှောက်နေကြတယ်လေ. . ."

"အင်း ကျွန်တော်လည်း အဖော်တွေပါပါတယ်၊ ဒါပေမယ့် ဒီနေရာလေးကို ပိုသဘောကျပြီး ဒီနားလေးမှာပဲ နေရစ်ခဲ့တာ. . ."

သူ့အပြောကြောင့် ပန်းဝါနှင့် စိတ်ချင်းတိုက်ဆိုင်နေသည့်အတွက် သူ့ကို ပန်းဝါအပြုံးနှင့်တစ်ချက်မျှ ကြည့်မိလိုက်ရပေ၏။ သူသည် ဘွတ်ဖိနပ်ဦးလေးနှင့် ကျောက်တုံးလေးတစ်ခုအား ထိုးရင်း သောင်ခုံနေရာလေးဆီကြည့်ရင်း နောက်ဆုံး ပန်းဝါ၏မျက်နှာဆီသို့သာ အကြည့်များ ပြန်ရောက်ရပြီး. . .

"ဒီကိုရောက်တာ ကြာသွားပြီလား. . ."

"ဟုတ်ကဲ့၊ နည်းနည်းကြာသွားပါပြီ. . ."

သူ့အမေးကို ပန်းဝါဖြေပြီး အဖော်များရှိရာဘက်ဆီသို့





ပန်းဝါတစ်ချက်လှမ်းမျှော်ကာ ကြည့်လိုက်မိသည်တွင် သူ့အား ပန်းဝါ ကျောပေးလိုက်သည့် အနေအထားမျိုးဖြစ်သွားလိုက်ရသဖြင့်. . .

"အို့ .ကြည့်စမ်း-အနောက်မှာ ပိုးကောင်ကြီးတစ်ကောင်နဲ့ ပါလား. . ."

"ဟင် .ဟုတ်လား၊ အို ဘာကောင်ကြီးလဲဟင်၊ အို လုပ်ပါဦး. . ."

ပန်းဝါကျောလေးတွန့်ပြီး အလန့်တကြားဆိုမိတော့ရာ. .

"နေ .နေ ကျွန်တော်လုပ်ပေးပါ့မယ်၊ သောက်ဖတ်အမျိုးအစား တစ်မျိုးပဲထင်တယ်၊ တော်တော်ကြီးတာပဲ. . ."

သူပြောပြီး ပန်းဝါကျောမှ ပိုးကောင်ကြီးအား ဖွဖွခါချပေးနေလိုက်သည်။ စေးစေးကပ်ကပ်ကြိုက်လှသော ပိုးကောင်ကြီးမှာ ပန်းဝါကျောပေါ်မှ တော်ရုံနှင့်ခါချ၍မရ ဖြစ်နေရပြန်၍. . .

"အို့ .သူ မဆင်းသေးဘူးလား. . ."

အသည်းယားယားနှင့် ကြောက်တွန့်တွန့်ဖြင့် ပန်းဝါ ပြောမိလိုက်သဖြင့်. . .

"ကြောက်နေလား၊ အဟွန်း .ဟွန်း၊ ဒီကောင်ကြီးကလည်း အတွယ်အတာက သိပ်ကြီးတာကိုးဗျာ. . ."ဟု သူသည် ပြုံးဟဟ အသွင်ဖြင့်ဆိုရင်း စောစောက ပန်းဝါကို အားနာ၍ ညာညာတာတာ ဖယ်ရှားနေမှုကြောင့် သောက်ဖတ်ကြီးမှာ ပန်းဝါကိုယ်ပေါ်မှ မဆင်းနိုင် ဖြစ်နေရကား၊ ခုတစ်ချီတော့ဖြင့် သူသည် ပန်းဝါ၏ အနောက်မှ ပခုံးစွန်းလေးတစ်ဘက်အား ကိုင်ရင်း ပိုးကောင်ကြီးကို ခပ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်လေး ပုတ်ထုတ်ပစ်လိုက်လေမှ. . .

"ကဲ. .ကျသွားပြီ. . ."

"အို. .ဘာကောင်ကြီးလဲ မသိဘူး၊ ဘယ်ချိုမှလဲ မဝင်ခဲ့ပါဘူး၊ ဘယ်လိုက ဘယ်လို သူရောက်နေလဲ မသိဘူး. . ."

နားအရသာရှိစွာ ပြောနေသော ပန်းဝါ၏ စကားသံလေးနှင့် ဟန်မူရာလေးများအား သူသည် နှစ်လိုဖွယ် ငေးကြည့်နေဆဲ ခပ်လှမ်းလှမ်းမှ ပန်းဝါ၏အဖော်များ ပြန်ရောက်လာကြသံတွေကို ကြားမိလိုက်ရသောကြောင့်. . .

"ဟော. .ကျွန်မအဖော်တွေ ရောက်လာကုန်ပြီ၊ ကျွန်မသွားတော့မယ်နော်၊ ကျေးဇူးတင်ပါတယ်ရှင်. . ."

သူ့အားနှုတ်ဆက်ရင်း ပန်းဝါ ထွက်ခဲ့လိုက်လေသည်။ ပန်းဝါ နှုတ်ဆက်ထွက်မည့်ဆဲဆဲကပင် သူသည် ပန်းဝါကို ငေးကြည့်နေခဲ့ပေသည်။ ခပ်လှမ်းလှမ်းရောက်သော ဘာရယ်ကြောင့်မသိ၊ သူရှိရာဆီသို့ ပန်းဝါ လှည့်ကာကြည့်မိလိုက်လေသည်။

ထိုအခါဝယ် သူသည်လည်း ထိုနေရာလေးမှ လုံးဝရွေ့လျားခြင်း မရှိသေးဘဲ ပန်းဝါဆီသို့ လှမ်းကာကြည့်နေဆဲ သူ့အသွင်အား ပန်းဝါသည် ထိခိုက်ကြေကွဲခြင်း ဘဝအတွေ့အကြုံများကြားထဲမှ ထိုမြင်ကွင်းအား မမေ့မပျောက် ရှိခဲ့ရလေသူတစ်ဦးအနေဖြင့် ရှိခဲ့ရလေသည် မဟုတ်ပါတကား။

ဩော်. .ဆရာရယ်၊ ခုများ မမျှော်လင့်ဘဲ ပြန်တွေ့ကြရတယ်နော်၊ ဒါပေမယ့် ဆရာရယ်၊ ခုများလည်း ပန်းဝါတို့ဘဝတွေ





ဟာ ခြားမြဲခြားဆဲပဲ ရှိနေရမှာပါလေ. . .ဟင်း . . .။

အတိတ်၏အတွေးစတစ်စအား ဖြတ်တောက်ပြီးချိန် ပန်းဝါသည် လျှော်ပြီးအဝတ်များအား ကြိုးတန်းတွင် သွားရောက်လှန်းလိုက်လေသည်။ အလုပ်အားရက် အချိန်ကလေးတွင် ပန်းဝါသည် တစ်ပတ်စာအဝတ်ကလေးများအား စုစည်းလျက် လျှော်ဖွပ်ပြီး မီးပူတိုက်ရန် အစီအစဉ်တို့ဖြင့် တစ်ခုပြီးတစ်ခု ဆက်လုပ်နေလိုက်လေ၏။

"ထွေးထွေး မီးပူတိုက်ပြီးပြီလားဟင်. . ."

"ဩော်. .ပြီးပြီ ပန်းဝါရေ. . ."

"ဟုတ်ကဲ့ ကျွန်မ ဆက်တိုက်လိုက်မယ်နော်. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

အတူနေ အခန်းဖော် ရုံးစာရေးမဖြစ်သူ ထွေးထွေးသည်လည်း ပန်းဝါကဲ့သို့ပင် တည်ငြိမ်အေးဆေးသူချင်းမို့ ဆော်ဒါဆောင်၌ အတူနေရသော်ငြား အခက်အခဲမရှိ အေးချမ်းစွာ နေနိုင်ရပေ၏။

ပန်းဝါ မီးပူတိုက်ရန် ပြင်ဆင်လိုက်သည်။ အင်္ကျီလေးများ တစ်ထည်ချင်းမီးပူတိုက်နေစဉ် ပန်းဝါ၏အတွေးများသည်လည်း သူနှင့် အကြိမ်နည်းပါးစွာ တွေ့ဆုံခဲ့ကြသည့် အတိတ်လွင်ပြင်တစ်ခုဆီသို့ ရောက်ရှိသွားရပြန်ပါလေ၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . ."

ပန်းဝါသည် သားငယ်ရှားရှားအား ရင်ခွင်တွင် ထွေးပိုက်လျက် ဒေါက်တာမင်းညိုဆေးခန်းတွင်းသို့ ဝင်ခဲ့လိုက်လေသည်။

"ဪ. .ပန်းဝါ. . ."

"ဪ. .ဆရာရှိနေတာကိုး. . ."

စမ်းသပ်ခန်းထဲမှ လူနာတစ်ဦးနှင့်အတူ ထွက်လာသော ဒေါက်တာမော်ကွန်းအား ပန်းဝါသည် နှစ်လိုဖွယ်အပြုံးလေးများနှင့် ကြည့်ကာ ပြောလိုက်မိလေ၏။

"ဟုတ်တယ်၊ ကျွန်တော့်ကို မင်းညိုက သူ့ဆေးခန်းလွှဲသွားပြန်ပြီဗျာ၊ ကျွန်တော်နဲ့ချည်းပဲ ပန်းဝါနဲ့ တိုက်ဆိုင်နေကြတာချည်းပဲနော်. . ."

"ဆရာ. .ကျွန်တော်ပြန်ပါဦးမယ်. . ."

"ကောင်းပါပြီ ခင်ဗျာ. . ."

လူနာအမျိုးသားကြီး နှုတ်ဆက်သွား၍ သူတစ်ဆက်တည်း ဆိုလိုက်ရသည်။ ပန်းဝါသည် သူ၏ချောမောသော အသွင်အား မသိမသာကြည့်မိရင်းမှ. . .

"အဟင်း . .ပန်းဝါတို့အတွက်ကတော့ ဆေးခန်းမှာ ဆရာဝန်အသင့်ရှိနေဖို့ပဲ လိုပါတယ်ရှင်၊ ပန်းဝါသားကို ကြည့်ပေးပါဦး ဆရာ . . ."

"ဟင်. .ကလေး ဘာဖြစ်လဲ ပန်းဝါ. . ."

"ဝမ်းတွေသွားပြီး အန်လည်းအန်တယ် ဆရာ. . ."





"အတော်များလား. . ."

"ဟုတ်ကဲ့. . ."

"နေ. .နေ၊ အိမ်ရှေ့မှာပဲနေနော်၊ ကျွန်တော် လိုတာတွေ သွားယူလိုက်ဦးမယ်. . ."

သူပြောရင်း ဆေးခန်းထဲဝင်သွားလိုက်သည်။ ပြန်ထွက်လာချိန်တွင် သူ့လက်ထဲ နားကျပ်တစ်ခုပါလာခဲ့လေ၏။

"ကိုယ်လည်း ပူနေတယ် ပန်းဝါ. . ."

"ဟုတ်တယ် ဆရာ၊ ပန်းဝါ သိပ်စိတ်ပူတာပဲ. . ."

"အဟွန်း. .ဟွန်း၊ ဖြစ်မယ်လေ၊ သူများကလေးတွေတုန်းက စိတ်အေးအေးထားပြီး ကြည့်တတ်ပေမယ့် အခုကိုယ့်ကလေးကျတော့ သိပ်စိတ်ပူတတ်ကြတာပါပဲဗျာ. . ."

ပန်းဝါ၏သားလေးအား သူသည် ဂရုတစိုက် တယုတယ ကြည့်လိုက်ပြီး စိုးရိမ်နေသည့် ပန်းဝါစိတ်များ သက်သာစေရန် ပြောမိလေ၏။

ပန်းဝါမှာ ကိုယ့်အကြောင်းကိုယ်သာ အသိဆုံးမို့ သူ့စကားအတွက် စိတ်သက်သာမှုမရှိနိုင်ပါလေ။ သားလေးအတွက်သာ ရင်၌ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေရရှာပါ၏။

သားလေးခမျာ ဝမ်းလည်းသွား၊ အန်လည်းအန်ထားရသဖြင့် အတော်လေး နွမ်းနေရှာသည့်အဖြစ်အတွက် ပန်းဝါပို၍ စိတ်သောက ပူပန်နေရပေ၏။

"ကလေးက ဘယ်နှစ်လရှိပြီလဲဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"လေးလရှိပြီ ဆရာ. . ."

"ပန်းဝါသားက ပန်းဝါနဲ့တူလို့လား မသိဘူး၊ သိပ်ချစ်စရာကောင်းတာပဲဗျာ. . ."

"အဟင်း ဆရာပြောသလို သားဟာ ပန်းဝါနဲ့ပဲ တူပါစေ ဆရာရယ်. . ."

ထိုစကားအား ပန်းဝါသည် ပြုံးမျက်နှာလေးဖြင့် အလေးအနက် ဆိုခဲ့ရပါချေ၏။

"မစိုးရိမ်ပါနဲ့ ပန်းဝါ၊ ဒါဖြစ်တတ်တဲ့ ကလေးရောဂါပဲလေ၊ ကျွန်တော်ပေးလိုက်တဲ့ ဆေးတွေ တိုက်နော်. . ."

ပြောပြီး ဆေးခန်းတွင်းသို့ သူပြန်ဝင်သွားလိုက်သည်။ ခဏကြာ သူသည် ဆေးပုလင်းလေးတစ်ပုလင်း ယူ၍ ပြန်ထွက်လာခဲ့ပြီး. . .

"ရော့ .ပန်းဝါ၊ ဒီဆေးကို တစ်နေ့လေးကြိမ် တိုက်နော်"

"ဟုတ်ကဲ့ ဆရာ. . ."

"ပန်းဝါအမျိုးသားကော. . ."

"သူအိမ်မှာ ရှိပါတယ် ဆရာ. . ."

"ပန်းဝါ အခုဘယ်သူနဲ့လာလဲ. . ."

"ဒရိုင်ဘာနဲ့ပဲ ဆရာ. . ."

"သြော်. . ."

"သြော်. . ."ဟုဆိုကာ အိမ်ရှေ့သို့ ဒေါက်တာမော်ကွန်း လှမ်းကြည့်မိသည်။





"ပန်းဝါပြန်ဦးမယ် ဆရာ. . ."

"ဟုတ်ကဲ့ ကောင်းပါပြီ. . ."

တံခါးပေါက်ဆီသို့ ပန်းဝါနှင့်အတူလိုက်၍လာသည်။ ကားပေါ်သို့ ပန်းဝါတက်လိုက်စဉ် သူသည် ပန်းဝါအနီး ကားနားတွင် ရပ်ရင်း ပန်းဝါရင်ခွင်ထဲမှ သားကိုကြည့်နေ၏။ သူ့ရှေ့မှ ပန်းဝါတို့ ကားလေး ထွက်ခါနီးသော်. . .

"ဟော. .ဟိုမှာ မင်းညိုပြန်လာပြီ ပန်းဝါ. . ."

ဆေးသေတ္တာကိုဆွဲလျက် ဒေါက်တာမင်းညို ခြေကျင် လျှောက်ပြန်လာနေသည်ကို ပန်းဝါအား သူပြောပြလိုက်သဖြင့် ဒေါက်တာမင်းညိုကို ပန်းဝါလှမ်းကြည့်လိုက်သည်တွင် ဒေါက်တာမင်းညိုသည် ပန်းဝါနှင့်သူ့အား စိုရည်သော မျက်ဝန်းအကြည့်တွေနှင့် ပြုံးကာ လှမ်းကြည့်လိုက်ရင်းက. . .

"ဟေး. .ပန်းဝါ သားဘာဖြစ်သလဲ. . ."

"ဝမ်းသွားပြီး အန်တယ်လေ၊ ပြီးတော့ ကိုယ်လည်း ပူနေတယ် မင်းညိုရဲ့၊ ကလေးလည်း သိပ်နုံးနေရှာတယ်. . ."

ပန်းဝါကိုယ်စား သူပြောပြနေသည်ကို ဒေါက်တာမင်းညိုမှာ သူ့ကိုကြည့်ရင်း နားထောင်နေလိုက်လေ၏။

"ကိုချစ်သက်လူကော လိုက်မလာဘူးလား ပန်းဝါ. . ."

"သူ မပါလာဘူး ဆရာ. . ."

ကြည်လင်လှပသော အပြုံးလေးနှင့် ပန်းဝါဆိုလေ၏။ ပန်းဝါ၏လှပလွန်းသော မျက်နှာလေးအား သူတို့သူငယ်ချင်းနှစ်ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



သတိထားကြည့်မိလိုက်ကြရချေ၏။

"ကဲ. .ပန်းဝါ သွားမယ်နော်. . ."

သူတို့နှစ်ဦးစလုံးကိုကြည့်ပြီး ပန်းဝါနှုတ်ဆက်ပြီးချိန် ဒရိုင်ဘာသည် ကားကို သူတို့ရှေ့မှ မောင်းထွက်သွားလိုက်လေ၏။

ထိုစဉ်က ပန်းဝါသည် အိမ်ပြန်လမ်းတစ်လျှောက် တရိပ်ရိပ်ပြေးနေသည့် ကားနှင့်အပြိုင် ပန်းဝါမျက်ဝန်းထဲ ဒေါက်တာမော်ကွန်း၏ အကြင်နာမျက်ဝန်း၊ အကြင်နာစကားများတို့ကိုသာ ကြားယောင်မြင်ယောင်လာခဲ့ရသည် မဟုတ်ပါလား။ အတိတ်မှ သူနှင့် သုံးလေးကြိမ်မျှသာ တွေ့ဆုံခဲ့ရဖူးပေမယ့် ဘာရယ်ကြောင့်မသိ သူ့အား အမှတ်တရတွေ ရှိနေခဲ့ရပေ၏။

မှန်သည်။ တကယ်တော့ ပန်းဝါသည် ဘဝအခြေအနေများကြောင့် ဒေါက်တာမော်ကွန်းသစ်ဆိုသူ လူတစ်ဦးအား တိတ်တခိုးလေး သူမ၏နှလုံးသားတွင် ထားရှိနေခဲ့လေသည် မဟုတ်ပါတကား။

ဆရာရယ်. .ဟိုစဉ်ကတည်းက ဆရာ့ကို ပန်းဝါ တိတ်တခိုးလေး စွဲလမ်းနေခဲ့မိပါတယ်ရှင်၊ ဒါပေမယ့် ဆရာရယ်၊ ပန်းဝါဘဝနဲ့ ပန်းဝါမို့ ဇာတ်ဆရာအလိုကျ ပန်းဝါ ကခဲ့ရပါတယ်. . .။

ခုများတော့လည်း ပန်းဝါရင်မှာ လှုပ်ရှားမှုတွေ မရှိနိုင်တော့လောက်အောင် ဝမ်းနည်းထိခိုက် ကြေကွဲမှုတွေက ပန်းဝါနှလုံးသားတစ်ခုလုံးကို လွှမ်းမိုးဖိစီးထားနေပြီ ဆရာရယ်. . .။

မြင်ယောင်မိသော အတိတ်ပန်းချီနှင့် ရင်မှခံစားမှုစကားသံလေးများအဆုံး၌ ပန်းဝါမျက်ရည်စက်လေးတစ်စက်သည် အင်္ကျီလေး





ပေါ်သို့ ပေါက်ခနဲကျသွားရချေ၏။

အခန်းဖော်များမြင်ကြမည်စိုး၍ မျက်ရည်စတို့ကို ပန်းဝါ ချောင်မြန်စွာ ဖယ်ရှားပစ်လိုက်ရလေသည်။ မီးပူတိုက်ပြီးပြီဖြစ်၍ အဝတ်ဆွဲကို ယူကာ သေတ္တာထဲ ပန်းဝါသည် ညီညာစွာ ထည့်နေစဉ်မှာလည်း. . .

တစ်ခါက မြစ်ကြီးနားမြို့ရှိ ပန်းဝါတို့၏ခြံရှေ့မှဖြတ်ကားမောင်းသွားသော ဒေါက်တာမော်ကွန်း၏မျက်ဝန်းများသည် ခြံထဲသို့ တစ်စုံတစ်ရာအား ရှာဖွေသလို ကြည့်ရင်း ဖူးနစ်စွာ လှမ်း၍ အကြည့် ခြံထဲဒန်းပုခက်လေးပေါ်တွင် သားလေးရှားရှားနှင့်အတူ ထိုင်နေသော ပန်းဝါသည် သူ့အားမြင်မိရခိုက် အကြည့်များ ဆုံစည်းမိလိုက်ကြ၏။

ခြံပြင်နှင့်ခြံထဲလှမ်းကာ ငေးငေးမောမော တစ်ဦးကိုတစ်ဦး လှမ်းကြည့်နေမိကြ၏။ ကြည့်နေကြဆဲ သူ၏ကားသည် အဝေးသို့ ရောက်သွားရလေပြီ။ ပန်းဝါသည် ထိုစဉ်က သူ၏ကားလေး ပျောက်ကွယ်သွားသည်အထိ ပုခက်ပေါ်မှထကာ လိုက်၍ကြည့်ခဲ့မိရသည်ပါ။

ထိုနေ့မှစ၍ သူ့အား ပန်းဝါသည် နှစ်ပေါင်းများစွာ မတွေ့မြင်ခဲ့ရပါလေတော့။ သို့သော် သူ့အား ပန်းဝါမမေ့ခဲ့၊ ကြေကွဲစရာအတိတ်ဆိုးများကြားမှ သူ့အား ပန်းဝါသတိရနေမိတတ်ပါလေ၏။ ယခုသော် မမျှော်လင့်ဘဲ သူနှင့် ပြန်လည်တွေ့ဆုံကြရလေပြီ။

ဆရာရယ်. .အဟင့်. .ဟင့်. . .



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါ ကျိတ်၍ရှိုက်လိုက်သည်။ အခန်းထဲတွင် ပန်းဝါ တစ်ဦးတည်း ရှိနေသည်မို့ မိမိ၏အိပ်ရာထက် သွားရောက်လှဲလိုက်ကာ လွတ်လပ်စွာ ငိုနေမိလိုက်၏။

ဆရာရယ်. .ဆရာ ပန်းဝါနဲ့တွေ့တဲ့အခါ ဆရာမေးမယ့် ပြောမယ့် စကားတွေကို ပန်းဝါ သိတယ်၊ ဆရာကိုမင်းညိုကလည်း ပန်းဝါကို စကားတွေပြောစရာရှိနေတယ်ဆိုတဲ့ စကားတွေကိုလည်း ပန်းဝါသိတယ်. . .။

ဆရာတို့က မိတ်မှောင်းဆွေဟောင်းတစ်ဦးကို ပြန်လည် တွေ့ကြလို့ ပန်းဝါရဲ့မိသားစုလေးအကြောင်းကို အပေါ်ယံကြော အနေနဲ့ မေးကြမယ့် ဒီစကားတွေရဲ့အဖြေကို ပန်းဝါ မဖြေနိုင်ဘူး အဟင့်. .ဟင့်. . .။

တစ်ချိန်က ပန်းဝါဟာ သူဌေးကတော်မလေးတစ်ဦး၊ ရု ဆရာတို့အမြင်မှာ ပန်းဝါဟာ ဘဝဟောင်းကအလုပ်ကိုပဲ ပြန်လုပ် ကိုင်နေတဲ့ သူနာပြုဆရာမလေးတစ်ဦး ဖြစ်နေတော့ ဆရာတို့ အံ့ဩ နေကြရှာမှာပါ. . .။

ပန်းဝါ သိပါတယ်၊ ပန်းဝါကို အံ့ဩသလို နားမလည် သလို မျက်လုံးတွေနဲ့ ဆရာတို့ကြည့်နေကြတယ် မဟုတ်လား။

ဆရာရယ် .ပန်းဝါရဲ့အကြောင်းတွေကို ပြောလည်း ပြောပြ ချင်တယ်၊ ပြောလည်း မပြောပြချင်ဘူး၊ ပြောပြချင်တာက ပန်းဝါ ဘဝအဖြစ်တွေကို ရင်ဖွင့်ပြောပြပြီး အကူအညီတောင်းချင်တယ်၊ မပြောပြချင်တာက ပန်းဝါရဲ့အဖြစ်တွေဟာ အသစ်လိုပြန်ဖြစ်ပြီး





သိပ်ခံစားရလွန်းလို့ပါ. . .။

ဆရာတို့ရယ် ပန်းဝါရဲ့ရင်ထဲကို ဝင်ကြည့်ကြစမ်းပါလား ရှင် အဟင့်. .ဟင့်. .ဟင့်. . .။

ပန်းဝါကား ထိခိုက်ခံစားမှု စကားများနှင့်အတူ အားရစွာ ငိုရှိုက်နေမိရပါတော့၏။ ငိုရှိုက်ဆဲမှ မောပန်းစွာ အိပ်ပျော်သွားရ လေတော့သည်။

ရင်နာကြေကွဲခြင်း၏ အကြောင်းရင်းခံများ ရှိနေရရှာ သော ပန်းဝါကား အိပ်မက်ထဲတွင်လည်း သူမသည် လွမ်းမောစွာ ငိုကြွေး နေရဆဲ သူမ၏ရင်ခွင်ကြား သားလေးရှားရှားမှာ တိုးဝှေ့ဝင်နေဆဲ ဖြစ်စေလိုရာ လွမ်းမှုသည် အိပ်မက်များထဲ ချောက်ချားစွာ တွေ့ထိ ခံစားနေရပေတော့မည်ကား လွဲမည်မဟုတ်ပါတကား။ ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## – တစ်ဆယ့်နှစ် –

"ဒေါက်. .ဒေါက်. .ဒေါက်. . ."

အခန်းရှေ့မှ ဖိနပ်သံကြားမိလိုက်သဖြင့် ဆရာမယုယုနှင့်အတူ ပန်းဝါအပေါက်ဝဆီသို့ လှမ်းကြည့်မိလိုက်လေသည်။

ဒေါက်တာရီလေးနှင့်အတူ ဒေါက်တာမော်ကွန်းလည်း သူနာပြုများအခန်းရှေ့မှအဖြတ် အခန်းတွင်းသို့ မောင်းငဲ့ကာ လှမ်းကြည့်မိရလေရာ တိုက်ဆိုင်သွားရသော ပန်းဝါ၏အကြည့်လေးများအား ဒေါက်တာမော်ကွန်းသည် တည်ငြိမ်သောအသွင်တို့ဖြင့် တယုတယစိတ်နှင့် အားအင်ပြည့်ဝစွာ လက်ခံယူဆောင်သွားလိုက်ပါတော့သတည်း။

ပန်းဝါကား မိမိတို့အခန်းရှေ့မှ ဖြတ်ကျော်လွန်သွားပြီဖြစ်သော ဒေါက်တာမော်ကွန်းနှင့် ဒေါက်တာရီလေးတို့အား လှမ်းကြည့်တွေ့မြင်လိုက်ရပြီး၍ ပန်းဝါရင်ထဲ ဟာသွားရသလို နင့်ခဲသော နှလုံးသားမှဝေဒနာသည် သိသိသာသာ ခံစားလိုက်ရရင်းမှ





ပန်းဝါသည် မာန်လေးသွင်း ဣန္ဒြေလေးဆည်ကာ ယုယုနှင့်အတူ စတ်တီးစများအား တိတ်ဆိတ်စွာ သိပ်နေလိုက်ပါလေ၏။

"ပန်းဝါ. . ."

"ဟင်. . ."

"ဒေါက်တာမော်ကွန်း ပန်းဝါကိုကြည့်သွားတယ်၊ မြင်လိုက်လား. . ."

"မြင်လိုက်တယ်လေ၊ ပန်းဝါတို့က အသိတွေပဲဟာ. ."

"ဟုတ်လား သိတာကြာပြီလား. . ."

"ကြာလှပြီ ယုရဲ့၊ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းကလေ. . ."

"အင်း. .ယုလည်း ထင်တော့ ထင်သားပဲ၊ ပန်းဝါစရောက်ကတည်းက ဒေါက်တာမော်ကွန်းနဲ့ ပန်းဝါ တရင်းတနှီး စကားပြောကြတာ တွေ့တယ်လေ၊ သတိလည်း ထားမိတယ်၊ ဘယ်မှာစပြီး သိခဲ့ကြတာလဲ. . ."

"လမိုင်းမှာလေ. . ."

"ဪ. .ဟုတ်လား၊ ဆရာက လမိုင်းမှာ တာဝန်သွားကျလို့ပေါ့နော်. . ."

"ဟုတ်တယ်လေ ဒါကြောင့် သိကြတာပေါ့. . ."

"အင်း ဆရာကတော့ ရောက်တဲ့နယ်တွေသာ စုံပြီ၊ သူ့ဘာတော့ ကြင်ဖော်ခုထိမစုံသေးတာ ခက်တယ်. . ."

"ဟင်. .ခုထိ ဆရာ့မှာ အိမ်ထောင်မရှိသေးဘူးလား ယုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစွာ ပန်းဝါ မေးမိရလေသည်။ ရင်ထဲလည်း ပို၍ လှုပ်ရှားလာမိရသလိုပါ။

"ဘယ်က အိမ်ထောင်ရှိရမှာလဲ၊ ပန်းဝါမသိဘူးလား. ."

"အင်း ဒါတွေနဲ့ပတ်သက်ပြီး မမေးမိဘူးလေ. . ."

"ယုက ပန်းဝါသိတယ်ထင်နေတာ. . ."

"ဩော် ယုရယ်၊ ပန်းဝါတို့လည်း မတွေ့ကြတာ ကြာလှပြီ၊ ခုဆိုအိမ်ထောင်နဲ့ပဲလို့ ထင်နေမိတာ၊ ခုပြန်တွေ့ကြတာကလည်း ဘာကြာသေးလို့လဲ၊ ဒါကြောင့် စကားမစပ်မိလို့ ဘာမှမသိသေးတာပေါ့. . ."

ဒီလောက်နှစ်တွေကြာမှတော့ ဒေါက်တာမော်ကွန်းမှာလည်း အိမ်ထောင်ရှိနေရှာပြီပေါ့ဟု ပန်းဝါ ထင်ခဲ့မိသည်က အမှန်ပါ။ ယုမှာ ပတ်တီးစများအား တစ်ခုပြီးတစ်ခု ဆက်လိပ်နေရင်းမှ. . .

"အင်း ဆရာကလည်း လူတစ်မျိုးပဲ ပန်းဝါရဲ့. . ."

"ဟင် ဘာတစ်မျိုးတာလဲ ယုရဲ့. . ."

"မသိပါဘူးကွယ်၊ ပန်းဝါတို့က တစ်စွန်းတစ်စ ကြားမိတာပါ၊ ဟုတ်မဟုတ်တော့ မသိဘူး၊ ဒီလိုပဲပြောသံတွေကြားမိနေတာပဲ၊ ဒေါက်တာမော်ကွန်းက သူယူမယ့် အမျိုးသမီးလေးယောက်တိတိနဲ့ ယူတော့မယ့်ဆဲဆဲ ပျက်သွားတာချည်းပဲ ပန်းဝါရဲ့. . ."

"အို. .ဟုတ်လား. . ."

မယုံနိုင်စရာ အံ့ဩခြင်းဖြင့် ပန်းဝါဆိုမိ၏။

"ဟုတ်တယ်လေ၊ အဲဒါတော့ မယုံမရှိနဲ့ ပန်းဝါ တကယ်ပဲ၊





ယုတို့လည်း အတိအကျသိတာ. . ."

"အို. .အံ့ဩစရာပဲကွယ်. . ."

"ဟုတ်တယ် သိပ်အံ့ဩဖို့ကောင်းတာ၊ ခုနတွေ့လိုက်တဲ့ ဒေါက်တာရီလေးဆိုတာလည်း လေးယောက်ထဲမှာပါတဲ့သူပဲလေ. ."

"ဟင် ဟုတ်လား၊ ခုတော့လည်း သူတို့. . ." ကို

ခုတော့လည်း သူတို့ပြေလည်နေကြသားပဲဟု ပန်းဝါ ဆက်ပြောချင်နေသည့် စကားများအား ယုက ကြားဖြတ်လိုက်ပြီး

"ဒေါက်တာရီလေးက ဆရာ့ကို နားလည်တယ်လေ၊ ဒါကြောင့်ပဲ သူတို့ဆက်ဆံရေးမပျက်တာပေါ့၊ ခုတော့ ဒေါက်တာရီလေးက အိမ်ထောင်ပြုပြီးပါပြီ၊ သူ့အမျိုးသား ဗိုလ်ကြီးတစ်ဦးပေါ့လေ. . ."

"ဩော်. . ."

ယု ပြောပြသော ဒေါက်တာမော်ကွန်းအကြောင်းများအား ပန်းဝါမှာ ပို၍ပို၍စိတ်ဝင်စားနေမိရပါတော့သည်။

"ဒေါက်တာမော်ကွန်းကို နားလည်တာ နှစ်ယောက်ရှိတယ်၊ နောက်တစ်ယောက်က တက္ကသိုလ်က ဆရာမလေးပဲ. . ."

ယု စကားတို့ကို ပန်းဝါမှာ စိတ်ဝင်စားစွာ ခေါင်းလေးညိတ် နားထောင်နေမိလေ၏။

"ဟိုနှစ်ယောက်ကတော့ ဆရာ့ကို သိပ်ဒေါသတွေထွက်ပြီး ရှားပုပ်လေလွင့်ပဲ ဆိုရမလားမသိဘူး၊ လျှောက်ပြောသံတွေ ကြားရတယ်လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ပြောပါဦး၊ ဘာတွေများ လျှောက်ပြောကြသလဲ"

"ဒီလို ပန်းဝါရဲ့၊ ဆရာဟာ ကလေးတစ်ယောက်အဖေဆိုပဲ"

"ဟင် ဟုတ်လား၊ ဒါဆိုအိမ်ထောင်နဲ့ပေါ့၊ ဒီလိုလေ အိမ်ထောင်ရှိခဲ့ဖူးမှာပေါ့နော်. . ."

"ဒါတော့ အတိအကျမသိဘူး၊ ယုတို့အမြင်မှာတော့ ဆရာဟာ အမျိုးသမီးတွေနဲ့ အရှုပ်အရှင်းဘာမှမကြားရဘူး၊ မတွေ့ရဘူး. . ."

"ကလေးအဖေဆိုတော့လည်း ယုရယ် ဆရာမှာ အိမ်ထောင်ရှိခဲ့ဖူးလို့ပေါ့ကွယ်၊ နို့ ဘယ်ကကလေးရလာမလဲလို့. . ."

"အေးလေ ဟုတ်ချင်လည်းဟုတ်မှာပေါ့၊ ကလေးအဖေဆိုတာတော့ အတိအကျပြောကြတယ်၊ သူလည်း ဒီအသက်အရွယ်ထဲရောက်နေပြီပဲဟာ၊ ကိုယ်ရေးကိုယ်တာတော့ ရှိမှာပေါ့လေ. . ."

"ဒါပေါ့လေ၊ ပန်းဝါတို့လည်း ဆရာ့အကြောင်းတော့ သိလှတယ်မဟုတ်ပါဘူးကွယ်၊ ဆရာလှူပျိုဘဝက နယ်မှာ သိကြတာလောက်ပါပဲ. . ."

"အင်း. .ယုတို့အမြင်တော့ ဆရာက ဘယ်လိုခံစားမှုတွေ ပြင်းထန်နေလဲတော့မသိဘူး၊ အမျိုးသမီးတွေနဲ့တော့ တကယ်ရှင်းတယ်ကွယ်. . ."

"သူ့ အိမ်ထောင်လည်း ထပ်မပြုတော့ဘူးနော်. . ."

ထိုစကားအား တွေးတွေးဆဆ ပန်းဝါ ပြောမိသည်။

"အေးကွယ်၊ အမျိုးသမီးတွေဘက်ကတော့ ဆရာဟာ ပျိုတိုင်း





ကြိုက်တဲ့ နှင်းဆီခိုင်ပဲပေါ့၊ ဒါပေမယ့် သူနဲ့ယှဉ်တော့မယ့် အမျိုးသမီးတွေကို တွေ့ဆုံဆွေးနွေးပြီး ယဉ်ယဉ်လေးငြင်းခဲ့တာဆိုပဲ. ."

"ဟင်. .ဆရာကပဲ ငြင်းတယ်. . ."

"ဟုတ်တယ် ပန်းဝါရဲ့၊ ဆရာငြင်းပုံက သင်းတယ်လေ"

"အင်. .အင် ပြောပါဦး၊ ဆရာက အမျိုးသမီးတွေကို ဘယ်လိုလုပ် ပြောလိုက်သလဲတဲ့. . ."

"သူက ပါးစပ်နဲ့မပြောဘူးတဲ့ ပန်းဝါရဲ့. . ."

"အို. .ဒါဆို. . ."

တအံ့တသြလေး ပန်းဝါစကားကို ရပ်ထားလိုက်ပြီး ယုယုစကားဆက်ကို စောင့်နေမိလိုက်သည်။

"ဆရာက သူ့ရဲ့မှတ်တမ်းစာအုပ်လေးကို ပေးဖတ်လိုက်တယ်တဲ့လေ. . ."

"သြော်. .သြော်၊ အဲဒီမှတ်တမ်းထဲမှာက ဘာတွေပါလဲတဲ့ဟင်. . ."

"အဲဒါတော့ တိတိကျကျ ဘယ်သူမှ မသိကြပါဘူးလေ၊ ဒါပေမယ့် ဒီမှတ်တမ်းထဲမှာ သူဟာ ကလေးအဖေတစ်ယောက်ဖြစ်ပြီး ကလေးရဲ့မိခင်ကို ဘယ်လောက်ချစ်မြတ်နိုးတာတွေ၊ ပြီးတော့ ကလေးအမေကလွဲရင် သူ့ဘဝထဲမှာ ဘယ်အမျိုးသမီးကိုမှ နေရာမပေးနိုင်ကြောင်း သူ့ဘဝကို မပုံအပ်နိုင်ကြောင်း၊ အို. .သူ့ခံစားမှုတွေအားလုံးရေးထားတယ်လို့ ပြောသံကြားမိတာပဲ. . ."

သြော်. .ဆရာက နောက်ကြောင်းတွေရှိနေတဲ့သူကိုး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူဟာ သူ့ဘဝကို ဒီအမျိုးသမီးကိုပဲ ပေးထားပြီးသား ဆိုတော့ နှလုံးရေးရာမှာ ဆရာဟာ သိပ်ကိုတည်ငြိမ်ရင့်ကျက်နေတာကိုး. . .။

အို့ .ငါက ဆရာ့မျက်လုံးတွေကိုတောင် အထင်လွဲမိလိုက်သေးတယ်၊ တကယ်တော့ ဆရာက သူ့ခံစားမှုတွေကြောင့် သူ့အကြည့်တွေမှာ ပေါ်လွင်နေရတာကို ငါက ငါ့ကိုယ်ငါအထင်ကြီးပြီး ဆရာ့အပေါ် စိတ်လှုပ်ရှားမိခဲ့တယ်၊ အို့ .ရှက်စရာကောင်းလိုက်တာ. . .။

ပန်းဝါကား ယုယု၏ စကားတို့အား မကြားမိပါလေတော့။ သူမရင်ထဲ၌ ရှက်အားငယ်စွာ တီးတိုးရေရွတ်နေမိရပါလေတော့၏။ ဟန်မပျက်နားထောင်နေသကဲ့သို့ ရှိနေသော ပန်းဝါကိုကြည့်ရင်း ယုမှာ စကားတွေကို ဆက်နေလေ၏။

"ယုတို့ပြောသံကြားသလို ဆရာက ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ၊ ဆရာ့အနေအထိုင်က တစ်မျိုး၊ သိပ်တည်ငြိမ်တယ်၊ ဣန္ဒြေကြီးတယ်၊ ဘယ်သူနဲ့မှ အလုပ်သဘောကလွဲရင် ရင်းရင်းနှီးနှီး စကားပြောလေ့သိမ်မရှိဘူး. . ."

"ဒါပေမယ့် အလုပ်သဘောနဲ့ လူမှုရေးကတော့ ဆရာက ပြောစရာမရှိဘူး၊ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ပြတ်ပြတ်သားသား ပြောတတ်တယ်၊ ပန်းဝါနဲ့ကျတော့ မိတ်ဟောင်းဆွေဟောင်းမို့ထင်တယ်၊ ဆရာက အရေးတယူ လေးလေးစားစား ရင်းရင်းနှီးနှီး ရှိနေတယ်နော်. . ."





"သြော်. .အင်း ဟုတ်တယ်၊ ပန်းဝါတို့က မိတ်ဆွေဟောင်းတွေကြောင့် ဆရာက တရင်းတနှီးပြောတာပါပဲ. . ."

ရင်ထဲ၌ ရှက်အားငယ်စွာဖြင့် ထိုစကားတို့အား ယခုသော် သဘောပေါက်စွာ ပန်းဝါဆိုမိရပါလေ၏။

"ကဲ. .ယုရေ၊ ဒီညနေတော့ ပန်းဝါတို့ စောစော အလုပ်ပြီးတယ်နော်၊ စောစောပြန်ရမယ်. . ."

"အေး. .တို့အလုပ်လုပ်ရင်း စကားကောင်းနေလိုက်ကြတာ၊ အိမ်ပြန်ချိန်တောင် ရောက်လာပြီ. . ."

လိပ်ပြီးသား ပတ်တီးလိပ်များအား စနစ်တကျ သွားရောက်ထားရင်းမှ ယုယု ပြောလိုက်သည်တွင် ပန်းဝါသည် တစ်စုံတစ်ခုကို သတိရလိုက်ပြီး စောစောပြန်ရန် ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နေလိုက်တော့သည်။

အိမ်ပြန်ချိန်နှင့် အနားယူချိန် စားသောက်ချိန်များတိုင်း ဒေါက်တာမော်ကွန်းသည် မိမိထံရောက်လာလေ့ရှိနေစမြဲ မဟုတ်ပါလား။ ထို့ကြောင့် ပန်းဝါသည် စိတ်ကဘာရယ်ကြောင့်မသိ၊ သူနှင့်တွေ့ရမည်ကိုပင် ရှက်အားငယ်စွာ ခံစားလာရမှုများကြောင့် အတတ်နိုင်ဆုံး ရှောင်ဖယ်နေသွားတော့ရန် ဆုံးဖြတ်ချက်များ ထားမိလိုက်ရပါတော့သတည်း။

ပန်းဝါသည် အိမ်ပြန်ရန် ပစ္စည်းများ ဆွဲခြင်းထဲ သိမ်းဆည်းထည့်ပြီးသည်နှင့်. . .

"ကဲ ယုရေ၊ ပန်းဝါတော့ ပြန်တော့မယ်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ပန်းဝါ၊ ယုလည်း ခဏကြာရင် ပြန်တော့မှာပဲ. . ."

ယု၏စကားသံမှာ ပန်းဝါနောက်တွင် ကျန်ခဲ့လိုက်လေပြီဖြစ်သည်။ အခန်းထဲမှ ပန်းဝါ ထွက်သွားပြီး တစ်အောင့်မျှကြာသော်. . .

"ဆရာမ. . ."

"ဩော် ဆရာ. . ."

ဒေါက်တာမော်ကွန်းသည် သူနာပြုများအခန်းသို့ ရောက်လာခဲ့လေ၏။ ပြန်ရန်ပြင်ဆင်နေကြသည့် ဆရာမလေးများကို သူသည် မသိမသာ လျှောက်ကြည့်မိရင်းမှ. . .

"ဆရာမ မေပန်းဝါကော. . ."

ပန်းဝါကို မတွေ့သဖြင့် သူမေးမိသည်။

"ပန်းဝါ စောစောကတင် ပြန်သွားပြီ ဆရာ. . ."

"ဩော် ပြန်သွားပြီလား. . ."

ယု စကားကြောင့် သူ့ရင်ထဲဟာဆင်းသွားရသော်လည်း သူသည် တည်ငြိမ်သော ဣန္ဒြေနှင့်ပင် စကားတို့ကို ဆိုနေမိရပါလေ၏။

"ဟုတ်ကဲ့ ဆရာ၊ ပြန်သွားပါပြီ၊ ဆရာ ခိုင်းစရာရှိနေလို့လား ဆရာ. . ."

"ဩော် မရှိပါဘူး၊ ကဲ. .ကျွန်တော်လည်း ပြန်တော့မယ်"

"ဟုတ်ကဲ့ ဆရာ. . ."





ဆရာမများအား နှုတ်ဆက်ခဲ့ပြီး ဒေါက်တာမော်ကွန်းသည် အိမ်ပြန်ရန် ဆေးရုံကြီးပေါ်မှ ဆင်းလာခဲ့လိုက်လေတော့သည်။

ဩော်. .ပန်းဝါရယ်၊ တွယ်တာနေရသူ ကျွန်တော့်ရင်မှာတော့ ငြိမ်းချမ်းမှုတွေ ကင်းမဲ့နေလေရဲ့၊ ပန်းဝါရယ်. .ခင်ဗျားကတော့ ဘာသိဘာသာ အမှုမဲ့နေနိုင်သူပါပဲ. . .။

ကျွန်တော့်ရင်ထဲ ခင်ဗျား ဝင်ကြည့်စေချင်တယ်၊ ကျွန်တော့် နှလုံးသားတွေဟာ နွမ်းရော်ညှိုးခြောက်နေရပြီး ခင်ဗျားကို ဟစ်ခေါ်နေမှာ ခင်ဗျားမြင်ရမှာပါ၊ ပန်းဝါရယ်. .ကျွန်တော် ခင်ဗျားအကြောင်းတွေကို သိချင်တယ်. . .။

ခင်ဗျားနဲ့ အေးအေးဆေးဆေး ကျွန်တော် စကားပြောချင်တယ်ဆိုတာ ခင်ဗျားသိလျက်နဲ့ ဘာကြောင့် ခင်ဗျားခွင့်မပြုဘဲနေတာလဲ၊ ခင်ဗျားနေတဲ့နေရာကို မေးတော့လည်း ခင်ဗျား စကားတွေ လိုးလွှဲပြောခဲ့တယ်. . .။

ဟင်း. .ပန်းဝါ ပန်းဝါ၊ မောင့်အသည်းမှာ စာမတင်ပြနိုင်လောက်အောင် စွဲနေပါတယ်ဗျာ. . .။

ဒေါက်တာမော်ကွန်းကား လစ်ဟာသော ရင်၊ လွမ်းမောသော မျက်ဝန်းညှို့တို့ဖြင့် ရှေ့ဆီသို့ကြည့်ကာ မနှေးမမြန် ကားမောင်းဆဲမှ ရေရွတ်မိသော ရင်ထဲမှ စကားများပါတည်း။ ညနေခင်း၏ အေးမြမြ လေသည် ကားတွင်းသို့ တိုးဝင်ရောက်ကာ သူ့အား အေးမြခြင်းကို ပေးလာ၏။ သို့သော်. .သူကား. . .



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်သုံး -

"ပန်းဝါ. . ."

"ဩော် ဆရာ . . ."

ဆရာဝန်တစ်ဦးနှင့် အမျိုးသားဆောင်ဘက် ရောင်းလှည့်ပြီး၍ ဆရာမများအခန်းသို့ ပြန်လျှောက်လာနေသော ပန်းဝါအား ဒေါက်တာမော်ကွန်းသည် ခြေလှမ်းကျဲကြီးများနှင့် အနောက်မှ မသိမသာ လိုက်ကာခေါ်လိုက်သဖြင့် သူ့အား ပန်းဝါသည် လှပတည်ငြိမ်သော မျက်ဝန်းအကြည့်လေးဖြင့် လှည့်ကာ ထူးလာ၏။

တည်ငြိမ်လွန်းသော ပန်းဝါ၏မျက်နှာလေးမှ လွဲကာ ဒေါက်တာမော်ကွန်းသည် ပန်းဝါ၏ရင်ထဲသို့ ထိုးဖောက်၍ ကြည့်မြင်နိုင်စွမ်း မရှိရှာလေသဖြင့် သူနှင့်တွေ့ဆုံစဉ် အခိုက်အတန့်လေးများအတွင်း ပန်းဝါရင်ထဲမှာ လှုပ်ရှားနေသည့်အဖြစ်အား သူ အဘယ်ကဲ့သို့ သိနိုင်ပါအံ့နည်း။





ထို့အတူပါ။ ဒေါက်တာမော်ကွန်း၏ အကြောင်းများအား တစ်စိတ်တစ်ဒေသ သိရှိထားပြီးသော ပန်းဝါကား သူ၏ အကြင်နာမျက်ဝန်းတို့အား သံသယမရှိနိုင်ရှာပါလေတော့။

ဒေါက်တာမော်ကွန်း၏ ရင်ထဲနှလုံးသားသည် သူမအတွက် မည်ရွေ့မည်မျှ လှုပ်ရှားပြင်းထန်စွာ ခံစားနေရခြင်းတို့အား အဘယ်မှာလျှင် ပန်းဝါတစ်ယောက် သိရှိနိုင်ရှာပါတော့မည်နည်း။

"မနေ့က ပန်းဝါပြန်တာ စောတယ်နော်. . ."

"ဟုတ်တယ် ဆရာ၊ အလုပ်တွေ စောစောပြီးသွားတယ်လေ"

"ကျွန်တော်တောင် ပန်းဝါတို့အခန်းမှာ သွားမေးသေးတယ်"

"အို ဟုတ်လား၊ ခိုင်းစရာရှိလို့လား ဆရာ . . ."

"ဩော်. .မရှိပါဘူး ပန်းဝါရယ်၊ ကျွန်တော် ပန်းဝါကို လိုက်ပို့ချင်လို့၊ ပြီးတော့ စကားတွေ ပြောချင်လို့ပါ. . ."

"ဩော်. .ဆရာရယ်၊ ဒုက္ခရှာလို့ရှင်. . ."

"ဒုက္ခရှာတယ် ဘယ်ဟုတ်မလဲ ပန်းဝါရယ်၊ ကားနဲ့ပဲဟာ၊ ဟိုးအစကတည်းက ကျွန်တော်တို့ကလည်း စိမ်းနေကြတဲ့သူတွေမှ မဟုတ်တာဗျာ၊ ဒါပေမယ့် ပန်းဝါက ခုတော့ စိမ်းနေသလိုပဲ. ."

"အားနာတယ်ဆိုတဲ့ အကြောင်းပြချက်ကို ကျွန်တော် လက်မခံချင်ဘူး ပန်းဝါ၊ ကျွန်တော် ပန်းဝါနဲ့ စကားပြောခွင့်တောင်းနေတာ ကြာပြီပဲ၊ ပန်းဝါ ကျွန်တော့်ကို ခွင့်မပေးသေးဘူး. . ."

"ခွင့်မပေးသေးဘူးလို့တော့ မပြောပါနဲ့ ဆရာရယ်၊ ပန်းဝါ အချိန်မအားသေးလို့ပါ၊ အချိန်ပိုမရသေးလို့ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အပျှန်း .မဖြစ်နိုင်တာတဲ့ဗျာ၊ မခိုင်လုံတဲ့ အကြောင်းပြချက်ပဲ၊ စနေ တနင်္ဂနွေတွေ အများကြီးကျော်ဖြတ်လာခဲ့ပြီပဲ. . ."

သူ့စကားအတွက် ပန်းဝါ စောဒကမတက်လိုတော့။ တိတ်ဆိတ်စွာ ပန်းဝါ နေလိုက်သည်။

တိတ်ဆိတ်ခြင်းသည် ဝန်ခံခြင်း သဘော သက်ရောက်နေသဖြင့် ဒေါက်တာမော်ကွန်းသည် ပန်းဝါအား စူးနစ်စွာကြည့်မိပြီး

"ပန်းဝါ. . ."

တိုးညင်ညင်သူ့ခေါ်သံအား ပန်းဝါ မထူးမိ။

"ကျွန်တော်ခေါ်နေတာ ကြားပါတယ်နော်. . ."

ပန်းဝါ သူ့ဘက်စောင်းငဲ့ကာ မော်ကြည့်လာသည်။

"ဒီအပတ်အားရက်မှာ ကျွန်တော့်ကို အချိန်ပေးပါလား"

"ပန်းဝါလို လူတစ်ယောက်ဆီမှာ ခုလို ခွင့်တောင်းစရာမလိုပါဘူး ဆရာရယ်. . ."

"လိုပါသော်ကောဗျာ၊ ကျွန်တော်ဟာ ပန်းဝါကို အရင်ကတည်းက ခင်မင်လေးစားခဲ့သူပါ၊ ကျွန်တော့်အတွက်ဆေးလိုက်လို့ အလဟဿဖြစ်သွားမယ့် အချိန်အတွက် ကျွန်တော် ခွင့်တောင်းသင့်ပါတယ်. . ."

ဖြတ်ကျော်လာသည့် လူနာဆောင်များဘက် ငေးရင်း ပန်းဝါ နှုတ်ဆိတ်နေမိပြန်၏။

"ပန်းဝါ ဘယ်မှာနေလဲဗျာင်၊ ကျွန်တော်လာခဲ့မယ်လေ"

"ပန်းဝါ ဘော်ဒါဆောင်တစ်ခုမှာ နေတယ် ဆရာ. . ."





"ဒါ ကျွန်တော် သိတာပဲ. . ."

"မဟုတ်ဘူးလေ၊ ပန်းဝါတို့ အိမ်ငှားနေတဲ့အခါကျတော့ဆရာလာပါ၊ အခုဘော်ဒါဆောင်တော့ မလာပါနဲ့ဆရာ. . ."

သူ ပန်းဝါကို ကြည့်နေမိလိုက်သည်။

"အိမ်က ဘယ်တော့ ငှားဖြစ်မှာလဲ၊ ဘယ်သူနဲ့ငှားမှာလဲ"

"အခုဘော်ဒါဆောင်က အခန်းဖော်တစ်ယောက် နှစ်ယောက်နဲ့ စပ်ပြီးတော့ ငှားကြမှာပါ၊ အိမ်ကတော့ ငှားဖြစ်မယ်တော့ အတိအကျ ပန်းဝါလည်း မပြောတတ်သေးဘူး. . ."

"ဟင်း . . ."

သူ သက်မချလိုက်သည်။ ပန်းဝါ သူ့ကို စကားလှအောင်ပြောနေကြောင်း သူသိလိုက်၏။ စိတ်ထဲမှာ မကျေနပ်၊ မကျေနပ်သော်လည်း ထိုစကားနှင့်ပတ်သက်၍ သူ ဆက်မပြောလိုတော့။ အကျီလက်ကို ပင့်လိုက်ပြီး သူနာရီကို တစ်ချက် မြှော်ကြည့်လိုက်သည်။ ပြီးမှ. . .

"ပန်းဝါ. . ."

"ရှင် ဆရာ. . ."

"ဒီအပတ်အားရက် ကျွန်တော့်ကို အချိန်ပေးမယ်မဟုတ်လား. . ."

"ပန်းဝါ ကြိုးစားပါ့မယ် ဆရာ. . ."

သူ့ကိုမကြည့်ဘဲ ပန်းဝါဆိုသည်။ သူ့ရင်ထဲ မရိုးဘင်ကဲဖြင့် မျက်မှောင်တွန့်ကာ ပန်းဝါအား သူ စူးစိုက်ကြည့်နေမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါကိုကြည့်ရင်း သူ့ရင်ထဲတွင် ဘယ်လိုမှမရှင်း၊ ပြင်းထန်စွာ သိချင်မေးချင် ပြောချင်နေသည့် အကြောင်းအရာတွေက သူ့ရင်မှာ ပြည့်ကျပ်စွာရှိနေရသည် မဟုတ်ပါလား။

"ဆရာ ဒီနေ့ခွဲစိတ်ခန်း ဝင်ရမယ်နော်. . ."

တိတ်ဆိတ်နေဆဲ သူ့ဘက်မော်ကြည့်ရင်း ပန်းဝါ မေးလာသဖြင့်. . .

"ဟုတ်တယ် ပန်းဝါလည်း ပါတယ်မဟုတ်လား. . ."

"ဟုတ်ကဲ့ ပါပါတယ် ဆရာ. . ."

"ဒီညနေပြန်တဲ့အခါ ပန်းဝါ ကျွန်တော့်ကို စောင့်နေပါလား. . ."

"ကိစ္စရှိလို့လား ဆရာ၊ ပန်းဝါကို လိုက်ပို့မလို့ဆိုရင်တော့ ပန်းဝါ လက်မခံဘူးနော်. . ."

"ဟင်း. .သိပါတယ်ဗျာ၊ လိုက်မပို့ပါဘူး၊ ပြန်ခါနီး ပန်းဝါနဲ့ ခဏစကားပြောပြီးမှ ကျွန်တော်ပြန်ချင်လို့ပါ. . ."

"ဟို ဆရာကလည်း ပြောရော့မယ်ရှင်၊ အဟင်း ဘာလဲ. ပန်းဝါဟာ ဆရာရဲ့ စကားပြောဖော်ပေါ့လေ. . ."

"ပန်းဝါ ဒီလိုထင်သလား. . ."

"အဟင်း. .မပြောတတ်ဘူးလေ. . ."

လှသောအပြုံးလေးနှင့် ပန်းဝါဆိုသည်။ ပန်းဝါ၏ လှပ တည်လွင်သော မျက်နှာလေးအား သူ အတန်ကြာ စိုက်ကြည့်လိုက် ပြီးမှ နှုတ်မှစကားတစ်ခွန်းသည် ထွက်သွားတော့မည်ဆဲဆဲ. . .



"ဩော်. .ဆရာ အတော်ပဲ၊ ဟိုမှာ လက်ကျိုးသွားတဲ့ ကလေးတစ်ယောက် ရောက်လာတယ်. . ."

ထောင့်ချိုးတစ်ခုအကွေ့အရောက် ဘွားခနဲပေါ်လာသော သူနာပြုတစ်ဦး၏ စကားကြောင့်. . .

"ဟင်. ဟုတ်လား၊ ဘယ်တုန်းကလဲ. . ."

"ခုပဲ ရောက်လာတာ ဆရာ . . ."

"ကဲ. .ကဲ. .သွားကြည့်ရအောင်. . ."

ဆရာမခေါ်ဆောင်ရာ လူနာရှိရာဆီသို့ သူတို့သွက်လက်သော ခြေလှမ်းများဖြင့် လိုက်သွားကြလေသည်။

"အီး. .ဟီး. .ဟီး. . ."

"ဇော် သိပ်နာနေလားဟင်၊ ဩော်. .ဟိုမှာ ဆရာဝန် ရောက်လာပြီ၊ တိတ်နော် သား. . ."

ဒေါက်တာမော်ကွန်း၊ ပန်းဝါနှင့် သူနာပြုတစ်ဦးကိုမြင်သည် နှင့် ဆရာမလေး ဝင်းမာလေးမှာ အားတက်သရော လှမ်းကြည့်မိရင်း ဇော်ဇော်အား ချော့မော့နေမိရှာ၏။

"ဘယ်လိုဖြစ်တာလဲ. . ."

ကျောင်းဝတ်စုံနှင့် ဆရာမလေးကိုကြည့်ပြီး ဒေါက်တာ မော်ကွန်းမေးလိုက်သည်။

"တခြားကျောင်းသူတစ်ဦးကို ကားတိုက်မယ်အလုပ်မှာ ဇော်က တွန်းလိုက်တယ်ဆရာ . . ."

"ဒီတော့ ကားတိုက်သွားတာလား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်၏ တစ်ကိုယ်လုံးကိုကြည့်ပြီး ဒေါက်တာမော်ကွန်း ဖြတ်မေးလိုက်သည်။

"မဟုတ်ပါဘူး ဆရာ၊ ကားမတိုက်ပါဘူး၊ ကျွန်မက ဇော့် နောက်ကပါလာတော့ ဇော့်ကိုပါ စိုးရိမ်ပြီး တွန်းလိုက်မိတာ. . ."

"ဩော်. .အရှိန်လွန်ပြီး လက်ကိုထိခိုက်သွားပေါ့. . ."

"ဟုတ်ပါတယ် ဆရာ၊ ကြည့်ပေးပါဦးရှင်. . ."

"ကဲ. .သား၊ ဦးဦး နည်းနည်း သားလက်ကိုကိုင်ကြည့်မယ် နော်. . ."

ရည်မွန်ချိုသာစွာဆိုရင်း ဇော်ဇော်၏ညာလက်ကလေးအား သူ ကိုင်စမ်းကြည့်လိုက်လေသည်။

"အား. .အား၊ အီး. .ဟီး. .ဟီး နာတယ် ဦးဦးရယ်၊ နာတယ် ခင်ဗျ၊ ဟီး. .ဟီး. . ."

ဝေဒနာအတွက် အသည်းခိုက်စွာ နာကျင်ငိုကြွေးနေရရှာသော ဇော်ဇော့်မျက်နှာလေးအား ပန်းဝါမှာ စဉ်းစားသလို ကြည့်နေမိဆဲ ရှိလေ၏။

"အင်း. .သားလက်က နာမှာပေါ့ကွာ၊ ဒါပေမယ့် ဘာမှ မဖြစ်ပါဘူး၊ ဦးဦးတို့က သားလက်ကလေးပြန်ကောင်းသွားအောင် လုပ်ပေးမယ်နော် ဟုတ်လား သား. . ."

ဇော်ဇော်၏ လက်ကလေးကျိုးသွားသည်ကို မပြောဘဲ ဒေါက်တာမော်ကွန်း ချော့မော့နှစ်သိမ့်စကားကို ဆိုလိုက်သည်။

ဇော်ဇော်. .၊ ဟုတ်ပြီ မန္တလေးမှာ ဘောလုံးလာကောက်





တဲ့ ကလေးပဲ. . .။

လက်ကောက်ဝတ်နေရာလေး၌ ထောက်မိသည့်အရှိန်ကြောင့် ကျိုးသွားရပြီကို ကြည့်လိုက်သည်နှင့် သိနေရပြီဖြစ်သော ပန်းဝါမှာ ဇော်ဇော်၏ ချစ်စရာမျက်နှာလေးအား ငေးကြည့်စဉ်းစားနေရင်းမှ အမှတ်ရလာသဖြင့် စိတ်ထဲမှ တိကျစွာရေရွတ်ဆိုနေမိလိုက်ခြင်းပါ။

"ပန်းဝါရေ. . ."

"ရှင် ဆရာ. . ."

"အဆင်ပြေပြေ ကျောက်ပတ်တီးလေး လှလှပပ စည်းပေးလိုက်ကြရအောင်လားဗျာ. . ."

"အဟင်း. .ဟင်း. . ."

"ဟုတ်ကဲ့ ဆရာ. . ."

ထဘီအနီဝတ် ဆရာမလေးက ဒေါက်တာမော်ကွန်းအပြောကို သဘောကျစွာ ရယ်လေသည်။ ပန်းဝါမှာလည်း လှသောအပြုံးလေးနှင့် ဇော်ဇော့်လက်ကလေးအတွက် လုပ်စရာရှိသည်တို့ကို လုပ်နေလိုက်လေ၏။

"သားလက်ကလေး ရောင်တောင်လာပြီ၊ ဘယ်နားမှာ ထဲတာလဲ ဆရာမ. . ."

ကျောက် ပတ်တီးစည်းရန် လုပ်ဆောင်နေစဉ် ဒေါက်တာမော်ကွန်းမှာ ဇော့် ခနီးတွင်ထိုင်ရင်း မေးစမ်းကြည့်နေလိုက်သောကြောင့် ဆရာမလေး ဝင်းမာလေးမှာ တရှုံ့ရှုံ့နှင့်မျက်နှာလေးငှ့ကာ နေရှာသည့် ဇော် အံ့ဆံပင်ပျော့ပျော့လေးများကို ပွတ်သပ်ရင်းက

www.burmeseclassic.com

www.burmeseclassic.com



"အခု ထမင်းစားလွှတ်ချိန်အပြန်မှာ ဖြစ်တာပါဆရာ. ."

"ကားနဲ့ကော တိုက်မိသေးလား. . ."

"မတိုက်မိပါဘူးရှင်၊ ကားကလည်း ဘရိတ်အုပ်ဖြစ်လိုက်တယ်လေ. . ."

"ဩော်. .ဩော်. .တော်သေးတာပေါ့. . ."

"ဟုတ်ကဲ့. .ဇော်တွန်းလိုက်တဲ့ ကလေးမလေးကတော့ ဘာမှမဖြစ်ဘူး၊ ကျွန်မက ဇော့်ကို စိုးရိမ်တကြီးတွန်းလိုက်မှ ဇော့်မှာ ခုလိုဖြစ်သွားရတာ စိတ်မကောင်းလိုက်တာ. . ."

"အဟင့်. .ဟင့်. . ."

ဇော့်ရှိုက်သံလေးများမှာ တိုးတိုးလေး ထွက်နေရှာသေးသည်ကို ဒေါက်တာမော်ကွန်းသည် ငုံ့နေသည့် ဇော့်မျက်နှာလေးအား သူ့ခေါင်းကို အနည်းငယ်ငုံ့ကာ ချောမောသောအပြုံးတို့နှင့် ကြည့်မိရပြီး. . .

"သားက ယောကျ်ားပဲကွာ၊ တောင့်ထားလိုက်စမ်းပါ၊ ကဲ ကဲ. .သားမျက်နှာလေး မော့စမ်းပါဦးကွာ. . ."

သူပြောရင်း ဇော့်မျက်နှာလေးကို မေးမှပင့်မ မော့်စေလိုက်သည်။

"ဟား. .သားက လူချောပဲဗျ၊ ကြည့်ကြပါဦးဗျာ၊ ဇာတ်လိုက်မင်းသားလေးပါပဲ အဟွန်း. .ဟွန်း. . ."

တကယ်လည်း ချောမော ချစ်စရာကောင်းနေသည့် ဇော်ဇော်အား ဒေါက်တာမော်ကွန်းမှာ အနာဘက်စိတ်မရောက်စေရန်



အရွှန်းလေးဖြင့် စကားများပြောနေလိုက်မိ၏။

ဆရာမလေးတစ်ဦးနှင့်အတူ ဇော့်အတွက် လိုအပ်သည်တို့ကို လုပ်ဆောင်နေရာမှ ဇော်၏မျက်နှာလေးအား ပန်းဝါသည် ကြည်လင်သော အပြုံးလေးနှင့် လှမ်းကာကြည့်မိလိုက်လေသည်။

ပန်းဝါ၏ ပြုံးမျက်နှာလေးအား မြင်သော် ဇော်ဇော်သည် လှမ်းကြည့်မိဆဲ၊ မျက်ခုံးလေး မသိမသာ တွန့်ကာ ရှိုက်သံလေး ဝဲသွားရရင်း အတန်ကြာကြာ ငေးကြည့်နေဖြစ်လိုက်ပြီးမှ. . .

"အန်တီ. .အန်တီနဲ့ ဇော် သိတယ်မဟုတ်လားဟင်. ."

"အဟင်း. .ဟင်း ကြည့်စမ်း၊ သားက မှတ်ဉာဏ်တကယ်ကောင်းတာပဲကွယ်၊ ဟုတ်တာပေါ့၊ သားနဲ့အန်တီတို့က ကောင်းကောင်းသိကြတာပေါ့ကွ. . ."

"အံမယ် ခုတော့ သားက မိတ်ဆွေဟောင်းနဲ့ တွေ့လို့ပါလားဗျာ၊ နေပါဦး၊ သားနဲ့အန်တီက ဘယ်မှာ သိကြတာတုံးဗျ"

"မန္တလေးမှာ ဦးဦးရေ၊ အန်တီက သားရဲ့ဘောလုံးလေး ကောက်ထားပေးတယ်လေ. . ."

"အဟင်း ဟင်း၊ ဟုတ်တယ် ဟုတ်တယ်၊ ဒါနဲ့ သားက အခုရန်ကုန်မှာ ကျောင်းလာနေတာလား. . ."

"ဟုတ်ကဲ့ အန်တီ၊ ဟောဒီက အန်တီဝင်းမာနဲ့ ဖေဖေက ရန်ကုန်မှာကျောင်းနေခိုင်းလိုက်တာ. . ."

"ဩော်. . ."

'ဩော်'ဟုဆိုကာ ပန်းဝါ ဆရာမဝင်းမာလေး၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလေးကို အပြုံးနှင့် လှမ်းကြည့်သည်။ ဝင်းမာလေးမှာလည်း လှပချောမောလွန်းသော ပန်းဝါအား တငေးတမောလေး ကြည့်နေရဆဲမှ အားနာပြုံးလေးဖြင့်. . .

"ဇော်က စာတော်တယ်လေ၊ ဒါကြောင့် ဇော့်ဖေဖေက ဒီမှာ ကျောင်းလာနေစေတာ. . ."

"ဇော့်ဖေဖေနဲ့ ဘာတော်လဲ. . ."

"မောင်နှမဝမ်းကွဲပါ. . ."

ဇော်၏အကြောင်းများ မပြောချင်၍ ဆရာမလေးဝင်းမာမှာ စကားကို အဆင်ပြေအောင်သာ ကြည့်ပြောလိုက်လေ၏။

စကားပြောနေဆဲ ဇော့်လက်ကလေးအား ဒေါက်တာမော်ကွန်းကိုယ်တိုင်ပင် ကျောက်ပတ်တီးကိုင်ပေးလိုက်လေသည်။ သူသည် ကျောက်ပတ်တီးကိုင်နေဆဲမှ ဇော့်စိတ်များ လွင့်ပျံနေစေရန်အတွက်. . .

"သားက ဘယ်နှစ်တန်းရောက်ပြီလဲကွ. . ."

"လေးတန်းခင်ဗျ. . ."

"ဟား တော်တာပေါ့၊ ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားကွ၊ သိလားနော်. . ."

"ဟုတ်ကဲ့ ဦးဦး၊ သားကလည်း ဖေဖေ့လိုပဲ ဆရာဝန်ကြီးပဲ ဖြစ်ချင်တာပါပဲခင်ဗျ. . ."

"အို သိပ်ကောင်းတာပေါ့ဗျာ၊ ဆရာဝန်ကြီးဖြစ်အောင် သားက စာကြိုးစားရမှာနော်. . ."





"ဟုတ်ကဲ့ ဦးဦး. . ."

ဒေါက်တာမော်ကွန်းမှာ ကျောက်ပတ်တီးအား လတ်စသတ်သိုက်ရင်းက. . .

"ဆရာမတို့ ဘယ်မှာနေတာလဲ. . ."

"ဒီနားလေးတင်ပါပဲ ဆရာ. . ."

"ဩော် ဒါဆို ဆေးရုံနဲ့ နီးနီးလေးပဲ. . ."

"ဟုတ်ကဲ့. . ."

"ကဲ. .သားရေ သားလက်က ညာလက်ဖြစ်တာဆိုတော့ သားကျောင်းတက်လို့ မရသေးဘူးကွာ၊ အိမ်မှာပဲ အနားယူလိုက်ဦးပေါ့ ဟုတ်လား. . ."

"ဟုတ်ကဲ့ ဦးဦး. . ."

"ပြန်ပါဦးမယ်ရှင်. . ."

ဇော်ဇော်၏ ဘယ်လက်ကလေးတစ်ဘက်ကို ဆွဲကိုင်ရင်း ဝင်းမာလေးက ပြန်ရန် နှုတ်ဆက်လိုက်သည်။

"ဇော် ပြန်တော့မယ်ဦးဦး၊ အန်တီ ဇော် ပြန်တော့မယ်နော်"

"ကောင်းပါပြီဗျာ. . ."

"ကောင်းပါပြီ သားရယ်. . ."

ဒေါက်တာမော်ကွန်းသည် ဇော်၏ခေါင်းလေးအား ပွတ်သပ်လျက်ဆိုသလို ပန်းဝါသည်လည်း ဇော့်မျက်နှာလေးအား ဖွဖွကိုင်လျှက် ဆိုမိလိုက်ပါလေ၏။ အိုပီတီအခန်းပေါက်ဝအထိ ဇော့်အား သူတို့ထွက်ပို့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်သည် သူတို့အားတစ်ချက်မျှ လှည့်ကြည့်ကာ ဆရာမလေးနှင့် ထွက်ခွာသွားရာဆီသို့ ဒေါက်တာမော်ကွန်းနှင့် ပန်းဝါတို့သည်လည်း ဇော့်နောက်ကျောလေးအား မျက်စိတဆုံး လှမ်းကာ ကြည့်ကျန်ရစ်ခဲ့ကြပါသတည်း။

"ကလေးက သိပ်ချစ်စရာ ကောင်းတာပဲ၊ လိမ်လည်း လိမ္မာတယ်နော် ဆရာ. . ."

"ဟုတ်တယ် ပန်းဝါ၊ ဒီကလေးရဲ့ ဗီဇဉာဏ်လေးကိုက သိပ်ကိုသိမ်မွေ့ထက်မြက်နေတယ်. . ."

ပန်းဝါနှုတ်ဆိတ်သွားသည်။ ပန်းဝါမျက်ဝန်းလေးများကား မှိုင်းဝေသီကာ ရှိနေတော့၏။ ဒေါက်တာမော်ကွန်းသည် သူ့နံဘေးမှ ပန်းဝါအား သတိမထားမိလိုက်ပေ။ သို့သော် သူ့နှလုံးသားမှ မြည်ကြွေးနေမိသည်ကား. . .

ငါ့သားလေးလည်း ဒီအရွယ်ပဲပေါ့၊ သားရယ် ဖေဖေကတော့ မပိုင်ဝက်မွေးဆိုတဲ့ ဘဝပါပဲကွယ်၊ ဟင်း. . .။

နှလုံးသားမှ နွမ်းမောစွာ မြည်ကြွေးသံအဆုံးဝယ် သက်ပြင်းမောအား သူ ချမိလိုက်၏။ ထို့နောက်သူသည် ဖျတ်ခနဲ ပန်းဝါဘက် လှည့်ကြည့်မိစဉ်အခိုက်. . .

"ဟင်. . ."

ရင်ထဲ၌အံ့သြမှုသည် ဖြစ်ပေါ်ရ၏။ ပန်းဝါအား စိမ်းမှောင်သော မျက်ခုံးနှစ်ဘက် သာသာမျှအတွန့်ချိုးကာ သူ ကြည့်နေလိုက်မိ၏။ ပန်းဝါ၏ မျက်ဝန်းအိမ်ထဲဝယ် မျက်ရည်မိုးများ ရွာကျလုကျခင်





ရှိနေရလေသည် မဟုတ်ပါလား။ ပန်းဝါ၏မျက်နှာလေးအား သူ အတန်ကြာကြာ တိတ်တဆိတ်ငေးကြည့်နေရပြီးမှ. . .

"ပန်းဝါ. . ."

"ရှင်. .ဩော်. .ဆရာ. . ."

ရုတ်တရက်ထွက်ပေါ်လာသော သူ့ခေါ်သံကြောင့် လတ်တလောအခြေအနေအား မေ့လျော့သလိုရှိနေမိသော ပန်းဝါသည် သူ့မျက်နှာအား အသိဝင်ကာ ထိတ်လန့်သလို ဖျတ်ခနဲ မော်အကြည့် ကိုယ်လေးမှာ တွန့်ခနဲဖြစ်ကာ မျက်ရည်စက်သည် မျက်ဝန်းအိမ်နှစ်ဘက်မှ ပေါက်ခနဲအပြိုင် ကြွေလွင့်ထွက်သွားရပါလေ၏။

"ဆောရီး ဆရာ. . ."

ပန်းဝါဆိုရင်း သူ့ရှေ့မှ လှည့်ထွက်သွားတော့မည်အပြု

"ပန်းဝါ. . ."

ဒေါက်တာမော်ကွန်းသည် ပန်းဝါလက်မောင်းလေးမှ ဖျတ်ခနဲ လှမ်းဆွဲကိုင်ထားမိရင်း ခေါ်လိုက်မိလေ၏။

"အို. . ."

ပန်းဝါ ကိုယ်လေးတွန့်ကာ ဆိုလိုက်မိသည်။

"ဆောရီး ပန်းဝါ၊ ကျွန်တော့်ကိုကြည့်ပါဦး. . ."

သူဆိုကာ အိုပီတီအခန်းထဲသို့ ပန်းဝါအား ပြန်၍ခေါ်သွင်းခဲ့လိုက်သည်။ ဆေးထည့်ပြီးချိန်မို့ အိုပီတီအခန်းထဲက လူရှင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းဝါ. . ."

ပန်းဝါ၏လက်မောင်းလေးနှစ်ဘက်အား သူ အသေအချာဆုပ်ကိုင်ရင်း ထပ်ခေါ်သည်။ မျက်တောင်များ တဖျပ်ဖျပ်ခတ်ပြီး မျက်ရည်များ သိမ်းသွင်းကာ သူ့မျက်နှာကို ပန်းဝါ မော်ကြည့်နေမိသည်။

"ပန်းဝါ. . ."

ပန်းဝါလက်မောင်းလေးအား တစ်ချက်ဖျစ်လိုက်ရင်းက သူ ထပ်ခေါ်လာပြန်သောကြောင့်. . .

"ဆရာ. . ."

မျက်လွှာလေးချကာ ပန်းဝါ ထူးလာ၏။

"ပန်းဝါရယ် ကျွန်တော့်ရင်ထဲ မရှင်းလိုက်တာဗျာ. . ."

"မရှင်းချင်ပါနဲ့ ဆရာရယ်. . ."

"မဟုတ်သေးဘူးလေ၊ ကျွန်တော့်အနေနဲ့ ရင်ထဲမရှင်းဘဲဘယ်ထားနိုင်မလဲဗျာ. . ."

"ပန်းဝါ ဘာပြောရမှာလဲ ဆရာ . . ."

"ကျွန်တော် သိချင်တာ ကိုချစ်သက်င နဲ့ ရှားရှားတို့..."

"အို ဆရာ၊ ပန်းဝါ မပြောပါရစေနဲ့ရှင်. . ."

သူ၏စကားမဆုံးခင် တုန်ယင်သောခံစားမှုတို့ဖြင့် ပန်းဝါဖြတ်ပြောလိုက်မိသည်။

ဒေါက်တာမော်ကွန်းသည် ပန်းဝါ၏လက်မောင်းလေးနှစ်ဘက်မှ သူ့လက်များအား ပန်းဝါလက်ချောင်းများဆီသို့ ရွှေ့လျား





ဆုပ်ကိုင်ထားလိုက်ပြီး ပန်းဝါ၏ မျက်နှာလှလှလေးကိုလည်း စူးစိုက်ကြည့်နေမိရင်းက. . .

"မပြောချင်မရှိပါနဲ့ ပန်းဝါရယ်၊ ကျေးဇူးပြုပြီး ကျွန်တော်သိပါရစေ. . ."

"ဆရာ ဂျူတီချိန်လေ၊ ပန်းဝါတို့ ခွဲခန်းလည်း ဝင်စရာရှိသေးတယ် မဟုတ်လား. . ."

"အင်း. .ဟင်း. .ပန်းဝါ. . ."

ပန်းဝါစကားကြောင့် သူသည် ခေါင်းညိတ်သက်မချပြီးခေါ်လိုက်သည်။

"ရှင်. . ."

"ညနေကျရင် ကျွန်တော့်ကိုကျေးဇူးပြုပြီး စောင့်ပါနော်"

ပန်းဝါ ခေါင်းညိတ်ပြလိုက်သည်။ နာရီကိုတစ်ချက် ငုံ့ကြည့်ပြီး ပန်းဝါလက်ချောင်းလေးများကို သူ လွှတ်ပေးလိုက်သည်။ အိုပီတီအခန်းထဲမှ သူတို့ထွက်ခွာသွားလိုက်ကြလေ၏။

ထမင်းစားချိန် အနားယူပြီးနောက် ကျန်ရှိနေသည့် အလုပ်တာဝန်များအား သူတို့မှာ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်၍ ဆောင်ရွက်ကြရပြန်ပါသည်။

နာရီလက်တံများသည် တရွေ့ရွေ့ရွေ့လျားသွားနေသဖြင့်ညနေဘက်သို့ရောက်သော် ဒေါက်တာမော်ကွန်းသစ်သည် သူ့နာပြုများ အခန်းဆီသို့ ရောက်ခဲ့ရပြီး. . .

"သြော်..ဆရာမ၊ ဆရာမပန်းဝါကော. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဪ ခုလေးတင်ပဲ ပြန်သွားပါပြီ ဆရာ . . ."

"ဪ. .ဟုတ်လား. . ."

ထိုမျှသာ သူ ပြောပြီး သူနာပြုများအခန်းထဲမှ ထွက်လာခဲ့လိုက်သည်။ သူ့ရင်ထဲမတော့ မချိတင်ကဲနှင့်ပါ။

ပန်းဝါရယ် သေသေချာချာ မှာထားရက်နဲ့ကွယ်၊ ကျွန်တော် သိပါတယ်၊ ပန်းဝါမှာ လျှို့ဝှက်ခံစားမှုတွေရှိနေပြီဆိုတာ၊ အဲဒီ လျှို့ဝှက်ချက်တွေကိုပဲ ကျွန်တော်က မရမကသိအောင် ကြိုးစားရမှာပါပဲ ပန်းဝါရယ်. . .။

ကျွန်တော်တာကြောင့် ကြိုးစားရတယ်ဆိုတာ ပန်းဝါတော့ သိမှာမဟုတ်ဘူး၊ ကျွန်တော့်အဖြစ်ကို ကျွန်တော်က အသိဆုံးကိုးဗျာ၊ ဟင်း. . .။

ဒေါက်တာမော်ကွန်းကား ခြေလှမ်းကျဲကြီးများနှင့် ဆေးရုံပေါ်မှ ဆင်းခဲ့ပြီးနောက် ကားကိုမောင်းထွက်ကာ ပန်းဝါအားရှာဖွေနေလိုက်မိပါ၏။

ဆေးရုံဝင်းပေါက်အရောက် ကားကို ခေတ္တရပ်ပြီး ကားမှတ်တိုင်များရှိရာ ဝဲယာဘက်ဆီသို့ သေချာစွာလှမ်းကာ ကြည့်နေမိလိုက်သည်။

ထို့နောက် သူသည် မျက်နှာချောချောမှ အပြုံးလွန့်လွန့်ဖြစ်ပေါ်သွားရပြီးနောက် သူ၏ကားလေးအား ဝဲဘက်သို့ချိုးကွေ့ကာ မြေနီကုန်းဘက်ဆီသို့ မောင်းနှင်ထွက်ခွာလာခဲ့လိုက်ပါလေတော့၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ပန်းဝါသည် မြေနီကုန်း





ဘက်ထွက်ခွာမည့် ကားပေါ်သို့ တက်ရောက်လိုက်ပါသွားသည်ကို သူ တွေ့လိုက်ရခြင်းကြောင့်ပါတည်း။

ပန်းဝါကား ထိုအကြောင်းများကို ဘာမျှမသိရှိရှာပါလေ။ ထို့နေ့က သူသည် စိတ်လက်ပေါ့ပါးစွာဖြင့် ပန်းဝါနေထိုင်သော အမျိုးသမီးဘော်ဒါဆောင်အား ဖြတ်ကျော်ခဲ့ကာ အိမ်သို့ ပြန်လာခဲ့လိုက်ပါလေတော့သည်။ ။



www.burmeseclassic.com

www.burmeseclassic.com

– တစ်ဆယ့်လေး –

"သား. . ."

"ဟင် ဖေဖေလာတယ်. . ."

အိမ်ထဲသို့လှမ်းဝင်ရင်း ခေါ်လိုက်သော ဒေါက်တာမင်းညို အသံအားကြားမိလိုက်သည်နှင့် ကျောင်းစာအုပ်လေးတစ်အုပ်ကို ရှေ့တွင်ထားရင်း ငေးမောနေရှာသော ဇော်ဇော်မှာ အပျော်လွန်ကာ ပြေးထလာခဲ့လိုက်ရှာလေ၏။

"မပြေးနဲ့လေ သား၊ လဲဦးမယ်. . ."

"ဖေဖေ. . ."

"သား. . ."

လက်ထဲမှ အထုပ်အပိုးတွေချပြီး ဇော်ကိုယ်လေးအား ဒေါက်တာမင်းညို ပွေ့ချီလိုက်လေသည်။ ဇော်သည် ဒေါက်တာမင်းညိုအား ပျော်ရွှင်မျက်ဝန်းစိုလေးများနှင့် ကြည့်မိရပြီး. . .

"ဖေဖေ ရောက်လာတာ သား ဝမ်းသာလိုက်တာ၊ သားက





ဖေဖေ့ကို အောက်မေ့နေတာ. . ."

"ဩော် သားရယ်. . ."

ဒေါက်တာမင်းညို ရင်ခွဲနင့်သွားရပေ၏။ ဇော်ကိုယ်လေးကို သူသည်တစ်ချက်ညှစ်လိုက်ပြီး. . .

"ဖေဖေကလည်း သားကို နေ့တိုင်းသတိရနေတာပါ သားရယ်. . ."

မှန်သည်။ ဒေါက်တာမင်းညိုမှာ ဇော်အား သူ့ရင်မှဖြစ်သော သူ့ရင်သွေးကဲ့သို့ပင် ချစ်မြတ်နိုးတွယ်တာလွန်းနေရသည် မဟုတ်ပါလား။

"ဖေဖေ. . ."

"ဘာလဲ သား. . ."

"သားလက်ကျိုးလို့ ကျောင်းမတက်နိုင်တာ ဖေဖေ သိလားဟင်. . ."

"သိတယ် သား၊ သားရဲ့အန်တီဝင်းမာက ဖေဖေ့ဆီကို ချက်ချင်း ဖုန်းဆက်တယ်လေ၊ ဖေဖေဖြင့် သားကို စိတ်ပူသွားတာ၊ ဒါကြောင့် ဖေဖေလိုက်လာခဲ့တာပေါ့ သားရယ်. . ."

"ဖေဖေ. . ."

"ဘာလဲ သား. . ."

ဆက်တီတစ်ခုတွင် ဝင်ထိုင်လိုက်ပြီး ဇော်အား သူ့ကိုယ်ပေါ်တင်ထားရင်းက သူမေးလိုက်သည်။ နေ့တိုင်းမတွေ့ရသော သည့်သား၏မျက်နှာလေးအား ဒေါက်တာမင်းညိုမှာ ချစ်သည့်သော ခြင်းတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိချေ၏။

"ဖေဖေ သားကိုချစ်လား. . ."

"ချစ်တာပေါ့ သားရယ်၊ သားကို ဖေဖေ သိပ်ချစ်တာပေါ့"

သူ့လည်ပင်းကိုဖက်ပြီး ဇော် ပြုံးလိုက်သည်။

"သား. . ."

"ဗျာ. .ဖေဖေ. . ."

"ဟို. .အန်တီဝင်းမာရဲ့မေမေတို့ကော ဘယ်သူမှ မတွေ့ပါလား. . ."

"ဘွားဘွားတို့က ဘုန်းကြီးကျောင်းသွားကြတယ်၊ အန်တီဝင်းမာက ကျောင်းသွားတယ်လေ၊ အခုအိမ်မှာ ဇော်နဲ့ မဝိုင်းတို့ နှစ်ယောက်ပဲရှိတာ. . ."

"ဪ. .ဟုတ်လား. . ."

"ဖေဖေ ထမင်းစားပြီးပြီလားဟင်၊ အခုရောက်တာဆိုတော့ ဘယ်စားရဦးမလဲနော်. . ."

သိတတ်လိုက်သည့်သားအား ခေါက်တာမင်းညိုမှာ ကြည့်[illegible]ရှာ ကြည့်မိရပြီး. . .

"ရပါတယ် သားရယ်၊ ဖေဖေ ဟိုအိမ်မှာပဲ ပြန်စားမှာပါ၊ နေပါဦး သားလက်က အခုဘယ်လိုနေလဲဟင်. . ."

"သိပ်တော့မနာတော့ပါဘူး ဖေဖေ၊ ဒီနားမှာတော့ [နာ]နေသေးတယ်. . ."

"အင်း. .လက်ကျိုးတာဆိုတော့ ချက်ချင်းတော့ ဘယ်[illegible]





မလဲ သားရယ်၊ သား အန်တီဝင်းမာဆီက သတင်းကြားတော့ ဖေဖေ သိပ်စိတ်ပူသွားတာ၊ သားများ အဖျားတွေဘာတွေ ဝင်နေဦး မလားလို့. . ."

"သားက နေ့တိုင်းဆေးရုံသွားပြီး ဆေးထိုးနေတာပါ ဖေဖေရ..."

"သား ဆေးရုံကို ဘယ်သူနဲ့သွားလဲ. . ."

"အန်တီဝင်းမာ မအားရင် ဘွားဘွားတို့နဲ့ သွားတယ်၊ ဆေးရုံက ဦးဦးဆရာဝန်ကော အန်တီဆရာမတွေ အားလုံး သဘောကောင်းကြတယ်၊ သားကိုလည်း ခင်ကြတယ် ဖေဖေရဲ့. . ."

"ဒါပေါ့ဗျာ ဖေဖေ့သားက ခင်ဖို့ချစ်ဖို့ သိပ်ကောင်းတဲ့ သားကိုးဗျ. . ."

"အဟင်း. .ဟင်း. .ဟင်း . . ."

ဇော် ရှက်ပြုံးလေးနှင့် ရယ်နေလိုက်သည်။ ဇော်၏ အပြုံး မျက်နှာလေးကိုကြည့်ရင်း တစ်ဦးတစ်ယောက်နှင့်များ ဆင်နေမလားဟု ခေါက်တာမင်းညို တွေးတောမိလိုက်ရပါသေး၏။

"ဖေဖေ. . ."

"ဟင်. . ."

မေးဆက်ပြီး သူ ထူးလိုက်သည်။

"အန်တီလေးနဲ့ ညီမလေးတို့လည်း ပါလာကြလားဟင်"

"ပါတယ် သား၊ သူတို့ဟိုအိမ်မှာ နေခဲ့ကြတယ်. . ."

သိရိဇော်၏ မိဘများအိမ်ကို ရည်ညွှန်း၍ သူ ဆိုလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဇော်ဇော်မှာ ဒေါက်တာမင်းညို၏ မျက်နှာချောချောအား မျက်ဝန်းမှေးစင်းသွားရင်း ကြည့်မိရပြီးမှ. . .

"ဖေဖေ. . ."

နွမ်းယဲ့သော အသံလေးဖြင့် ခေါ်လိုက်ရှာ၏။ ဒေါက်တာမင်းညိုသည် ဇော်ဇော်၏ နွမ်းငေးသွားသော မျက်နှာလေးကို ကြည့်မိရရင်းက. . .

"ဘာလဲ သားရယ်၊ ဘာဖြစ်လို့လဲ. . ."

"ဘာမှမဖြစ်ပါဘူး ဖေဖေရယ်. . ."

"မဟုတ်သေးပါဘူးကွာ၊ သား ဘာစိတ်မကောင်းဖြစ်သွားလဲ ဖေဖေ့ကိုပြောစမ်း. . ."

ဇော့်မျက်နှာလေးကို လက်နှစ်ဘက်နှင့် ညှပ်ယူရင်း ဒေါက်တာမင်းညို မေးလိုက်လေသည်။ ဒေါက်တာမင်းညို၏ မျက်နှာချောချောကိုသာ ဇော် ကြည့်နေလိုက်သည်။

"ပြောလေ သားရဲ့. . ."

သားအတွက် စိတ်ထဲထင့်စွာ ခံစားမှုဖြင့် ဒေါက်တာမင်းညို ထပ်မေးလိုက်လေမှ ဇော်ဇော်မှာ မရဲတရဲဝမ်းနည်းခြင်းများတို့ဖြင့်

"ဟို အန်တီလေးပြောသလိုပဲ သားဟာ ဖေဖေရဲ့သား မဟုတ်ဘူးနော်. . ."

"ဟား. .သားရယ်၊ ဒီစကားကို ဘာလို့မေးတာလဲကွာ"

ဇနီးသည်၏မျက်နှာကို မြင်ယောင်ရင်း သဘောမတွေ့နိုင်





ဘှာဖြင့် သူ ဆိုလိုက်လေ၏။

"သား ဖေဖေ့ကိုချစ်တယ်၊ သား ဖေဖေ့သားပဲဖြစ်ချင်တာ"

"အိုကွာ၊ သားကလည်း ဘာတွေပြောနေတာလဲ၊ ဇော်ဟာ ဖေဖေ့သားပါကွ. . ."

"မဟုတ်ပါဘူး ဖေဖေရာ၊ အန်တီလေးကပြော. . ."

"ဟာ ဒီမှာ သား၊ ဖေဖေပြောမယ် သားမှတ်ထား သိလား"

ဒေါက်တာမင်းညိုမှာ ပြောမည့်စကားတို့အား မဆက်ဖြစ်သေးဘဲ အိမ်ရိပ်လူခြည်ကို အကဲခတ်လိုက်ပြီးမှ သူသည် အသံကို ခပ်တိုးတိုးကလေး နှိမ့်ပြီး. . .

"ဖေဖေဟာ သားရဲ့ဖေဖေကြီးပါပဲ သားရဲ့၊ သားကလေဟိုဖေဖေရဲ့. .ဖေဖေရဲ့ မိန်းမတစ်ယောက်က မွေးတာပါ သားရဲ့၊ ဆဖေပြောတာ ယုံနော် သား၊ သိလား. . ."

သားတော်မောင်အတွက် ချမ်းမြေ့စေရန် ဒေါက်တာမင်းညိုမှာ ပါးစပ်ထဲတွေ့ကရာတွေ ပြောပြပြီး ဇော်ဇော်အား အယုံသွင်းမိရှာပါ၏။

"ဒါဖြင့် သားမေမေကော ဖေဖေ. . ."

"အင်း သူလား ရှိပါတယ်. . ."

"ရှိတယ် ဟုတ်လား၊ ဘယ်မှာလဲ ဖေဖေ. . ."

"အင်း သူ ဟိုနိုင်ငံခြားမှာကွ၊ ဟိုအဝေးကြီးမှာ သားဆီကို ပြန်မလာတော့ဘူး. . ."

"ဩော်. . ."



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးများ ဝေဝေးစွာ ဖော်ဖော် ဆိုမိသည်။

"ကဲ. .သား၊ ဖေဖေ့ကို စိတ်မကောင်းစရာတွေ နောက်ထပ် မမေးပါနဲ့တော့ကွာ၊ ဖေဖေဟာ သားရဲ့ဖေဖေဆိုတာ သားယုံပါ၊ ပြီးတော့ ဖေဖေဟာ သားကိုချစ်တာယ်၊ သားအတွက်ကို အကောင်းဆုံး တွေ ဖေဖေအမြဲတမ်း ကြိုးစားလုပ်ဆောင်ပေးနေတယ်ဆိုတာ သား သိထားပါ၊ သား ဖေဖေ့ကိုချစ်တယ် မဟုတ်လား. . ."

"ချစ်တယ် ဖေဖေ၊ သားက ဖေဖေ့ကို သိပ်ချစ်တဲ့သားပါ ဖေဖေရ. . ."

"ဒါဖြင့် နောက်တစ်ခါ ဖေဖေစိတ်ညစ်ရမယ့်စကားတွေ သားမပြောရဘူးနော်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

ဒေါက်တာမင်းညိုသည် လိမ္မာသိမ်မွေ့လွန်းသော ဖော်ဖော် ၏မျက်နှာလေးကိုကြည့်ပြီး ဖော်ဖော်၏ ဆံပင်လေးများအား ဖွဖွ သပ်ပေးရင်းက. . .

"ဪ သားအတွက် အကျႌဘောင်းဘီနဲ့ မုန့်တွေ ဖေဖေ ဝယ်လာတယ်၊ ဟိုအိတ်တွေဟာ သားအတွက်ပဲ. . ."

မလှမ်းမကမ်းမှာ ချထားခဲ့သည့် အိတ်ကြီးနှစ်အိတ်ကို လက်ညှိုးထိုးပြရင်း ဒေါက်တာမင်းညို ပြောလိုက်သည်။

"သားမှာအဝတ်တွေ ဝတ်လို့တောင် မကုန်တော့ဘူး ဖေဖေ ရာ၊ ဘွားဘွားတို့ကလည်း ဝယ်ပေး၊ အန်တီဝင်းမာကလည်း ဝယ်ပေးနဲ့ တစ်ပုံကြီးဖြစ်နေပြီ. . ."





"သား. .ဖော်. . ."

"ဗျာ ဖေဖေ. . ."

"သားဒီမှာနေရတာ ပျော်လားဟင်. . ."

"ဖေဖေ့ကိုအောက်မေ့တာက လွဲရင် သားပျော်ပါတယ် ဖေဖေ၊ ပြီးတော့ သား စာကြိုးစားနေတယ်၊ ဖေဖေနဲ့အတူပြန်နေရအောင်လို့ လေ. . ."

"ဪ သားရယ်. . ."

တံတွေးတစ်ချက်ကို မျိုချပြီး ရင်၌နာကျင်စွာ ဒေါက်တာ မင်းညိုရေရွတ်မိရပါလေ၏။ ရင်၌လွန်စွာ သူ စိတ်ထိခိုက်မိသည်။ ဖော်ဖော်သည် လွန်စွာမှ လိမ္မာရေးခြားရှိသော ကလေးတစ်ဦးပါ။

လိမ္မာရေးခြားလည်းရှိ၊ ဉာဏ်လည်းကောင်း၊ သိတတ် နားလည်မှုလေးများလည်း အရွယ်လေးနှင့်မလိုက်အောင် လိမ္မာလွန်း သော ဖော်လိုကလေးတစ်ယောက်အပေါ်၌ ဒေါက်တာမင်းညိုသည် ငယ်စဉ်ကတည်းကမှ မွေးစားလာခဲ့ရသည်နှင့်အမျှလည်း မိမိရင်မှ ဖြစ်သော သွေးကဲ့သို့ပင် ဖော့်အား ဖခင်တစ်ဦး၏ မေတ္တာစစ် မေတ္တာမှန်တို့ဖြင့် သူသည်ချစ်သံယောဇဉ်များ ကြီးခဲ့ရသည် မဟုတ် ပါလား။

အကယ်၍ မိမိနှင့် သီရိဖော်တို့မှ မွေးဖွားသည့် ရင်သွေး များရှိခဲ့သော် ဖော်ဖော်ကဲ့သို့ အကျင့်စိဖများ တန်ဖိုးရှိရှိ ကောင်းမွင်မှ ကောင်းပေလိမ့်မည်ဖြစ်သည်။

ဒေါက်တာမင်းညိုသည် ဖော်၏ကျောက်ပတ်ဘီးကိုင်ထားရ



www.burmeseclassic.com

www.burmeseclassic.com



သော လက်ကလေးကို စိတ်မကောင်းစွာ ကြည့်မိရပြီး. . .

"ကဲ. .သားရေ၊ ဖေဖေလာတာကြာသွားပြီ၊ ဟိုမှာ ဖေဖေ ဝယ်ထားတဲ့ ပစ္စည်းတွေသိမ်းလိုက်နော်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

"ဖေဖေပြန်လိုက်ဦးမယ် သား၊ သားရဲ့ဘွားဘွားတွေနဲ့ အန်တီဝင်းမာလေးတို့ကို တွေ့ဖို့ ဖေဖေထပ်လာခဲ့ဦးမယ်. . ."

"ဟုတ်ကဲ့ ဖေဖေ၊ သား ဖေဖေလာတဲ့အကြောင်း ဘွားဘွားတို့နဲ့ အန်တီတို့ကျောင်းကပြန်လာရင် ပြောပြထားလိုက်ပါမယ်"

"ကောင်းပြီ သား၊ ကဲ ဖေဖေ သွားမယ်နော်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

ဒေါက်တာမင်းညို၏လက်တစ်ဘက်ကို ဆွဲကိုင်လျက် အိမ်ပေါက်ဝအထိ ဇော်လိုက်ပို့ရှာသည်။ ဒေါက်တာမင်းညိုမှာ သူထွက်လာခဲ့သည်မှာ ကြာပြီဖြစ်၍ ဇနီးသည်သီရိဇော်တစ်ယောက် အပြစ်ရှာနေမည်စိုးသဖြင့် ထပြန်လာခဲ့ရခြင်းပါ။

ဇနီးသည်သီရိဇော် အရိပ်အခြည်ကို စောင့်ကြည့်ရင်း ဒေါက်တာမင်းညိုသည် နောက်တစ်နေ့ ပြန်မည့်နေ့၌ ညနေဘက်တွင် ဇော်ဇော့်ဆီသို့ ရောက်လာခဲ့ရပါလေ၏။

"ဟော. .ဘွားဘွားရေ၊ အန်တီရေ ဖေဖေလာပြီဗျို့. . ."

ဇော်၏လှိုက်လှဲစွာပြောလိုက်သော အသံလေးကြောင့် ဝင်းမာလေးနှင့်အတူ အမျိုးသမီးကြီးနှစ်ယောက်ပါ အိမ်ထဲမှ ထွက်လာခဲ့ကြပြီး. . .





"ဟော့ ဆရာမပြန်သေးဘဲကိုး၊ မနေ့ကတစ်နေ့လုံး ဇော်ကတောင် ဆရာ့ကို မျှော်နေသေးတယ်လေ. . ."

"ကျွန်တော်မနေ့က သားဆီလာမလို့ပါပဲ၊ ဒါပေမယ့် အချိန်မရလို့ပါ. . ."

သူ့စကားတို့ကို လေး နားလည်လိုက်ပါသည်။

"ထိုင်ပါ မောင်ရင်. . ."

"ဟုတ်ကဲ့ ဒေါ်ဒေါ်. . ."

အေးချမ်းသော အပြုံးဖြင့် အမျိုးသမီးကြီးတစ်ဦးက ထိုင်ခိုင်းလိုက်သဖြင့် သူ နေရာယူဝင်ထိုင်လိုက်လေသည်။ ဇော်မှာ သူ့အနီး ထိုင်ခုံတစ်ခုတွင် ကပ်၍ထိုင်နေရင်း မျက်နှာလေးမှာ ပျော်ရွှင်နေရှာ၏။

"ဒါ. .လေး မေမေနဲ့အဒေါ်ပါဆရာ . . ."

လေးက မိတ်ဆက်ပေးလိုက်သဖြင့် စောစောကထိုင်ခိုင်းသူမှာ လေး မေမေမှန်း သူသိလိုက်လေသည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော့်ကိုတော့ သားရဲ့ဖေဖေဆိုတာ ဒေါ်ဒေါ်တို့သိထားပါလိမ့်မယ်ခင်ဗျာ. . ."

"သမီးပြောပြလို့ ဒေါ်ဒေါ်တို့ သိထားပါတယ်ကွယ်၊ ဒီလိုပေါ့လေ၊ မောင်ရင်ရဲ့လက်ရှိအိမ်ထောင်ရေးကို ဒေါ်ဒေါ်တို့ သဘောပေါက်ပါတယ်ကွယ်၊ မိထွေးတော်ဂေါတမီ မဟုတ်တော့ ခုလိုလည်းပဲ ဖြစ်ရမှာပေါ့. . ."

ဝင်းမာလေးမှာ သူ့အိမ်တွင်းရေး သူ့အကြောင်းများအား မည်သို့နားလည်ထား၍ လူကြီးများအား မည်သို့ပြောဆိုပြထား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူ မသိ။ လေးမိခင်နှုတ်မှပြောလာသော စကားအသွားအလာတို့ကို နားထောင်ခြင်းဖြင့် သူ့မှာ အိမ်ထောင်နှစ်ဆက်လိုလို ဒါမှမဟုတ် မိန်းမတွေရှုပ်ခဲ့၍ ကလေးပြဿနာမှာ အခုလက်ရှိ အိမ်ထောင်ရေးအား ထိခိုက်စေသလိုလို သဘောတရားတွေ ရှိနေပေတော့၏။

သို့သော် ဒေါက်တာမင်းညိုကား သားအတွက် သူ့အကြောင်းများအား ဖြေရှင်းပြောဆိုပြခြင်း မရှိပါလေ။ မည်သို့သဘောနှင့် သူ့အားပြောပြော သူ လက်ခံနားထောင်နေလိုက်၏။

"ဟိုနေ့က ဒေါ်ဒေါ်တို့ကလည်း ဘုန်းကြီးကျောင်းကိုသွားတာ မိုးချုပ်မှ ပြန်ရောက်ကြတယ်ကွယ်. . ."

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ သားကပြောပြပါတယ်. . ."

"လေးကိုတော့ ကျောင်းကပြန်လာတာမြင်တာနဲ့ ဆရာသားက ပျော်မြူးပြီးတော့ကို သူ့ဖေဖေလာကြောင်း ပြောပြတာပဲ ဆရာရေ. . ."

"ဆရာသားက အင်မတန် လိမ္မာတာကလား၊ အိပ်ခါနီးရင် သူ့ဖေဖေကို ဦးချရတာနဲ့၊ ဘာလုပ်လုပ် ဘာစားစား ဘာဝတ်ဝတ် ဖေဖေကဘယ်လို ဖေဖေကဘယ်ဝါ ဖေဖေကဘာဝယ်ပေးတာနဲ့ ဖေဖေချင်းကို ထပ်ပြီးနေတာပါပဲကွယ်. . ."

အပြုံးတွေနှင့် ဇော်ကိုကြည့်ကာ လေး၏အဒေါ်ဖြစ်သူက ပြောပြနေသဖြင့် ဇော်ဇော်မှာ ချစ်စရာ သနားစရာ အပြုံးလေးနှင့်

"ဒါကတော့ ဘွားဘွားရယ်၊ သားက ဖေဖေ့ကိုချစ်လို့





ဖေဖေ့ကိုအောက်မေ့လို့ ပြောတာပါ. . ."

ဇော်ဇော်ပြောလိုက်သော စကားကြောင့် ဇော့်လက်ကလေးကို ဒေါက်တာမင်းညိုမှာ စိတ်မကောင်းစွာ ဆုပ်ကိုင်ထားမိလိုက်လေ၏။

"လေးက ဇော့်အကြောင်းကို ဖုန်းသာဆက်လိုက်တာ၊ ဆရာလာမယ်မထင်ဘူးလေ. . ."

"ကျွန်တော် သားဆီလာချင်နေတာကြာပါပြီ မလေး၊ အလုပ်တွေက မအားနိုင်လွန်းလို့ပါ၊ ခုတော့ သားအကြောင်းသိတာနဲ့ သားကိုစိတ်ပူပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ရန်ကုန်ဆင်းလာခဲ့လိုက်တာတော့တာပါပဲ. . ."

"ဆရာ့ဇနီးလည်းပါတယ်လို့ ဇော်က ပြောပြတယ်. . ."

"ဟုတ်ကဲ့၊ ညအိပ်ညနေခရီးဆို ကျွန်တော်သွားတဲ့နေရာတိုင်း သိရိ လိုက်နေကျပဲလေ. . ."

"ဒါနဲ့ မောင်ရှင်တို့ ဘယ်တော့ မန္တလေးပြန်ကြမှာလဲ"

"သြော် . .ကျွန်တော်က ခွင့်ရက်လည်း သိပ်မရတော့ ဒီညပဲ ပြန်ကြတော့မလို့ပါဘဲ ဒေါ်ဒေါ်. . ."

"ဟင် . .ဖေဖေပြန်တော့မယ် ဟုတ်လား. . ."

ဇော်ဇော် သူ့မျက်နှာကိုကြည့်ပြီး ဝမ်းနည်းစွာ မေးလာရှာ၏။

"ဟုတ်တယ် သား၊ ဖေဖေက ခွင့်မရလို့ပါ သားရယ် နောက်တစ်ခါလာတော့ ဖေဖေကြာကြာနေပါ့မယ်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဖော့်မျက်နှာလေး ညှိုးငယ်စွာ ရှိနေတော့သည်။ လေးမှာ ဖော်ဖော်နှင့် ဒေါက်တာမင်းညိုတို့သားအဖနှစ်ဦးကို ကြည့်ပြီး. . .

“ဪော်ကွယ်. .ဖော်ကလည်း၊ ဘာလို့ ဖော့်ဖေဖေကို ပြန်ခါနီး စိတ်မကောင်းအောင်လုပ်ရသလဲလို့၊ နောက်လည်း ဖော့်ဆီကို လာမှာပဲဟာ. . .”

“ဟုတ်သားပဲ လူလေးရယ်၊ လူလေးဖေဖေကို စိတ်မကောင်းအောင် မလုပ်နဲ့နော်ကလေး. . .”

“ဖော်က လိမ္မာပါတယ်ကွယ်၊ အဲဒါ သူ့ဖေဖေကို အလကားချွဲနေတာ. . .”

လေးတို့သားအမိ တွဝရီးတို့မှာ မျက်နှာလေးညှိုးနေရှာသော ဖော့်အား ဝိုင်း၍ချော့မော့ပြောဆိုကြလေမှ ဖော်မှာ မျက်နှာလေး မရွှင်မလန်းနှင့်. . .

“ဖော်က စာကြိုးစားပြီး ဖေဖေနဲ့ပြန်နေမှာနော် ဖေဖေ...”

“ဒါပေါ့သားရယ်၊ ဒါပေါ့၊ ဖေဖေနဲ့ပြန်နေရမှာပေါ့. . .”

“အေးလေ. .ဖော်က ပညာတတ်ကြီးဖြစ်လာတဲ့အခါ ဖော့်ဖေဖေနဲ့ပြန်နေပြီး ဖေဖေ့ကို လုပ်ကျွေးရမှာပေါ့ကွယ်. . .”

“ကဲ. .ကဲ. .ဖော်ရော၊ ဖော့်ဖေဖေက ဒီညရထားနဲ့ပြန်ရမှာ၊ စကားကောင်းနေလို့မဖြစ်ဘူး၊ ဖေဖေ့ကို ပြန်ခိုင်းလိုက်တော့နော်”

လေး၏အခေါ်မှာ ဖော့်လက်ကလေးကို ဆွဲကိုင်သာရင်း ပြောလိုက်သောကြောင့် ဒေါက်တာမင်းညိုမှာ နာရီကိုတစ်ချက်ငုံ့ကြည့်မိရပြီး. . .



“ကဲ. .သား၊ သားကလိမ္မာပါတယ်ကွယ်၊ ဖေဖေက မန္တလေးပြန်ရဦးမှာနော်၊ သားစားဖို့ သားဝတ်ဖို့ သားကျောင်းနေနိုင်ဖို့ မန္တလေးမှာ ဖေဖေက အလုပ်တွေပြန်လုပ်ရမှာ၊ ဖေဖေ ပြန်မယ်နော် သား. . .”

ထိုင်ရာမှလေးတွဲစွာ ထရင်း ဒေါက်တာမင်းညို ဆိုလေသည်။ ဖော်ဖော်မှာ ဒေါက်တာမင်းညို၏ လက်တစ်ဘက်အား ဆွဲကိုင်ထားရင်း . . .

“ဟုတ်ကဲ့ ဖေဖေ. . .”

တိုးတိမ်သော အသံလေးဖြင့် ဆိုရှာ၏။

သူ့အပြန်အား အိမ်ပေါက်ဝအထိ လေးတို့မိသားစုအားလုံး လိုက်ပို့ကြသည်။ ဒေါက်တာမင်းညိုမှာ ဖော်ဖော်၏လက်ကလေးအား တစ်ချက်မျှ ဖျစ်ညှစ်လိုက်ရင်းက. . .

“ဖေဖေ သွားမယ်နော် သား. . .”

ဖော် ခေါင်းညိတ်ပြလိုက်သည်။

သူ့မျက်ဝန်းလေးများတွင် မျက်ရည်လေးများ တွဲခိုနေကြသည်ကို ဒေါက်တာမင်းညို ရင်ဆို့စွာ မြင်တွေ့မိရလေသည်။ ဒေါက်တာမင်းညိုသည် လေးနှင့်တကွ လူကြီးများကိုပင် နှုတ်ဆက်စကားမဆိုနိုင်ပါလေတော့။ ခေါင်းတစ်ချက်ဆတ်ရင်း နှုတ်ဆက်ခြင်း ဖော့်အား ကျောခိုင်းခဲ့လိုက်ရပါလေတော့၏။

ဪော်. .သား ဖော်ရယ် . . .။

သူ့ရင်ထဲ၌ ဆိုညည်းသွားမိရလေသည်။ သူ့နောက်ကျောကို

www.burmeseclassic.com

www.burmeseclassic.com



ငေးရင်း ဇော်၏မျက်ရည်လေးများ ပေါက်ခနဲပေါက်ခနဲကြွေကျနေပါလေ၏။ လှည့်မကြည့်ပါဘဲနှင့် ဒေါက်တာမင်းညိုကား သိပါသည်။

တစ်ခါကလည်း စတင်ခွဲခွာရမည့်အချိန်က သူထွက်ခွာခဲ့သည်တွင် ရထားပေါ်၌ သူ့ကိုလှမ်းကြည့်ကာ ဇော်သည် မျက်ရည်များ စီးကျလျက် ဝမ်းနည်းစွာ ငိုခဲ့ရာသည် မဟုတ်ပါလား။ ။

* * *



– တစ်ဆယ့်ငါး –

"မောင်လေး. . ."

"ဗျာ မမကြီး. . ."

"စောစောစီးစီး ဘယ်လဲကွယ်. . ."

မခင်သစ် အကြည့်လွင်လွင်လေးနှင့် မောင်ဖြစ်သူ ဒေါက်တာမော်ကွန်းသစ်အား စူးစမ်းနေမိလေ၏။

"ဘယ်လာဆောတော့မှာလဲ မမကြီးရဲ့၊ အခုပဲ ခုနစ်နာရီခွဲကျော်လို့ ရှစ်နာရီတောင် နီးနေပြီပဲဗျာ. . ."

"ဩော်. .ငါ့မောင်က တယ်ထူးဆန်းနေပါလားဟော့၊ ဒါက ဘယ်တုံးရှင့်. . ."

အိမ်ရှေ့မှ စကားပြောသံတွေကြောင့် မလှသစ်သည်းထွက်လာရပြီး မောင်ဖြစ်သူအား ကြည့်ကာ အပြုံးတွေနှင့် မေးမိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း. .ဟွန်း. . ."

ညီညာဖြူဖွေးသော သွားတန်းလေးများပေါ်လာသည်အထိ ဒေါက်တာမော်ကွန်းသည် အစ်မများကိုကြည့်ကာ ပြုံးမိရပြီးမှ. . .

"ကျွန်တော် ကိစ္စလေးရှိလို့ အပြင်ထွက်မလို့ပါ မမတို့ရ"

"ဘာကိစ္စတွေရှိနေရတာလဲ မောင်လေးရဲ့၊ အခါတိုင်း စနေနေ့အားရက်တိုင်းဆိုသလိုပဲ ငါ့မောင်က အိမ်တွင်းပုန်းနေတတ်တဲ့ သူမို့ မေးတာပါ. . ."

အပြုံးတွေနှင့် သူ သက်မချသည်။ ပြီးမှ. . .

"မမတို့က မေးလာမှတော့လည်း ပြောရတော့တာပေါ့ဗျာ၊ ကျွန်တော့်မိတ်ဆွေတစ်ယောက် သွားခေါ်မလို့ပါ. . ."

"မောင်လေးမိတ်ဆွေက မိန်းမလား၊ ယောကျ်ားလားကွယ့်"

"အမျိုးသမီးပါ၊ နာမည်က မေပန်းဝါတဲ့. . ."

"ဒါဆို ဒီနေ့အိမ်ကို ဧည့်သည်ရောက်မယ်ပေါ့၊ မမကြီးတို့က ဆယ်နာရီလောက်ကျရင် ရွှေဘုံသာလမ်းမှာ ပစ္စည်းသွားကြည့်ကြမလားလို့. . ."

"သွားလေ၊ ရတာပဲ၊ သူရောက်လာတဲ့အချိန် မမကြီးတို့နဲ့ ခဏတွေ့လိုက်ရရင် လုံလောက်ပါပြီ. . ."

"အဟင်း. .မမကြီးရေ၊ မော်ကွန်းက မခေါ်စဖူး အိမ်ကို အမျိုးသမီးဧည့်သည် ခေါ်လာမယ်ဆိုတော့ လှစိတ်ထဲ ထူးနေသလားလို့. . ."

မလှသစ်က မောင်ချောကို အပြုံးတွေနှင့် စလိုက်သဖြင့်„





"မမလေးကလည်းဗျာ ကိုယ်နဲ့ခင်မင်ရင်းနှီးတဲ့ ဧည့်သည်ကို အိမ်လည်ခေါ်တာပဲဗျာ၊ ထူးနေရတယ်လို့. . ."

"မသိဘူးလေ၊ မမလေးက မောင်လေးကိုကြည့်ပြီး စိတ်ထဲရှိတာ ပြောတာ၊ ဒါနဲ့ ဧည့်သည်က အပျိုလား၊ အိမ်ထောင်နဲ့လား"

"အိမ်ထောင်နဲ့ပါဗျာ. . ."

ထိုစကားကို သူ မဆိုချင်ဘဲဆိုရသည်။ သူ့အသံမှာ ထိုစကားကို အပြော သက်ဝင်မှုနည်းပါးနေဟန် ရှိနေရလေ၏။

"ကဲ. .ကဲ. .လှလှရယ်၊ ပြောမနေပါနဲ့တော့၊ မောင်လေးလည်း သွားစရာရှိတာ သွားတော့၊ ဒါပဲနော်၊ မမကြီးတို့က ဆယ်နာရီဆို အိမ်ကထွက်ကြမှာ. . ."

"ကျွန်တော်က မမကြီးတို့မထွက်ခင် ပြန်ရောက်လာမှာပါဗျာ၊ ကျွန်တော့်ဧည့်သည်နဲ့လည်း မမကြီးတို့နဲ့ ပေးတွေ့စေချင်သေးတယ်လေ. . ."

"အေး. .အေး. . ."

မြင့်မားသောအရပ်နှင့် မင်းသားရုပ်အောင် ချောမောသည့်မောင်ဖြစ်သူ၏နောက်ကျောအား အစ်မများဖြစ်ကြသော မခင်သစ်နှင့် မလှသစ်တို့မှာ မချင့်မရဲ နှမြောလှစွာ လှမ်းကာကြည့်လျက် ရှိနေကြရပါလေ၏။ သူတို့ကြည့်နေဆဲ ဒေါက်တာမော်ကွန်း၏ကားလေးမှာ ခြံဝင်းအောက်မှ ဘီးလိမ့်ထွက်ခွာသွားလေပြီဖြစ်သတည်း။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ပန်းဝါရေ. . ."

"ရှင် ထွေးထွေး. . ."

"အပြင်မှာ ဧည့်သည်ရောက်နေတယ်. . ."

"ဟင် ဧည့်သည်. . ."

မျက်မှောင်လေးတစ်ဘက်တွန့်ကာ အံ့ဩသလို ပန်းဝါ ဆိုလိုက်မိသည်။

"ဟုတ်တယ် အမျိုးသားဧည့်သည်ပဲ. . ."

"ဘယ်သူပါလိမ့်. . ."

ပန်းဝါစဉ်းစားဆဲ ထိုင်ရာမှမထဖြစ်ဘဲ ရှိနေရလေသည်။

"စောင့်နေရတာ အားနာစရာကြီး၊ သွားထွက်တွေ့လိုက်ဦးလေ. . ."

"ဩော်. .ဟုတ်ကဲ့ . . ."

လက်ချုပ်ချုပ်နေသော အင်္ကျီအသစ်ကလေးတစ်ထည်ကို ချထားခဲ့ပြီး အခန်းထဲမှ ပန်းဝါ ထွက်ခဲ့ရလေသည်။ ဧည့်ခန်းဆီသို့ ရောက်သော်. . .

"ဟင် ဆရာ . . ."

"ပန်းဝါ. . ."

သူ့အားအံ့ဩစွာ ကြည့်ရင်း ခေါ်လိုက်သော ပန်းဝါကို ထိုင်ရာမှထရပ်ရင်း ဒေါက်တာမော်ကွန်းသည် အပြုံးဟဟအသွင်နှင့် ခေါ်လိုက်မိလေ၏။

"ဧည့်သည်ဆိုလို့လေ အံ့ဩနေတာ. . ."



"ကျွန်တော့်ကိုတွေ့တော့ ပိုအံ့ဩနေမှာပေါ့. . ."

"ဟုတ်တယ်. . ."

မတည်မပြုံး အေးချမ်းစွာ ပန်းဝါ ဆိုသည်။ အိမ်တွင်းနေသော်လည်း ပန်းဝါ၏မပြုံမပြင် နဂိုရှင်းသန့်နေသော အလှကို ဒေါက်တာမော်ကွန်း ငေးကြည့်မိရလေသည်။

"ပန်းဝါ. . ."

"ရှင် ဆရာ၊ ထိုင်ပါ. . ."

ပန်းဝါပြောရင်း သူနှင့်အတူ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ပန်းဝါ အားတယ်မဟုတ်လားဟင်. . ."

"ပန်းဝါ ဟို. . ."

"ကဲပါလေ ပန်းဝါ ကျွန်တော့်ကို မအားဘူးဘဲ ပြောချင်မှာပါ. . ."

"မဟုတ်ပါဘူး ဆရာရယ်၊ ပန်းဝါက. . ."

"အို. .ပန်းဝါ ဘာမှပြောမနေပါနဲ့တော့ဗျာ၊ ကျွန်တော် ပန်းဝါကို လာခေါ်တာ. . ."

"ရှင် လာခေါ်တာ. . ."

"ဟုတ်တယ်၊ ကျွန်တော့်အိမ်ကို အလည်လာခေါ်တာ၊ အိမ်မှာ မမကြီးတို့ကလည်း ပန်းဝါကိုတွေ့ဖို့ စောင့်နေကြတယ်"

"အို. .ဆရာကလည်း ဘာမှအကြောင်းကိစ္စလည်း မရှိဘဲနဲ့ ကွာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ပန်းဝါကို သူကြည့်လိုက်သည်။ စကားတော့ သူ မဆိုဖြစ်။ အတန်ကြာမှ. . .

"ကျွန်တော်က ကိစ္စရှိတယ်ဆိုလည်း မမှားဘူး ပန်းဝါ၊ ပြီးတော့ ပန်းဝါနဲ့ ကျွန်တော်က ဟိုးဆယ်နှစ်လောက်ကတည်းက သိကျွမ်းလာတဲ့သူတွေပဲ၊ ကျွန်တော် ဖိတ်ခေါ်မသင့်ဘူးလား. . ."

တိတ်တခိုးလေးကျိတ်ကာ ပန်းဝါ သက်ပြင်းချလိုက်မိသည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ဖိတ်ခေါ်ချက်ကို လက်ခံပါ ပန်းဝါရယ်. . ."

"အို ဆရာရယ်၊ ပန်းဝါအားနာရအောင် မပြောပါနဲ့ရှင်"

"ပန်းဝါ လိုက်ပါနော်. . ."

"ဟုတ်ကဲ့ ဒီတစ်ခါတော့ ဆရာ့ကို အားနာလို့ ပန်းဝါ လိုက်ပါ့မယ်. . ."

"အဟွန်း. . ."

စိတ်ညစ်ပြုံးလေးလို ရှိနေသော ပန်းဝါမျက်နှာလေးကို သူ ကြည့်ပြီး ကြည်မွေ့စွာ ပြုံးမိရလေသည်။

"ဆရာ ခဏစောင့်ပါဦးနော်. . ."

အပြုံးနှင့် သူ ခေါင်းညိတ်ပြလိုက်သည်။ သူ့ရှေ့မှ ပန်းဝါ ထသွားလိုက်ပြီး အခန်းထဲသို့ ဝင်ရောက်သွားလိုက်လေ၏။ တစ်အောင့်မျှကြာသော်. . .

"ကဲ. .သွားကြရအောင် ဆရာ. . ."

"ဟုတ်ကဲ့. . ."



ဒေါက်တာမော်ကွန်း ထိုင်ရာမှထလိုက်သည်။ သူ့ရှေ့မှ ပန်းခရမ်းရောင်ဖျော့ဖျော့ဝတ်စုံလေးနှင့် လိုက်ဖက်စွာ လှလွန်းနေသော ပန်းဝါကိုကြည့်မိရပြီး ကားရှိရာသို့ ရောက်ခဲ့ရလေ၏။ တစ်ဘက်မှ ကားတခါးပေါက်ကို သူကိုယ်တိုင် ဖွင့်ပေးလိုက်သည်။

ပန်းဝါ ဝင်ထိုင်ပြီးသည်တွင် တံခါးကိုပိတ်ပြီး တစ်ဘက်သို့ သူပြန်လျှောက်လာခိုက် ဆော်ဒါဆောင်ထဲမှ အမျိုးသမီးများ သူတို့ဆီသို့ စိတ်ဝင်စားစွာ လှမ်းကြည့်နေကြသည်ကို သူ သတိထားတွေ့မိလိုက်ရလေ၏။ ဆော်ဒါဆောင်ရှေ့မှ သူ ကားကို မောင်းထွက်လာခဲ့လိုက်လေသည်။

နံနက်ခင်း၏ နွေးထွေးစွာ ကျရောက်နေပြီဖြစ်သော နေရောင်ခြည်အောက် ချောပြောင်နေသော လမ်းမကြီးထက်ဝယ် ဒေါက်တာမော်ကွန်းသည် သူ၏ကားလေးအား မနှေးမမြန် မောင်းနှင်လာခဲ့ရာမှ. . .

"ပန်းဝါ. . ."

ပန်းဝါဘက် တစ်ချက်ငဲ့ကာကြည့်ပြီး သူခေါ်လိုက်သည်။

"ရှင် ဆရာ. . ."

တည်ငြိမ်သော မျက်ဝန်းလေးများနှင့် ပန်းဝါ သူ့ဘက်ကြည့်ရင်း ထူးလာသည်။ သူသည် ရှေ့တူရူသို့ ကြည့်ကာ ကားမောင်းနေဆဲ တစ်ချက်မျှပြုံးမိရင်းက. . .

"ပန်းဝါနေတဲ့နေရာ ကျွန်တော် ဘယ်လိုလုပ်သိလဲဆိုတာ မမေးတော့ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



“မေးဖို့လိုသလား ဆရာ၊ ပန်းဝါနောက်ကို တစ်နေ့နေ့ ကတည်းက ဆရာလိုက်ကြည့်နေခဲ့လို့ပဲ ဖြစ်မယ်လို့ဆိုရင် လွဲမလား”

“မလွဲပါဘူးဗျာ၊ ဘာကြောင့် ဒီအလုပ်မျိုး ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ်မှာ တစ်ကြိမ်တစ်ခါ လုပ်ရသလဲဆိုတာကော ပန်းဝါ မသိချင်ဘူးလား. . .”

“ဆရာ ပြောရင် သိရမှာပေါ့ရှင်. . .”

ကြွေမြှမျက်နှာလေးနှင့် ပန်းဝါဆိုသည်။

ဒေါက်တာမော်ကွန်းသည် ကားမောင်းရင်း ပန်းဝါ၏ လှပလွန်းသော မျက်နှာလေးကိုကြည့်မိရပြီး. . .

“ကျွန်တော် ပန်းဝါနဲ့ သိပ်စကားပြောချင်လို့ပါ၊ ရှင်းရှင်း ပြောရရင် ပန်းဝါအကြောင်း၊ ပန်းဝါရဲ့မိသားစုအကြောင်း ဆိုပါတော့၊ ကျွန်တော် သိပ်သိချင်တယ်ဗျာ. . .”

တည်ငြိမ်စွာ ပန်းဝါ ရှုတ်ဆိတ်သွားသည်။

“ပန်းဝါ. . .”

ဆိတ်ငြိမ်စွာ ငေးငေးနေသည့် ပန်းဝါကို သူကြည့်ပြီး ခေါ် လိုက်သည်။

“ပန်းဝါ နားထောင်နေပါတယ် ဆရာ. . .”

“ကျွန်တော် သိချင်တာကို ပြောပြပါနော်. . .”

“ပန်းဝါရဲ့အကြောင်းကို ဘာလို့ ဆရာဒီလောက်စိတ်ဝင်စား နေတာလဲဆိုတာ ကျွန်မ စဉ်းစားလို့မရဘူး. . .”

“ဩော်. ဗျာ. . .”





သူ ကားမောင်းနေဆဲ မရှိတင်ကဲကြီး ဖြစ်သွားရလေသည်။ သူမကိုလည်း ‘မရှောင်ရှားနိုင်သော’ အကြည့်တို့နှင့် သူ ကြည့်မိလိုက် ရချေ၏။

“စဉ်းစားလို့မရတာကို မစဉ်းစားပါနဲ့လေ၊ ကျွန်တော် တောင်းဆိုနေတာကိုပဲ ပန်းဝါပြောမယ်မဟုတ်လား. . .”

ပန်းဝါ ပြန်လည်၍တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်ဆဲရှိသော ပန်းဝါအား သူသည်လည်း ရှေ့ဆက် စကားမဆက်တော့။ သူ၏ကားလေးမှာ သံလွင်လမ်းရှိရာ သူ၏ခြံထဲ သို့ မောင်းဝင်လိုက်လေပြီ မဟုတ်ပါလား။

ကားလေးသည် ဆင်ဝင်အောက်တွင် ညင်သာစွာ ရပ်သွား လိုက်ပြီးနောက် သူ ကားပေါ်မှချက်ချင်း ဆင်းလိုက်သည်။ သစ်လွင် လှပသော တိုက်အနေအထားကိုကြည့်ရင်း ပန်းဝါ ငေးနေမိသည်။

“ပန်းဝါ. . .”

သူ တံခါးဖွင့်ပေးရင်းခေါ်သဖြင့် ပန်းဝါ ကားပေါ်မှ ဆင်းလိုက်သည်။ သူသည် ပန်းဝါအား တယုတယစောင့်ခေါ်ရင်း ဧည့်ခန်းထဲသို့ ရောက်သော်. . .

“ထိုင်နော် ပန်းဝါ၊ မမကြီးတို့ရေ. .ကျွန်တော် ပြန်လာပြီ”

ပန်းဝါကိုထိုင်ခိုင်းရင်းမှ တစ်ဆက်တည်း သူ့အသံကို မြှင့်၍ လှမ်းခေါ်လိုက်သောကြောင့်. . .

“အေး လာပြီ မောင်လေးရေ၊ ဧည့်သည်လည်း ပါခဲ့တယ် မဟုတ်လား. . .”



www.burmeseclassic.com

www.burmeseclassic.com



"ပါတာပေါ့ဗျာ၊ ထွက်ပဲ ထွက်လာကြပါဦး. . ."

သူပြောရင်း ပန်းဝါနှင့် အနီးဆုံး ဆိုဖာတစ်ခုတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

"ပန်းဝါ အေးအေးဆေးဆေးမှ ပြန်ရမယ်နော်. . ."

"အေးအေးဆေးဆေးဆိုတော့ ဘယ်အချိန်လောက်လဲ ဆရာ. . ."

"ကျွန်တော်ပြန်ပို့တဲ့ အချိန်ပေါ့၊ အဟွန်း. .ဟွန်း. . ."

"ဩော်. . ."

"ဟော မမကြီးတို့လာလေ. . ."

သွားစရာရှိကြသည်မို့ မခင်သစ်နှင့် မလှသစ်တို့မှာ အဝတ်အစားများလဲပြီး ဧည့်ခန်းထဲသို့ ထွက်လာခဲ့ကြစဉ် ပန်းဝါအား မြင်တွေ့လိုက်ကြသည့်အခိုက် သူတို့မှာ အံ့သြသလို ရှိသွားကြရလေ၏။

မှန်သည်။ သူတို့မောင် ဒေါက်တာမော်ကွန်းသစ်တွင် ဤမျှ ချောမောသော အမျိုးသမီးမိတ်ဆွေတစ်ဦးရှိနေမှန်း ဘယ်အခါကမျှ သူတို့သိမထားကြသောကြောင့် မဟုတ်ပါလား။

ဒေါက်တာမော်ကွန်းမှာ ပန်းဝါအလှအား အံ့သြစွာ ကြည့်မိနေကြသည့် အစ်မများကို ခေါ်ရင်း နေရာပေးလိုက်ရင်းက. . .

"ပန်းဝါ. .ဒါလေ ကျွန်တော့်ရဲ့အစ်မကြီး မခင်သစ်နဲ့ အစ်မငယ် မလှသစ်တဲ့. . ."

"ဟုတ်ကဲ့ အစ်မကြီးတို့ကိုပါ ခုလိုတွေ့ရတာ ပန်းဝါ





ဝမ်းသာပါတယ်ရှင်. . ."

"ဒါက မမတို့ကို ကျွန်တော်ပြောတဲ့ မေပန်းဝါဆိုတာလေ"

"အေးကွယ်. .မမကြီးတို့က အစကတော့ မောင်လေး ဧည့်သည်ကို အမှတ်တမဲ့ပါပဲ၊ ခုလို လူကိုတွေ့လိုက်ရတော့မှ ကိုယ့်မောင်ကိုတောင် အစ်မတွေက အံ့သြမိရတော့တယ်ကွယ်. . ."

"ဘာဖြစ်လို့လဲ မမကြီးရဲ့. . ."

ပြုံးဟဟအသွင်နှင့် သူ မေးမိသည်။ ပန်းဝါသည်လည်း ခန့်ညားမော်ရှေကြသော ဒေါက်တာမော်ကွန်း၏ အစ်မများကိုကြည့်ပြီး လှပစွာ ပြုံးနေဖြစ်လေ၏။

"ဘာဖြစ်ရမလဲ မောင်လေးရဲ့၊ မင်းက အမျိုးသမီးအပေါင်းအသင်း ခုလို ရင်းရင်းနှီးနှီး ရှိဖူးတာမှ မဟုတ်တာ. . ."

"အေးလေ ခုက မယ်စကြာ အလှပဂေးလို ဟောဒီညီမ ပန်းဝါနဲ့ သိနေ ခင်မင်ရင်းနှီးနေတယ်ဆိုတာ မျက်မြင်တွေ့လိုက်ရတော့ အစ်မတွေကလည်း မအံ့သြဘဲ နေမလား မော်ကွန်းရဲ့. ."

"အဟွန်း. .ဟွန်း၊ ကဲ ပန်းဝါရေ ကျွန်တော့်အစ်မတွေကတော့ ပန်းဝါကို ချီးမွမ်းနေကြပြီဗျာ၊ ဒါပေမယ့် မမကြီးတို့ရေ အခု ပန်းဝါက ဧည့်သည်နော်၊ မမကြီးတို့ကပဲ ဧည့်ဝတ်ပြုကြပါတော့လို့. အဟွန်း. .ဟွန်း. . ."

"အဟင်း. .ဟင်း. .ဟင်း. . ."

ပန်းဝါကား ရှက်စနိုးဟန်လေးဖြင့် သွားလေးမပေါ်အောင် ရယ်နေမိရပါတော့၏။ မခင်သစ်နှင့် မလှသစ်တို့မှာလည်း ပန်းဝါ၏



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသိမ်မွေ့သော တစ်ကိုယ်လုံးအလှအပများကို မိန်းမချင်း နှစ်သက်စွာ ငေးကြည့်မိကြရရင်းမှ. . .

"အေးပါကွယ်၊ နည့်ဝတ်ကတော့ ကျေရပါစေ့မယ်၊ ဒါပေမယ့် ညီမရေ၊ ညီမလာတဲ့နေ့မှပဲ မမတို့က အရေးကြီးကိစ္စ ရှိလို့ အပြင်မထွက်မဖြစ်ထွက်ကြရဦးမယ်ကွယ်၊ အိမ်မှာတော့ လိုလေ သေးမရှိပါဘဲ၊ ထွေးခင်ကို မမကြီးတို့အားလုံးမှာသွားမယ် ဟုတ်လား မောင်လေး. . ."

"အို ပန်းဝါက အရေးမကြီးပါဘူးရှင်၊ မမကြီးတို့ ကိစ္စရှိတာ သာ သွားကြပါ၊ ဆရာရယ်. .ပန်းဝါကသာ အားနာရမှာပါ. . ."

"မအားနာရပါဘူးဗျာ၊ မမကြီးတို့မရှိတော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်တောင် ပိုပြီး စကားပြောရဦးမှာပဲ. . ."

မခင်သစ်နှင့် မလှသစ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် မသိမသာကြည့်မိလိုက်ကြသည်။ သူတို့မောင်စကားကြီးက တစ်မျိုးကြီးလိုလို မဟုတ်ပါလား။

ဒေါက်တာမော်ကွန်းမှာသာ သူတို့အကြောင်းနှင့် သူမို့ သူတို့စကားအား သတိမထားမိဘဲ ရှိနေရလေ၏။

"ကဲ. .မမကြီးတို့ချိန်းထားတဲ့ အချိန်လည်း နီးနေလို့ ခွင့်ပြုပါဦး ညီမရေ. . ."

"ဟုတ်ကဲ့ မမကြီးတို့ ကိစ္စရှိတာ သွားပါရှင်. . ."

"သွားမယ်နော် မောင်လေး၊ မမကြီး ထွေးခင်ကို ပြောခဲ့ မယ်. . ."





"ဟုတ်ကဲ့ မမကြီး. . ."

"သွားဦးမယ်နော် ညီမ. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

သူတို့ကို နှုတ်ဆက်ပြီး ဧည့်ခန်းထဲမှ မခင်သစ်နှင့် မလှသစ်တို့ ထွက်သွားလိုက်ကြလေတော့၏။ မခင်သစ်တို့ကားလေး ထွက်သွားသည်အထိ သူတို့လှမ်းကြည့်နေဆဲ သူတို့အတွက် ကော်ဖီနှင့် မုန့်တွေကို ထွေးခင် လာချပေးလိုက်သည်။

"ပန်းဝါ. . ."

"ရှင် ဆရာ. . ."

"ကော်ဖီသောက်ပါဦး. . ."

"အို ဘယ်သောက်နိုင်တော့မလဲ ဆရာ၊ မနက်ကပဲ သောက်ခဲ့တာ၊ ခုမှဆယ်နာရီတောင် မထိုးသေးဘူး. . ."

"ကျွန်တော်က မနက်ကတည်းက ဘာမှမစားရသေးဘူး"

"အို ဟုတ်လား၊ ဒါဆို ဆရာသောက်ပါ. . ."

သူ့ရှေ့ ပန်းဝါ ထိုးပေးလိုက်ရင်း ဆိုသည်။ သူသည် ကော်ဖီခွက်ကို လှမ်းယူလိုက်ပြီး တစ်ငုံနှစ်ငုံ သောက်လိုက်ပြီးနောက်…

"ပန်းဝါ. . ."

"ရှင်. . ."

"လာတုန်းက ပြောခဲ့တဲ့စကားကို ကျွန်တော် ပြန်ဆိုပါ ရစေ. . ."

"ဆရာရယ်. .ပန်းဝါရဲ့အကြောင်းတွေကို မသိချင်ပါနဲ့လား.



www.burmeseclassic.com

www.burmeseclassic.com



ရှင်. . ."

သူ ကော်ဖီခွက်ကို ပြန်ချလိုက်ပြီး ပန်းဝါကိုကြည့်လိုက်သည်။ ပန်းဝါမျက်နှာလေးမှာ ပြတင်းအပြင်ဘက်မှ ခြံထဲဆီသို့ ငေးနေလေ၏။ သူထိုင်ရာမှ ထရပ်လိုက်၏။ ပြီးတော့ ပန်းဝါရှေ့တွင် သွားရောက်ရပ်လိုက်ပြီး အနည်းငယ်ခါးကိုညွတ်၍ သူမကို ငုံ့ကြည့်နေလိုက်ရင်းက. . .

"ပန်းဝါရယ်၊ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်တော် သိပါရစေ. . ."

"ပန်း. .ပန်းဝါ မပြောပါရစေနဲ့လား ဆရာ. . ."

"ပန်းဝါက ခုလိုမပြောချင်လေ ကျွန်တော်က ပိုပြီး စိတ်တွေ လှုပ်ရှားပြီး သိချင်စိတ်ပြင်းထန်နေရလေပဲ ပန်းဝါ. . ."

"ဘာလို့ ဒါလောက်တောင် သိချင်နေရတာလဲ ဆရာရယ်"

"ဒီအဖြေ ကျွန်တော်မဖြေနိုင်ဘူး ပန်းဝါ၊ ဒါပေမယ့် ကျွန်တော်ကတော့ ပန်းဝါအကြောင်းကို သိပါရစေ. . ."

ပန်းဝါအနီးတွင် သူ ဝင်ထိုင်လိုက်သည်။ ပန်းဝါ၏ သွေးကြောစိမ်းလေးများ ယှက်ဖြာနေသည့် လည်တိုင်လေးအား သူ ငေးကြည့်နေမိလိုက်စဉ် ခြံထဲသို့အကြည့်များပို့ထားသော ပန်းဝါ၏ မျက်ဝန်းလေးအစုံမှ မျက်ရည်တို့စီးဆင်းနေရလေပြီ မဟုတ်ပါလား။

"ဟင်. .ပန်းဝါ ငိုနေတယ်လား. . ."

"အဟင့်. .ဟင့်. .ဟုတ်တယ် ဆရာ၊ ဟုတ်ပါတယ်၊ ပန်းဝါဟာ နေ့ရှိသရွေ့ ငိုနေရတဲ့သူပါ ဆရာရယ်. . ."





ပန်းဝါစကားတွေကို သူ နားထောင်နေမိသည်။ သူမျက်ဝန်းများက ပန်းဝါမျက်နှာလေးဆီမှ မခွာနိုင်သလို တံတွေးတွေကို အကြိမ်ကြိမ်မျိုချရင်း ငေးနေမိရလေ၏။ သူသည် ကြင်နာခြင်းများစွာတို့ဖြင့် တယုတယလေး သူမ၏သောကမျက်ရည်တို့ကို သုတ်ပေးလိုက်ချင်နေရပါသည်။

သို့သော် သူ မသုတ်ပေးမိ၊ သူ့စိတ်တွေ လက်တွေကို ချုပ်တည်းသိမ်းဆည်းထားလိုက်သည်။ သူသည် လူ့ဘောင်စည်းကမ်းကို နားလည်သော လူတစ်ယောက်။

ပန်းဝါသည် လွတ်လပ်သူမဟုတ်၊ ပိုင်ရှင်ရှိသည်။ ကိုချစ်သက်လူဆိုသော ခင်ပွန်းသည်နှင့် ရှားရှားဆိုသော သားတို့ ရှိနေသည့်မလွတ်လပ်သူ အမျိုးသမီးတစ်ဦး။ သူ့အနေနှင့် ဒါတွေကို သိထားသည်မို့ နားလည်ရပေမည်။

သူ့လိုလူတစ်ယောက်အနေနှင့် လူ့ဘောင်စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ရာ မရောက်စေရ။ မရောက်စေချင်ပါ။ သူမအား သူသည် မှင်တက်စွာ ငေးမိနေရဆဲ သူ့နားမှ ပန်းဝါထသွားလိုက်ရပြီး ပြတင်းပေါက်တွင် သွားရောက်ရပ်လိုက်သည်။

သူ ပန်းဝါနောက်ကျောလေးအား အတန်ကြာ ငေးနေလိုက်ပြီးမှ ပန်းဝါဆီသို့ သူ ချဉ်းကပ်သွားလိုက်ပြီး မျက်ရည်များဖြင့် ရွှဲနစ်နေလေသော ပန်းဝါမျက်နှာလေးအား မရှေ့မလျား ငုံ့စိုက်ကြည့်နေရပြီးမှ. . .

"ပန်းဝါ ကိုချစ်သက်လူ ဘယ်မှာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးကိုကိုက်ကာ ပန်းဝါ ခေါင်းယမ်းလိုက်သည်။

"ရှားရှားကော . . ."

မျက်နှာကို လက်ကလေးနှစ်ဘက်နှင့် အုပ်ကာ သည်းထန်စွာ ပန်းဝါ ငိုချလိုက်လေတော့သည်။

ဒေါက်တာမော်ကွန်း၏ ရင်တွင်ကား ပန်းဝါ၏အပြုအမူများကို ကြည့်ရင်း ဘာမှနားမလည်စွာဖြင့် နာကျင်နေမိရပါလေတော့၏။

"ပြောစမ်းပါဦးကွယ်၊ ပန်းဝါ ဘာလို့ ဒီလောက်ငိုနေရတာလဲ. . ."

"ပန်းဝါ ငိုရပါတယ် ဆရာ၊ ငိုရပါတယ်၊ အဟင့်. .ဟင့်၊ ပန်းဝါရဲ့ဘဝကို သူတို့ရူးအောင်လုပ်ကြတာ၊ ဒါပေမယ့် ပန်းဝါ မရူးဘူး၊ မရူးတော့ ပန်းဝါ သေပစ်လိုက်ချင်တယ် ဆရာရဲ့၊ အဟင့်ဟင့်. . ."

"အိုကွယ်. .ကျွန်တော် ဘယ်လိုနားလည်ရမလဲ ပန်းဝါ"

"ဆရာရယ်၊ ပန်းဝါရဲ့အကြောင်းတွေကို ပြောလည်း ပြောချင်ပါတယ်၊ ပြောလည်း မပြောချင်ပါဘူးရှင် အဟင့်. .ဟင့်. ."

"မပြောချင်လည်း ကျေးဇူးပြုပြီး ပြောပါ ပန်းဝါ၊ ကျွန်တော် တောင်းပန်ပါရစေ. . ."

"အဟင့်. .ဟင့် ဆရာရယ်၊ ခုတော့ ပန်းဝါ ပြောပါတော့မယ်၊ ပန်းဝါရဲ့အဖြစ်တွေကို ရင်ဖွင့်ပါတော့မယ်၊ ပြီးတဲ့အခါကျရင် ဆရာ ပန်းဝါကို ကူညီပါလို့လည်း ပန်းဝါ ပြောပါရစေရှင်. . ."



"ပြောပါ ပန်းဝါ၊ ကျွန်တော် ပန်းဝါကို အမြဲတမ်း ကူညီချင်တဲ့သူပါဗျာ၊ ပြောပါနော်. . ."

ပန်းဝါ မျက်ရည်တွေကို ဖယ်ရှားလိုက်သည်။ စိုစွတ်နေသော ပန်းဝါမျက်ဝန်းတွေထဲ သူ စိုက်ကြည့်လိုက်ပြီး. . .

"လာ ပန်းဝါ၊ နေရာမှာ သွားထိုင်ပြီး ပြောကြတာပေါ့နော်"

စောင့်သလို သူခေါ်နေသဖြင့် ဆိုဖာကြီးများ ရှိရာဆီသို့ သူတို့ပြန်လည် ထိုင်လိုက်ကြလေ၏။

"ဆရာရယ် ပန်းဝါဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မရူးရုံတမယ် မသေရုံတမယ် ဖြစ်ခဲ့ရပါတယ်၊ ပန်းဝါလေ အဲဒီကတည်းက ရူးချင်လည်းရူး၊ မရူးရင်လည်း တစ်ခါတည်းပဲ သေသွားလိုက်ချင်ပါတယ် ဆရာ. . ."

ပြောရင်း စကားသံလေးများမှာ တိုးတိမ်ပျောက်ကွယ်လုမတတ် ဖြစ်သွားရသည်။ ပန်းဝါသည် ထိခိုက်ကြေကွဲခြင်းတို့အား အတတ်နိုင်ဆုံး ထိန်းသိမ်းထားရင်းမှ စကားကို ဖြည်းဖြည်းချင်း ဆက်ပြောနေလိုက်လေသည်။

ပန်းဝါ၏စကားများအား ရင်ခုန်မှုများစွာဖြင့် စိတ်ဝင်စားစွာ နားထောင်နေမိသည့် ဒေါက်တာမော်ကွန်း၏ မျက်ဝန်းများထဲတွင်ကား ပုံရိပ်များသည် နေရာယူပေါ်လွင်လှုပ်ရှားကာ မြင်ယောင်နေမိရပါတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ခြောက် -

"ဟဲလို ဆရာမ . . ."

"ဪ ဆရာ၊ မင်္ဂလာပါရှင် . . ."

အလုပ်ဆင်းချိန် လမိုင်းမြို့၏ ဆေးရုံကြီးရှေ့သို့ ရောက်သည်နှင့် ဒေါက်တာမင်းညိုနှင့် ပန်းဝါတို့နှစ်ဦးမှာ တစ်ဦးကို တစ်ဦး တွေ့မြင်လိုက်ကြရသဖြင့် နှုတ်ဆက်လိုက်ကြခြင်းပါ။

ဆေးရုံထဲသို့ သူတို့နှစ်ဦးမှာ လမ်းလျှောက်ကာ ဝင်ခဲ့ကြရင်းမှ . .

"ဒီနေ့ နှင်းတွေအတော်ကျတယ်နော် ဆရာမ . . ."

"ပန်းဝါစိတ်ထဲတော့ အရင်နေ့တွေကလောက်ပဲလို့ ထင်တယ် ဆရာ . . ."

"ဟုတ်လား၊ ကျွန်တော် ဒီနေ့များနှင်းအကျ ပိုနေသလားလို့ . . ."





ယုန်မွေးအနွေးထည် နို့စိမ်းရောင်လေး ဝတ်ထားသည့် ပန်းဝါအလှအား နှင်းမှုံလေးများ တဖွဲဖွဲကျဆင်းနေသည့်ကြားမှ ဒေါက်တာမင်းညိုသည် နှစ်သက်မြတ်နိုးစွာ ကြည့်နေမိရပါလေ၏။

"ဆရာ အထင်မှန်ချင်လည်း မှန်မယ်ထင်တယ်၊ အဟင်းဟင်း ပန်းဝါတို့က အခုလို နှင်းမှုံတွေကျတဲ့ မြင်ကွင်းကရိုးနေပြီဆိုတော့ သတိမထားမိဘူးလေ၊ ဒါနဲ့ ဆရာ . . ."

"ဘာလဲ ဆရာမ . . ."

"ဟို ဒေါက်တာတင်တင်ခိုင် ဒီကပြောင်းရတော့မယ်လို့ ပြောနေကြတယ် ဟုတ်လားဟင် . . ."

"ကျွန်တော်တော့ မသိဘူး၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"ပန်းဝါကတော့ ကိုယ့်ဌာနေမို့လို့လားမသိဘူး၊ ဒီကနေ ဘယ်မှမပြောင်းချင်သလိုပဲ . . ."

"ဪ ဗျာ အဟွန်း . ဟွန်း . . ."

သူမကိုကြည့်ပြီး ဒေါက်တာမင်းညိုမှာ စကားမဆိုဘဲ ရယ်နေလိုက်သည်။

"ဆရာကော ဒီကိုရောက်တာ သုံးနှစ်တောင်ရှိပြီဆိုတော့ ပြောင်းချင်နေပြီလားဟင် . . ."

"အဟွန်း . သဘာဝအလှတွေ စုဝေးနေတဲ့ ဒီမြို့လေးကို ကျွန်တော် သဘောကျပါတယ် ဆရာမ . . ."

"အဟင်း ကျေးဇူးတင်ပါတယ် ဆရာ . . ."

လှပသော အပြုံးလေးနှင့်ဆိုလာသူအား ဒေါက်တာမင်းညို



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း အပြုံးတွေနှင့်ကြည့်ကာရှိရင်း ဆေးရုံကြီးအောက်သို့ သူတို့ဝင်ရောက်လာလိုက်ကြသည်နှင့် . . .

"ဩော် ဆရာနဲ့ ပန်းဝါ . . ."

"ဩော် ကိုချစ်သက်လှ . . ."

"ကိုသက် . . ."

ဆေးရုံပေါက်မှ ထွက်လာသူ ရွှေမင်းသား ချစ်သက်လှ၏ နှုတ်ဆက်ခေါ်လိုက်မှုကြောင့် ဒေါက်တာမင်းညိုနှင့် ပန်းဝါတို့မှာ ပြိုင်တူပြန်လည် နှုတ်ဆက်သံလေးများ ထွက်သွားရပေ၏။

"ဆရာ ကားမပါဘူးထင်တယ် . . ."

"ဟုတ်တယ် ကိုချစ်သက်လှ၊ ကျွန်တော် လမ်းလျှောက်လာခဲ့တယ် . . ."

"ပန်းဝါ . . ."

"ရှင် ကိုသက် . . ."

အေးချမ်းစွာ လှပသောအပြုံးလေးနှင့် ရှိနေသော ပန်းဝါ မျက်နှာလေးအား စိုက်ပျိုးရေးအရာရှိလေး ကိုချစ်သက်လှမှာ သူ့အတွက် အဓိပ္ပါယ်ရှိသော မျက်ဝန်းများနှင့် စူးစမ်းကြည့်မိရင်းက . . .

"အန်တီတို့ နေကောင်းလား . . ."

"ဟုတ်ကဲ့ ကောင်းပါတယ် ကိုသက် . . ."

"ကိုသက် ညကျရင် အိမ်လာခဲ့မယ်လို့ အန်တီတို့ကို ပြောလိုက်နော် . . ."



"ဟုတ်ကဲ့ ကိုသက် . . ."

"ကဲ ကိုသက် သွားမယ်၊ ဆရာ ကျွန်တော် သွားလိုက်ပါဦးမယ်ခင်ဗျာ . . ."

"ဟုတ်ကဲ့ ကောင်းပါပြီ ကိုချစ်သက်လှ . . ."

"ဟင်း . . ."

ကိုချစ်သက်လှထွက်သွားပြီးနောက် ဆေးရုံထဲသို့ သူတို့ ဝင်လာခဲ့ရင်းမှ ဒေါက်တာမင်းညိုမှာ ဘာရယ်ကြောင့်မသိ၊ သက်ပြင်းမောတစ်ချက်ကို ချမိလိုက်ရပါလေ၏။

"အင်း . .ဆရာကလည်း ဆေးရုံထဲဝင်တာနဲ့ သက်ပြင်းချတော့တာပဲလားရှင် . . ."

"အာ မဟုတ်ပါဘူး ဆရာမရဲ့၊ ကျွန်တော်က ကိုချစ်သက်လှ အကြောင်း တွေးနေမိတာပါ . . ."

"အဟင်း . .ကိုသက်အကြောင်းကိုတော့ မစဉ်းစားနဲ့ ဆရာ၊ သူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုတာ ဆရာလည်း သတင်းအနံ့တော့ ကြားမှာပေါ့၊ အဟင်း . .ဟင်း . . ."

ပန်းဝါဆိုရင်း စိတ်လက်ပေါ့ပါးစွာ ရယ်နေလိုက်သည်။ ဒေါက်တာမင်းညိုသည်သာ ပန်းဝါ၏မျက်နှာလေးကို ကြည့်ရင်း ကိုချစ်သက်လှ၏ မျက်ဝန်းတို့ကိုမြင်ယောင်ကာ အဓိပ္ပါယ်တွေ နားလည်နေရပေတော့၏။

မှန်သည်။ ကိုချစ်သက်လှ၏ မျက်ဝန်းများကား တခြား အဓိပ္ပါယ်တစ်ခုနှင့်အတူ ပန်းဝါအား ဣန္ဒြေကြားမှ ချစ်ခင်စုံမက်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးမှုများနှင့် ကြည့်သွားသည်ကို ဒေါက်တာမင်းညိုမှာ မြွေမြွေချင်း ခြေမြင်နေရသည် မဟုတ်ပါလား။

အင်း. .ပန်းဝါရယ် ကိုချစ်သက်လူဟာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးပါပဲ၊ ဒါပေမယ့် နှင်းဆီရဲ့ အဆင်းနဲ့အချင်းဆိုတာ ကလည်း သဘာဝကပေးထားတဲ့ ချွန်မြတဲ့ဆူးတွေပါမှ သူ့အင်္ဂါနဲ့ ညီပါတယ်၊ ပြည့်စုံပါတယ်. . .။

ဆူးမရှိတဲ့ နှင်းဆီဆိုတာ မရှိသလို ဆူးမရှိရင်လည်း နှင်းဆီ မစစ်ပါဘူး၊ နှင်းဆီဆိုတာ ဆူးရှိမှသဘာဝကျတယ်၊ စစ်မှန်တယ်၊ နှင်းဆီဆိုတာ ဆူးရှိမှ၊ ဆူးရှိမှပါ ပန်းဝါ. . .။

"ဆရာ. . ."

"ဗျာ. . ."

ကိုချစ်သက်လူနှင့် ပတ်သက်၍ အတွေးများလွန်လာရသဖြင့် ပန်းဝါ၏ခေါ်သံလေး ကြားမိလိုက်လေမှ ဒေါက်တာမင်းညိုမှာ ရင်မှ အတွေးစတို့ကို ဖြတ်ကာထူးမိရ၏။

"ပန်းဝါ ပြောနေတဲ့ကြားက ကိုသက်အကြောင်းပဲ ဆရာ တွေးလာတယ်ထင်တယ်. . ."

"အဟွန်း. . ."

အပြုံးတစ်ချက်နှင့် သူ ဝန်ခံသည်။ ပန်းဝါ၏ လှပ လန်းဆန်းနေသော မျက်နှာဖူးဖူးလေးကို သူ ငေးကြည့်နေဆဲ. . .

"သူ့အကြောင်းနဲ့ ဆရာရဲ့အဖိုးတန်တဲ့ ရွှေအချိန်ငွေအချိန် တွေကို မထိခိုက်ပါစေနဲ့ ဆရာ၊ အခု ပန်းဝါတို့ ဂျူတီစဝင်ကြ



တော့မယ် မဟုတ်လား၊ ပန်းဝါ သွားတော့မယ်နော် ဆရာ. . ."

"ကောင်းပါပြီဗျာ. . ."

ဒေါက်တာမင်းညိုကို နှုတ်ဆက်ခဲ့ပြီး ပန်းဝါသည် တာဝန် ရှိရာ အခန်းသို့ ထွက်ခဲ့လိုက်လေတော့သည်။

သိတ်တိသည့် အရွယ်ကတည်းက သူနာပြုအလုပ်ကိုသာ စိတ်ဝင်စားဝါသနာပါခဲ့သူ ပန်းဝါမှာ အလုပ်စရသည့်နေ့မှစ၍ ယနေ့ အထိ အလုပ်တာဝန်များအား စိတ်လက်ပေါ့ပါး လန်းဆန်းကာ လုပ်ဆောင်လာခဲ့သည်ပါ။

ပန်းဝါမှာ ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွားခဲ့ကြ သဖြင့် ဖခင်၏ညီမ အပျိုကြီးများနှင့်သာ ကြီးပြင်းခဲ့သည့်အလျောက် အပျိုကြီးများ၏ပုံစံအောက်၌. . .

ပန်းဝါသည်လည်း နှလုံးသားရေးရာ အကြောင်းများအား စဉ်းစားချိန်မရ ဥပေက္ခာပြုကာ ပန်းဝါ၏ ကိုယ်စိတ်နှစ်ပါးသည် အစဉ်နုပျိုလန်းဆန်း ကြည်မွေ့ကာ ရှိနေရပါချေ၏။

သို့အတွက်ကြောင့်လည်း ပန်းဝါသည် အလုပ်ထဲတွင် ပို၍ စိတ်ဝင်စားထိရောက်စွာ အချိန်ပြည့်လုပ်ဆောင်နိုင်ခဲ့ရသည် မဟုတ် ပါတကား။

"ဟေး. .ပန်းဝါရေ တို့ပြန်တော့မယ်. . ."

"အေး အေး ပန်းဝါလည်း ခုပဲပြန်မှာပဲ. . ."

လုပ်ဖော်ကိုင်ဖက် ဆရာမလေးများ နှုတ်ဆက်၍ ပြန်သွား လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာအတွက် တာဝန်ဝတ္တရားများ ပြီးဆုံးပြီဖြစ်၍ ပန်းဝါသည် လက်ဆေးပြီးနောက် သူမ၏ ပစ္စည်းများသိမ်းကာ အိမ်သို့ ပြန်လာခဲ့လိုက်ပါလေ၏။

× × × × ×

"သမီး ပန်းဝါ. . ."

"ရှင်. . ."

"ဘာလုပ်နေလဲကွယ်. . ."

"ဒီမှာလေ ပန်းဝါ ပန်းအိုးတွေလဲနေတာ. . ."

"အေး အေး၊ ပြီးရင် အန်တီကြီးဆီ လာခဲ့ဦးကွယ်၊ ပြောစရာ ရှိလို့. . ."

"ဟုတ်ကဲ့ အန်တီကြီး ခဏလေးနော်. . ."

အခေါ်အကြီးဆုံးဖြစ်သူ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စောရှင်၏ ဧည့်ခန်းထဲမှလှမ်းခေါ်လိုက်သံကြောင့် ပန်းဝါမှာ အိမ်ဘေးဝရန်တာဘက် ဘုရားပန်းအိုးများနှင့် စားပွဲတင်ပန်းအိုးများ လဲလှယ်နေရာမှ ပြန်လည်၍ပြောလိုက်ရခြင်းပါ။

"ကဲ ကဲ ပန်းဝါရေ၊ အန်တီလေးပဲ ဆက်လုပ်လိုက်မယ် ကွယ်၊ ဟိုက ခေါ်တာသွားလိုက်ပါ. . ."

အလယ်တန်းကျောင်းအုပ်ဆရာမကြီးပင် ဖြစ်သော ဒေါ်ခင်အုန်း၏ လွဲပြောင်းတာဝန်ယူပြီး ပန်းဝါအား အိမ်ရှေ့သို့ လွှတ်လိုက်သောကြောင့် ပန်းဝါမှာ အန်တီကြီးရှိရာသို့ ကလေးထော်



တစ်ဦးလို ပြေးထွက်လာခဲ့ရင်းမှ. . .

"ဘာကိစ္စရှိလို့လဲ အန်တီကြီး၊ နေမကောင်းဖြစ်ချင်လို့လား ဟင်. . ."

"မဟုတ်ပါဘူးကွယ်၊ ထိုင်ပါဦး. . ."

"ဘာလဲဟင်. . ."

ဒေါ်စောရှင်အနီး ဝင်ထိုင်ရင်း ပန်းဝါမေးလိုက်သည်။

"အန်တီကြီး သမီးကို ပြောစရာရှိလို့. . ."

"ပြောလေ. . ."

"အန်တီကြီးပြောတာ သမီးစဉ်းစားနော်. . ."

"ဟုတ်ကဲ့ပါ. . ."

"အန်တီကြီးတို့ကလည်း အသက်တွေက ကြီးကြပြီ သမီးရဲ့"

"ဟာ ဘယ်ကလာပြီး ကြီးရမှာလဲ၊ အန်တီကြီးကော အန်တီလေးကော လှတုန်းချောတုန်း အရွယ်ကောင်းချည်းတွေပဲ ရှိပါ သေးတယ်၊ အဟင်း. .ဟင်း . . ."

"သမီးကလည်းကွယ် ရယ်စရာတွေ မပြောပါနဲ့၊ နားထောင် ပါဦး. . ."

ပန်းဝါ အန်တီကြီးကိုကြည့်ကာ ပြုံးနေလိုက်သည်။ အလေး အနက်မျက်နှာထားဖြင့် တူမချောကိုကြည့်ကာ ဒေါ်စောရှင် စကား ဆက်လိုက်သည်။

"အခု သမီးမှာ အသက်ကလေးလည်း နှစ်ဆယ်ကျော် လာပြီ မဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါ အပြုံးနှင့် ခေါင်းညိတ်သည်။

"ပြီးတော့ သမီးမှာ အခု သမီးစိတ်ကြိုက်ရည်မှန်းထားသူကော ရှိနေပြီလား. . ."

"အို ပေါက်ပေါက်ရှာရှာ အန်တီကြီးကလည်း မေးနေပြန်ပြီ. . ."

"ပေါက်ပေါက်ရှာရှာ မဟုတ်ဘူးလေ သမီးရဲ့၊ အန်တီကြီးက အလေးအနက်ထားပြီး မေးနေတာပါ. . ."

"ဟွန်း. .အန်တီကြီးတို့ကပဲ ပန်းဝါကို အပျိုကြီးလုပ်ပါဆို၊ လွတ်လပ်တယ်ဆို၊ ဒါကြောင့် ပန်းဝါက ဒါတွေဘယ်စဉ်းစားပါ့မလဲ လို့. . ."

"အဟင်း. .ဟင်း. .ဟင်း. . ."

ပန်းဝါ၏အဖြေစကားအား ပန်းအိုးများ သယ်ထုတ်လာသည့် ဒေါ်ခင်အုန်းမှာ သဘောကျစွာ ရယ်လိုက်မိလေသည်။

"သမီးက တကယ်အပျိုကြီးလုပ်မှာလားကွယ့်. . ."

"အင်းပေါ့ လုပ်မှာပေါ့. . ."

"ကဲ. .အန်တီကြီးတို့က သမီးကို အပျိုကြီးမလုပ်ပါနဲ့တော့ကွယ် ဆိုရင်ကော. . ."

"အို ခုစာကလေး ခု ဆိုထမင်းကြော်တော့ ဘယ်လုပ်လို့ရမလဲ အန်တီကြီးရဲ့. . ."

ပြုံးစစဟန်လေးဖြင့် ပန်းဝါ ဒေါ်စောရှင်ကိုကြည့်ကာ ဆိုသည်။





"ဒီလိုလည်း မဟုတ်သေးဘူး သမီးရယ်၊ စောစောတုန်းကတော့ မိဘမဲ့ရှာတဲ့ ဘူမလေးကို စိုးရိမ်စိတ်တွေပိုပြီး အန်တီကြီးတို့ တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့တာပါကွယ်. . ."

"ခုတော့ ကောင်းတာလေး သင့်မြတ်တာလေးနဲ့တွေ့တော့ အန်တီကြီးတို့မှာ သမီးအတွက် တာဝန်ဝတ္တရားတွေ ကျေပွန်အောင် လုပ်ပေးရဖို့ရှိသေးတယ်. . ."

"ဟင်. . ."

အံ့သြလာသော မျက်ဝန်းလေးတွေနှင့် ပန်းဝါ အန်တီကြီး မျက်နှာခန့်ခန့်ကြီးကို မော်ကြည့်လာသည်။

"အန်တီကြီးတို့စကားကို သမီးလည်း ငြင်းလိမ့်မယ်လို့ မထင်ဘူးလေ. . ."

"ပန်းဝါကို အိမ်ထောင်ပြုစေချင်လို့လား ဟင် အန်တီကြီး"

"ဟုတ်တယ်ကွယ်. . ."

"အင်း. . ဒါဆို ပန်းဝါက ရည်းစားထားပြီး စိတ်ကြိုက်ရွေးရတော့မယ်လား ဟင်. . ."

မျက်ခုံးလေးပင့် မျက်တောင်လေးတဖျပ်ဖျပ်ခတ်ရင်း ပန်းဝါ မေးမိသည်။

"အိုး. .ဒီလို မဟုတ်ပါဘူးသမီးရဲ့. . ."

"ဟင်. .အိမ်ထောင်ပြုတော့ဆို. . ."

ပန်းဝါမှာ သဘောမပေါက်သေး၍ စကားတွေလည်ကာ ပြောနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. .အန်တီကြီးတို့သဘောတူတဲ့လူက အဆင်သင့်ရှိနေပြီလေ၊ သမီးအတွက် အန်တီကြီးတို့ ရှာထားပြီးပြီ ဆိုပါတော့"

"အို. . ဟုတ်လား"

မျက်ဝန်းလေးကျယ်ကာ တအံ့တသြ ပန်းဝါမေးမိသည်။

"ဟုတ်တယ် သမီးပန်းဝါ၊ သမီးနဲ့လည်း သင့်တော်ပြီး လိုက်ဖက်တဲ့လူလည်းဖြစ်တယ်၊ အန်တီကြီးတို့လည်း စိတ်ချရတဲ့သူ ဖြစ်တယ်. . ."

"အို. .အန်တီကြီး တကယ်တွေ ပြောနေတာလားဟင်"

ပန်းဝါမျက်နှာလှလှလေး မဲ့လာရကာ မေးရှာသည်။

"သြော်. .သမီးကလည်း ဒါအလကားပြောရမယ့် စကားလားကွယ်. . ."

"ဒါ. . ဒါဆို ပန်း. .ပန်းဝါနဲ့ အန်တီကြီးတို့ သဘောတူတဲ့သူက ဘယ်သူလဲဟင်. ..."

"သမီး ပန်းဝါလည်း သိပါတယ်၊ မောင်ချစ်သက်လူလေ"

"အို .အမလေး အန်တီကြီးရယ်၊ အဲဒီကိုသက်နဲ့မှ ပန်းဝါကို သဘောတူရသလား ရှင်၊ အဟင့်. .ဟင့်. .ဟင့်. . ."

အံ့သြခြင်းနှင့် စိတ်ပျက်ထိခိုက်ခြင်းများကြောင့် ပန်းဝါ ပြောရင်း ငိုချလိုက်မိပါတော့၏။

"ဟင်. .သမီးပန်းဝါ ဘာလို့ငိုတာတုံး. . ."

"အဟင့်. .ဟင့်၊ အန်တီကြီးရယ် ရက်စက်လိုက်တာ၊ ပန်းဝါကို ကိုသက်နဲ့မှ သဘောတူရတယ်လို့၊ ပန်းဝါ ကိုသက်ကို





မရချစ်ဘူး၊ မယူနိုင်ဘူး အန်တီကြီးရဲ့. . ."

"အို .သမီးကလည်း ဘာဖြစ်လို့လဲကွယ်၊ မောင်ချစ်သက်လူ ကဖြင့် သမီးလေးကို ချစ်ရှာလိုက်တာ. . ."

"အို .သူမချစ်တာဘာရှိသလဲ၊ သူမချစ်တဲ့မိန်းမ ကမ္ဘာမှာ တောင် ရှိမှမရှိတာ၊ အဟင့်. .ဟင့် ပန်းဝါ သိပ်စိတ်ညစ်တာပဲ"

"သြော်. .သမီးရယ်၊ မောင်ချစ်သက်လူက ယောကျ်ားပဲ ကွယ်၊ ဒါလောက်တော့. . ."

"အို. .ဘာယောကျ်ားပဲလဲ၊ ဘာ ဒါလောက်တော့ပဲလဲ၊ သူဘယ်လောက်လွန်တယ်ဆိုတာ အန်တီကြီးတို့ သိရဲ့လား အဟင့်. .ဟင့်. . ."

အကြီးအကျယ် ငိုယိုကာ ပြောဆိုနေသည့် တူမချောအား အဒေါ် အပျိုကြီးနှစ်ယောက်မှာ ငေးကြည့်နေမိကြရလေ၏။

"ကိုသက်အကြောင်းကို တစ်မြို့လုံးမကဘူး၊ တစ်ကမ္ဘာလုံး ကပါသိတာ၊ အန်တီကြီးတို့လည်း ကြားကြမှာပါ၊ သူ ဘယ်လောက် ရှုပ်တယ်၊ ပွေတယ်ဆိုတာ. . ."

"သူ ရုပ်ချောတယ်၊ သူ ချမ်းသာတယ်၊ သူပညာတတ်တယ်၊ သူ ဂုဏ်ရှိတယ်ဆိုတာတွေဟာ သူ့အတွက် ရှုပ်လို့ပွေလို့ အကောင်းဆုံး ပံ့ပိုးထားတဲ့အရာတွေပါ. . ."

"အန်တီကြီးရယ် ပန်းဝါကိုသနားပါ၊ ပန်းဝါ ကိုသက်ကို ရိုးရိုးပဲခင်ပါရစေ၊ ကိုသက်ကို မယူပါရစေနဲ့နော်၊ အဟင့်. . ဟင့်. . ဟင့်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း "

အပျိုကြီးနှစ်ယောက်မှာ မျက်ရည်များ အလူးလူးနှင့် တူမချောကို ကြည့်ရင်းသက်မကိုယ်စီ ချမိနေရပါတော့၏။

"အန်တီကြီး၊ အန်တီလေးရယ် ပန်း. .ပန်းဝါ ကိုသက်ကို မယူပါရစေနဲ့နော်၊ မယူခိုင်းပါနဲ့နော်၊ ပန်းဝါ ကိုသက်ကို မချစ်ဘူး၊ ရိုးရိုးသားသားပဲ ခင်တယ်၊ ဘယ်တော့မှလဲ ကိုသက်ကို ချစ်လို့ရမှာ မဟုတ်ဘူး. . ."

"ဟင်း. .သမီးပန်းဝါ. . ."

"အဟင့်. .ဟင့်. .ဟင့်. . ."

စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ပန်းဝါ ရှိုက်ငို၍သာ နေပါတော့သည်။

"သမီးရယ် မောင်ချစ်သက်လူက ယောကျ်ားဆိုတော့ ဒါလောက်ကို သမီးအပြစ်ပြောလို့ မရဘူးလေကွယ်၊ ဒီလိုပေါ့၊ အခုတော့ သမီးမချစ်ပေမယ့် နောက်တော့. . ."

"အို. .ဘယ်တော့မှ ကိုသက်ကို ပန်းဝါမချစ်ဘူး၊ ချစ်လို့ရမှာ မဟုတ်ဘူး၊ ပန်းဝါကို သနားပါ၊ ပန်းဝါတောင်းပန်ပါရစေ၊ အဟင့်. .ဟင့်. . ဟင့်. . ."

"ဟင်း. .သမီးရယ် ခက်တာပဲ၊ စကားတွေကလည်း လွန်ထားပြီးပြီ အန်တီကြီးတို့ကလည်း ဒါမျိုးနဲ့ ပတ်သက်၍ သိပ်ပြီး ပြောတတ်ဆိုတတ်တာ မဟုတ်တော့ အပြောင်းအလဲတွေများတယ် ဆိုပြီး ဟိုဘက်က ပြောလာတော့မှာ. . ."





"အဟင့်. .ဟင့်. .အန်တီကြီးရယ်၊ ရက်စက်လိုက်တာ၊ ပန်း. .ပန်းဝါ. .ကိုသက်ကို ပြန်ပြီးတောင်းပန်လို့ မရတော့ဘူးလားဟင်၊ ပန်းဝါကိုယ်တိုင် ကိုသက်နဲ့ ဆွေးနွေးကြည့်ပါရစေလားနော်. . ."

"မောင်ချစ်သက်လူ ကိုယ်တိုင်က သမီးကို သိပ်လိုလားနေတာ၊ သမီးကို အလုပ်ထွက်ခိုင်းပြီး အမြန်ဆုံးလက်ထပ်ချင်နေတာ"

"အို. .ဒါလောက်ကတော့ ကိုသက်က ရိုးနေပါပြီ အန်တီကြီးရယ်၊ ပန်းဝါ သူနဲ့တွေ့တဲ့အခါ ပြောလိုက်မယ်နော်. . ."

"အန်တီကြီးတို့ကို မျက်နှာပျက်အောင် မလုပ်ပါနဲ့တော့လား သမီးရယ်၊ ကိုယ့်တူမလေးကို ကိုယ်ယုံလို့ အန်တီကြီးတို့ဘက်ကလည်း သူတို့ကမ်းလှမ်းတာကို သဘောတူလက်ခံခဲ့ပြီးပြီကွယ်. . ."

"အဟင့်. .ဟင့်. .အန်တီကြီးရယ်၊ ပန်းဝါ သေချင်တော့တယ်ရှင်၊ အဟင့်. .ဟင့်. .ဟင့်. ."

"မငိုပါနဲ့ သမီးရယ်၊ အန်တီကြီးတို့ စကားကို နားထောင်ပါနော်၊ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ နားထောင်ပေးပါလို့ အန်တီကြီး သမီးကို တောင်းပန်ပါတယ်. . ."

"အန်တီကြီးရယ် ရက်စက်လိုက်တာ အဟင့်. .ဟင့်..."

"တိတ်ပါ သမီးရယ်၊ သမီး ခုလောက် ငိုနေတော့ အန်တီလေး စိတ်မကောင်းတော့ဘူး. . ."

"အဟင့်. .ဟင့်. .ဟင့်. .အစတုန်းကတော့ ရည်းစား မထားရဘူး၊ ချစ်သူမရှာရဘူး၊ အပျိုကြီးလုပ်ရမယ် အပျိုကြီးလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်တယ်၊ ဘယ်သူ့အချုပ်အချယ်မှ မခံရဘူး၊ အန်တီကြီးတို့ကိုကြည့်၊ ဘယ်လောက်လွတ်လပ်ပြီး အေးချမ်းသလဲလို့. .လို့ဆိုတဲ့ စကားတွေမေ့ကုန်ပြီလား၊ အဟင့်. .ဟင့်. . ."

"ခု. .ခုတော့ ကိုသက်လိုလူနဲ့မှ ပန်းဝါကို သဘောတူကြတယ်၊ တစ်ကမ္ဘာလုံး ယောကျာ်းတွေ မရှိကြတော့ဘူးလား၊ တစ်လောကလုံးမှာ သူတစ်ယောက်ပဲရှိလား၊ သူ့တစ်ယောက်တည်းကိုပဲ အန်တီကြီးတို့ ယောကျာ်းလို့မြင်လား၊ ပန်းဝါ သေချင်တယ်. ."

ပန်းဝါကား ထိုင်ခုံနောက်ကျောတွင် မျက်နှာလေးအပ်လျက် မကျေမချမ်း စကားများဆိုရင်း နင့်နင့်နဲနဲကြီး ငိုနေရပါတော့၏။

တူမချော၏ တသိမ့်သိမ့်တုန်ယင်နေသော နောက်ကျောပြည့်ပြည့်လေးကို ကြည့်ရင်း အဒေါ်နှစ်ဦးမှာ စိတ်မကောင်းကြပါတော့။ သို့သော် သူတို့မှာလည်း တစ်ဘက်ကို သေချာစွာ စကားများလွှန်ထားရပြီဖြစ်၍ နှုတ်ဆိတ်ကာ တူမချောအားကြည့်နေမိရပါတော့၏။

ပန်းဝါကား ထိုနိုက် ဝမ်းနည်းခြင်းကြီးစွာတို့ဖြင့် ဘဝ၏မျက်နှာအား စတင်ဖွင့်မိရလေပြီမဟုတ်ပါတကား။ ။

✻ ✻ ✻



– တစ်ဆယ့်ရှစ် –

ညနေဘက်အလုပ်မှ ပြန်ရောက်လာသည်နှင့် ရေချိုးပြီး အိမ်ရှေ့ခုံတန်းလေးတွင် ပန်းဝါထိုင်ရင်း ငေးနေလိုက်သည်။ ပန်းဝါ၏ မျက်နှာလေးသည် မရွှင်မလန်းရှိနေခဲ့သည်မှာ တစ်ပတ်မျှရှိလေပြီ။

မိမိ၏အိမ်ထောင်ရေးအကြောင်းအား သိလိုက်ရသည့်နေ့မှ ပန်းဝါတစ်ကိုယ်တည်းကျိတ်၍ အကြီးအကျယ် စိတ်ထိခိုက်မှုများ ခံစားရင်း ငေးငိုင်နေမိရလေတော့၏။ အလုပ်ချိန် အလုပ်လုပ်ရာတွင်လည်း ပန်းဝါ ဝမ်းနည်းနေမိရလေသည်။

မကြာမီအချိန်အတွင်း ပန်းဝါမှာ ဝါသနာကြီးလှသည့် မိမိအလုပ်အား စွန့်လွှတ်ရပေတော့မည်မဟုတ်လား။

ရက်စက်လိုက်တာ အန်တီကြီးတို့ရယ်၊ ပန်းဝါကို မသနားကြဘူး၊ ကိုသက်ကို ပန်းဝါမချစ်ဘူး. . .။

"ပန်းဝါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. .ရှင် ကိုသက်. . ."

ရင်ထဲဝမ်းနည်းခြင်းများစွာတို့နှင့် တွေးတောငေးမောနေခိုက် ဘယ်အချိန်ကတည်းက မိမိနောက်တွင် ရောက်ရှိနေသော ကိုသက်၏ ခေါ်သံကို ကြားလိုက်ရလေမှ တွေးနေဆဲ ပန်းဝါမှာ လန့်ဖျပ်ပြီး ထိုင်ရာမှ ထရပ်မိရင်းက ထူးမိရပါလေ၏။

"လန့်သွားလား ပန်းဝါ. . ."

"ဟုတ်ကဲ့. . ."

"ကိုသက် ရောက်နေတာကြာပြီ. . ."

"ပန်းဝါမသိလိုက်ဘူး. . ."

"ကိုသက် ပန်းဝါကို ကြည့်နေတာ. . ."

ပန်းဝါ မျက်လွှာလေးချကာ စကားမဆိုမိပါလေတော့။

"ပန်းဝါ. . ."

"ရှင်. . ."

"ကိုသက်ကို မထိုင်ခိုင်းတော့ဘူးလားဟင်. . ."

"ဪ ဆောရီး၊ ထိုင်ပါ ကိုသက်. . ."

"ပန်းဝါလည်း ပြန်ထိုင်ပါဦးနော်. . ."

သူ့ကိုသာ ခုံတန်းထက် ထိုင်ခိုင်းပြီး သူမက မထိုင်ဘဲနေသဖြင့် သူကပြန်၍ထိုင်ခိုင်းလိုက်လေ၏။ ခုံတန်းလေးမှာ သိပ်ရှည်လှသည် မဟုတ်သဖြင့် နှစ်ယောက်ထိုင်လိုက်သည်တွင် လွန်စွာမှနီးကပ်စွာ ရှိနေရလေတော့၏။

အဝေးသို့ကြည့်နေသော ပန်းဝါမျက်နှာလေးကို ချစ်သက်လှ





ငေးကြည့်နေမိလိုက်သည်။ ချစ်သက်လှသည် ပန်းဝါ၏ဆေးမကူသော ပကတိဝင်းဝင်းဖန့်ဖန့်နှင့် အလှဆုံးသော အလှတို့ကို အတန်ကြာကြာ တိတ်ဆိတ်စွာ ငေးမောကြည့်နေဆဲမှ. . .

"ပန်းဝါ. . ."

သူ့ခေါ်သံကြားမှ ပန်းဝါမှာ ပို၍ထိခိုက်စွာဖြင့် မျက်ရည်များဝဲကာ လာရ၏။

"ပန်းဝါ. . ."

သူ ထပ်ခေါ်သည်။ ပန်းဝါအကြည့်သည် သူ့ထံရောက်မလာ၊ ထူးသံသည်လည်း လည်ချောင်းတွင်းမှ ထွက်ပေါ်လာခြင်းမရှိဘဲ ရှိနေရချေ၏။

ပန်းဝါ စိတ်ကိုတင်းနေလိုက်သည်။ ဝဲလျှံတက်လာသည့် မျက်ရည်တို့ကို ထိန်းချုပ်နေလိုက်သည်။ သူ့မျက်နှာကို ကြည့်နိုင်ရန် သူ့ကို စကားပြောနိုင်ရန် ပန်းဝါ ကြိုးစားနေပါချေ၏။

"ကိုသက် ခေါ်နေတယ်လေဗျာ. . ."

သူထပ်ဆိုသည်။ သူ့အသံမှာ အမှန်တကယ်လည်း ချိုမြိန်သော ကြင်နာသံများရှိနေရပါ၏။ သူသည် ရုပ်နှင့်သာမက အသံနှင့်ပါ ဆွဲဆောင်နိုင်သူပါပင်ဟု ပန်းဝါ တွေးမိရပါ၏။ ပန်းဝါမှာ အသံထွက်ရန် ကြိုးစားသော်မယ့် အသံမှာ ထွက်မလာနိုင်သဖြင့် တံတွေးတစ်ချက်ကို မျိုချပြီး ခေါင်းလေးကိုညိတ်ပြလိုက်ရှာပါ၏။

"ကိုသက်ကို စကားပြောပါဦးလား၊ ကိုသက်နဲ့ပန်းဝါ စကားမပြောချင်ဘူးလားဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ကိုသက်"ဟု ပန်းဝါ ဆိုလိုက်ချင်ပါသည်။ အမှန်လည်း သူ့ကို ပန်းဝါ စကားမပြောချင်ပါ။ ခုချိန်မှာ တွေ့လည်း မတွေ့ချင်ပါ။ မြင်လည်းမမြင်ချင်ပါလေ။ သို့သော်လည်း ပန်းဝါ ကြိုးစားလိုက်သည်။

"ပြောချင်ပါတယ် ကိုသက်၊ ပန်းဝါ ပြောစရာတွေလည်း ရှိနေပါတယ်. . ."

"အဟွန်း. . ."

သူ ပြုံးသည်။ လှပသော သွားတန်းတွေပေါ်လာ၏။ သို့သော် သူ့ကိုပန်းဝါ မကြည့်။ သူ ချောမောသည်ကို ပန်းဝါ သိသည်။ သူ၏ချောမောသော ရုပ်သွင်ကို ပန်းဝါ မြင်တွေ့ဖူးနေကျပါ။ သူ့ရုပ်သွင်ကို ပန်းဝါ စိတ်မဝင်စား။ မနှစ်မြို့ပါ။ ထို့ကြောင့် သူ့အပေါ် သူ့အတွက် ပန်းဝါ၏နှလုံးသားသည် လုံးဝလှုပ်ရှားခြင်း မရှိပါလေ။

"ပန်းဝါ. . ."

"ပြောပါ ကိုသက်. . ."

"ကိုသက် ပန်းဝါကိုချစ်တယ်. . ."

စိတ်ထဲမှာ ပန်းဝါ ပြုံးလိုက်သည်။ အပြင်တွင်မူ ပန်းဝါ မျက်လွှာလေး ချထားလိုက်သည်။

"ပန်းဝါ. . ."

သူခေါ်လိုက်စဉ် ထိုင်ရာမှ ပန်းဝါ ထရပ်လိုက်သည်။

"ပန်းဝါ. . ."





ထပ်ခေါ်ရင်း သူလည်း ထရပ်သည်။ ပန်းဝါနှင့် နီးကပ်စွာ ဝို၍ သူရပ်သည်။

ပန်းဝါမျက်ဝန်းတွေမှာ အဝေးဆုံးနေရာဆီသို့ ရောက်နေလေ၏။ သူ့ထံမှလွှဲဖယ်ထားသည့် ပန်းဝါမျက်ဝန်းတွေထဲသို့ သူ စိုက်ကြည့်လိုက်သည်။ သူမမျက်ဝန်းများထဲ စုဝေးနေသည့် အရည်ကြည်များကို သူမြင်လိုက်ရသည်တွင် သူ၏အကြည့်မျက်ဝန်းတို့ အနည်းငယ်မှေးကျဉ်းသွားရကာ ရင်ထဲ ကျဉ်ခဲ နာကျင်သွားရချေ၏။

သူ အတွေးတစ်ခုနှင့် တစ်စုံတစ်ရာကို သဘောပေါက်သလို မှိမ်သွားရစဉ် သူ့စိတ်များသည် ပြင်းစွာ လှုပ်ရှားသွားရင်းမှ. . .

"ပန်းဝါ ကိုသက်ကို ကြည့်စမ်းပါ. . ."

ကြည့်စမ်းပါဆိုသော်လည်း သူကပင် ပန်းဝါရှေ့သွားရပ်ကာ မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။

"ကျေးဇူးပြုပြီး ကိုသက်ကို ကြည့်ပါလား ပန်းဝါ. . ."

ယဉ်ကျေးစွာ သူ တောင်းဆိုသည်။ သူ ပန်းဝါကို လုံးဝ မတို့မထိပါလေ။ တကယ်တော့ ချစ်သက်လူသည် လူယဉ်ကျေး လူတော်တစ်ဦးပါပင်။ သူသည် ရုပ်ရည်၊ နေဥစ္စာ၊ ပညာကြွယ်ဝ ပြည့်စုံသူ။ ပညာတတ် လူချော လူယဉ်ကျေးပီပီ သူသည် စောင့်ထိန်းခြင်းတစ်မျိုးတော့ ထားရှိတတ်သူပါ။

မှန်သည်။ ချစ်သက်လူသည် သူ့ကိုစိတ်မဝင်စားသူ၊ သူ့ကို မလိုက်လျောသူ အမျိုးသမီးများအား ဘယ်သောအခါမျှ သူ မဆွဲဆောင်ပါ။ တို့ထိခြင်းဖြင့်လည်း သူ မကျူးလွန်တတ်ပါ။ အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်သူမို့ ကြောက်စရာကောင်းအောင် စန်းလာဘ်ရွှင်သူ၊ ပွင့်လန်းသူပါ။

အမျိုးသမီးတိုင်း သူ့ကို သဘောမကျသည် မရှိ။ သူ့ကို စုံမက်ကြသည်။ အခွင့်အရေးပေးကြသည်။ ထိုအခါဝယ် သူသည်လည်း ထိုပေးလာသည့် အခွင့်အရေးများအား လက်လွှတ်ခဲ့သည် မရှိခဲ့။ သူသည် ဥပုသ်စောင့်သော ကျွဲမဟုတ်၍ သူ့နာမည်သည် ဟိုးလေးတကျော်ရှိဆဲ ဖြစ်နေရသည် မဟုတ်ပါလား။

သူ၏တောင်းဆိုမှုများကြောင့် ပန်းဝါ သူ့ကို မျက်လွှာပင့်ကြည့်လာသည်။ သူ၏ တည်ငြိမ်ချောမောလွန်းသော မျက်နှာကို ပန်းဝါမြင်သည်။ ကြည့်နေဖြစ်သည်။

သို့သော် ပန်းဝါရင်မှာ သူ့ကြောင့် လှိုင်းထန်ခဲ့။ ပန်းဝါ နှလုံးသားလေး သူ့ကြောင့်မလှုပ်ရှားခဲ့။ သူနှင့်ပတ်သက်၍ ပန်းဝါ ဘာတစ်ခုမျှ လှုပ်ရှားခြင်းမရှိခဲ့ပါလေ။

ချစ်သက်လှုသည် ပန်းဝါ၏အေးစက်နေသော အကြည့်တို့ကို ရင်နာစွာကြည့်လိုက်ပြီးမှ သူ့ စကားတို့ကို တစ်ခွန်းဆိုလိုက်၏။

"ပန်းဝါ ပြောချင်တာတွေ ကိုယ်သိတယ်၊ ဒါပေမယ့် ကိုသက် ပြောခွင့်မပေးဘူး. . ."

ပန်းဝါ ခေါင်းလေးငုံ့သွားသည်။ မျက်ရည်များက မြေကြီးပေါ်သို့ တစ်ပေါက်ချင်းကျဆင်းနေကြလေ၏။ ထိုမျက်ရည်စက်များကို ချစ်သက်လှု ငုံ့ကြည့်နေလိုက်သည်။ ပြီးတော့ သူ့ စကားကို အေးဆေးစွာ ဆက်လိုက်သည်။



"ကိုသက် အားလုံးသိတယ်၊ ကိုသက်ကို ပန်းဝါမချစ်ဘူး၊ မယူနိုင်ဘူး၊ လုံးဝမချစ်ဘူးဆိုတာတွေ ကိုသက် သိပါတယ်၊ ကိုယ့်ကို ပန်းဝါ မယူရဖို့ ဆွေးနွေးမှာတွေ၊ တောင်းပန်မှာတွေကို ကိုသက် နားမထောင်ချင်ဘူး ပန်းဝါ၊ လက်မခံနိုင်ဘူး ပန်းဝါ. . ."

"ပန်းဝါကို မြတ်နိုးလွန်းလို့ ကိုသက်ကိုယ်တိုင် တောင်းရမ်းတာပါ၊ အခု တစ်မြို့လုံးလည်း သိနေကြပြီ. . ."

"အဟင့်. .ဟင့်၊ အဲဒါက ကိုသက်ကြောင့်ပဲမဟုတ်လား"

ပန်းဝါ ရှိုက်ရင်း သူ့မျက်နှာကို ဒေါသမျက်ဝန်းလေးနှင့် ဆတ်ခနဲကြည့်ကာ ဆိုလေသည်။ ပန်းဝါ၏အသွင်လေးကိုကြည့်ပြီး ချစ်သက်လှုကား အေးစက်စက်နှင့်ပင်. . .။

"ဟုတ်တယ်၊ အန်ကီတို့ဆီက သဘောတူခွင့်ပြုချက်ရပြီးလို့ ကိုသက်ဟာ ပန်းဝါရဲ့သက်ဆိုင်သူပါလို့ သတင်းဖြန့်လိုက်တာပဲ"

"အဟင့်ဟင့်. .ကိုသက်ကို ပန်းဝါ မုန်းတယ်သိလား"

"ပန်းဝါကို ကိုသက် ချစ်တယ်၊ သိပ်ချစ်တယ် သိလား"

"အို ပန်းဝါ မသိချင်ဘူး. . ."

"ကိစ္စမရှိပါဘူးကွယ်၊ ကိုသက်ကသာ ပန်းဝါကို ချစ်မှာပါ"

"ကိုသက် မတရားဘူး. . ."

"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးတဲ့ ပန်းဝါ. . ."

"အဟင့်ဟင့်. .ကိုသက်ကို ပန်းဝါမယူပါရစေနဲ့၊ ပန်းဝါ တောင်းပန်ပါရစေ ကိုသက်ရယ်. . ."

"ကိုသက်က အတိုင်းထက်မက တောင်းပန်ပါရစေ၊ ပန်းဝါ

www.burmeseclassic.com

www.burmeseclassic.com



ကိုသိပ်ချစ်တယ်၊ ပိုင်ဆိုင်ရယူပါရစေနော်. . ."

"ပန်းဝါ တောင်းပန်လို့မရရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ် ကိုသက်. . ."

"ဟင်း. .ဒီမှာ ပန်းဝါ၊ ကိုသက်ဟာ ပန်းဝါကို သတိတစ်ချက်လစ်နိုင်မယ်ဆိုရင် ပန်းဝါကိုယ်ပန်းဝါ လုပ်ကြံလိုက်ပါ"

သက်မတစ်ချက်ချရင်းမှ ထိုစကားကို သူ ဆိုသည်။ ပန်းဝါမှာ သူ့အား နားမလည်သလို ကြည့်နေမိရင်းက. . .

"ကိုသက် ဘာကိုဆိုလိုတာလဲ. . ."

"အခုအချိန်ကစပြီး ဒီကနေ ကိုသက် မပြန်တော့ဘူး"

"ရှင်. . ."

"အရိုးဆုံး အရှင်းဆုံးပြောမယ် ပန်းဝါ၊ ကိုသက် ပန်းဝါကိုချစ်တယ်၊ ကိုသက်သေသည့်တိုင် ချစ်မယ်၊ ကိုသက်သေမှ ကိုသက်ကိုမုန်းတဲ့ ပန်းဝါ တခြားရင်ခွင်သစ်မှာ ခိုဝင်ပါ. . ."

"အို. . ."

သူသည် စကားတို့အား အေးဆေးစွာဆိုပြီး ခုံတန်းလေးထက်တွင် အေးချမ်းစွာပြန်၍ ထိုင်နေလိုက်ပါတော့သည်။

ပန်းဝါမှာ သူ့ကြောင့်စိတ်များကျဉ်းကျပ်ကာ စိတ်ဆင်းရဲကိုယ်ဆင်းရဲခြင်းများနှင့် ရှိနေရပါလေတော့သည်။ ပန်းဝါ အလုပ်ထွက်စာကို သူတင်လိုက်သည်။ ပန်းဝါ အလုပ်လည်း မသွားရပါလေတော့။ ဘယ်သူတွေ ဘာပြောပြော သူ ဂရုမစိုက်။ လက်မထပ်ခင်ကတည်းက ပန်းဝါတို့အိမ်မှာပင် သူ နေ့နေ့ညည ရှိနေလေ



ဒေါ်စောရှင်နှင့် ဒေါ်ခင်အုန်းတို့မှာ သူ့သဘောအတိုင်း ရှိနေရတော့သည် မဟုတ်ပါလား။ သူနှင့် လက်မထပ်ခင် နှစ်ရက်အလိုတွင် သောင်ခုံသို့ လွတ်လပ်စွာ နောက်ဆုံးသွားပါရစေဟု ခွင့်ပန်သဖြင့် သူ့လူယုံများနှင့် သူလွှတ်ခဲ့သောကြောင့် သောင်ခုံသို့ ပန်းဝါသည် လွတ်လပ်သောဘဝလေးနှင့် နောက်ဆုံးတစ်ခေါက် ရောက်ခဲ့ရပါလေ၏။

"ဟို ကျွန်တော်နဲ့တွေ့တဲ့ အခေါက်ကပေါ့နော်၊ ဟုတ်လားဟင်. . ."

သတိတရရှိနေရဆဲမို့ ထိုစကားကို ဒေါက်တာမော်ကွန်းသည် ဖြတ်၍မေးမိလိုက်ရချေ၏။

"ဟုတ်ပါတယ် ဆရာ၊ အဲဒီအခေါက်ပါပဲရှင်. . ."

သူ့အား ပန်းဝါသည် မကြည့်ဘဲဆိုနေသော်ငြား သူမမျက်ဝန်းထဲ သူ၏ပုံရိပ်ကား စွဲထင်စွာ မြင်တွေ့နေရလေသည် မဟုတ်ပါလား။

ဒေါက်တာမော်ကွန်းမှာ ပန်းဝါအား မချိတင်ကဲရင်၌ နင့်နင့်ခါးစွာရှိရင်း ကြည့်နေမိရဆဲမှ. . .

"အင်း. .အဲ ဆက်ပါဦးနော်၊ ကျွန်တော် သိပါရစေဦးဗျာ"

ပန်းဝါ တစ်ချက်ရှိုက်လိုက်သည်။ ပြီးမှ ထိုရိုက်မှုအပေါ်နှင့် ပန်းဝါသည် စကားတို့ကို ဆက်ပြောနေလိုက်ပါလေ၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ကိုး -

"ကိုသက်. . ."

"ပန်းဝါရယ်. . ."

ချစ်သက်လှကား အားအင်လျော့နည်းလွန်းသော အသံဖြင့် ချစ်ဇနီး၏အမည်လေးအား ခေါ်ထူးမိရှာပါ၏။ ပန်းဝါသည် ခင်ပွန်းသည် ခင်ပွန်းသည်၏ရုပ်သွင်ကို သနားလွန်းစွာ ငေးကြည့်နေမိရပြီးမှ ခင်ပွန်းသည်၏ပခုံးထက် ဖွဖွဆုပ်ကိုင်လိုက်ပြီး. . .

"သိပ်စိတ်အားငယ်နေလား ကိုသက်. . ."

ချစ်သက်လှ မျက်ဝန်းကို တစ်ချက်မှိတ်ကာ ပြန်ဖွင့်ရပြီးမှ သူချစ်ရလွန်းသော ချစ်ဇနီး၏မျက်နှာလေးအား ကြည့်မိရပါလေ၏။

"ကိုသက်ဘဝက ဆုံးနေပြီပဲဗျာ၊ ဒီအတွက် ကိုသက် စိတ်မပျက်သင့်ဘူးလား၊ ပန်းဝါတစ်ခါက ပြောဖူးသလိုပဲ၊ ကိုသက် မတရားဘူး၊ ကိုသက် မတရားပါဘူးကွယ်. . ."

"အို ကိုသက်ရယ်၊ ဒါပန်းဝါရဲ့ ကုသိုလ်ကံပါရှင်၊ ပန်းဝါလေ ကိုသက်ကို အနှမ္ပိုချစ်တယ်. . ."



"ကိုသက်ကို နှစ်သိမ့်တာ ကျေးဇူးတင်ပါတယ် ပန်းဝါ၊ ကိုသက် ပန်းဝါကို သိပ်ချစ်တာ၊ ခုတော့. . ."

"ကိုသက်ရယ် ဒီအကြောင်း မစဉ်းစားပါနဲ့တော့ရှင်၊ ပန်းဝါ ကိုသက်ကိုချစ်တယ်၊ တစ်သက်လုံး ကိုသက်နဲ့ပဲ နေသွားမယ်၊ ကိုသက်ကိုပဲ တစ်သက်လုံး ပန်းဝါပြုစုယုယချစ်သွားတော့မှာပါရှင်"

"ဩော် ပန်းဝါရယ်. . ."

ချစ်သက်လှသည် ပန်းဝါအား အားကိုးခြင်း၊ ယုံကြည်ခြင်း၊ မြတ်နိုးခြင်းတို့ဖြင့် တင်းကျပ်စွာ ထွေးဖက်ထားမိရပါလေ၏။

"ကိုသက်. . ."

"ပန်းဝါ. . ."

"ဆေးသောက်ရအောင်နော်၊ ပြီးတော့ ကိုသက် အိပ်ပျော်အောင် အိပ်၊ ဘာမှမစဉ်းစားရဘူးနော်. . ."

"ပန်းဝါ. . ."

"ရှင်. . ."

"ပန်းဝါ ကိုသက်ကို သိပ်အထင်သေးနေမှာပဲနော်. . ."

"အို မဟုတ်တာ၊ ကိုယ်ယူထားတဲ့ ခင်ပွန်းကို ပန်းဝါ အထင်မသေးဝံ့ပါဘူးရှင်. . ."

"ပန်းဝါရယ် ကိုသက်အဖြစ်ဆွေကလည်း ခုတော့ သက်ကယ့်ကို အထင်သေးရှုတ်ချစရာပါ၊ ပြီးတော့ ရှက်စရာလည်း သိပ်ကောင်းပါတယ်လေ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကိုသက်ရယ်၊ တော်ပါတော့ရှင်၊ ဘာလို့ စိတ်ဆင်းရဲစရာတွေ တွေးပြီး ပြောနေတာလဲ၊ ဆေးသောက်ရအောင်နော်"

"နေပါဦးကွယ်၊ ကိုသက် သေ. . ."

"အို ဒီစကားမပြောရဘူး၊ ပန်းဝါ ကိုသက်ကို ချစ်တယ်၊ ပန်းဝါရှိနေသရွေ့ ကိုသက်ကို ပန်းဝါ စိတ်ချမ်းသာအောင် ထားမယ်၊ ကိုသက်ကို ပြုစုမယ်. . ."

"ဒီမှာ ကိုသက်၊ ပန်းဝါဟာ အရင်က ကိုသက်ကို မချစ်ခဲ့တာဟာ ကိုသက် ရုပ်လွန်း ပွေလွန်းလို့ပဲဆိုတာ ကိုသက်လည်း သိမှာပါ. . ."

"သိပါတယ် ပန်းဝါ၊ ဒါကြောင့်လည်း အဲဒီဒဏ်တွေ အခု ကိုသက် ခံ. . ."

"တော် ကိုသက်၊ ဆက်မပြောနဲ့တော့၊ အခုလို ကိုသက်ဖြစ်တာ ပန်းဝါ ဝမ်းသာတယ်၊ ပန်းဝါ ကျေနပ်တယ်. . ."

"ဟင်. . ."

ဝေရီနေသော မျက်ဝန်းတို့ဖြင့် ချစ်သက်လူ ပန်းဝါကို ကြည့်နေလိုက်သည်။

"ဟုတ်တယ် ကိုသက်၊ ဟုတ်တယ်၊ အခုမှ ပန်းဝါဟာ ကိုသက်ကို ချစ်တယ်၊ ချစ်လာတယ်၊ ပန်းဝါတစ်ယောက်တည်း ကိုသက်ကို ပိုင်ပိုင် ချစ်ရတော့မှာ မဟုတ်လား. . ."

"အို အချစ်ရယ်. . ."

ချစ်သက်လူမှာ ပန်းဝါ၏ကိုယ်လေးအား တင်းကျပ်စွာ





ထွေးဖက်ထားလိုက်ရပါတော့သည်။

ပန်းဝါရယ် မင်းကိုလေ ကိုသက် အချစ်မှာ လေးစားမြတ်နိုးမှုတွေ ပိုနေရပါပြီဗျာ၊ ယောကျ်ားမပီသတော့တဲ့ဘဝ၊ လူစဉ်မမီတော့တဲ့ဘဝနဲ့ ပန်းဝါကို ကိုသက်ဟာ မတရား ချုပ်ချယ်ထားရာကျနေပါတယ်. . .။

ဒါပေမယ့် အချစ်ရယ်၊ မင်းကို ကိုသက် လက်လွှတ်အဆုံးရှုံးမခံပါရစေနဲ့၊ ကိုသက် မင်းကို အဆုံးရှုံးမခံပါရစေနဲ့၊ ကိုသက် မတရားဘူးဆိုတာ သိတယ်. . .။

ကိုသက် လုံးဝမတရားပါဘူး၊ ဒါပေမယ့် မင်းကို သိပ်ချစ်လွန်းလို့ ဘာပဲဖြစ်ဖြစ် ကိုသက် မစွန့် ပါရစေနဲ့ကွယ်. . .။

ချစ်ဇနီးအား ထွေးဖက်ထားရင်း ချစ်သက်လူမှာ ထိခိုက်ချောက်ချားခြင်းများစွာတို့ဖြင့် ရင်တွင်းမှ တီးတိုးဆိုညည်းနေရပါလေ၏။

ထို့အတူ ခင်ပွန်းသည်၏ရင်ခွင်ကြားမှ ပန်းဝါသည်လည်း

ကိုသက်ရယ်. .ကိုသက်ကို ပန်းဝါ အပြစ်မတင်ရက်ပါဘူးရှင်၊ ကိုသက်ကို မချစ်ပေမယ့် နတော့ ကိုသက်ကို ပန်းဝါ သနားလိုက်တာ ရင်ပွင့်မတတ်ပါပဲရှင်၊ ကိုသက်ရဲ့ဘဝ ဘယ်လိုပဲဆုံးဆုံး ပန်းဝါ ကိုသက်အပေါ် သစ္စာရှိနေပါ့မယ်. . .။

ကိုသက် ဘယ်ဘဝပဲရောက်ရောက် ပန်းဝါဟာ ကိုသက်ရဲ့ဇနီးအဖြစ်နဲ့ ရာသက်ပန်ရှိပြီး သစ္စာရှိနေမှာပါဆိုတာ စိတ်ချစွာ ကိုသက်ယုံကြည်နေပါတော့ရှင်. . .။



www.burmeseclassic.com

www.burmeseclassic.com



'သြော်. .ကိုသက်ရယ်. . .'ဟူ၍ ခင်ပွန်းသည်အတွက် ကြင်နာမဆုံး ရင်တွင်းမှ အခါခါသစ္စာပန္နက်တို့ တည်ကာ ရေရွတ်နေမိရလေသည် မဟုတ်ပါတကား။

× × × × ×

"ကြည်ရေ. . ."

"ရှင်. .ဘာလဲ အဖေကြီး. . ."

လမ်းလျှောက်ထွက်ရာမှ ပြန်ရောက်လာသော ချစ်သက်လူ၏ဖခင် ဦးသန်းဆွေမှာ ဇနီးသည် ဒေါ်ခင်ပြုံးကြည်အား ခေါ်ရင်း အိမ်ထဲသို့ လှမ်းဝင်လာခဲ့သဖြင့် ခင်ပွန်းသည်တစ်ယောက် ဘာများ အရေးရှိလာပါသလဲဟုအထင်ဖြင့် အိမ်ထဲမှ ခြေလှမ်းသွက်သွက်တို့ဖြင့် ထွက်လာခဲ့ရင်းမှ ထူးသံနှင့်အတူ အမေးပြန်ပြုလိုက်သည်တွင် ဦးသန်းဆွေမှာ ဇနီးသည်အား ပြုံးပြုံးကြီး ကြည့်မိရပြီးမှ. . .

"ဟိုဘက်တစ်ခြံကျော်အိမ်က မောင်အောင်နိုင်တို့ အိမ်ထောင်ကျတာ သားတို့ထက် နောက်ကျတယ်မဟုတ်လား. . ."

"အင်းလေ အဲဒါဘာဖြစ်လဲ အဖေကြီးရဲ့. . ."

မိဘယောက္ခမနှစ်ဦး ပြောနေကြသည့် စကားတို့ကို ခပ်လှမ်းလှမ်းမှ ကော်ဖီသောက်နေကြသည့် ပန်းဝါတို့မှာ ဘာမှန်းမသိသေး၍ တစ်ချက်တစ်ချက် လှမ်းကာ ကြည့်မိနေကြရပြီး အမှတ်မထင် နားစွင့်နေမိလိုက်ကြ၏။





"ဘာမှတော့ မဖြစ်ပါဘူးကွယ်၊ မောင်အောင်နိုင့်မိဘများ မြေးချီနေရပြီလို့ ပြောမလို့ပါ ကြည်ရဲ့. . ."

"အင်း. . ."

ခင်ပွန်းသည်၏စကားကြောင့် ဒေါ်ခင်ပြုံးကြည် သားနှင့်ချွေးမတို့ကို လှမ်းကြည့်မိလိုက်လေ၏။

ချစ်သက်လူကား မျက်နှာတို့ပျက်ရရှာလေပြီ၊ ပန်းဝါမှာ ခင်ပွန်းသည်အတွက် လွန်စွာ စိတ်ထိခိုက်သွားရရှာပါ၏။ သူတို့၏ အခြေအနေတို့အား ဘာမှမသိရှာသော ယောက္ခမကြီးများကိုလည်း ပန်းဝါ အပြစ်မတင်လိုပါ။

"ကိုသက်. . ."

ကိုသက် လက်ချောင်းများကို အားပေးဆုပ်ကိုင်ရင်း ပန်းဝါ ခေါ်လိုက်သည်။ ချစ်သက်လူ မထူးနိုင်ရှာပါလေ။ ကော်ဖီစားပွဲခုံတွင် တံတောင်နှင့်ထောက်ပြီး လက်ချောင်းများနှင့် နဖူးကိုထောက်ကာ စိတ်ထိခိုက်မှုများအတွက် သူ ခံစားနေရပေတော့၏။

"ကိုသက်ရယ် ဘာလို့စိတ်ကိုလျှော့ရတာလဲ၊ အားတင်းစမ်းပါနော်၊ ပန်းဝါလည်း ကလေးမလိုချင်ပါဘူး၊ ပန်းဝါ ကိုသက်တစ်ယောက်တည်းကိုပဲ လွတ်လွတ်လပ်လပ်ချစ်ပြီး ယုယသွားပါရစေနော်. . ."

"အင်း. .သြော် ပန်းဝါရယ်. . ."

ချစ်သက်လူကား စကားကို ဘာပြန်မဆိုနိုင်ရှာ ဇနီးသည်၏နှစ်သိမ့်အားပေးမှုအတွက် သူ့ရင်၌ ပြင်းထန်စွာ ခံစားနေမိရပါလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

ပန်းဝါမှာ ခင်ပွန်းသည်အား အစွမ်းကုန်နှစ်သိမ့်နေဆဲ ယောက္ခမကြီးများ၏ မြေးတောင့်တသံတို့က သူတို့နားစည်သို့ ရိုက်ခတ်ဝင်ရောက်လာကြပြန်လေ၏။

"ဟုတ်တယ် အဖေကြီးရဲ့၊ ကြည်တို့မှာလည်း အိမ် ဆည်းလည်းလေးတော့ လိုနေပြီ. . ."

"အေးကွ၊ မောင်အောင်နိုင်ရဲ့သားကြီးကကွာ၊ အခုတွေ့ခဲ့ တာ တကယ့်ဖြူဖြူဖွေးဖွေး တစ်လုံးတစ်ခဲကြီးပဲ ကြည်ရေ. . ."

"ဘာလဲတော့ ဘာလဲ၊ တစ်လုံးတစ်ခဲကြီးဆိုတာ. . ."

အပေါ်ထပ်မှ ဆင်းလာဆဲ နားစွန်နားဖျား ကြားလိုက်မိ သော ဒေါ်ခင်ပြုံးကြည်၏ညီမ ဒေါ်မေသန်းရီမှာ ဝင်ရောက် မေးလာ ပြန်သောကြောင့် ဒေါ်ခင်ပြုံးကြည်မှာ သားနှင့်ချွေးမဆီ တစ်ချက် လှမ်းကြည့်ပြီး ညီမဖြစ်သူထံ အပြုံးနှင့်ပြန်၍ ကြည့်လိုက်ရင်းက...

"တခြားမဟုတ်ပါဘူး ရီရယ်၊ ဟိုတက်ခြကေ မောင်အောင်နိုင့် သားကို တွေ့ခဲ့လို့ ကိုသက်အဖေက ပြန်ပြောပြနေတာပါ. . ."

"အေး. .အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကလည်း ပြောချင်နေ တာနဲ့ အတော်ပဲ၊ ကိုသက်တို့ အိမ်ထောင်သက်က တစ်နှစ်ပဲ ကျော်လာပြီ၊ ခုထိဘာမှ တို့အိမ်မှာ တိုးတက်မလာသေးပါလား..."

"ဟဲ့. .ကိုသက်နဲ့ပန်းဝါတို့. .တို့ပြောတာတွေ ကြားကြရဲ့ လားကွယ့်၊ မင်းတို့နော် အချိန်ကောင်းတုန်း သားသမီးမြန်မြန် ယူထားကြကွယ့်. . ."





"အေးကွ၊ ဟိုဘက်ခြံက ကလေးက နှစ်လရပြီ ဆိုလား ဲကွာ. . ."

ဦးသန်းဆွေမှာ မြေးချီချင်ပြီဖြစ်၍ ပြုံးစိစိနှင့်ဆိုရင်း ကော်ဖီ ဝိုင်းတွင် ဝင်ရောက်ထိုင်လိုက်လေသည်။ မိခင်နှင့်အဒေါ်ဖြစ်သူမှာလည်း ကော်ဖီဝိုင်းတွင် ဝင်ရောက်ထိုင်လိုက်ကြလေ၏။

ချစ်သက်လှုမှာ နီရဲနေသော မျက်နှာအား မိဘများ မမြင်ရန် လက်ကျန်ကော်ဖီကို မော့ချခဲ့ပြီး ထိုင်ရာမှထထွက်လာခဲ့လိုက်ပါလေ တော့၏။

ပန်းဝါမှာလည်း စိတ်မကောင်းစွာ ခင်ပွန်းသည်နောက် ထလိုက်သွားခဲ့ရပြီး. . .

"ကိုသက်. . ."

"ဟင်. . ."

ခြောက်သွေ့စွာ သူ ထူးသည်။

"အန်တီကြီးတို့ဆီကို သွားလည်ကြရအောင်နော်၊ မရောက် ဘာတောင် ကြာနေပြီပဲ. . ."

ပန်းဝါလက်ကလေးများကို ထွေးဆုပ်ထားရင်းမှ သူ ခေါင်းညိတ်ပြလိုက်လေသည်။ ချစ်သက်လှုအတွက် စိတ်ပြောင်းလဲ ဆရန် ပန်းဝါ လမ်းစရှာထွက်ခဲ့လိုက်ခြင်းပါ။ ချစ်သက်လှုမောင်းလာ သော ကားလေးမှာ ပန်းဝါ၏အဒေါ်အိမ်ရှေ့သို့ ထိုးရပ်လိုက်သည် နှင့်. . .

"သြော်. .မောင်သက်တို့ပါလား၊ လာကြ လာကြ၊ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဒီစုံတွဲကလည်း ခုထိဘာမှ မပြောင်းလဲသေးပါလား. . ."

အိမ်ရှေ့ထွက်ကာ ကြုံလင့်ပြောလိုက်သော ဒေါ်ခင်အုန်း၏ စကားကြောင့်. . .

"ဘာပြောင်းလဲရမှာလဲ အန်တီလေးရဲ့. . ."

"ဘာရမလဲ ပန်းဝါရဲ့၊ တစ်ခါလာလည်း နှစ်ယောက်၊ တစ်ခါလာလည်း နှစ်ယောက်၊ ခုထိ တိုးမှမတိုးတက်လာသေးတာကို ပြောနေတာ. . ."

"အို အန်တီလေးရယ်၊ ဘာလုပ်မှာလဲ ရှုပ်ရှုပ်ယှက်ယှက်"

ပန်းဝါ စိတ်ညစ်သွားရတော့သည်။ ခင်ပွန်းသည်အား စေတနာနှင့် စိတ်ချမ်းသာစေရန် နေရာပြောင်းခေါ်ခဲ့ရာမှ ခုတော့ သည်နေရာမှာလည်း သည်စကားကိုသာ ထပ်ကြားနေရပြန်သောကြောင့်ပါတည်း။

"အို သမီးကလည်း ရှုပ်ရှုပ်ယှက်ယှက်ရယ်လို့ ဘယ်ဟုတ်မလဲကွယ်၊ အိမ်ထောင်ပြုရင် သားမွေးရမှာပဲ၊ အိမ်ထောင်တစ်ခုမှာ သားသမီးသံယောဇဉ်က အခိုင်မြဲဆုံး မဟုတ်လား. . ."

အခန်းထဲမှထွက်လာသော ဒေါ်စောရှင်ပြောလိုက်သည့် ထိုစကားမှာ ချစ်သက်လှူ၏ရင်အား လှုပ်ရှားတွေးတောသွားရစေပါ၏။

"အိမ်ထောင်တစ်ခုမှာ သားသမီးသံယောဇဉ်က အခိုင်အမြဲဆုံး မဟုတ်လား". .တဲ့။ ချစ်သက်လှူ တွေးတောနေမိရပါပြီ။

"ဟုတ်တယ် ပန်းဝါရဲ့၊ ကိုသက်. . ."





တူမချောကို ပြောရင်း ဒေါ်စောရှင်မှာ ချစ်သက်လှူကိုပါ ခေါ်လိုက်သဖြင့်. . .

"ဗျာ. .အန်တီ. . ."

တွေးချက်များနှင့် ဒေါ်စောရှင်အား ချစ်သက်လှူ တည်ငြိမ်စွာ ကြည့်နေလိုက်လေသည်။ ပန်းဝါမှာ ချစ်သက်လှူ မျက်နှာချောချောအား တကြည့်ကြည့် ရှိနေရှာ၏။ ဒေါ်စောရှင်က စကားကို ဆက်သည်။

"ကိုသက်တို့ သားသမီးကို မတားဆီးထားကြနဲ့ကွယ်၊ ပန်းဝါက မလိုချင်တိုင်း ကိုသက်က အလိုမလိုက်ပါနဲ့. . ."

ချစ်သက်လှူ မျက်နှာလွှဲနေလိုက်ရလေသည်။ ခင်ပွန်းသည်ကို ကြည့်ပြီး ပန်းဝါရင်ထဲ သနားလိုက်သည့်ဖြစ်ခြင်းရယ်ပါ။

သူတို့မျက်နှာများအား သတိမထားမိသော ဒေါ်စောရှင်က စကားကိုဆက်လိုက်ပြန်သည်။

"အိမ်ထောင်တစ်ခုမှာ သားသမီးရှိမှ အဲဒီအိမ်ထောင်က သားသမီးသံယောဇဉ်နဲ့ ပိုခိုင်မြဲတယ်ကွယ့်၊ အချိန်ရှိတုန်း သားသမီးကို ယူထားကြပါကွယ်၊ ကိုသက်မိဘတွေလည်း မြေးချီချင်ကြရောပေါ့"

"တစ်ချို့များ သူတို့ကိုယ်တိုင် သားသမီးမရနိုင်ကြလို့ သူများကလေးတွေ မွေးစားကြသေးတယ်လေ၊ တစ်ချို့လည်း နည်းအမျိုးမျိုးနဲ့က ယူကြတာပါပဲကွယ်၊ အခုဆေးပညာတွေကလည်း တိုးတက်နေတာဆိုတော့ သားသမီးမရနိုင်တဲ့သူတွေကိုတောင် ရအောင် လုပ်ပေးနေပြီကွယ့်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောရှင်၏စကားတိုင်းမှာ ချစ်သက်လူ၏ရင်အား လှုပ်ခတ်ကာ အတွေးများတို့ကို ကြီးကျယ်စွာဖြစ်ပေါ်နေရလေပြီ မဟုတ်ပါတကား။

"အိမ်ထောင်တစ်ခုမှာ သားသမီးရှိမှ အဲဒီအိမ်ထောင်ဟာ သားသမီးသံယောဇဉ်နဲ့ ပိုခိုင်မြဲတယ်"ဆိုသော ထိုစကားမှာ ချစ်သက်လူ၏နားစည်ထဲဝယ် ပဲ့တင်ထပ်စွာ ကြားနေရပါလေ၏။

ချစ်သက်လူ မတုန်လှုပ်ပါလေတော့။ မှန်သည်။ သူနှင့် ပန်းဝါတို့၏ အိမ်ထောင်ရေးလေး ရာသက်ပန်ခိုင်မြဲစေဖို့အတွက် သူတို့တွင် သားသမီးရှိရပေမည်။ သူနှင့် ပန်းဝါတို့အတွက် မရ ရသည့်နည်းနှင့် သားသမီးကိုယူရပေတော့မည်။ 'ဒါမှ. .ဒါမှ. .'

ထိုနေ့က အိမ်ပြန်လမ်းတစ်လျှောက် ချစ်သက်လူသည် ကားမောင်းရင်း အတွေးများအဆုံး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင် ချလိုက်ရပါပြီတည်း။ ။

* * *

– နှစ်ဆယ် –

"ပန်းဝါရေ. . ."

"ရှင် ကိုသက်. . ."

မီးပူတိုက်နေရာမှ အပြုံးတွေနှင့် လှမ်းကြည့်ရင်း ပန်းဝါ ထူးလိုက်လေသည်။

ချစ်သက်လူကား ရပ်လျက် မီးပူတိုက်နေသည့် အနေအထား နှင့်ရှိသော ပန်းဝါ၏ပြေပြစ်လှပသည့် ကိုယ်လုံးလေးအား ငေးမော ဘာ ကြည့်နေရဆဲမှ. . .

ပန်းဝါရယ်. .ကိုသက် ဝမ်းနည်းလို့မဆုံးပါဘူးကွယ်၊ လူ့စဉ်မမီတော့တဲ့ ကိုသက်ဘဝကို မင်းလေးကြည်ကြည်ဖြူဖြူနဲ့ ချစ်ခင်ပေါင်းသင်းနေတာလေးတွေ ကိုသက် မြင်တွေ့ခံစားရရတော့ ကိုသက် ရင်မှာမချိပါဘူး အချစ်ရယ်. . .။

ဩော် ရှက်ဖွယ်လိလိ ဆိုးရွားလှ ‌‌သူ့ငါ့ဘဝ ငါ့အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်. . ၊ ကိုသက် ပန်းဝါအပေါ်မှာ သိပ်ကို မတရားရာ ကျနေပါတယ်ကွယ်. . .။

ပန်းဝါရယ် မင်းလေးနဲ့မယူခင်ကတည်းက ကိုသက်ဘဝ ခုလိုဆုံးနေပါတော့လား. . .။

ဟင်း ခုတော့ ခုတော့ မင်းလေးကို ကိုသက်ယူပြီးမှ ကိုယ့်ဘဝဆုံးရတော့တာ ကိုသက်ချစ်တဲ့ ပန်းဝါအပေါ် ဘယ်လောက်ရင်ထုမနာဖြစ်နေရသလဲဆိုတာ မင်းအသိဆုံးဖြစ်မှာပါကွယ်။

"အို ကိုသက်ကလည်း ပန်းဝါကိုခေါ်ပြီး ဘာမှလဲ မပြောဘဲ ငေးကြည့်နေရလား. . ."

ချစ်ဇနီးကိုငေးကာ သူ့အတွေးနှင့်သူ ရှိနေဆဲမှ ပန်းဝါ၏ စကားသံလေးအား ကြားလိုက်လေသော် သူသတိဝင်သလို ရှိလာရသဖြင့် ပန်းဝါအနီးသို့ သူ တိုးကပ်လျှောက်သွားလိုက်ပြီး. . .

"ပန်းဝါ. . ."

"ဘာလဲ ကိုသက်. . ."

"ကိုသက်ကို တကယ်ချစ်ရဲ့လားဟင်. . ."

ပန်းဝါသည် သူမေးလာသည့် စကားအတွက် ဦးစွာ ချိုလွင်လန်းဆန်းသော အပြုံးပန်းကို ဖွင့်ဖူးစေရပြီး မီးပူတိုက်နေဆဲမှ လျှပ်စစ်မီးပူခလုတ်ကို ပိတ်လိုက်သည်။ ပြီးသည်နှင့်. . .

"ကိုသက်ရယ် ချစ်တာပေါ့၊ အခုမှ ကိုသက်ကို ပန်းဝါပိုချစ်တယ်၊ ချစ်ရမှန်း သိတယ်၊ ကိုသက်ကို သိပ်သနားပြီး သိပ်ချစ်နေပါတယ် ကိုသက်ရယ်၊ ပန်းဝါပြောတာ ယုံပါနော်၊ ဟိုတုန်းက



ပန်းဝါပြောခဲ့တဲ့ စကားတွေက မှန်းလို့မဟုတ်ပါဘူး၊ အချစ်တွေများပြားလှတဲ့ ကိုသက်ကို မကျေနပ်လို့ ပြောခဲ့တာပါရှင်. . ."

"ပန်းဝါရယ် အဲလိုအချစ်တွေများခဲ့လို့ပဲ အခုတော့ ကိုသက်ဘဝဟာလည်း. . ."

"အို တော်ပါတော့ ကိုသက်ရယ်၊ အရင်က ကိုသက်ဘဝကို ပန်းဝါချစ်တာ မဟုတ်ဘူး၊ အခု ကိုသက်ဘဝကိုပဲ ပန်းဝါချစ်တာ"

"ဟင်း. . ."

သူ သက်မချသည်။

"ကိုသက်. . ."

"ဗျာ. . ."

"ခုနက ပန်းဝါကိုခေါ်တာ ဒီစကားပြောချင်လို့လားဟင်၊ ပန်းဝါကိုမယုံလို့လား ကိုသက်ရယ်. . ."

"ပန်းဝါကို ကိုသက်ယုံတယ်၊ ကိုသက် ချစ်တယ်၊ ပန်းဝါနဲ့ ကိုသက် ဘယ်တော့မှမခွဲနိုင်ဘူး၊ မခွဲပါရစေနဲ့. . ."

"အို. .ပန်းဝါက ကိုသက်နဲ့ ပိုတောင်မခွဲနိုင်သေးတယ်၊ အဲဒါဘာကြောင့်လဲ သိလား၊ ကိုသက်ကို ပန်းဝါ သိပ်ချစ်နေလို့ပေါ့. . ."

"ဟား. .ပန်းဝါရယ်၊ ကိုသက် ချစ်လို့မဝနိုင်လိုက်တာ"

ပန်းဝါကိုယ်လေးအား သူ တင်းကျပ်စွာဖက်ထားလိုက်ရင်းက တရှိုက်နင့်နင့် သူ ဆိုရှာပါ၏။

"သြော် ကိုသက်ရယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှ မျက်ရည်များ ဝဲလျှံလာရသည်အထိ ခင်ပွန်းသည်အား ပန်းဝါသည် သနားချစ်မဆုံး ရှိရပါလေ၏။

"ပန်းဝါ. . ."

"ရှင်. . ."

"ကိုသက်သေမှ ပန်းဝါနဲ့ ခွဲပါရစေနော်. . ."

"အို ကိုသက်ရယ်၊ ပန်းဝါကိုချစ်ရင် ဒီစကားမျိုး နောက်မပြောပါနဲ့လားကွယ်၊ ပန်းဝါ ကိုသက်ကို အသေမခံနိုင်ပါဘူး၊ ကိုသက်ကို ပန်းဝါချစ်တယ်ဆိုတာ ကိုသက် သိပါတော့နော်. . ."

မျက်နှာလေးမော့ကာ ရင်မှလာသော အကြင်နာစကားတို့ကို အမှန်တကယ် ပန်းဝါ ဆိုဖြစ်ခဲ့ပါလေ၏။

"ပန်းဝါ. . ."

"ပြောလေ ကိုသက်. . ."

"ကိုသက် ကလေးလိုချင်တယ်ကွယ်. . ."

"ရှင်. . ."

သူ့မျက်နှာချောချောအား အံ့သြလွန်းစွာ ပန်းဝါသည် ဆတ်ခနဲ မော်ကြည့်မိရပါလေ၏။

"အံ့သြနေလား ပန်းဝါ. . ."

"အို ကိုသက်ရယ်၊ မဟုတ်တာရှင်. . ."

"မဟုတ်တာ မဟုတ်ပါဘူး ပန်းဝါရယ်၊ ကိုသက် တကယ်ပြောနေတာပါ. . ."

"မဖြစ်နိုင်တာ ဘာလို့ပြောနေတာလဲ ကိုသက်. . ."





"မဖြစ်နိုင်တာ မရှိရဘူး ပန်းဝါ. . ."

"ဟင်း ဒါဖြင့်လည်း ဆေးရုံမှာ မှာထားမယ်၊ ကလေးမလိုချင်တဲ့သူရှိရင်. . ."

"ဟင့်အင်း၊ သူများကလေး မမွေးစားဘူး ပန်းဝါ. . ."

"ရှင် ဒါဖြင့်. . ."

"ပန်းဝါ မွေးရမယ်. . ."

"အို. . ."

ပန်းဝါကား ခင်ပွန်းသည်ချစ်သက်လူအား အံ့သြတကြီးကြည့်နေမိပါလေတော့၏။

ချစ်ခနီးကိုကြည့်ပြီး သူ ရယ်လိုက်မိလေသည်။

"ကိုသက် ဘာတွေပြောနေတာလဲကွယ်. . ."

"ကိုသက်ပြောတာ ရှင်းသွားအောင် နားထောင်ဦးမှပေါ့ အချစ်ရဲ့၊ ကဲ လာ ခုတင်ပေါ် သွားထိုင်ကြရအောင်၊ ကိုသက် အေးအေးဆေးဆေး ပြောပြမယ်ဟုတ်လား. . ."

ချစ်ခနီး၏ပခုံးလေးအား ထွေးဖက်လျက် အိပ်ရာဆီသို့ သူ ခေါ်လာခဲ့လိုက်သည်။ အိပ်ရာထက် နှစ်ကိုယ်ယှဉ်ထိုင်မိကြသည်တွင် သူက. . .

"ကိုသက် သူများကလေး မွေးစားရမယ်ဆိုလည်း ချစ်နိုင်မှာမဟုတ်ဘူး၊ ပြီးတော့ သူများကလေးတွေဆိုတာက မျိုးရိုးဗီဇကရှိသေးတယ် ပန်းဝါရဲ့. . ."

ပန်းဝါ သူ့စကားတွေကို ငြိမ်သက်စွာ နားထောင်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက အေးဆေးစွာ စကားကိုဆက်သည်။

"ဒီတော့ ပန်းဝါ မွေးရမယ်. . ."

"အို. . ."

"နားထောင်ဦးလေ၊ ပန်းဝါကိုယ်တိုင် မွေးထုတ်လိုက်မယ့် ကလေးမှ ကိုသက်စိတ်ချလက်ချ ချစ်နိုင်မှာပေါ့ဗျာ. . ."

"အို ကိုသက်ရယ်၊ ဘယ်လိုဖြစ်နိုင်မှာလဲလို့၊ ကိုသက်က..."

သူ့စကားများအား စဉ်းစားမရနိုင်အောင်ပင် ပန်းဝါ ဆိုမိရပါတော့သည်။

"ကိုသက်ပြောတာ ဆက်ပြီးနားထောင်ပါဦးလား ချစ်ရယ်"

သူသည် ပန်းဝါ၏ကိုယ်လေးအား ရင်ခွင်ထဲ ဆွဲသွင်းထားရင်း. . .

"ကိုသက်လေ ဒေါက်တာမင်းညိုနဲ့ အားလုံးတိုင်ပင်ပြောဆိုထားပြီးပြီသိလား၊ တကယ်တော့ ဒီကိစ္စမျိုးဆိုတာကလည်း ကိုသက်တစ်ဦးတည်းပေါ်မှာပဲ မူတည်တာပဲလေ၊ အဲဒီနည်းကတော့ အကောင်းဆုံးပဲ အချစ်ရဲ့ သိလား၊ ကိုသက်ကို ကလေးတစ်ယောက်လောက်တော့ မွေးပေးပါကွယ်နော်. . ."

ပန်းဝါ ငေးနေမိတော့သည်။ ကမ္ဘာပေါ်ရှိ တိုးတက်နေသည့် ကလေးမွေးနည်းများ အကြောင်းကို ပန်းဝါ စဉ်းစားနေမိတော့သည်။

"အချစ်. . ."

နဖူးထက်ညင်သာသော အနမ်းတစ်ပွင့်ကျရောက်ပြီး သူခေါ်သည်။ သူ့အသံမှာ မျှော်လင့်ခြင်းတို့ဖြင့် ရှိနေလေ၏။





"ကိုသက်အတွက် ကလေးတစ်ယောက်တော့ ကျေးဇူးပြုပြီး မွေးပေးပါကွယ်. . ."

"ဒါမှကိုသက်တို့ အိမ်ထောင်ရေးလည်း ရှေ့ဆက် သာယာမယ်၊ စိုပြည်မယ်၊ ခိုင်မြဲမယ်မဟုတ်လား၊ လူကြီးတွေအားလုံးကလည်း ကလေးလိုချင်နေကြတယ်မဟုတ်လား. . ."

"ဒီတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်လည်း ဖြစ်တာပေါ့ အချစ်ရယ်၊ နော်. .နော်..."

"ကိုသက်ရယ် စဉ်းစားပါဦးလားရှင်၊ ပန်းဝါဟာ ကိုသက်အတွက်ပါပဲ၊ ကိုသက်တစ်ဦးတည်း အတွက်ပါပဲဆိုတာ ပြောပါရစေ"

သူ့ ရင်ခွင့်ထဲ တိုးဝင်ရောက်ကာ ဝမ်းနည်းစွာ ဖက်တွယ်ထားရင်း ပန်းဝါဆိုမိပါ၏။

"အချစ်ရယ်. .ကိုသက် မင်းလေးကိုယုံပါတယ်၊ ဒါပေမယ့် ကိုသက်တို့မှာ သားသမီးတစ်ယောက်လောက်တော့ ရှိနေမယ်ဆိုရင် ပိုပြီးကောင်းမယ်လို့ ကိုသက် ယုံကြည်တယ်လေ. . ."

"ကိုသက်ရဲ့ အစီအစဉ်တွေကို အချစ်လိုက်လျောပေးပါကွယ်၊ ဒေါက်တာမင်းညိုနဲ့လည်း ကိုသက်အကြိမ်ကြိမ်အခါခါ အထပ်ထပ် စဉ်းစားပြီးမှ ဆုံးဖြတ်ဆွေးနွေးခဲ့တာပါ. . ."

"ဒေါက်တာမင်းညိုကလည်း ကိုသက် အခက်အခဲတွေကို သိပြီး သူလည်း အပြန်ပြန် အလှန်လှန် အတော်လေးစဉ်းစားပြီးမှ ဒီကိစ္စကို ဆောင်ရွက်ပေးရရှာတာပါ. . ."

"ပန်းဝါ ကိုသက်ကို ချစ်တယ် မဟုတ်လားဟင်၊ ဒါလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကိုသက်ကို လိုက်လျော ဖြည့်စွက်ပေးပါ အချစ်ရယ်နော်၊ ကိုသက် တောင်းပန်ပါတယ်ဗျာ. . ."

"ဩော်. . .ကိုသက်ရယ်"

ပန်းဝါကား ခင်ပွန်းသည် ကိုသက်အား သနားချစ်တို့ဖြင့် သူမနှလုံးသားတွင် ထိခိုက်နေရရှာပါလေတော့၏။ ။



– နှစ်ဆယ့်တစ် –

"အို. .အမေ့"

"ဟာ. .အိုဗျာ ဆရာမရယ်၊ ကံကောင်းလို့ပါလား၊ မဖြစ်ဘူး မဖြစ်ဘူး၊ ဒီခုံက သိပ်မြင့်နေတာ၊ အသစ်တစ်ခု လဲထားမှ ဖြစ်တော့မယ်. . ."

"**အဟင်း. .**ဆရာရယ်၊ ပန်းဝါဖြင့် ရင်ကို တုန်သွားတာပါပဲ ရှင်၊ **ဆရာ** အဖမ်းမြန်လိုက်လို့ပေါ့. . ."

"**အင်းပေါ့**ဗျာ၊ နို့ဖြစ်ဆို ကျွန်တော်ကြိုးစားပမ်းစားလေး **အောင်မြင်အောင်လုပ်ထားပေး**ရတဲ့ ယောဒီထဲက ရတနာခဲလေးအတွက် **စိုးရိမ်စရာဗျ. .** ."

"ဟုတ်**တယ်နော်** အဟင်း. .ဟင်း. .ဟင်း. . ."

ဒေါက်**တာမင်းညို**မှာ ပန်းဝါ၏ လက်မောင်းလေးအား ဆုပ်ကိုင်ထားဆဲ ရှိရင်းမှ စိုးရိမ်ကြောင့်ကြမှုစိတ်များနှင့် ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



နေသကဲ့သို့ ပန်းဝါမှာလည်း သူမ၏ ရွှေရင်မိုမို့လေးထက် လက်ကလေးဖြင့် ဖိထားလျက်မှ တုန်လှုပ်သွားမှု မပြေသာသေး ဟန်လေးဖြင့် ဆိုနေမိရှာလေသည်တို့အား ချစ်သက်လှူသည် တည်ငြိမ်နေသော မျက်လုံးအစုံတို့ဖြင့် စမ်းသပ်ခုတင်ထက်မှ ပန်းဖေ အဆင်း ခုတင်မှာမြင့်နေရသဖြင့် အောက်မှ ခွေးခြေသေးသေး လေးတစ်လုံးနှင့် အဆင်းအတက် လုပ်ထားရသောကြောင့် ပန်းဝါမှာ ခွေးခြေအစွန်းလေးသာ နင်းလိုက်သဖြင့် အောက်သို့ ပိုးစိုးပက်စက် ပြုတ်ကျသွားတော့မလို ဖြစ်နေခိုက်. . .

အနီးဆုံးတွင် ရှိသော ဒေါက်တာမင်းညိုမှာ လျှင်မြန် ဖျတ်လတ်စွာနှင့် ပန်းဝါ၏ ကိုယ်လေးအား ဖေးမထိန်းကိုင်လိုက် သလို ပန်းဝါသည်လည်း မျက်လုံးလေးများ ပြူးခနဲဖြစ်ကာ ထိတ်လန့် တကြား ဒေါက်တာမင်းညိုအား အားကိုးတကြီး အမိအရ လှမ်းဆွဲ ကိုင်လိုက်လေရာ. . .

သူတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး ပြောလိုက်ကြသည့် စကား တို့မှာလည်း အကြားနှင့်အမြင်တို့သည် ချစ်သက်လှူ၏မျက်ဝန်း နားစည်တို့၌ မသက်မသာမချမ်းမြေ့စရာကြီးအဖြစ်နှင့် ခံစားသွား လိုက်ရသည်ကိုကား ကာယကံရှင် ချစ်သက်လှူမှတစ်ပါး ဒေါက်တာ မင်းညိုနှင့် ပန်းဝါတို့မှာ သိလိုက်မိကြခြင်း မရှိကြလေပါတကား။

သူတို့နှစ်ဦးအား ချစ်သက်လှူမှာ တစ်ချက်မျှသတိလစ် သလို ငေးကြည့်နေမိရပါချေ၏။

"ကဲ. .ကိုချစ်သက်လှူရေ၊ ခင်ဗျား လိုအင်ဆန္ဒတွေတော့





မကြာမီပြည့်ဝတော့မှာပါ၊ ဒီစုဘူးကြီးက နောက်လထဲတောင် ကူး တော့မှာ မဟုတ်ဘူးဗျာ၊ ကွဲခါနီးနေပြီ အဟွန်း. .ဟွန်း. . ."

"အို ဆရာကလည်း ပြောရော့မယ်၊ အဟင်း ဟင်း၊ ကိုသက်. . ."

"ဗျာ. . ."

သူတို့နှစ်ဦးအား မှင်တက်သလို ငေးကြည့်နေမိရာက ပန်းဝါ၏ ခေါ်သံလေးကြားမိလေမှ သူ အသိဝင်လာသလို ထူး လိုက်လေသည်။

"ဆရာက ကိုသက်ကို စနေတယ်လေ. . ."

"ဟင် ဘာစတာလဲဟင်. . ."

"ဩော် ပန်းဝါရေ၊ ကြည့်တော့ဗျာ ကြည့်တော့၊ ကျွန်တော် တို့ ပြောတဲ့စကားကို မကြားမိအောင်ဘဲ ကိုချစ်သက်လှူက ချာတိတ် လေး ရောက်လာတော့မယ့် အနာဂတ်ကို တွေးနေပြီကိုးဗျ၊ အဟား ဟား. .ဟား. . ."

"အဟွန်း. .ဟွန်း. . ."

သူ အပြုံးတစ်ခုကို မွေးဖွားလိုက်ရသည်။ သူ့အပြုံးမှာ ရင်ထဲက လာခြင်းမဟုတ်သော သူ့နှုတ်ခမ်းလှလှထက်မှာ မချိပြုံး လွင့်လွင့်လေးမျှသာပါ။ ခင်ပွန်းသည်၏ စိတ်တွင်းခံစားမှုများအား ဘာမျှမသိရှာသော ပန်းဝါမှာ ထာဝစဉ်လှသော မျက်နှာလေးမှ အပြုံးများနှင့်. . .

"ဆရာက ပြောနေတာကို ကိုသက်ရဲ့၊ ပန်းဝါ မွေးခါနီးပြီ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ နောက်လတောင် မကူးတော့ပါဘူးတဲ့. . .”

“ဟုတ်လား. . .”

သူဆိုရင်း ချစ်ဇနီးလက်ချောင်းကလေးများကို ဆုပ်ကိုင်ထားလိုက်လေသည်။ ထို့နောက် သူ့မျက်ဝန်းများသည် ဒေါက်တာမင်းညိုအား ဘာရယ်ကြောင့်မသိ၊ ရင်ထဲတနုံ့နုံ့နှင့် ကြည့်ကာကြည့်ကာ ရှိနေခဲ့ရတော့သည် မဟုတ်ပါလား။

ဒေါက်တာမင်းညိုသည်ကား သူ့အကြည့်များအား လုံးဝသတိမထားမိရှာပါလေ။ ဒေါက်တာမင်းညိုသည် သူ၏ဆောင်ရွက်ချက်၌သာ စိတ်စေတနာအပြည့်အဝ ထားရှိကာ ထက်သန်စွာလုပ်ဆောင်ပေးနေရသည်သာပါတည်း။

× × × × ×

အင်း. .သားက တစ်နေ့ထက်တစ်နေ့ သိပ်ချစ်ဖို့ ကောင်းလာတာပဲ၊ မိဘကိုလည်း ဒုက္ခမပေးဘူး၊ သားလေးဟာ သိပ်ပြီးအေးပြီး သိမ်မွေ့တယ်၊ ပန်းဝါကလည်း သားကိုသိပ်ချစ်တယ်၊ အင်းလေ ကိုးလလွယ် ဆယ်လမွေးထားရတဲ့ မိခင်ကိုး၊ သားရယ်သားဟာလေ ဖေဖေ့ရဲ့. . .

ချစ်သက်လှမှာ ရင်နာစွာ အတွေးစတို့ကို ဖြတ်လိုက်ရပါတော့၏။ သူ့ရှေ့တွင် ထိုင်ခုံလှည်းကလေးထဲရှိနေသည့် ချစ်စရာသားလေးရှားရှားကို ငေးကြည့်နေဆဲမှ သူသည် ရင်ထဲထိခိုက်လာရသလိုပါ။ သူသည် သား၏ပါးဖောင်းဖောင်းကလေးများကို



လက်ညှိုးလက်မနှင့် ညင်ညင်ဖျစ်၍ ပွတ်သပ်နေမိလိုက်သည်။ သားလေးမှာ ထိုင်ခုံလှည်းကလေးအတွင်းမှ သူ့အား ချစ်စဖွယ်ကောင်းလွန်းအောင် ရယ်ပြုံးလျက် ရှိပါလေ၏။

“သားလေး ရှားရှား. . .”

မှန်သည်။ သားလေးအတွက် ရှားရှားဆိုသော အမည်အားသူကိုယ်တိုင် ချစ်ဇနီးလေး ရွေးချယ်ပေးထားသည့် နာမည်လေးပါ။ သားကို သူချစ်သည်။ သိပ်ချစ်ပါသည်။ သို့သော် သူ့နှလုံးသားရင်ပြင်၏ တစ်နေရာလေးတွင်ကား. . .

“ဟင်း. . . .”

ရင်နာနွမ်းဓာစွာ သက်မတို့ကိုချပြီး သူသည် မျက်လုံးတို့ကို ခေတ္တပိတ်ပစ်ထားလိုက်မိရပါချေ၏။ ရင်ထဲမှာ နာနေရသည်။ ခံစားနေရသော ဝေဒနာကြောင့် သူ့နှုတ်ခမ်းတို့ ခြောက်သွေ့သွားသယောင် ရှိလာ၏။ နှုတ်ခမ်းတို့ကို သူ လျှာနှင့်တစ်ချက်ပွတ်သပ်လိုက်ပြီး မျက်လုံးတို့ကို ပြန်ဖွင့်လာသည်။ သားလေးကို သူကြည့်သည်။

“ပွတ်. . .ပွတ်. .ပွတ်. . .”

သားမှာ လက်မလေးစုပ်ရင်း ကျေနပ်စွာ အေးဆေး[illegible]သည်ကို သူ တွေ့လိုက်ရလေသည်။

“အို. .သား နို့ဆာပြီထင်တယ်၊ လာ လာနော်[illegible]မယ်ကွာ၊ မေမေ့ကို ခေါ်လိုက်မယ်နော်၊ သားသားကို [illegible]ပါတော့လို့ ဟုတ်လား၊ ဟား. .ဟား. . .”



www.burmeseclassic.com

www.burmeseclassic.com



သူသည် သားကိုပွေ့ချီကာ နမ်းရှိုက်လိုက်ရင်းမှ သဘော ကျရင်း. . .

"ပန်းဝါရေ. . ."

"ရှင် ကိုသက်. . ."

"လာပါဦးကွာ၊ ဒီမှာ သား နို့ဆာနေပြီ. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကိုသက်၊ လာပါပြီနော်၊ ဒီမှာ ကိုသက်တို့သားအဖအတွက် ဟင်းစီစဉ်ပေးနေလို့ပါ. . ."

ပန်းဝါမှာ အိမ်ဖော်များရှိပါသော်လည်း လင်နှင့်သားတာဝန် ကိုဖြင့် သူမကိုယ်တိုင် တယုတယလုပ်ဆောင်ပေးတတ်သူပါ။

"ပန်းဝါရေ မြန်မြန်လာပါတော့ဗျာ၊ ဒီမှာ သားလက်မလေး သူ့ဘာသာစုပ်ရင်း အရည်ပျော်တော့မယ်ဗျ၊ ဟား..ဟား..ဟား..."

"လာပါပြီရှင်၊ လာပါပြီ၊ တကတည်း သားအဖနှစ်ယောက် အဖြစ်သည်းနေလိုက်တာ၊ အဟင်း. .ဟင်း. . ."

ထမင်းစားခန်းဘက်မှ အပြေးကလေး ပန်းဝါထွက်ခဲ့ပြီး သူ့လက်ထဲမှ သားကိုယူကာ နို့ချိုတိုက်ကျွေးရလေသည်။

"သားကလေ သိပ်သိတာပဲကွာ၊ ဘယ်သူလာရင် ဘာလုပ် ရမယ်၊ ဘာစားရမယ်၊ ဘယ်သွားရမယ်ဆိုတာ သိပ်နားလည်နေ တယ်. . ."

ပန်းဝါရင်ခွင်ထဲ နို့စို့နေသည့် သားကိုကြည့်ရင်း သူ ပြောနေမိလေသည်။

"ဟုတ်တယ်နော် ကိုသက်၊ သားဟာ ငယ်ငယ်လေးနဲ့





သိပ်နားလည်တာပဲ၊ မှတ်ဉာဏ်လေးလည်း ကောင်းတယ်၊ ဆရာ့ ကိုတောင် သားက သိပ်သိနေပြီ၊ အဟင်း. .ဟင်း. . ."

ပန်းဝါစကားကြောင့် သူ မျက်နှာတစ်ချက်ပျက်ကာ ရင်၌ ကျင်ခနဲဖြစ်ရ၏။ သို့သော်လည်း သူ၏ခံစားမှုများ ချစ်ဇနီး ရိပ်မိ သိရှိခြ ်းမရှိစေရန် သူထိန်းသိမ်းနေပါချေ၏။ သူ တစ်ကိုယ်တည်း ရင်ထဲမှာသာ တနုံ့နုံ့ဖြင့် ခံစားနေရလေသည်။

ပန်းဝါပြောသလိုပင် သားသည် ဒေါက်တာမင်းညိုအား သိနေပါပြီ၊ ခင်တွယ်နေပါပြီ။ ဒေါက်တာမင်းညိုသည်လည်း တစ်ပတ် ကို သုံးခေါက်လောက်တော့ သားဆီသို့ မှန်မှန်ရောက်နေကျ မဟုတ် ပါလား။ တစ်ခါတစ်ရံ ရက်ဆက်ဆိုသလို ရောက်လာတတ်ပါသေး သည်။

ထိုအခါများဝယ် သူ့ရင်မှသံသယသည် ပြင်းထန်စွာ တည်ရှိ နေရခြင်းကြောင့် သူသည် ဣန္ဒြေဆည်နေသည့်ကြားမှ တုန်တုန် ခိုက်ခိုက် ရှိလာရသည်အထိ သူ့နှလုံးသားမှာ ခံစားနေရရှာပါလေ၏။

"ကဲဟော့ မြေးကြီး နို့စို့ပြီးရင် ဘွားဘွားတို့ဆီ လာဟော့"

သူတို့မိသားစုလေး ရှိရာသို့ ဘွားအေများ ရောက်လာ ခေါ်လိုက်သံကြားသည်နှင့် မိခင်နို့စို့နေဆဲ ရှုးရှုးမှ နို့ကဖြုတ်ကာ ဘွားအေများဆီသို့ အပြုံးနှင့်လှမ်းကြည့်နေပါတော့သည်။

"ကြည့်စမ်း သူ့ဘွားလေးအသံကြားတာနဲ့ ငါ့မြေးကြီးက မှတ်မိနေတယ်၊ ကဲ လာ လာ ဘွားဘွားကြီးဆီပဲ လာတော့. . ."

ပန်းဝါရင်ခွင်ထဲမှ သားကို ဒေါ^^ပြုံးကြည့် လှမ်းချီလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒေါ်ခင်ပြုံးကြည်လက်ထဲသို့ ရှုးရှုးမှာ ရယ်ရင်းလိုက်ပါသွားသည်ကိုကြည့်ပြီး ဒေါ်မေသန်းရီက. . .

"အင်း ဒီကလေးကလည်း ဖအေ့ခြေရာနင်းမယ့် ကလေးပဲ၊ မျက်နှာလေးကိုကြည့်ပါလား၊ အပျိုကျရုပ်၊ အပျိုတွေဝိုင်းနေမယ့် ရုပ်မျိုးတော့. . ."

"အဟင်း ဟင်း ဟုတ်တယ်၊ ဟုတ်တယ် ဒေါ်လေးရီရေ၊ သားက ဖအေတူပဲဖြစ်မှာသေချာတယ်၊ ပန်းဝါတော့ တော်တော့်ကို ထိန်းရမှာပဲ အဟင်း ဟင်း ဟင်း. . ."

ခင်ပွန်းသည်၏ မျက်နှာချောချောကို ကြည့်ပြီး အပြုံးတွေနှင့် မချိုမချဉ်လေးလုပ်ကာ ပန်းစါဆိုလိုက်သဖြင့် ချစ်သက်လှူသည် လည်း ချစ်ဇနီး၏လက်မောင်းသားလေးအား တစ်ချက်ဖျစ်လျက် ပြုံးကာ ကြည့်နေရင်းမှ နှုတ်ဆိတ်နေလိုက်လေ၏။ ။





## – နှစ်ဆယ့်နှစ် –

တစ်ည . . .။

"ကိုသက်ရေ ကြည့်ပါဦး၊ သား ကိုယ်ပူတွေလည်း မကျပါလားကွယ်. . ."

သား ကိုယ်လေးကိုစမ်းရင်း ပန်းဝါမှာ မျက်နှာလေးပျက်ကာ သူ့ကိုပြောလာသဖြင့် သူ့သားကိုယ်လေးကို စမ်းကြည့်လိုက်သည်တွင်. . .

"အင်း ဟုတ်တယ်ကွာ၊ သား ဘယ်လိုဖြစ်တာလဲ ပန်းဝါ၊ အအေးမိတာလား၊ ညနေတုန်းကတော့ ကိုယ်နွေးရုံလေးပါပဲ. . ."

"ဟုတ်တယ် အခု သိပ်အပူကြီးနေပြီ ကိုသက်၊ မဖြစ်ဘူး မဖြစ်ဘူး၊ ဆရာ့ဆီ ဖုန်းဆက်ခေါ်မှပဲ ဖြစ်တော့မယ်၊ ကိုသက် သားကို ခဏကြည့်ထားနော်၊ ပန်းဝါ အောက်ထပ်ဆင်းပြီး ဖုန်းဆက်ခေါ်လိုက်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါပြောပြီး အခန်းထဲမှထွက်ကာ အောက်ထပ်သို့ ဆင်းသွားလိုက်လေတော့သည်။ တစ်ကိုယ်လုံး ကိုယ်တွေချစ်ချစ်တောက်ပူနေရှာသည့် သားမျက်နှာလေးကို ကြည့်ပြီး ချစ်သက်လူသည် သနားနေရပါသော်လည်း သူသည် မကြာမီ ပေါက်ချလာတော့မည့် ဒေါက်တာမင်းညိုအသွင်အား မြင်ယောင်မိရကာ သူ့မျက်ဝန်းများ ဝေရီသွားကုန်ရပါလေတော့၏။

မကြာလိုက်ပါ။ သူတွေးထားသည့်အတိုင်းပင် ဒေါက်တာမင်းညို အပူတပြင်း ရောက်လာရချေပြီ မဟုတ်ပါတကား။ သားအတွက် အလွန်မှ ပူပင်နေသည့် ဒေါက်တာမင်းညိုကို ကြည့်ရင်း ချစ်သက်လူသည် ရင်၌ခံပြင်းသလို နာကျင်သလို တွေးမိရာက မောဟိုက်နေရပါတော့၏။

"ဘယ်လိုဖြစ်တာလဲ ပန်းဝါ၊ ဖျားတာကြာပြီလား၊ ဘာလို့ ကြိုတင်အကြောင်းမကြားသလဲကွာ. . ."

မေးစမ်းရင်းက ဒေါက်တာမင်းညိုသည် သားအား စမ်းသပ်စစ်ဆေးနေပါလေ၏။

"သား အအေးမိသွားတယ်ထင်တယ် ဆရာ၊ ညနေတုန်းကတော့ ကိုယ်နွေးရုံလေးရှိတာ၊ ခုမှ တအားပူလာတာဆရာ. . ."

ပန်းဝါမှာလည်း သားကိုကြည့်ပြီး ခြေမကိုင်မိ လက်မကိုင်မိဖြင့် စိုးရိမ်နေမိရချေ၏။

ချစ်သက်လူကား သားမျက်နှာလေးကို ကြည့်ပြီး သနားခြင်း စိုးရိမ်ခြင်းများနှင့်အတူ သားအား ကိုမင်းညိုတစ်ယောက် ဆေးကုသ



ပြုစုမှုများပေးနေသည်တို့ကို ကြည့်မိရရင်းမှ သူ့ရင်တွင်းရှိ မကျေနပ်ခြင်း၊ ခံပြင်းခြင်း၊ မနာလိုခြင်း၊ မကြည်ဖြူနိုင်ခြင်းများ တစ်ပြိုင်တည်း လွှမ်းမိုးခံစားနေရတော့သည့် အဖြစ်များကြောင့် သူ ကြည့်နိုင်စွမ်းအား မရှိပါလေတော့။ ပြတင်းပေါက်တစ်ခုဆီသို့ လျှောက်သွားကာ ကျောခိုင်းနေလိုက်မိပါလေတော့၏။

မှန်ပြတင်းမှ မြင်နေရသော အပြင်ဘက်တွင် မှောင်နှင့်မည်းမည်းရယ် ရှိနေလေ၏။ ညသည် ၁၁ နာရီကျော်စပြုပြီ ဖြစ်လေသည်။ လူတို့၏ အိပ်ကောင်းချိန် အိပ်မောကျချိန်ပါ။ သို့တိုင် ဒေါက်တာမင်းညိုကား သားကြောင့်၊ သားဇောကြောင့်. . .

ထိုသို့ အချိန်မတော်ကြီး သူရောက်လာသည်။ မဆိုင်းမတွရောက်လာသည်။ သူရောက်လာပုံမှာလည်း အပူတပြင်း သောကတွေနှင့်မျိုး၊ မြင်ရသူ သတိထားမိနေသူ သူ့ရင်ကား မည်သို့ရှိပါမည်နည်း။ သူ ခံပြင်းမိသည်။

ဒေါက်တာမင်းညိုသည် တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်၊ သားနှင့် ပတ်သက်လာတိုင်း သူသည် မအိပ်နိုင် မစားနိုင်၊ အချိန်အခါကိုမှလည်း မမှုနိုင်၊ သို့ဆိုလျှင် သားရှားရှားဟာ. . .

"ဟား. . ."

မျက်လုံးတို့ကို စုံမှိတ်ပြီး မောဟိုက်သည့် သက်မကြီးတစ်ချက်ကို သူ ချလိုက်မိသည်။ ပြတင်းပေါင်ကို သူ ကျစ်ကျစ်ဆုပ်ကိုင်ထားမိသည်။

သူသည် ဒေါက်တာမင်းညိုကြောင့် ခံစားနေရသည့် ဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



အား ကျိတ်မှိတ်ခံစားနေခဲ့ရသည်မှာ သားမွေးစဉ်ကတည်းက ယခုဆိုလျှင် လေးလကျော် ငါးလမျှ ရှိနေရပေပြီပဲ။ သူ့ခံစားမှုများအား သူသာ ကျိတ်၍ခံစားနေလိုက်သည်။ ချစ်ဇနီးအား မသိစေရ၊ သိ၍လည်း မဖြစ်နိုင်ပါ။

ပြီးတော့ သားကိုလည်း သူချစ်သည်။ သူ့ကမ္ဘာထဲတွင် သားလည်း ရှိနေရမည်။ ပန်းဝါနှင့် သားတို့သည် သူ့ကမ္ဘာထဲတွင် ထာဝရရှိနေရမည့် သူတွေပါ။ သို့သော် ဒေါက်တာမင်းညိုကိုဖြင့် သူ မလိုလားနိုင်၊ မရှုရက်နိုင်ပါလေတော့။

ဒေါက်တာမင်းညိုနှင့် ပတ်သက်လျှင် သူ မချုပ်တည်းနိုင်တော့လောက်အောင် ဖြစ်လာသည်။ သူ မည်သို့ ကိုမင်းညိုနှင့် အပြတ်ရှင်ဆိုင်ရမည်နည်း၊ ရှင်းရမည်နည်း။ ချစ်သက်လူသည် မှန်ပြတင်းမှ အပြင်ဘက်အမှောင်ထဲသို့ အဓိပ္ပါယ်မရှိ သူ့အကြည့်များ ပို့ထားရရင်း သူသည် စဉ်းစားတွေးတောနေမိရလေဆဲ. . .

"ပန်းဝါ. . ."

"ရှင် ဆရာ. . ."

"သားကို ရေပတ်နည်းနည်းတင်ပေးရအောင်ကွာ. . ."

"ဟုတ်ကဲ့ ဆရာ. . ."

"ကဲ ပေး ပေး၊ ပန်းဝါမလုပ်နဲ့၊ ကျွန်တော်ပဲ လုပ်ပေးမယ်. . ."

"သားက ကိုယ်ပူပြင်းလွန်းလို့ နုံးနေရှာတယ် ဆရာရယ်"

"အင်း အရွယ်နဲ့မလိုက်အောင် အပူပြင်းလွန်းရင် ကလေးရဲ့



ဦးနှောက်တွေ ဘာတွေ ထိခိုက်သွားတတ်တယ်. . ."

"ဟုတ်ပါတယ် ဆရာ၊ အဲဒါ ပန်းဝါလည်း စိုးရိမ်သွားတာ၊ ညကြီးအချိန်မတော် ဆရာ့ကို ခေါ်ရတာ အားနာလိုက်တာ ဆရာရယ်. . ."

"အိုဗျာ ကျွန်တော်က အားနာရမယ့်သူ မဟုတ်ပါဘူး၊ သားနဲ့ပတ်သက်လာရင် ကျွန်တော့်မှာလည်း တာဝန်တွေ အများကြီး ရှိပါတယ်လေ. . ."

သားအတွက် ကိုယ်ပူကျစေရန် လုပ်ဆောင်ပေးရင်း ဒေါက်တာမင်းညိုပြောနေသည့် စကားသံများကား ချစ်သက်လူ၏ နှလုံးသားအိမ်အား ချွန်ထက်လွန်းသည့် သန်လျက်အစင်းပေါင်း မြောက်မြားစွာတို့နှင့် ပစ်ခွင်းထိုးခြေမွလိုက်သကဲ့သို့ ခံစားနေမိရပါတော့သတည်း။

× × × × ×

"သား. . ."

"ဗျာ မေမေ. . ."

"သား နေမကောင်းဘူးလားကွယ်၊ သားကို ကြည့်ရတာ ခုတလော တငေးငေးတငိုင်ငိုင်နဲ့ကွယ်. . ."

ဒေါ်ခင်ပြုံးကြည်မှာ သားဖြစ်သူချစ်သက်လူ၏ အရိပ်အခြေတို့ သတိထားမိရသဖြင့် မေးမိလိုက်လေသည်။

"အေးလေ ကိုသက်ကို ကြည့်ရတာ အရင်ကနဲ့လို မတူဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ အဆင်မပြေတာတွေ ရှိနေလို့လား. . .”

အဒေါ်ဖြစ်သူကပါ ဝင်ရောက်မေးလာသဖြင့် ချစ်သက်လူမှာ ဇနီးနှင့်သားဆီသို့ အကြည့်တစ်ချက်ရောက်ပြီးမှ. . .

“ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ၊ မေမေနဲ့ ဒေါ်လေးတို့ ထင်နေလို့ပါ၊ အလုပ်ထဲမှာ တစ်ခါတစ်ခါတော့ ငြီးစီစီကြီး ဖြစ်တာ လောက်တော့ ရှိတာပေါ့ဗျာ. . .”

“အလုပ်ပင်ပန်းရင်လည်း အလုပ်ကထွက်လိုက်ပါလား သားရယ်. . .”

“မပင်ပန်းပါဘူး မေမေရယ်၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး”

ထိုမျှသာပြောပြီး သူ အိပ်ခန်းတွင်းသို့ ဝင်ရောက်သွားလိုက်လေတော့သည်။ သူ့နောက်ကျောကိုကြည့်ရင်း ပန်းဝါ စဉ်းစားနေလိုက်မိသည်။

မှန်သည်။ ကိုသက်တစ်ယောက် ခုတလော မျက်နှာမကောင်း။ ငေးတိငေးငိုင်နှင့် ရှိနေရသည်ကို ပန်းဝါ သတိထားလာမိချေ၏။ သားကိုချီပြီး ပန်းဝါအခန်းတွင်းသို့ ဝင်ရောက်သွားမည်အပြု. . .

“ပန်းဝါရေ ပေး ပေး တို့မြေးကို. . .”

အဘွားဖြစ်သူ လှမ်းတောင်းထားလိုက်သဖြင့် သားကို ပေးခဲ့ပြီး ပန်းဝါ အခန်းထဲသို့ ဝင်သွားလိုက်လေ၏။ ပန်းဝါ အခန်းထဲသို့ရောက်တော့ ချစ်သက်လူသည် ခုတင်ထက် နဖူးပေါ် လက်တင်ပြီး စဉ်းစားတွေးတောနေဟန်ကို ပန်းဝါတွေ့မြင်လိုက်ရ





သော‌ကြောင့် သူ့အနီးသို့ တိုးလျှောက်သွားရပြီး. . .

“ကိုသက်. . .”

“ပန်းဝါ. . .”

သူ ထထိုင်ပြီး ပန်းဝါကိုဖက်၍ ထိုင်စေလိုက်သည်။

“ကိုသက် ဘာဖြစ်နေလဲဟင်၊ ပန်းဝါလည်း သတိထားမိတယ်၊ ကိုသက် မျက်နှာမကောင်းဘူး. . .”

သူ စကားမဆိုဘဲ ပန်းဝါကိုသာ ငေးကြည့်နေမိလိုက်သည်။

“ဘာကြည့်နေတာလဲ ကိုသက်ရယ်၊ ပန်းဝါကို ပြောလေ၊ ကိုသက်ရဲ့အခက်အခဲတွေရှိရင် ပန်းဝါကို ပြောပြမှပေါ့၊ ပန်းဝါတို့ဟာ လူနှစ်ယောက်ပေါင်းမှ တစ်ဘဝဖြစ်နေကြပြီပဲ မဟုတ်လား. . .”

“ဟင်း. .ပန်းဝါ. . .”

“ရှင် ကိုသက်. . .”

သက်မချပြီး ခေါ်သော သူ့မျက်နှာနွမ်းနွမ်းကို ပန်းဝါ ကြည့်နေမိလိုက်သည်။

“မသိချင်ပါနဲ့လား. . .”

“ကိုသက် မပြောချင်တာကို ပန်းဝါ ကိုသက်စိတ်ဆင်းရဲမှာစိုးလို့ မမေးတော့ပါဘူးလေ၊ ဒါပေမယ့် ခုလို ကိုသက် ငေးငိုင်ပြီး မရွှင်မလန်းဖြစ်နေတာကို ပန်းဝါမြင်နေရတော့ ပန်းဝါလည်း စိတ်ချမ်းသာနိုင်ပါ့မလား. . .”

“ပန်းဝါ. . .”

“ရှင်. . .”



www.burmeseclassic.com

www.burmeseclassic.com



"ပန်းဝါ စိတ်ချမ်းသာအောင် ကိုသက်စိတ်တွေကို ပြုပြင်နေလိုက်ပါ့မယ်ကွယ်. . ."

"ဪ ကိုသက်ရယ်. . ."

ကိုသက်စိတ်ဆင်းရဲမည်စိုးသဖြင့် သူ မပြောချင်သည့် စကားတို့ကိုလည်း ပန်းဝါ ဆက်မမေးမိတော့ပါ။ သို့သော်လည်း တစ်နေ့တွင် ပန်းဝါ သိလိုက်ရပါလေ၏။

ကိုသက် ရုံးပိတ်သည့် စနေနေ့ဖြစ်သည်။ ကိုသက်ဆီသို့ လူတစ်ယောက်ရောက်လာခဲ့ပြီး စာအိတ်ညိုကြီးတစ်ခု လာရောက်ပေးသွားသည်ကို အိမ်ထဲတွင် သားနှင့်အတူရှိနေသော ပန်းဝါ လှမ်းမြင်လိုက်ရ၏။ ကိုသက်မှာ ထိုစာအိတ်ရှည်ကြီးအား ယူပြီး အပေါ်ထပ်အိပ်ခန်းဆီသို့ တက်သွားလိုက်သည်ကိုလည်း ပန်းဝါ မြင်လိုက်ရပါသည်။

ပန်းဝါစိတ်ထဲ ကိုသက်၏ရုံးစာပင်ဖြစ်မည်ဟုထင်၍ သားနှင့်အတူ အောက်ထပ်တွင်နေနေလိုက်လေ၏။ အပေါ်ထပ်သို့ တက်သွားသော ကိုသက်မှာ အတန်ကြာသည်အထိ အောက်ထပ်သို့ ပြန်ဆင်းမလာခဲ့ပေ။ ဆင်းလာနိုးနှင့် ထမင်းစားရန် ပန်းဝါ စောင့်နေလိုက်သည်။

ပန်းဝါစောင့်နေသော်လည်း ကိုသက်ဆင်းမလာသဖြင့် ပန်းဝါ အပေါ်ထပ်သို့ သားနှင့်အတူ တက်လိုက်သွားသည်တွင် အိပ်ခန်းထဲ၌ ကိုသက်မှာ ဖတ်ပြီးဟန်ရှိသော စာတစ်စောင်သည် သူ့လက်ထဲတွင် ကိုင်ထားဆဲမှ ငေးမောတွေဝေနေသည့်အဖြစ်အား ပန်းဝါ မြင်တွေ့





လိုက်ရပါချေ၏။

"ကိုသက်. . ."

သူ့အနီးသွားပြီး ပန်းဝါ ခေါ်လိုက်သည်တွင် သူသည် သက်ဝင်ခြင်းကင်းမဲ့သော လှုပ်ရှားမှုဖြင့် ပန်းဝါကို လှည့်ကြည့်လာ၏။

"ကိုသက်ရယ် ဘာဖြစ်နေလဲဟင်. . ."

သူ မဖြေ။ ပန်းဝါထံမှ အကြည့်ကို သူလွှဲလိုက်သည်။ သူ့အကြည့်များသည် ကိုင်ထားဆဲစာရွက်ပေါ်သို့ ပြန်လည်ကျရောက်နေကြလေ၏။ သို့သော် စာရွက်ထဲမှ စာတွေကိုမူ သူ မြင်ဟန်မတူပါချေ။ အတန်ကြာမှ. . .

"ပန်းဝါ. .ရော့ ဒီစာကို ဖတ်ကြည့်၊ ဒီစာဖတ်ပြီးရင် ပန်းဝါ သိချင်နေတဲ့ ကိုသက်ခံစားခဲ့ရတဲ့အကြောင်း ဝေဒနာတွေကို သိရမှာပါကွယ်. . ."

"ဘယ်ကစာလဲ ကိုသက်. . ."

သူ့ကို နားမလည်သလို ကြည့်မိရပြီး ပန်းဝါ မေးမိသည်။

"ဖတ်ကြည့်ပါလေ၊ သိမှာပေါ့. . ."

အေးအေးဆေးဆေး သူဖြေသည်။ သူ့အသံမှာ ထူးခြားမှုတစ်ခုရှိနေသည်ကိုဖြင့် ပန်းဝါ သတိထားမိလိုက်လေသည်။

"လာ သား၊ ဖေဖေ့ဆီ. . ."

ပန်းဝါလက်ထဲ စာကိုထည့်ပေးပြီး သားကို သူလှမ်းချီလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်. . ."

သား၏ပါးဖောင်းဖောင်းလေးထဲ သူ့နှာခေါင်းချွန်ချွန်ကို နှစ်ထားရင်းမှ သူညည်းသလိုခေါ်နေလိုက်လေ၏။ သူတို့သားအဖကို ကြည့်ပြီး စာကိုဖတ်ရန် စာရွက်ပေါ်မှ စာတွေကို ပန်းဝါ ကြည့်ဖြစ်လိုက်လေတော့၏။

သို့

ကိုချစ်သက်လှခင်ဗျား

ဖြေရှင်းစာဆိုလည်း မမှား၊ နှုတ်ဆက်စာဆိုလည်း မမှားတဲ့ စာတစ်စောင်ကို ခင်ဗျားအတွက် ကျွန်တော်ရေးခဲ့ပါတယ်၊ ခင်ဗျားကို ကျွန်တော် နားလည်တယ်၊ ကိုယ်ချင်းလည်းစာတယ် ကိုချစ်သက်လှ။ သံသယတွေနဲ့ မထိန်းချုပ်နိုင်တော့ဘဲ ပေါက်ကွဲမှုတွေနဲ့ ခင်ဗျား ကျွန်တော့်ဆီကို ရောက်လာတဲ့ညတစ်ညကိုဖြင့် ကျွန်တော် တစ်သက်မမေ့တော့ပါဘူးဗျာ။ မှန်တာပြောရရင် အဲဒီညက ခင်ဗျားကို ကျွန်တော် ဒေါသလည်းထွက်တယ်၊ သနားလည်း သိပ်သနားသွားတယ်ဗျာ။ ဒေါသထွက်တာက ကျွန်တော့် အကြောင်းကို ခင်ဗျားမသိဘဲ ရှားရှားဟာ ကျွန်တော့်သား ပါလို့ ခင်ဗျားစွပ်စွဲတာတစ်ချက်နဲ့. . .

"ဟင်. . ."

စာဖတ်ရင်း ပန်းဝါမှာ အံ့ဩသွားရပြီး ချစ်သက်လှဘက် လှမ်းကြည့်လိုက်သည်။ ချစ်သက်လှမှာ သားနှင့် ပျော်ရွှင်စွာ ဆော့





ကစားနေသည်ကို တွေ့လိုက်ရသဖြင့် ပန်းဝါ စကားမဆိုပဲ စာကိုသာ ဆက်ဖတ်လိုက်ရလေ၏။

ဒီကိစ္စအတွက် ခင်ဗျား ကျွန်တော့်ဆီစပြီးလာစဉ်ကတည်းက၊ ဆွေးနွေးခဲ့စဉ်ကတည်းက ခင်ဗျားသဘောထားကြီးဖို့၊ အေးအေးအချာစဉ်းစားဖို့တို့ကို အကြိမ်ကြိမ်သတိပေးခဲ့ပါလျက်နဲ့ ခင်ဗျား ကျွန်တော့်ကို အထင်လွဲပြီး လာစော်ကားသွားသေးတာကြောင့်ပဲ ကိုချစ်သက်လှ၊ သနားတာက ကျွန်တော့်ထက်အဖြစ်ဆိုးတဲ့ ခင်ဗျားဘဝကို သနားတာ ကိုယ်ချင်းစာတာပါ။

ပြီးတော့ ကျွန်တော်ပွင့်လင်းစွာ ပြောရမယ်ဆိုရင် ခင်ဗျားဇနီး ပန်းဝါကို ခင်ဗျားမပိုင်ဆိုင်ခင် ဆေးရုံမှာ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်ဆိုတဲ့ ဘဝကတည်းက ကျွန်တော်စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်လက်အောက်က ဆရာမပါလားဆိုတဲ့ အသိနဲ့ ကိုယ့်သိက္ခာကိုထိန်းရင်း စည်းတွေစောင့်ရင်းနဲ့ပဲ သူ့ကို ကျွန်တော် ဆုံးရှုံးခဲ့ပါတယ်။ ဒီအကြောင်းတွေက ကျွန်တော် အပွင့်လင်းဆုံး ပြောပြတာပါ။

နောက်ဆုံးခင်ဗျားက ကျွန်တော့်အပေါ်မှာ ရှိနေတဲ့ သံသယတွေ ကင်းအောင် ဆက်ပြောရမယ်ဆိုရင် ဒီမှာ ကိုချစ်သက်လှ ကျွန်တော့်အပေါ်သံသယပေါက်ကွဲမှုတွေနဲ့ ရှားရှားဟာ ကျွန်တော့်သားပါလို့ ခင်ဗျားစွပ်စွဲပြီး ထိုးကြိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ကျွန်တော်ဟာ ဘယ်တော့မှ ကလေးမရနိုင်တဲ့ သူပါဗျာ။

ကျွန်တော်ဟာ ဆယ့်ရှစ်နှစ်သားအရွယ်လောက်က ရေကူးရင်း အောက်ပိုင်းမှာ ပြင်းထန်တဲ့ဒဏ်ရာရခဲ့ဖူးတာကြောင့် ကလေးမရနိုင်တော့တာပါ။ အဲဒါခင်ဗျား ယုံပါ။ ဒါမှ မယုံသေးရင် ကျွန်တော်အိမ်ထောင်ကျတဲ့အခါ ခင်ဗျား စုံစမ်းကြည့်ပေါ့ဗျာ။ ဒါပဲရှိတော့တာပေါ့။

ခင်ဗျားထိုးသွားတဲ့ လက်သီးဒဏ်က မနာပါဘူးဗျာ၊ ဒါပေမယ့် ကလေးမရနိုင်တော့တဲ့ ကျွန်တော့်ရဲ့အားနည်းချက်ကို ခင်ဗျားမသိဘဲ ကျွန်တော့်ကိုစွပ်စွဲသွားတာ အတွက်တော့ ကျွန်တော် ဝမ်းနည်းမိတယ်။ ကျွန်တော်ဟာ ကလေးချစ်တတ်သူပါ၊ ဒါကြောင့် ရွှားရွှားကို ကျွန်တော် ချစ်တယ်၊ တကယ်တော့ ရွှားရွှားဟာလည်း ကျွန်တော့်ဆောင်ရွက်ပေးမှုကြောင့် ရလာတဲ့ကလေးဆိုတော့ ကျွန်တော်ပိုပြီး စိတ်ဝင်စားပြီး ချစ်မိရတာပါ။

နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့်အပေါ်မှာ စိတ်ချစွာ သံသယကင်းပါ။ ရွှားရွှားကိုလည်း ချစ်ပါလို့ ကျွန်တော်တောင်းပန်ခဲ့ပါရစေဗျာ။ ကျွန်တော် အခုမိုးကုတ်ကို ပြောင်းမိန့်ကျလာပြီ၊ ပြောရရင်တော့ ခင်ဗျားရဲ့သံသယမျက်လုံးတွေအောက်မှာ ကျွန်တော် မရှိတာလည်း ကောင်းပါတယ်နော် ကိုချစ်သက်လူ။





ဉာဏ်ကောင်းပြီး ရည်မွန်တဲ့လူတစ်ယောက်ဆီက အကူအညီရယူပြီး ခင်ဗျားအတွက် ကျွန်တော် သစ္စာရှိစွာ ဆောင်ရွက်ပေးခဲ့တဲ့ ရလဒ်အဖြစ် ရွှားရွှားဟာ ခင်ဗျားရဲ့သားပါပဲ။ ခင်ဗျားပိုင်တဲ့ ခင်ဗျားဆိုင်တဲ့ သားပါပဲလို့ ထပ်လောင်းပြောရင်း ကျွန်တော်နှုတ်ဆက်ခဲ့ပါတယ်ဗျာ။

ခင်ဗျား ကျွန်တော့်စာကိုဖတ်နေချိန်မှာ ကျွန်တော်ကတော့ မိုးကုတ်ကို ရောက်နေရပါပြီ ကိုချစ်သက်လူ။ လမိုင်းမြို့က ကျွန်တော်ထွက်သွားပြီးမှ ဒီစာကိုပေးဖို့ စိတ်ချရတဲ့ မိတ်ဆွေတစ်ယောက်ကို ကျွန်တော်မှာခဲ့တာပါ။ ခင်ဗျားတို့မိသားစု ထာဝရငြိမ်းချမ်းပျော်ရွှင်ကြပါစေလို့. . .။

မင်းညို

"အို. .ကိုသက်ရယ်၊ ပန်းဝါ ဆရာ့ကို အားနာလိုက်တာ"

စာဆုံးသော် သူ့အနီးလျှောက်သွားရင်း ပန်းဝါဆိုလိုက်လေသည်။

"ဟင်း. . ."

သူ သားကိုချီပြီး သက်မကိုချလိုက်သည်။

"ကိုသက် ကျိတ်ခံစားနေရတဲ့ ဝေဒနာတွေကို ပန်းဝါ လုံးဝမရိပ်မိခဲ့ဘူး ကိုသက်ရယ်. . ."

"ကိုသက် မှားပါတယ် ပန်းဝါ. . ."

"ကိုသက်ရဲ့အမှားဆိုတာကိုလည်း ပန်းဝါနားလည်ပါတယ် ကိုသက်ရယ်. . ."



www.burmeseclassic.com

"ဪ ပန်းဝါရယ်၊ မင်းဟာ ကိုသက်ဘဝရဲ့အလင်းရောင်လေးပါပဲကွယ်. . ."

သားကိုချီထားဆဲ ပန်းဝါကိုပါ သူ ထွေးဖက်ကာ ဆိုလေ၏။

"ကိုသက်. . ."

"ဘာလဲ ပန်းဝါ. . ."

"ကိုသက် ဆရာ့ဆီသွားခဲ့တာပေါ့နော်၊ ပန်းဝါ မသိလိုက်ပါလား၊ ဘယ်နေ့ကလဲဟင်. . ."

"မေမေနဲ့ ဒေါ်လေးရီတို့ ကိုသက်ကို ဘာဖြစ်သလဲလိုက ဝိုင်းမေးကြတဲ့နေ့မတိုင်မခင် တစ်ပတ်ကတည်းက သူနဲ့သွားတွေ့ပစ်လိုက်တာ. . ."

"ကိုသက် ဆရာ့ကို ထိုးခဲ့သေးတာပေါ့နော်. . ."

ဆရာ့အား ကိုယ်ထိလက်ရောက် ထိုးကြိတ်ခဲ့သည့် အဖြစ်အတွက် ပန်းဝါစိတ်မကောင်းသည့်ကြားမှ ခင်ပွန်းသည်အဖြစ်ကို နားလည်မိရကာ ပြုံး၍မေးလိုက်သည်။

"ဟုတ်တယ် ပန်းဝါ၊ ကိုသက် ပေါက်ကွဲခဲ့တယ်. . ."

သူ အားတုံ့အားနာ ဆိုရှာသည်။ ပန်းဝါ သူ့ကို အပြုံးများနှင့် နားလည်စွာ ကြည့်နေမိစဉ် သူ စကားကိုဆက်သည်။

"သားနေမကောင်းဖြစ်တယ်ဆိုရင် သူ စိတ်ပူပြီး ပျာယာခတ်နေတာတွေ၊ အားလပ်တဲ့အချိန်တိုင်း သားဆီ သူလာနေတာတွေ၊ သူ့မျက်လုံးအကြည့်နဲ့ သူ့အသွင်တွေကို ကိုသက် အမြဲတမ်း သံသယ





ရှိနေတယ်၊ ဒီတော့ သားဟာ သူ့သားပဲဖြစ်ရမယ်၊ ဒေါက်တာမင်းညိုဟာ တို့ကို လှည့်စားနေတယ်၊ သားဟာ ဒေါက်တာမင်းညိုသားဖြစ်ကိုဖြစ်ရမယ်. . ."

"ဟင် အလို. . ."

ကလေးခေါ်ရန်အတွက် သူတို့အခန်းရှေ့သို့ရောက်ခဲ့သော ဒေါ်မေသန်းရီကား အခန်းထဲမှ ဇနီးသည်ပန်းဝါအား သူခံစားခဲ့ရသည့် ခံစားမှု၏သံသယဖြစ်ရာ စကားတို့အား ချစ်သက်လူ ပြန်ပြောပြနေဆဲ အခန်းပြင်မှ လူမမြင်ရဘဲ တစ်ဝက်တစ်ပျက် ကြားသိလိုက်ရသည့် ချစ်သက်လူပြောနေသော စကားများကြောင့်. . .

ဒေါ်မေသန်းရီကား အံ့ဩခြင်းနှင့်အတူ ဒေါသများဖြင့် ဆက်၍နားမထောင်တော့ဘဲ အောက်ထပ်သို့ ပြန်၍ဆင်းသွားလိုက်သည့်အဖြစ်အား အခန်းထဲမှ သားအတွက် သံသယများကင်းစင်နေရပြီဖြစ်သော ချစ်သက်လူနှင့် ပန်းဝါတို့နှစ်ဦးမှာ လုံးဝသိရှိလိုက်ကြခြင်း မရှိပါလေတကား။

× × × × ×

"ဒေါ်လေးရီရေ သားကို ခဏကြည့်ပေးပါဦးဗျာ၊ ကျွန်တော်နဲ့ ပန်းဝါ ကိစ္စလေးရှိနေလို့ပါ. . ."

"ဒေါ်လေး မအားသေးဘူး ကိုသက်ရေ. . ."

ထိုင်ခုံအစွပ်များတွင် ပန်းများထိုးနေသည့် ဒေါ်မေသန်းရီမှာ သားကိုပင် တစ်ချက်မျှမော်မကြည့်ဘဲ အေးစက်စက်ကြီး ပြန်ပြော



www.burmeseclassic.com

လိုက်လေသည်။

"ဒါဆိုလည်း မေမေ့ကို သွားပေးထားလိုက်ဖျာ. . ."

"အမယ်လေး ကိုသက် ငါ အပြင်ထွက်စရာရှိတယ်၊ မအား ဘူး၊ သူ့အမေက ဘာလုပ်နေလဲ၊ ကိုယ့်ကလေးပဲ ကိုယ် ဂရုစိုက် မှပေါ့. . ."

ထူးခြားနေသော မျက်နှာထားဖြင့်ဆိုရင်း ဒေါ်ခင်ပြုံးကြည် ထွက်သွားလိုက်သည်။ ဒေါ်ခင်ပြုံးကြည်နောက်မှ ဦးသန်းဆွေသည် လည်း မျက်နှာမှုန်တည်တည်ဖြင့် တိတ်ဆိတ်စွာ ထွက်သွားလိုက် လေ၏။

မမျှော်လင့်သော စကားတို့ကြောင့် ချစ်သက်လူ အံ့သြ သွားမိသည်။ အခါတိုင်းဆိုလျှင် သူ့မိဘများသည် သားကို အလု အယက် အရေးတယူရှိလွန်းလှကြသည် မဟုတ်ပါလား။ သူ့ရင်ထဲ မကောင်း ဖြစ်သွားမိရလေသည်။ 'အင်းလေ သူတို့မအားကြလို့ ပဲလေ'ဟု စိတ်ကိုဖြေရင်း ချစ်သက်လူမှာ ရင်ထဲမတင်မကျ စနိုးစနောင့် ဖြစ်သွားရသည်ကတော့ အမှန်ပါ။

သူ့ကဲ့သို့ပင် ကြားလိုက်၊ မြင်လိုက်ရသည့် ပန်းဝါသည် လည်း စိတ်ထဲမကောင်းခြင်းနှင့်အတူ လွန်ခဲ့သောရက်များမှ အကြောင်း များကိုလည်း ပြန်လည်မြင်ယောင်လာမိရပါချေ၏။

မှန်သည်။ ချစ်သက်လူ၏ မိဘများသည် သားအား လျစ်လျူရှုနေထိုင်ကြသည့်အဖြစ်များကိုပါ။ ကိုသက်အလုပ်သွားချိန် တွင် ပန်းဝါမှာ သားအတွက် အချိန်အပြည့်အဝမပေးနိုင်သဖြင့်



သားကို ထိုင်ခုံလှည်းကလေးအတွင်း ထည့်ထားခဲ့ရသည်လည်း ရှိသည်။ ထိုအခါ သားခမျာ ငြီးငွေ့လာသဖြင့် ငိုလျှင်တောင် မည်သူမျှ ချီမည့်သူ ချော့မည့်သူ မရှိလေတော့ပါ။

သားနှင့်ပတ်သက်လျှင် ကိုသက်၏မိဘများသည် ဘာမျှ မဆိုင်သကဲ့သို့ နေထိုင်ကြသည်ကို ပန်းဝါမြင်ယောင်ရချေ၏။ ယခင် ကဆိုလျှင် သားသည် ပန်းဝါတို့မိဘများလက်ထဲမှာပင် မရှိသလောက် ကိုသက်၏မိဘများမှာ ချစ်ခင်ချော့မြှူ၍ ဂရုစိုက်လှကြပါသည်။

ယခုသော်ဖြင့် ပန်းဝါမည်သို့မျှ နားမလည်နိုင်အောင် ဖြစ် နေရပေတော့သည်။ သားကို မလိုလားကြောင်း ကိုသက်၏မိဘများ ၏ စကားနှင့် အမူအရာတို့ကိုလည်း ယခုသော် ပွင့်လင်းစွာ ပန်းဝါ သိလိုက်ရပြီမဟုတ်ပါလား။

သားကိုချီရင်း ငိုင်နေဟန်ဖြစ်နေသည့် ကိုသက်ရှိရာဆီသို့ ပန်းဝါ ထွက်လာခဲ့လိုက်သည်။ ကိုသက်၏စိတ်မကောင်းခြင်းနှင့် နိုးစနောင့်ဖြစ်နေသည့် စိတ်တို့ကို ပန်းဝါသည် မသိသလို န်ဆောင်အပြုံးများနှင့် နှစ်သိမ့်လိုက်ပြီး. . .

"အို. .ကိုသက်၊ ဟိုမှာ ဒေါ်လေးရီက မအားတာကိုကွယ်၊ .လာ အခန်းထဲမှာ သားကိုဘေးချထားရင် ရပါတယ်. . ."

ကိုသက်လက်ကို ပန်းဝါဆွဲလျက် ခေါ်ခဲ့ရလေ၏။ ကိုသက် ်မကောင်းမည်စိုးသဖြင့် ကိုသက်၏မိဘများ သားအပေါ် ်ဆံရေးတို့ကို ပန်းဝါ ဘာမှမပြောပြခဲ့လေပါ။ နေ့ကလေးများ ်ဆုံးသွားသော်လည်း ကိုသက်နှင့် ပန်းဝါတို့မိသားစုလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စရာအတိနှင့် ရှိခဲ့ပါချေ၏။

သို့ဖြင့် ရက်ကိုလစား၍ လကလေးများ ကုန်လွန်လာခဲ့၏။ နောက်သားလေး ရှားရှားသည်လည်း တစ်နှစ်ခွဲအရွယ်သို့ ရောက်ခဲ့ရလေပြီဖြစ်သည်။ ကိုသက်နှင့် ပန်းဝါတို့ မိသားစုလေးမှာ ပန်းဝါ၏ ထိန်းထိန်းသိမ်းသိမ်းလေး နေတတ်ထိုင်တတ်မှုကြောင့် ချစ်သက်လူမှာ သူ့မိဘများ၏ စိတ်သဘောနှင့် ဆက်ဆံရေးတို့ကို အမှတ်တမဲ့ ရှိကာ မိသားစုလေး ပျော်ရွှင်စွာပင် နေထိုင်ခဲ့ကြလေ၏။

အလုပ်အားရက်များတွင် တစ်နှစ်ခွဲအရွယ် ရောက်ပြီဖြစ်သော သားအနှင့်အတူ နေထိုင်ကစားလေ့ရှိသဖြင့် ပန်းဝါမှာ အလုပ်ကို စိတ်ရှည်လက်ရှည် လုပ်ကိုင်ရလေသည်။

"ဟေး .ဖေဖေ့သားကြီးကကွာ ကြာလေ ကြာလေ ချောလာလေပဲကိုးကွ၊ သားသားကြီးလာရင် ဘာလုပ်မလဲကွာ၊ ဖေဖေ့ကို ပြောပြစမ်း သား. . ."

"ခစ်. .ခစ်. .ခစ်. . ."

သူက ချီမြှောက်ဆိုနေသဖြင့် သားမှာ ခစ်ခစ်တက် သဘောကျစွာ ရယ်နေလိုက်လေသည်။ ပန်းဝါမှာ မီးပူတိုက်ရမည့် အဝတ်များကို ခေါက်နေရင်း သားအဖနှစ်ဦးဆီသို့ ပျော်ရွှင်စွာ လှမ်းကြည့်နေမိရလေသည်။

"သားသား ကြီးလာရင် ဆရာဝန်ကြီးလုပ်မလား အင်ဂျင်နီယာကြီး လုပ်မလား၊ စစ်ဗိုလ်ကြီးလုပ်မလား ပြောစမ်း . သား. . ."



"ခစ်. . .ခစ်. . ခစ်"

"ပန်းဝါရေ သားကတော့ ကြီးလာရင် ဘာလုပ်မယ်ဆိုတာ ကိုသက် မသိပေမယ့် သူ့အဖေခြေရာနင်းမှာတော့ သေချာနေတယ်ဗျ ဟား. .ဟား. .ဟား. . ."

"ဖြစ်နိုင်တာပေါ့ကိုသက်ရာ၊ ကိုသက်သားက နုကတည်းကကို လမ်းတွေ ဘာတွေထွက်ရင် အမျိုးသမီးဆို ကြည့်လိုက်တဲ့ မျက်လုံးလေးကလေ ကိုသက်အတိုင်းပဲ ဟင်း. . ဟင်း. . ဟင်း"

သူတို့မိသားစု စကားများပြောနေကြသည်ကို နားထောင်နေကြဟန်ရှိသော ချစ်သက်လူမိဘများမှာ ဦးသန်းဆွေသည် နားမခံလိုတော့သည့်ဟန်နှင့် ထိုင်ရာမှထကာ မျက်နှာထားဖြင့် ထထွက်သွားလိုက်လေသလို ဒေါ်ခင်ပြုံးကြည်မှာလည်း မိမိတို့၏ သားတော်မောင် ချစ်သက်လူအား ရင်နာကြည့် ကြည့်ပုံမျိုးနှင့်ရှိကာ ဧည့်ခန်းတွင်းမှ ထွက်သွားလိုက်လေ၏။

ဒေါ်မေသန်းရီသည်သာ ထမကောင်းတော့သဖြင့် နွားကျူသယောင် တူချော၏ အပြုအမူတို့ကို ခံပြင်းစွာဖြင့် တစ်ချက်တစ်ချက် လှမ်းကာ ကြည့်ကြည့်နေမိရရင်းက စိတ်မဝင်စားသော်လည်း စာအုပ်တစ်အုပ်ကို ဖတ်နေလိုက်ရပါလေ၏။ သတိထားမိလိုက်သော ပန်းဝါမှာ ချစ်သက်လူရှေ့မို့ မသိသလို နေနေရလေသည်။

ချစ်သက်လူ၏ မိဘများမှာ အဘယ်အကြောင်းကြောင့် ဘာတွေဖြစ်နေကြသည်ကို ပန်းဝါ မသိပါ။ သူတို့ အနေအထားများ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲနေသည်မှာ ကြာပြီဖြစ်သော်လည်း ပန်းဝါမသိသလို နေခဲ့သည်။ အကြောင်းတစ်ခုတော့ရှိမည်က သေချာသည်ကိုတော့ ပန်းဝါ တွက်ဆသိထားလိုက်သည်။

သို့သော်လည်း လူကြီးများကို ပန်းဝါဖွင့်မမေးရဲသည်က တစ်ကြောင်းနှင့် ကိုသက်သိမည်ကိုလည်း စိုးလှသဖြင့် ထိုကိစ္စအတွက် ပန်းဝါမှာ အလိမ္မာနှင့်ပင် နေနေလိုက်ပါ၏။ ထိုသို့ နေလိုက်ခြင်း ကပင် ပန်းဝါအတွက် ကမ္ဘာပျက်ရသည့်နေ့သို့ရောက်ခဲ့ရတော့မည် မဟုတ်ပါတကား။

မှန်ပါ၏။ တစ်နေ့ အလုပ်သွားနေသဖြင့် ကိုသက်လည်း အိမ်တွင်ရှိမနေပါ။ ပန်းဝါသည် သားလေးရှုးရှုးအား အိမ်ရှေ့တွင် ကစားစရာများနှင့် ထားရစ်ကာ ခဏဆိုသလို မီးဖိုထဲဝင်ခဲ့လိုက်ပြီး လင်နှင့်သားအတွက် စားစရာများ စိတ်ကြိုက် စီစဉ်နေမိလိုက် လေသည်။ သား၏ငိုသံလည်း မကြားမိသေးသဖြင့် ပန်းဝါမှာ မီးဖိုထဲ မပြတ်သေးသည့် အလုပ်များ ဆက်၍လုပ်နေလိုက်၏။

အလုပ်များပြီး၍ အိမ်ရှေ့ သားရှိရာဆီသို့ ပန်းဝါထွက် လာခဲ့လိုက်ပြီး နံရံပေါ်မှ နာရီကို လှမ်းကြည့်မိလိုက်သည်။ ၁၂နာရီ ထိုးတော့မည်ဖြစ်၍ ကိုသက် အလုပ်မှ ထမင်းစား ပြန်လာတော့မည် ကို ပန်းဝါ သိလိုက်ရပြီး သားကို ထားရစ်သည့် နေရာလေးသို့ ကြည့်လိုက်သည်တွင်. . .

"ဟင်. . ."

ထားရစ်ခဲ့သည့် နေရာလေးတွင် သားမရှိတော့သဖြင့်





မည်သူမျှား ချီသွားပါလိမ့်ဟု အတွေးနှင့် ပန်းဝါ လိုက်ရှာမိသည်။ အိမ်ထဲ အိမ်ပြင်၊ ခြံထဲ ခြံပြင် ပန်းဝါ လိုက်ရှာမိသည်။ သားလေး ရှုးရှုးအား ပန်းဝါ ဘယ်နေရာမှာမှ ရှာ၍ မတွေ့ပါလေ။ ပန်းဝါ စိတ်ထဲတွင် သားကိုရှာရင်း ထင့်မောစွာ လှုပ်ရှားနေရလေပြီ ဖြစ်သည်။

ပန်းဝါမှာ မီးဖိုထဲပြန်ဝင်လာခဲ့လိုက်ပြီး. . .

"ရွှေလုံး. . ."

"ရှင်. .မမပန်းဝါ. . ."

"သားကော ဟင်. . ."

"ကျွန်မ မသိဘူး မမပန်းဝါ. . ."

"ဟင်. . ."

ပန်းဝါမှာ သားကို ရှာမတွေ့သဖြင့် စိတ်ထဲလှုပ်ရှား မောဟိုက်သလို ခံစားနေမိရပါတော့သည်။ ပန်းဝါ အိမ်ရှေ့ ပြန်ထွက်ခဲ့ လိုက်ပြန်သည်။ နေ့ခင်းကြောင်တောင် သား ဘယ်ရောက်သွား ပါလိမ့်။ တစ်ဦးတစ်ယောက်က မခေါ်ဘဲနှင့် သားဘယ်လိုသွားမှာလဲ။ သားအရွယ်လေးက သွားတတ် လာတတ်သေးသည့် အရွယ်လည်း မဟုတ်သေးပါ။

အိမ်ရှေ့ တံခါးပေါက်တွင် သားကိုရှာရင်း ဟိုကြည့် သည်ကြည့် ပန်းဝါ လျှောက်ကြည့်နေစဉ် ဒေါ်မေသန်းရီ ခြံထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသဖြင့်. . .

"ဒေါ်လေးရီ. . ."

ဒေါ်မေသန်းရီ ပန်းဝါကို အေးစက်တင်းမာနေသော



www.burmeseclassic.com

www.burmeseclassic.com



အကြည့်နှင့် ကြည့်လာသည်။ ပန်းဝါ ရင်ထဲ ထင့်ခနဲ ရှိုလိုက်ရပေ၏။ သို့သော်လည်း ပန်းဝါမှာ သားလေး ဘယ်ရောက်သွားသည်ကို သိချင်နေရသောစိတ်ကြောင့်. . .

"စောစောက ဒေါ်လေးရီနဲ့ သား အိမ်ရှေ့မှာ ရှိနေတာ၊ သားကို ဒေါ်လေးရီ ခေါ်သွားလားဟင်. . ."

"အေး. .ငါခေါ်သွားတယ်. . ."

"ဩော်. .ဟုတ်လား၊ ပန်းဝါက သား ဘယ်ရောက် သွားလဲဆိုပြီး လိုက်ရှာနေတာပါ. . ."

စိတ်အေးသွားရသလို ပန်းဝါ ဆိုပြီး အိမ်ထဲဝင်ခဲ့ လိုက်လေ သည်။

"ဟော့. .ဒီမှာ ပန်းဝါ. . ."

အနောက်မှ အိမ်ထဲသို့ လိုက်ဝင်လာသော ဒေါ်မေသန်းရီမှာ တင်းမာသော အသံနှင့် ပန်းဝါကို လှမ်းခေါ်လိုက်သဖြင့် ပန်းဝါ အံ့သြစွာ လှမ်းကြည့်မိလိုက်ရလေ၏။ ဒေါ်မေသန်းရီမှာ ပန်းဝါအား စက်ဆုပ်ရွံရှာသော အကြည့်နှင့် ကြည့်နေသည်ကို ပန်းဝါမှာ မို၍ အံ့သြစွာ တွေ့လိုက်ရပြန်ပါ၏။ ပန်းပါမှာ ဒေါ်မေသန်းရီအား အံ့သြမှင်တက်စွာ ငေးကြည့်နေမိရဆဲ. . .

"ဒီမှာ ပန်းဝါ. .တို့ကတော့ တို့တူ မောင်သက်ကို ကျွဲလို နွားလို အဖြစ်မခံနိုင်ဘူးအေ့. . ."

"ရှင်. . ."

ပန်းဝါကြားလိုက်ရသော ဒေါ်မေသန်းရီ၏ စကားတို့ကြောင့်



ပို၍ အံ့သြနားမလည်စွာဖြစ်ရင်း ပန်းဝါ ဘာပြောရမှန်းမသိ ရှိနေ ရပါတော့၏။ ပန်းဝါကိုကြည့်ပြီး ဒေါသကြောင့် ပြတ်ဆတ်ဆတ် စကားတို့ကို ဒေါ်မေသန်းရီ ဆက်လိုက်သည်။

"ညည်း မိန်းမလည်လိုလုပ်ပြီး ငါ့တူကို လှည့်စားနေတာ တွေ အားလုံး ငါတို့သိတယ်၊ ဟိုဆရာဝန်နဲ့ ရထားတဲ့ ကလေးကို ကျုပ်တို့ကတော့ ပင့်တက်တောင်မရှိုက်နိုင်ဘူးဆိုတာ ညည်းကို ပွင့်ပွင့်လင်းလင်းပြောတာ. . ."

"အေး. .တို့က တို့သားမျက်နှာကို ငဲ့နေလို့ ညည်းနဲ့ ညည်းသားကို ဘာမှမပြောဘဲနေနေကြတာ. . ."

ဒေါ်မေသန်းရီစကားတို့ကို နားထောင်နေဆဲအပေါ်ထပ်မှ ဆင်းလာသည့် ဒေါ်ခင်ပြုံးကြည်၏စကားတို့က ပန်းဝါ၏နှလုံးသား အား နာကျင်စေသော်လည်း ဘာမှအကြောင်းမှန်မသိရှာကြသော ယောက္ခမများအတွက် ပန်းဝါ ခွင့်လွှတ်နေမိလိုက်ပါ၏။ ပန်းဝါကို ဆုံစေ့ကြည့်ပြီး ဒေါ်ခင်ပြုံးကြည်က စကားကိုဆက်သည်။

"တို့သားက ညည်းအလုကလေးတွေကို မက်ပြီး ညည်း မိန်းမလည်လုပ်ထားတဲ့အလုပ်အတွက် သဘောထားကြီးကြီး ထားနေ နိုင်ရှာပေမယ့် တို့ကတော့ လုံးဝလက်မခံနိုင်ဘူးဟော့၊ တို့သားကို ကြည့်ပြီး ရင်နာနေရတယ်၊ ညည်းလည်း ကျုပ်တို့မအေနေရာမှာ ဝင်ပြီး ခံစားကြည့်စမ်းပါ၊ ညည်းကိုအစက ကျုပ်တို့တော်တော် အထင်ကြီးခဲ့တာ၊ အခုမှ အော့နှလုံးနာလှတယ်အေ. . ."

ပန်းဝါ စကားမဆိုမိ။ ရင်ထဲမကောင်းစွာ မျက်လွှာချလျက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးငုံ့နေလိုက်ရာ၏။ ဒေါ်ခင်ပြုံးကြည်တို့ပြောသော စကားများက တစ်လှည့်စီ ပန်းဝါနားထဲသို့ ပူပြင်းလွန်းသော သံရည်ပူများကဲ့သို့ စီးဝင်ရောက်နေရပါလေ၏။

"ဒီအကြောင်းကို ကျုပ်တို့မိဘတွေ အစကမသိပါဘူး၊ ညည်းရဲ့ကလေးကို ကျုပ်တို့မြေးပဲထင်နေတာပေါ့အေ၊ နောက်မှ ကျုပ်တို့မှာ အရှုးမကြီးတွေဖြစ်နေမှန်း သိရတော့တယ်၊ ညည်းတို့ အခန်းထဲမှာ ငါ့သားက ညည်းကိုပြောနေတဲ့စကားတွေ ကျုပ်တို့ အားလုံး ကြားပြီးပြီ၊ သိပြီးပြီ၊ ညည်းဘာပြောချင်သေးလဲ. . ."

ပန်းဝါ ဘာမျှမဆိုပါ။ ဝမ်းနည်းစွာ မျက်ရည်တို့လည်လာရ၏။

"ငါတို့သားက ညည်းကို အောက်ကျနောက်ကျခံပြီး ပေါင်းနေရှာတဲ့အကြောင်းတွေ ငါတို့သိတယ်၊ တော််ပြီအေ၊ ငါတို့သားကို ညည်းထက်သာတဲ့မိန်းမနဲ့ ထပ်ပေးစားမယ်၊ ညည်းမျက်နှာကို ကျုပ်တို့ မမြင်ချင်တော့ဘူး. . ."

"ညည်းက ကျုပ်တူကို ညည်းအလှလေးနဲ့ ဖမ်းစားထားနိုင်ပေမယ့် ကျုပ်တို့ကိုတော့ ညည်းဘာနဲ့မှ ဖမ်းစားလို့မရဘူး ဆိုတာ မှတ်ပါ၊ ကျုပ်တူဟာ လက်ဖျောက်တစ်ချက်တီးတာနဲ့ မိန်းမလှတွေ ဝေါခနဲရောက်လာတဲ့ သူပါအေ့၊ ညည်းနဲ့ကျမှ ကျုပ်တူကို အနစ်နာမခံနိုင်ဘူး မိပန်းဝါရေ. . ."

"ဟုတ်တယ်၊ ဒီနေ့ဟာ ညည်းကို ငါတို့ပြတ်ပြတ်သားသား ပြောတာပဲ၊ ညည်းဒီအိမ်ပေါ်က ဆင်းသွားတော့၊ ညည်းမျက်နှာကို





ကျုပ်တို့မကြည့်ချင်ဘူး၊ နှလုံးနာတယ်အေ. . ."

"အဟင့်. .ဟင့်. . ."

ထိခိုက်ခြင်းများစွာဖြင့် ပန်းဝါ ငိုချလိုက်မိရပါတော့သည်။ ထိုအခိုက် အလုပ်မှ ထမင်းစားပြန်ရောက်လာသော ချစ်သက်လှူမှာ ဆင်ဝင်အောက်သို့ ကားရပ်လိုက်ပြီး အိမ်ထဲသို့ဝင်ရောက်ခဲ့ရင်းက

"သားရေ ဟင် ပန်းဝါ၊ အို အချစ် မင်းငိုနေတယ်၊ ဘာဖြစ်တာလဲ၊ ဟင်. .မေမေ. .ဒေါ်လေး ကျွန်တော့်မိန်းမ ဘာဖြစ်လို့လဲဟင်. . ."

ချစ်သက်လှူမှာ ပျော်ရွှင်မှုတို့ပျောက်ကာ ရုတ်ချည်းအံ့သြခြင်းများစွာတို့ဖြင့် အဒေါ်ဖြစ်သူတို့ဘက်ကြည့်ရင်း မေးမိရလေ၏။ ဒေါ်ခင်ပြုံးကြည်မှာ သား၏အဖြစ်ကို ရင်နာစွာ ကြည့်မိရင်းမှ. .

"ဒီမှာ သား မေမေတို့ကို အရှုးဆက်မလုပ်ပါနဲ့. . ."

"ဗျာ မေမေ ဘာပြောတာလဲဟင်. . ."

"သား မသိချင်ယောင် မဆောင်ပါနဲ့ကွယ်၊ မေမေ သားကို ကြည့်ပြီး ရင်နာလို့မဆုံးဘူးဖြစ်နေတယ်သား. . ."

"အိုဗျာ မေမေရယ် ဘာတွေပြောနေတာလဲဟင်. . ."

"ဒီမှာ သား၊ မင်း မိန်းမကိုပြောတဲ့စကားတွေ မေမေတို့ ကြားပါတယ်၊ မေမေ့သားအနေနဲ့ ဒီလောက်တောင် ဒီမိန်းမကို အောက်ကျခံပြီး ပေါင်းနေရဖို့ မလိုပါဘူးကွယ်. . ."

"အို. .မေမေရယ် ဘာတွေပြောနေတာလဲဗျာ၊ ကျွန်တော် ဘာမှနားမလည်တော့ဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မမေဒီလောက်ပြောနေတာတောင် မမေ့သားက နားမလည်သေးဘူးကိုး၊ မမေ ရင်နာသကွယ်၊ အေး သား နားမလည်ဘူးဆိုရင်လည်း နားလည်အောင် ပြောရတော့မှာပေါ့"

ပန်းဝါပခုံးလေးအား သိုင်းဖက်ထားသည့် သားဖြစ်သူကို ဒေါ်ခင်ပြုံးကြည်မှာ မချိတင်ကဲရင်နာနာဖြင့် လှမ်းကြည့်နေမိရင်းက စကားတို့ကို ဆက်လိုက်လေ၏။

"ပန်းဝါဟာ မမေ့သားကို အယုံသွင်းပြီး လှည့်စားပေါင်းနေတာတွေ၊ မမေ့သားက သူ့အပေါ် ဘယ်ရွေ့ဘယ်မျှ သဘောထားကြီးကြီးထားပြီး ပေါင်းနေရတာတွေအားလုံး မမေတို့သိတယ်"

"အေး မမေ့သားက ဘယ်လိုပဲ ဒီမိန်းမအပေါ် သဘောထားကြီးကြီးထားပြီး ပေါင်းပေါင်း မမေတို့ကတော့ ဆက်ပြီး မရှုစိမ့်နိုင်တော့ဘူး သား. . ."

"ဗျာ. . ."

သူ အံ့သြစွာဆိုမိသည်။ ဒေါ်ခင်ပြုံးကြည်မှာ တင်းမာသောမျက်နှာထားတို့ဖြင့် စကားကိုပြန်ဆက်သည်။

"ဒီတော့ ဒီမိန်းမကို ငါ့သားဆက်ပေါင်းမနေဝါနဲ့တော့၊ ငါ့သားလည်း မိန်းမမရှားပါဘူး၊ ရှင်းရှင်းပြောမယ်သား၊ မင်းက သဘောထားကြီးပြီး ဒီမိန်းမနဲ့ကလေးကို ချစ်နိုင်ကြည်ဖြူနိုင်ပေမယ့် မမေတို့ကတော့ ကိုယ့်မြေးမဟုတ်တာကို သိနေပြီဆိုတော့. . ."

"ဗျာ. .မမေ၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် ပြောပါရစေ မမေ. . ."





ထိုစကားကြောင့် သူ အကြောက်အကန် ငြင်းဆိုပြောပြမည့်စကားတို့အား ဒေါ်ခင်ပြုံးကြည်မှာ လုံးဝလက်မခံပါလေ။

"ဒီမှာ မောင်သက်၊ မမေ့ကို ဘာမှပြောပြစရာမလိုတော့ဘူး၊ ဟိုဆရာဝန်နဲ့ရတဲ့ကလေးကို မမေတို့ လုံးဝမမြင်ချင်တော့လို့ သူများကို ဒီနေ့ပဲ ပေးပစ်လိုက်ပြီ. . ."

"ဗျာ. . ."

"ဟင်. .အမလေး. . ."

ကြားလိုက်ရသော စကားအတွက် လင်မယားနှစ်ယောက်စလုံး မှုးမိုက်သွားမတတ်ဖြစ်ရရင်း၊ ထိတ်လန့်တုန်လှုပ်သွားကြရရှာရင်းက. . .

"ဗျာ ဗျာ မမေ၊ မမေ သား. .သား ကျွန်တော့်သားကို သူများပေးပစ်လိုက်တယ် ဟုတ်လား၊ အို ရက်စက်လိုက်တာဗျာ၊ ရက်စက်လိုက်တာ၊ ဘယ်သူ့ပေးတာလဲ၊ ဘယ်သူသွားပေးလိုက်တာလဲ. . ."

"ပြော ပြောစမ်းပါ၊ သား သားဟာ ကျွန်တော့်သားဗျ၊ ကျွန်တော့်သားပါ မမေရဲ့. . ."

"အဟင့် ဟင့် ကိုသက်၊ လုပ်ပါဦး၊ သား. .သားလေးကို ရှာပါဦးရှင်. . ."

"ရှာမနေနဲ့ဟော့၊ ရှာမနေနဲ့၊ တခြားမြို့က လူကိုပေးပစ်လိုက်တာ၊ အံ့ပါတယ်သားရယ်၊ မင်းဖြစ်နေတာ မမေခံပြင်းတယ် သိလား ကိုသက်ရဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် သားကို တခြားမြို့က လူကို ပေးလိုက်တယ်ဟုတ်လား. . ."

"အေး ဟုတ်တယ်၊ ဟုတ်တယ်. . ."

"မေမေရယ်. .မေမေ ဘာသိလဲ၊ မေမေတို့ ဘာဖြ ... လို့လဲဗျ၊ အဲဒါမေမေတို့ ကျွန်တော့်ရင်ကို ကွဲအောင်လုပ်တာ၊ ကျွန်တော့်ရင်ကို ကွဲအောင်လုပ်ကြတာပဲ. . ."

"အို ပန်းဝါ စိတ်မပူနဲ့နော်၊ နေခဲ့ဦး၊ ကိုသက် သားကို သွားထွက်ရှာလိုက်ဦးမယ်. . ."

သူပြောရင်း ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားလိုက်တော့သည်။

"အို ကိုသက်၊ ကိုသက် ပန်းဝါလည်း လိုက်ခဲ့မယ်. ."

မျက်ရည်များစက်လက်ဖြင့် ပန်းဝါ ပြေးထွက်လိုက်သွားပါသော်လည်း ချစ်သက်လူသည် သားဓာကြောင့် ဘာမှမကြားနိုင် မမြင်နိုင်ဖြစ်ရပြီး ဆင်ဝင်အောက်မှ ကားကို စိတ်လှုပ်ရှားခြင်းများစွာဖြင့် မောင်းထွက်သွားလိုက်ပါတော့သတည်း။ ။

✽ ✽ ✽

– နှစ်ဆယ့်သုံး –

"အဟင့်. .ဟင့်. .ဟင့်. . ."

ဆိုဖာနောက်ကျောနှင့် မျက်နှာလေးအပ်ကာ သည်းထန်စွာ ပန်းဝါ ငိုနေလိုက်ပါတော့သည်။ ဆက်တိုက်ထွက်ပေါ်နေသော ရှိုက်သံများကြောင့် ပန်းဝါစကားတို့ကို ဆက်မပြောနိုင်ပါလေတော့။

တသိမ့်သိမ့် လှုပ်ရှားတုန်ယင်နေသော ပန်းဝါနောက်ကျောကို အတန်ကြာစူးစိုက်ကြည့်နေမိရပြီးမှ ဒေါက်တာမော်ကွန်းသည် ရှိသော မျက်ဝန်းအစုံဖြင့် ထိုင်ရာမှထလိုက်ပါလေ၏။ ပန်းဝါထံမှ ပြတ်တောင်းသွားသော စကားဆက်တို့ကို သူ မထောက်သေးမိသေးဘဲ ပြတင်းဆီသို့ လျှောက်သွားကာ ကျောပေး ရပ်နေလိုက်လေသည်။ သူ၏ ဝေသီနေသော မျက်ဝန်းအကြည့်တို့မှာ ခြံထဲမှသစ်ပင်လေးများဆီသို့ ရောက်ရှိနေရပေ၏။

ဒေါက်တာမော်ကွန်းသစ်သည် နှမြောတသခြင်းရင်အစုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်အနီးတွင် သူ အတန်ကြာကြာ ရပ်နေလိုက်မိ၏။ သူ တံတွေးကို မျိုချသည်။ နင့်မော့စွာ လှုပ်ရှားနေသည့်ရင်ကို ထိန်းချုပ်နေမိသည်။

"အဟင့်. .ဟင့်. .ဟင့်. . ."

ပန်းဝါ၏ရှိုက်သံမှာလည်း သူ့ထံလွင့်ဝဲရောက်ရှိနေရဆဲ ရှိသည်။ သူ မျက်ဝန်းတို့ကို ခေတ္တမျှမှိတ်ထားမိလိုက်သည်။ မျက်ဝန်းညိုများပြန်အဖွင့်တွင် သူ့အကြည့်သည် ရုတ်တရက်ဝေဝါးနေရာမှ ကြည်လင်လာ၏။

"ဟင်း. . ."

တည်ငြိမ်သော သက်မတစ်ချက်ကို ချအပြီး ပန်းဝါရှိရာ သူ ပြန်လာလိုက်သည်။ ပန်းဝါနှင့် အနီးဆုံးနေရာမှာပင် သူပြန်လည်ဝင်ရောက်ထိုင်လိုက်ပြီး ပန်းဝါကို အတန်ကြာကြာ သူကြည့်နေလိုက်ပြန်ပါသည်။ ပြီးမှ အတန်ကြာတော့မှ. . .

"ပန်းဝါ. . ."

တည်ငြိမ်သော အသံဖြင့် သူခေါ်သည်။

"ဆောရီး ဆရာ၊ ပန်းဝါ စိတ်တွေ သိပ်လွတ်သွားပါတယ်"

သဲ့သဲ့ရှိုက်ကာ မျက်ရည်တို့ကို သုတ်ရင်းမှ ပန်းဝါ ဆိုလာ၏။ ဒေါက်တာမော်ကွန်းမှာ တံတွေးကိုမျိုချပြီး စကားကို ဆက်လိုက်သည်။

"ဆက်ပြောပါဦး ပန်းဝါ၊ ကိုချစ်သက်လူ ရှားရှားကို ရှာတာတွေ့လား. . ."





"အဟင့်. .ဟင့် ဆရာရယ်၊ ပန်းဝါ ဒီအဖြစ်ကို ဘယ်လိုရင်နဲ့ ပြောရမလဲ မသိတော့ပါဘူးရှင်. . ."

ရှိုက်သံတွေနှင့် ပန်းဝါ ငိုရှာသည်။

"ဘာဖြစ်လို့လဲ ပန်းဝါ၊ ကိုချစ်သက်လူကပါ အထင်လွဲသွားလို့လား. . ."

"အဟင့်. .ဟင့်၊ မဟုတ် မဟုတ်ဘူး ဆရာ၊ ကိုသက်ဟာ စိတ်နှလုံးသိပ်ရည်မွန်တဲ့လူပါ. . ."

"ဒါဖြင့် သူ့မိဘတွေ. . ."

"ဟင့်အင်း ဟင့်အင်း မဟုတ်ဘူး ဆရာ၊ ဒီပြင်အဖြစ်တွေအတွက် ပန်းဝါနှလုံးသားက ခံစားမှုအတွက် ပန်းဝါမဖြုံပါဘူးရှင်၊ ခု ပန်းဝါရဲ့အဖြစ်က အဟင့် ဟင့် ဆရာရယ်. . ."

ပန်းဝါ ပြောရင်းငိုသည်။ ပန်းဝါကိုကြည့်ပြီး ဒေါက်တာမော်ကွန်းမှာ သူ့ရင်ကို ငြိမ်စွာ ထားရှိနေရပါလေ၏။

"ဘာဖြစ်လဲ ပန်းဝါရယ်၊ ပြောပါဦး. . ."

"ဆရာရယ် သားကိုထွက်ရှာတဲ့ ကိုသက်ဟာလေ အဲဒီနေ့က. .အဲဒီနေ့ကပဲ အဟင့်. .ဟင့် အဲဒီနေ့တစ်နေ့တည်းမှာပဲ သူတို့သားအဖနှစ်ယောက်စလုံး ပန်းဝါဆီကို မရောက်လာခဲ့ကြတော့ပါဘူးရှင်၊ အဟင့်. .ဟင့်. ."

"ဟင်. . ."

နားမလည်စွာ ဒေါက်တာမော်ကွန်း ငေးကြည့်နေမိလိုက်သည်။ နှုတ်ကမူ သူ မရှင်းသည့် စကားကို မမေးမိဘဲ ရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံတွေနှင့် ပန်းဝေစကားကိုပြန်ဆက်သည်။ ထိုအခါမှ သူသည် စိတ်ထိခိုက်လှစွာ ပန်းဝါအတွက် ခံစားလိုက်မိရပါလေတော့၏။

"ဟုတ်ပါတယ် ဆရာ၊ ကိုသက်နဲ့ကသားဟာ အဲဒီနေ့ကတည်းက ယနေ့အထိ ပန်းဝါဆီကို သူတို့ပြန်မရောက်လာတော့ပါဘူး ဆရာရယ်၊ သားကတော့ လောကကြီးထဲ ဘယ်ဝယ်ဘယ်ဆီ ရောက်နေတယ်ဆိုတာ ပန်းဝါမသိသလို ကိုသက်ကလည်း တမလွန်ကမ္ဘာမှာ ဘယ်ဝယ်ဘယ်ဆီမှာ နားခိုနေရှာမြီလဲဆိုတာ ပန်းဝါ မသိပါဘူး ဆရာရယ်. . ."

"ဟင်. .ဒါဖြင့် ကိုချစ်သက်လူ. . ."

အံ့သြလွန်း၍ ဒေါက်တာမော်ကွန်း စကားရှေ့မဆက်ဖြစ်ပါလေတော့။ သူ ပန်းဝါကို သနားကြင်နာစွာ ကြည့်နေဖြစ်ပါတော့သည်။

"ဟုတ်. .ဟုတ်ပါတယ် ဆရာ၊ အဲဒီနေ့ကတည်းက ကိုသက်ဟာ ကားမှောက်ပြီး ဒဏ်ရာပြင်းစွာနဲ့ ဆေးရုံပေါ်ကို ရောက်သွားရှာပါတယ်၊ ကိုသက်ရဲ့အဖြစ်ဆိုးကို ပန်းဝါ မမြင်ရက်ခဲ့ပါဘူး ဆရာရယ်၊ ပန်းဝါ သိပ်ထိခိုက်မိခဲ့ရပါတယ်၊ ကိုသက်က ပန်းဝါကို ပြောသွားရှာပါတယ်. . ."

ဆက်ပြောလာမည့် ပန်းဝါစကားကို သူ စိတ်ဝင်စားစွာ နားစွင့်နေမိလိုက်သည်။ ပန်းဝါကို ကြည့်နေမိသည့် သူ့မျက်လုံးညို အစုံမှာလည်း မသိမသာ အရည်ကြည်လေးများ ရစ်သိုင်းနေရလေသည် မဟုတ်ပါလား။





"အဟင့်. . ."

ပန်းဝါ တစ်ချက်ရှိုက်ပြီး စကားကိုပြန်ဆက်ပြောရှာသည်။

"ကိုသက်က သူ မနေရတော့ပါဘူးတဲ့၊ ပန်းဝါကို အထင်လွဲနေတဲ့ သူ့မိဘတွေကို သူ့ရဲ့အကြောင်းတွေ ဖွင့်ပြောပြပြီး ရှင်းပြလိုက်ပါတဲ့၊ သူ့ကိုယ်စား သားကို တွေ့အောင်ရှာပါတဲ့၊ အိမ်ထောင်အတွက် သာယာမှုတွေ ဘာမှမပေးနိုင်တဲ့ သူ့အပြစ်တွေကို ပန်းဝါ ခွင့်လွှတ်ပါနော်လို့ နောက်ဆုံး သူပြောသွားရှာပါတယ် ဆရာ. ."

"အဟင့်. .ဟင့် ပန်းဝါမှာလေ ကိုသက်နဲ့ သားတို့ ခွန့်ခွာပြီးကတည်းက ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး ရုန်းကန်ခဲ့ရတယ်၊ အမြို့မြို့အနယ်နယ်မှာ တာဝန်ထမ်းဆောင်ရင်းနဲ့လည်း သွားလေရာပါမကျန် သားကို စူးစမ်းရှာဖွေနေခဲ့ရပါတယ်. . ."

"ဒါပေမယ့် ဆရာရယ် သားဟာ ပန်းဝါတို့ဆီက ထွက်သွားတုန်း အရွယ်ကလေးဟာ တစ်နှစ်ခွဲအရွယ်လေးဆိုတော့ အခု ဒီအချိန်မှာ ပန်းဝါဘယ်လိုလုပ်ပြီး ရှာဖွေတွေ့နိုင်မှာလဲရှင်. . ."

"ပြီးတော့ သားမှာ ဘာမှအမှတ်အသားတွေလည်း မရှိဘူး၊ ပန်းဝါရဲ့သား ရှားရှားဟာ ကိုယ်ပေါ်မှာ အစွန်းအရာလေး တစ်စက်တစ်ပြောက်တောင် မွေးကတည်းက ပါမလာခဲ့တဲ့ သားပါ ဆရာ၊ သားဟာ စင်းလုံးချော ဖြူဖြူဖွေးဖွေးကြီးပဲဆိုတော့ ခုချိန်မြင်တာတောင် ပန်းဝါ ဘယ်လိုလုပ် သိနိုင်တော့မှာလဲ ဆရာရယ် အဟင့်..ဟင့်..."

"ဒါနဲ့ ကိုချစ်သက်လူရဲ့မိဘတွေနဲ့ ပန်းဝါအခြေတွေကရော. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမော်ကွန်းမှာ ပန်းဝါ၏စကားရှည်ကြီးကို နားထောင်နေဆဲမှ သိချင်သည်ကိုဖြတ်၍ မေးမိလိုက်ရလေသည်။

"အဟင့် .ဟင့် ကိုသက်မိဘတွေက ပန်းဝါကို အထင်လွဲပြီး ရှုံ့မုန်းကြသလို ကိုသက်မိဘတွေစကားနဲ့ ပန်းဝါအဒေါ်တွေကလည်း ပန်းဝါကို သူတို့အရှက်ခွဲတယ်ဆိုပြီး ကိုသက်အလောင်းဘေးမှာ ပက်ပက်စက်စက် ပြောလိုက်ကြ ရိုက်လိုက်ကြတာ ဆေးရုံက ဆရာဝန် ဆရာမတွေ ဝိုင်းဆွဲကြလို့တောင် မရပါဘူးရှင်. . ."

"ဟင်း. . ."

ပန်းဝါစကားကြောင့် သူ စိတ်ထိခိုက်လှစွာဖြင့် သက်မချပြီး နားထင်ကို လက်ညှိုးလက်မနှင့် ဖိထောက်ထားလိုက်ရလေ၏။ မျက်ရည်တွေသုတ်ပြီး ပန်းဝါကို စကားကိုဆက်သည်။

"အဲဒီအချိန်မှာ ပန်းဝါရှင်းပြလိုက်ရင် ရတယ်ဆိုတာ ပန်းဝါ သိပါတယ် ဆရာ၊ ကိုသက်ကလည်း ရှင်းပြခိုင်းသွားပါတယ်၊ ပန်းဝါကို အထင်သေးမခံဘဲ ရှင်းပြခိုင်းသွားပေမယ့် ပန်းဝါဘာမှမရှင်းပြခဲ့ပါဘူး ဆရာ. . ."

ဒေါက်တာမော်ကွန်းသစ်မှာ ပန်းဝါမျက်နှာလေးကိုသာ လှမ်းကြည့်နေလိုက်လေသည်။

"ဘာဖြစ်လို့ ပန်းဝါမရှင်းပြခဲ့တာလဲဆိုတော့ ကိုသက်ရှိစဉ်တုန်းကတောင် ကိုသက်ကို အနစ်နာခံပြီး ပန်းဝါပေါင်းခဲ့သေးတာပဲရှင်၊ ခုလို ကိုသက်ဆုံးသွားတဲ့ နောက်ပိုင်းမှာလည်း ကိုသက်ရဲ့ သိက္ခာကျမှုမရှိအောင် ထိန်းသိမ်းသွားတဲ့အနေနဲ့ ပန်းဝါကပဲ အနစ်နာ





ခံပြီး ကိုသက်သိက္ခာကို ဆက်လက်စောင့်ထိန်းသွားတော့မယ့်ဆိုတဲ့ ဆုံးဖြတ်ချက်ကြောင့်ပါ ဆရာရယ်. . ."

"တကယ်တော့ ပန်းဝါဟာ ကိုသက်ကို မချစ်ဘဲယူခဲ့ရပေမယ့် ကိုသက်ကို ပန်းဝါမမုန်းခဲ့ပါဘူး၊ ပန်းဝါနဲ့ယူပြီး မမျှော်လင့်ဘဲ ကိုသက်အဖြစ်ဆိုးကြောင့် ပန်းဝါကိုယူပြီးမှဖြစ်ရလေခြင်းဆိုပြီး ကိုသက်ဟာ သူ့ကိုယ်သူယူကျုံးမရ စိတ်ထိခိုက်ဝမ်းနည်းပြီး စိတ်အားငယ်နေရတဲ့အခါမှာ သူ့ကို ပန်းဝါ သိပ်သနားခဲ့ရပါတယ်. . ."

"ကိုသက်ရဲ့အဖြစ်ဆိုးကို သိရတဲ့အခါကျမှပဲ ပန်းဝါ ကိုသက်ကို သနားမဆုံးလို့ သနားချစ် ချစ်ခဲ့ရတော့တယ် ဆရာရယ်၊ တကယ်တော့ ကိုသက်ဘဝဟာ ဘယ်သူမပြု မိမိမှုဆိုတဲ့အတိုင်း သနားတော့ သနားစရာပါပဲ ဆရာရယ်. . ."

ဒေါက်တာမော်ကွန်း၏မျက်ဝန်းများမှာ ပန်းဝါဆီမှ လွှဲဖယ်ထားလိုက်ပြီး သောင်ခုံပန်းချီကားကြီးဆီသို့ ရောက်ရှိနေလိုက်လေသည်။ ပန်းဝါ၏အကြည့်များမှာလည်း သောင်ခုံပန်းချီကားကြီးထက်မှ ရွေ့လျားခြင်းမရှိသေးဘဲ စကားကိုဆက်လိုက်၏။

"ကိုသက်အဖြစ်ဆိုးက ဘာလဲလို့ ဆရာကတော့ သိချင်မှာပါပဲ၊ ဒါပေမယ့် ဒီအကြောင်းကိုတော့ ပန်းဝါ မပြောပါရစေနဲ့တော့ ဆရာရယ်၊ သွားလေသူ ကိုသက်သိက္ခာကို ပန်းဝါ ထိန်းသိမ်းထားပါရစေ. . ."

ပန်းချီကားကြီးဆီမှ အကြည့်များကို ဒေါက်တာမော်ကွန်း ဖယ်ရှားလိုက်သည်။ သူ့အကြည့်များသည် ပန်းဝါ၏မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ရောက်ရှိသွားရ၏။ သောင်ခုံပန်းချီကားပေါ်မှ ပန်းဝါအကြည့်များ ခွာလိုက်သည်။ မထင်မှတ်ဘဲ သူ့ထံသို့လှမ်းအကြည့် သူ့အကြည့်များကြောင့် ပန်းဝါရင်ထဲ လှုပ်ရှားမှုများမှာ ပြင်းထန်သွားရပါချေ၏။

"ဆရာ. . ."

"ပြောပါ ပန်းဝါ. . ."

သူ့အကြည့်များသည် မှင်တက်နေမိခြင်းမဟုတ်။ သူ့စကားသံမှာ အေးဆေးစွာ ထွက်ပေါ်လာရသည်။

"ဒီတစ်သက်တော့ ကိုသက်သွားရှာခိုင်းတဲ့ ပန်းဝါရဲ့သားကို ပြန်တွေ့ရတော့မယ် မထင်တော့ပါဘူးနော် ဆရာ. . ."

ပန်းဝါစကားကြောင့် လှုပ်ရှားသောရင်ကို ထိန်းရင်း သူထိုင်ရာမှ ထသွားလိုက်ပြန်ပါ၏။ ပန်းချီကားကြီးရှေ့ သူ သွားရောက်ရပ်နေလိုက်စဉ် ပန်းဝါထံမှ စကားကို သူကြားလိုက်ရလေသည်။

"ဆရာရယ်၊ ပန်းဝါရဲ့သားအတွက် ဆရာဘယ်လိုကူညီနိုင်မလဲရှင်. . ."

သူ့ရင်မှာ နင့်သွားရလေသည်။ သူ ဘာပြောရမည်နည်း။ သူစကားပြောရန် အားယူနေဆဲ ဆင်ဝင်အောက်သို့ ကားတစ်စီး ထိုးရပ်လာသံကြောင့် မမကြီးတို့ပြန်ရောက်ပြီကို သူ သိလိုက်ရတော့သည်။ သူ နာရီကို တစ်ချက်ကြည့်လိုက်သည်တွင် ၁၂ နာရီခွဲနေပြီကို တွေ့လိုက်ရလေတော့၏။

"ဟော့ မောင်လေးရေ၊ စားပြီးကြပြီလားကွယ့်. . ."



တိုက်ထဲသို့ ဝင်လာရင်း ဒေါ်ခင်သစ်မေးလိုက်သော စကားကြောင့်. . .

သူ ပန်းဝါဘက် လှမ်းကြည့်မိလိုက်ရပြီး. . .

"မမကြီးရယ်၊ အခုမှပဲ သတိရမိတော့တယ်ဗျာ၊ ကျွန်တော်တို့ စကားကောင်းနေတာနဲ့ ထမင်းစားဖို့တောင် မေ့နေကြတယ်"

"ဟောတော်. မောင်လေးရယ် ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ညီမကို အားနာလိုက်တာကွယ်. . ."

"ရပါတယ် မမကြီးရယ်၊ ပန်းဝါနဲ့ ဆရာလည်း မတွေ့ကြတာ ကြာတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလို့မကုန် ဖြစ်သွားကြတယ်လေ. . ."

"အို. .ဒီလို ထမင်းမေ့ ဟင်းမေ့တော့ ဘယ်ဖြစ်မလဲကွယ်၊ မောင်လေးကတော့လေ လုပ်မယ်၊ ဧည့်သည်ကို အိမ်ခေါ်ပြီးများကွယ် အားနာလိုက်တာ၊ ကဲ. .ကဲ. .မမကြီးတို့နဲ့ တစ်ခါတည်းပဲ စားလိုက်ကြရအောင်. . ."

ထမင်းစားနောက်ကျနေရသဖြင့် မခင်သစ်နှင့် မလှသစ်တို့မှာ ပန်းဝါကို ပျာယာခတ်စွာ အားနာမိရလေတော့သည်။ ထမင်းပွဲအွင်လည်း လိုလေသေးမရှိ။ မောင်ကိုယ်စား မျက်နှာပူစွာ ဂရုတစိုက်ရှိနေရလေ၏။

ထမင်းစားပြီးချိန်တွင် ဒေါက်တာမော်ကွန်းသစ်သည် ပန်းဝါအား ဧည့်ခန်းဆီသို့ ဂရုတစိုက် ခေါ်ထုတ်သွားလိုက်သည်ကို ခင်သစ်နှင့် မလှသစ်တို့မှာ မသိမသာကြည့်ကာ ကျေနပ်ရစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်းက. . .

"မမကြီး"

"ဟေ. . ."

မလှသစ်ခေါ်လိုက်သဖြင့် မောင်ဖြစ်သူထံ လှမ်းကြည့်နေသော မခင်သစ်မှာ အတွေးစစ မျက်နှာထားမျိုးနှင့် မလှသစ်ထံ ပြန်ကြည့်ရင်း ထူးလိုက်လေသည်။

မလှသစ်မှာလည်း မခင်သစ်၏ မျက်နှာအား အတွေးစစ မျက်နှာမျိုးနှင့် ကြည့်နေမိရပြီး တုံ့ဆိုင်းဆိုင်းစကားသံမျိုးဖြင့်. . .

"မောင်လေးကို သတိထားမိလား. . ."

"အေး. . ."

"မမကြီးက ဘယ်လိုသတိထားမိတာလဲ. . ."

"ထမင်းစားနေတဲ့တစ်ချိန်လုံး ငါ မောင်လေးကို သတိထားမိနေတာပါ လှရဲ့၊ သူ့ရဲ့မျက်လုံးတွေကလေ ပန်းဝါဆီမှာပဲ ရောက်ရောက်နေတယ်ဟဲ့. . ."

"ဟုတ်တယ် လှလည်း သတိထားမိတယ်၊ နောက်ပြီး သူ့မျက်လုံးလေးတွေဟာ ပန်းဝါကိုကြည့်တာ အရည်ကိုလည်နေသလားလို့. . ."

"အင်း .သူ တစ်မျိုးတော့ ထူးခြားနေတာ အမှန်ပဲ လှရဲ့"

"ဟုတ်တယ် မမကြီးရဲ့၊ ပန်းဝါဆိုတဲ့ညှို့သည်ကလည်း ချောလိုက်တာ မပြောပါနဲ့တော့နော်. . ."

"အေးကွယ် တော်တော်လှတဲ့ မိန်းကလေးပဲ၊ မိန်းမချောင်း





တောင် သူ့အလှကို ငေးယူရတယ်၊ မော်ကွန်းနဲ့က ဘယ်လိုသိကြလဲ မသိဘူးနော်. . ."

"ဘယ်ပြောတတ်မလဲကွယ်၊ ကဲ ကဲ အပြင်ထွက်ပြီး စကားပြော ညှို့ခံချည်ဦး၊ မမကြီးလည်း အကျီလဲပြီး ထွက်လာခဲ့မယ်"

မလှသစ်မှာ ညှို့ခန်းဆီသို့ ထွက်လာခဲ့ပြီး မောင်ဖြစ်သူနှင့်အတူ ပန်းဝါကို ညှို့ခံစကားပြောရင်း ပန်းဝါအလှကိုငေးကာ ကြည့်လိုက်၊ မောင်ဖြစ်သူအား ကြည့်ကာ မသိမသာ အကဲခတ်လိုက်နှင့် ရှိနေရပါလေတော့၏။

ထိုနေ့က ညနေလေးနာရီခွဲလောက်မှပင် ဒေါက်တာမော်ကွန်းသည် ပန်းဝါအား ဘော်ဒါဆောင်သို့ ပြန်ပို့ခဲ့ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်လေး -

"အန်တီ. . ."

"ဩော် .သား၊ ကဲ လာ လာ ပြပါဦး သားလက်ကလေး"

ဆေးရုံထဲသို့ ပန်းဝါဝင်လိုက်သည်နှင့် ပန်းဝါထက် ဦးစွာရောက်နှင့်နေသော ဇော်ဇော်မှာ ပန်းဝါကိုမြင်လိုက်သည်တွင် အားရဝမ်းသာ ပျော်ရွှင်သံလေးဖြင့် ခေါ်လိုက်ခြင်းပါ။

ပန်းဝါမှာလည်း ရှင်းသန့်၍ ချစ်စဖွယ်ချောမောနေသော ဇော်ဇော်အား မြင်လိုက်ရသည်တွင် ရင်ထဲအေးချမ်းသွားရခြင်းနှင့်အတူ ဆေးယည့်ခန်းထဲခေါ်ခဲ့ရင်း ကျောက်ပတ်တီးကိုင်ထားသည့် ဇော့်လက်ကလေးကို ဂရုတစိုက်ကြည့်မိလိုက်ရပြီး. . .

"သားလက်ကလေး အရောင်ကျသွားပြီနော်. . ."

လက်ချောင်းလေးများကိုင်စမ်းရင်း ပန်းဝါ ဆိုသဖြင့်. .

"ဟုတ်တယ် အန်တီ၊ ဇော် လက်ကောင်းသွားပြီ ထင်တယ်



နော်. . ."

"ကောင်းတော့ မကောင်းသေးဘူးလေ သားရဲ့၊ ဒါပေမယ့် ကောင်းခါနီးပါပြီ. . ."

"ဒါကြီး ဘယ်တော့ဖြုတ်ပစ်မှာလဲ အန်တီ. . ."

ကျောက်ပတ်တီးကို ကိုင်စမ်းရင်း ဇော် မေးလိုက်သည်။

"မကြာတော့ပါဘူး သားရယ်၊ ဘာဖြစ်လို့လဲ၊ သားက ဖြုတ်ချင်နေပြီလား. . ."

ဇော်ဇော့်မျက်နှာလေး ကိုင်စမ်းရင်း ပန်းဝါမှာ စကားဆိုနေလိုက်လေသည်။ လှပအေးချမ်းသော ပန်းဝါမျက်နှာကိုလည်း ဇော်ဇော်မှာ ချစ်စဖွယ်အပြုံးတွေနှင့် မော်ကြည့်ရင်း. . .

"ဟုတ်တယ် အန်တီ၊ သားဖြုတ်ချင်နေပြီဗျ၊ သားကျောင်းပျက်နေတာ ကြာပြီမဟုတ်လား၊ အခုတောင် သားစာတွေ အန်တီဝင်းမာက နေ့တိုင်းကူးပေးနေရတာ. . ."

"ဟုတ်လား၊ ဖြုတ်ရမှာပါသားရယ်နော်၊ အခုတော့ နည်းနည်းအောင့်လိုက်ပါဦး ဟုတ်လား၊ ဒါနဲ့ အခုဆေးရုံကို ဘယ်သူနဲ့လာလဲဟင်. . ."

"ဇော်တစ်ယောက်တည်းလာတာ အန်တီရဲ့၊ ဇော့်တို့အိမ်ကနီးနီးလေးပါ၊ ကားလမ်းလည်း မကူးရပါဘူး. . ."

"အိမ်ကလူကြီးတွေ သိရဲ့လားဟင်. . ."

"သိပါတယ် အန်တီရဲ့၊ ဇော်က ဘွားဘွားတို့ အန်တီတို့ကို အားနာလို့ လိုက်မပို့ခိုင်းတာပါ. . ."

www.burmeseclassic.com



"အဟင်း. .ဟင်း၊ သားကကွယ် သိပ်လိမ္မာတာပဲ၊ ကဲ အန်တီ သားကိုဆေးထိုးပေးမယ်နော်. . ."

"ဟုတ်ကဲ့ အန်တီ. . ."

ဇော်ဇော်အား ဆေးထိုးရန် တစ်ဘက်သို့လှည့်ပြီး ဆေးထိုး အပ်ကို ပြင်နေလိုက်စဉ် ဇော်ဇော်မှာ လူနာခုတင်ထက်တက်ပြီး စောင့်ကာ ကြည့်နေလိုက်မိ၏။

"ပန်းဝါ. . ."

ဆေးထည့်ခန်းအပေါက်ဝဘက်မှ ခေါ်သံကြားလိုက်သဖြင့် ပန်းဝါကော ဇော်ဇော်ပါ လှမ်းကြည့်မိလိုက်ကြပြီး ပန်းဝါက. . .

"သြော်. .ဆရာ ရောက်ပြီလား. . ."

"ခုပဲရောက်တာ၊ ပန်းဝါရောက်ပြီလားလို့ လိုက်ရှာရင်း ဒီမှာ တွေ့တာပဲ. . ."

"ကိစ္စရှိလို့လား ဆရာ. . ."

ပန်းဝါမေးလိုက်သော စကားကြောင့် ဒေါက်တာမော်ကွန်း မှာ ရုတ်တရက်ဘာပြန်ပြောရမည်မှန်း မသိဖြစ်နေဆဲ. . .

"ဦး. .ဦး. . ."

"သြော် သားက စောစောစီးစီးကြီး ရောက်လာပါလားကွ"

"စောစောလာ စောစောပြီးတော့ ကောင်းတာပေါ့ ဦးဦးရာ၊ ဒါမှ အိမ်ပြန်ရောက်ရင် အေးအေးဆေးဆေး စာကျက်ရတာပေါ့"

"အဟင်း. .ဟင်း ဆရာရေ ဇော်ကတော့ ကျောက်ပတ်တီး ဖြေချင်ပြီတဲ့၊ သူ စာတွေနောက်ကျနေပြီလို့ပဲ နေ့တိုင်းပြောနေတာပဲ"





"ဟုတ်လား ဇော်၊ ဖြေရမှာပေါ့ကွာ၊ မကြာတော့ပါဘူး၊ နည်းနည်းတော့ အောင့်နေဦးနော်. . ."

"ကဲ သားရေ ဆေးထိုးရအောင်နော်. . ."

"ဟုတ်ကဲ့. . ."

ဇော် ကိုယ်လေးစောင်းပေးလိုက်သည်။

ပန်းဝါ ဆေးထိုးပြီးချိန်တွင် ဇော်၏တင်ပါးလေးအား ဒေါက်တာမော်ကွန်းက ညင်သာစွာ ပွတ်ပေးနေလိုက်လေသည်။ ပြီးတော့ ဇော့်ကိုယ်လေးအား ခုတင်ပေါ်မှ ထူမပေးလိုက်ပြီး ဇော့် ဘောင်းဘီလေးမှ ကြယ်သီးကို ဒေါက်တာမော်ကွန်းမှာ သေချာစွာ တပ်ပေးနေရင်းက. . .

"သားရဲ့ ဘောင်းဘီလေးက လှလိုက်ချည်လားကွ၊ အင်္ကျီ လေးကလည်း လှတာပဲ. . ."

"ဆရာရေ ဇော်က ဇာတ်လိုက်ပေါက်စလေးပဲ၊ ဇော့်အဝတ် အစားတွေက နေ့တိုင်းတစ်နေ့တစ်မျိုးနဲ့ အကုန်လှလှလေးတွေပဲ"

"အဟင်း. .ဖေဖေက ဝယ်ပေးတာပါ ဦးဦးနဲ့ အန်တီရဲ့"

"ဟုတ်လား၊ ဇော့်ဖေဖေက ဇော်နဲ့လိုက်တဲ့အင်္ကျီလေးတွေ ရွေးပြီးဝယ်တတ်သားပဲကွ. . ."

"ဖေဖေက ဇော့်ကိုသိပ်ချစ်တာ ဦးဦးရဲ. . ."

"မေမေကတော့ မချစ်လို့လား သားရယ်. . ."

ပန်းဝါမှာ ဇော်၏အကြောင်းလေးအား တစ်စွန်းတစ်စ သိထားသဖြင့် ဇော့်မျက်နှာလေးကြည့်ပြီး မသိသလိုမေးကြည့်မိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပါ။

"ဇော့်မေမေက ဒီမှာမရှိဘူး အန်တီ. . ."

ဇော် ဝမ်းနည်းသလို ဆိုရှာသည်။

"ဟင် ဟုတ်လား၊ ဇော့်မေမေက ဘယ်မှာတဲ့လဲဟင်. ."

"ဖေဖေကပြောတယ် အန်တီရဲ့၊ ဇော့်မေမေက ဟို နိုင်ငံခြားမှာတဲ့၊ ဖေဖေနဲ့ မခေါ်တော့ဘူးတဲ့. . ."

"ဪ. . ."

ပန်းဝါသဘောပေါက်စွာ စိတ်မကောင်းသလို ဆိုမိ၏။

ဒေါက်တာမော်ကွန်းမှာလည်း ဇော်ဇော်၏စကားတို့ကို နားထောင်မိရင်း ဇော့်ဖေဖေ၏ အိမ်ထောင်ရေးအဆင်မပြေမှုတစ်ရပ်ပဲ ဟု သဘောပေါက်မိရပါလေတော့၏။

"ဦးဦးနဲ့ အန်တီ သားပြန်တော့မယ်နော်. . ."

ဇော်ဆိုရင်း ခုတင်မှဆင်းမည်အပြု ဒေါက်တာမော်ကွန်းမှာ ဇော့်ကိုယ်လေးကို ချီချပေးလိုက်လေသည်။

"အခု ဇော်က ဒီမှာဘယ်သူနဲ့ လာနေလဲ. . ."

ဇော့်လက်ကလေးဆွဲကိုင်ကာ ဇော့်ကို လိုက်ပို့ရင်း ပန်းဝါ မေးမိလိုက်သည်။ ဒေါက်တာမော်ကွန်းမှာလည်း ဇော်၏သေးတစ်ဘက်တွင် ပါလာရပြီး ဇော်ပြောမည့်စကားတို့ကို နားစွင့်နေလိုက်မိလေ၏။

"ဇော်က အန်တီဝင်းမာတို့နဲ့ ဒီမှာလာနေတယ် အန်တီ၊ ဖေဖေကတော့ မန္တလေးမှာပဲ. . ."





"သားဆီ မလာဘူးလား. . ."

"လာပါတယ် အန်တီ၊ ဖေဖေက သားနဲ့ခွဲနေရတော့ သားကို သိပ်အောက်မေ့တယ်တဲ့၊ ဖေဖေလာတိုင်း သားအတွက် မုန့်တွေနဲ့ အကျီတွေပါလာတယ်၊ တစ်ခါတစ်လေလည်း လူကြုံနဲ့ ဖေဖေ ဝယ်ထည့်ပေးလိုက်တယ်. . ."

"ဇော်ကော ဇော့်ဖေဖေကို မအောက်မေ့ဘူးလား. . ."

"အောက်မေ့တာပေါ့ဗျာ၊ ဇော်က ဖေဖေ့ကို သိပ်ချစ်တာပါ၊ ဇော်ကြီးလာရင်း ဖေဖေနဲ့ပြန်နေမှာ အန်တီရဲ့. . ."

ဇော့်ကိုလိုက်ပို့ရင်း စကားတွေပြောလာခဲ့ရင်းနှင့် ဆေးရုံအောက်ထပ်သို့ ရောက်လာခဲ့ကြလေသည်။

"အန်တီ ဇော် သွားတော့မယ်နော်. . ."

ပန်းဝါ ခေါင်းညိတ်ပြလိုက်မိသည်။

"ဦးဦး သားသွားတော့မယ်ခင်ဗျ. . ."

"ကောင်းပြီ သား. . ."

အပြုံးလေးများနှင့် လှည့်ကြည့်နှုတ်ဆက်ကာ ဆေးရုံဝင်းထဲမှ ဇော်ဇော် ထွက်သွားလိုက်လေတော့၏။ ပန်းဝါမှာ ဇော်ဇော်၏ နောက်ကျောလေးကွယ်ပျောက်သွားသည်အထိ ငေးမောကြည့်နေရပြီးမှ. . .

"ဆရာ. . ."

"ပန်းဝါ. . ."

စောစောကတည်းက ပန်းဝါကိုငေးနေသော ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မော်ကွန်းမှာ ပန်းဝါ၏ရင်ထဲ မည်သို့ရှိနေမည်ကို သူသိနှင့်ပြီးသားပါ။

"ပန်းဝါရဲ့သား ရှားရှားလေးဟာလည်း ခုဆို ဒီအရွယ်လေး ပါပဲဆရာ. . ."

သူ စကားမဆို။ ခေါင်းသာတစ်ချက်ညိတ်ပြလိုက်လေသည်။

ပန်းဝါမှာ ဓော်ဓော်ပြန်သွားရာလမ်းသို့ အတန်ကြာကြည့်နေမိပြီးမှ တိတ်ဆိတ်စွာ ဆေးရုံပေါ်သို့ ပြန်တက်လာခဲ့လိုက်ပါလေ၏။ ဒေါက်တာမော်ကွန်းသည်လည်း ပန်းဝါနောက်မှ တိတ်ဆိတ်စွာပင် တက်လိုက်သွားမိလေသည်။

ထိုနေ့က ဒေါက်တာမော်ကွန်းသည် အလုပ်ချိန်များအတွင်း ပန်းဝါအားတွေ့နေ မြင်နေရဆဲမှ သူသည် နှလုံးသားရေးရာ အကြောင်းများအား မည်သို့မည်ပုံ ဖွင့်ဟပြောဆိုရမည်ကို စဉ်းစားရင်း ရှိနေခဲ့ရပါချေ၏။

မှန်သည်။ ဒေါက်တာမော်ကွန်းအနေဖြင့် တစ်ချိန်က သူ့ရှေ့တွင် ကိုချစ်သက်လူတစ်ယောက် ရှိနေခဲ့ရသဖြင့် သူသည် သူ၏ နှလုံးသားခံစားမှုများအား လူမသိသူမသိ သိုဝှက်ထားခဲ့ရပါလေ၏။

ယခုသော်ဖြင့် ကိုချစ်သက်လူသည် သူ့ရှေ့တွင်မရှိပါလေတော့။ ကိုချစ်သက်လူသည် ပန်းဝါ၏ဘဝထဲတွင် အပြီးတိုင် ပျောက်ကွယ်သွားခဲ့လေပြီဖြစ်သောကြောင့် သူ့အနေနှင့် ဗထမနှလုံးသား ပထမအကြိမ်အဖြစ် ပန်းဝါနှလုံးသားနှင့် ဘဝအား ရယူပိုင်ဆိုင်ဖို့ရန် အခွင့်အရေးကား ရောက်ရှိလာခဲ့ရလေပြီ မဟုတ်ပါလား။

သို့သော် ဒေါက်တာမော်ကွန်းမှာ ပန်းဝါ၏ အရိပ်အခြည်





အား ခေတ္တစောင့်ဆိုင်းကြည့်ရင်း သူ့နှလုံးသားပုံပြင်အား သိစေရန် တင်ပြလိုက်ပြီးနောက် ပန်းဝါ သူ့အပေါ်မည်သို့ယူဆကာ ဆက်ဆံတော့မည်နည်း။

နောက်ပြီး ကိုချစ်သက်လူအပေါ် ပန်းဝါ၏နှလုံးသား ဆုံးဖြတ်ချက်မှာ မည်သို့ယတိပြတ် ဆုံးဖြတ်ထားမှုများ ရှိလေသနည်း။ ဤသည့်အချက်များအတွက် သူသည် ချင့်ချိန်ကာ စဉ်းစားတွေဝေ ကြောင့်ကြမှုများလည်း ရှိနေရပါချေ၏။

ဒေါက်တာမော်ကွန်းသည် ပန်းဝါအား အလုပ်ချိန်အတွင်း မြင်ရတွေ့ရ စကားပြောနေခွင့်များ ရှိခဲ့ပါသော်လည်း ဂျူတီချိန်ပြီး၍ အိမ်ပြန်ချိန်ရောက်လေတိုင်း သူသည် ပန်းဝါအား လွတ်လပ်စွာ တွေ့ဆုံခွင့်များ မရရှိသည်ကလည်းတစ်ကြောင်းအပါအဝင် ဖြစ်နေရပါသေး၏။

ပန်းဝါနေထိုင်ရာ ဆော်ဒါဆောင်သို့ သူလိုက်သွားလျှင်တော့လည်း ရပါသည်။ သို့သော် သူ့အနေဖြင့် ပန်းဝါအား ခဏခဏ သွားရောက်တွေ့ဆုံနေခြင်းဖြင့် ပန်းဝါ၏ ဂုဏ်သိက္ခာအား ထိပါးသွားမည်လည်း စိုးလှသည်ပါ။

သူရောကိုယ်ပါ ဆယ်ကျော်သက်များ မဟုတ်လေတော့ သူ့ဘက်ကိုယ့်ဘက် ထောက်ထားမှုများလည်းရှိနေရသေးသည် မဟုတ်ပါလား။

ဟင်း ပန်းဝါရယ်၊ ကျွန်တော့်ရင်ထဲမှာ ဘာတွေရှိပြီး ဘာတွေ ဖြစ်နေလဲဆိုတာ ခင်ဗျားထွင်းဖောက်ကြည့်တတ်မှ ပါလားဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါရယ် ကျွန်တော် ခင်ဗျားကို ပိုင်ဆိုင်ခွင့်ပေးပါလားဗျာ၊ ကျွန်တော် ခင်ဗျားကို ပိုင်ဆိုင်ပါရစေ၊ ပန်းဝါရယ် ချစ်တယ်ဗျာ. . .။ ပန်းဝါ ရယ်. . . ဟင်း . . .

ဒေါက်တာမော်ကွန်းကား ပန်းဝါနှင့်အတူတကွ အမိုးတစ်ခု တည်းအောက်၌ အလုပ်အတူလုပ်နေကြရသည့်တိုင် တစ်နေ့တစ်နေ့ သူသည် ပန်းဝါအား မသိမသာကြည့်ရင်း ငေးရင်း သူ့အဖြစ်များ လည်း မချိတင်ကဲရှိစွာနှင့် တွေးရင်းတောရင်းနှင့်ပင် နာရီချိန်လေး များအား ရက်သည် စားပစ်ကုန်ဆုံးနေစေရတော့သည် မဟုတ်ပါ လား။ ။

✼ ✼ ✼



– နှစ်ဆယ့်ငါး –

"ဩော်. .ဟိုမှာ တို့ဆရာ ဓာတ်လိုက်လာပြီဟေ့. ."

ဒေါက်တာရီလေး၏ ပြောလိုက်သောစကားကြောင့် ဆရာမ လေးများနှင့်အတူ အမှတ်မထင် ပန်းဝါပါ လှမ်းကြည့်မိလိုက်ရ လေသည်။

အချိုးအစား ပြေပြစ်လွန်းသော အလုံးပေါက်၊ မြင့်သော အရပ်နှင့် ခြေလှမ်းအချိုးပါ စမတ်ကျစွာ လှပနေသော ဒေါက်တာ မော်ကွန်းသည် ဆေးသေတ္တာမည်းမည်းပြားပြားလေးကို လက်တစ် ဘက်တွင် ဆွဲလျက် လျှောက်လှမ်းလာသည်ကို သူတို့အားလုံး မြင်လိုက်ကြရသဖြင့်. . .

"ဆရာကတော့ နာမည်ကြီးပဲနော် ဒေါက်တာ. . ."

ဒေါက်တာရီလေးဘက်လှည့်ကာ မသိမသာ တိုးတိုးဘျိတ် တျိတ်လေးပြောလိုက်သော ဆရာမလေးတစ်ဦး၏စကားကြောင့် ဒေါက်တာရီလေးမှာ ဖော်ရွေစွာပြုံးရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း. .၊ အဟင်း. .လူဆိုတာ ခံစားမှုတစ်မျိုးစီတော့ ရှိကြမှာပေါ့ကွယ်၊ တကယ်တော့ ဆရာဟာ စံတင်လောက်တဲ့ နှလုံးသားပိုင်ရှင်တစ်ယောက်ပဲလို့ တို့ကတော့ ပြောချင်တယ်. ."

ဒေါက်တာရီလေးစကားအဆုံး ပန်းဝါနှင့်တကွ ဆရာမလေးများအားလုံးမှာ မှင်သေသေနှင့် နှုတ်ဆိတ်နေမိလိုက်ကြတော့သည်။ ချောမောမျက်နှာမှ ရည်မွန်တည်လွင်သော အပြုံးများနှင့် ဒေါက်တာမော်ကွန်းသည် သူတို့ရှေ့သို့ရောက်လာခဲ့ရပြီမဟုတ်ပါလား။

"အဟွန်း ကြည့်ရတာ မသက်ာဘူးဗျ နော်. . ."

"ဘာမသက်ာတာလဲ ဆရာရဲ့. . ."

ရင်းနှီးသောအပြုံးတွေနှင့် ဒေါက်တာရီလေး ပြန်မေးလိုက်သည်တွင်. . .

"အဟွန်း. .ဆရာမတို့လူစု ကျွန်တော့်အတင်းပြောနေကြတယ်မဟုတ်လား. . ."

သူ့စကားကြောင့် ပန်းဝါမှာ အလိုလိုပြုံးမိသွားရလေသည်။ ဒေါက်တာမော်ကွန်းသည် ပန်းဝါအား တစ်ချက်မျှအလစ်တွင် ခိုးကာ ငေ့ကြည့်လိုက်ပြီး. . .

"ကဲ. .ပြောစမ်း ဆရာမစန်းစန်း၊ မနေ့ကခွဲစိတ်ခန်းထဲမှာ ကျွန်တော်ကမျက်လုံးနဲ့ တစ်ချက်ကြည့်လိုက်တာကို ကြောက်ဒူးများ တောင် တုန်သွားရတယ်ဆိုတဲ့သတင်း ကျွန်တော့် မနေ့ကတည်းက ပြန်ကြားမိပါရဲ့ဗျာ၊ အခု အဲဒါကိုမကျေနပ်သေးလို့ ဒီမှာစုဝေးပြီး ဖောက်သည်ချနေတယ်ပေါ့လေ ဟုတ်လား. . ."



"အို. .ဆရာကလည်း မဟုတ်ပါဘူးရှင့်. . ."

ဆရာမလေးမှာ မနေ့ကအဖြစ်အတွက် ရှက်ရှက်နှင့် ငြင်းရရှာသည်။

"ဘာမဟုတ်ရမှာလဲ၊ ခွဲခန်းထဲမှာ အလွဲတွေချည်းပဲ လုပ်နေတယ်၊ ဒါကြောင့် ကျွန်တော်က စိတ်ပျက်ပျက်နဲ့ တစ်ချက်ကြည့်မိလိုက်တာပါဗျ. . ."

"အို ဆရာကလည်း မဟုတ်ရပါဘူးဆို. . ."

"တကယ်လားဗျာ. . ."

"တကယ်ပါ ဆရာရဲ့. . ."

"ဒါဖြင့် တစ်ခုခုပဲ၊ ကဲ. .ဒေါက်တာရီလေး ဒီထဲမှာ ခင်ဗျားက ဆရာပဲ၊ ကျွန်တော့်ကိုကြည့်ပြီး ပါးစပ်လှုပ်တာ မြင်တယ်ဗျ နော်၊ လိမ်လို့မရဘူး. . ."

"အဟင်း. .ဟင်း. .မလိမ်ပါဘူးရှင်၊ မလိမ်ရဲပါဘူးတဲ့၊ ကျွန်မက တို့ဆရာဇာတ်လိုက်လာပြီလို့ ပြောလိုက်လို့ ကြည့်မိလိုက်ကြတာပါ. . ."

"အံမယ် သွေးကြီးစရာကြီးပါလားဗျ၊ နေရင်းထိုင်ရင်း ကျွန်တော် ဆရာဝန်က ဇာတ်လိုက်တွေဘာတွေဖြစ်လို့ပါလား၊ ဟွန်း.. ဟွန်း. . ."

"ဇာတ်လိုက်လို့အခေါ်ခံရပြီး ခုထိမစွံသေးတာက ခက်တယ် ဆရာရဲ့. . ."

ဆရာမယုယုပြောလိုက်သော စကားကြောင့် ဒေါက်တာ

www.burmeseclassic.com



မော်ကွန်းမှာ ရီဝေဇေရှက်ပြုံးလွန့်လွန့်လေး ရှိသွားရပြီး. . .

"ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ဗျာ၊ ကဲ. .ကျွန်တော် သွားလိုက်ပါဦးမယ်. . ."

သူဆိုပြီး ထိုနေရာမှဆက်၍ ထွက်သွားလိုက်လေတော့သည်။ သူ့နောက်ကျောကိုကြည့်ရင်း ဒေါက်တာရီလေးက. . .

"ယုယုမေးလိုက်တာ လူပျိုကြီး ထိသွားပြီနဲ့တူတယ်၊ အဟင်း..ဟင်း . . ."

"ဆရာရဲ့သတင်းကတော့ တက္ကသိုလ်မှာလည်း သင်းနေတာပဲ မမရီလေးရဲ့. . ."

"အင်းလေ ဟုတ်မှာပေါ့၊ တက္ကသိုလ်က ဆရာမလေးကလည်း ခုထိအပျိုကြီးပဲ လုပ်နေသေးတာကိုး၊ ဆရာမကလည်း သဘောကောင်းတယ်လေ၊ ဆရာ့ကို နားလည်ရှာတယ်. . ."

"မမရီလေး. . ."

"ဘာလဲ ယုယု..."

"ဆရာ့မှတ်တမ်းထဲမှာ ရေးထားတာကိုတော့ မမရီလေးက ပိုသိမှာပေါ့နော်၊ ဘာတွေရေးထားတာလဲဟင်. . ."

"သူများ ကိုယ်ရေးကိုယ်တာကို မသိချင်ပါနဲ့ကွယ်၊ မကောင်းပါဘူး၊ ဒါပေမယ့် ဆရာဟာ အံ့ဩဖို့သိပ်ကောင်းတယ်ဆိုတာလောက်ပဲ သိထားကြပါတော့ကွယ်. . ."

"စန်းစန်းတို့လည်း ပြောသံကြားမိတယ် မမ. . ."

"ဘာကိုလဲ. . ."



စန်းစန်းပြောလာမည့် စကားတို့ကို ပန်းဝါမှာလည်း စိတ်ဝင်စားစွာ နားစွင့်နေမိလိုက်လေသည်။ နားထောင်နေရင်းလည်း ပန်းဝါရင်မှာ မသိမသာ ဝမ်းနည်းခြင်းများဖြင့် လှုပ်ရှားနေမိရပါလေ၏။

"ဆရာနဲ့ယူမယ်ဆဲဆဲ ပျက်သွားတဲ့ သက်စုလှိုင်ဆိုလားပဲ"

"အင်း သက်စုလှိုင် ဟုတ်တယ်၊ အဲဒါဘာဖြစ်လဲ"

ဒေါက်တာရီလေးက စကားထောက်မေးလိုက်သည်။

"အဲဒီ သက်စုလှိုင်ရဲ့ ညီမဝမ်းကွဲက ပြောတယ်လေ၊ ဒေါက်တာမော်ကွန်းက သူသိပ်ချစ်တဲ့မိန်းမတစ်ယောက် ရှိတယ်တဲ့၊ အဲဒီမိန်းမမှာက အိမ်ထောင်နဲ့တဲ့၊ ပြီးတော့ ဒေါက်တာမော်ကွန်းမှာ အဲဒီမိန်းမနဲ့ရတဲ့ ကလေးလည်းတစ်ယောက်ရှိတယ်တဲ့၊ ဟုတ်လားဟင်. . ."

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူး. ."

"ဟင်. .မမရီလေးစကားကလည်း ဘယ်လိုကြီးလဲ. . ."

ဒေါက်တာရီလေးစကားကြောင့် ပန်းဝါပါ နားမလည် ဖြစ်သွားရလေသည်။

"ဒီထက်လည်း ရှင်းမပြချင်ဘူး မကောင်းဘူးပေါ့ကွယ်"

"မှတ်တမ်းထဲမှာ ဆရာက အဲဒီမိန်းမကို ဘယ်လောက် ချစ်ရကြောင်း၊ ဘယ်လောက်မြတ်နိုးရကြောင်း၊ ဘယ်လောက်လွမ်းကြောင်းတွေ အို စုံနေတာပဲတဲ့ ရေးထားတယ်ဆို. . ."

"အင်းလေ ဒါကတော့ သူ့တစ်သက်မှာ သိပ်ချစ်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတော့ သူရေးထားမှာပေါ့ကွယ်. . ."

"ပြီးတော့ သက်စုလှိုင်ညီမက ပြောသေးတယ် မမရဲ့"

"ဘာတဲ့လဲ. . ."

ဒေါက်တာမော်ကွန်း၏ မှတ်တမ်းအကြောင်းအား ပန်းဝါနှင့် တကွ ဆရာမလေးများအားလုံးမှာ စိတ်ဝင်စားစွာ နားထောင်နေမိကြရင်း သူတို့မျက်လုံးလေးပေါင်းများမှာလည်း ဒေါက်တာရီလေးနှင့် ဆရာမစန်းစန်းတို့အား တစ်လှည့်စီ ကြည့်နေမိကြရလေ၏။

"ဆရာ့မှတ်တမ်းကို ဖွင့်လိုက်တယ်ဆိုတာနဲ့ ထိပ်ဆုံးခေါင်းစည်းမှာ ရေးထားတာက 'မေ့နိုင်ပေါင်'တဲ့၊ နောက်တော့ အဲဒီနားက ဆက်မရေးထားဘဲ ကွက်လပ်လုပ်ထားတယ်တဲ့. . ."

ဒေါက်တာရီလေးမှာ သူမဖတ်ခဲ့ရသည့် ဒေါက်တာမော်ကွန်း၏ မှတ်တမ်းစာအုပ်လေး၏ ပထမစာမျက်နှာအား ပြန်လည်မြင်ယောင်မိရကာ ခေါင်းလေးတညိတ်ညိတ်ဖြင့် ရှိနေမိလေ၏။

"ဒါပေမယ့် မမရီလေးရယ်၊ ဆရာ့ခံစားမှု မှတ်တမ်းက ဆုံးသာသွားတယ်၊ အဲဒီမှတ်တမ်းထဲ ရည်ရွယ်ရေးထားတဲ့ သူ့ချစ်သူဟာ ဘယ်သူဘယ်ဝါရယ်တောင် မသိပါဘူးတဲ့လေ. . ."

"ဟုတ်တယ် ဆရာရေးထားတဲ့ အဲဒီမှတ်တမ်းထဲမှာ ဘယ်ဒေသ၊ ဘယ်မြို့ဆိုတာလည်း မပါသလို သူ့ချစ်သူရဲ့နာမည်ကိုလည်း ထည့်မရေးထားဘူး၊ ထည့်ရေးထားရင်လည်း ဘယ်ကောင်းဘယ်သင့်တော်ပါ့မလဲကွယ်. . ."

"ဆရာ့အကြောင်းက စိတ်ဝင်စားစရာကြီးပဲနော် မမ. ."





"ဟုတ်တယ် ဆရာဟာ လူရော ဘဝပါ စိတ်ဝင်စားစရာ သိပ်ကောင်းပြီး သိပ်သနားစရာလည်းကောင်းတယ်လို့ တို့ကတော့ သူ့ကို မြင်မိတယ်. . ."

သူတို့စကားတို့ကို ပန်းဝါဆက်နားမထောင်ပါလေတော့၊ ထိုနေရာမှ ပန်းဝါ ထွက်ခွာလာခဲ့လိုက်လေတော့သည်။ ထွက်ခွာလာရာ ပန်းဝါ၏ခြေလှမ်းများသည် နှေးကွေးနေရချေ၏။ ပန်းဝါ၏ ရင်ထဲတွင်ကား ဆိုဖွယ်မရှိပါလေ။

ဆရာရယ်. .ပန်းဝါရဲ့မျက်လုံးထဲမှာလေ သောင်ခုံက မြင်ကွင်းလေးဟာ ခုထိ သက်ဝင်လှုပ်ရှားနေဆဲပါပဲရှင်၊ ဒါပေမယ့် ပန်းဝါရှက်ပါတယ် ဆရာ၊ လူမသိသူမသိ တိတ်တခိုး တစ်ဖက်သတ်ကြီးအနေနဲ့ ဆရာ့အပေါ် ပန်းဝါစိတ်ဝင်စားခဲ့မိတာ ပန်းဝါ ခုတော့ သိပ်ရှက်နေမိပါတယ်. . .။

ဆရာရယ် ပန်းဝါဘဝမှာလေ ပန်းဝါရဲ့နှလုံးသားရင်ပြင်ကို စတင်လှုပ်ရှားနိုင်သူဟာ ဆရာပါ၊ ဟုင်း ဒါပေမယ့်လေ ခုတော့ ပန်းဝါက ကလေးအမေ၊ ပြီးတော့ မုဆိုးမဘဝ၊ ဆရာက အသိုင်းအဝိုင်းကောင်းတဲ့ ဂုဏ်ရှိတဲ့လူပျိုလူလွတ်၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ရယ်ပါ. . .။

ဆရာရယ် ပန်းဝါလေ လွန်ခဲ့တဲ့အချိန်တွေက ဆရာနဲ့ ပန်းဝါတို့ရဲ့ တွေ့ဆုံရတဲ့ အကြိမ်တွေနည်းခဲ့ပေမယ့် အဲဒီတွေ့ဆုံခဲ့ရတဲ့ အချိန်လေးတွေက လှုပ်ရှားမှုအရိပ်လေးတွေဟာ မမေ့နိုင်တော့တဲ့ ပန်းဝါရဲ့ထာဝရလွမ်းမှု မှတ်တိုင်လေးတွေပါပဲရှင်. . .။

www.burmeseclassic.com



"ပန်းဝါ. . ."

"အို အမ်မေ့၊ ဪ. .ဆရာ. . ."

ပန်းဝါမှာ သတိလက်လွတ် လွမ်းဆွေးမှုအတွေးများနှင့် လျှောက်လာဆဲ အခန်းထောင့်ချိုးအကွေ့တစ်ခုမှ ပေါ်ထွက်လာသော ဒေါက်တာမော်ကွန်း၏ ခေါ်လိုက်သံကြောင့် လန့်တုန့်ကလေး ဖြစ်သွားရရှာရှင်းမှ မလုံမလဲလေး ကြည့်လိုက်မိရှာ၏။

"ဆောရီး. .လန့်သွားတယ်ထင်တယ်. . ."

"အဟင်း. . ."

လျော့ရဲသောရက်ပြုံးလေးနှင့် ပန်းဝါ ရှိနေလိုက်၏။ ဒေါက်တာမော်ကွန်းသည် ပန်းဝါ၏နွမ်းနယ်ဟန် မျက်နှာကလေးကို ကြည့်မိရပြီး. . .

"ပန်းဝါ. . ."

"ရှင် ဆရာ . . ."

"ညနေကျရင် ကျွန်တော့်ကိုကျေးဇူးပြုပြီး စောင့်ပါလားဟင်"

"ညနေကျရင် ပန်းဝါမအားဘူး ဆရာ . . ."

သူ့ကိုမြင်လျှင် ရက်ခြင်းနှင့် ဝမ်းနည်းစွာ ခံစားရလွန်းသဖြင့် ပန်းဝါ သူ့ကိုမတွေ့ချင်ပါ။ ထို့ကြောင့်ပင် ပန်းဝါမှာ ကြိုတင်၍ ရှောင်ရှားမိသော စကားမျိုးကို ဆိုမိရပါလေ၏။

"ဘာကိစ္စရှိနေလို့လဲကွာ. . ."

"ဟိုလေ အဆောင်မှာ ထွေးထွေး နေမကောင်းဘူး ဆရာ၊ ဒါကြောင့်ပါ. . ."



တွေ့ကရာတွေ ပန်းဝါဆိုမိတော့သည်။ ကျန်းမာရေးကောင်းစွာဖြင့် ရုံးသွားနေသည့် ထွေးထွေးသာ ပန်းဝါစကား ကြားမိပါလျှင်. . .ပန်းဝါရင်ထဲက ကျိတ်၍ပြုံးမိချင်သွားရလေသည်။

"ဒါဖြင့် ဒုတိယအကြိမ် အဆောင်ကို ကျွန်တော်လာတွေ့ပါရစေလားနော်. . ."

"ဒီရက်အတွင်းတော့ မလာပါနဲ့လား ဆရာ၊ ဘာလို့လဲဆိုတော့ ထွေးထွေးကို ဆေးခန်းတွေဘာတွေ လိုက်ပို့နေရသေးလို့ပါ. . ."

"ဒါဖြင့် ဘယ်နေ့လောက် ကျွန်တော်လာခဲ့ရမလဲဟင်"

သူ မျှော်လင့်ခြင်းကြီးစွာဖြင့် မေးမိရလေသည်။

"နောက်အပတ်ထဲ တစ်ရက်ရက်လာနိုင်ပါတယ် ဆရာ"

"ကောင်းပြီ ကျွန်တော်လာခဲ့မယ်နော်. . ."

"ဟုတ်ကဲ့ . . ."

"ဒါနဲ့ ဒီနေ့ ဇော်နဲ့တွေ့သေးလား. . ."

"တွေ့ပါတယ်ဆရာ၊ ဇော်က ဆရာ့ကိုတောင် မေးနေသေးတယ်. . ."

"ဟုတ်လား. . ."

"အဟင်း ဟိုချောချောနဲ့ ဦးဦးဆရာဝန်ကောတဲ့လေ. . ."

"ဪ ဪ နောက်နေ့မှ ဇော့်ကို ကျွန်တော် မုန့်ဝယ်လာပေးရဦးမယ်၊ အဟွန်း. .ဟွန်း. . ."

"ဇော်က ဆေးရုံကို စောစောရောက်နှင့်နေပြီး၊ ပန်းဝါ

www.burmeseclassic.com



လာတာမြင်တာနဲ့ အန်တီ့ကို ဖော်စောင့်နေတာတဲ့. . .၊ ပန်းဝါက သူ့ကို ဘာလို့စောင့်နေတာလဲကွယ်၊ ဖော်က အချိန်သိပ်စေးနဲ့တဲ့သူပဲ၊ တခြားဆရာမတွေလည်း ရှိနေပြီပဲ၊ ဆေးထိုးသွားပေါ့လို့ ပြောတော့. . ."

"အဟင်း ဟင်း၊ ဖော်ကလေ အန်တီဆရာမလှလှလေးနဲ့ပဲ ဆေးထိုးချင်လို့ပါတဲ့ အဟင်း ဟင်း၊ သိပ်စကားတတ်တဲ့ ဖော်ပဲ ဆရာရယ်. . .အဟင်း. .ဟင်း. . ."

ပန်းဝါမှာ ဖော်ဖော့်အကြောင်းလေးများကို အားရစွာပြောပြရင်း သဘောတွေကျစွာ ရယ်နေလိုက်သည်ကို ဒေါက်တာမော်ကွန်းသည် ကြည်နူးချမ်းမြေ့စွာ ပန်းဝါအလှအား ငေးကြည့်ရင်း နားထောင်နေမိရပါလေ၏။

"ကဲ ဆရာ၊ ပန်းဝါ အောက်ဆင်းလိုက်ပါဦးမယ်ရှင်. ."

"ဪ ဟုတ်ကဲ့၊ ကျွန်တော် နောက်အပတ်ထဲ လာခဲ့မယ်နော်. . ."

"ဟုတ်ကဲ့ပါ ဆရာ. . ."

တည်ငြိမ်စွာ ခေါင်းလေးညိတ်ပြပြီး သူ့ရှေ့မှ ပန်းဝါ ထွက်ခွာသွားလိုက်လေတော့သည်။ ဒေါက်တာမော်ကွန်းသည် ပန်းဝါ၏ နောက်ကျောလေးအား လှမ်းကြည့်နေမိရရင်းမှ သူသည် ရင်ထဲဆုံးဖြတ်ချက် အစီအစဉ်များအတွက် တွေးကာ အားရကျေနပ်ပြုံးများနှင့် သူ့ရင်ထဲ ဖြစ်ပေါ်နေရပါတော့သတည်း။ ။



– နှစ်ဆယ့်ခြောက် –

ဆေးရုံဝင်းအတွင်းမှ ကြီးမားသော သစ်ပင်ကြီးတစ်ပင်၏ အရိပ်အောက်၌ ကားကိုထိုးရပ်ပစ်လိုက်သည်။ ထို့နောက် ယာဘက်မှ တံခါးပေါက်သည် ချက်ချင်းကြီးပွင့်သွားရပြီး ဒေါက်တာမော်ကွန်းသည် ကားထဲမှ ရုတ်ခြည်းထွက်ကာ ကားတံခါးကိုလည်း တစ်ဆက်တည်း နောက်ပြန်ပိတ်ပစ်ခဲ့ပြီးနောက် ခြေလှမ်းကျဲကြီးများနှင့် သူသည် ဆေးရုံကြီး၏ အဆောက်အအုံတွင်းသို့ ဝင်ရောက်ခဲ့လိုက်ပါလေ၏။

သူ နာရီကို တစ်ချက်ကြည့်လိုက်သည်။ အချိန်မှာ နံနက် ရှစ်နာရီပင် ရှိပါသေးသည်။ သူသည် ခြေလှမ်းကျဲကြီးများနှင့် လျှောက်လှမ်းခဲ့ရင်းလည်း လူနာဆောင်များဆီသို့ ဝေ့ဝဲကာ ကြည့်ရှုခဲ့ပါသေး၏။

သူ့အသွင်မှာ တစ်စုံတစ်ရာအတွက် မကျေနပ်မှုဖြစ်ပေါ်နေရသည်ဟု ခန့်မှန်းမိနိုင်လေသည်။ သူသည် ဆရာဝန်များအခန်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com



အရောက် သူ့စားပွဲပေါ်ရှိ ဆေးသေတ္တာလေးအား တင်လိုက်ပြီး အခန်းထဲတွင် စိတ်ဂနာမငြိမ်သက်မှုကြောင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်လေ၏။ အချိန်မှာ စောနေသဖြင့် အခန်းထဲတွင် လုပ်ဖော်ကိုင်ဖက်များလည်း တစ်ယောက်မှ ရှိမနေသေးပါလေ။ ထို အချိန်ကိုပင် သူသည် တမင်ရွေးလျက် လာခဲ့ရခြင်းမဟုတ်ပါလား။

ထိုအချိန်မှာပင် ကားစောစောအဆင်ပြေသဖြင့် ပန်းဝါမှာ ဆေးရုံသို့ စောစောလေးရောက်လာခဲ့ရလေပြီဖြစ်သည်။ ဆေးရုံထဲ ဝင်လိုက်သည်နှင့် ပန်းဝါ၏မျက်လုံးလေးများမှာ 'အန်တီ'ဟုလှမ်း ခေါ်လိုက်မည့် ခေါ်သံရှင် ဇော်ဇော်လေးအား ရှာဖွေကြည့်နေလိုက်မိ၏။

အင်း. .ငါ ဒီနေ့စောသေးလို့ ဇော်မရောက်သေးတာ ဖြစ်မယ်. . .၊ အတွေးတစ်ချက်နှင့် ပန်းဝါသည် ပထမထပ်သို့ တက်လာခဲ့လိုက်လေသည်။ ပန်းဝါသည် သူနာပြုအခန်းသို့ လျှောက်လာခဲ့ရင်းမှလည်း မနေ့က အကြောင်းလေးကို စဉ်းစား နေမိရပါသေး၏။

မှန်သည်။ မနေ့က ဒေါက်တာမော်ကွန်းတစ်ယောက် မိမိ ရှိရာ ဘော်ဒါဆောင်သို့ သွားခဲ့သေးလား၊ မနေ့ ညနေ အလုပ် ပြန်ချိန်၌ သူ လာခဲ့မည့်အကြောင်း မိမိကိုတော့ အသေအချာ ပြောသွားခဲ့သည် မဟုတ်ပါလား။

"ဟင်း. . ."

ပန်းဝါမှာ အတွေးလေးများအဆုံး အားတုံ့အားနာ သက်ပြင်းမောလေးတစ်ချက်အား ချမိရရင်းမှ သူနာပြုများအခန်းထဲ





သို့ ဝင်ရောက်ခဲ့လိုက်ပါတော့၏။

ဆရာဝန်များအခန်းထဲတွင်ကား ဒေါက်တာမော်ကွန်းသည် ရင်ထဲကသိကအောင့်နှင့် ဆို့နစ်နစ်ကြီးဖြစ်နေရကာ စိတ်လှုပ်ရှားနေ ခြင်းများကြောင့်လည်း အခန်းထဲခေါက်တုံ့ခေါက်ပြန် လှမ်းလျှောက် နေဆဲမှ သူ့ခြေလှမ်းများသည် ဦးစွာ သူနာပြုများအခန်းဆီသို့ ရွေ့လျားသွားလိုက်သည်။

သူနာပြုအခန်းရှေ့သို့အရောက် သူ့မျက်ဝန်းအညှဲ့များ နှင့်အတူ သူ့ခြေထောက်များသည် တစ်ပါတည်းဖျတ်လတ်သွက်လက် စွာဖြင့် ခြေလှမ်းကျဲကြီးများအတိုင်း ဝင်ရောက်သွားခဲ့လိုက်ရပြီးနောက်...

"ဒီမှာ. . ."

ခြေသံနှင့်ခေါ်သံမှာ တစ်ဆက်တည်းလိုကြောင့် တစ်ဘက်သို့ လှည့်ကာ ခြင်းထဲမှစာရွက်စာတမ်းလေးများထုတ်နေသည့် ပန်းဝါမှာ အလန့်တကြားလေး လှည့်ကြည့်မိလိုက်ရရင်းမှ. . .

"ဟင်. .ဆ. ."

ပန်းဝါစကားလေး အဆုံးမသတ်လိုက်ရလေတော့။ ရင်ထဲက ကသိကအောင့်နှင့် နှလုံးသားမှ ခံစားမှုများတနင့်တပိုးကြီး ရှိနေ ရသော ဒေါက်တာမော်ကွန်းကား ပေါက်ကွဲရလေမဟုတ်ပါလား။

မှန်ပါ၏။ သူသည်စိတ်များလွတ်ချင်တိုင်း လွတ်နေရစဉ် ပန်းဝါမှာ အလန့်တကြား အသံများဝင်ရောက်လာရပြီး. . .

"အို. .ဆရာ၊ လွှတ်ပါ. . ."

ပန်းဝါ၏တုန်တုန်ခိုက်ခိုက် အသံလေးအား ကြားမိလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေမှ သူသည် သူ့လက်များဖြေလျော့ရပြီး. . .

"ခင်ဗျားကို ချစ်တယ်. . ."

"အို ဆရာ ဘာတွေပြောနေတာလဲ၊ ပန်းဝါကိုလွှတ်ပါ ဆရာ. . ."

"မလွှတ်နိုင်ဘူး ပန်းဝါ. . ."

"အို လူတွေမြင်ကုန်လိမ့်မယ်. . ."

"မြင်ပစေဗျာ၊ ကျွန်တော်မလွှတ်ဘူး. . ."

"ဒါတော့ မကောင်းပါဘူး ဆရာရယ်. . ."

"မကောင်းအောင်လုပ်တာက ခင်ဗျားပါ၊ ကျွန်တော့်စိတ်တွေ ပေါက်ကွဲရအောင် လုပ်တာ ခင်ဗျားပါ. . ."

"အို မဟုတ်တာ ဆရာရယ်. . ."

"ဒီမှာ ကျွန်တော် ခင်ဗျားဆီကို ခွင့်တောင်းပြီး လာပါလျက်နဲ့ ခင်ဗျား ဘာကြောင့် ကျွန်တော့်ကို အရူးလုပ်သွားရတာလဲ ပြောစမ်းပါဦး. . ."

"မဟုတ်ဘူး ဆရာ၊ အဲ. .အဲဒါ အထင်မလွဲပါနဲ့ရှင်၊ ပန်း ပန်းဝါက. . ."

"ကျွန်တော် ခင်ဗျားဆီကို ယဉ်ကျေးစွာ ခွင့်တောင်းပြီး လာတွေ့တာပါ၊ ခင်ဗျား ဘာကြောင့် ကျွန်တော့်ကိုရှောင်ရတာလဲ"

"မဟုတ်ပါဘူး ဆရာရယ်၊ မဟုတ်ပါဘူးရှင်၊ ပန်းဝါ အိမ်ပြောင်းသွားတဲ့ကိစ္စ ဆရာ့ကိုမေ့ပြီး မပြောပြခဲ့မိလို့ပါရှင်. . ."

"အဟွန်း ခင်ဗျားရဲ့ အကြောင်းပြချက်ဟာ မခိုင်လုံပါဘူး





ဗျာ၊ မျှော်လင့်ချက်တွေနဲ့ ခင်ဗျားဆီကို သွားခဲ့တဲ့ ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်ခံစားခဲ့ရမလဲဆိုတာ ခင်ဗျားသက်ညှာစွာ နားလည်ပေးဖို့ ကောင်းပါတယ်. . ."

သူဆိုရင်း မချင့်မရဲရှိစွာဖြင့် ပန်းဝါ လက်မောင်းလေးများအား ဖျစ်ညှစ်လိုက်မိသည်။

"ပန်းဝါကို အထင်မလွဲပါနဲ့ဆရာ၊ ပန်းဝါ တကယ်ပဲမေ့..."

"တော်ပါဗျာ၊ ခင်ဗျား ကျွန်တော့်ကို ရှောင်လေ၊ ကျွန်တော့်ရင်က အစိုင်အခဲတွေ ပေါက်ကွဲလေပဲ ဖြစ်မှာပါ. . ."

"ဆရာ့စကားတွေ ပန်းဝါနားမလည်ဘူး. . ."

"ခင်ဗျားကို ကျွန်တော် သိပ်ချစ်နေတယ်ဆိုရင် နားလည်ပါတော့. . ."

"အို. . ."

နင့်နင့်နဲနဲ သူ့စကားကြောင့် ပန်းဝါမှာ မျက်လုံးလေးများ ပြူးကျယ်ကာ သူ့အားအံ့သြစွာ ကြည့်မိရပါလေ၏။ ဒေါက်တာမော်ကွန်းသည် အံ့သြနေရှာသည့် ပန်းဝါ၏မျက်ဝန်းလေးများထဲ စူးစိုက်ကြည့်နေမိရပြီး. . .

"ခင်ဗျားနဲ့အေးအေးဆေးဆေး ကျွန်တော် တွေ့ပါရစေလို့ ထပ်ပြီး အနူးအညွတ်တောင်းပန်ပါရစေ. . ."

ပန်းဝါ စကားမဆိုရဲပါလေတော့။ မျက်လွှာလေးချကာ နေလိုက်လေသည်။

"အန်တီ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. .သား ဖော်. . ."

ပန်းဝါကိုယ်လေး ဆတ်ခနဲတွန့်သွားရခြင်းနှင့် ဝမ်းသာအားရလှမ်းခေါ်လိုက်စဉ် သူ့လက်များလည်း ဖြေလျှော့ကာ လွှတ်ပေးလိုက်ရပြီးနောက်. . .

"ဟေး သားဖော်က ဒီနေ့နောက်ကျလှချည်လားကွ. ."

"ဖော်က နောက်မကျပါဘူး ဦးဦးရဲ၊ အပေါက်ဝမှာ အန်တီ့အလာကို စောင့်နေတာကြာပါပြီ. . ."

"အဟင်း သားရယ် အန်တီက ဒီနေ့နည်းနည်းစောရောက်နေတယ်ကွယ်. . ."

"ဒါကြောင့် ဖော်က အန်တီများ ရောက်နေပြီလားဆိုပြီး လိုက်ရှာကြည့်တာပေါ့. . ."

"တော်ပါပေတယ်ဗျာ၊ ကဲ ကဲ၊ လာ လာ ဆေးထိုးမယ့်အခန်းသွားကြရအောင်နော်. . ."

ဒေါက်တာမော်ကွန်းမှာ ရှက်ပြုံးလွန့်လွန့်နှင့် ဆိုရင်း ဖော့လက်ကလေးတစ်ဘက်ကို ဆွဲလျက် ရှေ့မှထွက်သွားလိုက်လေ၏။

"ဟင်း. . ."

ပန်းဝါသည်လည်း ရင်ထဲမှလှုပ်ရှားမှု သက်မြင်းမောလေးတစ်ချက်အား ချမိရပြီး အနောက်မှလိုက်သွားရပါလေတော့၏။ ဆေးခန်းထဲသို့ရောက်သော်. . .

"ဦးဦး. . ."

"ဗျာ. . ."





"ဖော့လက်က ဘယ်တော့ကောင်းမှာလဲဟင်. . ."

"ကောင်းပါပြီ သားရဲ့၊ ဒီအပတ်ထဲမှာပဲ ကျောက်ပတ်တီးခွာလိုက်တော့မှာပါ. . ."

"ဟာ ဟုတ်လား. . ."

"သားက ပျော်သွားပြီထင်တယ်. . ."

"ပျော်တာပေါ့ အန်တီရယ်၊ မနေ့ကလေ ဖေဖေက ဖုန်းထဲမှာတောင် ဖော့ကို မေးနေသေးတယ်၊ သားလက် ပတ်တီးခွာပြီလားတဲ့၊ လူကြုံနဲ့ ဖော့အတွက် အင်္ကျီတွေနဲ့ မုန့်တွေလည်း ရောက်လာသေးတယ်၊ အဟင်း. .ဟင်း၊ ဒီညနေ ဖေဖေ့ဆီဖုန်းဆက်ရင် သားလက်ပတ်တီးခွာမယ့်အကြောင်း ပြောပြလိုက်မယ်. . ."

"ပြောပါဗျာ၊ ပြောပါ ကဲ ပန်းဝါရေ ဆေးထိုးလို့ရပြီလား"

"ဟုတ်ကဲ့ ဆရာ၊ အဆင်သင့်ပါပဲ. . ."

ပန်းဝါ ဆေးထိုးပြီးချိန်တွင် ဒေါက်တာမော်ကွန်းသည် ဖော့တင်ပါးဖြူဖြူလေးကို ပွတ်ပေးပြီး ဘောင်းဘီကြယ်သီးလေးများ တပ်ပေးလိုက်သည်။ ထို့နောက် ခုတင်ပေါ်မှ ဖော့ကိုယ်လေးကို ချီချပေးလိုက်ပါလေ၏။ ဖော့လက်ကလေးတစ်ဘက်ကို ပန်းဝါ ဆွဲကိုင်လိုက်ပြီး ဆေးထည့်ခန်းထဲမှ ထွက်ခဲ့လိုက်သည်။

ဒေါက်တာမော်ကွန်းသည်လည်း ဖော်၏နံဘေးတစ်ဘက်တွင် ပါလာခဲ့ရပြီး ပန်းဝါ၏မျက်နှာလေးအား လှအလစ်တွင် ကြည့်ကာကြည့်ကာ ရှိလာရပါချေ၏။

"ဦးဦး အန်တီ၊ သားသွားတော့မယ်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအပေါက်ဝသို့ ရောက်သည်တွင် ဇော်မှာ ချစ်စဖွယ် အပြုံးလေးနှင့် သူတို့အား နှုတ်ဆက်ထွက်သွားလိုက်ပါလေတော့၏။

လုပ်ဖော်ကိုင်ဖက် ဆရာဝန်များ ရောက်လာပြီဖြစ်၍ အပေါက်ဝတွင် သူ့ကိုနှုတ်ဆက်နေကြစဉ် ဆေးရုံပေါ်သို့ ပန်းဝါ တက်လာခဲ့လိုက်လေသည်။ ပန်းဝါရင်များမှာ သူ့ကြောင့် တုန်ယင်လှိုက်မောစွာရှိနေရသဖြင့် သူ့ကိုရှောင်ချင်ပါသော်လည်း ထိုနေ့မှာပင် သူနှင့်ပန်းဝါတို့တွဲ လူနာဆောင်များကြည့်ရပါသေး၏။ လူနာကြည့်ပြီး၍ သူတို့ထွက်လာခဲ့စဉ် သူက. . .

"ပန်းဝါ. . ."

"ရှင် ဆရာ. . ."

"ညနေကျရင် ပန်းဝါအိမ်ကို ကျွန်တော်လိုက်ပို့မယ်၊ ပန်းဝါ ငြင်းဦးမလား. . ."

"အထင်မလွဲပါနဲ့ ဆရာရယ်. . ."

"အဟွန်း ဒီတစ်ခါ ပန်းဝါငြင်းရင်လည်း မရတော့ဘူးလေ ဘယ်သူတွေရှေ့ပဲဖြစ်ဖြစ် ကျွန်တော်ကိုယ်တိုင် ပန်းဝါကို ကားပေါ် ချီတင်သွားတော့မှာ. . ."

"ပန်းဝါ ဆရာ့ကိုကြောက်ပါတယ်. . ."

"ကြောက်တယ်ဆိုတဲ့ စကားအစား ချစ်တယ်လို့ ပြောပါ လား. . ."

"အို. . ."

ရှက်သွေးလေးများရဲကာ ပန်းဝါမျက်နှာလေး ငုံ့သွားရှာ



တော့၏။

"အဟွန်း .ကဲ ဒါပဲဗျာ၊ ညနေကျရင်သာ ကျွန်တော်လာခေါ်တဲ့အခါ ပန်းဝါ ရှိပါစေ. . ."

နှုတ်ဆိတ်မြဲ ပန်းဝါရှိနေလိုက်ပါ၏။ တစ်နေရာအရောက် သူတို့လမ်းခွဲလိုက်ကြသည်။ စိတ်လှုပ်ရှားမှုများကြောင့် တစ်နေ့လုံး အလုပ်လုပ်ရသည်မှာ ပန်းဝါ စိတ်တိုင်းမကျလှသလို ဖြစ်ရသည်။ ညနေအိမ်ပြန်ချိန်ကိုရောက်မှာ ပန်းဝါ စိုးရိမ်နေမိသလို နှလုံးသားလေးများလည်း လှုပ်ရှားစွာ စောင့်စားနေမိရပါသေး၏။

ထို့အတူ ဒေါက်တာမော်ကွန်းသည်လည်း အလုပ်လုပ်ရသည်မှာ ဒီနေ့အဖို့စိတ်မပါလှသလို ရှိနေရချေ၏။ တော်သေးသည်။ သူ့အဖို့ သည်နေ့ခွဲစိတ်ခန်းထဲ မဝင်ရ၍သာ တော်ပေသေးတော့သည်။ သူ့စိတ်မှာ ရွှင်မြူးတက်ကြွနေလေသည်။ အချိန်တွေကို သူ စောင့်နေမိသည်။ အချိန်တွေကုန်ခဲလိုက်တာဟု သူ ထင်နေမိသည်။

သူသည် လူနာများကြားလှုပ်ရှားရင်း လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စကားများပြောဆိုရင်း သူ့စိတ်ထဲတွင်ကား 'အချိန်တွေရယ် မြန်မြန်ကုန်ပါစေတော့'ဟူ၍ ဆုတောင်းနေမိရလေသည် မဟုတ်ပါတကား။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း . . ."

ဒေါက်တာမော်ကွန်းသည် ချောမောသောမျက်နှာပြင်မှ နှစ်ခြိုက် ရွှင်ပြုံးရသော အပြုံးတစ်ချက်ကို ပြုံးမိရရင်းမှ သူသည် သူ့နံဘေးငြိမ်သက်စွာ ရှိနေလေသော ပန်းဝါအား အချစ်မျက်ဝန်းတို့နှင့် ကြည့်ကာကြည့်ကာ ရှိလာရပြီး ကားကိုဂရုစိုက်၍ မောင်းနေလိုက်ပါလေ၏။

ကားအသွားတွင် ကားပြတင်းမှ လေများ တိုးဝင်လာသောကြောင့် ပန်းဝါ၏လည်တိုင်ရှင်းရှင်းလေးနားမှ ဆံစနုကလေးများမှာ လှပစွာဝေ့ဝဲလှုပ်ရှားနေရလေသည်။

ဒေါက်တာမော်ကွန်းသည် ကားထဲတွင် တိတ်ဆိတ်နေသည့် အဖြစ်အား မလိုလားသောကြောင့် ကားမောင်းနေဆဲမှ ကားကက်ဆက်လေးကို သူ ဖွင့်လိုက်လေသည်။ သူဖွင့်လိုက်သည်နှင့် သီချင်းတစ်ပုဒ်မှာ ပြီးဆုံးနေရပြီး နောက်တစ်ပုဒ်ဆိုရန်အတွက် ခေတ္တမျှတိတ်သွားရပြီးမှ သံစဉ်တေးသွားသည် ထွက်ပေါ်လာရပြီးနောက် ချိုမြသော သီချင်းသံလေးမှာ ထွက်ပေါ်လာရသည့်တွင် လှုနှစ်ယာက်ရှိပြီး တိတ်ဆိတ်နေသော ကားလေးထဲ ပေါ်ထွက်လာသော သီချင်းသံလေးကြောင့် အလိုလို သာယာကြည်နူးစရာလေးမျိုး ဖြစ်သွားရသည်။ သီချင်းသံလေးကား နောက်တစ်ပုဒ်ပြန်ဆိုနေသည်ဖြစ်၍ ကားလေးထဲ ပျံ့လွင့်နေဆဲပါ။

*ပြန်ဆုံပါစေ ဆုတောင်းတယ် × ကြင်နာသူကို မမေ့ဘူးတကယ် × ဒီကမ္ဘာပေါ်မှာ ချစ်ဆုံးရယ် × တွေးမိတယ် လွမ်းမိ*



*တယ် သတိရတယ် × ရောဝတီမြစ်ဖျားဝယ် × ရေပြာကြည်ကြည်လှလွန်းတယ် × နွေသည်ရာသီ လှတန်ခူးဝယ် × မလိခမှာ သိကြတာ ပျော်စရာကွယ် × × ×*

*မနော်ရမြေကိုကွယ် × မေ့လို့မရတော့တယ် × တူနှစ်ကိုယ်ရယ် × တွေ့ဖို့စခဲ့ကြတယ် × ကျောက်လှော်ပေါ်ဝယ် ရေထိုးထားခဲ့သဖွယ် × ------------ × မလိခမှာ သိကြတာ ပျော်စရာကွယ် × × ×*

သီချင်းလေးနားထောင်ဆဲမှ ပန်းဝါမျက်ခွံလေးပင့်ကာ ဒေါက်တာမော်ကွန်းကို ကြည့်လိုက်မိသည်။ ထိုအခါဝယ် ပန်းဝါရင်ထဲ ဒိန်းခနဲမြည်သံနှင့်အတူ မျက်လွှာလေး ပြန်ချသွားလိုက်ရရှာသည်။

မှန်သည်။ သူမအား ဒေါက်တာမော်ကွန်းသည်လည်း ရီဝေနေသော ချစ်မျက်ဝန်းတို့နှင့် ကြည့်နေရသောကြောင့် မဟုတ်ပါလား။

"ကျောက် . . ."

"ပန်းဝါ . . ."

ကားသည် ကန်တော်ကြီးစောင်းတစ်နေရာ၌ ထိုးအရပ် သီချင်းသံလေးသည်လည်း အဆုံး ဒေါက်တာမော်ကွန်းသည် တက်ဆက်ခလုတ်ကိုပိတ်လိုက်ပြီး တစ်ဆက်တည်း ပန်းဝါဘက် လှည့်ကာ သေချာစွာကြည့်မိရပြီးမှ ခေါ်လိုက်ခြင်းပါ။

ပန်းဝါမထူးမိ။ သူ့ကိုမျက်လွှာလေး ပင့်ကြည့်ကာသည်။ ပန်းဝါ၏မျက်ဝန်းလေးများထဲ ကြည်လင်မှုမရှိသည်ကို သူတွေ့နေရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ပန်းဝါ. . ."

"ပြောပါ ဆရာ. . ."

ဆိုရင်း ပန်းဝါမျက်နှာလေးမှာ ကားပြတင်းအပြင်ဘက်သို့ ငေးကြည့်နေမိလိုက်လေ၏။

"ကျွန်တော့်ကိုကြည့်ပါလား ပန်းဝါ၊ ဒါမှ ကျွန်တော့် မျက်ဝန်းတွေထဲက အဖြေကို ပန်းဝါတွေ့နိုင်မှာပါ. . ."

သူပြောရင်း ပန်းဝါပခုံးလေးမှ ဖွဖွကိုင်ကာ သူ့ဘက် လှည့်စေလိုက်သောကြောင့် ပန်းဝါမျက်နှာလေးမှာ သူနှင့် မျက်နှာချင်း ဆိုင်သွားရချေ၏။ ပန်းဝါ သူ့ကို ဝမ်းနည်းစွာ ကြည့်နေလိုက်စဉ် သူ စကားကို လေးနက်ကြည်မောစွာ ဆက်ပြောလာ၏။

"ကျွန်တော်လေ ပန်းဝါကို သိပ်ချစ်တယ်၊ ဘယ်အချိန် ကတည်းကလဲ သိလား. . ."

မျက်လွှာလေးချကာ ရင်ခုန်လှိုက်မောမှုအပေါင်းနှင့် သူ့စကားတို့ကို ပန်းဝါ နားစွင့်နေမိလိုက်ပါ၏။ ပန်းဝါ၏ လက်ချောင်းကလေးများအား ဆွဲယူထွေးဆုပ်ကာ သူ စကားကိုဆက် သည်။

"ခုနဆိုသွားတဲ့ သီချင်းလေးထဲက အတိုင်းပါပဲ ပန်းဝါ၊ ကျွန်တော်လေ ပန်းဝါကို လမိုင်းမှာစပြီး တွေ့ခဲ့ရတယ်၊ ချစ်ခဲ့ရတယ် ကျွန်တော့်အိမ်မှာ ပန်းဝါတွေ့ခဲ့မှာပါ၊ အဲဒီသောင်ခုံပန်းချီကားဟာ ပန်းဝါနဲ့ကျွန်တော် စတွေ့တဲ့နေရာလေးမို့ ကျွန်တော် အမှတ်တရ





မြင့်မြတ်နိုးနိုး ဓာတ်ပုံရိုက်ပြီးဆွဲထားတဲ့ ပန်းချီကားပါ ပန်းဝါ—"

"ဒါပေမယ့် ကျွန်တော် ပန်းဝါကို ချစ်ခွင့်မသာခဲ့ဘူး၊ ဒုတိယ အကြိမ် ပန်းဝါနဲ့ပြန်တွေ့ရတဲ့အချိန်ကို ပန်းဝါသတိရှိုးမလားဘဲ"

ဆရာရယ်. .ဆရာနဲ့တွေ့ဆုံခဲ့ရတဲ့ ပုံရိပ်တွေတိုင်းဟာ ပန်းဝါရဲ့နှလုံးသားထဲက ဘယ်အခါကမှ မထွက်ခဲ့ပါဘူးရှင်. .ဟု ပန်းဝါမှာ ရင်ထဲမှပြောဖြစ်နေပါလေ၏။ အပြင်တွင်မူ ပန်းဝါ နှုတ်ဆိတ်နေမြဲရှိသည်။ သူ့စကားတို့ကိုသာ ကြည်နူးရမလို ပန်းဝါ နားထောင်နေမိရချေ၏။

"ကျွန်တော်ကတော့လေ ပန်းဝါနဲ့တွေ့ခဲ့တဲ့ အချိန်တိုင်းကို အသည်းမှာ ကမ္ပည်းတင်ထားခဲ့ရတဲ့သူပါဗျာ၊ ကျွန်တော် ပန်းဝါကို ချစ်တယ်၊ သိပ်ချစ်တယ်၊ ပန်းဝါကို လက်ထပ်ပါရစေ၊ ပိုင်ဆိုင်ပါရ စေတော့နော်. . ."

"အို. .ဆရာရယ်. . ."

ပန်းဝါ ခေါင်းလေးယမ်းနေလိုက်သည်။ ဒေါက်တာမော်ကွန်း မှာ ပန်းဝါအား စူးနစ်စွာကြည့်မိရပြီး. . .

"ပန်းဝါ ကျွန်တော့်ကို ငြင်းတယ်ပေါ့နော်၊ ဒါပေမယ့် ကျွန်တော်ကတော့ ခင်ဗျားကိုချစ်တာ တစ်ခုပဲသိတာ၊ ကျွန်တော် ခင်ဗျားကို ဒီတစ်ခါအဆုံးရှုံးမခံပါရစေနဲ့တော့၊ အဆုံးရှုံးလည်း မခံနိုင် တော့ပါဘူးလေ. . ."

"ပန်းဝါ ပြောပါရစေဦး ဆရာ၊ မမျှော်လင့်ဘဲ ဆရာ့ဆီက ခုလိုစကားတွေကို ကြားလိုက်ရတော့ ပန်းဝါ ကိုယ့်ကိုယ်ကို မယုံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ဝမ်းသာမိရပါတယ်ရှင်၊ ဒါပေမယ့်ဆရာရယ် ဘယ်လိုမှ မဖြစ်နိုင်ပါဘူးရှင်၊ မဖြစ်နိုင်လို့ ကျွန်မငြင်းပါရစေ. . ."

"ဘာတွေမဖြစ်နိုင်တာလဲ ပန်းဝါ၊ ပြောပါဦး. . ."

သူပြုံးလွန့်လွန့်အတွေးတို့နှင့် မေးမိရလေသည်။ ပန်းဝါမှာ သူ့မျက်နှာအား တစ်ချက်မျှမော့ကြည့်ရပြီး. . .

"ဆရာရယ်. .ဆရာက အသိုင်းအဝိုင်းကောင်းတဲ့ ဂုဏ်ရှိတဲ့ လူမျိုးလူလွတ်၊ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပါရှင်. . ."

"အဟွန်း ကဲ ဆက်ပါဦး. . ."

ပန်းဝါလက်ကလေးကို ဆုပ်ညှစ်ရင်း သူဆိုလိုက်သည်။

"ပန်းဝါက..ပန်းဝါကတော့ ဆရာသိတဲ့အတိုင်း ဇာလေး အမေ၊ ပြီးတော့ မုဆိုးမတစ်ယောက်ပါလေ၊ ဒါ ဒါကြောင့်. . ."

"ဒါကြောင့် ကျွန်တော်နဲ့ပန်းဝါ မဖြစ်နိုင်ဘူး၊ ပန်းဝါ ကျွန်တော့်ကိုမချစ်နိုင်ဘူး၊ လက်မထပ်နိုင်ဘူးဆိုပါတော့ ဟုတ်လား ဟင်. . ."

"ဟုတ်တယ် ဆရာ၊ ဟုတ်ပါတယ်. . ."

"ဒါဖြင့် ပန်းဝါအနေနဲ့တော့ ကျွန်တော့်ကို ချစ်တယ်ပေါ့"

"ဆရာ. . ."

"ပန်းဝါရယ် ငြင်းလည်းမငြင်းပါနဲ့တော့၊ ပန်းဝါအကြောင်းတွေကို မောင်သိပါတယ်၊ မောင်ကအသိဆုံးပါဗျာ၊ ပန်းဝါ မောင့်ကို ချစ်တယ်ဆိုတာ အချစ်ရဲ့မျက်ဝန်းလေးတွေက အဖြေပေးနေတယ် ကွာ၊ အချစ် မောင့်ကိုသနားပါဦးနော်၊ ပန်းဝါဆီက အခု လောလော



ဆယ်မှာ ဘာစကားမှ မောင်မကြားချင်ဘူး၊ မောင့်ကို ပန်းဝါချစ်တယ် ဆိုတာပဲ ကြားချင်တယ်. . ."

"ပန်းဝါရယ် မောင့်အချစ်က သာမညမဟုတ်ပါဘူးကွယ်၊ မင်းကို ဘဝတစ်ခုလုံးပေးပြီး ချစ်ရတဲ့အချစ်မျိုးပါဗျာ၊ ပန်းဝါ ယုံစမ်းပါ. . ."

"ဆရာရယ်၊ ဆရာ့ကို ပန်းဝါဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး. . ."

"ဘာကိုလဲဗျာ၊ ဘာကိုနားမလည်တာလဲ. . ."

"မသိချင်ဟန်မဆောင်ပါနဲ့ ဆရာရယ်၊ ကျွန်မကိုလည်း အရူးမလုပ်ပါနဲ့. . ."

"ဘာတွေပြောနေတာလဲ အချစ်ရယ်. . ."

ပန်းဝါမှာ သူနှင့် မျက်နှာလွှဲလိုက်ပြီး မျက်ရည်လေးများ ဝဲစွာဖြင့်. . .

"ဆရာ့အကြောင်းတွေ ပန်းဝါကြားမိပါတယ် ဆရာ. ."

"ဆိုပါဦး. . ."

ပန်းဝါမှာ မျက်ရည်ပေါက်ကလေးများ လိမ့်စီးလာရင်းမှ

"ဆရာနဲ့ယူမယ့်ဆဲဆဲ ပျက်သွားရတဲ့ အမျိုးသမီးတွေနဲ့ ဆရာ့မှတ်တမ်းစာအုပ်လေးတွေ အကြောင်းပေါ့ရှင်. . ."

"အဲဒါဘာဖြစ်လဲ၊ ကဲ. .ဆက်ပါဦး၊ နောက်ဘာတွေပန်းဝါ သိသေးဘဲ၊ ပြောပါဦး. . ."

သူ၏အလေးအနက်မရှိသလို စကားတို့ကြောင့် ပန်းဝါ

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လေးတွေ ပို၍စီးကျလာရလေ၏။

"ဆရာ့မှတ်တမ်းထဲမှာ. . ."

"အင်း. . ."

သူ ပန်းဝါစကားအား ထောက်ပေးသလို 'အင်း'လိုက်လိုက်သည်။

"ဆရာ သိပ်မြတ်နိုးပြီး သိပ်လွမ်းနေတဲ့ မိန်းမနဲ့ ဆရာ့မှာ ကလေးလည်းတစ်ယောက် ရှိတယ်ဆိုတဲ့အကြောင်းတွေ ရေးထားတယ်လို့ ပန်းဝါပြောသံကြားမိတယ်၊ ဟုတ်လားဆရာ. . ."

သူ့ဘက်လှည့်ကြည့်လာပြီး လေးနက်စွာ ပန်းဝါ မေးမိလိုက်သည်တွင်. . .

"ဟုတ်တယ်. .ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲကွာ၊ မောင်က ကလေးတစ်ယောက်အဖေဆိုရင် ပန်းဝါ မချစ်တော့ဘူးလား ဟင်၊ ပြောပါဦးဗျာ . . ."

"ဘယ်လိုပြောလိုက်တာလဲ ဆရာ၊ ပန်းဝါက အလေးအနက်မေးတာပါရှင်၊ စကားအနေနဲ့ပြောရလို့ ဆရာ့အနေနဲ့ ကလေးအဖေဆိုတာ အကြောင်းမဟုတ်ပါဘူး၊ ဒါပေမယ်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ. . ."

သူ့မျက်နှာကိုစေ့စေ့ကြည့်ပြီး ပန်းဝါ စကားကိုဆက်လိုက်သည်။

"ဆရာသိပ်ချစ်ပြီး သိပ်လွမ်းနေတဲ့ မိန်းမရှိနေလျက်နဲ့ ကျွန်မကို ဆရာလက်ထပ်မယ် ချစ်တယ်ဆိုတာ သဘာဝမကျပါဘူး၊





ဆရာ ကျွန်မကို စော်ကားရာမကျဘူးလားရှင်. . ."

ပန်းဝါ၏အသံမှာ မကျေနပ်သံ မစွက်၊ မဖြစ်နိုင်သည့် အကြောင်းတို့ကို ထောက်ပြပြောဆိုကာ အေးချမ်းစွာ ဆွေးနွေးနေသည့် အသွင်လေးနှင့်ပါ။

"ပန်းဝါ. .အချစ်ရယ်. . ."

ဒေါက်တာမော်ကွန်းသည် ပန်းဝါ၏စကားလေးအဆုံး ၎င်းခွင်ထဲဆွဲသွင်းကာ တင်းကျပ်စွာ ဖက်တွေးထားလိုက်မိပါတော့၏။

"ဆရာရယ် ပန်းဝါ တောင်းပန်ပါရစေ၊ ပန်းဝါကို ဒုက္ခမပေးချင်ပါနဲ့ရှင်. . ."

"တော်ပါ ချစ်ရယ်၊ ဒီစကားတွေ ခုချိန်မှာ မပြောပါနဲ့လား၊ တစ်နေ့ကျရင် အချစ်သိနေတဲ့ အကြောင်းတွေနဲ့ပတ်သက်ပြီး အချစ်သံသယရှင်းအောင် မောင်ရဲ့မှတ်တမ်းလေးကို ပေးဖတ်ပါ့မယ်နော်၊ မောင်ပေးဖတ်မယ့်နေ့ကလေ အချစ်နဲ့မောင်တို့ရဲ့ မင်္ဂလာဦးညမှနော်. . ."

"ခုတော့ ပန်းဝါ မောင့်အပေါ် တကယ်ချစ်ဖို့ပဲ အရေးကြီးပါတယ်ဗျာ၊ မောင့်ကိုချစ်တယ် မဟုတ်လားဟင်. . ."

"အို ရှင်၊ ပန်းဝါက ကလေးအမေ မုဆိုးမ. . ."

"တော်ကွယ်. . ."

ပန်းဝါစကားလေးများ ရှေ့ဆက်ပြောခွင့်မရပါလေတော့။ ကားလေးထဲတွင်ကား ညင်သာသော အသက်ရှူသံလေးများမှအပ ပကတိတိတ်ဆိတ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးရေပြင်မှ ဖြတ်ကျော်တိုက်ခတ်လာသော အေးမြမြလေပြည်တစ်သုတ်သည် ကန်တော်ကြီးစောင်းရှိ သစ်ပင်ကြီးများပေါ်မှ သစ်ရွက်ကလေးများအား လှုပ်ရှားသွားစေလိုက်၏။ ပတ်ဝန်းကျင်သည်လည်း သစ်ရွက်လှုပ်သံလေးများမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက် ရှိချေ၏။ ။

* * *



## - နှစ်ဆယ့်ခုနှစ် -

"ဘာဖြစ်လဲ အဒေါ်. . ."

လူနာများ တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက်ကြည့်နေရာမှ နောက်ထပ် ဝင်လာသော လူနာတစ်ဦးအား ဒေါက်တာမင်းညို မေးလိုက်ခြင်းပါ။ ထပ်ဝင်လာသော လူနာမိန်းမကြီးမှာ ဒေါက်တာမင်းညို၏ ရည်မွန်သော မျက်နှာကို ကြည့်ပြီး. . .

"အဒေါ် ရင်ကျပ်လို့ပါကွယ်..."

"ဪ. .ဟုတ်လား၊ ကဲ ခုတင်ပေါ် တက်လိုက်ပါနော့် စမ်းသပ်ကြည့်ရအောင်. . ."

လူနာမိန်းမကြီး ခုတင်ပေါ် တက်အိပ်လိုက်သည်နှင့် ဒေါက်တာမင်းညိုမှာ အဆုတ် နှလုံးတို့ကိုနားကျပ်ဖြင့် သေချာစွာ စမ်းသပ်ကြည့်နေလိုက်သည်တွင်. . .

"ဆရာက ဒေါက်တာမင်းညိုပါနော်. . ."

စမ်းသပ်ခံရင်း မိန်းမကြီး မေးလိုက်သော စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းညိုမှာ မိန်းမကြီးအား သေချာစွာကြည့်မိလိုက်ရပြီးမှ . . .

"ဟုတ်ပါတယ်. . .ခင်ဗျာ၊ ဘာဖြစ်လို့ပါလဲ အဒေါ်"

"ဘာမှမဖြစ်ပါဘူးကွယ်၊ ဟုတ် မဟုတ် မေးကြည့်တာပါ"

"အဒေါ် ချောင်းကောဆိုးလားဟင်. . ."

"နည်းနည်းပဲ ဆိုးပါတယ်"

"ဟုတ်တယ် အဒေါ် ရင်ကျပ်နေတယ်၊ အဒေါ် ဆေးလိပ်သောက်လား. . ."

မိန်းမကြီးက ခေါင်းညိတ်ပြသဖြင့်. . .

"ဆေးလိပ်မသောက်ရင် ကောင်းမယ် အဒေါ်၊ ရင်ကျပ်ရောဂါသည်ဟာ ဆေးလိပ်သောက်ရင် ပိုဆိုးတာပေါ့ခင်ဗျာ၊ အဒေါ် ဆေးလိပ်ဖြတ်လိုက်ပါလား. . ."

"နည်းနည်း နည်းနည်း လျှော့သောက်ပြီး ဖြတ်နေပါတယ်ကွယ်. . ."

"ကောင်းပါတယ် အဒေါ်၊ လုံးဝဖြတ်သွားတော့ ပိုကောင်းတာပါခင်ဗျာ၊ ကဲ. .ကျွန်တော် သက်သာတဲ့ဆေး သွင်းပေးလိုက်မယ်နော်. . ."

သူဆိုရင် အကြောဆေးတစ်လုံး သွင်းရန် ပြင်ဆင်လိုက်သည်။ အကြောဆေးသွင်းပေးပြီးသည်နှင့် လူနာမိန်းမကြီးမှာ ခုတင်ပေါ် ထထိုင်လိုက်ပြီး. . .

"ဆရာ. . ."





"ဗျာ. . .အဒေါ်"

"ဆရာ့သားလည်း အတော်လေးကြီးရောပေါ့နော်. . ."

"ဗျာ. . ."

သူတစ်ခါမျှမြင်ဖူးသည်ဟုမရှိသော ထိုအမျိုးသမီးကြီးက သူ့သားအကြောင်းကို မေးနေသဖြင့် သူ အံ့သြမိသွားရလေသည်။ သူ အံ့သြနေဆဲ မိန်းမကြီးက . . .

"ဆရာက အဒေါ့်ကို မမှတ်မိဘူးထင်တယ်. . ."

သူ မိန်းမကြီးကို သေချာစွာ ပြန်ကြည့်မိလိုက်သည်။ ဟုတ်သည်။ ထိုမိန်းမကြီးအား သူ မမှတ်မိ။ မသိပါ။ လုံးဝ သူ မသိပါ။ ဒေါက်တာမင်းညိုမှာ မိန်းမကြီးအား ကြည့်မိနေရဆဲမှ. .

"အင်း. .ဟုတ်ကဲ့၊ ကျွန်တော် အဒေါ့်ကို မမှတ်မိဘူးခင်ဗျ. . ."

"ဘယ်မှတ်မိပါ့မလဲကွယ်၊ အဒေါ်ကလည်း ဆရာ့လက်ထဲ ကလေးပေးပြီးတာနဲ့ ချက်ချင်း ပြန်သွားတော့တာကိုးကွယ့်..."

"ဗျာ. .၊ ဟင်. .ဒါ. .ဒါဆို အဒေါ် အဒေါ်က. ."

သူ စိုးရိမ်သလို၊ အံ့သြသလိုဖြင့် ဆိုမိရပါတော့သည်။

စိုးရိမ်သည်က သားကိုများပြန်ခေါ်မှာလား၊ အံ့သြသည်က သားကိုပေးသွားသည့် မိန်းမကြီးအား မမျှော်လင့်ဘဲ ခုမှ တစ်ခါပြန်လည်၍ တွေ့လိုက်ရခြင်းကြောင့်ပါ။

"အဒေါ် ဆရာနဲ့ စကားအေးအေးဆေးဆေး ပြောချင်သေးတယ်ကွယ်၊ ဆရာ အချိန်ရမလား. . ."

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီး၏ စကားကြောင့် ဒေါက်တာမင်းညိုမှာ စိတ်လည်းဝင်စားသလို စိုးလည်းရိမ်သလိုဖြင့် တွန့်ဆုတ်နေသကဲ့သို့ ရှိနေရသောကြောင့် မိန်းမကြီးမှာ သူ့အခြေအနေအား ရိပ်မိလိုက်ရသဖြင့်. .

"အဒေါ် ပြောမယ့်စကားတွေကို ဆရာက စိုးရိမ်နေတယ် ထင်တယ်၊ မစိုးရိမ်ပါနဲ့ကွယ်၊ အဒေါ်က ဆရာ့အကျိုးအတွက် သက်သက် ဒီစကားကို နှစ်ပေါင်းအတော်ကြာ မျိုသိပ်ခဲ့ပြီးမှ တမင်တကာ တကူးတက လာပြောပြတာပါလေ. . ."

"ဗျာ. .ဩော်. .ဟုတ်ကဲ့ပါ အဒေါ်၊ ဟို. .ကျွန်တော်က အဲလေ. .ဒါဖြင့် အဒေါ် ခဏစောင့်နေပါဦးနော်၊ ကျွန်တော် ကျန်တဲ့ လူနာလေး နည်းနည်းဆက်ကြည့်ပေးလိုက်ပါဦးမယ်. . ."

"ရပါတယ်၊ အဒေါ် စောင့်နေပါ့မယ်၊ ဒီစကားကို ဆရာ့ အတွက် ပြောပြီးမှ အဒေါ် ပြန်မှာပါကွယ်. . ."

"ဟုတ်ကဲ့ အဒေါ်၊ ဟုတ်ကဲ့. . ."

လူနာ မိန်းမကြီးမှာ စမ်းသပ်ခန်းထဲမှ ထွက်ပြီး အရှေ့တွင် သွားထိုင်စောင့်နေလိုက်လေသည်။ ဒေါက်တာမင်းညိုမှာ ဘာ အကြောင်းများပါလိမ့်နော်ဟု အတွေးစိတ်၏ စိတ်လှုပ်ရှားမှုများနှင့် ကျန်သည့် လူနာများအား ဆက်၍ ကြည့်ပေးနေလိုက်ရပါလေ တော့၏။ ဆေးခန်းတွင်းရှိ လူနာများ ကုန်သွားသည်နှင့် ဒေါက်တာ မင်းညိုသည် မိန်းမကြီးရှေ့တွင် ရောက်ခဲ့ရပြီး. . .

"ကဲ. .ပြောပါဦး အဒေါ်ရယ်. . ."





"ဆရာ့သားလေး ကျန်းကျန်းမာမာပဲလား. . ."

"ဟုတ်ကဲ့ အဒေါ်၊ ကျွန်တော့်သား ကျန်းမာပါတယ်၊ အခုသူ့ကို ရန်ကုန်မှာ ကျောင်းသွားထားထားပါတယ်. . ."

"အင်း. .ဆရာ့ဇနီးက ဒီကလေးကို တော်တော်မလိုလား ကြောင်း၊ ရက်စက်ကြောင်းတွေ ဒေါ်ဒေါ်ကြားမိတယ်ကွယ်၊ စိတ်မ ကောင်းဘူး. . ."

ဒေါက်တာမင်းညိုမှာ သားအကြောင်းတွေ သိနေရသည့် မိန်းမကြီးအား ဘာပြန်ပြောရမှန်းမသိ ကြည့်နေမိရပေတော့၏။

"ဆရာ. . ."

"ဗျာ. .အဒေါ် ပြောပါ. . ."

"ဒီကလေးဟာ၊ သူများကလေး မဟုတ်ပါဘူး ဆရာ၊ တကယ်တော့ ဒီကလေးဟာ ဆရာ့ကလေး၊ ဆရာ့သားလေး ရှားရှား ဆိုတာပါပဲ. . ."

"ဗျာ. . .ရှားရှား"

ဒေါက်တာမင်းညိုကား ထခုန်မိမတတ် အံ့သြခြင်းများစွာဖြင့် ဆိုလိုက်မိရပါတော့သည်။

"ဟုတ်တယ် ဆရာ၊ ဆရာနဲ့ရတဲ့ ဆရာ့သားပါ။ အရှင်းဆုံး ပြောရရင် ကချင်ပြည်နယ်မှာ ဆရာတာဝန်ကျစဉ်က ဆရာနဲ့. . ."

"တော်. .တော်ပါတော့ အဒေါ်ရယ်. . ."

ဒေါက်တာမင်းညိုမှာ မိန်းမကြီးအား စကားမဆက်စေတော့ ဘဲ လက်ကာပြထားလိုက်ရပြီးနောက် ဘူသည့် နဖူးကို လက်မ

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးနှင့်ထောက်ကာ ခေါင်းကိုငုံ့ထားမိရပါတော့၏။ သူ့ရင်မှာ မကောင်းလိုက်သည့်ဖြစ်ခြင်းရယ်ပါ။ မျက်ရည်တို့ဖြင့် ပန်းဝါ၏ မျက်နှာနွမ်းနွမ်းလေးကို မြင်ယောင်နေမိရသည်။

ပြီးတော့ ချစ်သက်လှ၏မျက်နှာ၊ ဘယ်လိုဘယ်လိုကြောင့် သားသည် သူ့ထံသို့ရောက်လာရပါလိမ့်၊ ထိုအချက်ကို သူ သိချင်ရပြန်သောကြောင့် သူ့မျက်နှာကိုမော့လိုက်ပြီး မိန်းမကြီးကို စူးစိုက်စွာ ကြည့်လိုက်ရင်းက. . .

"အဒေါ်. . ."

မိန်းမကြီး သူ့ကိုကြည့်နေဆဲ သူ စကားကို ဆက်လိုက်သည်။

"ဒီသားရှားရှားက ကျွန်တော့်ဆီကို အဒေါ်က ဘာကြောင့် ယူလာပေးရတာလဲဗျာ၊ ဒီအကြောင်းကို ပြောပြပါဦး. . ."

"အဒေါ်လည်း ပြောမလို့ပါပဲ၊ ဒီလိုလေ အဲဒီ လမိုင်းမှာ နေတဲ့ ပန်းဝါဆိုတဲ့မိန်းကလေးရဲ့ ယောက္ခမများကပေါ့ကွယ်. ."

သူ ခေါင်းညိတ်လိုက်သည်။

"ဒီကလေးဟာ သူ့သားနဲ့ရတာ မဟုတ်ဘူး၊ ဆရာနဲ့ရတဲ့ ကလေးဆိုတာ သူတို့သေသေချာချာ သိတယ်တဲ့၊ ဒါကြောင့် ဒီကလေးကို သူတို့မလိုချင်ဘူးတဲ့၊ သူ့အဖေစစ်ဖြစ်တဲ့ ဆရာ့ဆီပဲ ပြန်ပို့မယ်ဆိုပြီး လမိုင်းကိုအလည်ရောက်နေတဲ့ အဒေါ်နဲ့ ပို့ခိုင်း လိုက်ကြတာပါပဲကွယ်. . ."

"ဟူး. . ."



လေပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ဒေါက်တာမင်းညို ခေါင်းကိုယမ်းနေလိုက်သည်။ ပြီးမှ. . .

"အဒေါ့်လက်ထဲ ပေးလိုက်တာက ဘယ်သူတွေလဲ အဒေါ်၊ ကိုချစ်သက်လှနဲ့ ပန်းဝါတို့လား. . ."

"မဟုတ်ဘူးကွယ့်၊ သူ့ယောက္ခမတွေပဲ. . ."

"ကလေးမိဘတွေကော သိလား. . ."

"အဲဒါတော့ မပြောတတ်ဘူး ဆရာ၊ အဒေါ့်စိတ်ထင်တော့ ကလေးမိဘတွေ မသိဘူးလို့ ထင်တာပဲ၊ အိမ်ထဲက ကလေးကို မိန်းမကြီးတစ်ဦးက ချီထုတ်လာပြီး ပေးတာ၊ ပြီးတော့ အဒေါ့်ကို ပြောတယ်. . ."

"ဘာပြောလိုက်လဲ အဒေါ်. . ."

"ဒီကလေးကို မိုးကုတ်မှာရှိတဲ့ သူ့အဖေဆရာဝန် ဦးမင်းညို လက်ထဲကို သေသေချာချာ ရောက်အောင်ထည့်ပါတဲ့၊ ဒါပေမယ့် သူ့သားပါလို့ မပြောခဲ့နဲ့တဲ့၊ ဒီအတိုင်းပေးခဲ့လိုက်ပါတဲ့၊ သူတို့က အဒေါ့်ကို ငွေတစ်သိန်းပေးသုံးလိုက်တယ်လေ. . ."

"ဟင်း. . ."

ဒေါက်တာမင်းညိုမှာ သက်ပြင်းမောများသာ ချ၍ နေမိရ ပါတော့၏။

"ဒါနဲ့ အဒေါ် လမိုင်းကို ထပ်ရောက်သေးလား. . ."

"မရောက်တော့ဘူး၊ အဒေါ်က ညောင်ဦးမှာ နေတာ. ."

"ဒါဆို ဟိုက အကြောင်းတွေ နောက်ပိုင်း အဒေါ်ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မသိေတာ့ဘူးေပါ့. . ."

"အေဒၚလည္း မေရာက္ေတာ့ ဘယ္သိမလဲကြယ္၊ ဒီမန္တလေး ကိုေတာ့ ခဏခဏေရာက္တယ္၊ ဟိုးတေလာက ဆရာ့ကိုျမင္လိုက္လို႔ ဘယ္မွာေနတယ္ဆိုတာ အေဒၚစုံစမ္းေနေသးတယ္၊ ဒီေန႔မွ ဒီမွာ မေမွ်ာ္လင့္ဘဲ ဆိုက္ဆိုက္ၿမိဳက္ၿမိဳက္ ေတြ႕ရေတာ့တာပဲ. . ."

"ျဖစ္မွျဖစ္ရေလ အေဒၚရယ္. . ."

သူ ပန္း၀ါမ်က္ႏွာေလးကို ျမင္ေယာင္ရင္း ညည္းညဴမိ လိုက္ေလသည္။

"သူတို႔က အေဒၚ့လက္ထဲ ကေလးေပးၿပီး ကေလးကို ေျပာလိုက္ေသးတယ္. . ."

သူ နားေထာင္ေနလိုက္သည္။

"ကဲ. .ရွားရွားေရ၊ နင့္အေဖဆီပဲ နင္ျပန္ေတာ့ေတာ့၊ နင္ဟာ တို႔ေျမးမဟုတ္ဘူးတဲ့. . ."

"ဟင္း. . ."

သူ ထိခိုက္စြာ သက္မခ်မိရျပန္ပါ၏။

"အေဒၚကေတာင္ ရွားရွားေလးကို ေမြးထားလိုက္ခ်င္တာ၊ အေဒၚ့မွာကလည္း ကေလးမရွိဘူးမဟုတ္လား၊ ရွားရွားေလးကလည္း သိပ္ခ်စ္စရာေကာင္းတဲ့ ကေလးဆိုေတာ့ အေဒၚသိပ္ေမြးထားခ်င္ တာေပါ့. . ."

ထိုစကားေၾကာင့္ ေဒါက္တာမင္းညိဳမွာ သူ႔ရင္အုံႀကီးပင့္ၾကြ သြားရၿပီး. . .





"အမေလးဗ်ာ၊ ကံေကာင္းလို႔ပါလား"ဟူ၍ ေတြးမိသြားရင္း ပင့္သက္ကို ခ်လိုက္ရပါေသး၏။

"ဒါေပမယ့္ သူတို႔က ဆရာ့လက္ထဲ ကေလးကို ေသခ်ာ ထည့္မထည့္ လူတစ္ေယာက္လည္း ထည့္လိုက္လို႔ အေဒၚက ကေလးကို ဆရာ့လက္ထဲ အေရာက္ထည့္ျဖစ္လိုက္ရေတာ့တာပဲ"

ဘုရား သိၾကား မ,တာပဲ. . .ဟု အေတြးႏွင့္ ေဒါက္တာ မင္းညိဳမွာ မိန္းမႀကီးအား မ်က္လုံးတစ္ခ်က္ လွန္ၾကည့္မိရၿပီး ထပ္ ေတြးမိလိုက္ရျပန္သည္။ မိန္းမႀကီးက စကားကို ထပ္ဆက္သည္။

"ဆရာသားကို ဆရာသားမွန္းသိေအာင္ အေဒၚက ေျပာျပ တာပါကြယ္၊ ကေလးကလည္း ခ်စ္စရာေလး မဟုတ္လား. . ."

"ဟင္း ဟုတ္ကဲ့၊ ေက်းဇူးတင္ပါတယ္ အေဒၚ၊ ခုလို အေၾကာင္းေတြသိရတာ ေက်းဇူးတင္ပါတယ္ဗ်ာ. . ."

"ကဲ ဒါျဖင့္ အေဒၚသြားမယ္. . ."

"ဟုတ္ကဲ့ ေကာင္းပါၿပီခင္ဗ်ာ. . ."

"ဟင္း ျဖစ္ရေလ သားရယ္. . ."

မိန္းမႀကီးထြက္သြားလိုက္သည္ႏွင့္ ေဒါက္တာမင္းညိဳမွာ သူ႔ဆံပင္မ်ားၾကားထဲ လက္ေခ်ာင္းမ်ားထိုးသြင္းရင္း ဆိုလိုက္မိပါ ေလ၏။

ပန္း၀ါရယ္. .ဘယ္လိုေတြမ်ားျဖစ္ကုန္ၾကရတာလဲကြယ္၊ ကိုခ်စ္သက္လူ ခင္ဗ်ားကိုယ္တိုင္က ပန္း၀ါအေပၚ နားလည္မႈ မထားႏိုင္ေတာ့လို႔လား၊ သူ႔မိဘေတြက သူ႔သားအေၾကာင္း ဘယ္



www.burmeseclassic.com

www.burmeseclassic.com



လောက်များ သိကြလို့လဲ. . .။

"တောက်. . ."

မချိုတင်က သူ တက်တစ်ချက်ကို ခေါက်ပြီး ခေါင်းကို ပြန်မော့ကာ ကိုယ်ကိုမတ်ထိုင်လိုက်သည်။

ဟင်း. .တောက် ဒီကိစ္စကတော့ မဖြစ်ဘူး၊ ငါကိုယ်တိုင် အပြတ်ရှင်းမှ ဖြစ်တော့မယ်၊ အင်း. .ဦးသန်းဆွေနဲ့ ဒေါ်ခင်ပြုံးကြည်တို့ဆီ ငါစာရေးရမယ်၊ ကိုချစ်သက်လူဟာ အလကားလူ၊ ဘာမှ အသုံးမကျတဲ့လူ၊ ဒီလူဟာ လူယုတ်မာ. . .။

တောက် ကိုချစ်သက်လူရယ် ခင်ဗျားနဲ့ တစ်ချီတော့ တွေ့လိုက်ချင်ပါသေးရဲ့ဗျာ. . .။

ဒေါက်တာမင်းညိုမှာ ဒေါသစိတ်များနှင့် ချစ်သက်လူအပေါ် ကြုံးဝါးနေမိပါတော့၏။

နေ. .နေ ဒီလောက်တောင် ဖြစ်လှတာ သူတို့သား အကြောင်းကို လုံးစေ့ပတ်စေ့ သူ့မိဘတွေသိသွားရအောင် ငါ စာရေးရမယ်၊ ဟုတ်တယ် ငါ စာရေးရမယ်၊ ဒါမှ ဒီလူတွေ သိမယ်၊ နို့ဖြင့် သူတို့သားကပဲ လူသူတော်ကောင်းကြီးလို့ ယူဆနေကြမယ့် သူတွေ၊ သိမယ်၊ ငါ့အကြောင်း သိမယ်. . .။

ဒေါက်တာမင်းညိုကား ဒေါသစိတ် မခံချင်စိတ်များဖြင့် နေမထိထိုင်မထိဖြစ်ကာ ကြုံးဝါးနေမိရပါလေတော့သည်။

ခြော်. .သားရယ်၊ မင်းလေး ကံကောင်းလို့ပါလားကွယ်၊ သားရယ် ဖေဖေကတော့လေ သားကိုချစ်လိုက်ရတာ. . .။





မော်ကွန်းရယ် ကိုယ်ရဲ့ရယ်စရာကောင်းတဲ့ အဖြစ်တွေ မင်းကို မြင်စေ သိစေချင်လှတယ်ကွာ၊ ဒါပေမယ့် ဒီအကြောင်းတွေကို မင်းကို ကိုယ်တယ်လိုပြောလို့ ဖြစ်မှာလဲလေ၊ ခြော်. .သူငယ်ချင်းရယ်. . .။

သား ရှားရှားရယ် ဖေဖေ သူတို့ကို ရှင်းပြလိုက်မှ သူတို့ လက်မခံ မယုံကြည်နိုင်ကြဘူးဆိုရင် သားဟာ ဖေဖေနဲ့ထိုက်တဲ့ သားပါပဲဗျာ၊ သားကို ဖေဖေ အဝေးမှာ မထားတော့ဘူး၊ ဖေဖေ ပြန်ခေါ်ထားတော့မယ်၊ သားရယ် နွေကျောင်းပိတ်ရင် ဖေဖေသားကို ဖေဖေ ပြန်ခေါ်ထားတော့မယ်ကွယ်. . .။

သီရိရယ် မင်း သားကို မရက်စက်ပါနဲ့တော့၊ ဒီတစ်ခါ မင်း သားကို ရက်စက်ရင် မင်းနဲ့ငါနဲ့ တွေ့မယ်ကွာ၊ မင်းဟာ ဘယ်လိုမှအသုံးမကျတဲ့ မိန်းမ၊ မင်းကိုပဲ ကွာပစ်ရမယ်. . .။

"တောက်. . ."

ဒေါက်တာမင်းညိုမှာ တစ်ထိုင်တည်းနှင့် အတွေးများ သောင်းခြောက်ထောင် တွေးပစ်လိုက်ရကာ ဟိုလူ့ဒေါသဖြစ်၊ ဒီလူ့ မကျေနပ်နှင့်ဖြစ်ရင်း သူ့ရင်ထဲကိုတိတ်၍ ကြုံးဝါးနေမိရပါလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်ရှစ် -

"ကဲ သားရေ၊ သားလက်ကလေး ကောင်းသွားပြီနော်၊ ဒါပေမယ့် သိပ်တော့ အားစိုက်ပြီး ဘာမှမလုပ်နဲ့ဦး ဟုတ်လား"

ကျောက်ပတ်တီးချွာပြီးသွားသော ဇော်ဇော်၏ လက်ကလေးကို ကိုင်ကြည့်နေရင်းမှ ဒေါက်တာမော်ကွန်း ပြောလိုက်ခြင်းပါ။

"ဟုတ်ကဲ့ ဦးဦး၊ ဒါနဲ့ ဟိုအန်တီဆရာမကော ခင်ဗျ"

"အဟင်း. .ဆရာရေ၊ ဇော်က ဟိုဆရာမချောချောလေး တစ်ယောက်နဲ့ ဆရာ့အကြောင်းကိုတော့ အိမ်မှာ အမြဲပြန်ပြောလေ့ ရှိနေတာလေ. . ."

"အဟွန်း သူလာတိုင်း ကျွန်တော်တို့ပဲ လုပ်ပေးနေတော့ ကလေးက ကျွန်တော်တို့ကို အသိအမှတ်ပြု ခင်သွားတာပေါ့ ဆရာမရယ်. . ."

"ဟုတ်ပါတယ် ဆရာ၊ သူ့ဖေဖေလာရင်တောင် ဇော်က





ဆရ တို့အကြောင်းကို ပြောပြတတ်သေးတာ. . ."

ဇော်ဇော် လက်ကျောက်ပတ်တီးချွာမည့်နေ့မို့ ဆရာမလေး ဝင်းမာပါ လိုက်ပါလာခဲ့ပြီး ဇော်၏အကြောင်းများအား ပြောပြနေလိုက်ခြင်းပါ။

ဒေါက်တာမော်ကွန်းမှာ ဇော့်မျက်နှာလေးအား နှစ်လိုဖွယ် ကြည့်မိနေရပြီး . . .

"ဇော်က သိပ်လိမ္မာတဲ့ကလေးပဲ. . ."

"ဟုတ်တယ် ဆရာ၊ ဇော်က အရွယ်လေးနဲ့မလိုက်အောင် လိမ္မာပြီး အလိုက်သိတတ်တယ်၊ သူ့အဖေကတော့ သူ့ကိုသိပ်ချစ်တာ. . ."

"ဩော် အန်တီဝင်းမာ ဦးဦးကို ပြောပြလိုက်ပါဦး၊ ဇော့်ဖေဖေ ဒီနေ့ရောက်မယ်လေ၊ ဟိုနေ့က ဇော်တို့ဆီ ဖုန်းဆက်ထားတယ် မဟုတ်လား. . ."

"အေးပါကွယ်၊ ဟုတ်တယ်၊ ဇော့်ဖေဖေဒီနေ့ရောက်မှာပါ၊ သူ့ဖေဖေရောက်မှာမို့ ဇော်ကပျော်နေတာဆရာ၊ ပြီးတော့ သူ့လက်ကလည်း ကျောက်ပတ်တီးဖြေရမယ် မဟုတ်လား. . ."

"ဒါပေါ့ဗျာ၊ မိဘနဲ့တွေ့ရတဲ့ သားသမီးဟာ မပျော်ဘဲ ရှိပါ့မလားလေ၊ မိဘတွေမှာလည်း ဒီလိုပါပဲဗျာ. . ."

ထိုစကားကို ပြောရင်းမှ ဒေါက်တာမော်ကွန်း ရင်မှာ နင့်ခနဲ သွားရကာ မျက်ဝန်းတို့ရီဝေချင်သွားရပါလေ၏။

"ကဲ. .ဆရာ၊ ကျွန်မတို့ ပြန်လိုက်ပါဦးမယ်ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ. . ."

"ဦးဦး. . ."

"ဗျာ. . ."

"အန်တီ့ကိုပြောလိုက်ပါနော်၊ ဇော် ဆေးရုံကိုလာလည်ပါဦးမယ်လို့. . ."

"ကောင်းပါပြီဗျာ၊ ပြောလိုက်ပါ့မယ်. . ."

"ဇော် သွားတော့မယ် ဦးဦး. . ."

"ကောင်းပြီ သား. . ."

ဆေးခန်းထဲမှ နှုတ်ဆက်ထွက်ခွာသွားသော ဇော်၏ နောက်ကျောပြင်လေးအား သူ ငေးမောကာ ကြည့်နေမိလိုက်လေသည်။ အကျီလက်တိုအဖြူနုနုလေးနှင့် ဘောင်းဘီတို ခိုပြာရောင်လေးအား လှပသေသပ်စွာ ဝတ်ဆင်ထားသည့် ဇော်ဇော်၏ ချစ်စရာဟန်လေးအား ငေးကြည့်နေရင်းမှ. . .

ဩော် ခုဆို သားလည်း ဒီအရွယ်လောက်ပါပဲလေ. . . ဟူ၍ ဒေါက်တာမော်ကွန်းမှာ ရင်နှင့်မောလျှစွာ ရင်ထဲမှ ဤသို့ ဆိုမိလိုက်ရရှာပါ၏။

"ဒေါက်တာ. . ."

"ဩော် ဆရာမ. . ."

"လူနာအသစ် ထပ်ရောက်လာလို့ပါ ဆရာ. . ."

"ဩော်. .ဟုတ်ကဲ့. . ."

ဆေးရုံတက်ရမည့် လူနာအသစ်ထပ်ရောက်လာသဖြင့် သူ





လိုက်ကြည့်ရန် ဆရာမလေးနောက် ထွက်လိုက်သွားရလေတော့သည်။ သူသည် အသစ်ရောက်လာသည့် လူနာအား စမ်းသပ်ကြည့်ရှုပေးခဲ့ပြီးနောက် တခြားဆရာဝန်တစ်ဦး လက်သို့အပ်ကာ သူကိုယ်တိုင်မှာ ခွဲစိတ်ခန်းအတွင်းသို့ ဝင်ခဲ့လိုက်ရလေ၏။

ခွဲစိတ်ရမည့် လူနာများအား ဆက်တိုက်ခွဲစိတ်လိုက်ရသဖြင့် သူသည် ထိုနေ့က ထမင်းစားချိန်မှလွဲ၍ ခွဲခန်းထဲတွင်သာ ချိန်ကုန်ခဲ့ရလေ၏။ သူ ခွဲခန်းထဲမှ အပြီးတိုင်ထွက်လာချိန်မှာ မွန်းလွဲနှစ်ချက်ခွဲနေပြီဖြစ်၏။ ဒေါက်တာမော်ကွန်းသည် အလုပ်မှ လူရောစိတ်ပါ အနားရလိုက်ပါသော်လည်း သူ့အဖို့အနားမယူနိုင်ရှာသေးပါလေ။

မှန်ပါ၏။ အဘယ်ကြောင့်ဆိုသော် သည်နေ့လည်း ချစ်သူပန်းဝါ၏ အရိပ်အယောင်ကိုမျှ သူ မြင်တွေ့ရခြင်း မရှိသောကြောင့်ပါတည်း။ မနေ့ကလည်း ပန်းဝါကို သူ မတွေ့မမြင်ရ။ မနေ့ကတော့ ဆိုစေတော့။ သူကို ပန်းဝါရှက်နေခြင်းကြောင့်ဟု။ ဒီနေ့လည်းဆက်ပြီး ပန်းဝါကို သူမတွေ့၊ စိတ်မှာမချမ်းမြေ့လိုက်သည် ဖြစ်ခြင်းပါ။

တကယ်နိုင်လျှင် ပန်းဝါအား သူ ယခုပင် လက်ထပ်ချင်နေရပါပြီ၊ အမြန်ဆုံး ပန်းဝါထံမှ သဘောတူညီချက်ကို ရယူပြီး သူ လက်ထပ်ချင်နေရသည်။ ပန်းဝါ တစ်စိတ်တစ်ဒေသ သိထားသော သူ့အကြောင်း အဖြစ်မှန်တွေကိုသာ သူ ဖွင့်ဟပြောပြချင်နေပြီ။ ပန်းဝါထံမှ သူ့အပေါ်အံ့ဩခြင်းနှင့် ချစ်ခြင်းတို့ကို အပြည့်အဝ ရယူချင်နေရပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါ ဘာကြောင့် ဆေးရုံမလာသလဲ၊ သူ သိချင်နေရသည်။ သို့သော်လည်း ဆရာမလေးများထံမှ ပန်းဝါအကြောင်းကို သူ မမေးမိ၊ မမေးချင်။ သူ ဆုံးဖြတ်လိုက်သည်။ ညနေ ဂျူတီပြီးချိန်တွင် ပန်းဝါထံ သူ သွားရောက်တွေ့လိုက်မည်ဟု. . .

ညနေဘက်သို့ရောက်သော် ဂျူတီပြီးသည်နှင့် ဆေးရုံမှ တစ်ဆက်တည်း သူ ပန်းဝါနေထိုင်ရာ တာမွေဘက်သို့ ထွက်လာခဲ့လိုက်လေတော့သည်။ ပန်းဝါတို့ငှားနေသည့် တိုက်ခန်းဆီသို့အရောက် သူ ဘဲလ်ကိုနှိပ်လိုက်သည်။ သိပ်မကြာလိုက်၊ တံခါးပွင့်လာသည်နှင့်. . .

"ဟင် ဆရာ. . ."

"ပန်းဝါ. . ."

တံခါးလာဖွင့်ပေးသော ပကတိကျန်းမာစွာ လှပချောမောနေသည့် ပန်းဝါမျက်နှာလေးကို သူ အတန်ကြာငေးကြည့်နေမိလိုက်သည်။

"အို ဝင်ပါ ဆရာ. . ."

"မကောင်းတတ်လို့ ခေါ်တာပေါ့နော် ပန်းဝါ. . ."

"စကားနာမထိုးပါနဲ့ ဆရာရယ်၊ ဝင်ပါရှင်၊ ပန်းဝါ ဖိတ်ခေါ်နေပါတယ်. . ."

"အိမ်ရှင်ဝတ္တရားအရပေါ့နော်. . ."

သူဆိုရင်း အိမ်ထဲလှမ်းဝင်လိုက်သည်။ ပန်းဝါ သူ့ကို စကားမဆိုမိလိုက်ပေ။ တကယ်တော့ ပန်းဝါမှာ ညနေချိန်မို့ ရုံးမှ





ထွေးထွေးနှင့် အေးမေတို့ပြန်လာကြပြီထင်၍ တံခါးဖွင့်ပေးလိုက်ခြင်းပါ။

"ထိုင်ပါ ဆရာ. . ."

"ပန်းဝါ. . ."

သူ မထိုင်ဘဲ ပန်းဝါရှေ့လာရောက် ရပ်ကာ ခေါ်လိုက်သည်။ ပန်းဝါ သူ့ကိုမော့ကြည့်သည်။ ရေချိုးပြီးစ နံ့သာရည်ကျဲလေးလူးထားသော ပန်းဝါတစ်ကိုယ်လုံးမှာ ကျော့ရှင်းစွာ ရနံ့လေးသင်းပျံ့နေရပေ၏။ အဝါရောင်ဝတ်စုံလေးနှင့် ပန်းဝါမှာ ရွှေနှင့်ပြီးသော ပန်းပုရုပ်ကလေးအလား ဝင်းဝါ စိုပြည်နေရလေသည် မဟုတ်ပါလား။

ဒေါက်တာမော်ကွန်းသည် သူ့တစ်သက် အသည်းများကျွမ်းမြည့်စွာ ချစ်ရသောထိုပန်းပုသူဇာလေးအား သူသည် အချစ်မျက်ဝန်းတို့ဖြင့် အငမ်းမရ ကြည့်နေရဆဲမှ. . .

"ပန်းဝါ. . ."

သူခေါ်ရင်း ပန်းဝါအား ဆွဲဖက်ထားလိုက်သောကြောင့်

"အို. .ဆရာကလည်းရှင်. . ."

"ပန်းဝါရယ် သိပ်ချစ်နေရတဲ့ မောင့်ကို စိမ်းလိုက်တာဗျာ"

"ဆရာရယ် ရှေ့ဆက်မဖြစ်နိုင်တာတွေ ရပ်တန်းကရပ်..."

"ဘာပြောတယ် ပန်းဝါ၊ မင်း ဘာပြောတယ်. . ."

"ဟို ပန်းဝါ. . ."

"တော် မင်းဘာမှမပြောနဲ့တော့၊ တောက်. .ဟင်း. .ရုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီအချိန်ပိတ်ကုန်ပြီ. . ."

ပန်းဝါ သူ့ကိုနားမလည်သလို ကြည့်နေမိလိုက်သည်တွင် ပန်းဝါအကြည့်အား သူသဘောပေါက်မိရသောကြောင့်. . .

"မင်းကို လက်ထပ်ဖို့လေ၊ မင်းကို မောင် အခုချက်ချင်း လက်ထပ်ဖို့ကွ၊ မနက်ဖြန် မောင့်သဘောနဲ့မောင်၊ မောင့်သဘော တစ်ခုတည်းနဲ့ ပန်းဝါကို လက်ထပ်မယ်၊ လက်ထပ်ပြီး မောင်တို့ မင်္ဂလာဦးညမှာ မောင့်ရဲ့ချစ်သစ္စာဒိုင်ယာရီကို ပေးဖတ်မယ်၊ အဲဒီနောက် တော့ ဟောဒီမြန်မာပြည်ကြီးတစ်ခုလုံးကို သိစေလိုက်တော့မယ်၊ ဒီည မမကြီးတို့ကို မောင် မိန်းမယူတော့အကြောင်း အိမ်ရောက်တာနဲ့ ပြန်ပြောပြမယ်. . ."

"ဆရာရယ် အရမ်းတွေ လျှောက်မလုပ်ပါနဲ့ရှင်၊ ပန်းဝါ တောင်းပန်ပါရစေ. . ."

"တော်ပြီ အချစ်ရယ်၊ မောင် ဒီထက်ပိုမပြောတော့ဘူး၊ ပြောစရာလည်း မရှိဘူး၊ လိုလည်း မလိုတော့ဘူး၊ မောင် မေးချင် တာက. . ."

"ထိုင်ပါလား ဆရာရယ်. . ."

သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ပန်းဝါဆိုသော်လည်း သူ မလွှတ်၊ ပန်းဝါကိုယ်လေးကိုသာ စွဲမြဲစွာဖက်ထားရင်း နှစ်ယောက် ထိုင် ဆက်တီတစ်ခုတွင် ဝင်ရောက်ထိုင်လိုက်ပြီး. . .

"ပန်းဝါ ဘာလို့ဆေးရုံကို မလာတာလဲ. . ."

ပန်းဝါမဖြေ။ မျက်လွှာလေး ချထားလိုက်သည်။





"မောင့်ကို ရှောင်တယ်ဆိုပါတော့ ဟုတ်လား၊ မောင့်ကို ပန်းဝါ ရှောင်ပုန်းလို့ လွတ်မယ်ထင်နေလားဟင်. . ."

ပန်းဝါ စကားမဆို။ မျက်ရည်လေးဝဲလျှလာရလေသည်။ သူ ပန်းဝါလက်ချောင်းလေးများကို ဆုပ်ညှစ်လိုက်ရင်းက. . .

"အချစ်ရယ် ဘာလို့မျက်ရည်တွေ ဝဲလာရတာလဲကွယ်၊ မောင့်ကိုမယုံလို့လားဟင်၊ မောင် ချစ်တာတွေ မယုံလို့လား၊ သောင်ခုံ နေရာလေးမှာ မောင်ဟာ မင်းကိုစတွေ့ပြီး စွဲလမ်းခဲ့ရတာပါ၊ မင်း ယုံစမ်းပါလား၊ မောင့်အိမ်က ပန်းချီကားက သက်သေပဲကွယ်၊ ယုံပါနော် အချစ်. . ."

"အဟင့်. .ဟင့် ဆရာရယ်. . ."

ပန်းဝါ သူ့ရင်ခွဲထဲတိုးဝင်ကာ ငိုချလိုက်တော့သည်။ သူ့ စကားများမှာလည်း ပန်းဝါသည် အသည်းကြားမှ ဖြစ်ပေါ်နေရသည့် အချစ်သစ္စာစကားမျိုးကဲ့သို့ပင် မဟုတ်ပါလား။ သို့သော်လည်း ပန်းဝါမှာ သူ့အား နားလည်ရခက်နေရှာပါသည်။

သူ့နှလုံးသားအား နားမလည်နိုင်သေးသော်လည်း ပန်းဝါ နှလုံးသားထဲကတော့ သူ့ကိုတမ်းတရင်းစွဲရှိခဲ့ရသည်။ ပန်းဝါ သူ့ကို ချစ်သည်။

ဒေါက်တာမော်ကွန်းသည် တသိမ့်သိမ့်ငိုနေသည့် ပန်းဝါအား တင်းကျပ်စွာဖက်ထွေးထားရရင်းမှ. . .

"ပန်းဝါရယ် တကယ်တော့ မောင်ဟာမင်းရဲ့ဘဝမှာ သိပ်ကို ယုံကြည်အားကိုးရဆုံးလူတစ်ယောက်ဆိုတာ မင်း မကြာခင်သိရတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပါကွယ်၊ တိတ်ပါ ချစ်ရယ်၊ မောင့်ကိုချစ်တယ်မဟုတ်လားဟင်၊ ပြောပါဦး . . ."

ပန်းဝါ နှုတ်ကမဆိုဖြစ်၊ ရင်ထဲမှ ချစ်စိတ်တဝေဝေ ကြည်နူးမှုအဖြာဖြာတို့ကြောင့် စကားတို့မှာ ပြောထွက်မလာကြပါလေ။ ပန်းဝါ သူ့မျက်နှာချောချောအား နှစ်ရှည်လများစွာကတည်းက မျိုသိပ်ခဲ့ရသည့်အချစ်တို့ဖြင့် အတန်ကြာအောင်ကြည့်နေမိရပြီးမှ မျက်ရည်စီးကြောင်းလေးနှစ်သွယ်နှင့် ပန်းဝါ မျက်နှာလေးမှာ သူ့အား လှပမြတ်နိုးစွာပြုံး၍ပြလိုက်မိပါတော့သတည်း။

အတန်ကြာသော်မှ . . .

"ပန်းဝါ" . . .

သူ ရွှေးတွေးစွာခေါ်သည်။

"ရှင် . . ."

တိုးညှင်းသိမ်မွေ့လွန်းစွာ ပန်းဝါထူးလာ၏။

"မနက်ဖြန် မောင်တို့လက်ထပ်ကြရအောင်နော်၊ မောင်တို့အသက်တွေလည်း မငယ်တော့ဘူး . . ."

"အဟင်း . . ."

ပန်းဝါ ပြုံးသည်။ မျက်ဝန်းလေးများမှာ လှပလွန်းနေရ၏။

"မနက်ဖြန် မောင်လာခေါ်မယ်နော်၊ ရုံးဖွင့်တာနဲ့ လက်ထပ်ပြီး ဆေးရုံကိုသွားမယ် . . ."

သူ့စကားတွေ ပန်းဝါအပြုံးလေးနှင့် နားထောင်နေမိ၏၊

"သြော် ဇော်လက်ကလေး ကျောက်ပတ်တီးဖြေပြီးပြီ . ."





"ဟင် ဟုတ်လား . . ."

"ဒီနေ့ပဲ ဖြေတယ်လေ၊ ဇော်က ပန်းဝါကိုတောင် မေးသေးတယ်၊ သူ ဆေးရုံလာလည်ဦးမယ်တဲ့ . . ."

"အဟင်း ကလေးက သိပ်လိမ္မာတာပဲနော် ဆရာ . . ."

"ခေါ်ပုံကလည်းကွာ မဟာန်လိုက်တာ၊ ပြင်ခေါ်ပါဦးကွယ်"

"အဟင်း .ဟင်း . . ."

သူ့ကိုကြည့်ပြီး ပန်းဝါရယ်သည်။ ရယ်လိုက်တိုင်း ပါးချိုင့်လေးခွက်ဝင်သွားသည့် သူမအလှအား ဒေါက်တာမောင်ကွန်းမှာ မြတ်နိုးမှုများစွာဖြင့် ငေးမောနေမိရ၏။

"မောင့်အချစ်က သိပ်လှတာပဲကွာ၊ မလှတဲ့နေရာဆို ဘယ်တစ်ကွက်မှ မရှိဘူး၊ အချစ်ရဲ့ဝင်းမွတ်နေတဲ့ ယောဒီအသားလေးတွေပေါ်မှာတောင် မှဲ့စွန်းလေးတစ်ကွက်မထင်အောင် အချစ်က သိပ်လှတယ် . . ."

"ဆရာကလည်း မြှောက်တတ်သားပဲ . . ."

"မောင် မြှောက်တယ်ထင်ရင် အခု ပန်းဝါလမ်းထွက်ကြည့်ပါလား၊ ပန်းဝါကို လူတွေသတိထားကြည့်မိကြရမှာချည်းပဲ . . ."

"ဒါကတော့ မျက်စိရှိလို့ကြည့်ကြတာပဲ ဆရာရဲ့ . . ."

"အဲဒါ အချစ်သိပ်လှနေလို့ပေါ့ကွ၊ မောင်က တကယ်သဝန်တိုတတ်တာဗျနော် ဒါပဲ . . ."

"အဟင်း ဟင်း ဆရာကလည်း . . ."

သူ့အပြောကို သဘောကျ၍ ပန်းဝါရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ အချစ်က ရယ်တယ်နော်၊ မောင်ကတော့လေ အချစ်ရဲ့အလှလေးတွေကို ဟိုးတစ်ချိန်ကတည်းက အသည်းမှာ စွဲမှတ်ထားပြီးသား သိလား. . ."

"ပန်းဝါကိုချည်းပဲ မပြောပါနဲ့လေ၊ ဆရာကလည်း ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ကြီးပဲ မဟုတ်လား. . ."

"အဟွန်း. .ဟွန်း၊ အဲဒီနှင်းဆီခိုင်က ပျိုတိုင်းအတွက် မဟုတ်ပါဘူးဗျ၊ ဟောဒီက မောင့်သည်းညှာအပျိုချောလေးအတွက် ပါပဲဗျာ. . ."

ဒေါက်တာမော်ကွန်းမှာ ထိုစကာအားပြောရင်း ပန်းဝါ၏ မျက်နှာလေးကို စူးစိုက်ကြည့်နေလိုက်မိသည်။ ပန်းဝါမှာ ဒေါက်တာမော်ကွန်းပြောလိုက်သည့် 'ဟောဒီ မောင့်သည်းညှာအပျိုချောလေးအတွက်'ဟူသည့် စကားလေးကြောင့် ဒေါက်တာမော်ကွန်းအား ရင်ထဲ လှုပ်ရှားသွားရခြင်းနှင့်အတူ အသေအချာ စူးနစ်ကြည့်မိရပြီးမှ ခေါင်းလေးငုံ့ကာ ရှက်ပြုံးသမ်းသမ်းလေးဖြင့် ရှိနေရပါလေတော့၏။

"ပန်းဝါ. . ."

"ရှင် ဆရာ. . ."

"အို့ကွာ ဆရာလို့မခေါ်ပါနဲ့တော့ကွာ၊ မောင်က မောင်လို့ ပြောနေမှပဲ ပန်းဝါကလည်း မောင့်ကို မောင်လို့ခေါ်တော့မှပေါ့..."

"နောက်တော့ခေါ်မှာပေါ့ ဆရာ့ရယ်. . ."

"ဟာ နောက်ဆိုတာ မောင့်အတွက်မရှိတော့ဘူး၊ အခုခေါ် ရမယ်၊ ခေါ်ပါကွယ်နော်. . ."





"အဟင်း ဟင်း. . ."

ချိုရှက်သော အပြုံးလေးနှင့် ပန်းဝါရှိနေတော့သည်။ ဒေါက်တာမော်ကွန်းမှာ ချစ်သူအားကြည့်ရင်း ချစ်စိတ်တဖွားဖွားနှင့် အားမလိုအားမရဖြစ်လာရသောကြောင့် ပန်းဝါအား တင်းကျပ်စွာ ဖက်တွေးထားလိုက်ပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

– နှစ်ဆယ့်ကိုး –

"ပန်းဝါ. . ."

"ရှင် မောင်. . ."

"မောင် သိပ်ကြည်နူးနေတယ်ကွာ. . ."

"အဟင်း. .ဟင်း. . ."

သူ့ကိုကြည့်ပြီး ပန်းဝါရယ်သည်။ ပန်းဝါရင်ထဲမလဲ ကြည်နူးမှုများ ဖိတ်လျှံနေလို့ပါ။

မှန်ပါ၏။ သည်နေ့အဖို့ ရုံးဖွင့်သည်နှင့် စောစောကပင် သူတို့နှစ်ဦး ရုံးတက်လက်မှတ်ထိုး လက်ထပ်ပြီးခဲ့ကြပြီးဖြစ်သည်။

"ကဲ အချစ် မောင်တို့ဆေးရုံပြန်ကြမယ်နော်. . ."

ပန်းဝါ ခေါင်းညိတ်ပြလိုက်သည်။ ဒေါက်တာမော်ကွန်းသည် လက်ထပ်ခဲ့ပြီးသော ရုံးအဆောက်အအုံရှေ့မှ ကားကိုမောင်းထွက်ခဲ့လိုက်ပြီး. . .





"မမကြီးတို့ကတော့ မောင့်ကို အံ့လည်းဩ ဝမ်းလည်းသာနေကြတယ်၊ သူတို့က ညှော်ခံပွဲလည်းလုပ်ဦးမယ်တဲ့၊ မောင်က အေးအေးဆေးဆေးမှ လုပ်ပါလို့ပြောထားရတယ်၊ အခု မောင့်တို့ လက်ထပ်တာ ဘယ်သူမှမသိကြသေးဘူးနော်၊ သတင်းစာထဲမှာ ကြော်လိုက်ကြရမှ သူတို့သိပ်အံ့ဩသွားအောင် မောင်က လုပ်တာ၊ ကဲ. .ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ညကျရင် အချစ် အိမ်ပြောင်းရဖို့ပဲ. . ."

"အို မြန်လှချည်လား. . ."

သူ့စကားများအား တစ်ချိန်လုံးအပြုံးလေးများနှင့် နားထောင်လာခဲ့ပြီးမှ ညကျအိမ်ပြောင်းရမည်ဟု ပြောလိုက်သော စကားကြားလိုက်သည်နှင့် ပန်းဝါမှာ ကိုယ်လေးတွန့်ကာ မျက်လုံးလှလှလေး ပြူးသွားရရင်းက အလန့်တကြားလေး ဆိုလိုက်မိရှာ၏။

"အဟား. .ဟား ဘာမြန်တာလဲ၊ လက်ထပ်ပြီးတဲ့ အမျိုးသမီးဟာ သူ့ခင်ပွန်းနဲ့အတူတကွ အမြန်ဆုံးနေရမှာ သဘာဝပဲ မဟုတ်လားဗျာ၊ ဒါတောင်နော် မောင်က တစ်နေ့လုံးအချိန်တွေ ပေးထားတာ၊ ညကျမှ. . ."

"အို တော်ပါ၊ ဘာတွေပြောနေမှန်း မသိဘူး. . ."

"အချစ်က ဘာတွေးတာလဲ၊ မောင်က အိမ်ပြောင်းဖို့ပြောတာလေ အဟား. .ဟား. . ."

"အို မကောင်းဘူး၊ ကဲ. .သိပ်ဆိုးတာပဲ. . ."

ပန်းဝါမှာရှက်မျက်နှာလေး တရဲရဲဖြင့် သူ့ကို ဖွဖွထုလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို အုပ်ထားမိလိုက်ပါတော့၏။

"ရှက်နေလိုက်တာဗျာ၊ ဒါနဲ့များ ခင်ဗျားက ကလေးအမေ မှဆိုးမလေးဆို. . ."

"အဲဒါဘာဖြစ်လဲ၊ လူပဲရှက်တတ်တာပေါ့။ ကလေးအမေ မုဆိုးမလို့ပြောတာ ခုမှမလိုချင်တော့လို့လား. . ."

"အဟွန်း. .ဟွန်း၊ ဒါရန်တွေ့တာပေါ့လေ၊ ဒီမှာ မောင်က တော့ ဒီကလေးအမေ မုဆိုးမလေးကို အပျိုစင်တွေနဲ့မလဲနိုင်ပါဘူး တဲ့ဗျာ၊ ရှေးလူကြီးသူမ စကားတောင် ရှိသေးတယ်မဟုတ်လား၊ တစ်ခုလပ်တို့ မုဆိုးမတို့ကိုယူရင် လူ့ဘောင်ကိစ္စအဝဝ နားလည် ပြီးသားလို့တောင် ပြောကြတာပဲ အချစ်ရဲ့၊ အဟွန်း ဒါကြောင့် မောင်ကလည်း. . ."

"အို. .တော်ပါတော့၊ ပန်းဝါ နားရှက်ပါတယ်နော်. . ."

သူ့စကားများကြောင့် ပန်းဝါ၏ ရဲတွတ်နေရရှာသော မျက်နှာလေးအား ဒေါက်တာမော်ကွန်းသည် ချစ်မျက်ဝန်းတို့ဖြင့် ကြည့်လာခဲ့ရင်းမှ ကျေနပ်နေမိရပါလေတော့၏။ မကြာမီ ဆေးရုံကြီး ဝင်းထဲသို့ သူတို့ရောက်လာခဲ့ကြလေသည်။

ပန်းဝါမှာ ခပ်သွက်သွက်လေး ကားပေါ်မှဆင်းလိုက်ပြီး ဆေးရုံထဲသို့ ဝင်ရောက်သွားလိုက်ပါတော့၏။ ဒေါက်တာမော်ကွန်း သည်လည်း ဣန္ဒြေခြေလှမ်းတို့ဖြင့် ဆေးရုံအဆောက်အအုံထဲသို့ ဝင်ရောက်ခဲ့လိုက်ပါလေ၏။

"သြော် ကိုမော်ကွန်း၊ ဒီနေ့နောက်ကျလှချည်လား. ."





"ဟုတ်တယ်၊ ကျွန်တော်အရေးကြီးတဲ့ ကိစ္စလေးတစ်ခုကြောင့် နောက်ကျသွားတယ်. . ."

ဆရာဝန်များအခန်းထဲ သူဝင်လိုက်သည်နှင့် ရောင်းရင်းတို့၏ မျက်လုံးများနှင့်မေးလိုက်သော စကားအား သူ တည်ငြိမ်စွာ ဖြေကြားလိုက်မိရပေ၏။ ထို့နောက် သူသည် ဂျူတီကုတ်ကိုဝတ်၊ ဆေးသေတ္တာလေးထဲမှ နားကျပ်ကိုထုတ်ပြီး ရောင်းလှည့်ရန် အခန်းထဲ မှ ထွက်ခဲ့လိုက်လေတော့သည်။ ရောင်းလှည့်ရာတွင်လည်း ပန်းဝါနှင့် သူပင်တွဲပြီး လူနာများအား ကြည့်ရှုရသဖြင့် သူကော ပန်းဝါပါ ရင်ထဲကျေနပ်ပျော်ကလေးများ ဖြစ်သွားရပြန်ပါချေ၏။

"ဟင်. .မမပန်းဝါ၊ မမပန်းဝါ မဟုတ်လားဟင်. . ."

ဒေါက်တာမော်ကွန်း လူနာတစ်ဦးအား စမ်းသပ်နေစဉ် ပန်းဝါသည် ဘေးနားတွင် ရပ်ကြည့်နေမိဆဲ တစ်ဘက်ခုတင်မှ လူနာဖောင့်မိန်းကလေးတစ်ဦးမှာ ပန်းဝါလက်ကလေးတစ်ဘက်အား ဆိုင်လာပြီး မေးလာသဖြင့် ပန်းဝါမှာ မိမိအား မေးလာသည့် သူမအား အံ့သြစွာလှည့်ကြည့်မိရပြီးမှ. . .

"ဟယ်. .ရွှေလုံး. . ."

"ဟုတ်ကဲ့ ရွှေလုံးပါမမ၊ မမနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ ရွှေလုံး မမကိုစကားတွေပြောစရာရှိနေတယ်. . ."

လူနာစမ်းသပ်နေဆဲ ဒေါက်တာမော်ကွန်းမှာ ရွှေလုံးဆိုသည့် မိန်းကလေးအား လှမ်းကြည့်မိလိုက်လေသည်။ ရွှေလုံးမှာ မနေ့က ရောက်လာသည့်လူနာရှင်ဖြစ်ကြောင်းလည်း သူ သိထားနှင့်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပန်းဝါနှင့် တရင်းတနှီးသိနေသည်ကို တွေ့မြင်ရ၍ အံ့ဩနေမိသည်က အမှန်ပါ။ ပန်းဝါမှာ ဒေါက်တာမော်ကွန်းကြည့်နေသည်ကို တွေ့လိုက်ရသဖြင့်. . .

"ကဲ ကဲ နောက်တော့ ရွှေလုံးနဲ့မမတို့ အေးအေးဆေးဆေး တွေ့ကြမယ်နော်၊ အခု မမအလုပ်လုပ်လိုက်ဦးမယ်ကွယ်. . ."

"ဟုတ်ကဲ့ပါ မမ. . ."

"မနေ့ကအသစ်ရောက်လာတဲ့ လူနာမဟုတ်လား. . ."

တစ်ဘက်ခုတင်မှ လူနာကိုကြည့်ပေးပြီး၍ တစ်ခုတင်ကူးလာသော ဒေါက်တာမော်ကွန်းက ရွှေလုံးကို မေးလိုက်ခြင်းပါ။

"ဟုတ်ပါတယ် ဆရာ. . ."

ဒေါက်တာမော်ကွန်းမှာ လူနာကို စမ်းသပ်ကြည့်ရှုရင်း. .

"ဘာတော်လဲ. . ."

"အဒေါ်ပါ ဆရာ. . ."

"ဪ. . ."

'ဪ'ဟုဆိုပြီး သူတိတ်သွားပြန်သည်။ ပြီးမှ ပူပူနွေးနွေး အသစ်စက်စက်လေးသာ ရှိသေးသည့် ဇနီးချော ပန်းဝါဘက်ကြည့်လိုက်ပြီး. . .

"ပန်းဝါ. . ."

"ရှင် ဆရာ. . ."

"သူနဲ့ပန်းဝါတို့က ဘယ်တုန်းက သိနေကြတာလဲ. . ."

"ဪ. .ဟို ရွှေလုံးက ကိုသက်တို့အိမ်မှာ နေသွားတယ်





လေ. . ."

သူ သဘောပေါက်စွာ စိတ်ဝင်စားသွားမိရတော့သည်။ သို့သော်လည်း အလုပ်ချိန်အတွင်းမို့ သူ စိတ်ဝင်စားဟန်မပြသေးဘဲ ကျန်နေသေးသည့် လူနာတွေထံ သွားရောက်ကြည့်ရှုလိုက်ရပါသေး၏။ လူနာများကြည့်ပြီး၍ လူနာဆောင်တွင်းမှ ပြန်ထွက်လာခဲ့စဉ်အတွင်း. . .

"မောင့်အချစ်. . ."

လူအလစ်တွင် ကျိတ်၍ခေါ်သည်။

"ရှင်. . ."

အပြုံးနှင့် ပန်းဝါထူးသည်။

"မောင်တို့အားတဲ့အချိန်ကျရင် ပန်းဝါနဲ့အတူ မောင်လည်း ရွှေလုံးနဲ့ စကားပြောပါရစေ. . ."

"ခွင့်တောင်းစရာမလိုတော့ပါဘူး ဆရာရယ်. . ."

သူ ပန်းဝါမျက်နှာလေးအား အင်တင်တင်နှင့် ကြည့်ပစ်လိုက်ရလေသည်။ ပန်းဝါသည် သူ့အား 'ဆရာရယ်'ဟု ခုချိန်ထိ ခေါ်နေဆဲမို့ပါတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



## – သုံးဆယ် –

"ဟေး ဖေဖေလာပြီ. . ."

"သားရယ်. . ."

သူ့ထံဝမ်းသာအားရ ပြေးရောက်လာသည့် သားအား သူသည် ဝမ်းနည်းဝမ်းသာဖြင့် ခေါကာ ပွေ့ချီထားလိုက်မိပါ၏။

"ဖေဖေ ဒီနေ့ရောက်မယ်ဆိုလို့ ဖော်က ပျော်နေတာ ဖေဖေရဲ့. . ."

"ဟုတ်လား၊ ကဲ ဒီနေ့ သားနဲ့ဖေဖေ အပြင်ထွက်မယ်၊ သားကို စကားတွေအများကြီး ဖေဖေပြောစရာရှိတယ်၊ သားရဲ့ ဘွားဘွားတို့ အန်တီဝင်းမာတို့ကော. . ."

"အိမ်ထဲမှာ ရှိပါတယ် ဖေဖေ. . ."

"ကဲ ဒါဖြင့် ဖေဖေလာတဲ့အကြောင်း သွားပြောပြလိုက်နော်"

"ဟုတ်ကဲ့ ဖေဖေ. . ."

သူ အောက်ချပေးလိုက်သည်နှင့် ဖော်မှာ ဝမ်းသာအားရ





အိမ်ထဲသို့ ပြေးဝင်သွားလိုက်လေတော့သည်။ တစ်အောင့်မျှကြာသော် ဝင်းမာလေးတို့သားအမိ ထွက်လာကြပြီး. . .

"ဆရာ ဘယ်တုန်းကရောက်လဲ. . ."

"ခုပဲ ခင်ဗျ. . ."

"ဖော်က ဆရာလာမယ်ဆိုတာသိလို့ ပျော်နေတယ်လေ"

"အဟွန်း. .ဟွန်း၊ ဒါနဲ့ ကျွန်တော် ဒေါ်ဒေါ်တို့နဲ့ မလေး ကိုပါ ပြောစရာရှိသေးတယ်. . ."

"ပြောပါ ဆရာ၊ ထိုင်ပါ. . ."

နေရာတွင် ဝင်ရောက်ထိုင်လိုက်ကြပြီးသော် ဒေါက်တာမင်းညို စကားကို စလိုက်သည်။

"ကျွန်တော့်သားကိစ္စပါပဲ မလေး. . ."

"ရှင် ဘယ်လိုကိစ္စလဲဆရာ၊ ပြောပါဦးရှင်. . ."

"သြော် တခြားမဟုတ်ပါဘူး၊ ဒီနွေကျောင်းပိတ်ရင် သားကို ကျွန်တော် ပြန်ခေါ်သွားတော့မယ်လို့၊ ပြီးတော့ ဟိုမှာပဲ ကျောင်း ပြန်ထားတော့မယ်၊ ကျွန်တော့်ဇနီးကလည်း သူ့ညီမက သူ့သမီး မွေးမွေးကို လာပြန်တောင်းသွားတော့ သားကိုပြန်တမ်းတနေပြီလေ၊ ဒါကြောင့်ပါ. . ."

"သြော်. .ဟုတ်လား၊ ဒါဆိုဆရာ့အတွက် အဆင်ပြေပြီပေါ့ ရှင်၊ ကြားရတာ လေးတို့ဝမ်းသာပါတယ် ဆရာ. . ."

"ဟင် ဖေဖေ၊ ဖော် ဖေဖေနဲ့ပြန်နေရမယ် ဟုတ်လားဟင်"

"ဟုတ်တယ် သား၊ ဒီနွေကျောင်းပိတ်ရင် ဖေဖေ လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်. . ."

"ဟုတ်ကဲ့ ဖေဖေ၊ ဇော် ပျော်လိုက်တာ. . ."

"အေး အေး၊ မင်းကတော့ ပျော်နေ၊ တို့များကတော့ လွမ်းပြီးကျန်ရစ်တော့မှာ. . ."

လေး၏မိခင်မှာ အမှန်တကယ် စိတ်မကောင်းစွာ ဆိုလိုက်သဖြင့်. . .

"ဘွားဘွားကလည်းဗျာ၊ နောက်လည်း ဖေဖေနဲ့အတူ ဇော် လာလည်မှာပေါ့၊ နော် . .အန်တီဝင်းမာ. . ."

"ဟုတ်ကဲ့ပါရှင်၊ ဟုတ်ကဲ့ပါ. . ."

"သြော် .မလေး၊ ကျွန်တော် နောက်မှပဲ အေးအေးဆေးဆေး လာခဲ့ပါဦးမယ်၊ အခုသားကိုပါ ခေါ်ပြီး ကျွန်တော် အပြင်သွားလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့. . ."

ဇော့်လက်ကိုဆွဲလျက် ဒေါက်တာမင်းညို ထိုင်ရာမှ ထလိုက်သည်။ သားအကြောင်းနှင့် ပတ်သက်၍ ဒေါက်တာမင်းညိုသည် သူ့ကိုယ်သူသာ တစ်ပါးသူအမြင်၌ ယောင်ခြောက်ဆယ်လုပ်ထားရရှာပါ၏။

လေးတို့သားအမိကို နှုတ်ဆက်ခဲ့ပြီး သားလက်ကိုဆွဲလျက် ဒေါက်တာမင်းညို ထွက်လာခဲ့လိုက်လေသည်။ သည့်နောက် ဒေါက်တာမင်းညိုသည် သားနှင့်အတူ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ခဲ့လိုက်ပြီး လူရှင်းသည့်စားပွဲတစ်ခုတွင် ဝင်ရောက်နေရာယူ





ထိုင်လိုက်ကြပြီး. . .

"သား. . ."

ဇော့်မျက်နှာလေးအား ချစ်ခင်တွယ်တာစွာ သူကြည့်ရပြီး ခေါ်လိုက်လေ၏။

"ဗျာ. .ဖေဖေ. . ."

ဇော်မှာ ခြေလေးနှစ်ဘက်တွဲလောင်းချ လှုပ်ရင်း ချိုပြုံးသော မျက်နှာလေးဖြင့် ထူးလေသည်။

"သားကို ဖေဖေ မေးမယ်နော်. . ."

"ဟုတ်ကဲ့. . ."

သူ တစ်အောင့်မျှ တုံ့ဆိုင်းပြီးမှ စကားကိုဆက်လိုက်သည်။

"တကယ်လို့များ သားကို သားမေမေလာခေါ်ရင် သား လိုက်သွားမလားဟင်. . ."

"မေမေ ဟုတ်လား ဖေဖေ. . ."

ဇော် နားမလည်သလို မေးနေရှာသဖြင့်. . .

"အင်းလေ သားရဲ့မေမေက သားကိုလာခေါ်ရင် သား ပြန်လိုက်သွားမှာလားလို့ ဖေဖေမေးနေတာပါ. . ."

"မေမေက ဖေဖေနဲ့ အတူမနေဘူးလားဟင်. . ."

"မနေဘူး သားရဲ့. . ."

ကတ်သီးကတ်သတ် မေးနေ၍ သူ မျက်နှာပူစွာ ဖြေနေရသည်။

"ဘာဖြစ်လို့လဲ ဖေဖေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့မှ မခေါ်ဘဲ. . ."

"ဖေဖေက မေမေနဲ့ပြန်ခေါ်လိုက်ပါလား၊ ဒါမှ ဇော် ဖေဖေနဲ့ကော မေမေနဲ့ကော နေရမှာပေါ့. . ."

"ဟင်း. . ."

သူ ရယ်ချင်သလို စိတ်မကောင်းစွာ သက်မချမိရတော့သည်။ ပြီးမှ. . .

"ကဲပါ သားရယ်၊ ဖေဖေ မေးတာကိုပဲ သားဖြေစမ်းပါ၊ သားမေမေနောက် ပြန်လိုက်သွားမလားလို့. . ."

"အင်း. .ဖေဖေက ထည့်ရင် ဇော် ခဏပြန်လိုက်သွားမယ်လေ၊ နောက်ဖေဖေ့ဆီ ပြန်လာမှာပေါ့. . ."

ဇော့်အဖြေမှာ သူ့အတွက် ရင်ခိုက်စရာပါပင်၊ သူ စိတ်မကောင်းလှစွာ ပင့်သက်တစ်ချက်ဖြာရပြီး. . .

"ဖေဖေ့ကို သားချစ်လားဟင်. . ."

"ဖေဖေ့ကို သားသိပ်ချစ်တာပါ. . ."

"ဒါဆို သားကိုရိုက်တဲ့ အန်တီလေးကိုကော. . ."

"အန်တီလေးကို ဇော် မမုန်းပါဘူး၊ ဇော် ကြောက်တယ် ဖေဖေ. . ."

သူ ဇော့်လက်ကလေးကို ထွေးဆုပ်ကိုင်ထားလိုက်ပြီး မချိပြုံးပြုံးမိရလေ၏။

"သား. . ."

"ဗျာ ဖေဖေ. . ."





"အန်တီလေးကို သားကြောက်စရာမလိုတော့ပါဘူး သားရယ်၊ အန်တီလေးက သားကို ချစ်နေပါပြီကွယ်. . ."

"တကယ်လား ဖေဖေ. . ."

"တကယ်ပါ သားရယ်. . ."

သူနှုတ်မှ ထိုမျှသာဆိုပြီး ရင်ထဲမတော့ စကားများ ဆက်နေရပါလေ၏။

ဒါပေမယ့် သားရယ်၊ သားကို အခုမှချစ်တတ်တဲ့ အန်တီလေးဟာ သားနဲ့အတူ ဆက်ပြီးမနေရတော့ပါဘူးကွာ. . .။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာမင်းညိုသည် လမိုင်းမြို့မှ ချစ်သက်လူမိဘများထံသို့ စာရည်ကြီးတစ်စောင်အား ရေးပို့ပြီးခဲ့ပြီ ဖြစ်သလို ဖနီးသည် သီရိဇော်အားလည်း သားဇော်အကြောင်းနှင့်ပတ်သက်၍ အလုံးစုံပြောပြထားခဲ့ရပြီ မဟုတ်ပါတကား။

သူ ပြောပြလိုက်သော အကြောင်းများကြောင့် ဇနီးသည်မှာ စိတ်မကောင်းစွာ ဖြစ်နေရသည့်မျက်နှာလေးအား သူ မြင်ယောင်နေမိရပါသေး၏။ ခုတော့ဖြင့် သီရိဇော်မှာ သားရော သမီးပါ ဆုံးရှုံးလိုက်ရလေပြီမို့ စိတ်မချမ်းမြေ့စွာ ရှိနေရပါလေတော့၏။

"ဟင်း. . ."

သူသည် အတွေးများနှင့် သက်မကိုချလိုက်ရပြီး ရောက်လာသည့် စားစရာများအား ဇော့်ရှေ့သို့ ထိုးပေးရင်းက. . .

"ကဲ သားရေ စားကြရအောင်၊ ပြီးရင် ပြန်ကြမယ်. ."

"ဟုတ်ကဲ့ ဖေဖေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇော်တစ်ယောက် ပျော်ရွှင်စွာ အစားများစားနေသည်ကို သူကြည့်ပြီး သူ့ရင်ထဲဝမ်းနည်း ဝမ်းသာ ဖြစ်နေရှာပါ၏။ ထို့နောက် ဒေါက်တာမင်းညိုသည် စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ပြီး ဇော်နှင့် အတူ သူငယ်ချင်းဖြစ်သူ ဒေါက်တာမော်ကွန်းသစ်ထံ သွားရန် စိတ်ကူးရပြီးကာမှ သူသည် မသွားဖြစ်တော့ဘဲ ပြန်ခဲ့လိုက်ပါလေတော့၏။

***



– သုံးဆယ့်တစ် –

ကားလေးသည် ဒေါက်တာမော်ကွန်း၏ တိုက်ရှေ့ ဆင်ဝင်အောက်တွင် ရပ်သွားလိုက်သည်နှင့် ကားထဲမှ ဒေါက်တာမော်ကွန်းနှင့်အတူ ပန်းဝါ၊ ရွှေလုံးတို့ထွက်ခဲ့ကြပြီး အိမ်ထဲသို့ ဝင်ခဲ့လိုက်ကြလေသည်။

"ဩော်. .ညီမ ပန်းဝါရေ လာကွယ့်၊ အိမ်မှာတော့ မမကြီးတို့ စီစဉ်ထားတာ အားလုံးအသင့်ပါပဲကွယ်. . ."

ပန်းဝါ ရှက်ပြုံးပြုံးနေလိုက်မိသည်။

"ကဲ မမကြီးရေ၊ ကျွန်တော်တို့ကိစ္စလေးတွေ ရှိသေးလို့ မမကြီးတို့သွားစရာရှိနေရင်လည်း သွားကြဗျာ. . ."

"အမလေးဟယ်၊ လာလိုက်ရင်လည်း ဆယ့်နှစ်ရာသီ ဈို့ဝက်ကိစ္စတွေနဲ့ပဲဟဲ့၊ အင်းပါတော်၊ ရှင်က မရှိစေချင်လည်း ကျွန်တော်မျိုးမတို့ အပြင်ထွက်လိုက်ကြပါဦးမယ်တဲ့. . ."

"အို မမကြီးရယ်၊ ဆရာက အလကားပြောနေတာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ညီမရေ၊ ကိုယ့်မောင်အကြောင်းတော့ နောကျေနေပြီ၊ သူ့စကားက အလကားမဟုတ်ဘူးဆိုတာ သူ့မျက်လုံးကို ကြည့်တာနဲ့ သိတယ်၊ ကဲ. .ကဲ. .ညီမ ဘာမှစိတ်ထဲမဖြစ်နဲ့ မမကြီးတို့ အပြင်ထွက်လိုက်ဦးမယ်. . ."

"အဟွန်း. .ဟွန်း. . ."

အစ်မများထွက်သွားကြသည်ကို ဒေါက်တာမော်ကွန်းမှာ သွားများပေါ်အောင် ရယ်ရင်းမှ ကြည့်နေလိုက်မိ၏။ ပြီးမှ သူသည် ဆိုဖာများရှိရာ လှမ်းခဲ့လိုက်ပြီး. . .

"ကဲ ထိုင်ပါ မရွှေလုံး. . ."

"ဟုတ်ကဲ့ ဆရာ. . ."

ရွှေလုံးနှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ပန်းဝါနှင့် အနီးဆုံးနေရာတွင် သူဝင်လိုက်သည်ကို ရွှေလုံးမှာ စိတ်ထဲ ဘာလိုလို အတွေးလေးများနှင့် ကြည့်မိရပြီးမှ. . .

"ရွှေလုံးရဲ့အမေ ဆုံးတဲ့သံကြားရတာနဲ့ ရွှေလုံး လမိုင်းကနေ ဒီကိုတစ်ခါတည်း အပြီးပြန်လာခဲ့တယ် မမပန်းဝါ၊ မမကို ရွှေလုံး လိုက်ရှာသေးတယ်၊ ဆေးရုံတွေမှာပေါ့၊ ဒါပေမယ့် ဘယ်မြို့မှာ ရှိနေလဲဆိုတာ မသိတော့ ဘယ်ရှာတွေ့မလဲ. . ."

"ရှာတဲ့အကြောင်းက. . ."

ပန်းဝါကိုယ်စား သူကပင် စကားဆက်ကို တောင်းလိုက်သည်။

"ဟို ကျွန်မရှာတာက မမရဲ့သားလေးအကြောင်းကို ပြောပြ





ခလို့ပါရှင်. . ."

"ဟင်. . ."

"ဟင်. . ."

ရွှေလုံးစကားကြောင့် သူကော ပန်းဝါပါ လှုပ်ရှားသွားကြရလေသည်။ ပန်းဝါမှာ ခါးလေးမတ်လာရင်းက. . .

"သားအကြောင်း ဟုတ်လား ရွှေလုံး. . ."

"ဟုတ်တယ် မမပန်းဝါ၊ ရှားရှားလေးအကြောင်းပါ. . ."

"အို သား. .ရှားရှား၊ သားအကြောင်းကို ရွှေလုံးသိတယ် ဟုတ်လား၊ ပြော ပြောစမ်းပါဦးကွယ်. . ."

ရွှေလုံးပြောလာမည့်စကားအား ဒေါက်တာမော်ကွန်းသည်လည်း နှလုံးသားများ လှုပ်ရှားစွာ နားစွင့်နေမိရပါလေ၏။ ရွှေလုံးမှာ ဒေါက်တာမော်ကွန်းနှင့် ပန်းဝါ၏မျက်နှာများကို တစ်လှည့်စီ ကြည့်မိရပြီးမှ. . .

"တကယ်တော့ ရှားရှားကို ကြီးကြီးတို့က သူ့အဖေ ဒေါက်တာမင်းညိုဆီကိုပဲ ပို့ခိုင်းလိုက်တာပါ မမပန်းဝါ. . ."

"ဟင်. .အိုကွယ်. . ."

ဩော် မင်းညိုရယ် ဖြစ်ရလေဗျာ. . .။

ပန်းဝါမှာ သိလိုက်ရသည့် အကြောင်းတစ်ရပ်အတွက် ဒေါက်တာမင်းညိုအား သနားအားနာသွားရကာ အံ့သြခြင်းဖြင့် ညည်းတွားမိလိုက်ရသလို ဒေါက်တာမော်ကွန်းသည်လည်း သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်သွားရသည့်ကြားမှ တစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်မှုတစ်ခုအတွက် ရင်တွင်းမှ မြည်ကြွေးမိလိုက်ရပါချေ၏။

"ကျွန်တော့်ရဲ့ ဒူးမနာသားလေ" ဟု တစ်ခါက ကိုမင်းညို ပြောခဲ့သည့် စကားတို့ကို ပန်းဝါသည် ပြန်လည်ကြားယောင်မိရပြီး. . .

"အို ဟုတ်ပြီ၊ ဒါဆို ဟုတ်ပြီ ဆရာ၊ ပန်း. .ပန်းဝါ သားဟာ ဆရာ့ဆီမှာ ရှိနေပါတယ်၊ ရှိနေတယ်ဆရာ၊ ပန်းဝါ သိတယ်. . ."

ဝမ်းသာအားရ မျက်ရည်လေးများလည်ကာ ပန်းဝါဆိုသဖြင့်. . .

"ပန်းဝါ ဘယ်လိုလုပ်သိလဲဟင်. . ."

ဒေါက်တာမော်ကွန်း မေးမိလိုက်သည်။

"ဟို ပန်းဝါနဲ့ဆရာတို့ မန္တလေးမှာ တွေ့ခဲ့ကြတယ်၊ ပြီးတော့ မင်းတိုက်ကနေရန်ကုန်ကို ပန်းဝါပြောင်းရတော့ မန္တလေးဘူတာမှာ ဆရာနဲ့ထပ်တွေ့ကြလို့ ဆရာက သူ့ရဲ့ဒူးမနာသားလေးကို လိုက်ပို့တာဆိုတဲ့ စကားကို ပန်းဝါကို ပြောသွားတယ် ဆရာရဲ့၊ အဲဒါ အဲဒါ ပန်းဝါရဲ့သား ရှားရှားပဲဖြစ်ရမှာပါ ဆရာရယ်၊ ဟုတ်ပါတယ် အို ပန်းဝါ အခုပဲ သားကိုတွေ့ချင်လိုက်တာရှင်. . ."

ပန်းဝါမှာ အသည်းလေးဖျပ်ဖျပ်ခါသည့်နှယ် သားကို တွေ့ချင်ဇောနှင့် ဆိုနေမိရပါလေ၏။ ဒေါက်တာမော်ကွန်းမှာ ပန်းဝါ အား ချစ်စိတ် သနားစိတ်များနှင့် ကြည့်နေမိရစဉ် ရွှေလုံးက. .

"ဟုတ်ပါတယ် မမ၊ ကြီးကြီးတို့က ဒီကလေးဟာ ငါတို့



သားနဲ့ရတာမဟုတ်ဘူး၊ ငါတို့မြေးမဟုတ်ဘူး၊ ဒီကလေးကို သူ့ အဖေလက်ထဲပဲ ပြန်ထည့်ပေးရမယ်ဆိုပြီး မိန်းမကြီးတစ်ယောက်နဲ့ ဆရာဦးမင်းညိုလက်ထဲအရောက် သွားပို့ခိုင်းခဲ့လိုက်တာပါပဲ. ."

"ဒီအကြောင်းတွေကို ရွှေလုံးက ဘယ်လိုလုပ်သိတာလဲ"

ဒေါက်တာမော်ကွန်းက မေးလိုက်သဖြင့်. . .

"အစ်ကိုကြီးချစ်သက်လူလည်းဆုံး၊ မမလည်း လမိုင်းက တခြားကိုထွက်သွားပြီးတဲ့ နောက်မှာ ကြီးကြီးတို့က ပြောပြောပြီး ငိုကြတယ်လေ၊ ဒီကလေးကို သူ့အဖေဆရာဝန်ဆီကို ပြန်ပို့လိုက်လို့ သူ့သားသေရတယ်၊ မပို့ဘဲထားရင် ခုလိုဖြစ်မှာမဟုတ်ဘူး ဆိုပြီး ငိုကြတာ၊ မမကိုတော့ သူတို့ကပြောကြတယ်၊ မိပန်းဝါက တော့ သူ့အကောင်နဲ့ပြန်ညားရဖို့ကိန်း ဆိုက်သွားတာပေါ့လေ တဲ့"

"အဟင့်. . ."

ပန်းဝါ ကျိတ်၍ရှိုက်ငိုလိုက်သည်။ မျက်ဝန်းထဲဝယ် ကိုသက် ၏မျက်နှာချောချောအား သနားစရာ မြင်ယောင်နေမိရချေ၏။ ထိုနေ့က ရွှေလုံးထံမှ အကြောင်းစုံကို သိကြရပြီးနောက် ရွှေလုံးကို ဆေးရုံ သို့ ပြန်လိုက်ပို့ခဲ့ကြပြီး ပန်းဝါပြောင်းရွှေ့သည့် ကိစ္စတို့ကို စီစဉ် ကြရလေသည်။

ပန်းဝါနှင့်အတူနေကြသော ထွေးထွေးတို့မှာ ပန်းဝါ အကြောင်း သိလိုက်ကြသည်နှင့် အံ့ဩမဆုံး ပြောမဆုံးရှိရင်း ကျန်ရစ်ခဲ့ကြရပါလေတော့၏။ ညဘက်သို့ရောက်သော. . .

"အချစ်ရေ. . ."

www.burmeseclassic.com



"အို အမေ့. . ."

သားနားလှစွာခင်းထားသည့် နှစ်ယောက်အိပ် ခုတင်ကြီးကို ငေးကြည့်ပြီး ပန်းဝါသည် ကိုသက်၏ မျက်နှာနွမ်းနွမ်းလေးကို မြင်ယောင်လိုက် ရင်ကလေးများ တဒွေးဒွေးတလှပ်လှပ်ဖြစ်လိုက်နှင့် မရဲတရဲလေး ငေးမောကြည့်နေရစဉ်အခိုက် အခန်းတံခါးပွင့်လာပြီး သူမနောက်မှ ခါးလေးအား တင်းကျပ်စွာ ဖက်ထားရင်း ခေါ်လိုက်သော ဒေါက်တာမော်ကွန်း၏ အသံကြောင့် ပန်းဝါမှာ ရှက်ကြောက်စွာ လန့်တုန်ကလေး ဖြစ်သွားရရှာပါလေ၏။

"အဟား. .ဟား၊ မောင့်မိန်းမက ခုတင်ကြီးကိုကြည့်ပြီး ရင်တွေတုန်ပြီး ချောက်ချားနေတယ် ထင်တယ် ဟုတ်လား၊ ကဲ မှန်းစမ်းဗျာ. . ."

"အို မဟုတ်တာ. . ."

သူမရင်ခွင်ကြား ရောက်လာတော့မည့် သူ့ခေါင်းကို တွန်းထားရပြီး မျက်နှာလေးလွှဲကာ ပန်းဝါဆိုမိလိုက်ရသည်။

"အဟား. .ဟား. . ."

ဒေါက်တာမော်ကွန်းသည် ပန်းဝါ၏အေးစက်နေသော လက်ချောင်းကလေးများအား စမ်းကိုင်ညှစ်ထားလျက်မှ သဘောကျစွာ တဟားဟားရယ်ပစ်လိုက်မိပါတော့သည်။ သူရယ်နေပါသော်လည်း ပန်းဝါကို သနားနေမိသည်။ ပန်းဝါခမျာ အမှန်တကယ် ရှက်လွန်၍တုန်ယင်နေရသည်ကိုကား သူသိပါသည်။

"မောင့်ကိုမကြောက်ပါနဲ့ကွယ်၊ ကဲ လာပါဦး၊ ခုတင်ပေါ်



ထိုင်ရအောင်ပါနော်၊ မောင်ပြောစရာရှိတယ်လေ. . ."

သူဆိုရင်း ပန်းဝါ ပခုံးလေးမှ သိုင်းဖက်ကာ ခေါ်ခဲ့လိုက်လေသည်။

"ကဲ ဒီမှာခဏထိုင်ဦးနော်. . ."

သူဆိုခဲ့ပြီး အဝတ်ဗီရိုကြီးဆီသို့ လျှောက်သွားလိုက်သည်။ အဝတ်ဗီရိုကိုဖွင့်ပြီး ဗီရိုထဲမှ နီညိုရောင်စာအုပ်ကလေးတစ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ပန်းဝါရှိရာဆီသို့ သူ ပြန်ရောက်လာလေ၏။

"ဒီမှာလေ အဲဒါမောင့်ရဲ့ မိန်းမတစ်ယောက်အပေါ် ဘယ်လောက်စွဲလမ်းပြီး ချစ်ခဲ့ရမြတ်နိုးတွယ်တာခဲ့ရတယ်ဆိုတဲ့ ချစ်သစ္စာမှတ်တမ်းလွှာစာအုပ်လေးပေါ့ဗျာ၊ ပန်းဝါဖတ်ပြီး အဲဒီထဲက မောင့်ချစ်သူလေးကို မနာလိုမဖြစ်ရဘူးနော်၊ အဟွန်း. .ဟွန်း ကဲပါလေ မောင့်ကို အဲဒီလိုအားငယ် စိတ်မချတဲ့ မျက်ဝန်းလေးတွေနဲ့ ကြည့်မနေပါနဲ့ဗျာ၊ ကဲ ရော့. .မောင့်ချစ်သူလေး ဖတ်ကြည့်ပေတော့..."

စာအုပ်လေးကို ပန်းဝါလက်ထဲ ထည့်ပေးလိုက်သည်။ ပြီးတော့ မညောင်းမညာဖတ်နိုင်စေရန် အိပ်ရာထက်မှ ခေါင်းအုံးတွေကို အလိုက်သင့်ပြင်ဆင်ထားပေးလိုက်လေ၏။

"အို့. .ပန်းဝါ ဟိုမှာပဲထိုင်ပြီး သွားဖတ်ပါ့မယ်. . ."

"မရဘူး၊ ဒီအိပ်ရာပေါ်မှာပဲ ဖတ်ရမယ်၊ မောင်ပြောသလို ဖတ်ပါကွာ. . ."

"ဆရာက ဘယ်မှာနေမှာလဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"အမလေးဗျာ ခုထိဆရာတုန်းလားဗျ၊ သေချင်စော်တော့နံနေပါပြီဗျာ. . ."

"အဟင်း ဟင်း၊ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ပန်းဝါ အပြင်မှာပဲ သွားဖတ်တော့မယ်လေ. . ."

သူ့မှတ်တမ်းထဲမှ သူ့စာကြောင်းများအား ဖတ်ရသိရတော့မည်မို့ မချင့်မရဲလေး ပြုံးကာ ပန်းဝါဆိုလေသည်။

"လင်ယူပြီးမှ ဘာလို့ဒါလောက် လွတ်လပ်ချင်နေရတာလဲ ပြောစမ်း. . ."

မချင့်မရဲ သူဆိုလိုက်သည်။

"အို မဟုတ်ဘူးလေ ပန်းဝါက. . ."

"တော်ပြီ၊ ဆင်ခြေဘာမှမပေးနဲ့၊ အချစ်က ဒီမှတ်တမ်းကိုပြီးအောင်ဒီမှာပဲဖတ်၊ မောင်က အချစ်ရဲ့အနားမှာပဲ အချစ်ကို လက်ဖျားနဲ့မထိဘူး၊ မနှောင့်ယှက်ဘူး အတူရှိနေမယ် ဒါပဲ၊ အေး လက်ဖျားနဲ့မထိဘူး၊ မနှောင့်ယှက်ဘူးဆိုတာက ဒီစာအုပ် ဖတ်နေတဲ့ အချိန်ကိုပဲ ပြောတာနော်၊ ပြီးရင်တော့. . ."

"အို. . ."

ပန်းဝါ ရှက်လန့်စွာ ခုတင်ထက်မှ ထပြေးမလို လုပ်လိုက်သဖြင့် ဒေါက်တာမော်ကွန်းသည် ပန်းဝါလက်ကလေးအား ဖမ်းဆွဲထားလိုက်ရပြီး. . .

"ဘာ. .အို လဲ၊ အိုမှာကြောက်ရင် ဘာလို့ လင်ယူသေးလဲ ဟား. .ဟား. .ဟား၊ ကဲ စကားများများ မပြောချင်တော့ဘူးကွာ၊





ဖေ ငံ့ရတဲ့အချိန်တွေ ကြာတယ်၊ မြန်မြန်ဖတ်တော့ကွာ. . ."

သူပြောရင်းဆိုရင်းဖြင့် ပန်းဝါကိုယ်လေးအား ခုတင်ထက်လဲလျောင်းစေလိုက်ပြီး စာကိုဖတ်ခိုင်းနေလိုက်ပါတော့၏။ ပန်းဝါ သူ့ကိုတစ်ချက်ကြည့်လိုက်သည်။ သူ ပန်းဝါကို ပြုံးလျက်ကြည့်နေသည်ကို မြင်ရသည်တွင် ပန်းဝါမှာ မျက်လုံးလေး လွှဲလိုက်ရပြီး သူ့စာအုပ်လေးအား ဖွင့်ကြည့်လိုက်ရပါလေသတည်း။

"*မေ့နိုင်ပေါင်. . .*"

"ဟင်. . ."

ထိပ်ဆုံးမှ စာတန်းလေးကိုဖတ်လိုက်ရပြီး သူ့မျက်နှာကို အံ့သြစွာ ပန်းဝါငုံ့ကြည့်မိလိုက်သည်။ ဒေါက်တာမော်ကွန်းသည် သူမအား တစောင်းလှဲကာ ခေါင်းကိုလက်တစ်ဘက်ဖြင့် ထောက်ထားရပြီး ကြည်နူးပြုံးများနှင့် ကြည့်ကာ ရှိနေပါလေ၏။ ပန်းဝါ စာအုပ်လေးထဲမှ စာများကိုပြန်၍ ဆက်ဖတ်ကြည့်နေလိုက်သည်။

ဒေါက်တာမော်ကွန်းသည် သူ့မှတ်တမ်းလွှာစာအုပ်လေးအား ပန်းဝါတစ်ယောက် စိတ်ဝင်စားစွာ ဖတ်ရှုနေချိန်၌ သူကား သူ့အဖြစ်များအား မျက်လုံးထဲပြန်လည်မြင်ယောင်ရကာ ရှိနေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## - သုံးဆယ့်နှစ် -

"ဟေး. .မော်ကွန်း၊ ကိုယ် ဒီမှာ. . ."

"ဟာ. .မင်းညို၊ ဝမ်းသာတယ်ကွာ၊ ကိုယ်က မင်းဒီမှာ ရောက်နေတယ်ဆိုတာ သိနေတော့ အားတက်နေတာဗျ. . ."

လေယာဉ်ပေါ်မှ ဆင်းလာသည်နှင့် လာရောက်ကြိုနေရှာသော သူငယ်ချင်းမင်းညိုအား တွေ့လိုက်ရသည်တွင် သည်နေ့သည်ရက်မှ လမိုင်းမြို့သို့ ပြောင်းရွှေ့ရောက်ရှိလာသော ဒေါက်တာမော်ကွန်းသည် ဝမ်းသာအားရဆိုရင်းမှ ကျောင်းနေစဉ်ကတည်းက အလွန်တရာခင်မင်ရင်းနှီးခဲ့သော သူတို့သူငယ်ချင်းနှစ်ယောက်မှာ လှိုက်လှဲစွာ တစ်ဦးကိုတစ်ဦး ဖက်လှဲတကင်း ပြုလိုက်ကြပါချေ၏။

"ဟား မော်ကွန်းရယ်၊ မင်းကတော့ ခုထိဇာတ်လိုက်ပါပဲဗျာ"

"ကိုယ့်ကိုတော့ပြောတယ်၊ မင်းကကော. . ."

"ကိုယ်ကတော့ အသားတွေမည်းသွားပြီ ထင်တယ်"





"အဟွန်း. .အသားမည်းတော့ အသည်းအေးဆိုဗျ၊ ဘယ့်နှယ် ဂျိန်းဖောပျိုဖြူလေးတွေ တွေ့ထားပြီလား. . ."

"အဟား ဂျိန်းဖောမယ်လေးတွေက မျက်စိမလွဲတွေ့နေရတာပဲဗျ. . ."

"အံမယ် ကိုယ်ပြောတာက မင်းရဲ့ရည်ရွယ်သူကိုပါဗျ. ."

"အဟွန်း ရည်ရွယ်သူလား၊ ဖြည်းဖြည်းပေါ့ကွာ"

"ဖြည်းမနေနဲ့တော့လေ၊ ကိုယ့်အသက်အရွယ်တွေလည်း ပြန်ကြည့်ဦး. . ."

"အမယ်. .ကိုယ့်တော့ပြောတယ်၊ မင်းကကော. . ."

"ကိုယ်က စိတ်ကြိုက်မတွေ့သေးလို့ပါကွာ. . ."

"မင်းစိတ်ကြိုက်ကတော့ ဘယ်တော့မှ တွေ့မှာမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်၊ ဘာငြင်းမလဲ. . ."

"အဟွန်း. .ဟွန်း. . ."

သူ ပြုံးနေလိုက်တော့သည်။ မှန်သည်။ ဒေါက်တာမင်းညိုပြောသလိုပင် သူ့အနေနဲ့ အပျိုချောလေးများအား ဘယ်အခါကမျှ စိတ်ဝင်စားခဲ့ခြင်း မရှိခဲ့ပါလေ။ သူသည် ကျောင်းနေစဉ်ကတည်းက စာနှင့် အားကစားသာ လိုက်စားနေသူမဟုတ်ပါလား။

သူသည် အမျိုးသား အမျိုးသမီးများအား ဖော်ရွေပေါင်းသင်းတတ်သူဖြစ်ပေမယ့် လွန်စွာမှ အနေအထိုင် ဆင်ခြင်သည့်သူပါ။ ထို့ကြောင့် သူ့အကြောင်းကိုဖြင့် သူနှင့်သာအတွဲအများဆုံး ဒေါက်တာမင်းညိုမှာ အသိဆုံးနားလည်ရဆုံး မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..မင်းညိုရေ၊ ဟိုမှာ ကိုယ့်ပစ္စည်းတွေရွေးပြီး သွားကြရအောင်ကွာ. . ."

ပစ္စည်းရွေးပြီးနောက် ဒေါက်တာမင်းညို၏ဂျစ်ကားပေါ်တင်ပြီး လေဆိပ်မှမောင်းထွက်လာခဲ့လိုက်လေ၏။

ဒေါက်တာမော်ကွန်းသည် သူငယ်ချင်းမင်းညို မောင်းနှင်နေသည့် ကားလေးပေါ်ဝယ် လမ်းတစ်လျှောက်လုံး ကချွင်ပြည်နယ်၏စိမ်းလန်းစိုပြည်လှပနေပုံများအား ကြည့်ရှုရင်း ပါလာခဲ့ရလေသည်။

"မော်ကွန်း. . ."

"ဟင်. . ."

"ဘယ်လိုလဲ မနောမြေကို သဘောကျရဲ့လား. . ."

"ကိုယ်ကတော့ ရောက်တဲ့နေရာတိုင်းကို ဝန်ထမ်းစိတ်နဲ့ သဘောကျနေတာပါပဲကွာ၊ ဒါပေမယ့် ဒီမြေကို ခြေချလိုက်တာနဲ့ ကိုယ့်စိတ်ထဲတစ်မျိုးကြီးဖြစ်သွားရသလိုပဲလားလို့. . ."

"ဟင် ဘယ်လိုတစ်မျိုးဖြစ်ရတာလဲ မော်ကွန်းရ. . ."

"အဟွန်း မနောမြေပေါ် ခြေချလိုက်တာနဲ့ ပတ်ပတ်လည်မှာရှိတဲ့ တောင်တန်းကြီးတွေကို မြင်နေရတာ ကိုယ့်မှာ လွင်းစရာမရှိတဲ့နဲ့ ကို လွမ်းချင်စိတ်တွေ ပေါက်လာရသလိုပဲကွာ. . ."

"အဟား..မင်းကဘယ်ဆိုးလို့လဲ၊ ဒီလိုတော့လည်း ခံစားတတ်သားပဲ. . ."

"ကိုယ်ကအမြင်ကို ကဗျာဆန်ဆန်ပြောကြည့်တာပါကွ"

"ဟုတ်ပါတယ်ကွာ၊ ကိုယ်ကလည်း မင်းအပြောကို သဘော





ကျသောက်ခံချင်တာပါ၊ တကယ်တော့ မော်ကွန်းရေ..မေခနဲ့ မလိခမြစ်နှစ်သွယ်စတင်စီးဆင်းတဲ့ ဒီဂျိန်းဖောမြေဟာ တောင်ရိုးတောင်တန်းတွေ ပေါ်များယှက်ဖြာနေတဲ့ ကုန်းမြင့်ဒေသကြီးတစ်ခုပါပဲကွာ"

"အဟွန်း..ဟွန်း အားတဲ့နေ့ကျရင် မင်းကို နေရာအနှံ့လိုက်ပြမယ်ကွာ၊ မော်ကွန်း သိပ်သဘောကျသွားမယ်၊ အခု ကိုယ့်အိမ်ရောက်တော့မယ်၊ ဒီညတော့ ကိုယ့်ဆီမှာတစ်ညနေကွာ၊ မနက်မှကိုယ်ငှားပေးထားတဲ့အိမ်ကို ပြောင်းပေါ့ ဟုတ်လား. . ."

သူ့မျက်ခုံးလေးတစ်ချက် ဟန်ပါပါ ပင့်တင်လိုက်ပြီး အဖြေပေးလိုက်သည်။

"မော်ကွန်းကကွာ ကိုယ်နဲ့အတူတူနေလည်း ရသားနဲ့၊ သက်သက်အိမ်ငှားတယ်. . ."

ဒေါက်တာမင်းညိုမှာ သူ့အား မကျေမနပ်ဆိုနေသဖြင့် ဒေါက်တာမော်ကွန်းသည် ပြုံးဟဟအသွင်နှင့်ရှိရင်း. . .

"ဟာ ငှားရမှာပေါ့၊ မင်းလတ်တလော မိန်းမခိုးလိုက်ရင် ကိုယ်ခွကျသွားမှာပေါ့ ဟား..ဟား. . ."

သူပြောပြီး သဘောကျစွာ ရယ်နေလိုက်တော့သည်။

သူ့ရယ်သံများဆုံးသော် ကားလေးသည် ဒေါက်တာမင်းညို၏ အိမ်လေးရှေ့သို့ ထိုးရပ်သွားလိုက်ပါတော့သတည်း။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"မော်ကွန်း. . ."

"ဟင်. . ."

"မင်းကိုကြည့်ရတာ ရောက်တဲ့နေ့ကနဲ့ကို မတူတော့ဘူး၊ ရောက်တာမှတစ်ပတ်ပဲရှိသေးတယ်၊ တွေတွေငေးငေးကြီးလို ဖြစ်နေပြီ. . ."

"နေရင်းထိုင်ရင်းကွာ မစွပ်စွဲပါနဲ့၊ ကိုယ်ဘာမှမဖြစ်ပါဘူး"

ဟန်လုပ်၍သာ သူဆိုရသည်။ သူ့ရင်ထဲမတော့ အစွဲအမှတ်တစ်ခုသည် ရှိနေရပြီမဟုတ်ပါလား။

"ဟုတ်ရဲ့လား၊ ဟိုနေ့တွေတုန်းကတောင် အကောင်းပဲ၊ သောင်ခုံကပြန်လာပြီးကတည်းက မူတွေပျက်နေတာ သတိထားမိတယ်၊ ဘာလဲ သောင်ခုံမှာ အချစ်နတ်သမီးလေးနဲ့ မော်ကွန်းတွေ့ခဲ့တယ်ထင်တယ် ဟုတ်စ. . ."

ထိုစကားက သူ့ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားရစေသည်။ မှန်ပါ၏။ သူသည် သောင်ခုံနေရာလေးမှ အလှနတ်သမီးလေးအား တွေ့ခဲ့ရပြီမဟုတ်ပါလား။ သောင်ခုံမှ ပြန်လာကတည်းက သူ့ရင်ထဲ နင့်နင့်နဲနဲကြီးဖြစ်နေရသည်။ သူ နှောင်တတွေလည်း ရနေမိသည်။ သူမ၏နာမည်လေးကို သူ မေးမကြည့်ခဲ့သည့်အဖြစ်ကိုပါ။

သူမ၏အလှကွန်ရက်တွင် သူအရာအားလုံးကို မေ့လျော့နေခဲ့သည်။ သူမနှင့် စကားပြောနေရသည့် အခိုက်အတန့်တွင် သူ ကြည်နူးပျော်ရွှင်နေမိရသည်။ သူမ၏အလှမှာ သူ မြင်ဖူးနေကျအလှမျိုးမဟုတ်။ သူမသည် ဆံနွယ်လေးများမှအစ ခြေသည်းခွံလေး





များအဆုံး အလှသည် ပကတိသန့်စင်ကြည်လင်နေရကာ ရင်ငြိမ်းဖွယ် ကျော့ရှင်းလှပသူရယ်ပါ။

သူမကျောပြင်လေးထက် ပိုးကောင်ကိုဖယ်ရှားပေးခဲ့စဉ်က သိတွေ့ခဲ့ရသော သူမ၏အသားလေးများမှာလည်း နူးညံ့ညက်ညောလှပါဘိခြင်း။ ကျောလယ်လောက်ရှိသော ဆံနွယ်များအား ကပိုကရိ ချည်နှောင်ထားသဖြင့် လေအဝှေ့လွင့်ဝဲသွားကြသည့် ဆံနွယ်လေးများအလှသည်ပင် သူ့ရင်အား လှုပ်ခတ်နေစေ၏။ သူမ၏ ဝင်းဝါနုနုလွန်းသည့် မျက်နှာလေး၏ အလှသည်ကား သူ့အသည်းတွင် တင်စားရန်လိုတော့မည် မထင်တော့ပါလေ။

သူ ဘယ်သူပါလိမ့်..၊ ခင်ဗျားလှလိုက်တာဗျာ. . .

"ဟင်း. . ."

ရင်ထဲ အတွေးများနှင့် သူ သက်မကိုခိုးချလိုက်မိ၏။

"မော်ကွန်း. . ."

"ဟင်. . ."

"တိတ်လှချည်လား. . ."

"ဩော် ကိုယ် လူနာတွေအကြောင်း စဉ်းစားနေမိတာပါ"

"မော်ကွန်း. .မင်း နေတော့ကောင်းပါတယ်နော်. . ."

"ကောင်းပါတယ်၊ ကိုယ် ဘာမှမဖြစ်ပါဘူး. . ."

"တကယ်ပဲကွာ၊ မင်းကိုကြည့်ရတာ ဒီရက်ပိုင်းအတွင်းမှာ တစ်မျိုးကိုဖြစ်နေတာ အမှန်ပဲ. . ."

"မင်းညို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

မင်းညို၏စကားများကြောင့် သူ့စိတ်ထဲ တအုံနွေးနွေး ဖြစ်နေသည့် ကိစ္စတစ်ရပ်ကို သူ ဖွင့်မေးကြည့်ရန် စဉ်းစားပြီး မင်းညိုအား ခေါ်လိုက်ပြီးမှ သူ စကားမဆက်ပဲ နေလိုက်လေတော့သည်။

"ဘာလဲ ပြောလေ. . ."

"အင် ဘာမှမဟုတ်ပါဘူးကွာ. . ."

မင်းညိုက ထပ်မေးသော်လည်း မရေရာသည့် အကြောင်းအား သူဖြေရမည်မှာ ရှက်သလိုရှိသွားရသောကြောင့် သူ စကားကို လွှဲချလိုက်ရ၏။

"မင်းတော့ တစ်ခုခုပဲ. . ."

"တလွဲမတွေးပါနဲ့ကွာ၊ လူနာတစ်ယောက်အကြောင်း မေးမလို့ပါကွ. . ."

"ဘယ်လူနာအကြောင်းလဲ ပြောပါဦး. . ."

"ဟို ကလေးဖျက်ချတဲ့ အမျိုးသမီးလေ၊ အခြေအနေက မကောင်းဘူးမဟုတ်လား. . ."

"အင်း ဒီအမျိုးသမီး ဟုတ်တယ်၊ အခြေအနေတော်တော်ဆိုးနေတယ်၊ ကလေးများလို့ ဖျက်တာတဲ့ကွာ. . ."

မင်းညို၏သံသယစကားတို့အား သူသည် ဟန်လုပ်၍ ခပ်တည်တည် လမ်းလွှဲခဲ့ရလေ၏။

× × × × ×





ဟင် ဟိုဟာ သူများလား. .၊ အို မဟုတ်ဘူး. . .။ ဟင်း. .ကျွန်တော် ခင်ဗျားကို ရှာနေတာဗျာ၊ ခင်ဗျားနာမည်လေးကို ကျွန်တော်မသိခဲ့ရတာ ဝမ်းအနည်းဆုံးပါပဲဗျာ၊ ခင်ဗျားဘယ်သူလဲ၊ ဘယ်နားမှာနေလဲ၊ ခင်ဗျားမြို့ပေါ်မှာနေတာလောက်ပဲ ကျွန်တော်သိတယ်၊ ခင်ဗျားကို ကျွန်တော်ထပ်ပြီး တွေ့ချင်တယ်ဗျာ၊ ဒါကြောင့် ကျွန်တော်သွားလေရာရာ ခင်ဗျားကို ထာဝစဥ်ရှာနေမိတယ်. . .။

"မော်ကွန်း. . ."

"ဘာကြည့်တာလဲ၊ ဘာရှာတာလဲ၊ ကားပေါ်ကလည်း ဖြုတ်ကျကျန်ခဲ့ပါဦးမယ် သူငယ်ချင်းရာ၊ ကြည့်လည်း လုပ်ပါဦး"

"အဟွန်း. .ကိုယ်က ဟိုအမျိုးသမီးတစ်ယောက် ကိုင်သွားတဲ့ သစ်ခွပန်းလေးကို ကြည့်တာပါ. . ."

"တော်တန်ရုံလည်းကြည့်ပါဗျာ၊ မင်းကြည့်ပုံက တစ်ဘက်လူ မြင်လို့ စိတ်ကြီးဝင်စရာပါ. . ."

"အိုကွာ မင်းညိုကလည်း အဟွန်း. .ဟွန်း. . ."

သူ့အဖြစ်များအတွက် ရှက်ရယ် ရယ်မိရလေသည်။ မင်းညိုသည် သူ့အား လက်ဆုပ်လက်ကိုင် ဘာမျှမတွေ့ရသဖြင့် မချိုမချဥ် ရုံမျှသာ ရှိနေရလေသည်။ သူ့အနေနှင့်လည်း ဘဲဥအစရှာမရသည့် ကိစ္စတစ်ခုအား အဘယ်ကဲ့သို့ မင်းညိုအား ဖွင့်ဟမေးမြန်းကာ စုံစမ်းရပါမည်နည်း။ ထို့အတွက် ကိုယ့်နည်းကိုယ့်ဟန်နှင့်သာ တိတ်တိတ်ကျိတ်ကာ ရှာဖွေစုံစမ်းနေရခြင်းပါတည်း။

သူသာတစ်နေ့တခြား ရင့်မာလာသော ခွဲလမ်းမှု အစိုင်



www.burmeseclassic.com

www.burmeseclassic.com



အခဲကြီးကြောင့် အလုပ်သွားအလုပ်ပြန် ဘယ်သွားသွား ဘယ်လာလာ ရောက်သည့်နေရာတိုင်းတွင် သူမအား တိတ်တိတ်ကျိတ်ကာ ရှာဖွေကြည့်ရှုလာခဲ့သည်။

မှန်သည်။ သူ၏စွဲလမ်းမှုသည် သာမညမဟုတ်ပါလေ။ သောင်ခုံတွင် နာရီဝက်မျှလောက်သာ တွေ့ဆုံခဲ့ရသည့် သူမအား သူသည် လများ နှစ်များကူးပြောင်းသွားသည့်တိုင် စွဲလမ်းကာ ရှာဖွေနေရဆဲမဟုတ်ပါတကား။ ။



## – သုံးဆယ့်သုံး –

"မော်ကွန်းရေ. . ."

"ဟာ မင်းညို အစောကြီးပါလားဗျ. . ."

တစ်နေ့တွင် မင်းညိုတစ်ယောက် သူ့အိမ်သို့ စောစောစီးစီးရောက်လာသဖြင့် အပြုံးတွေနှင့် ဆီးကြိုကာ သူပြောလိုက်ခြင်းပါ။

"စောဆို ကိစ္စရှိတယ်ကွာ၊ ကိုယ် အဲဒီကိစ္စအတွက် မင်းဆီလာဖို့ကြာပြီ. . ."

"ဆိုပါဦး ကိစ္စက. . ."

"ကိစ္စကအရေးကြီးတယ်. . ."

"ဘာလဲ မင်းအတွက် မိန်းမခိုးပေးရမှာလား. . ."

"အဟား. .ဒီကိစ္စမျိုးက လွယ်ပါတယ် မော်ကွန်းရ. . ."

"ဒါဖြင့်. . ."

"လာကွာ ကိုယ် ကော်ဖီတောင် မသောက်ခဲ့ရသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အလုပ်လည်းအားတာပဲ၊ တစ်နေ့လုံး ဒီကိစ္စအကြောင်းကို စဉ်းစားပြီး ပြောကြတာပေါ့. . ."

"ကဲ. .လာ လာ၊ မင်းစကားက ကြီးကျယ်လိုက်တာ၊ ကိုယ်တောင် စိတ်ဝင်စားလာပြီ. . ."

သူငယ်ချင်းနှစ်ယောက် ပခုံးဖက်ပြီး ထမင်းစားခန်းထဲသို့ ဝင်ခဲ့လိုက်ကြသည်။

"စိတ်ဝင်စရားတော့ အလွန်ကောင်းတာပါပဲ မော်ကွန်းရာ"

ကော်ဖီပွဲတွင်ထိုင်မိကြစဉ် မင်းညိုက စကားကိုစပြီး ဆားဘီသို့ကြည့်လိုက်သည်။ မီးဖိုဆောင်နှင့် ထမင်းစားခန်းဆီသို့ ကူးလူးလုပ်ကိုင်နေသည့် တပည့်လေးအား မင်းညို သတိထားမိလိုက်သည်တွင် မင်းညိုက. . .

"ကွာ. .ကော်ဖီသောက်အပြီး တခြားမှာ သွားပြောရအောင်"

"အလိုဗျာ မင်းညိုရယ်၊ အမျိုးများလှချည်လားဗျာ. . ."

"သိပ်အရေးကြီးတဲ့ စကားမို့ပါကွာ. . ."

"ဟင်း ကဲ ကဲ ကော်ဖီသောက်လိုက်ပါဦးဗျာ၊ ပြီးတော့ သွားကြတာပေါ့. . ."

အေးအေးဆေးဆေးပင် သူတို့နှစ်ဦးစလုံး ကော်ဖီကို သောက်နေလိုက်ကြသည်။ ကော်ဖီသောက်နေဆဲ မင်းညို သူ့ကို ကြည့်ကြည့်နေသည်ကိုလည်း သူ သတိထားမိနေရပေသည်။ မင်းညို ထူးခြားနေသည်ကို သူသိသည်။ သို့သော်လည်း အကြောင်းအရာကိုသာ သူ ဘာမှန်းမသိရှိနေရ၏။





"မင်းအိမ်လေးက ကိုယ့်အိမ်လေးထက်တောင် ပိုနေချင်စရာကောင်းနေသေးတယ်ကွာ. . ."

"အဲဒါကိုယ်က မင်းကို ကျေးဇူးတင်နေတာပါဗျာ"

"အဟွန်း ကိုယ်က မင်းအကြိုက်ကို သိနေလို့ စိတ်ကြိုက်ရှာပေးထားတာလေ မင်းပြောင်းလာမယ်ဆိုတာ သိသိချင်း ကိုယ်အိမ်လိုက်ရှာတော့တာပဲ. . ."

ကော်ဖီသောက်နေဆဲ မင်းညိုသည် သူ့အား အရေးကြီးသည်ဆိုသည့်စကားကို မဆိုသေးဘဲ တစ်နှစ်ကျော်နေလာခဲ့ပြီးသည့် သူနေသည့် အိမ်လေးအကြောင်းအား ခုမှ စကားလုပ်၍ဆိုနေ၏။ စကားပြောရင်း အေးအေးဆေးဆေး ကော်ဖီသောက်ပြီးကြသည်နှင့်

"ကဲ. .မော်ကွန်းရေ၊ ကိုယ်တို့စကားပြောကောင်းမယ့် နေရာကို ရှာရအောင်ကွာ၊ ဒီအိမ်က မင်းအိမ်ဆိုတော့ မင်းကနေရာပိုကျွမ်းမယ်၊ ဘယ်နေရာမှာ ပြောမလဲ. . ."

"အဟိုး. .အပြင်ထွက်မယ်ဆိုလို့ ကိုယ်က တခြားလားလို့ ကိုယ့်အိမ်ထဲမှာပဲလား မင်းညိုရ. . ."

"အင်းလေ တခြားလည်း မသွားချင်ပါဘူးကွာ. . ."

"ကဲ ကဲ ဒါဖြင့် လာ၊ ကိုယ့်အိပ်ခန်းဟာ အကောင်းဆုံးပဲ. . ."

သူဆိုရင်း မင်းညိုလက်ကိုဆွဲကာ အိပ်ခန်းဆောင်ဆီသို့ ခေါ်လာခဲ့လိုက်လေသည်။ သူပြောသလိုပင် သူ့အိပ်ခန်းသည် အထပ်ခိုးလိုလည်း မကျသည့် သီးသန့်အပေါ်ထပ်လို ခပ်မြင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ရှိနေရလေ၏။ သူ့အိပ်ခန်းလေးမှာ လေးဘက်လေးတန် တံခါးပေါက်များရှိနေရသဖြင့် နေရောင် လရောင် ကြယ်ရောင်များလည်း အချိန်အခါလိုက် တွေ့မြင်ရလေ၏။

သူ့အခန်းထဲ သန့်ရှင်းလတ်ဆတ်သော လေတို့မှာလည်း အဝင်နှင့်အထွက် မှျတနေတော့သည်။ အခန်းတစ်ခုလုံးတွင် အလင်းရောင်မှာ ကြီးစိုးနိုင်လွန်းသဖြင့် သူ့အိပ်ခန်းသည် တောင်ထွတ်တစ်ခုမှ ဘုံနန်းတစ်ခုပမာ နေချင့်စဖွယ်ကောင်းနေရချေ၏။

ပြတင်းပေါက်များမှ လှမ်းမျှော်ကာကြည့်လိုက်လေတိုင်းလည်း စိမ်းမှောင်နေသည့် တောင်တန်းကြီးများနှင့် ညို့ညို့ဆိုင်းဆိုင်း ရှိနေကြသည့် တောအုပ်ကြီးများအား လှမ်းတတ်လျှင် လှမ်းစဖွယ်တွေ့မြင်နေရလေသည် မဟုတ်ပါလား။

"ကဲ. .မင်းညို၊ ဒီနေရာမှာ မင်းကိစ္စကို ဆွေးနွေးနိုင်ပြီလား"

နေရာအသီးသီးတွင် ဝင်ရောက်ထိုင်လိုက်ကြပြီး သူဆိုလိုက်သည်။ အမြဲချီးမွမ်းနေကျ သူ့အိပ်ခန်းအား မင်းညိုသည် ကြည်နူးစွာ လှည့်ပတ်ကြည့်မိရင်းက. . .

"အကောင်းဆုံးပေါ့ မော်ကွန်းရာ. . ."

"ဒါဆို မင်းကိစ္စပြောနိုင်ပြီလား. . ."

"အင်း. . ."

အပြုံးများနှင့် မင်းညိုခေါင်းညိတ်ရင်း သူ့ကိုကြည့်သည်။ ပြီးမှ. . .

"မော်ကွန်း. . ."





"ဟင်. . ."

"ကိုယ်က ဒီကိစ္စကို မင်းနဲ့ဆွေးနွေးမှာထက် မင်းဆီက အကူအညီတောင်းချင်တာပါဗျာ. . ."

"တန်တော့ မှောင်ခိုချဖို့ကိုယ့်ကိုစပ်နေပြီ ထင်တယ်"

"ဟာကွာ မနောက်ပါနဲ့၊ ကိုယ့်စကားကို နားထောင်ပါဦး မော်ကွန်းရ. . ."

"အဟွန်း. .ဟွန်း ပြောပါဗျာ. . ."

"ဟင်း. . ."

မင်းညို သက်မတစ်ချက်ကိုချပြီး တစ်ချက်မျှ စဉ်းစားနေလိုက်သည်။ အတန်ကြာမှ သူ့ စကားကိုပြန်စသည်။

"ကိုယ်ပြောမယ် မော်ကွန်း၊ ကိုယ်နဲ့သိပ်ရင်းနှီးတဲ့ မိတ်ဆွေ ဓနီးမောင်နှံရှိတယ်၊ အဲဒါတစ်နေ့တော့ ခင်ပွန်းဖြစ်တဲ့လူက ကိုယ့်ဆီလာပြီး အကူအညီတစ်ခုလာတောင်းတယ်၊ အဲဒီအကူအညီက သူတို့အိမ်ထောင်အတွက် ကလေးတစ်ယောက်လိုချင်တယ်တဲ့. . ."

သူ မေးစမ်းခြင်းမပြုဘဲ မျက်ခုံးတစ်ဘက်ပင့်ပြီး ဆက်နားထောင်နေမိသည်။

"သူများကလေးကိုလည်း သူ မမွေးစားချင်ဘူးတဲ့ကွာ၊ သူ့မိန်းမကိုယ်တိုင် မွေးမယ့်ကလေးကိုပဲ သူလိုချင်တယ်တဲ့၊ သူ့မိန်းမ ကိုယ်တိုင်မွေးတဲ့ ကလေးကိုမှလည်း သူ ချစ်နိုင်တယ်တဲ့. . ."

မင်းညိုစကားများကို သူ မရှင်းသေးသော်လည်း သူ မမေးမိ၊ မျက်မှောင်တွန့်ပြီး သူ ဆက်နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ပြောချင်မှာပေါ့၊ အိမ်ထောင်သည်တွေပဲ ကလေးလိုချင် ယူပေါ့လို့. . ."

မှန်သည်။ မင်းညိုပြောသလို သူ့ရင်ထဲကတော့ ပြောဖြစ်နေသည်။

"ကိုယ်ရှင်းရှင်းပြောမယ် သူငယ်ချင်းရာ၊ အဲဒီဇနီးမောင်နှံဘဝက တော်တော်သနားစရာကောင်းတယ်၊ ခင်ပွန်းဖြစ်တဲ့ အမျိုးသားကိုလည်း ကိုယ်သနားတယ်၊ ဇနီးဖြစ်တဲ့ အမျိုးသမီးကိုလည်း ကိုယ် သနားမဆုံးဘူး. . ."

မင်းညိုပြောလာသည့် စကားတို့ကို သူပိုပြီး စိတ်ဝင်စားလာရသည်။ သူ့အနေနှင့် ကြားဖြတ်စကားမဆိုမိဘဲ နားထောင်နေမိရလေ၏။

"သူတို့အိမ်ထောင်ရေးအတွက် သနားစရာကောင်းတဲ့ အဖြစ်က ဒီလိုမော်ကွန်း. .၊ အမျိုးသားက ပညာလည်းတတ်၊ ဉစ္စာလည်းပေါ၊ ရုပ်လည်းချောဆိုတော့ တစ်ချိန်က ချစ်မှုရေးရာကိစ္စတွေ သိပ်များခဲ့တယ်ဆိုပါတော့ကွာ၊ အဲဒါ အဲဒီချစ်မှုပြဿနာတွေရဲ့ နောက်ဆုံးရလဒ်ကတော့ သူဟာ သူသိပ်မြတ်နိုးတဲ့ အမျိုးသမီးလေးကို ယူပြီးတဲ့ နောက်အချိန်မှာပဲ သူ့ဘဝလည်း ဆုံးရတော့တယ်. . ."

"ဘာလဲ သူ့ရဲ့ယောကျ်ားဘဝတစ်ခုလုံးကို စွန့်လိုက်ရတာလား. . ."

ဆရာဝန်ချင်းမို့ မင်းညိုစကားတို့ကို သဘောပေါက်သလိုရှိရင်း သူ ကိုယ်ချင်းစာစွာ မေးမိလိုက်ရလေသည်။



"ဟုတ်တယ်၊ သူ့အဖြစ်က ရင်နာစရာပဲ၊ သူလက်ထပ်ပြီးတာနဲ့ သူ့ရောဂါဝေဒနာဆိုးကြောင့် သူ ရန်ကုန်ကို တစ်ဆက်တည်း သွားလိုက်ရတယ်၊ သူ့ဇနီးလည်း ပါတယ်ပေါ့ကွာ၊ ရန်ကုန်ရောက်တော့ ဆရာဝန်တွေနဲ့စစ်ဆေးပြီးတာနဲ့ အရေးပေါ်ဆိုသလို တစ်ခါတည်း သူ့ပစ္စည်းကို ဖြတ်တောက်ပစ်လိုက်ရတော့တာပါပဲကွာ"

"ဒီအကြောင်းတွေကို သူ့မိဘတွေ ဘယ်သူမှမသိကြဘူး၊ သိတာက သူ့ဇနီးရယ်၊ ကိုယ်ရယ်နဲ့ ရန်ကုန်က ဆရာဝန်တစ်ချို့ပေါ့ကွာ. . ."

"သူ့ဇနီးဟာ သူ့ဘဝကို အဲဒီမှာတင်သိပ်သနားသွားရှာတယ်၊ သူ့အပေါ်လည်း ခွင့်လွှတ်ပြီး ပေါင်းရှာတယ်၊ ဒါပေမယ့် သူ့မှာကတော့ အိမ်ထောင်ရေးသုခကိုလည်း မရနိုင်သလို သူ့ဇနီးကိုလည်း မပေးနိုင်ရှာတဲ့ဘဝမျိုးနဲ့ နေရရှာတာပေါ့ကွာ. . ."

"ဒါဆို သူ့ဇနီးဟာ သူ့ကိုယူပေမယ့် ဘာမှ ဟိုလေဟို. . ."

သူ ပြောရခက်နေစဉ် မင်းညိုကပင် ပြုံးလျက် သူ့ကိုကြည့်ပြီး. . .

"အင်း ဟုတ်တယ်၊ လင်နဲ့ပေမယ့် အပျိုစင်ပဲ ဟားဟား ဟား. . ."

"အဟွန်း. .ဟွန်း. . ."

သူတို့ရယ်မိကြသည်။ ပြီးမှ မင်းညိုက ပြန်စကားဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ခမျာလည်း သူသိပ်ချစ်တဲ့ ဇနီးကို မပစ်နိုင်လို့ ပေါင်းသာနေရတယ်၊ သိပ်အားငယ်ရှာတာပေါ့ကွာ. . ."

"ဒါပေါ့လေ၊ ကိုယ်တောင် သူ့ကို သနားမိတော့တယ်၊ ဒါပေမယ့် ဘယ်သူမပြုမိမိမှုပဲ မဟုတ်လား. . ."

"အဟွန်း. .ဟွန်း. . ."

သူ ကျောတွန့်ပြီး ပြောသည့်စကားကို မင်းညိုက ရယ်သည်။

"ကဲ. .မော်ကွန်းကို ကိုယ်ဆက်ပြောရဦးမယ်. . ."

သူ ကုလားထိုင်နောက်ကျောကို မှီလိုက်ပြီး မင်းညိုကိုကြည့်ကာ ပြောလာမည့်စကားတို့ကို နားထောင်နေလိုက်သည်။

"စောစောက ကိုယ်ပြောခဲ့တယ် မဟုတ်လား၊ သူတို့ ကလေးလိုချင်တယ်လို့လေ. . ."

"ဟာ ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ မင်းညို၊ ကိုယ်တိုင်က ကလေးဖြစ်တဲ့စက်မှမရှိတော့တဲ့ဟာ အဟွန်း. .ဟွန်း. . ."

"ဟား. .ဟား. . ."

သူ မချိုမချဉ်ရယ်ရင်းဆိုသည့် စကားအား မင်းညိုလည်း သဘောကျ၍ရယ်လိုက်သည်။ ပြီးမှ မင်းညိုက. . .

"အေးလေ သူ့မှာမရှိတော့တာ မှန်ပေမယ့် ကလေးရနိုင်တဲ့ နည်းတွေကတော့ ရှိသေးတာပဲမဟုတ်လား သူငယ်ချင်းရာ၊ စဉ်းစားပါဦး. . ."

"ဒါတွေက နိုင်ငံခြားမှာသာ လွယ်မှာ၊ တို့မြန်မာပြည်မှာ





မလွယ်ဘူးနော် မင်းညို၊ အဲဒါလည်း သေသေချာချာစဉ်းစားဦး"

"ဟုတ်ပါတယ်၊ ဒါကြောင့် သူကိုယ့်ဆီလာပြောတော့ ကိုယ် သူ့ကို ပြောပြတယ်၊ စဉ်းစားပါလို့၊ ကိုယ်လည်း စဉ်းစားတယ် လေ. . ."

"နေပါဦး၊ သူနဲ့မင်းရဲ့အစီအစဉ်က ဘယ်လိုလဲ၊ ဒါလည်း ပြောပါဦး. . ."

"ဒီလိုလေ မော်ကွန်းရ၊ သူကတော့ ထားလိုက်တော့နော်၊ သူ့ဇနီးက ကလေးရနိုင်တယ်လေ. . ."

"အင်း ဆိုပါတော့၊ ဒီတော့. . ."

သူ စိတ်ဝင်စားစွာ စကားထောက်ပေးလိုက်သည်။

"ဒီတော့ သူနဲ့ကိုယ် စီစဉ်ထားတဲ့ နည်းကတော့ 'မေထုန်မဲ့နည်း' သူ့ဇနီးကို ကလေးမွေးစေဖို့ပဲ. . ."

"ဟင်. . ."

သူ အံ့သြစွာ မင်းညိုမျက်နှာကို ကြည့်နေလိုက်မိသည်။ မင်းညို စကားတွေ ဖြစ်နိုင်ပါ့မလား သူစဉ်းစားနေမိသည်။ မင်းညို ပြောသည့် မေထုန်မဲ့နည်းနှင့် ကလေးမွေးခြင်းဆိုသည်မှာ အိမ်ထောင် တစ်ခုတွင် အမျိုးသမီးက ကလေးမွေးရန် ချွတ်ယွင်းမှုမရှိ၊ အိမ်ထောင် ဦးစီးဖြစ်သည့် အမျိုးသားက ချွတ်ယွင်းမှုရှိနေသည်။

ထိုအခါ ထိုအိမ်ထောင်၌ ကလေးယူလိုပါလျှင် အခြား ယောက်ျားတစ်ဦးဦး၏ အဖိုဗီဇကိုယူ၍ 'မေထုန်မဲ့နည်း'ဖြင့် ဇနီးသည် အမျိုးသမီး၏အတွင်းသို့ ထည့်ပေးခြင်းဖြင့် ကလေးရရှိလာနိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပါတည်း။ ထို့သို့ ထည့်ပေးရာတွင်လည်း မည်သူမည်ဝါ၏ အဖိုဗီဇကို မည်သည့်အမျိုးသမီးအတွင်းသို့ ထည့်ပေးလိုက်သည်ကို အဖိုဗီဇပေးသူ အမျိုးသားရော လက်ခံယူသူ အမျိုးသမီးပါ မသိစေဘဲ သိပ်သည်းစွာ လျှို့ဝှက်ထားရချေ၏။

ဤနည်းနှင့်မွေးသော ကလေးကိုလည်း မွေးသောမိဘက ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိပါသည်။ သို့သော်လည်း ဤနည်းတွင် ခင်ပွန်းသည်က လက်ခံရန်လိုသည်။ လက်ခံပြီးသည့်တိုင်လည်း မွေးဖွားလာသည့်ကလေးအား မိမိ၏သားသမီးအရင်းကဲ့သို့ သဘောထားနိုင်ရန် လိုအပ်ပါသေး၏။ ထိုကဲ့သို့က သဘောမထားနိုင်ပါက ဤကလေးသည် ငါ့သွေး ငါ့သားမဟုတ်ဟု စွဲလမ်းရာမှ ပြဿနာများ ပေါ်ပေါက်လာနိုင်သည် မဟုတ်ပါတကား။

"ဟင်း. . ."

မလွယ်လွန်းသော အတွေးများအဆုံး သူ သက်ပြင်းမော ကို ချမိရလေသည်။

"မော်ကွန်း. . ."

"ဟင်. . ."

"ကိုယ်ပြောတာ မင်း သဘောပေါက်တယ်မဟုတ်လား"

"သဘောကတော့ ပေါက်ပါတယ်၊ ဒါပေမယ့် မင်း စဉ်းစားကြည့်၊ ဒီအလုပ်မျိုးဆိုတာက ကိုယ်တို့ဆီမှာ လွယ်မယ်မထင်ဘူး မင်းညို၊ ကိုယ်တို့မြန်မာပြည်သားတွေက ဒီကိစ္စမျိုးနဲ့ပတ်သက်ရင် အနောက်နိုင်ငံသားတွေလောက် သဘောထားမပြည့်ဝနိုင်ရှာဘူးနော်





ခင်းညို စဉ်းစားပြီးမှ လုပ်ပေးပါ. . ."

"ကိုယ်လည်း သူနဲ့အကြိမ်ကြိမ်ဆွေးနွေးပြီးပါပြီ။ ဖြစ်လာနိုင်တဲ့ပြဿနာတွေကိုလည်း ပြောပြတယ်လေ၊ သူကလည်း ဒါတွေ သူသိပါတယ်တဲ့၊ သူ နားလည်ပါတယ်တဲ့၊ ဘာပဲဖြစ်ဖြစ် သူ့ဇနီး ကိုယ်တိုင် မွေးမယ့်ကလေးကိုပဲ သူချစ်နိုင်မယ်၊ တခြားကလေးတော့ သူမမွေးစားနိုင်ဘူးတဲ့. . ."

"ဟင်း အင်းလေ၊ ခုကိစ္စက ကာယကံရှင်ကိုယ်၌က အာမခံချက်တွေခံဖို့ ဆန္ဒတွေပြင်းနေတော့လည်း မင်း ဆောင်ရွက်ပေးလိုက်ပေါ့ကွာ. . ."

သူငယ်ချင်းဖြစ်သူ ဆောင်ရွက်ရမည့် အလုပ်မို့ မင်းညို အတွက် သူ စဉ်းစားပြီး တွေးတွေးဆဆပြောလိုက်ရလေသည်။

"အင်း. .အဲဒါသူကလည်း ဆန္ဒသိပ်ပြင်းနေပြီ၊ ကိုယ်က လည်း ဆောင်ရွက်ပေးဖို့ သဘောတူလိုက်ပြီဆိုတော့ ဒီကိစ္စအတွက် ခင်းကိုအကူအညီ လာတောင်းတာပဲ. . ."

"ဟင်. . ."

သူ နားမရှင်းသလို စိမ်းမှောင်သော မျက်ခုံးတို့တွန့်ရင်း ဆိုမိသည်။

"ဟုတ်တယ် မော်ကွန်း၊ ကိုယ့်ကိုကူညီပါ၊ ကိုယ် အနူး အညွတ်တောင်းပန်ပါတယ်၊ သူတို့အတွက်ရလာမယ့် ကလေးဟာ မျိုးရိုးသန့်ဖို့ လိုတယ်လေ၊ ဒီအပိုင်းက ကိုယ့်တာဝန်ဖြစ်နေပြီ မဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဒါဖြင့် ကိုယ်က ဟို. . ."

သူ စကားမဆက်ဘဲ တံတွေးကို မျိုချလိုက်သည်။ စိတ်ထဲမတော့ မဝံ့မရဲကြောင့်ကြမှုတွေ ရှိနေရတော့၏။ သူ့ကိုကြည့်ပြီး မင်းညိုက. . .

"ဟုတ်တယ် မော်ကွန်း၊ မင်းဟာ မျိုးရိုးကောင်းတယ်၊ ဉာဏ်ကောင်းတယ်၊ တော်တယ်၊ အဘက်ဘက်က တော်တတ်ကောင်းမွန်ပြည့်စုံတယ်ဆိုတော့ ကိုယ့်အနေနဲ့ သူငယ်ချင်းကိုပဲ မြင်မိတယ်၊ ဒါကြောင့် မင်းဆီက အကူအညီတောင်းတာပါ. . ."

"ဟူး. . ."

သူ လေပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ မင်းညိုကိုလည်း သတိလက်လွတ် ကြည့်မိနေရလေ၏။ သူ့အနေနှင့် မင်းကိုယ်မင်းပဲ အသုံးပြုပါလားဟု ပြောရအောင်ကလည်း မင်းညိုအကြောင်းကို သူကအသိဆုံး မဟုတ်ပါလား။

မှန်သည်။ မင်းညိုသည် ဆယ့်ရှစ်နှစ်သားခန့်က သူငယ်ချင်းများစု၍ အင်းလျားကန်တွင် ရေကူးခဲ့စဉ်အခါက ရေထဲဒိုင်ဗင်ထိုးအဆင်း ရေထဲမှငုတ်တစ်ခုနှင့် ဆောင့်မိ၍ မင်းညို၏ကိုယ်အောက်ပိုင်းတွင် ပြင်းထန်စွာဒဏ်ရာရရှိထားရှာသည့် အတွက်ကြောင့် ထိုကိစ္စ သူ့ကိုယ်သူ အဘယ်မှာ အသုံးချ၍ ရရှာပါလိမ့်မည်နည်း။

သူ တွေဝေစွာ စဉ်းစားနေဆဲ မင်းညိုသည် ထိုင်ရာမှ ထခဲ့ပြီး သူ့ပခုံးကို လာရောက်ကိုင်လာရင်းက. . .

"ကိုယ့်ကိုကူညီပါ မော်ကွန်းရာ၊ ကိုယ်တောင်းပန်တာပါ၊



ဒီကိစ္စအတွက် မင်းသာ အကောင်းဆုံး အသင့်တော်ဆုံးဆိုတာ ကိုယ်အသိဆုံးမို့ပါကွာ နော်. . ."

သူ့ပခုံးကို ဆုပ်ညှစ်လှုပ်ခါရင်း မင်းညို ထပ်ဆိုတောင်းခံနေသဖြင့် သူ စကားမဆိုမိဘဲ မင်းညိုလက်ကို ပြန်လည် ဆုပ်ညှစ်ကာ သူ ရှက်ပြုံးပြုံးနေလိုက်မိရပါလေတော့၏။ သူ့ရှက်ပြုံးသည် မင်းညိုဆောင်ရွက်ရမည့် ကိစ္စအတွက် လိုက်လျောမှုဖြစ်ကြောင်း မင်းညိုသည် သဘောပေါက်ကာ သူ့အား ဝမ်းသာအားရ ဖက်ထားလိုက်ပါလေတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

- သုံးဆယ့်လေး -

ဩော်.. ပန်းဝါတဲ့၊ သူ့နာမည်လေးက မေပန်းဝါတဲ့။ ဟင်း ဖြစ်ရုံလေခြင်းဗျာ၊ ခင်ဗျားကို ရှာနေခဲ့တာ ခုတွေ့မယ့်တွေ့တော့ ခင်ဗျားက မိခင်လောင်းတစ်ယောက်ဖြစ်တော့မယ့် အချိန်မှ ကျွန်တော်နဲ့ ပြန်တွေ့ရလေခြင်းဗျာ. . ။ ပန်းဝါရယ် ခင်ဗျားဟာ ကျွန်တော့် အသည်းမှာ ခြေကုပ်ယူထားနိုင်စွမ်းတဲ့ သူလေးပါ။

ခင်ဗျားကို ရှာနေဆဲက ဒုတိယအကြိမ် ပြန်မြင်တွေ့လိုက်ရတဲ့ ကျွန်တော့်ရင်ထဲ ခင်ဗျားကို မြင်စေချင်လိုက်တာ၊ ခုမှ ကျွန်တော် ခင်ဗျားကို လက်လွှတ်ဆုံးရှုံးရဖို့ သေချာနေတော့တာပါဗျာ. . ။

ညနေခင်းဆီမှ ဒုတိယအကြိမ် ပြန်လည်မြင်တွေ့ခဲ့ရလေသော မိန်းမချောအား တမ်းတရင်း ဒေါက်တာမော်ကွန်းသည် ညဥ့်နက်သည့်တိုင် အိပ်၍မပျော်ပါတော့။

ဩော်. .ပန်းဝါရယ်၊ ကျွန်တော့်အဖြစ်တွေကို ကျွန်တော် ရက်မိပါရဲ့ဗျာ. . ။



သူသည် ညညတိုင်း သူမအား သွား၍သတိရမိလေတိုင်း အိပ်မပျော်နိုင်သလို အလုပ်လုပ်ဆဲမှ သတိရမိသည့်အခါများ၌လည်း ရင်ထဲနွမ်းမောရကာ စိတ်ထဲဝေသီစွာ ခံစားချက်တို့ဖြင့် အလုပ်လုပ်ရာတွင် နှေးဖင့်သွားရသည်အထိ ဖြစ်ခဲ့ပါလေ၏။ သို့သော် သူ၏ ရှက်ဖွယ်လိလိအဖြစ်အား သူသည် ကြိုးစားထိန်းသိမ်းရင်း လူရှေ့ သူရှေ့တွင် နေထိုင်၍ရခဲ့ပါလေ၏။

တကယ်တော့ သူ့အနေဖြင့် တစ်ကိုယ်တည်း ကျိတ်ဆွေးနေရခြင်းသာမဟုတ်ပါလား။ ခုသော်ဖြင့် သူ့စိတ်အား တတ်နိုင်သုံး ဖြေသိမ့်၍နေရပေတော့သည်။ ဖြေသိမ့်ရင်း သူမအား မေ့ပျောက်နိုင်စွမ်းရှိအောင်နေဆဲမှပင် ဘာရယ်ကြောင့်မသိပါလေ။ သူသည် သူမ အား လုံးဝမေ့နိုင်စွမ်းအား မရှိနိုင်ခဲ့ပါတကား။

မှန်သည်။ သူမအား သူသည် မေ့နိုင်စွမ်းမရှိခဲ့လေပါ။ သူမနှင့်တွေ့ရသည်ကို ပျော်သည်။ သူမနှင့် စကားပြောနေရသည်ကို သူ ကြည်နူးသည်။ သူမကို ချစ်သည်။ သတိရသည်၊ တွေ့ချင်သည်၊ အနားယူလေတိုင်း သူမအကြောင်းသည် သူ၏ ဦးနှောက်ထဲတွင် ရှိနေရသည်။ သူသည် သူ့ကိုယ်သူလည်း အံ့ဩရင်းဖြင့် သူမအား စွဲလမ်းမြဲ သတိရမြဲပါတည်း။

ထို့ကြောင့်ပင် သူသည် သူမနှင့်တွေ့ဆုံရတတ်သည့် ခင်းညို၏ အိမ်သို့ ခဏခဏသွားရောက်ကာ သူမအားစောင့်မျှော်မိတတ်သည်ကိုကား မင်းညိုလည်း မသိရှာသလို သူမလည်း သိရှာ သိမ့်မည် မဟုတ်ပါလေ။ သူမနှင့် တွေ့ရန်နိုးဖြင့် သူသည် မင်းညို

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ရက်ခြားဆိုသလို မျှော်လင့်ချက်များနှင့် ရောက်နေခဲ့ရသည် မဟုတ်ပါလား။

× × × × ×

"ဩော်. .ဆရာနဲ့ဆုံရပြန်ပုံထောက်တော့ ဆရာကိုမင်းညို မရှိဘူးထင်တယ်. . ."

"အဟွန်း. .မှန်တာပေါ့ဗျာ ကျွန်တော်ရောက်တာတောင် သူ မရှိဘူး၊ အရေးပေါ်လိုက်သွားတယ်လို့ သူ့တပည့်က ပြောတယ်လေ. . ."

"အင်း ဒါကြောင့် ဆရာ မလာလို့ မိုးချုပ်သွားမှာစိုးပြီး ပန်းဝါ လာခဲ့လိုက်တာ. . ."

"ကလေး ဘာဖြစ်လို့လဲဟင်. . ."

ပန်းဝါရင်ခွင်ထဲမှ ဖြူဖြူဖွေးဖွေး တစ်လုံးတစ်ခဲကြီး ကလေးငယ်ကို ကြည့်ရင်း သူမေးကြည့်လိုက်သည်။

"ဩော်. .သားကလေ တစ်နေ့ညက အအေးတွေမိပြီး ကိုယ်တွေအရမ်းပူလာတယ်လေ၊ အဲဒါညတွင်းချင်းတောင် ဆရာကိုမင်းညိုကို ခေါ်ရသေးတယ်၊ အခုလည်း သိပ်မကောင်းသေးတော့ ပန်းဝါ သားကိုခေါ်ပြီး လာခဲ့တာ. . ."

"ဩော်. .ဟုတ်လား၊ ဒါဆိုကျွန်တော်ပဲ ကြည့်ပေးလိုက်မယ်လေ. . ."

"ဟုတ်ကဲ့ ဆရာ . ."



"ကလေးက ဘယ်နှစ်လရပြီလဲဟင်. . ."

"ငါးလထဲမှာ ဆရာ . ."

"ဩော်. .ဒီတစ်ယောက်ပဲ ရသေးလား. . ."

"ဟို ဟုတ်ကဲ့. . ."

"ကလေးက အမေတူလို့ထင်တယ်၊ သိပ်ချစ်စရာ ကောင်းတာပဲ. . ."

"အဟင်း. . ."

ပန်းဝါ ရှက်ပြုံးလေးနှင့် ရှိနေရပေ၏။

"သူ့အဖေကို ကျွန်တော်တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဆေးခန်းလာတိုင်း မပါလာဘူးနော်. . ."

"ဟုတ်ကဲ့ ကိုသက်က မအားလို့ပါဆရာ. . ."

ကလေးအတွက် လိုအပ်သည်တို့ကို သူ လုပ်ဆောင်ပေးပြီး ပန်းဝါမျက်နှာလေးအား ကြည်နူးသော [illegible]တို့နှင့်ကြည့်ကာ...

"ကားပါတယ် မဟုတ်လားဟင်. . ."

အိမ်ရှေ့သို့လှမ်းကြည့်ရင်း သူဆိုသဖြင့်. . .

"ဟုတ်ကဲ့ ပါပါတယ်ဆရာ၊ ပန်းဝါကို ဒီမှာချပြီး အသိအိမ်တစ်အိမ်မှာ ပန်းအိုးတွေသွားယူနေသေးလို့ပါ. . ."

"ဒါဆိုအတော်ပါပဲ၊ ကျွန်တော်လည်း တစ်ယောက်တည်း ပျင်းနေတာနဲ့ ပန်းဝါလည်း ကားစောင့်ရင်း စကားပြောကြတာပေါ့"

"အဟင်း. .ဟုတ်ကဲ့၊ ဒါနဲ့ဆရာဒီရောက်တာ ဘယ်လောက်ကြာပြီလဲဟင်. . ."

"နှစ်နှစ်ကျော်ပြီလေ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဘယ်လိုလဲဆရာ၊ ဒီမှာအဆင်ပြေရဲ့လား"

"ဟုတ်ကဲ့၊ ဒီမနော‌မြေကို ကျွန်တော်သဘောကျနေပါတယ် ပန်းဝါ. . ."

ထိုစကားအား သူ့အဓိပ္ပါယ်နှင့်သူ ဆင်ဆင်ခြင်ခြင်လေး ပြောဖြစ်ရလေသည်။

"အဟင်း. .ပန်းဝါကတော့ ပန်းဝါတို့မနောမြေသိပ်လှတယ်လို့ မြင်တယ်ဆရာ. . ."

"ဟုတ်ပါတယ်၊ မနောမြေဟာ သိပ်လှပါတယ်၊ နေချင်စရာလည်း ရှိပါတယ်၊ ဒါနဲ့ဂျိန်းဖောဆိုတဲ့စကားက ဘယ်လိုအဓိပ္ပါယ်လဲဟင်၊ ဗဟုသုတပေါ့ဗျာ၊ မေးကြည့်တာပါ. . ."

"အယော် ဒီလိုလေဆရာ၊ ဂျိန်းဖောဆိုတဲ့ အဓိပ္ပါယ်ကတော့ လူတစ်ယောက်လို့ ဆိုလိုတာပါပဲ၊ ဒါပေမယ့် ဒေသအလိုက် ဆိုရင်တော့ တောင်ဘက်အောက်ဘက်မှာ နေထိုင်ကြတဲ့ ကချင်တွေကို ဂျိန်းဖောလို့ခေါ်ကြတယ်. . ."

"ဩော် ခွဲထားတဲ့သဘောပေါ့. . ."

"ဒီသဘောပဲဆိုပါတော့ ဆရာ၊ အထက်ဘက် မြစ်ဖျားဘက်မှာ နေထိုင်ကြတဲ့ ကချင်တွေကျတော့ ခဥလို့ခေါ်ကြတယ်လေ..."

"ခဥဆိုတာကကော ဘာအဓိပ္ပါယ်ရလဲဟင်. . ."

"ခဥဆိုတာကတော့ မြစ်ဖျားလို့ဆိုတာပါဆရာ . . ."

"ဩော်. . ."

သူ ခေါင်းညိတ်ပြီး သဘောပေါက်သွားရသည်။ သူ့ကို ကြည့်ပြီး ပန်းဝါပြုံးသည်ကို သူတွေ့ရသည်။ ပြုံးရင်းမှ. . .





"တကယ်တော့ ဂျိန်းဖောဆိုတဲ့စကားဟာ ယေဘူယျအားဖြင့်တော့ ပန်းဝါတို့ကချင်လူမျိုးတွေကို ခေါ်တာပါပဲဆရာ . . ."

"ကချင်ဆိုတာကကော. . ."

"အဲဒီကချင်ဆိုတဲ့ ဝေါဟာရကတော့ အမှန်မှာ မြန်မာတိုင်းရင်းသားတွေကခေါ်တဲ့ အမည်တစ်ခုလို့ပဲ ပြောရမယ်လေ၊ ကချင်ဆိုတဲ့စကားက ပန်းဝါတို့စကားမှာမှ မရှိဘဲဆရာ. . ."

"ဩော် ဟုတ်လား၊ ခုမှပဲ ကချင်နဲ့ဂျိန်းဖောဆိုတဲ့ ဝေါဟာရနှစ်ခုကို ရှင်းတော့တယ်ဗျာ၊ ဂျိန်းဖောလို့ခေါ်တာလေးကိုက ကျွန်တော့်စိတ်ထဲတစ်မျိုးဆန်းပြီး လှနေသလားလို့တောင် ထင်မိပါသေးရဲ့ဗျာ အဟွန်း. . ."

"ပန်းဝါတို့ရဲ့ ကချင်ပြည်နယ်ကတော့ ဆရာမြင်တဲ့အတိုင်းပဲ၊ တောအထပ်ထပ် တောင်အသွယ်သွယ်ရောနေပြီး မြင့်မားတဲ့တောင်တန်းကြီးတွေ၊ နက်ရှိုင်းထူထပ်တဲ့ သစ်တောကြီးတွေ၊ ကြည်လင်အေးမြတဲ့ မြစ်ချောင်းတွေ ရေတံခွန်တွေ အင်းအိုင် စိမ့်စမ်းတွေနဲ့ပဲ တန်ဆာဆင်ထားသလိုပါပဲ ဆရာရယ်. . ."

"လူမျိုးဆိုလည်း ကချင်၊ ရှမ်း၊ ဗမာ၊ လီဆူး၊ အစိုး၊ လရှီ၊ လဝမ်၊ အို. .လူမျိုးကလည်း တော်တော်လေး စုံစုံနေထိုင်ကြတဲ့ ပြည်နယ်ပါပဲ ဆရာရယ်. . ."

"အင်း ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီလူမျိုးစုံတွေကို ဇန်နဝါရီ ၁၀ရက်နေ့မှာ ကျင်းပတဲ့ ကချင်ပြည်နယ်နေ့မှာ သတိထားမိခဲ့တယ် ပန်းဝါ. . ."

"ကျွန်တော်မြင်သလောက်တော့ ကချင်ပြည်နယ်က စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရေးကော လူမှုရေးပါ အတော်ကောင်းမွန်နေတာပါပဲ၊ ဒါကြောင့် ဟိုတလောက ကျွန်တော်အစ်မတွေဆီတောင် စာထဲ ကချင်ပြည်နယ်ရဲ့ သာယာလှပုံတွေအကြောင်းကို ရေးလိုက်သေးတယ်. . ."

"ဩော်. .ပန်းဝါ၊ ကျွန်တော်တို့စကားပြောနေရင်းနဲ့ ကလေးတောင် အိပ်ပျော်သွားပြီ. . ."

"အို ဟုတ်တယ်၊ သားက အဖျားကောင်းခါစလေးဆိုတော့ နွမ်းနေသေးတယ်လေ. . ."

"ပန်းဝါ့သားက သိပ်အေးတာပဲနော်၊ နာမည်ကော ဘယ်လိုခေါ်လဲ. . ."

"သားနာမည်က ရှားရှားတဲ့ဆရာ၊ သူ့အဖေပေးထားတာ၊ သားက သိပ်အေးလွန်းလို့ သူ့အဖေက သနားပြီးသိပ်ချစ်တာ ဆရာရဲ့. . ."

"အင်း ကလေးကလည်း သိပ်ချစ်စရာကောင်းတာကိုး"

"တီ. .တီ. . ."

"ဩော် ကားရောက်လာပြီ ဆရာ၊ ပန်းဝါ သွားမယ်နော်"

"ကောင်းပါပြီ ပန်းဝါ. . ."

ပန်းဝါနှုတ်ဆက်ပြီး ထွက်သွားသည်တွင် ကားနားအထိ သူ လိုက်ပို့မိသည်။ ပန်းဝါ ကားပေါ်သို့တက်သည်အထိ ပန်းဝါနှင့် ပန်းဝါရင်ခွင်မှသားလေးအား သူ တစ်လှည့်စီကြည့်နေမိရချေ၏။

"သွားမယ်နော် ဆရာ . . ."

ကားထွက်ခါနီး ပန်းဝါနှုတ်ဆက်သွား၍ သူ ခေါင်းညိတ်ပြလိုက်သည်။ သူ့ရှေ့မှ ပန်းဝါတို့သားအမိပါသွားသော ကားလေး





ထွ ခွာသွားလေပြီဖြစ်သည်။ သူ့အား ထိုကဲ့သို့ ပန်းဝါတစ်ယောက် နှုတ်ဆက်ထွက်ခွာသွားလေတိုင်း သူ့နှလုံးသားများ ဟာ၍ ကျန်ခဲ့သည်က အစဉ်အမြဲလို၊ ပန်းဝါနှင့် တွေ့ကြုံရသည့်အခါတိုင်းကိုပါ။

သူ့အနေနှင့် ပန်းဝါအား တွေ့ချင်လေတိုင်း မတွေ့နိုင်ရပါလေ။ ပန်းဝါအား တွေ့နိုးနိုးဖြင့် ရက်ခြားဆိုသလို မင်းညိုဆီသူ ရောက်နေတတ်ပေမယ့် ပန်းဝါနှင့် တွေ့ဆုံရလေသည်မှာ လများစွာကြာမှ တစ်ခါ၊ မေ့လောက်မှတစ်ခါဆိုသလို တွေ့ရတတ်လေခြင်းဟုတ်ပါလား။

ပန်းဝါရယ်. .ကျွန်တော် ခင်ဗျားကို ဘာကြောင့်ဒီလောက်စွဲလမ်းနေပါလိမ့်၊ ခင်ဗျားကို မေ့ပျောက်လို့ မနေနိုင်ရတာပါလိမ့်၊ တကယ်တော့ ကျွန်တော်ဟာ ခင်ဗျားကို ပြစ်မှားနေတယ်၊ ကျွန်တော့်စိတ်တွေ သိပ်အောက်တန်းကျနေရတာ ကျွန်တော်ရှက်မိပါရဲ့၊ ကျွန်တော့်လိပ်ပြာ ကျွန်တော်မလုံပါဘူး ပန်းဝါ. .၊ ဒါပေမယ့် အစိုးမရတဲ့ ကျွန်တော့်စိတ်ကို ကျွန်တော်အရှုံးပေးထားမိပါတယ်ဗျာ. . .။

သူသည် ပန်းဝါတို့သားအမိ လိုက်ပါသွားသော ကားလေးပျောက်ကွယ်သွားသည်အထိ အတွေးများနှင့် ငေးကာ ရှိနေခဲ့ရချေ၏။ ။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

## - သုံးဆယ့်ငါး -

"ဟင်း. . ."

သက်ပြင်းမောများ အကြိမ်ကြိမ်ချရင်း သူ ဘယ်သို့နေရမည်ကို စဉ်းစားနေမိသည်။ ကိုယ့်အိပ်ခန်းထဲ တစ်ကိုယ်တည်း တိတ်ဆိတ်စွာ နေနေသမျှ အိပ်ချိန်လည်း မဟုတ်သေး၍ အတွေးများနှင့်သာ သူရှိနေရချေ၏။

မှန်သည်။ ဒေါက်တာမော်ကွန်းသည် တစ်သက်တစ်ဘဝတွင် တစ်ခါစွဲမိရသော်လည်း သူ ကြိုးစားမေ့ပျောက်နေရသည့် သူမအကြောင်းများကိုသာ အားလုံးတွေးတောနေမိရသည် မဟုတ်ပါလား။

အို. .ငါ ဒီလိုတစ်ယောက်တည်း နေနေလို့ မဖြစ်ပါဘူး၊ ခုလိုနေနေတိုင်း ငါ့စိတ်တွေ သိပ်အောက်တန်းကျနေရမှာပဲ. .၊ ဟင်း. . .။

အတွေးနှင့် သက်မကိုချပြီး သူ နာရီကိုလှမ်းကြည့်သည်။ အချိန်မှာ ညကိုးနာရီထိုးရန် ၁၅မိနစ်လိုသေးသည်ကို သူ တွေ့လိုက်ရသည်။ သူတစ်ယောက်တည်းနေပြီး တွေးနေမည့်အစား မင်းညိုဆီ





သွား ပြီး စကားစမြည်ပြောဆိုရင်း အာရုံတွေလွှဲပစ်ရန် သူ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူသည် အပေါ်ဂျာကင်တစ်ထည်ကို ဆွဲယူခဲ့လိုက်ပြီး မင်းညိုဆီသို့ ခြေကျင်လျှောက်ထွက်လာခဲ့လိုက်လေတော့၏။ မင်းညိုအိမ်သို့ရောက်သည်တွင် လူနာများ ရှင်းနေပြီဖြစ်သောကြောင့် မင်းညိုကိုရှာရင်း သူ အသံမပေးဖြစ်ဘဲ အိမ်ထဲသို့ လှမ်းဝင်လာခဲ့လိုက်လေ၏။

ထိုစဉ် မင်းညို၏ လူနာစမ်းသပ်ခန်းထဲတွင်းမှ နှင့်နဲ့စွာပြောလိုက်သော လူတစ်ဦး၏စကားသံများကြောင့် သူ့ခြေလှမ်းများ ရပ်တန့်သွားကာ အခြေအနေတို့အား နားထောင်နေလိုက်မိ၏။ ထိုအခါဝယ် သူ့ရင်များသည် မယုံကြည်နိုင်အောင်ပင် မောဟိုက်တုန်ယင်သွားရပါတော့သည်။

သူ တံတွေးကိုမျိုချရင်း ခုန်လွန်းသော ရင်ကိုဖိ၍ မှင်တက်စွာပင် ဆက်၍နားထောင်နေမိရပါပြီ။ အခန်းထဲမှ ကိုချစ်သက်လူဆိုသူနှင့် မင်းညိုတို့နှစ်ဦး ပြောဆိုနေကြသည့် စကားလုံးတိုင်းများသည် သူ့ရင်အားတုန်လှုပ်လိုက်ဖို့စွာ ရှိနေကြရသည် မဟုတ်ပါလား။

ကိုချစ်သက်လူ၏ ခံစားချက်ပြင်းစွာဖြင့် ပြောဆိုနေသောစကားများနှင့် မင်းညို၏ပြန်လည်ဖျောင်းဖျ ပြောဆိုနေသော စကားများအတွက် သူသည်တစ်ခါက မင်းညို သူ့ထံလာရောက်ပြောဆိုသည့်ကိစ္စတစ်ခုအကြောင်းအား ပြန်လည် အမှတ်ရကြားယောင်လာရသလိုပန်းဝါနှင့် သားရှားရှားတို့၏ မျက်နှာလေးများကိုလည်း သူ မြင်ယောင်နေမိရပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အို. .ကိုချစ်သက်လူ၊ ခင်ဗျားကို ကျွန်တော်သနားလိုက်တာဗျာ၊ ပန်းဝါရယ်. .ခင်ဗျားနဲ့ကျွန်တော့်ရဲ့အဖြစ်ကလည်း ဖြစ်တတ်ပလေဗျာ . . .၊ ရှားရှားတဲ့။ ရှားရှားဟာ . .ရှားရှားဟာ. . .

ဟုတ်တယ် ဒါဆို ရှားရှားဟာ ငါ့သားပဲပေါ့၊ ငါ့သားက ရှားရှားပဲပေါ့၊ အိုကွယ်. . .

သူ့မျက်လုံးများ မိုက်ခနဲဖြစ်မတတ်ခံစားလိုက်ရလေသည်။ ထိုနေရာ၌ သူ ကြာကြာရပ်နေနိုင်စွမ်း မရှိပါလေတော့။ သူ အားတင်းပြီး လူနာစမ်းသပ်ခန်း၏ ခန်းဆီးစကို အသာလှမ်းကိုင်လိုက်သည်။ ထို့နောက် ခန်းဆီးစလေးအား အနည်းငယ်လှပ်၍ ကိုချစ်သက်လူဆိုသူအား သူ တစ်ချက်မျှချောင်းကြည့်ခဲ့ရသည်။

ထိုအခါ မြင်လိုက်ရသည့် ကိုချစ်သက်လူဆိုသူအား ယောက်ျားချင်း ကိုယ်ချင်းစာနာလှစွာဖြင့် သူရင်နာလိုက်သည့်ဖြစ်ခြင်းပါ။ သူမြင်ရသည့် ကိုချစ်သက်လူဆိုသူကား အဖြစ်မလှသော်လည်း လူက ခတ်လိုက်ရုံးသူ၊ လူချော ရွှေမင်းသားတစ်မျှပင် မဟုတ်ပါလား. . .။

ခြော်ဗျာ၊ ဖြစ်ရလေ ကိုချစ်သက်လူရယ်၊ မင်းညိုရယ်. . မင်းအတွက် ကိုယ် စိတ်မကောင်းပါဘူးကွာ. . .

"ဟား . . ."

သူ ရင်ပန်းလှိုက်မောစွာဖြင့် ပါးစပ်ကိုဟ၍ အသက်ကို ရှူမိရပါ၏။ တစ်ချိတွင် ကိုချစ်သက်လူမှာ ခံစားချက်များပြင်းထန်သွားရသဖြင့် မင်းညိုအား လက်လွန်သည်ထိစော်ကားလိုက်သည်တွင် မင်းညိုသည် ကိုချစ်သက်လူအား ခွင့်လွှတ်စွာနေရှာ၏။





မင်းညိုသည် ဆရာကောင်း သမားကောင်း စိတ်ဓာတ်ပြည့်ဝရှာသူပါပင်။ မင်းညိုနှင့် ကိုချစ်သက်လူအဖြစ်များအား သူ မကြည့်ရက်၊ မမြင်ရက်ပါလေတော့။

ထိုနေရာမှ သူသည်တိတ်ဆိတ်စွာ ပြန်လည်ထွက်ခွာလာခဲ့လိုက်လေ၏။ မင်းညိုနှင့် ကိုချစ်သက်လူတို့ကား ဘာမျှမသိလိုက်ကြ၊ သတိမထားမိလိုက်ကြရှာပါလေ။ သူ အိမ်သို့ပြန်ရောင်. .သော် နေမထိထိုင်မသာ ချိတုံချတုံဖြစ်နေရပါတော့သည်။ နောက်ဆုံး ပက်လက်ကုလားထိုင်တစ်လုံးတွင် လျော့ရဲစွာ ထိုင်ရင်း သူသည် မျက်လုံးတို့ကို စုံမှိတ်ထားလျက်မှ. . .

ဟား. .ပန်းဝါရယ်၊ ကျွန်တော် ကျွန်တော်လေ ဒါ. . ဒါကြောင့် ခင်ဗျားကိုမေ့လို့မရတာလားဗျာ၊ ကျွန်တော့်လိပ်ပြာက ကျွန်ဟော့်ကိုပြောနေသလိုပါပဲ ပန်းဝါရယ်၊ အကြောင်းစုံသိရပြီးတဲ့ ကျွန်တော်က ဘယ်လိုနေရမလဲ၊ ဘယ်လိုလုပ်နေရတော့မလဲဗျာ။

ကျွန်တော် ခင်ဗျားကို သိပ်ချစ်နေတာ၊ သိပ်ခွဲလမ်းနေတာ၊ သိပ်တမ်းတနေတဲ့သူပါ၊ ခုလိုအကြောင်းစုံတွေသိရပြီးတဲ့ နောက်တော့ ကျွန်တော် ခင်ဗျားကို ဘယ်လိုမြင်ရက်တော့မလဲ၊ ပြီးတော့ သား.. သား၊ ကျွန်တော့်အသိမှာ ကျွန်တော့်သားပါပဲ၊ သားရှားရှားကိုကော ကျွန်တော်ဘယ်အသည်းမျိုးနဲ့ ကြည့်နေနိုင်လို့ရတော့မလဲဗျာ၊ ပန်းဝါရယ် ကျွန်တော် ဒီမှာကြာကြာနေရင် ရူးရတော့မှာပါ. . .။

ရင်နာပန်းလျသောရင်ဖြင့် တစ်ညလုံး သူအိပ်၍မပျော်ခဲ့လေပါ။ တစ်နေ့တစ်နေ့ သူ့စိတ်များ မရွှင်လန်းဘဲ ရှိနေရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏မရှင်လန်းသော အနေအထားများအား မင်းညိုသည်လည်း သတိထားမိဟန် မရှိလေတော့ပါ။ မှန်သည်။ မင်းညိုကိုယ်တိုင်လည်း စိတ်အနှောင့်အယှက်ကြောင့် မျက်နှာမကောင်းစွာ ဖြစ်နေရလေသည် မဟုတ်ပါလား။

မင်းညိုအဖြစ်တွေ သူသိရသဖြင့် မင်းညို၏ ဘာဖြစ်သည်ကို လောကွတ်လောက်မှ သူ မမေးမိတော့။ မသိသလို နေလိုက်သည်။ သူမေးလျှင်လည်း မင်းညိုသည်လည်း ထိုကိစ္စအား အဘယ်မှာလျှင် အမှန်ကို ပြောပြနိုင်ရာပါမည်နည်း။ မင်းညိုကိုကြည့်ကာ သူလည်း စိတ်မကောင်းဖြစ်မိရပါသည်။

နောက်ဆုံးသော် သူသည် မနောမြေအား ငြိတွယ်နေ၍ မဖြစ်ပါလေတော့။ မနောမြေကို စွန့်ခွာရန် ဆုံးဖြတ်ချက်ဖြင့် ပြောင်းရွှေ့ခြင်းအတွက် စာတင်ရပါတော့သည်။ ပြောင်းရွှေ့မိန့်ကျသည်နှင့် မနောမြေအား ဝမ်းနည်းစွာ စွန့်ခွာခဲ့ရပါလေတော့၏။ မနောမြေမှ သူ ထွက်ခွာခဲ့သည့်နေ့တွင် ပန်းဝါတို့ခြံရှေ့သို့ တမင်သွားရောက်ကာ လွမ်းဆွေးမှုအပေါင်းနှင့် နောက်ဆုံး ကြည့်ဖြစ်ခဲ့ရပါသေးသည်။

အချစ်ဆုံးရယ်၊ ကျွန်တော် သွားတော့မယ်ဗျာ၊ နှုတ်ဆက်မသာလို့ ကျွန်တော်နှုတ်မဆက်ခဲ့တော့ပါဘူးကွယ်. . ။

ပန်းဝါတို့ခြံရှေ့အဖြတ် ပန်းဝါနှင့် သားရှားရှားတို့၏ မျက်နှာလေးအား အဝေးမှလှမ်းမြင်ခဲ့ရသဖြင့် သူ့ရင်ထဲမှ ပြောကြားသွားသော စကားများရယ်ပါ။

× × × × ×



မေ့နိုင်ပေါင်ဗျာ. . .

ပန်းဝါရယ် ခင်ဗျားကို ချစ်တယ်၊ တစ်ဘဝလုံးစာအတွက် ခင်ဗျားကို ကျွန်တော်ချစ်ရတာပါ၊ ပန်းဝါရယ် သတိရတယ်ဗျာ၊ လွမ်းတယ်၊ တမ်းတတယ်၊ ခုချိန်ဆို သားလည်း အတော်ကြီးရောပေါ့နော်၊ တစ်ကြိမ်တစ်ခါတော့ တွေ့ချင်တယ်၊ တွေ့ချင်သေးတယ်ဗျာ၊ ပန်းဝါတို့သားအမိရှိနေတဲ့ မနောမြေကို ကျွန်တော်လွမ်းတယ်၊ ရင်ထဲမှာ ဘယ်လိုမေ့လို့ရတော့မလဲ၊ ကျွန်တော်လေ ခင်ဗျားတို့သားအမိရှိနေတဲ့ သမိုင်းကို ထာဝရလွမ်းလျက်ရှိနေပါတယ်ဗျာ. . ။

"အို. . ."

ဒေါက်တာမော်ကွန်း၏ ဒိုင်ယာရီစာအုပ်လေးအား ဖတ်ရင်းမှ ပန်းဝါသည် ဆက်၍မဖတ်တော့ဘဲ သူမရင်ခွင်ကြားကပ်ကာ မျက်လုံးလေးများမှိတ်ထားရင်း အသည်းကြားမှ မြည်ကြွေးမိလိုက်ပါ၏။ ဒေါက်တာမော်ကွန်းသည် အပြုံးများနှင့် ချစ်သူဇနီးအား အတန်ကြာ ကြည့်နေမိရပြီးမှ. . .

"အချစ်. . ."

"မောင်ရယ်. . ."

သူ့ရင်ခွင်တွင်းသို့ ပန်းဝါတိုးဝင်လိုက်သည်။ သူသည် ပန်းဝါကိုယ်လေးအား ကြည်နူးစွာ ဖက်ထားလျက်မှ. . .

"အစက နာမည်တွေကို မောင်ထည့်မရေးထားဘူး၊ ဘာလို့လဲဆိုတော့ မကောင်းဘူးလေ၊ မသင့်တော်လို့ မောင် ထည့်မရေးတာ၊ ဒါပေမယ့် အချစ်ဆီက အကြောင်းစုံသိရပြီးတဲ့ နောက်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



မောင် အဲဒီလပ်နေတဲ့ ကွင်းကွက်လပ်လေးထဲကို နာမည်တွေ ပြန်ရေး ထည့်ထားလိုက်တော့တာပဲ. . ."

"ကဲ မောင့်အဖြစ်တွေ၊ မောင့်အချစ်တွေ၊ မောင့်သစ္စာတွေကို အချစ်သိပြီလားဟင်. . ."

သူ့စကားများအား ပန်းဝါသည် ခေါင်းညိတ်အဖြေပေးလိုက်ရင်းက. . .

'မောင်ရယ်. .ပန်းဝါကလည်းလေ မောင့်ကို သောင်ခုံမှာတွေ့ရစဉ်ကတည်းက စွဲလမ်းပြီး တိတ်တခိုးလေးချစ်နေခဲ့တာပါရှင်' ဟူ၍ ရင်တွင်းမှပြောကြားနေသည့် ပန်းဝါ၏စကားတို့ကိုဖြင့် သူ မကြားလိုက်နိုင်ပါလေ။ ပန်းဝါ၏လှသော အပြုံးမျက်နှာလေးကိုသာ သူ မြတ်နိုးစွာ ကြည့်နေမိရပြီး. . .

"ကဲ. .အချစ် ဆက်ဖတ်ဦးလေ. . ."

"ဟင့်အင်း မဖတ်တော့ဘူး. . ."

"ဒါဖြင့်. . ."

"အို. . ."

သူတို့အိပ်ခန်းဆောင်တစ်ခုလုံးကား မှောင်အတိကျသွားရလေပြီတည်း။ ။



– သုံးဆယ့်ခြောက် –

## *လက်ထပ်ပြီးစီးခြင်း*

*ရန်ကုန်မြို့၊ သံလွင်လမ်း၊ ခြံအမှတ်(x x x)နေ ကျွန်တော် ဒေါက်တာမော်ကွန်းသစ်၊ မှတ်ပုံတင်နံပါတ်(x x x x) နှင့် သမိုင်းမြို့(x x x)လမ်းနေ ကျွန်မ မမေပန်းဝါ၊ မှတ်ပုံတင်နံပါတ်(x x x x)တို့သည် ၁၈–၉–၀၂ နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးဖြစ်ပါကြောင်း။*

*ဒေါက်တာမော်ကွန်းသစ်–မမေပန်းဝါ*

"ဟင်. .ဒါ–ဒါ–မော်–မော်ကွန်းနဲ့ ပန်း–ပန်းဝါတို့ပဲ"

"အို ဘယ်လိုဖြစ်တာလဲ. . ."

"ငါ မျက်စိမှားတာလား. . ."

"ဟား ကြည့်စမ်း. . ."

ယနေ့ထုတ်ကြေးမုံသတင်းစာအား လက်မှ မွှင့်လိုက် ဒိတ်လိုက် ကြည့်လိုက်လုပ်ရင်း ဒေါက်တာမင်းညိုကား လွန်စွာမှ



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြခြင်းများနှင့် လွန်စွာမှ ဝမ်းသာခြင်းများဖြင့် အပျော်ကြီး ဖြစ်နေရပါလေတော့၏။

ဟား. .မော်ကွန်းရယ်၊ ကြည့်ပါဦးကွာ၊ ကိုယ်ဘယ်လို နားလည်ရတော့မလဲ၊ ကိုယ်ဘာကို နားလည်ရတော့မလဲကွာ၊ ဒီ ဒီလိုဆို ကို–ကိုချစ်သက်လူတစ်ယောက်ကကော၊ ကိုချစ်သက်လူက ဘယ်ရောက်သွားလဲ၊ ပန်းဝါကို သူ ဒီလောက်ချစ်တာ၊ ခုတော့ ပန်းဝါကို သူ ခွဲပစ်လိုက်တာလား၊ အို ငါ ဘယ်လိုနားလည်ရတော့မလဲမသိဘူး၊ ခုနေ မော်ကွန်းဆီကိုပဲ ပြေးသွားလိုက်ချင်တော့တယ်။

ဒေါက်တာမင်းညိုကား အမှန်တကယ်ပင် အံ့သြဝမ်းသာခြင်းများ အဖြာဖြာဖြင့် အဲဖြစ်အပျက်မှန် အကြောင်းများအား သိချင်နေရသည့်ဆန္ဒများကြောင့် ရော်ရမ်းတွေးတောကြည့်နေမိရပါတော့၏။

"ဟား. .သူငယ်ချင်းရယ် ကိုယ်ယုံတောင် မယုံနိုင်ပါဘူးကွာ၊ မင်းတို့အဖြစ်က ဆန်းလိုက်တာ လွန်ရော. .လွန်ရောပဲ၊ ဟား ဟား ဟား. . ."

ဒေါက်တာမင်းညိုသည် လက်ထဲမှ သတင်းစာလေးအား ဖတ်ရင်း ပြောရင်းနှင့် အရူးတစ်ယောက်ပမာ ရှိနေရချေ၏။

"အဟွန်း ဟွန်း မော်ကွန်းရယ်၊ မင်းအတွက် ဝမ်းသာရမှာလား၊ ကိုချစ်သက်လူအတွက် ဝမ်းနည်းပေးရမှာလား၊ ကိုယ်မဆုံးဖြတ်တတ်သလောက် ဖြစ်နေတယ်ကွာ၊ အား ဟား ဟား ဒါပေမယ့် မင်းအတွက်တော့ ကိုယ်ဝမ်းသာနေတယ်ကွာ. . ."

"ဟင် မောင် ဘာဖြစ်နေတာလဲကွယ်. . ."





"ဪ အဟွန်း ဟွန်း၊ လာပါဦး လာပါဦး သီရိရယ်၊ ဒီမှာ ဒီမှာဗျာ၊ ကြည့်ပါဦး. . ."

သူသည် ဇနီးသည်လက်ကိုဆွဲပြီး သတင်းစာလေးအား ထိုးပြနေသဖြင့်. . .

"ဘာများလဲ မောင်၊ ဘာသတင်းတွေ ပါနေလို့လဲ"

သီရိဇော်မှာ ခင်ပွန်းသည်၏ အူမြူးနေပုံအား ပြုံးမျက်နှာလေးနှင့် ကြည့်ကာ မေးမိလိုက်ရလေသည်။ ဒေါက်တာမင်းညိုကား ဝမ်းသာအားရဟန်များနှင့် ဇနီးသည်၏ပခုံးအား ဆွဲနှိမ့်ထိုင်စေရင်း. . .

"ကဲ ထိုင်ပြီး ဒီသတင်းလေးတစ်ပုဒ် ဖတ်ကြည့်ပါဦးဗျာ၊ ပန်းဝါဆိုတဲ့ နာမည်လေးကိုတော့ သီရိ မှတ်မိမှာပါနော်. . ."

ဇနီးသည်အား သူ အားရပါးရ ပြောနေဆဲမှာပင်. . .

"ကရင်. .ရင်. .ရင်. . ."

တယ်လီဖုန်းသံသည် ဧည့်ခံထဲ ဆူးရှစွာ မြည်လာသဖြင့်

"အိုကွာ၊ အရေးထဲ ဖုန်းကလာနေပြန်ပြီ၊ ကဲ ကဲ သီရိ ဖတ်ထားနှင့်ဦးနော်. . ."

ဟုဆိုကာ သူသည် တယ်လီဖုန်းလေးရှိရာသို့ လျှောက်သွားပြီးနောက် အလျင်စလိုပင် ဖုန်းလေးအား ကောက်ကိုင်နားထောင်လိုက်ရင်း. . .

"ဟဲလို အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ဒေါက်တာမင်းညို ပြောနေပါတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟေး. .မင်းညို၊ ကိုယ်လေ မော်ကွန်းသစ်ပါ. . ."

"ဟာ မော်–မော်ကွန်း၊ အခုပဲ အခုပဲ မင်းတို့သတင်းလေ

"အဟွန်း. .ဟွန်း. . ."

မယုံကြည်နိုင်လွန်းစွာ ဝမ်းသာလွန်းကြီးများ တစ်ဆိုနေရသဖြင့် ဒေါက်တာမင်းညို စကားတို့ ထစ်ငေါ့စွာ ဆိုနေရစဉ် တစ်ဘက်မှ ဒေါက်တာမော်ကွန်းသည်လည်း ချမ်းမြေ့စွာ ရယ်နေလိုက်လေ၏။

"မော်ကွန်း. . ."

"ဟင်. . ."

"ဒါဆို အပေးအယူတစ်ခုလုပ်မယ်. . ."

"ဘာ. .ဘာလဲ မော်ကွန်းရာ . . ."

"ကိုယ့်ဆီက သတင်းနဲ့ မင်းဆီမှာရှိတဲ့ ကိုယ့်သားလေးနဲ့လေ အဟွန်း ဟွန်း. . ."

"ဟင် မင်း ဒါတွေလည်း သိနေတယ်. . ."

ဒေါက်တာမင်းညိုမှာ အံ့သြလွန်းစွာ မေးမိလိုက်ရပြန်ပါ၏။

"ဟုတ်တယ် မင်းညို၊ မင်းသိချင်ရင်တော့ ကိုယ်တို့သားကို ကိုယ်တို့ဆီ အမြန်ဆုံးခေါ်ပြီး လာခဲ့ပေတော့ဗျာ. . ."

"အင်း အင်း ကောင်းပြီ၊ ကောင်းပြီ သူငယ်ချင်း၊ ကိုယ်လာခဲ့မယ်ကွာ၊ ဒီည်ပဲ ကိုယ်လာခဲ့မယ်၊ ကိုယ့်ဇနီးလည်း ခေါ်လာခဲ့မယ်. . ."

"ခေါ်လာ ခေါ်လာ၊ ကိုယ့်တို့ဒီမှာက ညှော်ခံပွဲရှိနေတယ်လေ





ကိုယ်ကတော့ သားကော မယားကော တစ်ပြိုင်တည်း ရတာဗျနော်"

"မော်ကွန်း. . ."

"ဟင်. . ."

"ကိုယ်ဘယ်လိုမှ မယုံနိုင်ဘူး၊ မင်းတို့ဘယ်လို. . ."

"အံမယ် လုပ်မနေနဲ့ ကိုယ့်လူရေ၊ လာမှ. .လာမှ ပြောမှာနော်၊ ဒါပဲ ဒါပဲ အဟွန်း ဟွန်း. . ."

"ကိုယ် သိပ်အံ့သြနေလွန်းလို့ပါ မော်ကွန်းရာ. . ."

"ကိုယ့်ဆီရောက်ရင် မင်းပိုပြီး အံ့သြစေရဦးမှာပါဗျ အဟားဟား. . ."

တစ်ဘက်မှ ဒေါက်တာမော်ကွန်းမှာ ကြည်နူးချမ်းမြေ့စွာ ပြောပြီး ရယ်နေသည့်အသံများအား ဒေါက်တာမင်းညိုသည်လည်း တစ်ဘက်မှအပြုံးများနှင့် နားစွင့်ကာ ရှိနေရပေ၏။

"ဟေး မင်းညို. . ."

တစ်ဘက်မှ ဒေါက်တာမင်းညို တိတ်ဆိတ်စွာ ဖြစ်နေသဖြင့် ဒေါက်တာမော်ကွန်း ခေါ်ကြည့်လိုက်မိရလေသည်။

"ကိုယ် နားထောင်နေပါတယ် မော်ကွန်းရ. . ."

"အသံပျောက်သွားလို့ ခေါ်ကြည့်တာ. . ."

"ဝမ်းသာလွန်းလို့ပါကွာ. . ."

"ကဲ မင်းညို သားကိုခေါ်ပြီး အမြန်ဆုံးလာခဲ့နော်၊ ဟုတ်လား၊ ကိုယ်တို့စောင့်နေမယ်. . ."

"စိတ်ချ စိတ်ချ လာခဲ့မယ် လာခဲ့မယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုယ် ဖုန်းချလိုက်တော့မယ်နော် . ."

"နေပါဦး ဒါနဲ့ ပန်းဝါကော. . ."

"ကိုယ့်ချစ်ဇနီးက ကိုယ့်နားပဲရှိတယ်၊ ကိုယ့်ချစ်သူရဲ့ ပခုံးလေးကို ကိုယ်ဖက်ထားရင်း မင်းဆီကို ဖုန်းဆက်နေတာပေါ့ဗျာ"

"ကြွားနေလိုက်တာ၊ ကိုယ် ပန်းဝါနဲ့ စကားမပြောရဘူးလား. . ."

"နိုး. .နိုး. .ပြောခွင့်မပေးနိုင်ဘူး၊ သူက မင်းမေးသမျှ ပြောပြနေမိလိမ့်မယ်၊ ဒါကြောင့် ဒါကြောင့် ဆောရီးပဲ သူငယ်ချင်းရေ အဟား ဟား. . ."

"မင်းကွာ တကယ်ပဲ ဟား ဟား ဟား. . ."

"ကဲ. .မင်းညိုရေ၊ အမြန်ဆုံးသာ လာပါတော့နော်၊ ကိုယ်တို့ သားကို တွေ့ပါရစေတော့ဗျာ. . ."

ထိုစကားအား ဒေါက်တာမော်ကွန်းမှာ တိုးတိုးညှဲ့ညှဲ့ ဆိုမိလိုက်ရလေသည်။

"စိတ်ချပါ သူငယ်ချင်း၊ ကိုယ်သားကို ခေါ်ပြီး အမြန်ဆုံး လာခဲ့ပါမယ်လေ. . ."

ဒေါက်တာမင်းညိုသည်လည်း ထိုစကားကိုဖြင့် ဝမ်းနည်းဝမ်းသာ ဆိုမိရလေခြင်းရယ်ပါ။

"မင်းညို. . ."

"ဟင်. . ."

"ဖုန်းထဲကပဲ ကြိုတင်ပြီးတော့ ကိုယ်တစ်ခု ပြောထားပါ့



မယ်. . ."

"ဘာလဲ သူငယ်ချင်း. . ."

"သားကိစ္စပါ. . ."

ရင်ထဲဝမ်းနည်းသွားရသလို တိတ်ဆိတ်စွာဖြင့် ဒေါက်တာမင်းညို နားထောင်နေမိလိုက်သည်။

"မင်းညို. . ."

"ကိုယ် နားထောင်နေပါတယ်. . ."

"ကိုယ်တို့က သားကို ပြန်ခေါ်နေလို့ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ကိုယ်နားလည်ပါတယ်၊ သားကို မင်း ငယ်ငယ်ကည်းက မွေးထားရတာပါ၊ ဒါကြောင့် သားဟာ မင်းကိုသံယောဇဉ်ရှိနေလို မင်းကလည်း သားအပေါ် သံယောဇဉ်ရှိနေရမှာပါလို့၊ အဲဒါကြောင့် လေ၊ သားကို ကိုယ်လည်းပိုင်သလို မင်းလည်းပိုင်ရမယ်၊ သားအပေါ် မှာညီပြီး ကိုယ်တို့ဆုံးဖြတ်တာပေါ့နော်. . ."

"ကိုယ်ပြောချင်တာက သားဟာ မင်းကိုသာ ပိုပြီးသံယောဇဉ် ရှိမယ်ဆိုရင် ကိုယ်တို့မခွဲပါဘူး၊ ခုလို ချက်ချင်းကြီးခေါ်ရတာကတော့ ကိုယ့်အချစ်က သားကိုသိပ်တွေ့ချင်နေရာတယ်. . ."

"ပြီးတော့ ကိုယ့်တို့မင်္ဂလာဧည့်ခံပွဲမှာလည်း သားကို ရှိစေချင်တယ်လေ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့ မင်းညိုရာ၊ ကိုယ် ပြောတာ သဘောပေါက်တယ်မဟုတ်လားဟင်. . ."

"ပေါက်ပါတယ် မော်ကွန်း၊ ကိုယ့်အပေါ်နားလည်မှုထားပြီး သက်ညှာတာကို ကျေးဇူးတင်ပါတယ်ဗျာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ပြောနေရမယ့်သူတွေမှမဟုတ်ဘဲကွာ၊ ကဲ. .ကိုယ် ဖုန်းချလိုက်တော့မယ်နော်. . ."

"ကောင်းပြီ မော်ကွန်း၊ ကောင်းပါပြီ. . ."

တစ်ဘက်မှ ဖုန်းချသွားသံကို ဒေါက်တာမင်းညို ကြားလိုက်ရလေမှ သူလည်းကိုင်ထားဆဲ ဖုန်းကိုဖြည်းညင်းစွာ ချလိုက်လေ၏။

"မောင်. . ."

"သီရိ. . ."

"သားဖော်အကြောင်းတွေလည်း ပါတယ်ဆိုတော့. .ဟို"

ခင်ပွန်းသည်ဖုန်းဆက်နေဆဲ အနားတွင် နားထောင်နေသော သီရိဖော်မှာ ဆက်နွှယ်နေမည်ဟု ထင်ရသောသတင်းများအတွက် မေးစမ်းကြည့်လိုက်မိလေသည်။

"ဟုတ်တယ် သီရိ၊ အခုဆက်တာ ကိုယ့်သူငယ်ချင်း ဒေါက်တာမော်ကွန်းဆီကပဲ၊ သားဖော်ဖော်လို့ခေါ်တဲ့ သားရှားရှားရဲ့ အဖေရင်းပဲ သီရိ. . ."

"ဒါဆို သူ့တို့သားကို ပြန်ခေါ်တော့မှာပေါ့နော် မောင်"

တစ်ချိန်က သားအားမလိုကြီးမလိုငယ်ဖြစ်၍ ညှဉ်းဆဲခဲ့သော ဇနီးသည်သီရိအား ဒေါက်တာမင်းညိုမှာ ခုတော့လည်း ကြင်နာစွာ ကြည့်မိရရှာပြီး. . .

"စိတ်မကောင်းမဖြစ်ပါနဲ့ သီရိရယ်၊ မော်ကွန်းက မောင့်ဘဝကို နားလည်သူပါ၊ ဒါကြောင့် သားနဲ့မောင်တို့ကို မခွဲပါဘူးတဲ့ ပြောထားပါတယ်. . ."



"ဟင်. .ဟုတ်လား၊ တော်ပါသေးရဲ့ မောင်ရယ်. . ."

ဝမ်းသာစွာ သီရိ ဆိုဖြစ်လိုက်ရှာသည်။ ဒေါက်တာမင်းညိုမှာ ဇနီးသည်၏လက်ချောင်းလေးများအား ဆုပ်ကိုင်လိုက်ပြီး နှစ်သိမ့်မှုအပြုံးများနှင့် ကြည့်နေလိုက်သည့်အခိုက်. . .

"ကလင်. .ကလင်. . ."

"ဩော် ပို့(စ်)မင်း၊ လာပြီ လာပြီ. . ."

တံခါးပေါက်ရှိရာ သူခြေလှမ်းကျဲကြီးများဖြင့် အလျင်စလို လျှောက်သွားလိုက်ပြီး. . .

"စာလား သံကြိုးလား ခင်ဗျ. . ."

"မှတ်ပုံတင်စာခင်ဗျ၊ ဒီနားမှာ လက်မှတ်ထိုးပါ. . ."

"ဟုတ်ကဲ့. . ."

သူ လက်မှတ်ထိုးပြီး စာအိတ်ရှည်ကြီးတစ်စောင်ကို ယူထားလိုက်လေသည်။ ဘယ်ကလဲမသိဘူးဟူသော အတွေးနှင့် ပို့(စ်)မင်းထွက်သွားသည်နှင့် သူစာအိတ်ပေါ်မှ လိပ်စာကို သူဖတ်ကြည့်လိုက်သည်တွင်. . .

"ဟင် လမိုင်းကစာပဲ. . ."

သူဆိုရင်း အံ့သြလှစွာ စာကိုအလျင်စလို ဖောက်ဖတ်ကြည့်လိုက်မိတော့သည်။ သီရိဖော်မှာ ခင်ပွန်းသည်လုပ်သမျှ တိတ်ဆိတ်စွာ ထိုက်၍ကြည့်နေမိလေသည်။

ဒေါက်တာမင်းညိုကား စာဖတ်ရင်းမှ သူသည် အချစ်သက်လူ၊ သူငယ်ချင်းဒေါက်တာမော်ကွန်း၊ ပန်းဝါနှင့် သား

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားတို့မျက်နှာများအား တစ်လှည့်စီ မြင်ယောင်နေမိရကာ ဝမ်းနည်းဝမ်းသာကြီးဖြစ်နေရသမျှ သူ့မျက်ဝန်းဝယ် မျက်ရည်ကြည်များ လည်၍ရှိနေရပါလေတော့၏။

မှန်သည်။ သူဖတ်နေသည့် စာပါအကြောင်းရင်းများကား သားဖြစ်သူချစ်သက်လူ၏ အဖြစ်အပျက်များကို သိရသဖြင့် လွန်စွာ ရှက်ခြင်းနှင့် စိတ်မကောင်းဖြစ်ရပါကြောင်း. . .

ပန်းဝါကိုလည်း တောင်းပန်လိုကြောင်း၊ ရှားရှားလေးရရန် ဆောင်ရွက်ပေးခဲ့စဉ်က ကူညီပေးခဲ့သည့် ဆရာမတစ်ဦးမှာလည်း ယခုလမိုင်းတွင် ပြန်လည် ရောက်ရှိကာ တာဝန်ထမ်းဆောင်နေကြောင်း. . .

ဆရာမလည်း ပြီးခဲ့သည့်အဖြစ်များအကြောင်းကို ပြန်လည်ပြောပြကြောင်း၊ မှန်ကန်ကြောင်း၊ ပန်းဝါကိုလည်း တွေ့လိုသေးကြောင်း၊ တောင်းပန်လိုကြောင်း၊ ပန်းဝါ၏အဒေါ်များအားလည်း သူတို့သွားရောက်၍ ရှင်းပြတောင်းပန်လိုက်မည်ဖြစ်ကြောင်း၊ သူတို့၏ လုပ်ရပ်အမှားကြောင့် သားလည်းဆုံး၊ သားမိသားစုလေးလည်း တကွဲတပြားစီ ဖြစ်သွားရကြောင်း. . .

ယခုအကြောင်းစုံသိရသဖြင့် သူတို့ မှားကြောင်း၊ ဆရာဦးမင်းညိုကိုလည်း အနူးအညွတ် တောင်းပန်ကြောင်း၊ သူတို့ လွန်စွာမှားခဲ့ကြောင်း စသည်ဖြင့် အကြောင်းစုံရေး၍ တောင်းပန်လိုက်သော ကိုချစ်သက်လူမိဘများထံမှ စာရှည်ကြီးပင် မဟုတ်ပါတကား။





ဪ ကိုချစ်သက်လူတစ်ယောက် ဆုံးသွားရှာပြီကိုး၊ ကိုချစ်သက်လူရယ် ခင်ဗျားအတွက် ကျွန်တော်စိတ်မကောင်းပါဘူး ဗျာ. . .။

စာဆုံးသွားသည်နှင့် ဒေါက်တာမင်းညိုမှာ ကိုချစ်သက်လူ၏ ရုပ်သွင်အား မြင်ယောင်ရကာဆိုမိနေရပါလေ၏။

ဒေါက်တာမင်းညိုသည် စာဆုံးသွားသော်လည်း သူသည် စာရွက်လေးအား ကိုင်ထားဆဲမှ တစ်ချိန်က ပုံရိပ်များအား မြင်ယောင်နေမိရကာ ငြိမ်သက်စွာ ရှိနေရပါချေ၏။ ။

www.burmeseclassic.com

www.burmeseclassic.com

– သုံးဆယ့်ခုနစ် –

"တီ. .တီ. . ."

ပေါ်တီကိုအောက် ထိုးရပ်လိုက်သော ကားဟွန်းသံကြောင့်

"သြော် မောင်ရေ၊ ဆရာနဲ့သားတို့ ရောက်လာကြပြီ ထင်တယ်. . ."

ပန်းဝါပြောလိုက်သော စကားနှင့်အတူ သူတို့အားလုံး တိုက်ရှေ့တံခါးပေါက်ဆီသို့ ထွက်ခဲ့လိုက်ကြသည်တွင်. . .

"ဟင်. .ဇော်. . ."

ဒေါက်တာမင်းညို၏လက်ကို ဆွဲကိုင်ထားရင်း ကားထဲမှ ထွက်လာသော ဇော်ဇော်အား မြင်လိုက်ရသည့်အခိုက် ပန်းဝါသည် အံ့သြတုန်လှုပ်စွာ ခေါ်မိလိုက်ရစဉ် ဒေါက်တာမော်ကွန်းကား ဇော့်ကိုကြည့်ကာ မှင်တက်နေသူပမာ ငေးကြည့်နေမိရပါလေတော့



၏။

"ဟင်. .အန်တီ၊ ဦးဦးလည်း ရှိနေတယ်၊ ဖေဖေ ဒါလေ ဇော့်လက်ကို ဆေးကုပေးတဲ့ ဦးဦးဆရာဝန်နဲ့ အန်တီဆရာမပေါ့"

ဇော်မှာလည်း သူတို့ကိုမြင်တွေ့လိုက်သည်နှင့် ဒေါက်တာ မင်းညိုကို မော့်ကြည့်ကာ ဆိုလိုက်ရသဖြင့် ဒေါက်တာမင်းညိုသည် ရိုးသေသောအံ့ပြုံးနှင့် ဇော့်ကိုကြည့်ကာ ဇော့်လက်ကလေးအား တစ်ချက်မျှ ဖျစ်ကိုင်ထားလိုက်မိရပါလေ၏။

သားရယ်. .

ရည်မှန်းလိုက်တဲ့ သားရယ်. . .

ဒေါက်တာမော်ကွန်းနှင့် ပန်းဝါတို့ရင်တွင်းမှ ပြောလိုက်မိသော စကားများရယ်ပါ။

"မော်ကွန်း. . ."

"သြော် မင်းညို၊ ကဲ လာ လာ အထဲဝင်ကြရအောင်"

ဒေါက်တာမင်းညိုက သူ့အား ခေါ်သံပြုလိုက်လေမှ သူ အသိဝင်ကာ ဒေါက်တာမင်းညိုနှင့် ပါလာကြသည့် အမျိုးသမီး နှစ်ယောက်ကိုပါကြည့်မိရပြီး ဖိတ်ခေါ်လိုက်ရပြန်တော့သည်။ ဧည့်ခန်း ဆိုဖာများတွင် ထိုင်မိကြသည်နှင့် သီရိဇော်မှာ သားဇော်၏မိဘများ ဟု ဆိုသော ချောမောလှန်းသည့် ဒေါက်တာမော်ကွန်းနှင့် ပန်းဝါတို့ အား အံ့သြစွာ ကြည့်နေမိရသကဲ့သို့. . .

ဆရာမလေးဝင်းမာမှာလည်း ဒေါက်တာမင်းညို၏ ရှင်းလင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြချက်များကြောင့် သိထားရပြီဖြစ်သည့် ဇော်ဇော်၏မိဘများဖြစ်သော သူမမြင်ဖူးထားသည့် ဒေါက်တာမော်ကွန်းနှင့် ဆရာမပန်းဝါတို့နှစ်ဦးအား ဝမ်းသာအံ့ဩဟန်လေးနှင့် ကြည့်နေမိရတော့သည် မဟုတ်ပါလား။

ဒေါက်တာမင်းညိုမှာ သားဇော်ထံရောက်နေသည့် ပန်းဝါ၏မျက်ဝန်းဝေဝေလေးများကို ကြည့်မိရပြီး. . .

"သား ဇော်. . ."

"ဗျာ ဖေဖေ. . ."

"ဟိုမှာ အန်တီ့ဆီ သွားလိုက်ပါဦးကွာ . . ."

ဒေါက်တာမင်းညိုဆိုလိုက်သဖြင့် ဇော်ဇော်မှာ ဒေါက်တာမော်ကွန်းနှင့် ပန်းဝါတို့ဆီသို့ ချိုသောအပြုံးလေးနှင့် ရောက်လာရပြီး. . .

"အန်တီ၊ ဇော်ကလေ. .အန်တီရှိတဲ့ ဆေးရုံကို သွားလည်ဦးမလို့ပါဘဲ၊ ဇော့်စာမေးပွဲကလည်း နီးနေလို့၊ ပြီးတော့ ဖေဖေကလည်း ရောက်လို့ ဇော် အန်တီ့ဆီ မရောက်လာသေးတာ. . ."

သားရယ် ရှားရှားရယ်. . .။

ပန်းဝါရင်တွင်းမှ ဆိုကာ ဇော်အားဖက်ထားလိုက်မိသည်။ ဒေါက်တာမော်ကွန်းမှာလည်း သား၏လက်ကလေးတစ်ဘက်အား ချမ်းမြေ့စွာဆုပ်ကိုင်ထားမိရရင်း ဇနီးနှင့်သားအား ဝေရီသော မျက်ဝန်းသော ကြည့်နေမိရပါလေ၏။ မခင်သစ်နှင့် မလှသစ်တို့





[illegible]လည်း တူချောလေးအား နှမ်းချင်ဖက်ချင်ပါလျက် သူ့မိဘများကိုသာ ဦးစားပေးထားလိုက်ရပြီး ကြည့်နေမိချေ၏။

"သား ဇော်. . ."

"မင်းညို. . ."

ဒေါက်တာမင်းညိုမှာ သားအား အကြောင်းအရာများ ပြောပြ[illegible]တော့ခဲ့သည်ကို သိလိုက်သော ဒေါက်တာမော်ကွန်းသည် မပြောစေ[illegible]သေးပုံနှင့် ဟန့်တားသလို ခေါ်လိုက်သောကြောင့် ဒေါက်တာ[illegible]မော်ကွန်းသည် သူငယ်ချင်းဒေါက်တာမော်ကွန်းအား လှမ်းကြည့်မိ[illegible]လိုက်ရပြီး. . .

"ဘာလဲ မော်ကွန်း. . ."

"သားကိုစွ အသာထားလိုက်ပါဦးကွာ၊ ကိုယ်တို့အကြောင်း[illegible] အလျင်ဆုံးပြောကြတာပေါ့. . ."

"အင်း ကိုယ်လည်း သိချင်နေပါပြီလေ၊ ဩော် ဒါနဲ့[illegible]မှာ လမိုင်းကရောက်လာတဲ့စာ. . ."

အိတ်ထဲမှ စာကိုဆွဲထုတ်ကာ ဒေါက်တာမော်ကွန်း လက်ထဲ[illegible] ထည့်ပေးလိုက်ရင်းက သူ့လက်ထဲကလေး စရောက်လာပုံနှင့်[illegible]လာပေးသူ မိန်းမကြီးနောက်တစ်ခေါက် သူနှင့် ထပ်တွေ့ရ[illegible] ထိုမိန်းမကြီးထံမှ နောက်ထပ်အကြောင်းစုံကို သိရပုံ၊ အဲဒီနောက်[illegible]အတွက် သူရှင်းမှဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်နှင့် လမိုင်း[illegible] စာရေးလိုက်ပုံ၊ သည်တော့မှ သူတို့လည်း အဖြစ်စုံကို သိကြ

www.burmeseclassic.com



ရပြီး ယခုကဲ့သို့ စာပြန်ရောက်လာကြောင်းအား ဒေါက်တာမင်းညို သည် အကျဉ်းချုံးပြောပြလိုက်လေရာ. . .

ပန်းဝါအား နားထောင်နေဆဲမှ. . .

"ဟင်. .ဒါဆို ကိုသက်မိဘတွေ အားလုံးသိသွားကြပြီ ပေါ့နော် ဆရာ. . ."

"ဟုတ်တယ် ပန်းဝါ၊ သူတို့သိသွားကြပြီ၊ သူတို့ ရေးလိုက် တဲ့ စာကိုဖတ်ကြည့်ရင် ပန်းဝါ ရှင်းသွားမှာပါ. . ."

ဒေါက်တာမော်ကွန်းသည် စာကိုဖတ်ပြီးနောက် ပန်းဝါ လက်ထဲထည့်ပေးလိုက်ပြီး. . .

"ကဲ. .မင်းညို မသိတာတွေလည်း ကိုယ်က ပြန်ပြောရဦး မယ်. . ."

"အဲဒါမြန်မြန်ပြောမှ ဖြစ်မယ်၊ ကိုယ်တော့ မျက်စိတွေ နားတွေ လည်နေတာတာပါပဲဗျာ. . ."

ဒေါက်တာမင်းညိုပြောသော စကားအား ဒေါက်တာ မော်ကွန်းသည် ပြုံးလျက်နားထောင်နေဆဲမှ. . .

"မင်းညိုရေ ကိုယ်က ကံဆိုးတာလား၊ ကံကောင်းတာလား ဆိုတာ မင်းနားထောင်ပြီး ဆုံးဖြတ်တော့၊ ဟုတ်လား"ဟုဆိုကာ ဒေါက်တာမော်ကွန်းသည် သူ ကြားသိမြင်တွေ့ခဲ့ရသည့် သူ့အဖြစ် သူ့အကြောင်းစုံများနှင့် ပန်းဝါနှင့် ပြန်တွေ့ပုံ၊ ပန်းဝါထံမှ အကြောင်းစုံ သိရပုံ၊ ရွှေလုံးမှ သားအကြောင်းကိုလည်း သိရပုံများအား အစမှ





အဆုံးတိုင် ပြောပြပြီးချိန်တွင်ကား. . .

"ဟား မော်ကွန်းရယ်၊ ဖြစ်ရလေဗျာ၊ ကိုယ်ကတော့လေ ချိုးဖှက်ခဲ့လိုက်ရတာ၊ ဒါပေမယ့် ခုတော့ ခုတော့ ကောင်းပါတယ် ကောင်းပါတယ်ဗျာ. . ."

ဒေါက်တာမင်းညိုသည် အံ့သြဝမ်းသာမဆုံး ဆိုမိရပါလေ တော့သတည်း။ ပန်းဝါမှာ စာဖတ်ပြီးချိန်တွင် စိတ်များပေါ့ပါးသွား သော်လည်း ကိုသက်အတွက် စိတ်မကောင်းဖြစ်ရသည်က အမှန်ပါ။

"ကဲ မော်ကွန်းရေ၊ ကိုယ်တို့လာတာလည်း ကြာသွားပြီ သွား ပြန်လိုက်ဦးမယ်. . ."

"အို ထမင်းစားပြီးမှ ပြန်ကြလေ. . ."

တစ်ချိန်လုံး နားသောတဆင်သည့် အခန်းမှပါနေရသည့် ခေါင်သစ်မှာ ခုမှထိုစကားတစ်ခွန်းအား လိုက်လိုက်လှဲလှဲ ဆိုမိရပါ တော့သည်။

"အာ ကိစ္စမရှိပါဘူး အစ်မကြီး၊ ကျွန်တော်တို့အတွက် အချိန်တွေအများကြီးရှိပါသေးတယ်. . ."

"အန်တီ ဇော်ပြန်တော့မယ်နော်. . ."

ဒေါက်တာမင်းညိုတို့ ပြန်တော့မည်ဆိုသဖြင့် ဇော်မှာလည်း ပန်းဝါရင်ခွင်ကြားမှ ထွက်ကာ နှုတ်ဆက်နေသဖြင့် . . .

"ဪ သားရေ၊ သား အန်တီတို့နဲ့ ခဏနေခဲ့ချင် နေခဲ့လေ၊ နောက်တော့ ဖေဖေ လာခေါ်မယ်ဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



ရည်လည်စွာ ဘာမျှမသိရှာသေးသော ဖော်ဖော်မှာ ချိုသော မျက်နှာလေးဖြင့်. . .

"ဟုတ်ကဲ့ ဖေဖေ. . ."

ပန်းဝါမှာ သားကို တင်းတင်းလေးဖက်ထားလိုက်မိသည်။ ပြီးမှ မခင်သစ်တို့လက်ထဲ အပ်ကာ သားကို ဧည့်ခန်းတွင် ထားရစ်ခဲ့ပြီး ပြန်တော့မည်ဖြစ်သော ဒေါက်တာမင်းညိုတို့အား ဒေါက်တာ မော်ကွန်းနှင့် ပန်းဝါတို့ ကားရပ်ထားရာ ဆင်ဝင်အောက်သို့ လိုက်ပို့ကြရင်း. . .

အနည်းငယ် မျက်နှာမကောင်းကြသည့် ဒေါက်တာမင်းညို နှင့် ဇနီးဖြစ်သူ သီရိတို့၏မျက်နှာကို ကြည့်မိရပြီး ကားပေါ်သို့ တက်ခါနီးဆဲဆဲ သူငယ်ချင်းဒေါက်တာမင်းညိုအား ဒေါက်တာ မော်ကွန်းသည် ပခုံးကိုဆုပ်ကိုင်ကာ တစ်ချက်ညှစ်လိုက်ရင်းက…

"မင်းညို. . ."

"ဟင်. . ."

"သားအတွက် မင်းဟန်ဆောင်နေတာ ကိုယ်သိပါတယ်ကွာ"

"ဟုတ်တယ်၊ ဆရာဟန်ဆောင်နေတာ ပန်းဝါလည်း သိပါတယ်ရှင်၊ ဆရာရယ် ပန်းဝါ ဆရာ့ကိုနားလည်ပါတယ်. . ."

"မင်းညိုရယ် စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ကိုယ်တို့သားကို ခုမပြောပြသေးပါဘူး၊ တဖြည်းဖြည်းမှပဲ ပြောမှာပါ၊ ဒါပေမယ့် အဲလိုပြောပြီးတဲ့အခါကျတော့လည်း သားကို မင်းလည်းပိုင်ဆိုင်ရမှာ





ပါကွာ. . ."

"ကျေးဇူးတင်ပါတယ် မော်ကွန်း၊ ကိုယ့်အတွက် မစဉ်းစားပါနဲ့လေ၊ မင်းတို့မိသားစုလေး ပျော်ရွှင်စွာ တွေ့ရရင် ကိုယ်ကျေနပ်ပါပြီကွာ. . ."

"အဟွန်း မင်းက ပြောတာပဲ၊ ဟိုမှာကြည့်စမ်း၊ မင်းရဲ့ဇနီး သီရိက မျက်ရည်တွေကျနေပြီဗျာ. . ."

"ဟင်း မော်ကွန်းရေ၊ အစကတော့ သီရိက ကိုယ့်ကို အထင်မှားပြီး သားကိုမလိုတာမကြီးဖြစ်ခဲ့တာ မှန်ပေမယ့် ခုတော့ သိပ်ခံစားနေရတယ်ဆိုတာ ကိုယ်နားလည်ပါတယ်၊ ဒါပေမယ့်…"

"ဒါပေမယ့်တွေ လုပ်မနေနဲ့ မင်းညို၊ ဒီမှာ ကိုယ်ပြောမယ်၊ ကိုယ်တို့မှာက သားသမီးမျိုးဆက်တွေ အများကြီးရတော့မှာပါ၊ မင်းမှာက ဘယ်သောအခါမှ ဘယ်လိုနည်းနဲ့မှ မရနိုင်တော့ဘူး ဆိုတာ ကိုယ်တို့ကအသိဆုံးပါ၊ ဒါကြောင့်လေ ဒီမှာ မင်းညို၊ ကိုယ် ဆုံးဖြတ်လိုက်ပြီ၊ သားကို ကိုယ်တို့ဘယ်တော့မှ ဖွင့်မပြောပြ တော့ဘူးလို့. . ."

"မော်ကွန်း. . ."

ဒေါက်တာမင်းညိုကား သူငယ်ချင်းအား ဝမ်းသာတုန်လှုပ်စွာ ခေါ်မိရလေသည်။ ဒေါက်တာမော်ကွန်းသည် သူငယ်ချင်း၏လက် အား ဆုပ်ကိုင်ထားဆဲမှ. . .

"သားကို ကိုယ်တို့သိနေပြီပဲ၊ တော်ပါပြီ မင်းညိုရယ်၊

www.burmeseclassic.com

www.burmeseclassic.com



သားကိုလည်း အချိန်မရွေးကိုယ်တို့တွေ့နိုင်ပြီပဲ၊ ကိုယ် ကျေနပ်ပါတယ်. . ."

"ဟုတ်ပါတယ် ဆရာ၊ ပန်းဝါလည်း ဒီလောက်နဲ့ ကျေနပ်ပါပြီရှင်၊ သားဟာ ဆရာ့ကို သိပ်ချစ်တယ်ဆိုတာ သားရဲ့စကားသံလေးတွေကို ပန်းဝါ ကြားနေမိပါတယ်၊ သားကို ပန်းဝါတို့ စိတ်အနှောင့်အယှက်မပေးချင်တော့ပါဘူးရှင်. . ."

"ဟုတ်တယ် မင်းညို၊ ပန်းဝါ ပြောသလိုပါပဲကွာ၊ ကိုယ်လည်း သားကို စိတ်ထိခိုက်စေမယ့်စကားမျိုး ဘယ်တော့မှ မပြောရက်ပါဘူးဗျာ. . ."

"မော်ကွန်းရယ်၊ ကိုယ် ဝမ်းသာလိုက်တာကွာ. . ."

"စိတ်ချပါ မင်းညို၊ ထာဝရဝမ်းသာစေရမှာပါ၊ ဟိုမှာ မင်းရဲ့ဇနီးကိုလည်း အပြန်လမ်းမှာ ချော့လိုက်ပါဦးနော်၊ ပြီးတော့ သားကို ညနေကျရင် ပြန်လာခေါ်ပါ. . ."

"အိုဗျာ ဒီလိုတော့ ကိုယ် ရက်စက်ရာကျပါတယ်၊ သားကို ဒီနေ့ကစပြီး စာမေးပွဲပြီးတဲ့နေ့အထိ မင်းတို့ဆီမှာပဲ ကိုယ်ထားတော့မှာပါ၊ ဟိုအိမ်ကိုလည်း အားလုံးပြောပြထားခဲ့ပြီးပြီလေ၊ ကျောင်းပိတ်ရင်သာ. . ."

"စိတ်ချပါ မင်းညိုရာ၊ မင်းသားကို မင်းလာခေါ်ပါ၊ ဖော်ဖော်ဟာ မင်းညိုသားပါ၊ ရှားရှားဟာ မင်းညိုရဲ့သားပါ၊ မင်းပိုင်ဆိုင်ရမယ့် မင်းရဲ့သားပါပဲဗျာ. . ."



"စိတ်ချပါဆရာ၊ သားကို ဘယ်လိုစကားမှ ပန်းဝါတို့ ငြင်းဟာမဆိုပါဘူး၊ ဆရာ့အတွက် ဆရာ့ဘဝအတွက် ပန်းဝါ ကျေနပ်ပါတယ်ဆရာ . . ."

"မော်ကွန်းနဲ့ပန်းဝါရယ်၊ ကျွန်တော် ပျော်လိုက်တာဗျာ"

သူတို့လက်များကို ဆုပ်ကိုင်ရင်း ဒေါက်တာမင်းညို ဆိုမိရပါ၏။

"မနက်ဖြန် ကိုယ်တို့ရဲ့ညှိခဲ့ပွဲကို မင်းတို့မိသားစုလေး စိတ်ချမ်းသာစွာ တက်ရောက်ကြပါနော် အဟွန်း. .ဟွန်း. . ."

"ဒါပေါ့ ဒါပေါ့၊ ညနေကျရင် သားရဲ့ပစ္စည်းလေးတွေ လာပို့မယ်. . ."

"ခင်ဗျားသားကို ခင်ဗျားသဘောပါပဲဗျာ၊ ကျွန်တော်တို့က ကျောင်းပိတ်တဲ့အထိ အကောင်းဆုံးမေတ္တာတွေနဲ့ ကြည့်ရှုစောင့်ရှောက်ထားပေးပါမယ်တဲ့ဗျာ. . ."

"မော်ကွန်းရယ်၊ မင်းတို့ထက် ကိုယ်ကအပျော်ဆုံး ဖြစ်နေရပါပြီလေ. . ."

"အဟွန်း. .ဟွန်း. . ."

"အဟင်း. .ဟင်း. . ."

ဒေါက်တာမင်းညို၏အပျော်များ စုခဲနေသည့်စကားလေးအား သူတို့ဇနီးမောင်နှံမှာ ပေါ့ပါးစွာ ရယ်မိလိုက်ရပါလေ၏။

"ကဲ. .မင်းညိုရေ၊ ဟိုမှာ သိပ်စိတ်ဆင်းရဲနေရှာပြီဗျာ၊

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်သာပြန်ပြီးချော့ပေတော့. . .”

“အဟွန်း. .ဟွန်း၊ ကဲ ပြန်ပြီဗျာ . . .”

“ကောင်းပါပြီဗျာ. . .”

“ဟုတ်ကဲ့ ဆရာ. . .”

သူတို့နှုတ်ဆက်ပြီး ဒေါက်တာမင်းညိုမောင်းသော ကားလေးမှာ သူတို့ရှေ့မှ ဘီးလိမ့်ထွက်ခွာစပြုဆဲ. . .

“ဖေဖေရေ တား တာ. . .”

“တားတာ သားရေ၊ ညနေကျရင် ဖေဖေလာခဲ့မယ်”

“ဟုတ်ကဲ့ ဖေဖေ. . .”

“အန်တီလေး၊ အန်တီဝင်းမာ တားတာ. . .”

“တားတာ သားရေ၊ တားတာပါ. . .”

ဆရာမလေးဝင်းမာ နှုတ်ဆက်ပြောဆိုလိုက်သော်လည်း သိရှိဓော်မှာ လက်ကလေးသာ ဇော့ယမ်းပြခဲ့နိုင်ရှာပြီး ခင်ပွန်းသည်၏ ပခုံးထက် မျက်နှာလေးအပ်ကာ ငိုချလိုက်မိစဉ် ဒေါက်တာမင်းညိုသည် ဆင်ဝင်အောက်မှ ကားကို မောင်းထွက်သွားလိုက်ပါတော့သတည်း။

ဒေါက်တာမော်တွန်းသည် သူနှင့်ပန်းဝါတို့ကြားထဲသို့ အပြေးကလေးရောက်ရှိလာပြီး ဒေါက်တာမင်းညိုအား နှုတ်ဆက်နေရှာသည့် သားမျက်နှာလေးကို သူသည် လက်ကလေးအား ဆွဲယူဆုပ်ကိုင်ကာ ငုံ့ကြည့်ပြီး ပြုံးပြနေလိုက်မိ၏။ ထို့အတူ ပန်းဝါမှာလည်း သားမျက်နှာလေးအား ချစ်မဝနိုင်စွာ ငေးကြည့်နေမိရဆဲပါ။



“အချစ်. . .”

ချစ်ဇနီး၏ပခုံးလေးအား သိုင်းဖက်ကာ ဒေါက်တာမော်ကွန်း လိုက်သည်။

“မောင်. . .”

ချိုကြည်သော အပြုံးလေးနှင့် သူ့ကိုကြည့်ကာ ပန်းဝါ

“သားကိုချစ်တယ် မဟုတ်လား. . .”

စိုစေလှပသော မျက်လုံးအကြည့်နှင့် ပန်းဝါ ခေါင်းညိတ်

“မောင့်ကိုကော. . .”

သူ့စကားအား သူ့ကိုကြည့်ဆဲမှ ပန်းဝါထပ်၍ ခေါင်းလေး ငြိမ့်ပြသည်။

“ဒါဖြင့်ရင်လေ. .သားကိုချစ်ရင် သားရဲ့စိတ်ကလေးကို င်ဘို့ ဘယ်တော့မှ အနှောင့်အယှက်မပေးစတမ်းနော်. . .”

“ဟုတ်ကဲ့ပါ မောင်. . .”

“မမကြီးတို့ကိုလည်း မောင် ပြောပြထားလိုက်ပါ့မယ်၊ တစ်ခုက. . .”ဟုဆိုကာ သူ့စကားကို ရပ်လိုက်ပြန်သည်။

ဒေါက်တာမော်ကွန်းသည် သူ့လက်တစ်ဘက်မှာ သား၏ တလေးတစ်ဘက်အား ကျစ်ကျစ်ပါစွာ ဆုပ်ကိုင်ထားရပြီး ဘက်မှာ ချစ်ဇနီး၏ ကိုယ်လေးအား သူ့ရင်ခွင်တွင်း ဆွဲယူ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရင်းက. . .

"နောက်တစ်ခုကလေ အချစ် မောင့်ကိုချစ်ရင် မောင့်အတွက် သားရဲ့နောက်ဆက်တွဲလေးတွေဖြစ်မယ့် ညီလေး ညီမလေးတွေကို မငြိုမငြင် အချစ်က မွေးပေးပါဦးလို့ တောင်းဆိုပါရစေဗျာ. . ."

သူ့စကားကြောင့် ပန်းဝါရှက်ပြုံးလေးနှင့် မျက်လွှာလေး ချထားမိလိုက်လေသည်။ သား ရှားရှားခေါ်ဖော်ဖော်သည် သူတို့ကို ချိုသောအပြုံးလေးများနှင့် မော်ကြည့်နေလိုက်၏။ တိုက်ထဲမှ မခင်သစ် နှင့် မလှသစ်တို့မှာလည်း သူတို့ဆီသို့ အပြုံးများနှင့်လှမ်းကာ ကြည့်နေမိကြလေသည်။

သူတို့ကိုယ်စီ မျက်နှာချောချောလေးများလည်း ကြည်စင်သော အပြုံးများနှင့်ရယ်ပါ။ ထိုအခါသမယတွင် ကောင်းကင်ပြင် ထက်တွင်လည်း တိမ်ပြေဖြူဖြူလေးများ စွက်လျက် ပြာလွင်လွင်ရှိကာ လှပကြည်လင်နေရပါလေသတည်း။ ။

ပြီးပါပြီ။

သိဂ်ါရ ရသအပေါင်းနှင့် ပြည့်စုံကြပါစေ။

စောပြည့်ချမ်းသာ

---



www.burmeseclassic.com